http://www.dhammadownload.com



ဆင္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး

ကျွတ်တမ်းဝင်ခန်း တရားတော်

သာသနာ - ၂၅၆၁
ပထမအကြိမ်

ကောဇာ - ၁၃၇၉
၂၀၁၇ ခုနှစ်

ခရစ် - ၂၀၁၇
ဒီဇင်ဘာလ

http://www.dhammadownload.com

ဗုဒ္ဓသာသနာနှင့်ပတ်သက်၍ မဟာစည်သာသနာ့ရိပ်သာ ရန်ကုန်မြို့



ဆဋ္ဌသင်္ဂီတိပုစ္ဆကာ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

အဂ္ဂသာဝကမဇ္ဈိမနိကာယ်ကြီးနှစ်ပါး

ကျွတ်တမ်းဝင်ခန်း

တရားတော်

သာသနာ-၂၅၆၁ ကောဇာ-၁၃၇၉ ခရစ်-၂၀၁၇

ပထမအကြိမ် ၂၀၁၇-ခုနှစ် ဒီဇင်ဘာလ

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်ဖြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်းတရားတော်

ပုံနှိပ်မှတ်တမ်း

၂၀၁၇ -ခုနှစ်၊ ဒီဇင်ဘာလ
ပထမအကြိမ် ၊အုပ်ရေ ၃၀၀၀
ရောင်းဈေးနှုန်း- ၁၅၀၀ ကျပ်
စာစစ်/စာပြင်-သာမဏေကျော်ဆရာတော်
ကွန်ပျူတာ- ဒေါက်တာဝင်းနိုင်ကျော်နှင့်ဝမ္မမိတ်ဆွေများအဖွဲ့

© ၂၀၁၇-ခုနှစ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာမှဝိုင်၊
ဤစာအုပ်၏ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တစ်အုပ်လုံးကိုဖြစ်စေ ထုတ်ဝေသူ၏
စာဖြင့်ကြိုတင်ခွင့်ပြုချက်ဖြင့်သာ ကူးယူပုံနှိပ် ဖြန့်ဝေခွင့်ရှိပါသည်။

ထုတ်ဝေသူနှင့် ဖြန့်ချိရေး

ဦးစံထူး (၀၁၂၇၉)
အတွင်းရေးမှူး၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
အမှတ်(၁၆)၊ သာသနာ့ရိပ်သာလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၅၄၅၄၆၉

E-mail : mahasi-ygn@mptmail.net.mm

Website : http//www.mahasi.org.mm

ပုံနှိပ်တိုက်

ဦးတင်အောင်ကျော်
စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)
အမှတ် (၁၄၇)၊ ၅၁လမ်း(အထက်)၊ပုဇွန်တောင်မြို့နယ်။
ဖုန်း - ၀၉ ၇၈၆၂၉၁၅၁၇

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်းတရားတော်

စာအုပ်မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	မဟာစည်ဆရာတော်ဘုရားကြီး၏ထေရပွတ်တိုအကျဉ်း	က
၂။	ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌအမှာစာ	ဇ
၃။	မဟာစည်ဩဝါဒိစရိယမြစ်သား ဆရာတော်ကြီး၏ လက်ဦးရှုဖွယ်	၌
၄။	ဤကျမ်းစာနှင့်ကျေးဇူးပြုတော်မူကြသောဆရာတော်များ	
၅။	တရားတော်၏ ပထမပိုင်း	၁
၆။	တရားတော်၏ ဒုတိယပိုင်း	၆၃
၇။	တရားတော်၏ တတိယပိုင်း	၁၁၇
၈။	တရားတော်၏ စတုတ္ထပိုင်း	၁၆၅
၉။	တရားတော်၏ ပဉ္စမပိုင်း	၂၂၅
၁၀။	တရားတော်၏ ဆဋ္ဌမပိုင်း	၂၈၃
၁၁။	တရားတော်၏ သတ္တမပိုင်း	၃၂၉
၁၂။	တရားတော်၏ အဋ္ဌမပိုင်း (နိဂုံးပိုင်း)	၄၀၅

http://www.dhammadownload.com



ဆဋ္ဌသင်္ဂီတိပုဋ္ဌက ၊ အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင် မဟာစည်သဓူတော်ဘုရားကြီး

သက်တော် (၇၈) နှစ်၊ သီကျွတ်တော် (၅၈) ဝါ

၂၉-၇-၁၉၀၄-သောကြာနေ့တွင် ဖွားသန့်စင်၍၊ ၁၄-၈-၁၉၈၂-စနေနေ့တွင် စံလွန်တော်မူသည်။

၁၃-၈-၁၉၈၂-သောကြာနေ့တွင် ချီးမြှင့်ခဲ့သော နောက်ဆုံးပုံတော်

http://www.dhammadownload.com

မဟာစည်ဆရာတော်ဘုရားကြီး၏ ထေရပွတ်တိုအကျဉ်း

မဟာစည်ဆရာတော် လောင်းလျာ သားရတနာသည် စစ်ကိုင်းတိုင်း၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာ ခမည်းတော် ဦးကံတော်၊ မယ်တော် ဒေါ်အုပ်တို့က သက္ကရာဇ် ၁၂၆၆-ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃) ရက်၊ (၂၉-၇-၁၉၀၄) သောကြာနေ့၊ နံနက် (၃း၀၀)နာရီအချိန်တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သား ရတနာ ဖြစ်ပါသည်။ ငယ်မည်မှာ "မောင်သွင်" ဖြစ်သည်။

၁၂၇၂-ခုနှစ် (၁၉၁၀-ခု) ၆-နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ အင်ကြင်းတောတိုက်၊ ပျဉ်းမနားကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စထံတွင် အခြေခံစာပေများ သင်ကြားခဲ့ပါသည်။ ၁၂၇၈-ခုနှစ် (၁၉၁၆-ခု) ၁၂-နှစ်သားအရွယ်တွင် ဆိပ်ခွန်ရွာ၊ ပျဉ်းမနားကျောင်း ငယ်ဆရာ ဖြစ်သော ဘဒ္ဒန္တအာဒိစ္စထံမှာပင် ခမည်းတော်မယ်တော်များ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ "ရှင်သောဘန" ဖြစ်ပါသည်။ ၁၂၈၅-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၄)ရက်၊ (၂၆-၁၀-၁၉၂၃) ဗုဒ္ဓဟူးနေ့ နံနက်(၈း၀၀)နာရီအချိန်တွင် အင်ကြင်းတောတိုက် ခဏ္ဍာသိမ်တော်တွင် ဦးအောင်ဘော်+ ဒေါ်သစ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ထန်းစင်ရွာ၊ သုမေဓာကျောင်း ဆရာတော်ဘဒ္ဒန္တ နိမ္မလထေရ်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက် တော်မူခဲ့သည်။

၁၂၈၆-ခုနှစ် (၁-၉-၁၉၂၅) ရဟန်း၀ါမရမီ အစိုးရပါဠိ ပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ၁၂၈၈-ခုနှစ် (၁၉၂၆)တွင် ပထမလတ်တန်း၊ ၁၂၈၉- ခုနှစ် (၁၉၂၈)တွင် ပထမကြီးတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၃၀၃- ခုနှစ်၊ (၁၉၄၂)တွင် မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်ကျင်းပသော

http://www.dhammadownload.com

အစိုးရ ဓမ္မာစရိယ စာမေးပွဲကို ကျမ်းရင်း (၃)ကျမ်းနှင့်တကွ ဂုဏ်ထူး(၅) ကျမ်းတို့ကို ဖြေဆိုအောင်မြင်တော်မူခဲ့သဖြင့် ဘဒ္ဒန္တသောဘန (သာသနာဓဇ သိရီပဝရ ဓမ္မာစရိယ) ဟူသော ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့သည်။

၁၂၉၀-ခုနှစ် (၁၉၂၉)၊ ငယ်ဆရာများနှင့်တကွ မန္တလေးမြို့အနောက် ပြင်၊ ခင်မကန်ကျောင်းတိုက်၊ ဘွားတော်ကျောင်းတွင် သီတင်းသုံးနေထိုင် လျက် ချမ်းသာကြီးတိုက်ဆရာတော် ဘဒ္ဒန္တ လက္ခဏ၊ ခင်မကန်တိုက်သစ် ကျောင်းဆရာတော် ဘဒ္ဒန္တက္ကန္ဒဝံသာဘိဝံသ စသောပရိယတ္တိ အကျော် အမော် ဆရာတော်များထံတွင် ပါဠိတော်၊ အဋ္ဌကထာစာပေ ကျမ်းစာ များကို ဆည်းပူးလေ့လာ သင်ယူတတ်မြောက်တော်မူခဲ့သည်။ ၁၂၉၁-ခုနှစ် (၁၉၃၀) ဝါဆိုလတွင် မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေးတိုက်ကျောင်းမှ မိမိ၏ ဆရာဖြစ်သော ဘဒ္ဒန္တအာဒိစ္စ မထေရ်က ခေါ်ယူတော်မူသောကြောင့် သွားရောက်ပြီးလျှင် ထိုကျောင်းတိုက်ရှိ ရဟန်း, သာမဏေတို့အား ပရိယတ္တိ စာပေများ သင်ကြားပို့ချပေးတော်မူသည်။

၁၂၉၃-ခုနှစ် (၁၉၃၂) ပြာသိုလတွင် သမထ၊ ဝိပဿနာတရား အားထုတ်ကျင့်သုံးလိုသောကြောင့် သီတင်းသုံးဖော် ဘဒ္ဒန္တတေဇိန္ဒနှင့် ဧင်းကျိုက်၊ သထုံ၊ ကေလာသ၊ မြသပိတ်တောင်၊ ကျိုက်ထီးရိုးတောင်၊ ရွှေရောင်ပြတောင်၊ ဦးအုန်းခိုင်တောကျောင်း စသည့်နေရာတို့တွင် ကမ္မဋ္ဌာန်း နည်းများကို ကျင့်သုံးစူးစမ်း လေ့လာရင်းမှ နောက်ဆုံး၌သထုံ မြို့၊ မင်းကွန်း ဓေတဝန် ဆရာတော်ဘုရားကြီးထံတော်၌ သတိပဋ္ဌာန် ရှုမှတ်နည်းများကို နည်းခံကျင့်သုံးခဲ့ပါသည်။ ၁၂၉၄-ခုနှစ် (၁၉၃၃) ဝါဆိုလဆန်း (၇)ရက် နေ့တွင် မိမိဆရာဖြစ်တော်မူသော ဘဒ္ဒန္တအာဒိစ္စ မထေရ်မြတ် မကျန်းမာကြောင်း အကြောင်းကြားသဖြင့် သထုံမှ မော်လမြိုင် တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ ပြန်လည်ကြွရောက်တော် မူခဲ့ပါသည်။

http://www.dhammadownload.com

၁၃၀၀-ပြည့်နှစ် (၁၉၃၈-ခု၊ မေလ)တွင် ဈာတိမြေဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ ညီဖြစ်သူကွယ်လွန်သဖြင့် ပြန်ကြွခဲ့သည်။ (၇)လ တိတိ သီတင်းသုံးနေထိုင်လျက် မိမိဆွေမျိုး ဦးထွန်းအေး၊ ဦးဖိုးချို၊ ဆရာကြီး(၃) ဦးတို့အား သတိပဋ္ဌာန် ဝိပဿနာတရားကို စတင်၍ဟောကြား ပြသတော်မူခဲ့ပါသည်။ ထို့နောက် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းသို့ ပြန်ကြွပါသည်။ ၁၃၀၃-ခုနှစ် (၁၉၄၁-ခု)၊ နတ်တော်လတွင် ဒုတိယကမ္ဘာစစ်ကြောင့် မော်လမြိုင်တောင်ဝိုင်းကလေး တိုက်ကျောင်းမှ ဈာတိဆိပ်ခွန်ရွာသို့ တစ်ဖန် ပြန်လည် သီတင်းသုံး နေထိုင်တော်မူသည်။ ထိုနှစ်တွင် သတိပဋ္ဌာန်ဝိပဿနာ တရားကို ဆက်လက်ဟောပြည့်နှန်ကြား ရာ တရားအားထုတ်ကြသော ယောဂီများ တစ်နှစ်ထက် တစ်နှစ်တိုးတက် များပြားလာပြီး ဆိပ်ခွန်ကျေးရွာတွင် ယောဂီများ တရားအားထုတ်ရန် (ချိန်တွင်) နှိုးဆော် တီးခတ်လေ့ရှိသည့် (ကြီးမားသောစည်ကြီးကို အကြောင်းပြု၍) မည်သူခေါ်ထားသော မဟာစည်ကျောင်းတွင် သီတင်း သုံးသဖြင့် "မဟာစည် ဆရာတော်" ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။

၁၃၀၅-ခုနှစ် (၁၉၄၄-ခု)တွင် စာမျက်နှာ(၉၅၀)ခန့်ရှိသော ဝိပဿနာ ရှုနည်းကျမ်းကြီး (ပ/ဒု)ကို (၇)လအတွင်းမှာပင် ရေးသား ပြုစုခဲ့ပြီး အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ဖြန့်ချိပေးခဲ့ရပါသည်။ ဝိသုဒ္ဓိမဂ် မဟာဋီကာနိဿယကျမ်း (၄)တွဲနှင့် အခြားဟောကြားရေးသားသော ကျမ်းပေါင်း(၈၀)ကျော် ရေးသားပြုစုတော်မူခဲ့ပါသည်။

၁၉၄၇-ခုနှစ်တွင် မြတ်ဗုဒ္ဓ၏ ပရိယတ္တိနှင့် ပဋိပတ္တိသာသနာ တော်ကြီးကို တိုးတက်ပြန့်ပွားစေရန် ရည်သန်လျက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကို ဆာဦးသွင်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူကာ ရန်ကုန်မြို့၌ ဌာ တည်ထောင်ခဲ့ပါသည်။ ၁၉၄၈ ခုနှစ်တွင် ဆာဦးသွင်က ရန်ကုန်မြို့ ဗဟန်းရှိ မြေငါးစကကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သို့ ပေးလှူကာ မဟာစည်သာသနာ့ရိပ်သာကြီးကို ဖွင့်လှစ်တည်ထောင်ခဲ့ပါသည်။

http://www.dhammadownload.com

(ဃ)

ယခုအခါ ရိပ်သာကြီးသည် ဧကနှစ်ဆယ်အထိ ကျယ်ပြန့်လျက်ရှိပြီး ဓမ္မာရုံ ကျောင်းဆောင်ကြီးများ၊ နာယကကျောင်းဆောင်များ၊ ရဟန်း, ရှင်, လူ, အမျိုးသား, အမျိုးသမီးယောဂီ ကျောင်းဆောင်များဖြင့် တိုးတက်ကြီးပွားလျက် ရှိပါသည်။

၁၉၄၉ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနုနှင့် ဆာဦးသွင်တို့သည် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးအား ဝိပဿနာတရားတော်များ ဟောကြားပြသပေးတော်မူရန် ရန်ကုန်မြို့သို့ပင့်ဆောင်ခဲ့ပါသည်။ ၁၉၄၉ ခုနှစ်၊ ဒီဇင်ဘာလ(၄) ရက်နေ့တွင် မဟာစည် ဆရာတော်ကြီးသည် ပထမဆုံးအကြိမ်အဖြစ် ယောဂီ (၂၅)ယောက်တို့အား ဝိပဿနာတရားတော်များ ဟောကြားပြသပေးတော်မူခဲ့ပါသည်။ နှစ်အနည်းငယ်အတွင်း မဟာစည် တရားရိပ်သာများသည် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအချိန်တွင် ရိပ်သာပေါင်း (၆၈၃) ရှိပြီဖြစ်ပါသည်။ အိမ်နီးချင်း နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ သီရိလင်္ကာနိုင်ငံများတွင်လည်း အလားတူ ရိပ်သာများဖွင့်လှစ်ပြီး ဆရာတော်ကြီး၏ ဝိပဿနာနည်းလမ်းအတိုင်း ပြသဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအထိ မဟာစည်နည်းဖြင့် ဝိပဿနာ တရားရှုမှတ်အားထုတ်ပြီးသည့် ပြည်တွင်း/ပြည်ပ ယောဂီအရေအတွက်မှာ ၄,၈၁၅,၈၄၄ ရှိပါသည်။ ဝိပဿနာတရား အားထုတ်မှုများ ဆက်လက်၍ တည်ရှိနေပါသည်။

သာသနာ့ရိပ်သာကြီးသို့ ရောက်ပြီးနောက် (၄)နှစ်ကျော်ကြာ ၁၃၁၅- ခုနှစ်၊ ၁၉၅၄-ခုနှစ်တွင် မဟာစည်ဆရာတော် ဘုရားကြီး၏ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တို့ကို ကြည်ညိုလေးစား၍ နိုင်ငံတော်အစိုးရက လှူဒါန်းဆက်ကပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးကို ၁၃၁၆ ခုနှစ် (၁၇.၅.၁၉၅၄) ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် စတင်၍ကျင်းပခဲ့ရာ (၂)နှစ်ခန့် ကြာအောင် ကျင်းပခဲ့ရာတွင် မဟာစည်ဆရာတော် ဘုရားကြီးသည် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်တော်မူခဲ့ပါသည်။ မဟာစည်ဆရာတော် ဘုရားကြီးသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နောက်ဆုံးတည်းဖြတ် စစ်ဆေးရသော သြသာနသောဓေယျ အဖွဲ့တွင် ပါဝင်ပြီး ပါဠိအဋ္ဌကထာများကို ရွတ်ဆို၍ အတည်ပြုတော်မူခဲ့ပါသည်။ ထို့အပြင် မဟာစည်ဆရာတော်သည် အမေး(ပုစ္ဆက) ဆရာတော် အဖြစ်ပါဝင်၍လည်း ဆောင်ရွက်တော်မူခဲ့ပါသည်။ ထိုအမေး (ပုစ္ဆာ)များကို ပိဋကသုံးပုံ အာဂုံဆောင် ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တာသာရာဘိဝံသက ဖြေကြားပေးတော်မူခဲ့ပါသည်။

အရေးပါသော အခန်းကဏ္ဍကို ရေးသားဖော်ပြရမည်ဆိုလျှင် ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ပထမ သံဂါယနာတင်တော်မူစဉ်က အရှင်မဟာကဿပမဟာထေရ်မြတ်က အမေး(ပုစ္ဆက) အဖြစ် ဆောင်ရွက်တော်မူပြီး အရှင်ဥပါလိနှင့် အရှင်အာနန္ဒာ မထေရ်မြတ်တို့က ရွတ်ဆို ဖြေကြား၍ ပထမသံဂါယနာတင်တော်မူခဲ့ကြပါသည်။ ထိုနည်းအတိုင်း ပိဋကသုံးပုံ ပါဠိတော်များကို ရွတ်ဆို၍သံဂါယနာတင်တော်မူပြီးနောက် အဋ္ဌကထာ ဋီကာတို့ကို မဟာစည်ဆရာတော်ဦးဆောင်၍ တည်းဖြတ် သုတ်သင် စစ်ဆေးကာ ဆဋ္ဌသံဂါယနာ တင်တော်မူခဲ့ကြပါသည်။ ထိုကြီးမားသော လုပ်ငန်းတာဝန်များကိုလည်း အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။

ဆရာတော်ကြီးအနေဖြင့် တရားစာအုပ်ပေါင်း (၁၀၀) ကျော် ပြုစုရေးသားခဲ့ရာ ၎င်းအနက် ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယကို ပြုစုခဲ့ရာ ၁၃၂၈- ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက် (၂၃-၂ -၁၉၆၇) နေ့ကျမှ ပြီးဆုံးခြင်းသို့ ရောက်ခဲ့သည်။ နှစ်အားဖြင့်ဆိုလျှင် (၆) နှစ်ကျော် ကြာခဲ့

http://www.dhammadownload.com

လေသည်။ နိဿယ စာမူချောကို ၁၃၂၈-ခုနှစ် မှစ၍ ပုံနှိပ်စေခဲ့ရာ ပထမတွဲ ထွက်ပေါ်လာခဲ့သည်။ ၁၃၂၉-ခုနှစ်၊ (၁၉၆၈) တွင် ဒုတိယတွဲ၊ ၁၃၂၉-ခု၊ ၁၉၆၈ ခုနှစ်တွင် တတိယတွဲ၊ ၁၃၃၀-ခုနှစ် (၁၉၆၉) တွင် စတုတ္ထတွဲကို ရိုက်နှိပ် ထုတ်ဝေနိုင်ခဲ့သည်။ ဝိသုဒ္ဓိမဂ်မဟာဋီကာသမယန္တရပိုင်းကို ထုတ်နုတ်၍ "ဝိသုဒ္ဓိမဂ် မဟာဋီကာသမယန္တရပိုင်းကဏ္ဍနိဿယ" ဟူသော အမည်ဖြင့် ရေးသားထုတ်ဝေ ဖြန့်ချိခဲ့ပြီးဖြစ်လေသည်။

မဟာစည်ဆရာတော်သည် ကမ္ဘာနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ(သီဟိုဠ်)၊ နီပေါ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန် စသည့် အာရှနိုင်ငံများ၊ အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ အီတလီစသည့် အမေရိက ဥရောပနိုင်ငံများသို့ ကြွရောက်တော်မူပြီး၊ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသ၍ ကမ္ဘာကို ထေရဝါဒ ဗုဒ္ဓသာသနာပြုတော်မူခဲ့ပါသည်။

ကမ္ဘာနိုင်ငံအသီးသီးတွင်လည်း မဟာစည်သတိပဋ္ဌာန်ဝိပဿနာ ရှုမှတ်နည်း လက်ခံပြသလျက်ရှိသော ရိပ်သာများ၊ တရားဌာနများလည်း တိုးပွားလျက်ရှိသည်။ ရန်ကုန်နှင့် မန္တလေးရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး၏ သင်ရိုးညွှန်းတမ်းတွင် ပရိယတ္တိစာပေစာတွေ့သင်ကြားပြီး၍ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီးတွင် လက်တွေ့တရား အားထုတ်ပြီးမှသာ ဘွဲ့လက်မှတ်တော် ဆက်ကပ်တော်မူပါသည်။

၁၉၈၂-ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်နေ့ ညနေပိုင်းတွင် မဟာစည်ဆရာတော်ဘုရားကြီးသည် ယောဂီအသစ်များအား အလုပ်ပေးတရားဟောကြားပြီး ညပိုင်းတွင် လေဖြတ်ရောဂါ ဝေဒနာ Severe Stroke ဖြစ်ပေါ်ခဲ့ပြီး သက်တော်(၇၈)နှစ်၊ သိက္ခာတော် (၅၈) ဝါ၊ ၁၃၄၄-ခုနှစ်၊

http://www.dhammadownload.com

ဒုတိယဝါဆို လဆုတ်(၁၀) ရက်၊ (၁၄-၈-၁၉၈၂) စနေနေ့ မွန်းလွဲ (၁း၃၆)နာရီအချိန်တွင် မဟာစည် စံကျောင်းတော်၌ စံလွန်တော်မူခဲ့ပြီး အန္တိမအဂ်ိုဈာပနကို (၂၀-၈-၁၉၈၂) နေ့တွင် ကျင်းပပူဇော်ခဲ့ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီးသည် အလွန်ရှားပါးသော ဥပမိ ရုပ်ရည်တော်နှင့် မြင့်မားသောအရပ်တော်ရှိ၍ ထူးချွန် ထက်မြက် သာလွန်သော အာသီဉာဏ်၊ ထူးခြားလေးနက်သော ဝိပဿနာဉာဏ်ရည် များနှင့် ပြည့်စုံသည့်ပုဂ္ဂိုလ်ဖြစ်ပြီး မြတ်ဗုဒ္ဓဟောကြားခဲ့သော သတိ ပဋ္ဌာန်တရားများကိုလက်တွေ့ ကျင့်သုံးအားထုတ်ပြီးလျက် ပရိယတ္တိ, ပဋိပတ္တိ နှစ်ရပ်စုံညီစွာဖြင့်တရားတော်များကို ဟောကြား၍ သတိပဋ္ဌာန် ဝိပဿနာ တရားတော်များကိုကျွမ်းကျင်စွာ ပြသပေးတော်မူနိုင်သည်။

ဆရာတော်ဘုရားကြီး၏ ဘဝသက်တမ်းတစ်လျှောက်လုံး ဟောကြား ပြသ၊ ရေးသားခဲ့သော ဝိပဿနာတရားတော်များသည် အရှေ့အနောက် ကမ္ဘာတစ်ခွင်သို့ ပြန့်နှံ့၍ ထောင်ပေါင်းများစွာသော လူသားအပေါင်းအား ဝိပဿနာအကျိုးတရားများ ဖြစ်ပွားစေပါသည်။ ဆရာတော်ဘုရားကြီး၏ လက်တွေ့ကျင့်သုံးအားထုတ်ခဲ့သော ဝိပဿနာ လုပ်ငန်းများနှင့်တစ်ဘဝလုံး ဆောင်ရွက်ခဲ့သော ဓမ္မလုပ်ငန်းများအရ ထေရဝါဒဗုဒ္ဓသာသနာတော်၏ ထူးချွန်ထက်မြက်သော ထိပ်တန်းပုဂ္ဂိုလ် တို့၏စာရင်းတွင် မဟာစည် ဆရာတော်ဘုရားကြီးမှာ ပါဝင်လျက် ရှိပါသည်။

(၂၀၁၇- ခုနှစ် မတ်လတွင် ပြင်ဆင်ပြုစုထားပါသည်။)

http://www.dhammadownload.com

အဂ္ဂသာဝက မထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
ဗုဒ္ဓသာသနာနဲ့ဂုဟာအဖွဲ့.ချုပ် ဥက္ကဋ္ဌ
အမှာစာ

ပထမအကြိမ်ပုံနှိပ်ခြင်း

ဘုရားဖြစ်တော်မူသည်မှစ၍ ပရိနိဗ္ဗာန်စံဝင်တော်မူသည် အထိ ဝါတော်စဉ်တရားတော်များကို ကျေးဇူးတော်ရှင်မဟာစည် ဆရာတော် ဘုရားကြီးသည် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ၊ ဖလ်ယဉ်ဓမ္မာ ရုံတော်ကြီး၌ ဟောကြားတော်မူခဲ့ပါသည်။

ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလန်မထေရ်မြတ်ကြီးနှစ်ပါး ကျွတ်တမ်းဝင်ခန်းတရားတော်သည် ဝါတော်စဉ် ဟောကြားသော တရားတော်များတွင်ပါဝင်ပြီး ၁၃၂၅-ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ (၁၉-၂-၁၉၆၄)နေ့မှစ၍ ရှစ်သီတင်း ရှစ်ပိုင်းဟောကြားခဲ့သည့် တရားတော်ဖြစ်ပါသည်။ ယင်းတရားတော်ကို ဒေါက်တာဝင်းနိုင်ကျော်နှင့် ဓမ္မမိတ်ဆွေတစ်စုတို့က အသံတရားတော်မှ စာမူကြမ်းအဖြစ်ကူသိုလ်ယူ ရေးသားပေးခဲ့ပါသည်။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး ကျွတ်တမ်းဝင်ခန်း တရားတော် စာမူကြမ်းကို ကွန်ပျူတာ စာစီလျှက် စာမူချော အဖြစ် ပံုနှိပ်ရန် အဆင့်သို့ ရောက်ရှိအောင် သာမဏေကျော်ဆရာတော်၊ ပြင်ဦးလွင် ခဲလယ်ဆရာတော်၊ ရွှေဘို ပါဠိကာရိတုလွတ်ဆရာတော် များက တည်းဖြတ်စာစစ်၊ စာပြင်ပြုလုပ်ပေးပြီး စာအုပ်အဖြစ်သို့ ပံုနှိပ်ရန် ၂၀၁၇-ခုနှစ်၊ ဩဂုတ်လတွင် မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာ နှုဂ္ဂဟ အဖွဲ့ချုပ်ကြီးသို့ ပေးပို့ခဲ့ပါသည်။ ၂၂-စ-၂၀၁၇ နေ့တွင် ကျင်းပပြုလုပ်သော ပရိယတ္တိ၊ ပဋိပတ္တိ စာပေ ပြန့်ပွားရေး အဖွဲ့ငယ် ၅/၂၀၁၇ အစည်းအဝေးက အဂ္ဂသာဝက မထေရ်မြတ်ကြီးနှစ်ပါး ကျွတ်တမ်းဝင်ခန်းတရားတော်ကို ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ်က ပံုနှိပ်ထုတ်ဝေ ဖြန့်ချိရန် သဘောတူ ဆုံးဖြတ်ခဲ့ပါသည်။

"ဗုဒ္ဓသာသနာနှုဂ္ဂဟအဖွဲ့ချုပ် ပရိယတ္တိ၊ ပဋိပတ္တိစာပေ ပြန့်ပွားရေးအဖွဲ့ငယ်၏ လုပ်ငန်းတာဝန် သတ်မှတ်ချက်များ စည်းမျဉ်းအပိုဒ် (၄)တွင် ပံုနှိပ်ထုတ်ဝေခြင်းမပြုရသေးသော လက်ရေး စာမူများ၊ အသံဖိုင်များ၊ အသံသွင်း ကက်ဆက်ခွေများကို ရှာဖွေ စုဆောင်း၍ စာမူကြမ်းထုတ်နှုတ်ပြီး ပံုနှိပ်ထုတ်ဝေရေးကို ဆောင် ရွက်ရန်" လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည့် အနေအားဖြင့် လည်းကောင်း၊ မဟာစည်ဆရာတော်ဘုရားကြီး၏

http://www.dhammadownload.com

အသံ တရားတော်ကို နာကြားမဝဖြစ်နေကြသော ဓမ္မမိတ်ဆွစာဖတ်သူများအတွက် အမြဲမပြတ်ဖတ်ရှုပူဇော်နိုင်ရန်အတွက်လည်းကောင်း၊ နောင်လာ နောက်သားမျိုးဆက်သစ်များ မဟာစည်ပရိယတ္တိသာသနာအတွက် သာသနာ့သမိုင်းဝင် စာအုပ်အဖြစ် စောင့်ရှောက်ထိန်းသိမ်းနိုင်ရန် အတွက်လည်းကောင်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က တစ်ကြိမ်တစ်ခါမှ ပုံနှိပ်စာအုပ်အဖြစ် ထုတ်ဝေရခြင်း မရှိသေးသော အဂ္ဂသာဝက မထေရ် မြတ်ကြီး နှစ်ပါးကျွတ်တမ်းဝင်ခန်းတရားတော်ကို ပထမအကြိမ် စီစဉ်ပုံနှိပ်ဖြန့်ချိလိုက်ရပါကြောင်း-----။

ဒေါက်တာတင့်စိုးလင်း

ဥက္ကဋ္ဌ

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

မဟာစည်သာသနာ့ရိပ်သာ

၁၃၇၉-ခုနှစ်၊ နတ်တော်လ၊

၂၀၁၇-ခုနှစ်၊ ဒီဇင်ဘာလ

http://www.dhammadownload.com

လက်ဦးရှုပ်ထွေယ်

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးဟောကြား တော်မူခဲ့သော အဂ္ဂသာဝကကြီး(၂)ပါး၏ ကျွတ်တန်းဝင်ပုံတရားတော် သည် လွန်စွာမှပြီးပြည့်စုံလှပါသည်။

မထေရ်ကြီး(၂)ပါးတို့ ပါရမီ ဖြည့်ခဲ့ရပုံတွေ ကျင့်ကြံခဲ့ရပုံများ သည် လွန်စွာမှ အတုယူဖွယ်လည်းကောင်း၊ သံဝေဂ ဖြစ်စရာလည်း များစွာတွေ့ရပါသည်။ မထေရ်မြတ်ကြီး (၂)ပါး ဆုပန်ဆင်ခဲ့ပုံတွေ၊ ဆုပြည့်အောင် အားထုတ်ခဲ့ရပုံများကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးကလည်း စုံလင်အောင် ကျမ်းဂန်အဆိုများရော၊ အဓိပ္ပါယ်ယူဆပုံများပါ အချက်ကျကျ အဆက်အစပ်မိအောင် ဟောကြား သွားပုံက နောင်လာနောက်သား ပုဂ္ဂိုလ်များ မှတ်သားဖွယ် အတုယူဖွယ် အင်မတန်မှကောင်းလှပါသည်။

သို့ဖြစ်၍ ဤအဂ္ဂသာဝကကြီး (၂)ပါး ကျွတ်တန်းဝင်ပုံ တရား တော်ကြီးသည် နောင်လာနောက်သား သာသနာသမိုင်းမှာ ပုံနှိုင်းဖွယ် သာဓကကြီးတစ်ခု ဖြစ်ရစ်လိမ့်မည်ဆိုတာ မှတ်တမ်းပြုရင်းနှင့်ပဲ ဒီ လက်ဦးရှုဖွယ် စကားသွယ်ကို အဆုံးသတ်အပ်ပါသတည်း။

၁၃၇၉-ခုနှစ်၊ သီတင်းကျွတ်လ (၃-၁၀-၂၀၁၇)

ဩဝါဒါစရိယ ဘဒ္ဒန္တဝါသဝ
မြစ်သားဆရာတော်
(သာသနဓဇ သီရိပဝရ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ၊
အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓရ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက)

http://www.dhammadownload.com

ဤကျမ်းစာနှင့်
ကျေးဇူးပြုတော်မူကြသော ဆရာတော်များ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သည် ဘုရားဖြစ်တော်မူသည်မှ ပရိနိဗ္ဗာန်စံဝင်တော်မူသည် အထိ ဝါတော်စဉ်အလိုက် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ဖလံယဉ်ခမ်းရုံ၌ ဟောကြားတော်မူခဲ့ပါသည်။ ထိုဝါတော်စဉ် တရားတော်များအနက် အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး ကျွတ်တမ်းဝင်ခန်းတရားတော်ကို သက်တော် ၅၉-နှစ် သိက္ခာ တော် ၃၉-ဝါ ၁၃၂၅-ခုနှစ်တွင် ၈-သီတင်းတိုင်တိုင် ဟောကြား တော်မူခဲ့ပါသည်။

ထို အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး ကျွတ်တမ်းဝင် ခန်း တရားတော်ကို တိပ်ရီကော်ဒါဖြင့် အသံသွင်းယူထားခဲ့ပြီး အစဉ်အဆက် စောင့်ရှောက်ထိန်းသိမ်းခဲ့ကြ၍ ယနေ့အချိန် တွင် mp-3 အသံတရားတော်အဖြစ် တည်ရှိပါသည်။ ထို တရားတော်ကို mp-3 အသံမှတဆင့် ကူးယူလျက် လက်ရေးမူ စာမူကြမ်းအဖြစ် ဆောင်ရွက်ခဲ့ပါသည်။

ထိုလက်ရေးမူကြမ်းကို ကွန်ပျူတာစာစီလျက် စာမူ ချော အဖြစ်ရောက်ရှိအောင် တည်းဖြတ်ပေးတော်မူခဲ့ကြသော

http://www.dhammadownload.com

ဆရာတော်များမှာ သာမဏေကျော်ဆရာတော် အရှင် ဓမ္မိကာလင်္ကာရာဘိဝံသ၊ ပြင်ဦးလွင် ခဲလယ်ကျောင်းတိုက် ဆရာတော် အရှင်ဝိဇ္ဇာဘာသနှင့် ရွှေဘို ပါဠိကာရိတုလွတ်ကျောင်း အရှင်စန္ဒဝံသာဘိဝံသဆရာတော်တို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com

မာတိကာ

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး

ကျွတ်တမ်းဝင်ခန်း တရားတော်

ပထမပိုင်း

နိဒါန်း ၁

တရားအကျဉ်း ယေဓမ္မာ ဟေတုပ္ပဘဝါ ၂

အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား ၃

ဥပတိဿနဲ့ ကောလိတ ၆

ပါရမီရှိတဲ့ ရှင်သာရိပုတ္တရာလောင်းလျာနှင့်

ရှင်မောဂ္ဂလာန်လောင်းလျာ ၇

လက်ဦးတရားရတဲ့ပုဂ္ဂိုလ်က ပြောကြားရမယ်ဆိုတဲ့

ကတိကဝတ် ၁၅

ရဟန္တာပုဂ္ဂိုလ်ရဲ့ ထူးခြားတဲ့ဂုဏ်ရှေ့ ၁၇

အနက်အဓိပ္ပါယ်ကိုသာ ဟောပါတဲ့ ၂၁

တိုက်ရိုက်ဟောတဲ့ သမုဒယသစ္စာနဲ့ နိရောဓသစ္စာ ၂၃

အကြောင်းတရားလျှင် အမွန်အစရှိတဲ့ မြင်မှု ၂၇

အခိုက်အတန့်မှာသာရှိတဲ့ မြင်မှု ၂၉

http://www.dhammadownload.com

အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား ဖဿ ၃၀

ဖဿပစ္စယာ ဝေဒနာ ၃၁

ဝေဒနာပစ္စယာ တဏှာ ၃၂

တဏှာပစ္စယာ ဥပါဒါနံ ၃၄

ဥပါဒါနပစ္စယာ ဘဝေါ ၃၅

ဘဝပစ္စယာ ဇာတိ ၃၅

ဇာတိပစ္စယာ ဇရာမရဏံ သောက

ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ ၃၆

မြင်မှုကစလို့ ဆင့်ကဲဖြစ်တဲ့

ကြောင်းကျိုးရလာဒ်က ဆင်းရဲတရား ၃၈

ကြားမှု၊ နံမှု၊ အရသာသိမှု၊ ထိသိမှု၊ ကြံသိမှု

တို့သည်လည်း မြင်မှုနှင့် အလားတူသည် ၃၉

အကြောင်းတရားအားလုံးတို့တွင်

တဏှာက အရေးကြီးဆုံး ပဓါနတရား ၄၁

အကြောင်းအကျိုးတရားတို့၏

ချုပ်ရာဖြစ်သော နိဗ္ဗာနသစ္စာ- နိဗ္ဗာန်တရား ၄၄

အကြောင်းတရားတဏှာ

ချုပ်သွားဖို့ရာ ဝိပဿနာအားထုတ်ရမယ် ၄၅

ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်နေရမယ် ၄၇

http://www.dhammadownload.com

အရိယာမဂ်အသီးသီးက
ဆိုင်ရာကိလေသာတွေကို ချုပ်စေတယ် ၅၁
ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်
သောတာပန်ဖြစ်ပြီ ၅၆
ရှင်မောဂ္ဂလာန်အလောင်း ကောလိတပရိဗိုဇ်
သောတာပန်ဖြစ်ပြီ ၅၈
လောကမှာ မလိမ္မာတဲ့ပုဂ္ဂိုလ်တွေက ပိုများတယ်တဲ့ ၅၉
နိဂုံး ၆၀

ဒုတိယပိုင်း

တရားအနုသန္ဓေ ၆၃
ရှင်မောဂ္ဂလာန်တရားအားထုတ်စဉ်
မြတ်စွာဘုရားကြွတော်မူလာခြင်း ၆၄
ရှင်မောဂ္ဂလာန်အား ပစလာယမာနသုတ်
မြတ်စွာဘုရားဟောကြားတော်မူခြင်း ၆၆
စိတ်လျော့ရဲသွားအောင်လို့ နလုံးသွင်းတဲ့
အမှတ်သညာ မပြုလေလင့်(၁) ၆၇
ကြားနာဖူး သင်ကြားဖူးသော တရားကို
စိတ်ဖြင့် အဖန်တလဲလဲ ကြံစည်လေလော့(၂) ၇၁

http://www.dhammadownload.com

ကြားနာဖူး သင်ကြားဖူးသော တရားကို
နှုတ်ဖြင့် အဖန်တလဲလဲ ရွတ်ဆိုလေလော့(၃) ၇၃
နား ၂-ဖက်ကို လက်ဖြင့်ဆွဲ၊
ကိုယ်ကို လက်ဖြင့် ပွတ်သပ်ပါလေလော့(၄) ၇၅
မျက်စိကိုပွတ်သပ်၍ အရပ်မျက်နှာကြယ်တာရာတို့ကို
လှည့်လည်၍ကြည့်ရှုလေလော့(၅) ၇၆
အရောင်အလင်း အမှတ်သညာကို
နှလုံးသွင်းပါလေလော့(၆) ၇၇
ဆောင်သောအမှတ်သညာ ရှိသည်ဖြစ်၍
စကြ်ဳံလျှောက်ပါလေလော့(၇) ၇၈
ငိုက်မျဉ်းခြင်း မပျောက်သေးလျှင်
အမှတ်သတိနဲ့ အိပ်ပါလေ ၈၁
ဆွမ်းခံသွားတဲ့အခါ မာန်မာနနဲ့
ထောင်လွှားမှု မရှိပါစေနှင့် ၈၄
အငြင်းအခုန် ဆန့်ကျင်ဘက်စကားတွေ
ပြောဆိုခြင်းမှ ကြဉ်ရှောင်ပါ ၈၅
ရှင်မောဂ္ဂလာန်က မြတ်စွာဘုရားထံ
တရားအကျင့်ပဋိပတ်ကိုမေးလျှောက်ခြင်း ၈၈

http://www.dhammadownload.com

ဤသုတ္တန်ကို သိကြားမင်းအားလည်း
ဟောကြားဖူးခြင်း ၉၁
အလုံးစုံသောတရားတွေကို မြဲတဲ့အနေအားဖြင့်
စွဲလမ်းဖို့ရာလည်းမသင့် ၉၄
တရားအားထုတ်လျှင် ရှိသင့်သည့်
သုတမယညာဏ်အတိုင်းအတာ ၉၅
မြတ်စွာဘုရားဟောကြားသော သုတမယညာဏ်
ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်းသော
တရားတွေကို ရှုးရှုပြုပြီးတော့သိပါ ၉၉
ရှုးရှုပြုပြီးတော့သိခြင်းက
သုတမယညာဏ် စိန္တာမယညာဏ်နှင့် အချို့သော
ဘာဝနာမယညာဏ်များထက် ထူးတယ် ၁၀၄
ရှုးရှုပြုပြီးတော့သိခြင်းက အနိစ္စ ဒုက္ခ အနတ္တ
လက္ခဏာနဲ့ ပိုင်းခြားပြီးသိတယ် ၁၀၉
နိဂုံး ၁၁၄

http://www.dhammadownload.com

တတိယပိုင်း

တရားအနုသဓန္မွ ၁၁၇

အခိုက်အတန့်မှာရှိသော သုခဝေဒနာ (သို့) ၁၁၉

ဒုက္ခဝေဒနာ (သို့) ဥပေက္ခာဝေဒနာ ၁၁၉

ထိုခံစားမှုဝေဒနာတို့၌ အနုပဿနာ ၄-မျိုးအားဖြင့်

ရှုသည်ဖြစ်၍ နေ၏ ၁၂၁

အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စာနုပဿနာ၊

အနိစ္စာနုပဿီ (၁) ၁၂၆

ခယဝိရာဂ၊ အစ္ဆန္တဝိရာဂ (၂) ၁၃၂

ခယနိရောဓ၊ အစ္ဆန္တနိရောဓ(၃) ၁၃၆

ပရိစ္စာဂ ပဋိနိဿဂ္ဂ၊ ပက္ခန္ဒန ပဋိနိဿဂ္ဂ(၄) ၁၃၉

ပရိစ္စာဂ ပဋိနိဿဂ္ဂ ၁၄၀

ပက္ခန္ဒန ပဋိနိဿဂ္ဂ ၁၄၆

ဝေဒနာတို့၌ အနုပဿနာ ၄-မျိုးအားဖြင့်

ရှုသည်ဖြစ်၍ နေသည်ရှိသော်

လောက၌ တစုံတခုကိုမျှ မစွဲလမ်း ၁၄၈

မစွဲလမ်းသည်ရှိသော် မဆာလောင် မတောင့်တ ၁၅၂

မဆာလောင်သည်ရှိသော် ငြိမ်းအေးလေတော့၏ ၁၅၅

http://www.dhammadownload.com

ဘဝအသစ်ဖြစ်ခြင်းသည် ကုန်လေပြီ ၁၅၇
တကာကုန်ရာနိဗ္ဗာန်၌ လွတ်မြောက်သည် ဖြစ်၏ ၁၅၉
နိဂုံး ၁၆၀

စတုတ္ထပိုင်း

တရားအနုသဒန္ဓေ ၁၆၅
ရှင်သာရိပုတ္တရာမထေရ် ပညာကြီးတဲ့အကြောင်း
ချီးကျူးတော်မူအပ်သော အနုပဒသုတ် ၁၆၈
ရှင်သာရိပုတ္တရာမထေရ်၏
အနုပဒဓမ္မဝိပဿနာ ရှုနည်း ၁၆၉
ဈာန်ဝင်စားပြီးမှ ဈာန်စိတ်ကို ဝိပဿနာရှုခြင်း ၁၇၁
သမထလမ်းနဲ့အားထုတ်လို့ ဈာန်ရပြီလို့
ဆရာကဆုံးဖြတ်ပေးဖို့ရာ တယ်မလွယ်ဘူး ၁၇၅
ရှင်သာရိပုတ္တရာ၏ ပထမဈာန် ၁၇၇
ဈာန် ၂-မျိုး၊ အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန် ၁၈၃
ရှင်သာရိပုတ္တရာမထေရ် ရှုသော
ပထမဈာန်၌ ပါဝင်သော တရား ၁၆-ပါး ၁၈၇
ပထမဈာန်အင်္ဂါ ၅-ပါး ၁၈၇

http://www.dhammadownload.com

ဖဿပဉ္ဆမကတရား ၅-ပါး ၁၈၈
ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊
ဥပေက္ခာ၊ မနသိကာရ၊ ၆-ပါး ၁၉၁
၁၆-ပါးသောတရားတွေရဲ့ စ၊ လယ်၊ ဆုံး
အကုန်လုံးသိတယ် ၂၀၂
၁၆-ပါးသောတရားတို့သည်
မရှိကုန်ပဲ ဖြစ်ပေါ်လာကုန်၏၊
ဖြစ်ပေါ်ကုန်ပြီး၍ ချုပ်ပျောက်သွားလေကုန်၏ ၂၀၄
ပထမစျာန်တရားထက် လွန်ကဲတဲ့
ထွက်မြောက်ကြောင်းတရားလည်း ရှိသေးတယ် ၂၁၁
ဝိပဿနာရှုတာဟာ
တွေးတောဆင်ခြင်ပြီး ရှုတာမဟုတ်ဘူး ၂၁၂
ရှင်သာရိပုတ္တရာရဲ့ အနုပဒနည်းက
သာဝကတွေရှုတဲ့ ရှုပုံရှုနည်းမှာတော့
အစွမ်းကုန်ပဲတဲ့ ၂၁၈
နိဂုံး ၂၂၂

http://www.dhammadownload.com

ပဋ္ဌမပိုင်း

တရားအနုသဒေ္ဓ ၂၂၅

ရှင်သာရိပုတ္တရာ၏ ဒုတိယစျာန် ၂၂၉

ပထမစျာန်တုန်းက ပီတိသုခဖြစ်တာကတော့

နီဝရဏတွေ ကင်းသွားလို့တဲ့ ၂၃၂

ဒုတိယစျာန်မှာ ပီတိသုခဖြစ်တာကတော့

စိတ်တည်ကြည်မှု သမာဓိကြောင့်တဲ့ ၂၃၃

ရှင်သာရိပုတ္တရာမထေရ် ရှုသော

ဒုတိယစျာန်၌ ပါဝင်သော တရားများ ၂၃၇

ဒုတိယစျာန်၌ ပါဝင်သော ထိုတရားများ၏

စ၊ လယ်၊ ဆုံး အကုန်လုံးသိတယ် ၂၃၈

ဝိပဿနာရှုတယ်ဆိုတာ စ၊ လယ်၊ ဆုံး

အကုန်လုံးသိအောင်လို့ရှုနေရတာ ၂၃၉

ထိုတရားတို့သည် မရှိကုန်ပဲ ဖြစ်ပေါ်လာကုန်၏၊

ဖြစ်ပေါ်ကုန်ပြီး၍ ချုပ်ပျောက်သွားလေကုန်၏ ၂၄၀

ဒုတိယစျာန်တရားထက် လွန်ကဲတဲ့

ထွက်မြောက်ကြောင်းတရားလည်း ရှိသေးတယ် ၂၄၄

ရှင်သာရိပုတ္တရာ၏ တတိယစျာန် ၂၅၁

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမထေရ်ရှသော

တတိယစျာန်၌ ပါဝင်သော တရားများ ၂၄၉

ရှင်သာရိပုတ္တရာမထေရ်ရှသော

စတုတ္ထစျာန်၌ ပါဝင်သော တရားများ ၂၅၁

အရှပစျာန် ၄-ပါး ၂၅၂

ရုပ်မရှိတာ အာရုံပြုရင် ကောင်းမှာပဲဆိုပြီးတော့

အာကာသပညတ်ကို အာရုံပြုတာ ၂၅၆

အာကာသာနဉ္စာယတနစျာန် ၂၅၇

ရှင်သာရိပုတ္တရာမထေရ်ရှသော အာကာသာနဉ္စာ

ယတနစျာန်၌ ပါဝင်သောတရားများ ၂၆၁

သိမ်မွေ့.အောင်လို့ တဆင့်တက်အားထုတ်ဦးမယ် ၂၆၂

ဝိညာဏဉ္စာယတနစျာန် ၂၆၃

ရှင်သာရိပုတ္တရာမထေရ် ရှသော ဝိညာဏဉ္စာ

ယတနစျာန်၌ ပါဝင်သော တရားများ ၂၆၄

အခုထက်သိမ်မွေ့.အောင် ကောင်းသထက်

ကောင်းအောင် တဆင့်တက်ဦးမှပဲ ၂၆၄

အာကိဉ္စညာယတနစျာန် ၂၆၅

ရှင်သာရိပုတ္တရာမထေရ် အာကိဉ္စညာယတနစျာန်

တိုင်အောင်သာ အနုပဒဝိပဿနာ ရှနိုင်သည် ၂၆၆

http://www.dhammadownload.com

နေဝသညာနာသညာယတနဈာန် ၂၆၇

နေဝသညာနာသညာယတနဈာန်က
သိမ်မွေ့လွန်း၍ အနုပဒဝိပဿနာ မရှုနိုင် ၂၆၈

ဘုရားရှင်တို့မှသာလျှင် နေဝသညာနာသညာ
ယတနဈာန်၌ အနုပဒဝိပဿနာ ရှုနိုင်သည် ၂၇၂

နိဂုံး ၂၈၀

ဆဋ္ဌမပိုင်း

တရားအနုသန္ဓေ ၂၈၃

ရှင်သာရိပုတ္တရာမထေရ် အရဟတ္တမဂ်ပညာဖြင့်
သစ္စာလေးပါးတရားကို မြင်သွားခြင်း ၂၈၆

ရှင်သာရိပုတ္တရာမထေရ်၏သန္တာန်၌
အာသဝေါတရားများ ကုန်သွားခြင်း ၂၈၈

ရှင်သာရိပုတ္တရာမထေရ် ဒီဃနခသုတ်တော်
တရားနာနေရင်း ရဟန္တာဖြစ်တော်မူခြင်း ၂၉၄

ရှင်သာရိပုတ္တရာ၏တူ ဒီဃနခပရိဗိုဇ်က
သူ၏အယူဝါဒကို မြတ်စွာဘုရားအား
လျှောက်ထားသည်ကို မြတ်စွာဘုရားက
မေးခွန်းဖြင့် ပြန်လည်စိစစ်တော်မူခြင်း ၂၉၅

http://www.dhammadownload.com

အလုံးစုံကို ကြိုက်တဲ့အယူဝါဒ၊

အလုံးစုံ ဘာမှမကြိုက်တဲ့အယူဝါဒ၊

တချို့ကိုကြိုက်ပြီး တချို့ကိုမကြိုက်တဲ့အယူဝါဒ ၂၉၈

သဿတအယူဝါဒဆိုတာ ၂၉၉

ဥစ္ဆေဒအယူဝါဒဆိုတာ ၃၀၂

အဲဒီဝါဒ သုံးခုစလုံးဟာ အပြစ်ရှိတယ် ၃၀၄

ဒီယနခပရိဗိုဇ်က သူ့အယူဝါဒကို စွန့်နိုင်သွားတယ် ၃၀၆

ဒီယနခသုတ်တရားတော် ၃၀၈

ဖောက်ပြန်တတ်တဲ့ ဤရုပ်ကိုယ်ကြီးကို ရှုရမယ် ၃၀၉

ဓာတ်လေးပါး၏ အစုအဝေးမျှသာဖြစ်တဲ့

ဤရုပ်ကိုယ်ကြီး ၃၁၁

ဤရုပ်ကိုယ်ကြီးကို အနီစွတော- မမြဲဟူ၍ရှုပါ (၁) ၃၁၆

ဤရုပ်ကိုယ်ကြီးကို ဒုက္ခတော- ဆင်းရဲဟူ၍ရှုပါ (၂) ၃၁၉

ဤရုပ်ကိုယ်ကြီးကို ရောဂတော-

အနာရောဂါနှင့်တူသည်ဟူ၍ရှုပါ (၃) ၃၂၁

ဤရုပ်ကိုယ်ကြီးကို ဂဏ္ဍတော-

အနာစိမ်းနှင့်တူသည်ဟူ၍ရှုပါ (၄) ၃၂၂

ဤရုပ်ကိုယ်ကြီးကို သလ္လတော-

စူးနေတဲ့မြားငြောင့်နှင့်တူသည်ဟူ၍ရှုပါ (၅) ၃၂၃

http://www.dhammadownload.com

ဤရုပ်ကိုယ်ကြီးကို အဃတော-
မကောင်းမှုနှင့်တူသည်ဟူ၍ရှုပါ (၆) ၃၂၃
ဤရုပ်ကိုယ်ကြီးကို အာဇာဓတော-
ဖျားနာနှင့်တူသည်ဟူ၍ရှုပါ (၇) ၃၂၅
ဤရုပ်ကိုယ်ကြီးကို ပရဇတော-
သူစိမ်းပြင်ပနှင့်တူသည်ဟူ၍ရှုပါ (၈) ၃၂၅
ဤရုပ်ကိုယ်ကြီးကို ပလောကတော-
ပျက်စီးတတ်သည်၊ သုညတော-
ကင်းဆိတ်နေသည်၊ အနတ္တတော-
အတ္တကောင်မဟုတ် ဟူ၍ရှုပါ (၉၊ ၁၀၊ ၁၁) ၃၂၆
နိဂုံး ၃၂၈

သတ္တမပိုင်း

တရားအနုသဓန္မ ၃၂၉
ဤရုပ်ရှုပုံ အခြင်းအရာ ၁၁-ပါးဟာ
အကျယ်ဝန်းဆုံးပါပဲ ၃၃၄
နာမ်ကျတော့ ဝေဒနာကို
ကမ္မဋ္ဌာန်းအဖြစ်နဲ့ဟောကြားတယ် ၃၃၇

http://www.dhammadownload.com

ခံစားမှု သုံးမျိုး၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊
ဥပေက္ခာဝေဒနာ ၃၃၈
ဝေဒနာသုံးမျိုး တပြိုင်နက် မရှိနိုင် ၃၄၂
ဖြစ်ခိုက်မှာ အားထုတ်နေတဲ့
ယောဂီပုဂ္ဂိုလ်ကတော့ နားလည်နေပါတယ် ၃၄၈
သုခဝေဒနာဆိုတာ ၃၅၀
သုခဝေဒနာဆိုတာ အနိစ္စာ- မမြဲသော တရားတည်း ၃၅၁
သုခဝေဒနာဆိုတာ သင်္ခါတာ-
ပေါင်းစုပြုပြင်အပ်သော တရားတည်း ၃၅၁
သုခဝေဒနာဆိုတာ ပဋိစ္စသမုပ္ပါန္နာ-
စွဲမှီ၍ဖြစ်သော တရားတည်း ၃၅၂
သုခဝေဒနာဆိုတာ ခယဓမ္မာ-
ကုန်ခြင်းသဘောရှိသော တရားတည်း ၃၅၆
သုခဝေဒနာဆိုတာ ဝယဓမ္မာ-
ပျက်ခြင်းသဘောရှိသော တရားတည်း ၃၅၇
သုခဝေဒနာဆိုတာ ဝိရာဂဓမ္မာ-
ကင်းပြယ်ခြင်းသဘောရှိသော တရားတည်း ၃၅၇
သုခဝေဒနာဆိုတာ နိရောဓ ဓမ္မာ-
ချုပ်ပျောက်ခြင်း သဘောရှိသော တရားတည်း ၃၅၈

http://www.dhammadownload.com

ဒုက္ခဝေဒနာလည်း ထို့အတူပဲ ၃၆၀

ဥပေက္ခာဝေဒနာလည်း ထို့အတူပဲ ၃၆၃

အနိစ္စအစရှိသဖြင့် သိမြင်လာလျှင်

ခံစားမှု(၃)မျိုးတို့၌

မပျော်မမွေ့ငြီးငွေ့လေတော့၏ ၃၆၄

ခံစားမှု (၃)မျိုးတို့၌ ငြီးငွေ့သည်ရှိသော်

တပ်မက်ခြင်း ကင်းလေတော့၏ ၃၇၅

တပ်မက်ကင်းခြင်းကြောင့်

လွတ်မြောက်၍သွားလေတော့၏ ၃၇၅

လွတ်မြောက်သည်ရှိသော်

လွတ်မြောက်သွားလေသည်ဟု သိလေတော့၏ ၃၇၆

စိတ်လွတ်မြောက်ပြီးသော ရဟန်းသည်

တစုံတယောက်နှင့်မျှ မငြင်းခုံ ၃၇၈

မြတ်စွာဘုရား၏ဒေသနာနီဂုံးချုပ်ချိန်

ရှင်သာရိပုတ္တရာမထေရ်၌ အကြွင်အစည် ဖြစ်၏ ၃၈၃

မြတ်စွာဘုရား ဆိုလိုရင်း သဘောပေါက်ပြီး

ရှင်သာရိပုတ္တရာမထေရ်

အာသဝေါတရားတွေမှ လွတ်သွားတယ်တဲ့ ၃၈၈

http://www.dhammadownload.com

မိမိတရားအပေါ် သာယာနှစ်သက်နေလို့ရှိရင်
တရားက ရှေ့မတက်တော့ဘူးတဲ့ ၃၉၀
ရှင်သာရိပုတ္တရာက ရဟန္တာဖြစ်ပြီလို့
ဝန်ခံနေတယ်ဟု မြတ်စွာဘုရားအား
လျှောက်ထားသော ကဋ္ဌာရသုတ် ၃၉၆
ဒီဃနခပရိဗိုဇ်ရဲ့ သန္တာန်မှာ
သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပါတယ် ၄၀၁
သာဝကသန္နိပါတ သာဝကအစည်းအဝေးကြီး ၄၀၂
နိဂုံး ၄၀၄

အဋ္ဌမပိုင်း (နိဂုံးပိုင်း)

တရားအနုသဒေ့ ၄၀၅
သာဝကသန္နိပတ သာဝကအစည်းအဝေးကြီး၌
အဂ္ဂသာဝကတင်မြှောက်ခြင်း ၄၀၆
ဂါထာ ၃-ခုရှိတဲ့ သြဝါဒပါတိမောက် ၄၀၇
(၁) သြဝါဒပါတိမောက် ပထမဂါထာ ၄၀၉
(၁-က) သည်းခံခြင်းသည် အမြတ်ဆုံး ၄၀၉
(၁-ခ) နိဗ္ဗာန်သည် အမြတ်ဆုံး ၄၂၁

http://www.dhammadownload.com

(၁-ဂ) ရဟန်းဆိုလို့ရှိရင်
သူတပါးကို ညှဉ်းဆဲလေ့ မရှိရဘူး ၄၃၃
(၂) ဩဝါဒပါတိမောက် ဒုတိယဂါထာ ၄၃၅
(၂-က) အလုံးစုံသော အကုသိုလ်တရားကို
မပြုမလုပ်ရခြင်း ၄၃၅
(၂-ခ) ကုသိုလ်ဟူသမျှ ပြည့်စုံစေခြင်း ၄၃၇
(၂-ဂ) မိမိ၏စိတ်ကို ထက်ဝန်းကျင် ဖြူစင်စေခြင်း ၄၃၈
(၃) ဩဝါဒပါတိမောက် တတိယဂါထာ ၄၅၄
(၃-က) သူတပါးကို မစွပ်စွဲပါနဲ့ ၄၅၅
(၃-ခ) သူတပါးကို မညှဉ်းဆဲပါနဲ့ ၄၅၆
(၃-ဂ) ကိုယ်ကျင့်သီလ၌ စောင့်စည်းခြင်း ၄၅၆
(၃-ဃ) စားဘွယ် အစာအာဟာရ၌
အတိုင်းအရှည်ကို သိခြင်း ၄၅၈
(၃-င) လူသူဆိတ်သော
ကျောင်း၊ အိပ်ယာနေရာ၌ နေခြင်း ၄၅၉
(၃-စ) လွန်မြတ်သောစိတ်လုပ်ငန်း၌
အမြဲအားထုတ်ခြင်း ၄၆၀
နိဂုံး ၄၆၅

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
ပထမပိုင်း
(၁၃၂၅-ခုနှစ်၊ တပေါင်းလဆန်း ၈-ရက်)

နိဒါန်း

မနေ့ကဟောခဲ့တာ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်မြို့ ရောက်ပြီးတော့ တိရောကုဋ္ဌဒေသနာကို ဟောတော်မူခဲ့တဲ့ အခန်း ပြီးသွားပြီ။ အဲဒီကနောက်ကို ထင်ရှားတာကတော့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့ ကျွတ်တမ်းဝင်ခဲ့တဲ့ အခန်း၊ ရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿပရိဗိုဇ်ကို ရှင်အဿဇိမထေရ်ကဟောတဲ့ တရားဂါထာလေး၊ အင်မတန် ကောင်းတဲ့ တရားပါပဲ၊ အဲဒီတရားကို ဒီနေ့ဟောရမယ်။

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယော နိ ရောဓော၊ ဧဝံဝါဒီ မဟာသမဏော။

အဿဇိမထေရ်က ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်ကို ဟောတဲ့တရားပဲ။

http://www.dhammadownload.com

တရားအကျဉ်း ယေ ဓမ္မာ ဟေတုပ္ပဘဝါ

ဒီဂါထာလေးကို ရှေးကလည်း အတော်ကို လေးစား ကြပါတယ်။ ရှေးဟောင်း ဘုရား စေတီတွေ ပြုပျက်တဲ့အခါ ကာလ ဌာပနာတွေလိုက်ရှာလို့ရှိရင် ဒီဂါထာလေး ရေးထား တတ်တယ်။ ကြေးနဲ့ဖြစ်စေ၊ ငွေနဲ့ဖြစ်စေ အင်မတန်ရှေးကျတဲ့ စေတီတွေမှာ ရေးထားတယ်။ မြန်မာလိုတောင် မဟုတ်ဘူး။ အိန္ဒိယက နာဂရီအက္ခရာတွေနဲ့ ရေးထားတာလည်း ရှိတာပဲ။ အဲဒီ နာဂရီအက္ခရာထက်ရှေးကျတဲ့ အက္ခရာတွေနဲ့ ရေးထား တာတောင်မှ ရှိသေးတာပဲ။ ရှေးတုန်းကတည်းက ဒီဂါထာ တော့ တော်တော်လေးစားပုံရတယ်။ အိန္ဒိယမှာ ဆန်ချီစေတီ တော်ပျက်ကနေပြီး ဌာပနာရတဲ့အခါကာလ ရှင်သာရိပုတ္တရာ ဓာတ်တော်ပါတယ်။ အဲဒီမှာလည်းပဲ ဒီဂါထာလေး ရှိတာပဲ။ ရှေးကတည်းက ဒီဂါထာလေးက အလေးအမြတ်ပြုတဲ့ ဂါထာ ပဲ။

ဥပတိဿပရိဗိုဇ်က အဿဇိမထေရ်ကို မေးတာကိုး၊ အရှင်ရဲ့ဆရာက ဘယ်လိုတရားတွေများ ဟောတုံးလို့ဆို တော့ အဲဒီ မြတ်စွာဘုရားဟောတော်မူတဲ့တရားကို အကျဉ်း ချုပ် ထုတ်ပြတယ်။

http://www.dhammadownload.com

ယေ ဓမ္မာ- အကြင်တရားတို့သည်၊ ဟေတုပွဘဝါ-အကြောင်းလျှင် အမွန်အစ ရှိကြကုန်၏။ တေသံ- ထို အကြောင်းလျှင် အမွန်အစရှိသော အကျိုးတရားတို့၏၊ ဟေတုံ- အကြောင်းတရားကို၊ မဟာသမဏော- ရဟန်းမြတ် ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်၊ အာဟ-ဟောကြားတော်မူ၏။ တေသံ- ထိုအကျိုးတရားတို့၏၊ ယော နိရောဓော စ- အကြင်ချုပ်ငြိမ်းရာဖြစ်သော တရားသည်လည်း၊ အတ္ထိ- ရှိ၏။ တဉ္စ- ထိုချုပ်ငြိမ်းရာတရားကိုလည်း၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူ၏။ မဟာသမဏော- ငါတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ဇဝံဝါဒီ- ဤသို့လျှင် ဟောကြားလေ့ရှိပါသည်။

အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား

အတိုချုပ်လေးပဲ။ လောကမှာရှိနေတာတွေ အကျိုးတရားတွေပဲတဲ့။ ဒီအကျိုးတရားက အကြောင်းတရားရှိတယ်။ အကြောင်းကြောင့်ဖြစ်တဲ့ တရားတွေ။ အကျိုးတရားတွေရဲ့ အကြောင်းတရားကိုလည်း ငါတို့မြတ်စွာဘုရား ဟောတယ်။ အဲဒီအကျိုးတရားတွေ ချုပ်ငြိမ်းသွားတဲ့နိဗ္ဗာန် နိရောဓဆိုတာ

http://www.dhammadownload.com

ရှိတယ်။ အဲဒါကိုလည်းပဲ ဟောတယ်လို့၊ တိုက်ရိုက်ကတော့ ဒီလောက်ပါပဲ။ ဆိုလိုတာကတော့ သစ္စာလေးပါးတရားကို ဆိုလိုတယ်။ အကျိုးတရားရှိတယ်၊ အကြောင်းတရားရှိတယ်။ အကျိုးတရား၊ အကြောင်းတရားတွေ ချုပ်ငြိမ်းရာဆိုတာလည်း ရှိတယ်။ အကျိုးတရား၊ အကြောင်းတရား ချုပ်ငြိမ်းကြောင်း ဖြစ်တဲ့တရားလည်း ရှိတယ်။

အကျိုးတရားတွေရဲ့ အကြောင်းတရားကို ဟောတယ် ဆိုကတည်းက အကြောင်းနဲ့အကျိုး ရှိတယ်ဆိုတာ ထင်ရှားနေတယ်။ အကြောင်းတရား သမုဒယသစ္စာရှိတယ်။ အကျိုးတရား ဒုက္ခသစ္စာရှိတယ်။ ဒါပဲ၊ လူရယ်၊ နတ်ရယ်၊ ပုဂ္ဂိုလ်ရယ်၊ သတ္တဝါရယ် ခေါ်သာနေရတာ အမှန်ကတော့ အကြောင်းနဲ့အကျိုးပဲ ရှိတာပဲလို့ ဆိုလိုတယ်။ အင်မတန် လေးနက်တဲ့ တရားပါ၊ သာမန်ပုဂ္ဂိုလ်တွေ နားလည်ဖို့ မလွယ်ဘူး။ အခုတော့ မြတ်စွာဘုရားရဲ့ တရားတော်အကျယ်တွေက ရှိပြီးတော့နေလို့ သဘောပေါက်နိုင်ပါတယ်။ ဒီလိုမဟုတ်ဘဲနဲ့ အတိုချုပ်လေး ကြားရုံနဲ့ နားလည်ဖို့ရာတော့ တော်တော် မလွယ်ဘူး။ အခုက ရှင်သာရိပုတ္တရာအလောင်းမို့ နားလည်တာ။ အင်မတန်ပညာကြီးတဲ့ ပုဂ္ဂိုလ်မို့ နားလည်တာ။

http://www.dhammadownload.com

အကျိုးတရားနဲ့ အကြောင်းတရားပဲ ရှိတယ်ဆိုတော့၊ ဒီလိုဆိုလို့ရှိရင် အကြောင်းရှိ အကျိုးရှိ၊ အကြောင်းရှိအကျိုးရှိ ဒီလိုချည်းပဲ သွားနေရတော့မလား။ ဒီလိုလည်း မဟုတ်ဘူး။ အဲဒီ အကျိုးတရားတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တရားလည်း ရှိတယ်တဲ့။ နိဗ္ဗာန်၊ ပြီးတော့ ချုပ်ငြိမ်းရာရောက်အောင်ကျင့်ရတဲ့ အကျင့်လမ်းလည်းပဲ ရှိရဦးမှာပေါ့။ အဲဒီဟာကတော့ ဒီထဲ တိုက်ရိုက်မပါဘူး။ မပါပေမယ့်လို့ အဲဒီချုပ်ငြိမ်းရာ နိဗ္ဗာန်တရား၊ နိဗ္ဗာန်တရားကို မြတ်စွာဘုရားဟောတယ်ဆိုတော့ ဒီတရားသိဖို့ရာ နည်းလမ်းလည်းပဲ မြတ်စွာဘုရား ဟောတယ်ဆိုတဲ့ အဓိပ္ပာယ်က သူ့အလိုလို ပါဝင်ပြီးတော့သွားပါတယ်။

ဒါ သစ္စာလေးပါးတရားကို ဟောတာပဲ။ အဲဒီ ဒေသနာကြားနာရတာနဲ့ ဥပတိဿပရိဗိုဇ်က သောတာပန် ဖြစ်တာပဲ။ ဒါတောင်မှ တစ်ဂါထာလုံး မဟုတ်သေးဘူးတဲ့။ ဂါထာရှေ့ပိုင်း တစ်ဝက်လောက်တင် ဆိုတာကိုး။ တစ်ဂါထာလုံး ကြားပြီး ဖြစ်တယ်ဆိုတောင်မှပဲ အင်မတန်ကို မြန်လှပါပြီ။ ဂါထာရှေ့ပိုင်းတစ်ဝက်လောက်တင်ပဲ သောတာပန်ဖြစ်သွားတယ်။ အဲဒီပုဂ္ဂိုလ်အကြောင်းကို အခုနေ ဟောရမယ်။

http://www.dhammadownload.com

ဥပတိဿနဲ့ ကောလိတ

မြတ်စွာဘုရား မပွင့်မီကတည်းက ရာဇဂြိုဟ်မြို့အနီး မှာပုဏ္ဏားရွာ နှစ်ခုရှိတယ်။ ဥပတိဿရွာတဲ့၊ ကောလိတရွာတဲ့၊ ဗြာဟ္မဏပုဏ္ဏားရွာတွေပေါ့။ ဥပတိဿရွာက အကြီးအကဲဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သား ရှင်သာရိပုတ္တရာအလောင်းကို ဥပတိဿလို့ နာမည်ပေးထားတယ်။ ကောလိတရွာက အကြီးအကဲဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့သား ရှင်မောဂ္ဂလ္လာန်အလောင်းကို ကောလိတလို့ နာမည်ပေးထားတယ်။ အဲဒီ ဥပတိဿရွာက အကြီးအကဲနဲ့ ကောလိတရွာက အကြီးအကဲ၊ ဒီပုဂ္ဂိုလ်တွေက ဆွေမျိုးအဆက်ဆက်ကတည်းက အင်မတန်ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံလာတဲ့ ပုဂ္ဂိုလ်တွေပဲတဲ့။ တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်မျိုးတည်းလို ပေါင်းသင်းဆက်ဆံလာတဲ့ ပုဂ္ဂိုလ်တွေ။ ဒါကြောင့် ဥပတိဿနဲ့ ကောလိတတို့ဟာ ငယ်ငယ်ကတည်းက ကစားဖော်ကစားဖက်ပဲ။ အရွယ်ရောက်လို့ ကြီးလာတဲ့အခါကျလည်း အတူတူပဲ နေကြတာပဲ။ သူတို့မှာ ပစ္စည်းဥစ္စာတွေကလည်း များ၊ ပရိသတ်တွေကလည်း များတယ်။ တစ်ဦးတစ်ဦးမှာ အဆွေအရံတွေ အပေါင်းအဖော်တွေကို ငါးရာစီရှိတယ် ဆိုတာကိုး။

http://www.dhammadownload.com

ဥပတိဿလုလင် အခြေအရံတွေက ထမ်းစင်တွေနဲ့ သွားတယ်။ ရှေးတုံးက ယာဉ်ရထားတွေက ကောင်းကောင်း မွန်မွန် မရှိသေးတော့ ထမ်းစင်က အမွန်အမြတ်ပဲ။ ကောလိတ လုလင်ရဲ့ အခြေအရံ ပရိသတ်တွေကတော့ မြင်းရထားတွေနဲ့ သွားကြတာကိုး။ ပွဲလမ်းသဘင်တွေ ရှိရင်လည်း အတူတကွ သွားကြလာကြ ပျော်ကြရွှင်ကြပေါ့လေ။ ပျော်စရာရှိတဲ့အခါကျ အတူတကွ ပျော်ကြတာပဲတဲ့။ ပွဲဆိုတာ ရယ်စရာတွေ ပြက်လုံးတွေရှိမှာပေါ့။ စိတ်နှလုံး မသာမယာ ဖြစ်စရာတွေ ကြောက်စရာ လန့်စရာတွေလည်း ရှိသေးတာပေါ့။

ပါရမီရှိတဲ့ ရှင်သာရိပုတ္တရာလောင်းလျာနှင့်
ရှင်မောဂ္ဂလ္လာန်လောင်းလျာ

ဒါပေမယ်လို့ ပါရမီကရင့်ပြီးတော့လာတဲ့ တစ်နေ့သော အချိန်အခါကာလကျတော့ ပွဲကြည့်ရင်းနဲ့ သူတို့စိတ်ထဲမှာ တစ်မျိုးတစ်မည် ပြောင်းလဲလာတယ်။ စိတ်ကူးကြည့်တယ်တဲ့။ ငါတို့ဟာ မျက်မှောက်ဘဝအကြောင်းလောက် သိတာပဲ။ နောင်တမလွန်ဘဝ ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူး။ ပါရမီရှိတဲ့ပုဂ္ဂိုလ်က စဉ်းစားတယ်။ ပါရမီ မရှိတဲ့ပုဂ္ဂိုလ်ကတော့

http://www.dhammadownload.com

မစဉ်းစားဘူး။ နောင်ဘဝအကြောင်း မစဉ်းစားဘူး။ နောက်ဘဝရှိတယ်ဆိုတာ ကြားကိုမကြားချင်ဘူး။

ဘုန်းကြီးများလည်း ငယ်ငယ်တုံးက စဉ်းစားဖူးတယ်။ အခုဘဝတော့ မိဘတွေ ဆွေမျိုးတွေတော့ သိနေတာ၊ ရှေးဘဝက မိဘဆွေမျိုးတွေက ဘယ်ကများဖြစ်ပါမလဲလို့ စဉ်းစားတယ်။ ငယ်ငယ်တုံးက၊ တော်တော်ငယ်ပါသေးတယ်။ ဆယ်နှစ်တော့ မရှိသေးဘူး။ ဘယ်ရွာကများ ဖြစ်ပါလိမ့်မတုံး။ ဘယ်လိုအမျိုးထဲက လာပါလိမ့်မတုံး။ ဒီဘဝက သေသွားရင် နောက်ဘဝကျ ဘယ်သွားဖြစ်မှာပါလိမ့်မတုံး။ အဲတော့ နောက်ဘဝကျ မှတ်မိအောင် ဘာလေးများ လုပ်ရပါ့မတုံး။ စာလေးများ ရေးပြီးယူသွားရဦးမလိုလို စိတ်ကူးကြည့်တယ်။ အဲဒါလည်း မဖြစ်နိုင်ပါဘူးလို့၊ တယ်ခက်တာပါပဲလို့ ဆိုပြီးတော့ ဒီလိုပြီးသွားတာပါပဲ။ ရှေ့လျှောက်တော့ မစဉ်းစားတတ်ဘူး။ အဲဒါ အခုထက်ထိ ပြန်ပြန်ပေါ်နေတယ်။ သံသရာနဲ့စပ်ပြီးတော့ စဉ်းစားရတာ တော်တော်ဝန်လေးတာပဲလို့၊ သတ္တဝါတွေဟာ ရှေ့မသိနောက်မသိနဲ့ မြတ်စွာဘုရား ဟောထားတဲ့တရားတွေမှီပြီးတော့ ရှေ့အကြောင်း နောက်အကြောင်းတွေသိရတယ်။

http://www.dhammadownload.com

ဥပတိသ၊ ကောလိတတို့ကလည်း စဉ်းစားတယ်။ ဒီဘဝအကြောင်းသာ သိရတာပဲ။ နောင်တမလွန်ဘဝ ဘာဖြစ်မယ်မသိဘူး။ အခု သူတို့ ပွဲကြည့်နေတဲ့အခါမှာ ပွဲကြည့်ပရိသတ်တွေ အများကြီးနေမှာပေါ့လေ။ ဒီပွဲကြည့်ပရိသတ်တွေဟာလည်း နှစ်တစ်ရာအတွင်းလောက် ရှိကြမှာပဲ၊ နောက် အကုန်လုံး ကုန်သွားမှာပဲ။ ဒီလူတွေ အစအန ရှာလို့မရဘဲနဲ့ ပျောက်ကွယ်ကြမယ့် လူတွေပဲလို့ သူတို့က စဉ်းစားကြည့်တယ်ပေါ့လေ။

အဲဒါကြောင့် ဥပတိသနဲ့ ကောလိတတို့က ပွဲကြည့်ရင်း သူတို့ နှစ်ဦးစလုံးပဲ သံဝေဂဖြစ်နေတယ်။ ဒီတော့ အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရားတွေက လွတ်မြောက်တဲ့ မောက္ခဆိုတဲ့တရားတော့ ရှာဖို့ရာ ကောင်းတာပဲ။ မောက္ခတရားရှာမှပဲလို့ စိတ်ကူးတာနဲ့ သူတို့ ပွဲထဲ စိတ်မဝင်စားဘူး။ ပွဲက ရယ်စရာပြောလည်း သူတို့မရယ်ကြဘူး။ သူဟာသူ ဣန္ဒြေရပြီးတော့ တရားနှလုံးသွင်းနေသလို ဖြစ်နေတာပေါ့လေ။

ပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ သူဟာသူ နှိုးဆော်လာတာ၊ ဘယ်သူမှတိုက်တွန်းတာ မဟုတ်ဘူး။ ပါရမီက မရှိဘူးဆိုမှတော့ အဲဒီလိုသံဝေဂဖြစ်စရာတွေ ပြောပေမယ့်

http://www.dhammadownload.com

စိတ်မဝင်စားဘူး၊ ကြောက်စရာပြောလည်း မကြောက်ဘူး။ သတ္တိက တော်တော်ကောင်းနေတယ်။ သံသရာဘေးတွေ ပြောလည်း သူတို့ ဘာမှမဖြစ်ဘူး။ လူစွမ်းကောင်းကြီးတွေကိုး။ အဲဒီလို အစွမ်းကောင်းတဲ့လူတွေပဲ သံသရာထဲမှာ သူတို့ အသက်ရှည်နေတာပဲ။

ဒီယော ဗာလာနံ သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။ သဒ္ဓမ္မံ- သူတော်ကောင်းတရားကို၊ အဝိဇာနတံ- မသိကုန်သော၊ ဗာလာနံ- လူမိုက်တို့၏။ သံသာရော- တစ်ဘဝမှ တစ်ဘဝသို့ ပြောင်းရွှေ့ကျင်လည်ခြင်း၊ ပြောင်းရွှေ့ကျင်လည်ရာဖြစ်သော သံသရာခရီးစဉ်သည်၊ ဒီယော- ရှည်လျားလှစွာ၏။ သံသရာခရီး မဆုံးနိုင်တာ ရှည်တာကတော့ လူမိုက်တွေချည်းပဲ။

မြတ်စွာဘုရားဟောကြားတဲ့ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတွေ သူတော်ကောင်းတရား အစစ်တွေပေါ့လေ၊ အဲဒီတရားကို မရောက်သေးခင် မဂ်ဖိုလ်နိဗ္ဗာန်ရောက်ခြင်း၏ အကြောင်းဖြစ်တဲ့ သမထ ဝိပဿနာတရားတွေ၊ ဒါတွေလည်း သူတော်ကောင်းတရားတွေ ပါပဲ။ အဲဒီ သူတော်ကောင်းတရားတွေ မသိတဲ့ပုဂ္ဂိုလ်တွေဟာ လူမိုက်တွေပဲတဲ့။ ဒီတရားတွေကို စိတ်မဝင်စားဘူး။ ဒီတရားတွေကို တွေ့.ရအောင်၊ သိရ

http://www.dhammadownload.com

အောင် အားထုတ်လိုတဲ့ စိတ်ဆန္ဒ မရှိဘူး။ အဲဒီလူတွေဟာ လူမိုက်တွေပဲတဲ့။ ဒီလိုလူမိုက်တွေရဲ့ သံသရာခရီးစဉ်ဟာ ရှည်တယ်တဲ့။

တရားမသိရင် သံသရာထဲမှာ ဒီလိုသွားနေရမှာပဲ။ တရားသိတဲ့ ပုဂ္ဂိုလ်တွေက မဂ်ဖိုလ် နိဗ္ဗာန်ရသွားလို့ရှိရင် ရဟန္တာဖြစ်၊ ဆင်းရဲခပ်သိမ်းငြိမ်း၊ နိဗ္ဗာန်ရောက်သွားပြီ။ သံသရာခရီးစဉ် ပြတ်သွားပြီ။ မဂ်ဖိုလ်နိဗ္ဗာန်တရားကို မသိတဲ့ ပုဂ္ဂိုလ်တွေက သံသရာခရီးစဉ် အကန့်အသတ် မရှိဘူး၊ သွားနေမှာပဲ။ အဲဒါကြောင့် ပါရမီ မရှိတဲ့ပုဂ္ဂိုလ်တွေမှာ သံသရာဘေးနဲ့ စပ်ပြီးတော့ ပြောဟောပေမယ့်လို့ သူတို့ သံဝေဂဖြစ်ရမှန်း မသိဘူး။ ကြောက်လန့်ရမှန်း မသိဘူး။ သူတော်ကောင်းတရားအားထုတ်ရမှန်း မသိဘူး။ အခု ပါရမီရှိတဲ့ပုဂ္ဂိုလ်တွေကျတော့ ရှင်သာရိပုတ္တရာအလောင်း၊ ရှင်မောဂ္ဂလ္လာန်အလောင်းတွေလိုပဲ သူဟာသူ နှိုးဆော်လာတာ။

ကိုယ့်ဟာကိုယ်ပဲ သံသရာအရေးနဲ့ စပ်ပြီးတော့ စဉ်းစားပြီးတော့ သူတော်ကောင်းတရားတွေ ရှာဖို့ရာ ကောင်းတာပဲ။ အခုနေအခါ လူအဖြစ်ကိုလည်း ရနေတယ်။ မြတ်စွာဘုရား သာသနာတော်ကြီးနဲ့ တွေ့ကြုံနေတယ်။ ပြီးတော့ သူတော်ကောင်းတရားတွေလည်း ကြားနာပြီးတော့ နေရ

http://www.dhammadownload.com

တယ်။ မင်္ဂတရား ဖိုလ်တရား နိဗ္ဗာန်တရားတွေကို ယုံကြည်တဲ့ သဒ္ဓါတရားတွေလည်း ပြည့်စုံပြီးတော့နေတယ်။ ကျန်းကျန်းမာမာလည်း ရှိပြီးတော့ နေတယ်။ အကြောင်း ညီညွတ်နေတယ်။ ဒီလိုအစစအရာရာ အကြောင်းညီညွတ်တဲ့ကာလ မင်္ဂဖိုလ်နိဗ္ဗာန်တရားကို ရှာဖို့ရာကောင်းတာပဲ။ ရအောင် အားထုတ်ဦးမှပဲ။

သံသရာခရီး မရှည်ချင်လို့ရှိရင်တော့ သူတော်ကောင်း တရားကိုသိအောင် အားထုတ်မှ ဖြစ်မယ်။ အဲဒါကြောင့် ရှင်သာရိပုတ္တရာအလောင်း၊ ရှင်မဟာမောဂ္ဂလ္လာန်အလောင်း ဥပတိဿ ကောလိတတို့က သံဝေဂရပြီး အချင်းချင်း တိုင်ပင်ကြ။ သဘောတူကြ။ နောက် မအိုရာ မနာရာ မသေရာဖြစ်တဲ့ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာဖြစ်တဲ့ မောက္ခမဂ္ဂ လွတ်မြောက်ရာတရား ရှာကြစို့ရဲ့.ဆိုပြီးတော့ အဲဒီသိဒ္ဓတ္ထည်းဆရာကြီးဆီ သူတို့သွားပြီးတော့ ရဟန်းပြုကြတယ်။

ပရိပုဏ္ဏရဟန်းပြုပြီးတော့ သိဒ္ဓတ္ထည်းဆရာကြီးရဲ့ တရားတွေကို လေ့လာကြတာပေါ့။ သိဒ္ဓတ္ထည်းဆရာကြီးရဲ့တရားကဘာတွေတုံးဆိုတော့ ဘယ်ဟာမှ သေသေချာချာမဟုတ်ဘူး။ သူများမေးရင် ရှောင်လွဲတတ်ဖို့ရာ တိမ်းရှောင်တဲ့နည်းပဲ။ နောင်တမလွန်လောက ရှိသလားလို့ မေးခဲ့လို့ရှိရင် ရှိတယ်လို့

http://www.dhammadownload.com

လည်းမဖြေနဲ့၊ မရှိဘူးလို့လည်း မဖြေနဲ့။ ရှိတယ်လို့ ပြောလို့ ရှိရင်လည်းပဲ မရှိဘူးသဘောကျတဲ့ပုဂ္ဂိုလ်က စောဒကတက် နေဦးမယ်။ မရှိဘူးဖြေပြန်လည်း ရှိတယ်လို့ သဘောကျတဲ့ ပုဂ္ဂိုလ်က စောဒကတက်နေဦးမယ်။ ဒီတော့ ဘယ်ဟာမှ မဖြေနဲ့။ တမလွန်လောက ရှိသလားဆိုရင် ရှိတယ်လို့ဖြေရင် လည်းပဲ ရှိတယ်လို့ ပြောမှာပါပဲ၊ ဒါပေမဲ့လို့ ငါက ရှိတယ်လို့ တော့ ဒီလိုမပြောဘူး။ မရှိဘူးလို့လည်း ငါက မပြောဘူး၊ ရှိ လည်းရှိတယ်၊ မရှိလည်းမရှိဘူး ဒီလိုလားဆိုတော့ ဒီလိုလည်း မပြောဘူး၊ ဒါဖြင့်ရင် ရှိတာလည်းမဟုတ် မရှိတာလည်းမဟုတ် ဒီလိုလား၊ ဒီလိုလည်း မဟုတ်ဘူး။ ဒါဖြင့် ဘယ်နယ်တုံးဆို ဘယ်နယ်မှလည်း မဟုတ်ဘူး၊ သူ့ဥစ္စာက ဒီလိုကိုး။

သူဟာ ဘာမှမခက်ဘူး၊ သူ့ ပိဋကတ်ကတော့ ခဏလေး သင်လိုက် ခဏလေး တတ်သွားတာပါပဲ။ ဘာမေးမေး သူက ဒီနည်းနဲ့ ဖြေရမှာပဲ။ ကောင်းမှု မကောင်းမှု အကျိုးတွေ ရှိသလားမေးလည်း သူက ဒီလိုပဲဖြေရမှာပဲ။ တစ်ဘဝက တစ်ဘဝကို ပြောင်းရွှေ့ပြီး သတ္တဝါတွေ ဖြစ်သလားမေးရင် လည်း ဒီလိုပဲဖြေရမယ်။ ဘာမေးမေး သူတို့ အဲဒီအတိုင်း ဖြေရမှာ။ ဟိုလိုလည်း မဟုတ်ဘူး၊ ဒီလိုလည်း မဟုတ်ဘူး၊ ဒီလိုဟိုလို ဟုတ်တာလည်း မဟုတ်ဘူး၊ မဟုတ်တာလည်း

http://www.dhammadownload.com

မဟုတ်ဘူး၊ စသည်ဖြင့် ဘယ်ဟာမှ အတည်တကျမဖြေဘဲနဲ့ အဲဒီလိုဖြေတဲ့ နည်းတဲ့။ သူတရားကတော့ ဒါပါပဲ။

ဒီတော့ ရှင်သာရိပုတ္တရာအလောင်း၊ အင်မတန် ပါရမီ ရင့်နေတဲ့ ပုဂ္ဂိုလ်ကြီးတွေ ဒီတရားကြားရတော့ ခဏလေး သိတာပေါ့။ ပိဋကတ်က စာရွက်နဲ့ရေးရင် လေး ငါး ဆယ် ကြောင်း ရှိမှာကိုး၊ ဘာမှမများဘူး၊ ကုန်နေပြီ။ အဲဒီတော့ သူတို့ကစဉ်းစားတယ်၊ ဒီမှာတော့ဖြင့် အိုခြင်း နာခြင်း သေခြင်း က လွတ်တဲ့တရား မပါဘူးတဲ့။ ဒီထဲ ကိုယ်ကျင့်တရားလည်း မပါဘူး၊ ဒီတရားနဲ့တော့ တို့အားကိုးလို့ မဖြစ်သေးဘူး။ ဒီတော့ ဇမ္ဗူဒီပ်ကျွန်းဆိုတာ ကျယ်ပါတယ်တဲ့။ ပညာရှိတွေ ပေါတယ်တဲ့။ ဇဗ္ဗူဒီပ်ကျွန်း လိုက်ပြီးတော့ရှာလို့ရှိရင် အိုခြင်း၊ နာခြင်း၊ သေခြင်းမှ လွတ်မြောက်တဲ့ မောက္ခတရားကို ဟောနိုင်တဲ့ ပညာရှိ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ရှိမှာပါပဲတဲ့။ တို့ လိုက်ရှာကြ ဦးစို့ရဲ့. ဆိုပြီးတော့ ရှာကြတာပေါ့။

တရားရှာတယ်ဆိုတာ မတွေ့.ခင် အင်မတန် ပန်း တယ်။ မန္တလေးက ဒကာကြီးတစ်ဦးပြောတာ တရားရှာရတာ များ ဘုရား၊ အမှန်မတွေ့.တော့လေ မောလိုက်တာတဲ့။ ဟုတ် တယ်၊ အမှန်မတွေ့.တော့ ဟိုဟာဟုတ်နိုးနိုး အားထုတ်ကြည့် လိုက် တရားကမတွေ့.၊ ဒီဟာဟုတ်နိုးနိုး အားထုတ်ကြည့်

http://www.dhammadownload.com

လိုက် တရားက မတွေ့၊ အားမရ မကျေနပ်ဖြစ်နေတော့ သူဟာ မောစရာကြီး။

လက်ဦးတရားရတဲ့ပုဂ္ဂိုလ်က ပြောကြားရမယ်ဆိုတဲ့ ကတိကဝတ်

အဲဒီတုံးက မြတ်စွာဘုရားကလည်းပဲ ပွင့်ထွန်း ပေါ်ပေါက်ခါစဆိုတော့ ဘုရားပွင့်မှန်းလည်း သူတို့ မသိသေးပါဘူး။ လျှောက်ပြီးတော့ ရှာတယ်၊ လျှောက်ပြီးတော့ ရှာလိုက် ပြန်လာလိုက်၊ နောက်တစ်ခါ တစ်ပတ်ပြန်သွားလိုက်၊ မေးမြန်း စုံစမ်းလို့ရှိရင် အမေးခံရတဲ့သူတွေက မဖြေနိုင်ဘဲနဲ့ ဖြစ်နေတာကိုး။ သူလိုချင်တဲ့ အဓိပ္ပာယ် မရောက်ဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်း ကင်းတဲ့တရား ဟောနိုင်တဲ့ပုဂ္ဂိုလ်ကို ရှာမတွေ့ဘူး။ ဒါနဲ့ သူတို့နှစ်ယောက်လည်းပဲ ကတိကဝတ် လုပ်ထားကြတယ်။ မိမိတရားရလို့ရှိရင် လက်ဦးတရားရတဲ့ပုဂ္ဂိုလ်က တို့ အချင်းချင်း ပြောကြားရမယ်လို့ ကတိကဝတ် လုပ်ထားကြတယ်။

တစ်နေ့သောအခါကာလကျတော့ ဥပတိဿပရိဗိုဇ်က နယ်လှည့်ပြီးတော့ ပြန်လာတဲ့အခါ ရာဇဂြိုဟ်မြို့. ပြန်ရောက်၊ မြတ်စွာဘုရားကလည်း ဒီအခါမှာ ရာဇဂြိုဟ်မြို့.

http://www.dhammadownload.com

ရောက်လို့ ဝင်ဥဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အခါ တိရောကုဋ္ဌသုတ်တွေ ဟောပြီးပါပြီ၊ ဟောပြီးတဲ့နောက် ဘယ်နရက်လောက်ရှိမယ်တော့ မပြောတတ်ဘူး၊ အဲဒီအချိန်တွေ ပါပဲ၊ သိပ်တော့ ကွာပုံမရဘူး၊ ရောက်ခါစပဲ၊ ဗာရာဏသီက ဝါကျွတ်တဲ့အခါကာလ ခြောက်ဆယ်သော ရဟန္တာတွေကို မြတ်စွာဘုရားက နယ်လှည့်ဖို့ရာ လွှတ်ထားတာရှိတယ်။

စရထ ဘိက္ခဝေ စာရိကံ ဒေသေထ ဘိက္ခဝေ ဓမ္မံ။

ဘိက္ခဝေ- ရဟန်းတို့၊ စာရိကံ- ဒေသစာရီ လှည့်လည်ခြင်းကို၊ စရထ- လှည့်လည်ကြကုန်လော့၊ ဓမ္မံ- တရားကို၊ ဒေသေထ- ဟောကြကုန်လော့။ နယ်လှည့်ပြီးတော့ တရားဟောကြ၊ တစ်ကြောင်းတည်းသောခရီးဖြင့် နှစ်ပါးလည်း မသွားကြနဲ့။ တစ်ပါးတစ်လမ်း သွားပြီးတော့ ရောက်ရာအရပ်မှာ ဟောကြ၊ သာသနာပြု စေလွှတ်တာပဲ။ အဲဒီတော့ ရဟန္တာခြောက်ကျိပ်က အရပ်ပေါင်းခြောက်ဆယ် အသီးသီး သွားကြတယ်။

အဲဒီလိုသွားကြရာက ပဉ္စဝဂ္ဂိငါးဦးထဲက နောက်ဆုံး အသဇိဆိုတဲ့မထေရ်ကလည်း ရာဇဂြိုဟ်မြို့. ရောက်ပြီးတော့ လာတယ်။ ဥပတိဿပရိဗိုဇ်ကလည်း အဿဇိမထေရ်ကို လမ်းမှာ တွေ့.တာကိုး၊ တွေ့.တော့ သူက တော်တော်ကြည်ညိုတယ်။ ဒီပုဂ္ဂိုလ်ရဲ့.ကွန်ရြက တယ်ပြီးတော့ ကြည်လင်တာပဲ

http://www.dhammadownload.com

တဲ့၊ ကိလေသာမရှိတော့ ရုပ်က ကြည်လင်နေတာပေါ့လေ၊ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း ဖြစ်ပြီးတော့နေတာကို သူတွေ့.ရတယ်။ ပြီးတော့ နေပုံ၊ ထိုင်ပုံ၊ သွားပုံ၊ လာပုံ သိမ်မွေ့.တယ်တဲ့။

ရဟန္တာပုဂ္ဂိုလ်ရဲ့ ထူးခြားတဲ့ကွန်ဒြေ

ရဟန္တာပုဂ္ဂိုလ်တွေဆိုတာ ကိုယ်အမူအရာတွေ အကုန်လုံး ပြည့်စုံနေတာ။ ကြည်ညိုဖွယ်ရှိတဲ့ ရှေ့.သို့သွား ခြင်း၊ ရှေ့.သို့သွားပုံ၊ ရှေ့.သို့တိုးတက်ပုံမှာလည်း ကြည်ညိုဖွယ် ကောင်းတယ်တဲ့၊ သတိတရားလေး မကင်းဘဲနဲ့ သွားနေတာကိုး။ နောက်ပြန်ဆုတ်ရင်လည်းပဲ သတိသမ္ပဇဉ်နဲ့ ဆင်ခြင်ပြီးတော့ ဆုတ်။ တည့်တည့်ကြည့်တဲ့ မျက်နှာအနေအထားကလည်းပဲ သတိတရားနဲ့ကြည့်တော့ ကြည်ညိုဖွယ်ရှိတာကိုး။ နောက်တို့ ဘေးတို့ စောင်းငဲ့ပြီးတော့ ကြည့်တဲ့အခါကာလတွေမှာလည်း သတိတရားနဲ့ဆိုတော့ အလွန်ကြည်ညိုဖွယ် ရှိတယ်။ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်ဆိုတာ သတိသမ္ပဇဉ်နဲ့ ဆိုတော့ သိမ်သိမ်မွေ့.မွေ့.ပဲ၊ ကွန်ဒြေရရပဲ၊ တချို့. တရားအားထုတ်နေတဲ့ပုဂ္ဂိုလ် သတိသမ္ပဇဉ်လွတ်နေပြီ ဆိုလို့ရှိရင် သွားပုံ လာပုံ နေပုံ ထိုင်ပုံက ကွန်ဒြေ သိပ်မရဘူး။ မရတော့ ဘေးက

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေက သိတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်အချင်းချင်း မြင်လို့ရှိရင် သိတယ်။ သြော် ဒီဃယာဂီက အမှတ်မပါဘူး။ ကမ္မဋ္ဌာန်းလွတ်နေတယ်ဆိုတာ သိရတယ်၊ ကမ္မဋ္ဌာန်းဆရာတွေ ဒါ သိနေတယ်။

ရှင်အာသဇိမဏ်ထေရ်က ရဟန္တာဆိုတော့ သတိသမ္ပဇဉ်တွေ သူမှာ ကောင်းကောင်း ပြည့်စုံနေတာပဲ၊ ဒါကြောင့်မို့ ရှေ့သို့တိုးတက်သွားပုံ၊ နောက်သို့ဆုတ်လာပုံ၊ တည့်တည့်ကြည့်ပုံ၊ စောင်းငဲ့ကြည့်ပုံ၊ လက်ကလေးတွေ ကွေးပုံ၊ ဆန့်ပုံ၊ လှုပ်ရှားပုံ အဲဒီမှာ သတိသမ္ပဇဉ် မကင်းဘဲနဲ့ဆိုတော့ သိမ်မွေ့ပြီးနေတော့ ဥပတိဿပရိဗိုဇ်က ဒီလိုပုဂ္ဂိုလ် တစ်ခါမှမတွေ့ဖူးဘူးတဲ့။ ဒီတော့လောကမှာ တရားထူး တရားမြတ်နဲ့ ပြည့်စုံတယ်ဆိုရင် ဒီလိုပုဂ္ဂိုလ် ဖြစ်မှာပဲတဲ့။ ဒီပုဂ္ဂိုလ်သန္တာန်မှာတော့ တရားထူးတရားမြတ် ဇကန်ရှိရမယ်လို့ သူက တွေးဆပြီးတော့ ကြည့်တယ်။ ဒီပုဂ္ဂိုလ် ဘယ်ဆရာဆီမှာ ရဟန်းပြုသလဲ။ ဘယ်ဆရာ့တရားကို ကျင့်ပြီးတော့ နေသလဲ၊ မေးချင်ပါဘိတော့ သူစိတ်ထဲမှာဖြစ်နေတယ်။ ဒါပေမယ်လို့ မေးလို့မတော်သေးဘူး၊ သူက ဆွမ်းခံသွားနေတဲ့ အချိန်ပဲတဲ့။ မေးတဲ့ပုဂ္ဂိုလ်ဆိုတာ အလိုက်ကလည်း သိရသေးတယ်၊ သူ့နေရာနဲ့

http://www.dhammadownload.com

သူ၊ သူ့အချိန်နဲ့သူ လုပ်ရတယ်။ ကိစ္စပြီးတဲ့အချိန်မှ မေးမှပဲ ဆိုပြီး ဥပတိဿပရိဗိုဇ်က နောက်ယောင်ခံပြီးတော့ လိုက်နေတယ်။

သင့်လျော်တဲ့နေရာကျတော့ ဆွမ်းဘုဉ်းပေးတော့မှာပဲဆိုတာသိတော့ ဥပတိဿပရိဗိုဇ်က သူပါလာတဲ့ သားရေနယ်ပိုင်းကိုခင်း၊ ပရိဗိုဇ်များထိုင်တဲ့ ခုံလေး ခင်းပြီးတော့ပေး၊ ရေဘူးထဲမှာပါလာတဲ့ ရေတွေလည်းပဲ ကပ်၊ ဆရာများကို တပည့်က ပြုရတဲ့ကျင့်ဝတ်တွေပေါ့၊ အဲဒါတွေကို ပြုတယ်။ နောက် အဿဇိမထေရ်က ဆွမ်းဘုဉ်းပေးလို့ ပြီးတဲ့အခါကျတော့မှ တရားမေးတာကိုး။

အရှင်၊ အရှင့်ရဲ့ကျွန်တွေကတော့ သိပ်ကြည်လင်တာပဲတဲ့၊ ဘယ်ပုဂ္ဂိုလ်ဆရာပြုပြီးတော့ ရဟန်းပြုလာခဲ့ပါသလဲတဲ့၊ ဒီလိုမေးတာကိုး။ ဒီတော့ အဿဇိမထေရ်က သာကီဝင်မင်းမျိုးမှ တောထွက်ပြီးတော့ တရားကျင့်သုံးလို့ ဘုရားဖြစ်လာတဲ့ ရှင်ဂေါတမဆိုတဲ့ ဘုရားမြတ်စွာ ရှိတယ်။ အဲဒီရဟန်းမြတ်ထံမှာပဲ ရဟန်းပြုခဲ့ပါတယ်။ ဒီ ဂေါတမ မြတ်စွာဘုရားဟာဖြင့် သူ့ဆရာပါပဲ။ ဒီဆရာ့ရဲ့တရားကိုပဲ သူသဘောကျတယ်လို့ ပြောတယ်။ ဒါဖြင့်ရင် အရှင်တို့ဆရာက

http://www.dhammadownload.com

ဘယ်လိုတရားတွေ ဟောပါသလဲလို့ မေးပြန်တယ်၊ သူက တရားနာချင်လို့။ အဲတော့ အာသဇီမထေရ်က စဉ်းစားတယ်၊ ဒီပုဂ္ဂိုလ်က ပရိပို့ဖ်ဆိုတော့ ဟိုတုံးက မြတ်စွာဘုရား၏ သာသနာတော်နဲ့ ဆန့်ကျင်ဘက်ကိုး၊ ကတ်သီးကတ်သတ်တွေ အင်မတန် ပြောတတ်တယ်။ ဒီတော့ သူ့ကို သာသနာတော်ရဲ့ နက်နဲပုံကိုတော့ သိအောင်ပြောဦးမှပဲလို့၊ ဒီလို ရည်ရွယ်ပြီးတော့ ရှင်အာသဇီမထေရ်က ခပ်ချိုချိုလှောင်ပြီးတော့ ပြောပါတယ်၊ ငှဲရှင်- ငါဟာ ဒီသာသနာမှာ ရဟန်းပြုလာတာ မကြာသေးဘူး။ ဒီတော့ တရားတွေတော့ဖြင့် များများကြီး မဟောနိုင်ဘူး၊ အမှန်ကတော့ သူက ရဟန္တာပုဂ္ဂိုလ်ဆိုတော့ ဟောနိုင်ပါတယ်၊ ဒါပေမယ်လို့ သာသနာ့ဘောင်ရောက်လာတာ မကြာသေးဘူးဆို ဝါဆိုလပြည့်နေ့ကနေ ရောက်လာတာကိုး၊ အဲဒီအခါမှာ တပို့တွဲလဆန်း ၁-ရက်ရင်လည်း ဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လည်း ပြာသိုလကွယ်နေ့လောက် ဖြစ်ပါလိမ့်မယ်၊ ခြောက်လခွဲလောက်ရှိဦးမှာပေါ့လေ။ ငါ ဒီသာသနာတော် ရောက်လာတာ မကြာသေးဘူး၊ များများမဟောနိုင်ဘူးဆိုတော့မှ ဥပတိဿပရိပို့ဖ်က လျှောက်တယ်။

http://www.dhammadownload.com

အနက်အဓိပ္ပာယ်ကိုသာ ဟောပါတဲ့

အပ်ံ ဝါ ဗဟုံ ဝါ ဘာသဿု၊ အတ္ထံယေဝ မေ ဗြူဟိ၊
အတ္ထေနေဝ မေ အတ္ထော၊ ကီ ကာဟသိ ဗျဉ္ဇနံ ဗဟုံ။

ဘော- အရှင်ရဟန်း၊ အပ်ံဝါ- အနည်းငယ်ကိုဖြစ်စေ၊ ဗဟုံဝါ- များစွာကို ဖြစ်စေ၊ ဘာသဿု- ဟောပါလော့။ နည်းနည်းများများ ဟောချင်သလောက် ဟောပါတဲ့၊ နည်းနည်းဟောလည်း ကျေနပ်ပါတယ်တဲ့၊ ဟောနိုင်သလောက်သာဟောပါ၊ အနက်အဓိပ္ပာယ် နားလည်ပါလိမ့်မယ်လို့ သူဆိုလိုတာပေါ့လေ။

အတ္ထံယေဝ မေ ဗြူဟိ။ မေ- ငှါအား၊ အတ္ထံယေဝ- အနက်အဓိပ္ပာယ်ကိုသာလျှင်၊ ဗြူဟိ- ဟောကြားပါလော့။ ဟောရင်တော့ လိုရင်းအနက်အသား အဓိပ္ပာယ်ဟောပါတဲ့။ အတ္ထေနေဝ- အနက်ဖြင့်သာလျှင်၊ မေ- ငါသည်၊ အတ္ထော- အလိုရှိ၏။ ဗဟုံ- များစွာသော၊ ဗျဉ္ဇနံ- သဒ္ဒါသည်၊ ကီ ကာဟသိ- အဘယ်ကိုပြုအံ့နည်း။

အနက်အဓိပ္ပာယ် ဟောပါတဲ့၊ သဒ္ဒါတွေ အဖဲ့.အနွဲ့.တွေ လုပ်မနေပါနဲ့တဲ့၊ အဖဲ့.အနွဲ့.တွေ၊ သဒ္ဒါတွေ၊ ဝေါဟာရတွေ၊ ဝါကျတွေ၊ စကားတန်ဆာတွေ ဆင်ပြီးတော့ ဒါတွေမလုပ်ပါနဲ့တဲ့၊ လိုရင်းလေး အနက်အဓိပ္ပာယ်သာ ဟောပါတဲ့၊

http://www.dhammadownload.com

သူ လျှောက်တာကိုး။ ဟုတ်တယ် အနက်အဓိပ္ပာယ်က လိုတယ်၊ တကယ်တရားရှာတဲ့ ပုဂ္ဂိုလ်က အနက်ပဲရှာတာပဲ၊ တရားမရှာတဲ့ပုဂ္ဂိုလ်တွေက သဒ္ဒါရှာတယ်၊ တချို့က ကျမ်းတွေ ကြည့်လို့ရှိရင် သဒ္ဒါရှာတယ်၊ အနက်ကို မရှာဘူး။ အရေးကောင်းတာ၊ မကောင်းတာ၊ အဖွဲ့အနွဲ့ကောင်းတာ၊ မကောင်းတာ၊ ဒါတွေ လိုက်ရှာတယ်။ အဖွဲ့အနွဲ့မကောင်းလို့ရှိရင် အနက်အဓိပ္ပာယ်က ကောင်းနေပေမယ့်လို့ သူက လက်မခံဘူး၊ သဘောမကျဘူး၊ အရေးအသား စကားလုံး ပြောင်မြောက်တာတွေ လိုက်ရှာနေတာပဲ။ တရားနာပြန်တော့လည်း တချို့က အရွှတ်အဆိုတွေ ပြောတဲ့စကားလုံး ကောင်းကောင်းတွေ၊ ဒါတွေပဲ သူတို့သဘောကျနေကြတာပဲ။ ကျင့်စရာဘာမှ မပါဘူး၊ နားထောင်ကောင်းတာလောက်ပဲ။ အရေးကြီးတာက ကျင့်ဖို့ကြံဖို့ အနက်အသားက လိုတာ၊ သီလ ဘယ်လိုကျင့်ရမယ်၊ သမာဓိ ဘယ်လိုကျင့်ရမယ်၊ ပညာ ဘယ်လိုကျင့်ရမယ်၊ ဒီတရားတွေက အရေးကြီးတာပဲ။

ဒါကြောင့်မို့ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿ ပရိဗိုဇ်က ပြောတာ။ အပ်ံဝါ- အနည်းငယ်ဖြစ်စေ၊ ဗဟုံဝါ- များစွာဖြစ်စေ၊ ဘာသဿု- ဟောသာဟောပါတဲ့၊ ဟောလို့ရှိရင်တော့ အတ္ထံယေဝ မေ ဗြူဟိ- အနက်ကိုသာဟောပါတဲ့၊

http://www.dhammadownload.com

အတ္ထေနေဝ မေ အတ္ထော- အနက်ဖြင့်သာလျှင် ငါအလိုရှိ၏ တဲ့။ ကိ ကာဟသိ ဗျဉ္ဇနံ ဗဟုံ- များစွာသောသဒ္ဒါကို ဆိုရုံဖြင့် ဘယ် အကျိုးရှိမှာလဲ။

တိုက်ရိုက်ဟောတဲ့ သမုဒယသစ္စာနဲ့ နိရောဓသစ္စာ

ရှင်အဿဇိမထေရ်က ဒီဂါထာကို ဟောတာ၊ တိုတို လေး ဟောလိုက်တာ သူက၊ ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။ ယေ ဓမ္မာ- အကြင်တရားတို့သည်၊ ဟေတုပ္ပဘဝါ- အကြောင်းတရားလျှင် အမွှန်အစရှိကုန်၏။ တေသံ- ထိုအကြောင်းတရားလျှင် အမွှန်အစရှိသော အကျိုးတရားတို့၏၊ ဟေတုံ- မူလပဘဝဖြစ်သော အကြောင်းတရားကို၊ မဟာသမဏော- ရဟန်းမြတ် ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူပါသည်။ တေသဉ္စ ယော နိရောဓော၊ တေသံ- ထိုအကြောင်းအကျိုးတရားတို့၏၊ ယော နိရောဓော စ- အကြင်ချုပ်ရာ နိဗ္ဗာန်တရားသည်လည်း၊ အတ္ထိ- ရှိ၏၊ တဉ္စ- ထိုချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကိုလည်း၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာ ဂေါတမ မြတ်စွာဘုရားသည်၊ အာဟ- ဟော

http://www.dhammadownload.com

ကြားတော်မူပါသည်။ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာ ဂေါတမ မြတ်စွာဘုရားသည်၊ ဇဝံဝါဒိ-ကျိသို့လျှင် ဟောကြားလေ့ရှိပါသည်။

သမုဒယသစ္စာနဲ့ နိရောဓသစ္စာ နှစ်ခုကို တိုက်ရိုက် ဟောလိုက်တာ၊ ဒီတော့ ဉာဏ်မမီတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ကြည့်လိုက်ရင် ဒီဥစ္စာလေးက ဘာမှမဟုတ်သလိုပဲ။ ဒါလေးနဲ့ တရားရစရာ အကွက်ကို မမြင်ဘူး၊ ရှာလို့ရမှာ မဟုတ်ဘူး။ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်မှာတော့ ဒီလောက်ဆိုရင် သူ့မှာ အင်မတန်ထင်ရှားနေပြီ။ အနက် အဓိပ္ပာယ်တွေ သိပ်ပေါ်နေပြီ၊ ပညာရှိကိုး။ ပညာရှိဆိုတာ နည်းနည်းလေးပြလိုက်ရင် အများကြီးမြင်တာ၊ အစအနလေးတွေ့.ရလို့ရှိရင် အများကြီးမြင်တာ။ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေကတော့ အများကြီး ဖြဖြန့်ပြနေတာတောင် သဘောမကျဘူး၊ နားမလည်ဘူး။

အခု ဘုန်းကြီးများ တရားတွေ ဟောနေတယ်၊ လုပ်ငန်းတရားတွေလည်း သေသေချာချာ၊ ကျကျနန၊ ပါဠိတွေ၊ အဋ္ဌကထာတွေ၊ ဋီကာတွေနဲ့ သေချာရေးထားတယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေရဲ့ တွေ့.ပုံတွေရော၊ သိပုံတွေ

http://www.dhammadownload.com

ရော၊ ဒါတွေကို ရှင်းပြီးတော့ပြထားတယ်။ ဒါပေမယ်လို့ တချို့ သဘောမပေါက်တဲ့ ပုဂ္ဂိုလ်တွေက ဘာမှနားမလည်ဘူး ဘာမှ မသိဘူး၊ ဘာမှမဟုတ်ဘူးလို့ ထင်နေတယ်။ ဒီအတိုင်း တရားအားထုတ်လို့ရှိရင် ဖြစ်လိမ့်မယ်ဆိုတာ မယုံကြည်ဘူး၊ နားမလည်လို့ မယုံကြည်တာ၊ သူတို့ သိမှမသိဘဲဟာကိုး။ ပါရမီမရှိတဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ ဒါကတော့ မတတ်နိုင်ဘူး။ အခုခေတ် သာမန်ပုဂ္ဂိုလ်မပြောနဲ့ မြတ်စွာဘုရားတောင်မှ ဘယ့်နယ်မှ မတတ်နိုင်ဘူးတဲ့။

ငါဘုရား ဒီလိုတရားတွေ ပြည့်ပြည့်စုံစုံ ဟောနေတာ၊ နားမလည်တဲ့ ပုဂ္ဂိုလ်တွေ ဘယ့်နယ်မှ မလုပ်နိုင်ဘူးတဲ့၊ မတတ်နိုင်ဘူး၊ အနှပုဂ္ဂိုလ်ခေါ်တယ်။ ပညာပါရမီရှိတဲ့ ပုဂ္ဂိုလ်တွေက နည်းနည်းလေးပြလိုက်ရင် အများကြီးမြင်ပါတယ်။

လောကမှာ ဟိုခေတ်တုန်းကရော အခုခေတ်ရော ပေါ့လေ၊ လူတွေက ပုဂ္ဂိုလ်သတ္တဝါတွေဟာ အကောင်အထည် လိုက်ကြီး တည်နေတယ်လို့ ထင်နေတယ်။ အကြောင်းတရား၊ အကျိုးတရားလို့ မသိကြပါဘူး။ ဘာသာတရားအမှီ မရတဲ့ ပုဂ္ဂိုလ်တွေ ဆိုလို့ရှိရင်တော့ လူဟာ အမိဝမ်းထဲကနေပြီး သကာလ လူဖြစ်လာတယ် ပေါ့လေ၊ မွေးလာတယ်၊ မွေးလာ

http://www.dhammadownload.com

ပြီး သေသွားတော့ မရှိဘူး၊ အဲဒီအတွင်းမှာတော့ သူရှိနေတာပဲ။ လူဟာ အကောင်အထည်လိုက်ကြီး တည်နေတယ်လို့ ထင်တာပဲ။ အဲဒါက ဘာသာတရားအမှီမရှိတဲ့ ပုဂ္ဂိုလ်တွေ။

ဘာသာတရားအမှီရှိတဲ့ ပုဂ္ဂိုလ်တချို့ကလည်းပဲ ဟိုဘဝကနေပြီး ဒီဘဝရောက်လာတယ်။ အကောင်အထည်လိုက်ပဲ ရှေ့လာတယ်။ ဒီဘဝမှာလူဖြစ်ပြီးတော့ မွေးလာတယ်။ သေတဲ့အခါကာလကျတော့လည်း တစ်ဘဝ ရှေ့သွားပြန်တယ်။ တစ်နေရာရာမှာ သတ္တဝါတစ်မျိုးမျိုး သွားဖြစ်ပြန်တယ်ဆိုတော့ကာ အကောင်အထည်လိုက်ပဲ ဟိုဟောင်းလိုက်ဒီရှေ့လိုက်၊ ဒီလို ထင်နေတယ်။ အဲတော့ သဿတနဲ့ ဥစ္ဆေဒပဲ ဒီနှစ်ခုပဲရှိတယ်။

သေတဲ့အခါ ဘာမှမရှိဘူးဆိုရင် အဲဒါ ဥစ္ဆေဒဒိဋ္ဌိပဲ။ သတ္တဝါဟာ ဟိုဘဝဒီဘဝ ပြောင်းလဲပြီးတော့ ရှေ့သွားနေတယ်ဆိုရင် သဿတဒိဋ္ဌိ။ အဲဒီလိုအယူတွေမှာ အကြောင်းတရား အကျိုးတရား မဟုတ်ဘူး၊ အကောင်လိုက် အသက်ရှင်နေတယ်လို့ ဒီလိုထင်နေကြတယ်။ အကြောင်းတရား၊ အကျိုးတရား မဟုတ်ဘူး။

http://www.dhammadownload.com

အကြောင်းတရားလျှင် အမွန်အစရှိတဲ့ မြင်မှု ရှင်အဿဇိမထေရ်က မြတ်စွာဘုရား ဒေသနာနည်း

ယူပြီးတော့ ဟောလိုက်တာပဲ။ အကြောင်းတရားနဲ့ အကျိုးတရားပဲ ရှိတယ်တဲ့။ ဃေ ဓမ္မာ- အကြင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ကွေးမှု၊ ဆန့်မှု၊ စိတ်ကူးစဉ်းစားကြံစည်မှုဟု ဆိုအပ်သော အကျိုးတရားတို့သည် ဟေတုပ္ပဘဝါ- အကြောင်းတရားလျှင် အမွန်အစ ရှိကုန်၏။ အကြောင်းရှိလို့ ဖြစ်တာ။ မြင်တယ်ဆိုတာ ဘယ်ကလာတာတုံး။ မျက်စိရှိလို့လည်း မြင်တယ်၊ အဆင်းရှိလို့လည်း မြင်တယ်၊ နှလုံးသွင်းမှုရှိလို့လည်း မြင်တယ်။ အရောင်အလင်းရှိလို့လည်း မြင်တယ်။ ဒီထဲမှာ မျက်စိနဲ့ အဆင်းနဲ့ နှလုံးသွင်းမှု၊ ဒီသုံးခုက ပဓာနပါပဲ။ အဲဒါကြောင့် မြင်မှုဖြစ်လာတာ။ မျက်စိရှိရမယ်၊ မျက်စိမရှိရင် မမြင်နိုင်ဘူး။ အဆင်းရှိရမယ်၊ အဆင်းမရှိရင် မမြင်နိုင်ဘူး။ နှလုံးသွင်းမှု ရှိရမယ်၊ နှလုံးသွင်းမှုမရှိရင် မမြင်နိုင်ဘူး။ မျက်စိလည်းရှိတယ်၊ အဆင်းလည်းရှိတယ်၊ နှလုံးသွင်းမှုလည်းရှိတယ်၊ အရောင်အလင်း အထောက်အပံ့လည်း ရှိတယ်ဆိုရင် အဲဒါမြင်သွားတယ်၊ မြင်မှုလေးဖြစ်လာတယ်။ ဒါ မြင်တဲ့ အခိုက်အတန့်လေးဖြစ်တာပဲ။

http://www.dhammadownload.com

ပကတိပုဂ္ဂိုလ်တွေ အနေအားဖြင့်ဆိုရင် ဒီလို မဟုတ်ဘူး။ ငါကပဲ မြင်သွားတယ်၊ မြင်တာဟာ ငါပဲ၊ ပုဂ္ဂိုလ်သတ္တဝါပဲ၊ ဒီလိုထင်နေတာကိုး။ သဘာဝမှု အနေအားဖြင့်ဆိုရင် မြင်တာက ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး၊ သဘောတရားပဲ။ ဒီအခိုက်အတန့်မှာသာ ရှိတာ၊ အစတုံးက ရှိတာမဟုတ်ဘူး။ မြင်ပြီးရင်လည်း ပျောက်သွားတာပဲ၊ နောက်တစ်ခါမြင်ရင်လည်း အသစ်ပဲ။ အဲဒါ အကြောင်းတရားလျှင် အမွှန်အစရှိတဲ့ တရားတွေတဲ့။ ထို့အတူ ကြားမှုတွေ၊ နံမှုတွေ၊ စားသိမှုတွေ၊ တွေ့ထိမှုတွေ၊ စိတ်ကူးစဉ်းစား ကြံစည်မှုတွေ၊ အကုန်လုံး အတူတူပါပဲ။ ကဲ ဆိုကြဦးစို့ရဲ့။

မျက်စိရှိ၍ မြင်သည်။

အဆင်းရှိ၍လည်း မြင်သည်။

နလုံးသွင်းမှုရှိ၍လည်း မြင်သည်။

အရောင်အလင်းရှိ၍လည်း မြင်သည်။

စက္ခုဆ္ဆ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ စက္ခုဆ္ဆ - မျက်စိရုပ်ကိုလည်းကောင်း၊ ရူပေ စ- မြင်ရသောအဆင်းရုပ်တို့ကို လည်းကောင်း၊ ပဋိစ္စ- စွဲမှီ၍၊ စက္ခုဝိညာဏံ- မြင်မှု စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။ အကျယ်ဟောရင်တော့ ပဋိစ္စသမုပ္ပာဒ်ပေါ့။ ခုနက အကျဉ်းနည်းတွေ။

http://www.dhammadownload.com

မျက်စိနှင့် အဆင်းကိုမှီပြီးတော့ မြင်မှုလေးဖြစ်လာတယ်။ နှလုံးသွင်းမှုတော့ ထည့်မထားဘူး။ နှလုံးသွင်းမှုတော့ ရှိရတယ်။ အရောင်အလင်းကလည်း အထောက်အပံ့တော့ ရှိရတယ်။ အဲဒီ အကြောင်းတရားတွေရှိလို့ မြင်မှုကလေး ဖြစ်လာပြီတဲ့။ ဒီမြင်မှုလေးဟာ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ အသက်ရှင်နေတဲ့ အကောင်မဟုတ်၊ မြင်တဲ့သဘောကလေးပဲတဲ့။

အခိုက်အတန့်မှာသာ ရှိတဲ့ မြင်မှု

သေချာစဉ်းစားကြည့်လို့ရှိရင် မြင်တဲ့သဘောလေး တစ်ခုတည်း ကွက်ပြီးတော့ စဉ်းစားကြည့်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အကောင် ဘယ်ဟုတ်လိမ့်မှာတုံး။ အမြဲတမ်းမြင်နေတာလည်း မဟုတ်ဘူး။ ဒီအခိုက်အတန့်လေး သူမြင်သွားတာ၊ မြင်တဲ့ အခိုက်အတန့်လေး ရှိတယ်။ ဒီပြင် အခိုက်အတန့်မှာ သူမရှိသေးဘူး၊ အခုမှ ရှိတယ်။ ဒါလည်း တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်မှ သိတယ်။ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ဘယ်ခါမဆို ကြည့်လိုက် မြင်တာပဲ။ ငါက မြင်နေတာပဲ ဒီလို အောက်မေ့တယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တောင်မှ အသိ

http://www.dhammadownload.com

ဉာဏ် တော်တော် ထက်ထက်သန်သန်ဖြစ်မှ၊ မထက်သန်သေးလို့ရှိရင်လည်းပဲ သူကလည်း ပုဂ္ဂိုလ်သတ္တဝါ ထင်ချင်လည်း ထင်နေမှာပါ။

အမှန်ကတော့ ဒါလေးတွေ သူ့အခိုက်အတန့်နဲ့ သူ မြင်ပြီးပျောက်၊ မြင်ပြီးပျောက်ပဲ။ စက္ခုစ- မျက်စိဟူသော အကြောင်းကိုလည်းကောင်း၊ ရူပေစ- အဆင်းဟူသော အကြောင်းတို့ကိုလည်းကောင်း၊ ပဋိစ္စ- စွဲမှီ၍၊ စက္ခုဝိညာဏ်- မြင်သိမှု စက္ခုဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။ မြင်သိမှုလေး ဖြစ်လာတယ်။

အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရား ဖဿ

တိက္ကံ့ သင်္ဂတိ ဖဿော။ တိက္ကံ့- သုံးပါးသော တရားတွေရဲ့၊ သင်္ဂတိ- ပေါင်းဆုံခြင်းကြောင့်၊ ဖဿော- အာရုံနဲ့ စိတ်တွေ့မှု ဖဿသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာသည်တဲ့။ မျက်စိရယ်၊ အဆင်းရယ်၊ မြင်သိမှုရယ် ဒီသုံးခု ဆုံမိတဲ့အခါကာလမှာ မြင်သိတဲ့စိတ်နဲ့ မြင်ရတဲ့အဆင်းနဲ့ ကိုက်ကိုက်သွားသလို တွေ့သွားတဲ့ ဖဿလေး ပေါ်လာတယ်တဲ့။ ဒါလည်း အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားပဲ။

http://www.dhammadownload.com

ဖဿပစ္စယာ ဝေဒနာ

ဖဿပစ္စယာ- တွေ့.ထိခြင်းဟူသော အကြောင်း ကြောင့်၊ ဝေဒနာ- ခံစားမှု ဝေဒနာသည်၊ ဥပပ္ဇတိ- ဖြစ်ပေါ်လာ၏။ အာရုံနဲ့စိတ် တိုက်လိုက်တာနဲ့ တစ်ခါတည်း ခံစားမှုလေး ပေါ်လာတယ်တဲ့။ ကောင်းတဲ့အာရုံနဲ့တွေ့.ရင် ကောင်းတဲ့ ခံစားမှုလေး ပေါ်တယ်။ မကောင်းတဲ့အာရုံနဲ့ တွေ့.ရင် မကောင်းတဲ့ ခံစားမှုလေး ပေါ်တယ်။ စိတ်နဲ့အာရုံနဲ့ တွေ့.လိုက်လို့ရှိရင် စိတ်ထဲမှာ အာရုံပေါ်လာတယ်။ အာရုံ ကောင်းမကောင်း၊ တွေ့.ထိတဲ့ ခံစားမှုလေး အရသာလေး ပေါ်လာတယ်။ ကောင်းတဲ့ အရသာလေးပေါ်လို့ရှိရင် သုခဝေဒနာ၊ ချမ်းသာတယ်။ လူ ချမ်းသာဆိုတာ ဒါပဲ၊ နတ်ချမ်းသာဆိုတာလည်း ဒါပဲ၊ ဒီဥစ္စာ လေးကို မက်မောပြီးတော့၊ သာယာပြီး အားထုတ်နေကြတာ။ ကြောင့်ကြတွေ စိုက်နေကြတာ၊ ချမ်းသာချင်နေကြတာ။

မြင်ရာကနေ ချမ်းသာချင်၊ ကြားရာက နံရာက စားရာက၊ တွေ့.ထိရာက၊ စိတ်ကူးစဉ်းစားကြံစည်ရာက ချမ်းသာချင်နေကြတာ။ ဒီဥစ္စာ အာရုံနဲ့ စိတ်ကလေးတွေ တွေ့.တွေ့.ပြီးတော့ ဖဿကြောင့် ဝေဒနာလေးတွေဖြစ်နေတာ။ အာရုံနဲ့စိတ် မတွေ့.ရရင် ခံစားမှုဝေဒနာ မဖြစ်နိုင်ဘူး။ ဥပမာ- ဆူးစူးတယ် ဆိုရင် ဆူးနဲ့လူနဲ့ ထိမှ နာတာ။ မထိဘဲနဲ့ ဆူးက မစူးဘူး၊ မနာ

http://www.dhammadownload.com

ဘူး။ ထိလို့ရှိရင်တော့ နည်းနည်းထိရင် နည်းနည်းနာတာပဲ၊ များများကြီးထိရင် များများကြီး နာတာပဲ။

စိတ်ကူးထဲမှာ စိတ်ပျက်စရာတို့၊ ဝမ်းနည်းစရာတို့၊ လွမ်းစရာတို့၊ အဲဒီလိုအာရုံတွေနဲ့ တွေ့တဲ့အခါကျရင် စိတ်မချမ်းသာမှုတွေ ဖြစ်တာပဲ။ မတွေ့ရင် မဖြစ်သေးဘူး။ တချို့ ခင်မင်ရင်နှီးတဲ့ ပုဂ္ဂိုလ်တွေ၊ အင်မတန်ကို ရင်းနှီးနေတဲ့ ပုဂ္ဂိုလ်တွေ၊ လူလောကအနေနဲ့ ပြောမယ်ဆိုရင် လင်တို့မယားတို့၊ သားတို့သမီးတို့၊ အမေတို့အဖေတို့ အင်မတန်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တွေ၊ အကြောင်းအားလျော်စွာ တခြားတစ်ပါးမှာ ကိုယ်မသိတဲ့ကိုယ့်မျက်ကွယ်မှာ သေနေပါပြီတဲ့။ သတင်းမကြားသေးဘူးဆိုရင် ဘာမှမဖြစ်သေးဘူး။ သတင်းကြားပြီဆိုမှဖြင့် တစ်ခါတည်းမှပဲ ပူလိုက်လောင်လိုက်တာမှ မပြောနဲ့တော့၊ ဟိုမှာစိတ်နဲ့ အာရုံနဲ့ သွားတွေ့တာကိုး။ အဲဒီ ဒုက္ခ ဝေဒနာတွေ ဖြစ်လွန်းအားကြီးပြီးတော့ တချို့ စိတ်တွေဖောက်ပြန်သွားတာလည်းရှိတယ်။ တချို့ သေတောင်သေတတ်တယ်။

အင်မတန် ဒုက္ခရောက်တယ်ပေါ့။ အဲဒါက အာရုံနဲ့ စိတ် တွေ့တဲ့ဖဿကြောင့် ဝေဒနာဖြစ်လာပုံပဲ။ ကောင်းတဲ့ ဝေဒနာလည်း ဖြစ်တယ်။ ပွဲလမ်းသဘင်တွေ ကြည့်တဲ့အခါကျလို့ရှိရင် ပွဲကြည့်တဲ့ပုဂ္ဂိုလ်တွေ ပွဲက ပြတဲ့အာရုံတွေနဲ့

http://www.dhammadownload.com

စိတ်နဲ့ ကောင်းကောင်းတွေ့လို့ရှိရင် ဝေဒနာ ကောင်းကောင်း ဖြစ်တယ်။ တချို့ အဝေးကြီးက မှုန်မှုန်ပဲ မြင်ရတယ်၊ ပြောတာ ဆိုတာတွေလည်း တိုးတိုးပဲ ကြားရတယ်။ သိပ်နားမလည်ဘူး၊ အရသာသိပ်မပေါ်ဘူး၊ ဖဿက နည်းနည်းပဲ ဖြစ်ရတာကိုး။ ပွဲခင်းနားတင် အနီးက ကပ်ကြည့်တဲ့ပုဂ္ဂိုလ်က အကုန်လုံး မြင်နေတာကိုး၊ မျက်လုံးမျက်ခုံးလှုပ်တာတွေရော၊ နှုတ်ခမ်း လှုပ်တာတွေရော အကုန်မြင်ရတယ်၊ အဲဒီ ပုဂ္ဂိုလ်ကတော့ တစ်ခါတည်းသာယာစရာ နှစ်သက်စရာ အမူအရာတွေ တွေ့. တိုင်းဟာ သူမှာ တစ်ခါတည်း ကောင်းသောချမ်းသာမှုတွေ တွေ့.နေတာပေါ့လေ၊ သုခဝေဒနာတွေ။ ဖဿက သူမှာ အများကြီးတွေ့.နေတာကိုး။ အဲဒါ ဖဿကြောင့် ဝေဒနာဖြစ် တာတဲ့။ အဲဒါ ဝေဒနာပဲတဲ့၊ ခံစားမှုသဘောပဲ၊ ပုဂ္ဂိုလ်မဟုတ်၊ သတ္တဝါမဟုတ်၊ ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ အသက်ရှင် နေတဲ့အကောင် မဟုတ်၊ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုး တရားပါပဲတဲ့ ဒီဥစ္စာ။

ဝေဒနာပစ္စယာ တဏှာ

ဝေဒနာပစ္စယာ တဏှာ။ ဝေဒနာပစ္စယာ- ဝေဒနာဟူသော အကြောင်းကြောင့်၊ တဏှာ- တပ်မက်ဆာလောင်မှု

http://www.dhammadownload.com

သည်၊ ဥပဓိတိ- ဖြစ်ပေါ်လာရ၏။ ဝေဒနာခံစားရတော့ အဲဒါတွေ ကြိုက်သွားပြီ၊ သဘောကျသွားပြီ၊ တဏှာတွေ ဖြစ်လာတယ်တဲ့။ ကောင်းကောင်းလေး ခံစားရရင် ကြိုက်တာပဲ၊ မကောင်းတာခံစားရလို့ရှိရင်လည်းပဲ ကောင်းကောင်းလေး ရချင်တာပေါ့လေ။ ဒါလည်း တစ်ဖက်ကလှည့်ပြီး တဏှာဖြစ်နေတာ။ အဲဒီ တဏှာဖြစ်တာလည်းပဲ လောကအနေအား ဖြင့်တော့ ငါပဲ၊ ငါကြိုက်တယ်၊ ငါနှစ်သက်တယ်၊ ငါသာယာတယ်၊ ငါ သဘောကျတယ်၊ ဒီလိုအောက်မေ့နေတာကိုး။ တကယ်တော့ ငါမဟုတ်ဘူးတဲ့၊ ဘာတုံးဆိုရင် ဝေဒနာကြောင့် မို့လို့ တဏှာဖြစ်တာပဲ၊ အခိုက်အတန့်ဖြစ်တဲ့တရားပဲ။

တဏှာပစ္စယာ ဥပါဒါနံ

တဏှာပစ္စယာ ဥပါဒါနံ။ တဏှာပစ္စယာ- တဏှာဟူသော အကြောင်းကြောင့်၊ တပ်မက်ဆာလောင်မှုဟူသော အကြောင်းကြောင့်၊ ဥပါဒါနံ- စွဲလမ်းမှုဥပါဒါန်သည်၊ ဥပဓိတိ- ဖြစ်ပေါ်၍လာ၏။ တဏှာဖြစ်မှတော့ အဲဒီဟာလေးကို စွဲနေပြီ၊ မပျောက်တော့ဘူး။ ဒါလေးရရင် ကောင်းမှာပဲ၊ ဒီလိုလုပ်မှ ကောင်းမယ်၊ ဟိုလိုလုပ်မှကောင်းမယ် စသဖြင့် အစွဲအလမ်းတွေ ရောက်လာတယ်၊ အဲဒါ ဥပါဒါန်တွေ ဖြစ်နေတာတဲ့။

http://www.dhammadownload.com

စွဲလမ်းအားကြီးပြီဆိုမှတော့ စွဲလမ်းတဲ့အလိုက် အလုပ်လုပ်ရတော့မယ်။

ဥပါဒါနပစ္စယာ ဘဝေါ

ဥပါဒါနပစ္စယာ ဘဝေါ။ ဥပါဒါနပစ္စယာ- စွဲလမ်းမှုဟူသော အကြောင်းကြောင့်၊ ဘဝေါ- ကမ္မဘဝသည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။ စွဲလမ်းမှုကြောင့်၊ စွဲလမ်းမှတော့ စွဲလမ်းတဲ့အတိုင်း သူကလုပ်ဖြစ်သွားတယ်။ ကုသိုလ် လုပ်ဖြစ်တာရှိတယ်။ အကုသိုလ် လုပ်ဖြစ်တာ ရှိတယ်၊ တရားသဖြင့် လုပ်ဖြစ်တာရှိတယ်၊ မတရားသဖြင့် လုပ်ဖြစ်တာရှိတယ်။ သူ့အစွမ်းရှိသလောက်၊ သူ့အင်အားရှိသလောက် တစ်ခုခုတော့ သူလုပ်တော့တာကိုး၊ အဲဒီမှာ ကမ္မဘဝ ဖြစ်တယ်တဲ့။

ဘဝပစ္စယာ ဇာတိ

ဘဝပစ္စယာ ဇာတိ။ ဘဝပစ္စယာ- ဘဝဟူသော အကြောင်းကြောင့်၊ ဇာတိ- ဘဝအသစ် ဖြစ်တယ်ပေါ့။ သေခါနီးကျတော့ အဲဒီ ကိုယ်ပြုထားတဲ့အမှုလေး စွဲလမ်းပြီးတော့ အဲဒီ စွဲလမ်းမှုအားလျော်စွာပေါ့လေ၊ ဟိုမှာ ဘဝအသစ်မှာ စိတ်ကလေးဖြစ်တာပေါ့။ ဒီက စုတိစိတ် နောက်ဆုံးစိတ်

http://www.dhammadownload.com

ကလေး ဆုံးလိုက်တာနဲ့ နောက်စိတ်အသစ်လေးက စွဲလမ်းတဲ့ အတိုင်း အာရုံပြုပြီးတော့ ဘဝအသစ်ဖြစ်သွားတယ်၊ ပဋိသန္ဓေ စိတ် ဖြစ်တယ်။ အဲဒါ ဘဝပစ္စယာ ဇာတိ ဖြစ်သွားပြီတဲ့။ ကုသိုလ်ကံတွေပြုထားတဲ့ သူက ကုသိုလ်ကံတွေစွဲလမ်းပြီး လူဘဝ၊ နတ်ဘဝတွေဖြစ်။ အကုသိုလ်ကံပြုထားတဲ့ ပုဂ္ဂိုလ်တွေက အကုသိုလ်ကံတွေ စွဲလမ်းပြီးတော့ အပါယ်လေးဘုံမှာ ဖြစ်။ ဇာတိဖြစ်သွားတယ်။

ဇာတိပစ္စယာ ဇရာမရဏံ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ

ဇာတိပစ္စယာ- ဇာတိဟူသော အကြောင်းကြောင့်၊ ဇရာမရဏံ- အိုခြင်း၊ သေခြင်းသည် လည်းကောင်း၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ- စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်နလုံးပြင်းစွာပူပန်ခြင်းတို့သည်၊ ဥပပဇ္ဇန္တိ- ဖြစ်ပေါ်ကုန်၏။ အဲဒါတွေလည်း ဖြစ်လာတယ်တဲ့။ ဘဝအသစ်ဖြစ်ပြီးမှတော့ ဖြစ်ရာဘဝမှာ တစ်နေ့ကျရင် အိုတာပဲ၊ နာရီပိုင်းတိုင်း၊ ရက်ပိုင်းတိုင်း၊ လပိုင်းတိုင်း၊ နှစ်ပိုင်းတိုင်း အိုမင်းရင့်ရော်မှုတွေ ဖြစ်လာတယ်။ အိုမင်းရင့်ရော်မှုဖြစ်ပြီးတော့ နောက်ဆုံးကျရင် သေမှာပဲ။

http://www.dhammadownload.com

မသေသေးခင် စိုးရိမ်ပူဆွေးစရာ အကြောင်းတွေပေါ်လာရင် စိုးရိမ်ပူဆွေးရမယ်။ ငိုကြွေးစရာ အကြောင်းတွေ ပေါ်တဲ့အခါ ငိုကြွေးရမယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေနဲ့လည်း တွေ့.ရ မှာပဲ။ မတွေ့.ချင်လို့ မဖြစ်ဘူး။ စိတ်နလုံးပြင်းစွာပူပန်တဲ့ ဥပါယာသတရားတွေလည်း တွေ့.ရကောင်းတွေ့.ရမှာပဲ။

ဒီထဲမှာ ကောင်းတာတွေ တစ်ခုမှ မပါဘူးတဲ့။ လူတွေ သတ္တဝါတွေက ကောင်းတယ် ဆိုပြီးတော့ သာယာနေကြတာ၊ ဒီထဲ ကောင်းတာမပါဘူး။ မြင်ရာကနေပြီးတော့ စလာတာ နော်။ အကြောင်းဖြစ်တဲ့မျက်စိနဲ့ အဆင်းရှိလို့ မြင်မှုလေးဖြစ်၊ မြင်မှုဖြစ်တော့ မြင်ရတဲ့အာရုံလေး စိတ်ထဲမှာ ထင်ရှားတွေ့. သွားတယ်။ ထင်ရှားတွေ့.သွားတဲ့ အဲဒါလေးကြောင့် ခံစားမှု ဝေဒနာ ဖြစ်။ ကောင်းတဲ့သဘော၊ မကောင်းတဲ့သဘော ဖြစ်။ အဲဒီ ကောင်းတဲ့မကောင်းတဲ့ အရာသာလေးပေါ်လာတော့ သာယာမှုလေး၊ သဘောကျမှုလေး ဖြစ်။ သဘောကျတော့ စွဲလမ်းသွားတယ်၊ စွဲလမ်းတဲ့အတိုင်း ကောင်းစားချင်လို့ အား ထုတ်တာပါပဲ။ ပဋိစ္စသမုပ္ပာဒ်လင်္ကာ ဒီက ရေးထားတဲ့ အတိုင်း ပါပဲ။ (အမှန်မသွား၊ အမှားမြင်ကာ၊ အဝိဇ္ဇာကြောင့်၊ ချမ်းသာ လိမ့်နိ၊ ရည်မျော်ကိုးလျက်၊ သုံးမျိုးမှုကံ၊ ပြုစီမံ၍၊) ချမ်းသာ လိမ့်နိုးနဲ့ လုပ်ကြတာ၊ ကောင်းလိမ့်မယ် ထင်လို့ လုပ်ကြတာ။

http://www.dhammadownload.com

ယခု ကောင်းလိမ့်မယ်၊ နောင်ကောင်းလိမ့်မယ်၊ ကိုယ့်အတွက် ကောင်းလိမ့်မယ်၊ သူများအတွက် ကောင်းလိမ့်မယ်။ အဲဒီလို ကောင်စားချမ်းသာချင်တာနဲ့ အလုပ်လုပ်လိုက်တဲ့အခါ ကံတွေ ဖြစ်လာတာ။ သခ်ါရတို့ ကံတို့ဆိုတာ အတူတူပါပဲ။ အဲဒီက ကမ္မဘဝဖြစ်ပြီးတော့ သေခါနီးကျ ကိုယ့်ကံနဲ့ ကိုယ့် အမှုလေးနဲ့ကိုယ် ယူသွားရတာကိုး။ ဒီပြင်ဟာတွေကတော့ ကိုယ်မပိုင်ဘူး။

မြင်မှုကစလို့ ဆင့်ကဲဖြစ်တဲ့ ကြောင်းကျိုးရလဒ်က ဆင်းရဲတရား

နေ့စဉ် ရှာမှီးစုဆောင်းထားတာတွေကတော့ ကျန်ရစ်ပြီး ဘာပါလာတုံးဆိုတော့ အဲဒီ ကုသိုလ်ကံ အကုသိုလ်ကံ အမွေတွေက ပါလာတယ်။ သေခါနီးကျရင် သူကပေါ်လာပြီ။ ကုသိုလ်ကံဆိုရင်တော့ မိတ်ဆွေပဲ့။ အကုသိုလ်ကံ ဆိုရင်တော့ ရန်သူပဲ့။ အဲဒါတွေကို စွဲလမ်းပြီးသေသွား၊ ဘဝအသစ် ဖြစ်တော့ ဖြစ်ရာဘဝမှာ အိုရ၊ နာရ၊ သေရ၊ စိုးရိမ်ပူဆွေးရ၊ ငိုကြွေးရ ဒါတွေဖြစ်သွားတာပဲတဲ့။ ဒီထဲမှာ ကောင်းတာ တစ်ကွက်မှ မပါဘူးတဲ့။ ကေဝလဿ- ဆင်းရဲသက်သက်၊ ဒုက္ခက္ခန္ဓဿ- ဆင်းရဲအစုဇ်။ သမုဒယော- ဖြစ်ခြင်းပဲတဲ့။

http://www.dhammadownload.com

ဆင်းရဲတွေ ဖြစ်သွားတာပါပဲတဲ့။ အဲဒါ မြင်ရာအားဖြင့်ကိုး။ ထို့အတူ ကြားရတာလည်း ဒီအတိုင်းပဲ။

ကြားမှု၊ နံမှု၊ အရသာသိမှု၊ ထိသိမှု၊ ကြံသိမှုတို့သည်လည်း မြင်မှုနှင့် အလားတူသည်

သောတဉ္စ ပဋိစ္စ သဒ္ဒေ စ ဥပ္ပဇ္ဇတိ သောတဝိညာဏံ။

သောတဉ္စ- နားရုပ်ကိုလည်းကောင်း၊ သဒ္ဒေ စ- အသံရုပ်တို့ကိုလည်းကောင်း၊ ပဋိစ္စ- စွဲမှီ၍၊ သောတဝိညာဏံ- ကြားမှုသောတဝိညာဏ်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်လာ၏။ နားနဲ့ ကြားစရာအသံနဲ့ ဆုံမိတဲ့အခါ ကြားမှုလေးဖြစ်ပေါ်လာတယ်။ ဒီမှာလည်း နလုံးသွင်းမှုက ပါရတယ်၊ ပြီးတော့ အသံဖြစ်ရာဌာနနဲ့ နားနဲ့ကြားမှာ အတားအဆီးမရှိတဲ့ ဟင်းလင်းပြင်ကလည်း ရှိရဦးမယ်။ ကြားထဲ အကာရှိနေရင် မကြားဘူး။ အဲဒါတွေကတော့ အကုအညီတွေမို့လို့ ဒါတွေကို ဒေသနာထဲ ထည့်မထားဘူး။ အရေးကြီးတဲ့ အရင်းခံနှစ်ခုပဲ ထည့်ထားတယ်၊ နားနဲ့အသံ။ နားနဲ့အသံ တွေ့တော့ ကြားမှု ဖြစ်လာတယ်။ ကြားမှုဖြစ်တော့ ကြားရတဲ့အာရုံနဲ့တွေ့တဲ့ ဖဿဖြစ်၊ ဝေဒနာဖြစ်၊ ရှေ့လျှောက်တော့ အတူတူပါပဲ။ ဆိုကြဦးစို့ရဲ့။

မျက်စိနဲ့အဆင်းရှိ၍၊ မြင်မှုဖြစ်သည်။

http://www.dhammadownload.com

နားနဲ့အသံရှိ၍၊ ကြားမှုဖြစ်သည်။
နာခေါင်းနဲ့အနံ့ရှိ၍၊ နံမှုဖြစ်သည်။
လျှာနဲ့အရသာရှိ၍၊ အရသာသိမှုဖြစ်သည်။
ကိုယ်နဲ့တွေ့.ထိ၍၊ ထိသိမှုဖြစ်သည်။
စိတ်နှလုံးနဲ့သဘောအာရုံရှိ၍၊ ကြံသိမှုဖြစ်
သည်။

စိတ်နှလုံးဆိုတာက ရှေးရှေးသော စိတ်တွေပေါ့။ စိတ်အစဉ်ရှိလို့တဲ့။ ကြံသိစရာ အာရုံတွေကလည်းပဲ မရှားပါဘူး။ အာရုံအမျိုးမျိုးတွေပါပဲ၊ ကြံသိစရာသဘော အာရုံတွေက ရှိတယ်၊ အဲဒါမှီပြီးတော့ စိတ်ကူးစဉ်းစားကြံစည်မှုတွေ ဖြစ်တယ်တဲ့။ အကြောင်းမှီပြီးတော့ ဖြစ်တဲ့ အကျိုးတရားချည်းပဲ။ ဒီထဲ ပုဂ္ဂိုလ်သတ္တဝါမပါဘူး။

ကြံနေတာ ငါပဲထင်တာပေါ့လေ။ စိတ်ကူးနေတာ ငါပဲ။ လိုချင်နေတာ ငါပဲ။ နှစ်သက်နေတာ ငါပဲ။ စိတ်ညစ်နေတာ ငါပဲ။ စိတ်ပျက်နေတာ ငါပဲ။ စိတ်ဆိုးနေတာ ငါပဲ။ ပုဂ္ဂိုလ်သတ္တဝါ ဒီလိုထင်နေကြတာကိုး။ ဟုတ်မှမဟုတ်ဘဲ။ သဘောတရားလေးတွေပဲ။ အခု တရားအားထုတ်တဲ့အခါကျတော့ ဒါရှင်းတယ်။ စိတ်ကူးရင် အစကတည်းက မရှိဘူး၊ အခုမှ ဖြုန်းခနဲ ဖြစ်လာတာ။ ဖြစ်လာတာနဲ့ မှတ်လိုက်တာနဲ့ ပျောက်

http://www.dhammadownload.com

သွားတာပဲ၊ မရှိပြန်ဘူး။ တစ်ခါ လိုချင်ပြန်ပြီ လိုချင်တယ် မှတ်လိုက် မရှိပြန်ဘူး။ ဒီလိုချင်တာ စောစောကလည်းမရှိဘူး။ အခုမှ ဖြစ်တာ။ ပေါ်ပြီး ပျောက်သွားပြန်ပြီ၊ မှတ်လိုက် မရှိပြန်ဘူး။ စိတ်ပျက်တာ၊ စိတ်ဆိုးတာ၊ နှလုံးမသာတာ အကုန်လုံးပါပဲ၊ စိတ်ကူးထဲဖြစ်တာတွေ ဖြစ်တိုင်းဖြစ်တိုင်း မှတ်လိုက်လို့ ရှိရင် ပျောက်သွားတာပဲ။ စောစောတုံးကလည်း မရှိဘူး။ ဖြစ်ပြီးတော့လည်း မရှိပြန်ဘူး၊ ပျောက်သွားပြန်ပြီ။ ဒီတော့ ငါဘယ်ဟုတ်လိမ့်မှာတုံး၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘူး၊ သဘောတရားလေးတွေ အကြောင်းလေးတွေရှိလို့။

အကြောင်းတရားအားလုံးတို့တွင် တဏှာက အရေးကြီးဆုံး ပဓာနတရား

ယေ ဓမ္မာ ဟေတုပ္ပဘဝါ။ ယေ ဓမ္မာ- အကြင်တရားတို့သည်၊ ဟေတုပ္ပဘဝါ- အကြောင်းတရားလျှင် အမွှန်အစရှိကုန်၏။ မျက်စိ၊ အဆင်းအစရှိသော အကြောင်းတရားလျှင် အမွှန်အစ ရှိကုန်၏။ အဲဒီထဲမှာ တဏှာဆိုတဲ့ သမုဒယကတော့ အရေးကြီးဆုံး ပဓာနပေါ့လေ။ တဏှာက အရင်းခံပြီးတော့ ဘဝတွေဖြစ်ရတယ်။ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ။ ဘဝပစ္စယာ ဇာတိ ဆက်လာတယ်။ တဏှာက

http://www.dhammadownload.com

အရင်းခံပဲ။ တစ်ဘဝလုံးနဲ့ ခြုံပြောမယ်ဆိုလို့ရှိရင်တော့ ရှေး ဘဝက မကင်းသေးတဲ့တဏှာကြောင့် မြင်ရတဲ့အဆင်းတွေ မှာလည်း သာယာမှုရှိတယ်၊ ကြားရတဲ့အသံတွေမှာလည်း သာယာမှုရှိတယ်။ အခုရှိသလိုပေါ့လေ၊ အထူးအဆန်းတော့ မဟုတ်ပါဘူး။ အခုလည်း ရှိနေတာပဲဟာကိုး။ အခုလည်း မြင်ရတာတွေ သဘောကျ၊ ကြားရတာ၊ နံရတာ၊ စားရတာ၊ တွေ့ထိရတာ၊ အကောင်းတွေဆို သဘောကျနေတယ်။ ကိုယ့် အခြေအနေတွေလည်း ကောင်းတာတွေသဘောကျ။ သူများ အခြေအနေတွေလည်း ကောင်းတာတွေသဘောကျ။ သူများ ကောင်းသလို ကိုယ်ကလည်း ကောင်းချင်တယ်။ သူများ ဖြစ်သလို ကိုယ်ကလည်း ဖြစ်ချင်တယ်၊ အဲဒီလိုဟာတွေက တဏှာတွေ ခေါ်တာပဲ။

အဲဒီ တဏှာတွေရှိတော့ စွဲလမ်းမှုတွေ ဖြစ်နေတာပဲ။ စွဲလမ်းမှုလေးတွေဖြစ်တော့ ဟိုလိုလုပ်ရမယ်၊ ဒီလိုလုပ်ရမယ်နဲ့ စွဲလမ်းမှုအတိုင်း လုပ်ချင်တာလေးတွေ လျှောက်လုပ်တော့ ကံတွေဖြစ်တာပဲ။ ကောင်းတဲ့ကံ၊ ဆိုးတဲ့ကံတွေ။ ဒီကံတွေရှိတော့ သေခါနီးကျတော့ ဒါလေးက ပေါ်လာတာကိုး။ ပေါ်လာတော့ အဲဒါလေးစွဲပြီးတော့ ဘဝအသစ်ဖြစ်တာကိုး။ ဒါ တဏှာ

http://www.dhammadownload.com

ကြောင့်၊ သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ်ဆိုတာ ဒါပဲ။

အဲဒီတော့ ယေ ဓမ္မာ- အကြင်တရားတို့သည်၊ ဟေတုပ္ပဘဝါ- အကြောင်းတရားလျှင် အမွန်အစရှိကုန်၏၊ တေသံ- ထိုအကြောင်းတရားလျှင် အမွန်အစရှိသော အကျိုးတရားတို့၏၊ ဟေတုံ- အကြောင်းဖြစ်သော သမုဒယသစ္စာတရားကို၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူပါသည်။

ငါတို့မြတ်စွာဘုရားက ဒီလိုဟောတာပဲတဲ့။ အခုမြင်မှုကြားမှုစသည်ဖြင့် ခေါ်အပ်တဲ့ ရုပ်နာမ်တရားတွေဟာ ဘယ်ကစတာလဲ၊ အကြောင်းတရား အရင်းခံလာတာတဲ့။ မျက်စိ၊ အဆင်း အစရှိသောအကြောင်းတရားတွေ အတိုချုပ်ပြောမယ်ဆိုရင် တဏှာဆိုတဲ့ သမုဒယသစ္စာရှိတယ်။ ကိုယ့်အဖြစ်သူ့အဖြစ်တွေကို သာယာနှစ်သက်နေတဲ့ သမုဒယတဏှာလေးရှိတယ်။ ဒီတဏှာလေး အရင်းခံပြီးတော့ ဘဝအသစ်တွေ ရုပ်နာမ်တွေဖြစ်နေတာတဲ့။ ဘဝသစ်ရုပ်နာမ်တွေ ဖြစ်နေတယ်၊ အကျိုးတရားတွေ။ ဒုက္ခသစ္စာတရားတွေပဲ။ အဲဒီ ဒုက္ခသစ္စာတရားတွေရဲ့ အကြောင်းအရင်းခံဖြစ်တဲ့တရားက

http://www.dhammadownload.com

သမုဒယသစ္စာတရားပဲတဲ့။ အကြောင်းနဲ့အကျိုး၊ ဒါပဲ ရှိတယ်။ အဲဒီလို မြတ်စွာဘုရားဟောပါတယ်တဲ့။ ဒါဖြင့် ဒီအကြောင်းအကျိုးတွေက အကြောင်းရှိ အကျိုးရှိ၊ အကြောင်းရှိအကျိုးရှိ ဒီလိုချည်းပဲ ဖြစ်နေရတော့မလားဆိုတော့၊ ဒီလိုချည်းပဲ မဖြစ်ရအောင် ကျင့်ရမယ့်နည်းလည်း ဟောပါသေးတယ်တဲ့။

အကြောင်းအကျိုးတရားတို့၏ ချုပ်ရာဖြစ်သော နိရောဓသစ္စာ-နိဗ္ဗာန်တရား

တေသံ- ထိုအကြောင်းအကျိုးတရားတို့၏၊ ယော နိရောဓော စ- အကြင်ချုပ်ရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားသည်လည်း၊ အတ္ထိ-ရှိ၏၊ တဉ္စ- ထိုနိရောဓသစ္စာ နိဗ္ဗာန်တရားကိုလည်း၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူ၏။

နိရောဓသစ္စာ- နိဗ္ဗာန်တရားဆိုတာလည်း ဟောတယ်။ တဿာ ယေဝ တဏှာယ- ထို တဏှာ၏သာလျှင်၊ အနဝသေသ နိရောဓာ- အကြွင်းမဲ့ အရိယာမဂ်ဉာဏ်ဖြင့်

http://www.dhammadownload.com

ချုပ်ခြင်းကြောင့်၊ ဥပါဒါန နိရောဓော- စွဲလမ်းမှုဥပါဒါန်၏ ချုပ်ခြင်းသည်၊ ဟောတိ- ဖြစ်၏။

အကြောင်းတရားတကာ ချုပ်သွားဖို့ရာ ဝိပဿနာအားထုတ်ရမယ်

တကာချုပ်လို့ရှိရင် ဥပါဒါန် ချုပ်တယ်တဲ့။ မျက်စိနဲ့ အဆင်းမှီပြီးတော့ မြင်မှုဖြစ်၊ မြင်မှုကြောင့် စိတ်နဲ့ မြင်ရတဲ့ အာရုံနဲ့တွေ့တဲ့ ဖဿဖြစ်၊ အာရုံလေးတွေ တွေ့၊ တွေ့ရာက နေပြီး အကောင်းအဆိုး ခံစားမှုလေးတွေ ဖြစ်တယ်။ အကောင်းအဆိုး ခံစားမှုလေးတွေ ဖြစ်ရာကနေပြီး တကာ ဖြစ်တယ်။ အဲဒီတော့ တကာမဖြစ်အောင် အားထုတ်ရမယ် တဲ့။ တသေ ယေဝ တကာယ- ထိုတကာ၏သာလျှင်၊ ဖြစ်မယ့် တကာ ရှိတယ်။ ခံစားမှုဝေဒနာ ဖြစ်လာရင် တကာဖြစ်လိမ့်မယ်။ အဲဒီ တကာလေး ချုပ်သွားဖို့ရာ လိုတယ်တဲ့။ အသေသ ဝိရာဂ နိရောဓ- အကြွင်းမဲ့ အရိယာမဂ်ဉာဏ်ဖြင့် ချုပ်ခြင်း ကြောင့်၊ ပျက်ပြယ်၍ ချုပ်ခြင်းကြောင့်တဲ့။

အရိယာမဂ်နဲ့က စချုပ်ရတာ မဟုတ်ဘဲနဲ့ ဝိပဿနာက စချုပ်ရပါတယ်။ မြင်တိုင်းမြင်တိုင်း မြင်လို့ ကောင်းမကောင်း ဝေဒနာကတော့ ဖြစ်မှာပါပဲ။ ရှုလည်း ဖြစ်မှာပဲ၊

http://www.dhammadownload.com

မရှုလည်း ဖြစ်မှာပါပဲ။ မရှုလို့ရှိရင်တော့ ဝေဒနာကနေ တက္ကာ ဖြစ်သွားလိမ့်မယ်တဲ့။ ကောင်းကောင်းလေး ခံစားရတဲ့အခါ ဒီကောင်းတာလေး သဘောကျမယ်။ မကောင်းတာ ခံစားရတဲ့အခါလည်း ကောင်းတာလေးကို သာယာနှစ်သက်တောင့်တမယ်။ ဒါ ရောက်လာလိမ့်မယ်။ အဲဒီ မရောက်ရအောင်လို့ မြင်တိုင်းမြင်တိုင်း ရှုရမှာပေါ့။

မျက်စိ၊ အဆင်း၊ မြင်သိမှု၊ မြင်တွေ့မှု ပြီးတော့ ဝေဒနာခံစားမှု ဒီငါးခုရှိတယ်။ အဲဒီ ငါးခုက တရားကိုယ်ပဲ။ ဒါက တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဖြစ်နေတာလည်း မဟုတ်ဘူး။ မြင်တယ်ဆိုတာနဲ့ မျက်စိရယ်၊ အဆင်းရယ်၊ မြင်သိမှုရယ်၊ စိတ်နဲ့ အာရုံနဲ့တွေ့တဲ့ ဖဿ- မြင်တွေ့မှုရယ်၊ နောက်ပြီးတော့ ခံစားမှုဝေဒနာ၊ ဒါ တစ်ပြိုင်တည်းဖြစ်တာ။ နောက်မှ ဖြစ်တာ မဟုတ်ဘူး။ မြင်လိုက်တာနဲ့ ဟိုမှာ ဝေဒနာဖြစ်ပြီ။ မြင်လိုက်ကတည်းက ဒီဝေဒနာတွေကတော့ ဖြစ်သွားပြီ မတားနိုင်ဘူး။ ဘုရား ရဟန္တာပုဂ္ဂိုလ်လည်း မတားနိုင်ဘူး။ မြင်ရင် ဒီဝေဒနာကတော့ ဖြစ်မှာပဲ။ ကောင်းကောင်း မြင်တဲ့အခါ ကောင်းတဲ့ဝေဒနာ ဖြစ်မှာပဲ။ သုခဝေဒနာ၊ ကောင်းတဲ့သဘောလေး ဖြစ်မှာပဲ။ မကောင်းတာ မြင်တဲ့အခါကျတော့ မကောင်းတဲ့ ဒုက္ခဝေဒနာသဘော ဖြစ်မှာပဲ။

http://www.dhammadownload.com

ဘုရား ရဟန္တာတွေမှာ ဝေဒနာတွေ ဘယ်လောက်ပဲ ကောင်းကောင်း နောက်က တကျာ လိုက်မလာဘူး။ ဝေဒနာတွေ ဘယ်လောက်ပဲဆိုးဆိုး နောက်က တကျာ လိုက်မလာဘူး။ အဲဒါလိုပဲ ယောဂီပုဂ္ဂိုလ်ကလည်း ဝေဒနာပြီးရင် တကျာမဖြစ်အောင် ဒီမှာ ဝိပဿနာရှုဖို့က လိုတာ၊ ဒါ့ကြောင့် မြင်တိုင်း မြင်တိုင်း မြင်ရင်မြင်တာရှု၊ မြင်ရုံတင်ရပ်၊ ရှု့မဆက်နဲ့။ ရှု့ဆက်တွေးလို့ရှိရင် တကျာ ဖြစ်လာတော့မယ်။ ဒါကြောင့် မြင်ရုံတင်ရှု၊ ကြားရင်လည်း ကြားရုံတင် ရပ်အောင်ရှု။ အနံ့ နံ့လို့ရှိရင်လည်း နံ့ပြီးရင် ပျောက်သွားပေ့စေ။ အရသာ စားသိတဲ့အခါ အရသာလေး လျှာပေါ်မှာသိ၊ သိပြီးပျောက်ရင်း၊ သိပြီးပျောက်ရင်း ဒီတင်ရပ်ရမယ်။ ရှု့ဆက်ပြီးတော့ ဒါလေးက ကောင်းလိုက်တာ၊ ချို့လိုက်တာ၊ မြိန်လိုက်တာစသည်ဖြင့် လျှောက်ပြီးတော့ မသွားရဘူး။

ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်နေရမယ်

အဲဒီလို မသွားရအောင်လို့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်လေးတွေကို သန္ဋာတိပြတ်အောင်လို့ လိုက်မှတ်နေရတာ။ မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်။ မှတ်ခါစတော့ ဘယ်ပြတ်လိမ့်မှာတုံး သူက။

http://www.dhammadownload.com

အဝတ်တွေ ညစ်ပေနေလို့ရှိရင် အဝတ်လျှော်တဲ့အခါကာလ မှာ တစ်ခါလောက် ထုလိုက်ရိုက်လိုက်ရုံနဲ့ အညစ်အကြေးတွေ ဘယ်ပြောင်လိမ့်မှာတုံး။ အထပ်ထပ်လုပ်ရတာ၊ အများကြီး လုပ်မှ ဒီမှာပြောင်သွားတာ။ အဲဒါလိုပဲ မှတ်ခါစတော့ အပိုင်း အပိုင်းတွေ ဘယ်သိလိမ့်ဦးမှာတုံး။ အစဉ်အတိုင်း ရှုမှတ်သွား တော့ သမ္မသနဉာဏ်ကတည်းက တော်တော်ရှင်းလာပါ တယ်။ ဥဒယဗ္ဗယဉာဏ်ကျတော့ တော်တော် ကောင်းလာပြီ။ ဘင်္ဂဉာဏ်ကျတော့ အပြတ်အပြတ်လေးတွေပဲ၊ တစ်ခုနဲ့တစ်ခု ကို မဆက်စပ်တော့ဘူး။ ဘာမဆို ပေါ်ပြီးပျောက်သွားတာ ချည်းပဲ။ ပုံသဏ္ဌာန် အထည်ဒြပ် မရှိဘူး။ ဘာမှ တည်တံ့နေ တာ မရှိဘူး။ ချက်ချင်း ပျောက်သွားတာလေးတွေ၊ ဒါလေး တွေ သိရတာပဲ။

ဒီတော့ မြင်တာလေးတွေ မြင်ပြီးတော့ ပျောက်သွား။ မြင်တာက သိပ်မထင်ရှားဘူး။ မျက်စိက မြင်တာက တော် တော်ပြတ်ခဲတယ်။ မြင်တာ ပြတ်တဲ့ပုဂ္ဂိုလ်က တော်တော်ရှား တယ်၊ ကြားတာတွေကျတော့ တော်တော်ရှင်းလာပါပြီ။ ကြား တာ ကြားပြီးပျောက်၊ ကြားပြီးပျောက် ရှင်းတယ်။ အနံ့နံ့တာ ကလည်း အတူတူပဲ။ အရသာကတော့ စားတဲ့အခါလေးမှာ ကောင်းကောင်း ရှုရပါတယ်။ အတွေ့.အထိတွေကတော့ကာ

http://www.dhammadownload.com

အမြဲတမ်း သိနေတာကိုး။ အဲဒါကြောင့် ထိတာလေးတွေ မှတ်လို့ရှိရင် ထိပြီးပျောက်၊ ထိပြီးပျောက် ဒါကတော့ ရှင်းတယ်။

ဖောင်းတာပိန်တာက စပြီးတော့ ဖောင်းတယ်ဆိုရင် ဖောင်းတာလေးတွေ အဆင့်ဆင့် ရိပ်ခနဲရိပ်ခနဲ ရွှေ့လိုက် ရွှေ့လိုက်၊ တင်းလိုက် တင်းလိုက် တစ်ခါတည်း ပျောက်ပျောက်သွားတာ။ ပိန်ကျသွားပြန်လည်း ရွှေ့လိုက်ရွှေ့လိုက်၊ လျော့လျော့ပြီးတော့ ပျောက်သွားတာ အပိုင်းအပိုင်းလေးတွေ ထင်ရှားပါတယ်။ ထိုင်တယ်ထိုင်တယ်လို့ မှတ်နေလို့ရှိရင် ကိုယ်ထဲမှာ တောင့်တင်းနေတဲ့သဘောလေးတွေ တစ်ပိုင်းစီ တစ်ပိုင်းစီ မှတ်လိုက်ရင်း ပျောက်သွားလိုက်ရင်း၊ ကွေးတယ် ဆန့်တယ်လို့ မှတ်လို့ရှိရင်လည်းပဲ လက်ထဲခြေထဲက တောင့်တင်းတဲ့သဘော ရွှေ့တဲ့သဘောလေးတွေက ရွှေ့လိုက် ရွှေ့လိုက် ပျောက်လိုက် ပျောက်လိုက် တစ်ပိုင်းစီတစ်ပိုင်းစီ အပိုင်းလိုက် ပျောက်နေတယ်။ အပိုင်းလိုက် အပိုင်းလိုက် ပျောက်နေတာ၊ ဒါတွေက ထင်ရှားပါတယ်။

အဲဒီလို ပေါ်ပြီးပျောက်ကာမျှ သဘောလေးတွေချည်းပဲ ထင်နေလို့ရှိရင် အဲဒီမှာ ဝေဒနာပါပေမယ့် တဏှာ မရောက်လာဘူး။ ကိုယ်ထဲမှာ ညောင်းတာ ပူတာ နာကျင် ကိုက်ခဲတာ၊

http://www.dhammadownload.com

အနေခက်တာတွေက ဝေဒနာပေါ့။ ဒါပေမယ့်လို့ နောက်ကနေ ပြီး တဏှာ သာယာမှုတွေ လိုက်မလာဘူး။ ညောင်းတာ ညောင်းပြီးတော့ပျောက်၊ ပူတာ ပူပြီးပျောက်၊ သဘောတရား လေးတွေချည်းပဲ သွားနေတယ်။ အဲဒီတော့ ဝေဒနာက နေပြီး တော့ တဏှာမဖြစ်ဘဲနဲ့ တဏှာချုပ်သွားလို့ရှိရင် အဲဒါ နိရောဓ ပဲတဲ့။

တဿာ ယေဝ တဏှာယ- ထိုတဏှာ၏သာလျှင်၊ အသေသ ဝိရာဂ နိရောဓာ- အကြွင်းမဲ့ ပျက်ပြယ်ခြင်း ချုပ်ခြင်း ကြောင့်၊ ဥပါဒါနနိရောဓော- ဥပါဒါန်၏ ချုပ်ခြင်းသည်၊ ဟောတိ- ဖြစ်၏။ အဲဒီ ဝေဒနာကနေ ဖြစ်မယ့်တဏှာကလေး ဟာ ရှုတိုင်းရှုတိုင်း တစ်ခါတည်း ဝိပဿနာမဂ်နဲ့ ချုပ်သွားလို့ ရှိရင် အသေသ- အကြွင်းမဲ့၊ ဝိရာဂ- ပျက်ပြယ်သွားတယ်တဲ့၊ နိရောဓ- ချုပ်သွားတယ်။ မဖြစ်နိုင်တော့ဘူးတဲ့၊ ဘာဖြစ်လို့တုံး ဆိုတော့ အဲဒီမြင်မှုကြားမှုတွေ ဝေဒနာလေးတွေမှု ဖြစ်ပြီးရင်း ပျောက်သွားရင်းနဲ့ တွေ့.ရတော့ ငါလည်းမရှိဘူး၊ သူလည်း မရှိဘူး။ ပုဂ္ဂိုလ်လည်း မရှိဘူး။ သတ္တဝါလည်း မရှိဘူး။ ချစ်စရာ ကောင်းတာလည်း မရှိဘူး။ မုန်းစရာ ကောင်းတာလည်း မရှိ ဘူး။ သူသဘောနဲ့သူ ဖြစ်ပျက်နေတာချည်းပဲ တွေ့.နေရတော့ တဏှာဖြစ်စရာ အကြောင်းမရှိတော့ တဏှာက မဖြစ်ဘူး၊

http://www.dhammadownload.com

ဖြစ်ခွင့်မရဘူး။ အဲဒါ အကြွင်းမဲ့ ပြတ်သွားတာ။ နောင် ပြန် စဉ်းစားလည်းပဲ သာယာစရာ မပေါ်တော့ဘူး။ ဟိုတုံးက ဖြစ်ပျက်ဆိုတဲ့ သဘောပဲ ရှိတာကိုး။

အဲဒါကြောင့် ဒါလည်း ဝိပဿနာနဲ့ ချုပ်တာပဲ၊ အသေသ- အကြွင်းမဲ့ပါပဲ။ ဒါပေမယ့်လို့ အခါခပ်သိမ်း ချုပ်တာတော့ မဟုတ်ဘူး။ ဒီတစ်အာရုံနဲ့စပ်ပြီးတော့ အကြွင်းမဲ့ချုပ်တယ်။ ဒီ တစ်အာရုံနဲ့ ချုပ်တယ်။ မြင်တာလေးမှတ်လိုက်လို့ ဖြစ်ပျက်ကလေးသိသွားရင်၊ အဲဒီမြင်တာလေးနဲ့စပ်ပြီးတော့ အကြွင်းမဲ့ချုပ်တယ်။ ဒီပြင် မြင်တာတွေ တာဝန်မခံဘူး။ ကြား တာလေးတစ်ခု မှတ်လိုက်လို့၊ ကြားတယ်ဆိုပြီး၊ ဖြစ်ပျက်သွား တာလေး တွေ့လို့ရှိရင် အဲဒီအကြားလေးတစ်ခုနဲ့ စပ်ပြီးတော့ တဏှာမဖြစ်တော့ဘူး။ အကြွင်းမဲ့ ချုပ်တာပဲ။

အရိယာမဂ်အသီးသီးက ဆိုင်ရာ ကိလေသာတွေကို ချုပ်စေတယ်

အရိယာမဂ်က ချုပ်တာကတော့ဖြင့် အကုန်လုံးပဲ။ ဘယ်အာရုံနဲ့ရယ်လို့ အကန့်အသတ် မရှိဘူး။ အရိယာမဂ်က ချုပ်သွားရင်တော့ဖြင့် အရဟတ္တမဂ်ကချုပ်ရင် တဏှာတွေ အကုန်ပေါ့လေ။ အနာဂါမိမဂ်က ချုပ်ရင်တော့ဖြင့် ကာမရာဂ

http://www.dhammadownload.com

တွေ အကုန်ပေါ့။ ကာမတဏှာတွေ အကုန်ပေါ့။ သကဒါဂါမိမဂ်တို့က ချုပ်တာကတော့ သိပ်ပြီးမထူးခြားဘူး။ သောတာပတ္တိမဂ်က ချုပ်တယ်ဆိုလို့ရှိရင် အပါယ်လေးပါး ကျလောက်အောင် ကြမ်းတမ်းတဲ့ တဏှာတွေ ဘယ်အာရုံနဲ့မျှ မဖြစ်ဘူး။ အဲဒီလို ချုပ်သွားပါတယ်။

ဝိပဿနာနဲ့ ဒီအာရုံနဲ့စပ်ပြီးတော့ တဏှာချုပ်သွားလို့ ရှိရင် ဥပါဒါန်ကလည်း ဒီအာရုံနဲ့ စပ်ပြီးတော့ စွဲလမ်းမှု မဖြစ်ဘူး။ အဲဒါတွေဟာ တဒင်္ဂနိရောဓတွေ ခေါ်ပါတယ်။ ဝိပဿနာလောကီမဂ်က နေပြီးတော့ မျက်မှောက်ပြုရတဲ့ နိရောဓတွေပါ။ နိရောဓ သစ္စာတွေပါပဲ။ အရိယာမဂ်နဲ့ ချုပ်သွားလို့ရှိရင်တော့ အစွန့်အနိရောဓ- စင်စစ်နိရောဓပဲ၊ နိရောဓသစ္စာ အစစ်ပဲတဲ့။ ဥပါဒါနနိရောဓာ- ဥပါဒါန်စွဲလမ်းမှုဇာ၏ ချုပ်ခြင်းကြောင့်၊ ဘဝနိရောဓော- ကမ္မဘဝဇာ၏ ချုပ်ခြင်းသည်၊ ဟောတိ- ဖြစ်ဇာ၏တဲ့။ ဥပါဒါန်- စွဲလမ်းမှုမှ မရှိတော့ဘဲ၊ မစွဲလမ်းတော့ မလုပ်ဘူးပေါ့။ မလုပ်ရင် ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ မဖြစ်ဘူး။ ဘဝနိရောဓာ- ဘဝဇာ၏ချုပ်ခြင်းကြောင့်၊ ဇာတိနိရောဓော- ဇာတိဇာ၏ချုပ်ခြင်းသည်၊ ဟောတိ- ဖြစ်ဇာ၏။

ကုသိုလ်ကံ၊ အကုသိုလ်ကံမှ မရှိတော့ ဘယ် အကျိုးပေးတော့မလဲ။ ဘဝအသစ် မဖြစ်ဘူး။ ဒါကတော့ ရဟန္တာဖြစ်

http://www.dhammadownload.com

မှပဲ သာပြီးထင်ရှားမယ်။ အောက်မဂ်တွေကတော့ သိပ် မထင်ရှားဘူး။ သောတာပတ္တိမဂ်ဆိုရင် ၇-ဘဝထက် ပိုလွန်ပြီး ဖြစ်မယ့် ဇာတိ၊ အပါယ်လေးပါးမှာဖြစ်မယ့် ဇာတိ၊ ဒါတွေလောက် ချုပ်တာပဲ။ သူက ဒီပြင်ဟာတွေတော့ မချုပ်သေးဘူး။ လူဘဝ နတ်ဘဝတွေက ဖြစ်နေဦးမှာ။ သကဒါဂါမိမဂ်ဆိုလို့ရှိရင် နှစ်ဘဝထက်ပိုလွန်ပြီးဖြစ်မယ့် ဇာတိတွေချုပ်တယ်။ အနာဂါမိမဂ်ဆိုလို့ရှိရင်တော့ ကာမဘဝဖြစ်မယ့် ဇာတိတွေ၊ ရူပဘဝဖြစ်ရင်လည်းပဲ အရူပဘဝဖြစ်မယ့် ဇာတိတွေ၊ အရူပဘဝမှာ ဖြစ်မယ်ဆိုရင်လည်းပဲ ရူပဘဝဖြစ်မယ့် ဇာတိတွေ၊ တခြားသောဘဝတွေ ချုပ်တယ်။ ဧကသို့ ဘဝိတ္ဘာတဲ့၊ တစ်ဘဝတည်း ဖြစ်တော့မယ်တဲ့။ ရူပဘဝတွေရင်လည်း ဖြစ်မယ်၊ အရူပဘဝရင်လည်း ဖြစ်မယ်၊ ဒီမှတစ်ပါးသော ဘဝတွေတော့ မဖြစ်ဘူး။ အဲဒီဇာတိတွေ ချုပ်သွားတယ်။

ဇာတိနိရောဓာ- ဇာတိ၏ချုပ်ခြင်းကြောင့်၊ ဇရာမရဏ- အိုခြင်း၊ သေခြင်းသည် လည်းကောင်း၊ သောကပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ- စိုးရိမ်ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ စိတ်နလုံး၏ ပြင်းစွာပူပန်ရခြင်းတို့သည် လည်းကောင်း၊ နိရုဇ္ဈန္တိ- ချုပ်လေကုန်၏။ ဘဝအသစ်မဖြစ်ရတော့ အိုစရာ ဘယ်ရှိတော့မလဲ၊

http://www.dhammadownload.com

သေစရာလည်း မရှိတော့ဘူး၊ စိုးရိမ်စရာ ပူဆွေးစရာတွေ ဘာမှမရှိတော့ဘူး၊ အကုန်လုံး ချုပ်သွားပါတယ်တဲ့။ အဲဒါက လည်း အရဟတ္တမဂ်မှ အကုန်လုံးကင်းပါတယ်။

ဇဝမေတသ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ဇဝံ- ဤနည်းအတိုင်း၊ ကေဝလဿ- ချမ်းသာနဲ့ မရောမယှက် သက်သက်သော၊ ဇတဿ ဒုက္ခက္ခန္ဓဿ- ဤဆင်းရဲစုဏ်၊ နိရောဓော- ချုပ်ခြင်းသည်၊ ဟောတိ- ဖြစ်၏။ အခု ချုပ်သွားတာ ဘာတုံးဆိုတော့ ချမ်းသာနဲ့မရောတဲ့ ဒုက္ခတွေ ချုပ်သွားတာပါတဲ့၊ ပုဂ္ဂိုလ်သတ္တဝါတွေ ပျောက်သွားတာ မဟုတ်ဘူးတဲ့။

လောကမှာ လူတွေထင်နေတာကတော့ ရဟန္တာ ပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်စံတယ်ဆိုရင် ဒါ ပုဂ္ဂိုလ်တစ်ယောက် ပျောက်သွားတာပဲ။ အကောင်အထည်ကြီးလိုက် ပျောက်သွားတယ်၊ ဒီလို ထင်နေကြတာကိုး။ အကောင်အထည်ကြီး မရှိပါဘူးတဲ့၊ အကြောင်းအကျိုးတွေ ဆက်စပ်ပြီး ဖြစ်နေတဲ့ ရုပ်နာမ် ဆင်းရဲတရားတွေပဲတဲ့။ ဒီဆင်းရဲတရားတွေ ချုပ်သွားတာပါတဲ့။ အစကလည်း အကောင်အထည် မရှိဘူးတဲ့။ ပရိနိဗ္ဗာန်မစံမီကတည်းက ရဟန္တာပုဂ္ဂိုလ်ရယ်လို့ အကောင်အထည် ဆိုတာ ခေါ်သာခေါ်ရတယ်၊ ရှိတာမဟုတ်ဘူးတဲ့။ ရုပ်နာမ်ပဲ

http://www.dhammadownload.com

ရှိတယ်။ အဲဒီတော့ ပရိနိဗ္ဗာန်စုတိနောက်မှာ ဘဝအသစ်ရုပ်နာမ်ခန္ဓာတွေ မဖြစ်ဘဲနဲ့ ငြိမ်းတာဟာ ဆင်းရဲတွေ ငြိမ်းသွားတာတဲ့၊ အဲဒီလိုဆိုလိုပါတယ်။ ဆင်းရဲစုတွေ ငြိမ်းသွားတာပါပဲ၊ ဒီထဲမှာ ကောင်းတာတွေ ပျောက်သွားတာ မပါပါဘူးတဲ့။ မကောင်းတာတွေ၊ ဆင်းရဲတွေ ပျောက်သွားတာပါပဲ။ အဲဒီလို နိရောဓသစ္စာတရားလည်း မြတ်စွာဘုရားက ဟောတာကိုး။

တေသံ- ထိုအကြောင်းအကျိုးတရားတို့၏၊ ယော နိရောဓောစ- အကြင်ချုပ်ငြိမ်းရာဖြစ်သော၊ နိရောဓသစ္စာ နိဗ္ဗာန်တရားသည်လည်း၊ အတ္ထိ- ရှိ၏။ တဉ္စ- ထိုချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်တရားကိုလည်း၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာ မြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူ၏။ နိရောဓသစ္စာကိုလည်း ဟော၏တဲ့၊ နိရောဓသစ္စာ ဟောတယ်ဆိုတော့ နိရောဓသစ္စာ၏ ရောက်ကြောင်းဖြစ်တဲ့ အကျင့်တရားလည်း ဟောသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ကတော့ အလိုလို ပါဝင်သွားတာပေါ့။ ဧဝံ ဝါဒီ၊ မဟာသမဏော။ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်၊ ဧဝံ ဝါဒီ- ဤသို့ပင်၊ သစ္စာလေးပါးတရားကို ဟောကြားတော်မူလေ့ရှိပါသည်တဲ့။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ် သောတာပန်ဖြစ်ပြီ

ရှင်အာသဇိမထေရ်က ဟောလိုက်တဲ့အခါ ဒီဂါထာရဲ့ ရှေ့တစ်ဝက်တင်ပဲ ဥပတိဿပရိဗိုဇ် သောတာပန်ဖြစ်တယ်လို့ ဆိုတယ်။ ဒါကတော့ ပါရမီအင်မတန်ထူးတဲ့ ပုဂ္ဂိုလ်မို့လို့ပေါ့။ အဲဒီကနောက် ရှင်သာရိပုတ္တရာအလောင်း ဥပတိဿပရိဗိုဇ်က သောတာပန်ဖြစ်သွားတော့ ဒီလောက်နဲ့ပဲ တော်လောက်ပါပြီတဲ့၊ ရှေ့ဆက်ဟောဖို့ရာမလိုပါဘူးဆိုပြီး တားပြီးတော့ သူမှာသူငယ်ချင်းရှိသေးတယ်တဲ့၊ ကတိကဝတ်ပြုထားတယ်၊ တရားထူးတွေ့တဲ့ပုဂ္ဂိုလ်က ပြောရမယ်လို့ ကတိကဝတ် ပြုထားတယ်။ ဒီသူငယ်ချင်းသွားပြီးတော့ ခေါ်ခဲ့ပါဦးမယ်။ အရှင်ဘုရား- အခုမြတ်စွာဘုရားက ဘယ်မှာသီတင်းသုံးပါသလဲ မေးလို့ ဝဋ္ဋဝန်ကျောင်းတော်မှာဆိုတော့ အရှင်ဘုရား ကြွနှင့်ပါဘုရားတဲ့၊ တပည့်တော် မိတ်ဆွေသူငယ်ချင်းခေါ်ပြီးတော့ နောက်ကလိုက်ခဲ့ပါ့မယ်ဆိုပြီးတော့ သူက ကောလိတပရိဗိုဇ်ဆီကို လာတယ်။

ဥပတိဿပရိဗိုဇ် ကမ္မဋ္ဌာန်းကျောင်းက ပြန်လာတဲ့အခါကာလ အရင်တုန်းက သွားလာနေထိုင်တာနဲ့ ကွာနေမှာပါပဲ၊ ထူးခြားနေမယ်။ ခါတိုင်းခါတိုင်း တရားရှာပြီးတော့

http://www.dhammadownload.com

ပြန်လာ၊ ဘာမှ မတွေ့.ခဲ့တော့၊ စိတ်ပျက် စိတ်ညစ်ပြီးတော့၊ ခပ်မှိုင်မှိုင်ပြန်လာတဲ့အခါလည်း ရှိမှာပေါ့။ အခု ဒီတစ်ခါကျ တရားထူးရလာတော့ ရုပ်တွေကလည်း ကြည်ကြည်လင်လင်၊ စိတ်တွေကလည်း ရွှင်လို့၊ ဒါလည်းရှိလိမ့်မယ်။ ခါတိုင်းခါတိုင်း သတိသမ္ဗဇ္ဈင်က မပါ။ အခု သတိသမ္ဗဇ္ဈင်တွေက ပါလာတော့ သိမ်မွေ့.နေပါလိမ့်မယ်။

ဒီတော့ ကောလိတပရိဗိုဇ်က ခန့်မှန်း ကြည့်တာပေါ့လေ။ ဇကန္တ သူတရားထူးတော့ ရလာပုံပေါ်ပြီ ဆိုပြီးတော့-အဆွေညပတိသ၊ တရားထူးများ ရလာသလား လို့မေးတော့၊ တရားထူးဆိုလို့ အမြြက်တရားလို့ ခေါ်တယ်၊ အမတံတဲ့၊ သေခြင်းကင်းရာဖြစ်တဲ့ နိဗ္ဗာန်၊ မသေတဲ့တရားများ ရလာသလားဆိုတော့ ရလာပြီလို့ ဝန်ခံပါတယ်။ ဝန်မခံလည်း မဖြစ်ဘူး။ သူက ကတိကဝတ်ပြုထားတာ။ ရလာတယ်လို့ပဲ ပြောရမှာ၊ ပြောသင့်တဲ့အခါ ပြောရပါတယ်။ ငါ ဘယ်ပုံဘယ်နည်း ရလာတယ်ဆိုတာ သူကပြောပြပြီးတော့ အာသဇိမထေရ်က ဒီလို ဟောလိုက်ပါတယ်ဆိုပြီး သူကလည်း ဒီ ဂါထာလေး ပြန်ဟောတယ်။

http://www.dhammadownload.com

ရှင်မောဂ္ဂလ္လာန်အလောင်း ကောလိတပရိဗိုဇ် သောတာပန်ဖြစ်ပြီ

ယေ ဓမ္မာ ဟေတုပ္ပဘဝါ။ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။ ဒိဂါထာလေး ပြန်ဟောတယ်။

ဒါလေး ကြားတာနဲ့ ကောလိတပရိဗိုဇ်လည်း သောတာပန်ဖြစ်တယ်။ သောတာပတ္တိမဂ်ဖိုလ် ရတယ်။ ရပြီးကြတော့ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿက ဘဝ အဆက်ဆက်ကတည်းက ဆရာသမားဆိုရင် အင်မတန် လေးစားတာကြောင့် တို့ရတဲ့တရားလေး ဆရာကြီးသိရင် ကောင်းမှာပဲလို့ အောက်မေ့ပြီးတော့ ဆရာကြီးဆီသွားကြတယ်။ ဆရာကြီး ဒီလောကမှာ ဘုရား ပွင့်နေပြီ။ သွာက္ခာတ-ကောင်းစွာဟောတဲ့ တရားလည်းပဲ ပေါ်နေပြီ။ သုပ္ပဋိပန္န-ကောင်းစွာကျင့်တဲ့ သံဃာတွေလည်း ပေါ်နေပြီ။ ဆရာကြီး လည်း လိုက်ခဲ့ပါ။ ကျွန်တော်တို့ သွားကြစို့ရဲ့၊ ဝေဠုဝန် ကျောင်းတော်မှာ ဘုရားရှိတယ်ဆိုတော့ ဆရာကြီးက မင်း တို့ပဲ သွားကြပါ၊ ငါတော့ မလိုက်နိုင်ဘူးတဲ့။

http://www.dhammadownload.com

လောကမှာ မလိမ္မာတဲ့ပုဂ္ဂိုလ်တွေက ပိုများတယ်တဲ့ လောကမှာ မလိမ္မာတဲ့ပုဂ္ဂိုလ်တွေနဲ့ လိမ္မာတဲ့ပုဂ္ဂိုလ်တွေ ဘယ်သူက များသလဲတဲ့။ မလိမ္မာတဲ့ပုဂ္ဂိုလ်တွေက များတယ်။ ဗဟုသုတ နည်းတဲ့ပုဂ္ဂိုလ်၊ မသိတတ်တဲ့ပုဂ္ဂိုလ်တွေက များတယ်။ လိမ္မာတဲ့ပုဂ္ဂိုလ်၊ အမြော်အမြင်ပညာရှိတဲ့ ပုဂ္ဂိုလ်တွေက ဂေါတမဆီ သွားကြမှာပေါ့ကွာ။ မလိမ္မာတဲ့ပုဂ္ဂိုလ်တွေ ငုံဆီလာမှာ၊ ငါက ပရိသတ်များပါတယ်ဆိုပြီးတော့ ဒီလိုပြောလိုက်တာကိုး။ အဲဒီမှာ ဥပတိဿနဲ့ကောလိတ ဦးဆောင်ပြီး တပည့် ၂၅၀-နဲ့ မြတ်စွာဘုရားထံ ရောက်သွားကြတယ်။

မြတ်စွာဘုရားက တရားဟောတော့ တရားနာအပြီးမှာ တပည့် ၂၅၀-ကတော့ ရဟန္တာ ဖြစ်ကြပါတယ်။ မြတ်စွာဘုရားက ဇဟိဘိက္ခုခေါ်ပြီး ရဟန်းပြုပြီးတော့ ပေးတယ်။ ရှင်သာရိပုတ္တရာအလောင်း ဥပတိဿနဲ့ ရှင်မောဂ္ဂလ္လာန်အလောင်း ကောလိတ သူတို့နှစ်ပါးကတော့ ရဟန္တာမဖြစ်ကြပါဘူး။ သူတို့က ထူးခြားတဲ့ပုဂ္ဂိုလ်တွေမို့ ပါရမီဉာဏ်က ကျယ်ဝန်းပြီးတော့ မပြည့်စုံသေးလို့ဆိုတယ်။ သူတို့ သောတာပန်အဖြစ်နဲ့ ဒီအတိုင်းပါပဲ၊ တရားမတိုးတက်ဘူး။ ကောလိတ ပရိဗိုဇ်ကဖြစ်လာတဲ့ ရှင်မောဂ္ဂလ္လာန်က ၇-ရက် အားထုတ်ရတယ်။ ဥပတိဿပရိဗိုဇ်ကဖြစ်လာတဲ့ ရှင်သာရိပုတ္တရာက

http://www.dhammadownload.com

တော့ ၁၅-ရက် အားထုတ်ရတယ်။ အဲဒီ အားထုတ်ပုံလေးတွေ တော့ နောက်သီတင်းကျမှ ဟောရဦးမယ်။ ဒီကနေ့တော့ အချိန်တော်တော်ကုန်သွားပြီ။ ကဲ ဒါလေးဟောပြီးတော့ တရားသိမ်းဦးမှပဲ။ ဒီဂါထာလေး တယ်ကောင်းတယ်။ လေးလေးနက်နက် ဂါထာလေး။

နိဂုံး

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။ တေသဉ္စ ယော နိရောဓော၊ ဇဝံ ဝါဒီ မဟာသမဏော။ ယေ ဓမ္မာ- အကြင်တရားတို့သည်၊ ဟေတုပ္ပဘဝါ- အကြောင်းတရားလျှင် အမွန်အစရှိကုန်၏။ တေသံ- ထိုအကြောင်းတရားလျှင် အမွန်အစရှိသော အကျိုးတရားတို့၏။ ဟေတုံ- အကြောင်းဖြစ်သော သမုဒယသစ္စာတရားကို၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာမြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူ၏။ တေသံ- ထိုအကြောင်းအကျိုးတရားတို့၏။ ယော နိရောဓော-အကြင်ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်တရားသည်လည်း၊ အတ္ထိ- ရှိ၏။ တဉ္စ- ထိုချုပ်ငြိမ်းရာ နိဗ္ဗာန်တရားကိုလည်း၊ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာ

http://www.dhammadownload.com

မြတ်စွာဘုရားသည်၊ အာဟ- ဟောကြားတော်မူ၏။ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ငါတို့ဆရာ ဂေါတမမြတ်စွာဘုရားသည်၊ ဇဝံဝါဒိ- ဤသို့လျှင် သစ္စာလေးပါးတရားကို ဟောကြားတော်မူလေ့ရှိပါ၏။

ရှင်သာရိပုတ္တရာရော ရှင်မဟာမောဂ္ဂလ္လာန်ပါ ဒီတရားလေးနာပြီး သောတာပန် ဖြစ်တာတဲ့။ အင်မတန် အလေးအမြတ် ပြုအပ်တဲ့ တရားပါပဲ။ လေးနက်ပါတယ်။ အင်မတန်ကောင်းပါတယ်။ အနက်အဓိပ္ပာယ်တွေက နက်နဲပြီးတော့နေတော့ သိဖို့ရာတော့ တယ်မလွယ်ဘူး။ အခု တော်တော်တော့ပေါ်သွားပါပြီ။ တော်ကြဦးစို့ရဲ့။

ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့ သစ္စာလေးပါးတရားကို သိကြောင်းဖြစ်သော ရှင်အဿဇိမထေရ် ဟောအပ်သော ယေ ဓမ္မာ ဟေတုပ္ပဘဝါအစရှိသော ဂါထာတရားကို ရှိသေစွာ နာခံမှတ်သားကြရသော ဓမ္မသဝနကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ထိုဒေသနာတော်၌ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အတ္ထာပန္နနည်းအားဖြင့်လည်းကောင်း ပါဝင်သော သစ္စာလေးပါးတရားတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့်သိအောင် ကျင့်ကြံအားထုတ်နိုင်ကြ၊ ရှုမှတ်

http://www.dhammadownload.com

ဟူးများနိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ် အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာ မြတ်ကို မိမိတို့လိုလားအပ်သော မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန် သတည်း။

သာဓု၊ သာဓု၊ သာဓု ။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
ဒုတိယပိုင်း
(၁၃၂၅-ခုနှစ်၊ တပေါင်းလပြည့်)

တရားအနုသဓွေ

မနေ့ကဟောခဲ့တဲ့အတိုင်း မြတ်စွာဘုရား ရာဇဂြိုဟ် မြို့ရောက်ပြီး တရားဓမ္မ ဟောပြောပြီးတော့နေတဲ့အခါကာလ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလ္လာန်တို့၏ အလောင်းဖြစ်တဲ့ ဥပတိဿနဲ့ ကောလိတ ပရိဗိုဇ်တို့ တပည့်ပရိသတ် ၂၅၀-နဲ့ တကွ မြတ်စွာဘုရားထံရောက်လာတော့ မြတ်စွာဘုရား ဟောတဲ့တရားတော်ကို ကြားနာပြီး တပည့်ပရိသတ်တွေ အကုန်လုံး ရဟန္တာဖြစ်ကြတယ်။ ရှင်သာရိပုတ္တရာနဲ့ ရှင် မောဂ္ဂလ္လာန်တို့ကတော့ မူလက သောတာပန်အဖြစ်ပဲ ရှိတာပဲ၊ နောက်ထပ် တရားမတိုးဘူး။ မြတ်စွာဘုရားက ဇဟိဘိက္ခု ခေါ်ပြီးတော့ ရဟန်းပြုပေးတော့ အားလုံးပဲရဟန်းဖြစ်ကြ တယ်။ ပြီးတော့ ရှင်သာရိပုတ္တရာက ၁၅-ရက် အားထုတ်ရ တယ်။ တပို့တွဲလဆန်း ၁-ရက်ကနေပြီး ၁၅-ရက်နေ့အထိကို အားထုတ်ရတယ်။

http://www.dhammadownload.com

ရှင်မောဂ္ဂလ္လာန်တရားအားထုတ်စဉ် မြတ်စွာဘုရားကြွတော်မူလာခြင်း

ရှင်မောဂ္ဂလ္လာန်က ဂု-ရက် အားထုတ်ရတယ်။ အဲဒီ ဂု-ရက်မှာ ဒီရက်က နောက်ဆုံးရက်နဲ့တူပါရဲ့၊ သူက မဂဓ တိုင်းထဲမှာပဲ ကလ္လဝါဠပုတ္တရွာအနီး တောအရပ်မှာ အပြင်း အထန် အားထုတ်ပြီးတော့ နေပါတယ်တဲ့။ ဂု-ရက်ပတ်လုံး စက်ံကြွပြီးတော့ အားထုတ်ပြီးတော့ နေတယ်။ ပင်ပန်းလွန်း အားကြီးတဲ့အခါကာလကျတော့ ကိုယ်က အိပ်ချင်လာတာ ပေါ့၊ ငိုက်မျဉ်းတဲ့သဘော ဖြစ်လာတာပေါ့။ မိဒ္ဓ- အိပ်ချင်ငိုက် မျဉ်းခြင်း ဖြစ်လာတယ်တဲ့။ မအိပ်မနေ သိပ်ပြင်းပြင်းထန်ထန် အားထုတ်ရင် အိပ်ချင်ငိုက်မျဉ်းခြင်းဆိုတာ ဖြစ်တတ်ပါတယ်။

ဘုန်းကြီးကိုယ်တိုင် အားထုတ်တုန်းကလည်း ဒီလိုပဲ ဖြစ်ပါတယ်။ တစ်ခါက တစ်နေ့လုံးတစ်ညလုံး စက်ံလျှောက် ပြီးတော့ ဘုန်းကြီးက အားထုတ်တယ်။ တစ်နေ့လုံး စက်ံ လျှောက်၊ ညလည်း စက်ံလျှောက်၊ ထိုင်ရင် ခဏတဖြုတ်ပဲ၊ ဒါပေမယ့်လို့ ညဉ့်နက်တဲ့အခါကာလကျတော့ ညောင်းညာ ပင်ပန်းပြီးလာတာနဲ့ တစ်နေရာမှာ ခဏရယ်လို့ထိုင်လိုက်တာ အိပ်ပျော်သွားတယ်။ ဘယ်အချိန်အိပ်ပျော်သွားလည်း မသိ

http://www.dhammadownload.com

ဘူး။ ကိုယ်ပင်ပန်းလာပြီဆိုတော့ ထိန်းလို့မရဘူး၊ အိပ်ပျော်သွားတယ်။

ရှင်မောဂ္ဂလ္လာန်ကလည်း စကြံကြွပြီးတော့ အားထုတ်နေတာ ၇-ရက်၊ ထိုင်တဲ့အခါလည်း ထိုင်မှာပါပဲ၊ များသောအားဖြင့် စကြံလျှောက်ပြီးတော့ အားထုတ်နေတဲ့လက္ခဏာ ရှိတယ်။ စာထဲက စကြံလျှောက်အားထုတ်နေတယ်လို့ ပြထားတယ်။ ငိုက်မျဉ်းပြီးတော့ နေတယ်တဲ့။ မြတ်စွာဘုရား ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့ ဘေးမဲ့ပေးထားတဲ့ ဘေသကဠတော မှာ သီတင်းသုံးနေတဲ့အခါ ရှင်မောဂ္ဂလ္လာန် တရားအားထုတ်နေရင်း ငိုက်မျဉ်းနေတာကို မြတ်စွာဘုရားက ဒိဗ္ဗစက္ခု အဘိညာဉ်နဲ့ မြင်တော်မူတယ်။ တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက မကြာခဏနှလုံးသွင်းလို့ နေမှာပေါ့။

ကမ္မဋ္ဌာန်းဆရာလုပ်တဲ့ ပုဂ္ဂိုလ်တွေကလည်း ယောဂီတွေကို တတ်နိုင်သမျှ လျှောက်ကြည့်ရတယ်။ ပကတိမျက်စိနဲ့ပဲ။ ဒိဗ္ဗစက္ခုနဲ့တော့ မဟုတ်ဘူး။ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုနဲ့ ကြည့်လိုက်တဲ့အခါ ရှင်မောဂ္ဂလ္လာန်က ငိုက်ပြီးတော့နေတာကို မြင်တော့ ဆန့်ထားတဲ့ လက်မောင်းများ ကွေးလိုက်သကဲ့သို့၊ ကွေးထားတဲ့ လက်မောင်းများ ဆန့်လိုက်သကဲ့သို့၊ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် တခဏချင်း ကွာလာတာကိုး။ ဘာမှမကြာဘူး၊

http://www.dhammadownload.com

မိုင် ၂၀၀-လောက်ရှိမယ့်ခရီးကို အဘိညာဉ်နဲ့ကြွပြီးတော့ လာတယ်တဲ့။ မြတ်စွာဘုရား ကြွလာရင် ထိုင်ဖို့ရာ အသင့်ပြင်ထားတဲ့နေရာမှာ မြတ်စွာဘုရား သီတင်းသုံးပြီးသကာလ မေးမြန်းတော်မူတယ်။

ရှင်မောဂ္ဂလ္လာန်အား ပစလာယမာနသုတ် မြတ်စွာဘုရားဟောကြားတော်မူခြင်း

ပစလာယသိ နော မောဂ္ဂလ္လာန ပစလာယသိ နော မောဂ္ဂလ္လာန။ မောဂ္ဂလ္လာန- ချစ်သားမောဂ္ဂလ္လာန်၊ ပစလာယသိ နော- ငိုက်မျဉ်းနေသလော။ မောဂ္ဂလ္လာန် ငိုက်နေသလားလို့ မေးတာပါပဲ။ ဇဝံ ဘန္တေ- ဤသို့ မိန့်တော်မူတဲ့အတိုင်းပါပဲ ဘုရား။ ဟုတ်ပါတယ်၊ ငိုက်ပါတယ်တဲ့။ တရားအားထုတ်ရင်း ငိုက်နေတာ မြတ်စွာဘုရားနဲ့ ပက်ပင်းလာတွေ့နေတာ၊ အဲဒီတော့ အငိုက်ပျောက်နည်း မြတ်စွာဘုရားက ဟောတယ်။ ကမ္မဋ္ဌာန်းဆရာတွေကလည်း ယောဂီတွေ ငိုက်မျဉ်းတဲ့အခါ ကာလမှာ လုပ်ငန်းစဉ်ကလေးတွေ မိမိတို့လက်တွေ့ရောကျင့်နိုင်တာလေးတွေပါ ဟောကြားရပါတယ်။ မြတ်စွာဘုရား ပေးထားတာ အိပ်ငိုက်တာ ပျောက်တဲ့နည်း ၇-နည်းရှိတယ်။ ယောဂီတွေ တရားအားထုတ်တဲ့အခါ ဒီဟာတွေ အသုံးကျမှာပါပဲ။

http://www.dhammadownload.com

စိတ်လျော့ရဲသွားအောင်လို့ နှလုံးသွင်းတဲ့ အမှတ်သညာ မပြုလေလင့်(၁)

တသွာတိဟ တေ မောဂ္ဂလ္လာန ယထာသညိတသ ဝိဟရတော တံ မိဒ္ဓံ သြက္ကာမတိ၊ တံ သညံ မာ မနသာကာသိ တံ သညံ မာ ဗဟုလမကာသိ။ မောဂ္ဂလ္လာန- ချစ်သား မောဂ္ဂလ္လာန်၊ တသွာ- ထိုသို့ တရားအားထုတ်နေရင်း ငိုက်မျဉ်း၍နေသောကြောင့်၊ ယထာ သညိတသ- အကြင်သို့သော အမှတ်သညာရှိသည်ဖြစ်၍၊ ဝိဟရတော- နေသော၊ တေ- သင့်အား၊ တံ မိဒ္ဓံ- ထိုငိုက်မျဉ်းခြင်းသည်၊ သြက္ကာမတိ- သက်လာ၏။ သင်ငိုက်တာဟာ အကြောင်းကလေး ရှိမယ်တဲ့။ ပထမက ငိုက်မျဉ်းလာအောင်လို့ စိတ်လျော့ရဲသွားအောင်လို့ နှလုံးသွင်းတဲ့ အမှတ်သညာလေး ရှိမယ်တဲ့။ တံ သညံ- ထိုအမှတ်သညာကို၊ မာ မနသာကာသိ- နှလုံးမသွင်းလေလင့်၊ တံ သညံ- ထိုအမှတ်သညာကို၊ မာ ဗဟုလမကာသိ- အကြိမ်များစွာ မပြုစ်လေလင့်။ အဲဒီလိုနှလုံးသွင်းနေတဲ့ အမှတ်သညာလေး ဆက်ပြီးနှလုံးမသွင်းပါနဲ့တဲ့။ နှလုံးသွင်းမှုလေး ပြင်ပေးလိုက်ပါလို့ ဆိုလိုတယ်။ ဘယ်လိုတုံးဆိုရင် တရားအားထုတ်နေရင်း ပင်ပန်းနွမ်းနယ်လာတဲ့ အခါကာလကျတော့ တော်တော်ပင်ပန်းတာပဲ စသည်ဖြင့် ဒီလိုစိတ်လေး

http://www.dhammadownload.com

တွေလည်း ရှိမှာပေါ့၊ ဒါ သည်လေးတွေ၊ စိတ်အားလျော့ဖွယ်ရာလေး၊ တရားကလည်း မပြည့်စုံနိုင်ဘူး၊ ပန်းလှပြီ၊ မောလှပြီ၊ တရားအားထုတ်တာ ကြာလှပြီ၊ ဒီလို နှလုံးသွင်းတာတွေလည်း ရှိနိုင်ပါတယ်။ ဒါလေးတွေ နှလုံးသွင်းလိုက်ရင် စိတ်ကအားလျော့သွားတတ်တယ်။ စိတ်အားလျော့သွားရင် ပိုပြီးတော့ အိပ်ချင်လာမှာပေါ့။

နောက်ပြီးတော့ တရားနှလုံးသွင်းတဲ့အခါ လုံ့လဝီရိယနဲ့ ကြောင့်ကြမစိုက်ရဘဲနဲ့ မှတ်လို့လွယ်တာလေးတွေချည်းပဲ နှလုံးသွင်းတယ်။ ဥပမာ- တစ်နေရာက ထိတာလေးတွေ မှတ်တယ်၊ ထိတယ်ထိတယ်ဆိုတော့ သူ့ဉစ္စာက ပြင်မှမပြင်ရဘဲ၊ ကြောင့်ကြမစိုက်ရတော့ လွယ်နေတာပေါ့။ အဲဒါကတော့ ဘာဝနာ အမှတ်သညာ။ ခုနကဟာတော့ အလွတ် အမှတ်သညာ။

အလွတ်အမှတ်သညာဖြင့် ကိုယ်ပင်ပန်းနွမ်းနယ်တာ အကြောင်းပြုပြီးတော့ စိတ်အားလျော့အောင်လို့ နှလုံးသွင်းတဲ့ အမှတ်သညာလည်းပဲ သူက မိဒ္ဓလို့ဆိုတယ်။ မိဒ္ဓဆိုရင် ကိလေသာရယ်လို့တော့ မဟုတ်ပါဘူး၊ ကိုယ်ပင်ပန်းတာပါပဲ။ ကိုယ်ပင်ပန်းပြီးတော့ ငိုက်မျဉ်းခြင်း ဖြစ်တတ်တယ်တဲ့။

http://www.dhammadownload.com

ပြီးတော့ အာရုံတစ်ခုတည်း လွယ်လွယ်ကူကူလေး မှတ်နေလို့၊ တင်းတင်းရင်းရင်းမဟုတ်ဘဲနဲ့၊ စူးစူးစိုက်စိုက် မဟုတ်ဘဲနဲ့၊ ပေါ့ပေါ့ကလေး မှတ်ပြီးတော့နေလို့ရှိရင်လည်း အဲဒီ ဘာဝနာ အမှတ်သညာ လျော့ရဲနေတဲ့အတွက် မိဒ္ဓဆိုတဲ့ ငိုက်မျဉ်းခြင်း ဖြစ်တတ်တယ်တဲ့။ အဲဒီလို အမှတ်သညာလေး ပယ်လိုက်ပါတဲ့။

ဒီတော့ ကိုယ်ပင်ပန်းမှုတွေနဲ့စပ်ပြီး တရားလျော့ အောင်လို့ နလုံးသွင်းတာတွေ၊ စိတ်ပျက်အောင် နလုံးသွင်း တာတွေ မလုပ်နဲ့ပေါ့လေ။ ဘာဝနာ အမှတ်မှာလည်း သက်သာမခိုနဲ့ပေါ့၊ လုံ့လဝီရိယလေးလည်း တိုးပေးဦးမှ ဖြစ်မှာ။ ငိုက်မျဉ်းလာလို့ရှိရင် ရှုစရာမှတ်စရာ နေရာတွေ များများလုပ်ပေးရတယ်၊ ဝီရိယအားတက်လာအောင်လို့ ရှုမှတ်တဲ့ နေရာ အစက နှစ်နေရာလောက် မှတ်နေရင် လေးနေရာတို့ ခြောက်နေရာတို့ ရွှေ့ပြီးတော့မှတ်ရတယ်။ မူလက ဖောင်းတာ ပိန်တာ တစ်ခုတည်းမှတ်နေရင် ထိုင်တာထိတာ ထည့်မှတ်၊ အဲဒီလိုမှတ်ရတယ်။ ထိတာကလည်းပဲ တစ်နေရာတည်းက မှတ်နေရင် နှစ်နေရာ ရွှေ့မှတ်။ ဒါနဲ့မှ မရသေးလို့ရှိရင် သုံးနေရာ လေးနေရာ ငါးနေရာ ခြောက်နေရာ ရွှေ့မှတ်နိုင်ပါတယ်။ အဲဒီလိုလုပ်တော့ စိတ်က ကြောင့်ကြစိုက်ရတာကိုး။

http://www.dhammadownload.com

ကြောင့်ကြစိုက်ရတော့ လုံ့လဝီရိယ အားတက်လာတယ်။ လုံ့လ ဝီရိယအားတက်လာလို့ရှိရင် အိပ်ချင်စိုက်မျဉ်းခြင်းတွေ ပျောက်တတ်ပါတယ်။

ဌာနံ ဧခါ ပနေတံ မောဂ္ဂလ္လာန၊ ဝိဇ္ဇတိ ယံ တေ ဇဝံ ဝိဟာရတော တံ မိဒ္ဓံ ပဟီယေထ။ မောဂ္ဂလ္လာန- ချစ်သား မောဂ္ဂလ္လာန်၊ ဇဝံ- ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဝိဟာရတော- နေသော၊ တေ- သင့်အား၊ တံ မိဒ္ဓံ- ထိုငိုက်မျဉ်းခြင်းသည်၊ ယံ ပဟီယေထ- အကြင်ကင်းပျောက်လေရာ၏။ ဇတံ ဌာနံ- ဤကင်းပျောက်ခြင်း၏အကြောင်းသည်၊ ဝိဇ္ဇတိ ဧခါ- ရှိသည်သာလျှင်တည်း။ ပျောက်နိုင်ပါတယ်တဲ့၊ အမှတ်သညာလေးပြောင်းပေးပါတဲ့။ ကိုယ်ပင်ပန်းတာတွေ အကြောင်းပြုပြီး စိတ်အားလျော့အောင်လို့စဉ်းစားတဲ့ အမှတ်သညာ၊ အဲဒါတွေ မဖြစ်စေနဲ့တဲ့။ ခဏလောက် အိပ်လိုက်ရရင် ကောင်းမှာပဲ၊ သက်သက်သာသာလေး လဲလိုက်ရရင် ကောင်းမှာပဲ စသည်ဖြင့် အဲဒီလို အမှတ်သညာလေးတွေ မဖြစ်ပါစေနဲ့တဲ့။ ဒါလေး ပယ်ဖျောက်လိုက်ပါ။

နောက်ပြီးတော့ တရားရှုမှတ်တဲ့အထဲမှာလည်း သက်သက်သာသာလေးနဲ့ အာရုံတစ်ခုတည်း ရှုနေတာ၊ ပေါ့ပေါ့ဆဆလေး ရှုနေတာ၊ အဲဒါလေးတွေဟာ ငိုက်မျဉ်းခြင်း ဖြစ်

http://www.dhammadownload.com

တတ်တယ်၊ အဲဒါတွေကို ပယ်ပြီးတော့ တင်တင်းရင်းရင်း ရှုပါတဲ့။ သေချာစူးစူးစိုက်စိုက်ရှုပါ။ တစ်နေရာ မဟုတ်ဘဲနဲ့ နှစ်နေရာ၊ နှစ်နေရာမဟုတ်ဘဲနဲ့ သုံးနေရာ၊ စသည်ဖြင့် မှတ်စရာ အာရုံလေးတွေလည်း တိုးပြီး ရှုမှတ်ပေးပါတဲ့။ အဲဒီလို ရှုမှတ်ပေးလို့ရှိရင် အိပ်ချင်စိုက်မျဉ်းခြင်း ပျောက်နိုင်ပါတယ်။ ပျောက်သွားပါလိမ့်မယ်တဲ့။

ကြားနာဖူး သင်ကြားဖူးသော တရားကို စိတ်ဖြင့် အဖန်တလဲလဲ ကြံစည်လေလော့(၂)

နော စေ တေ မောဂ္ဂလ္လာန၊ ဇဝံ ဝိဟရတော တံ မိဒ္ဓံ ပဟီယေထ၊ တတော တွံ ယထာသုတံ ယထာပရိယတ္တံ ဓမ္မံ မနသာ အနုဝိတက္ကေယျာသိ အနုဝိစာရေယျာသိ၊ မနသာ အနုပေက္ခယျာသိ။ မောဂ္ဂလ္လာန- ချစ်သားမောဂ္ဂလ္လာန်၊ ဇဝံ ဝိဟရတော- ဤသို့ပြုနိုင်သော နည်းအတိုင်းနေသော၊ တေ-သင့်အား၊ တံ မိဒ္ဓံ- ထိုငိုက်မျဉ်းခြင်းသည်၊ နော စေ ပဟီယေထ- အကယ်၍ မပျောက်သေးငြားအံ့၊ ဝါပြောတဲ့ အတိုင်း အမှတ်သညာလေး ပြောင်းပေးရုံနဲ့ ငိုက်မျဉ်းတာက မပျောက်သေးလို့ရှိရင်တဲ့၊ တတော- ထိုအခါ၌၊ တွံ- သင်သည်၊ ယထာသုတံ- ကြားနာဖူးသမျှသော၊ ယထာပရိယတ္တံ- သင်ယူ

http://www.dhammadownload.com

ကြားဖူးသမျှသော၊ ဓမ္မံ- တရားကို၊ မနသာ- စိတ်ဖြင့်၊ အနုဝိတက္ကေယျာသိ- အဖန်တလဲလဲ ကြံစည်လေလော့၊ အနုဝိစာရေယျာသိ- အဖန်တလဲလဲ စဉ်းစားလေလော့၊ မနသာ- စိတ်ဖြင့်၊ အနုပေက္ခယျာသိ- အဖန်တလဲလဲ ကြည့်ရှုဆင်ခြင်ပါလေလော့။

သည်ဘာ အမှတ်ပြောင်းပေးရုံနဲ့ မရဘူး၊ အိပ်ချင်တာက များနေပြီဆိုရင်တော့ သင်ယူကြားနာဖူးတဲ့ တရားလေးတွေ ရှိပါလိမ့်မယ်တဲ့။ ဟိုတုန်းကတော့ မြတ်စွာဘုရားထံ ရောက်လာပြီး ရဟန်းပြုတာကလည်းပဲ ၇-ရက် ရှိသေးတာကိုး။ အဲဒီ ၇-ရက်မှာလည်းပဲ နောက်ဆုံးရက်လား၊ ဘယ်ရက်လည်း မသေချာဘူး။ မြတ်စွာဘုရားထံ ပထမရောက်တဲ့ တစ်နေ့ တည်းနဲ့ နာလိုက်တဲ့တရားတွေ အများကြီးနေလိမ့်မယ်။ မြတ်စွာဘုရားက တရားဟောလို့ရှိရင် အများကြီးသိသွားတယ် ပြောတယ်။ တရားဟောတာ မြန်တယ်တဲ့၊ တရားဟောတာ နှုတ်ကသွက်တယ်တဲ့၊ နားလည်းလည်တယ်တဲ့၊ ပြတ်ပြတ် သားသားလည်း ရှိတယ်၊ တော်တော်တော့ ဆန်းကြယ်တာပဲ။

ဒီတော့ မြတ်စွာဘုရားနဲ့ ပထမဆုံးတွေ့.ခါစကတည်းက ဘုရားဟောတဲ့တရားတွေ သူမှာ တော်တော်ရထားပါလိမ့်

http://www.dhammadownload.com

မယ်၊ ဒီနောက်လည်းပဲ နာရတာရှိချင်ရှိပါလိမ့်မယ်။ အဲဒီတော့ ကိုယ် ကြားနာဖူးတဲ့တရားတွေ၊ သင်ကြားထားတဲ့တရားတွေ စိတ်ထဲက နလုံးသွင်းပါတဲ့၊ စဉ်းစားပါတဲ့၊ ဆင်ခြင်ပါတဲ့။ အဲဒါတွေ ထပ်ကာထပ်ကာ နလုံးသွင်းလို့ရှိရင်လည်းပဲ ငိုက်မျဉ်းခြင်းဟာ ပျောက်သွားပါလိမ့်မယ်တဲ့၊ ဒါက ဒုတိယနည်းပေါ့။ သည်ပြောင်းပေးရမယ်၊ စာကြံတွေးရမယ်။

ကြားနာဖူး သင်ကြားဖူးသော တရားကို နှုတ်ဖြင့် အဖန်တလဲလဲ ရွတ်ဆိုလေလော့(၃)

အဲဒါမှ မပျောက်သေးလို့ရှိရင်လည်း ကိုယ် ကြားနာဖူး သင်ဖူးတဲ့ စာကလေး နှုတ်နဲ့ပဲ ရွတ်ပေတော့တဲ့။ အိပ်ချင်စိတ် ပျောက်သွားအောင် ရွတ်လိုက်ပေတော့တဲ့။ ဒါကတော့ ဘေးနားမှာ ယောဂီတွေမရှိမှ နေရာကျမယ်။ ဘေးနားမှာ သူများက သမာဓိကောင်းကောင်းနဲ့ အားထုတ်နေရင် ကိုယ်က စာတွေ ရွတ်နေရင်တော့ နေရာမကျဘူး၊ ရွတ်ချင်ရင် ခပ်ဝေးဝေးမှာ သွားရွတ်မှဖြစ်မယ်။ ဒီမှာ စာမရွတ်ရဘူးလို့ ဥပဒေနဲ့ လုပ်ထားရတယ်။ ဘုရားရှိခိုးတောင်မှ စိတ်နဲ့အာရုံပြုပြီး ရှိခိုးပါလို့။ ကမ္မဋ္ဌာန်းကျောင်းမှာ အသံကျယ်ကျယ်လုပ်နေရင် တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ အနောင့်အယှက်ဖြစ်နေမှာပေါ့။

http://www.dhammadownload.com

အခု ရှင်မောဂ္ဂလ္လာန် တရားအားထုတ်တဲ့အရပ်ကတော့ သူတစ်ပါးတည်း ရှိမှာပါ၊ ဘယ်လောက်ရွှတ်ရွှတ် ဘာမှကိစ္စရှိမှာ မဟုတ်ပါဘူး။ ဘယ်သူမှလည်း ကြားမှာမဟုတ်ပါဘူး။ ဒါကတော့ ရွှတ်နိုင်ပါတယ်။ ဘေးနားက အတူအားထုတ်တဲ့ ပုဂ္ဂိုလ်ရှိနေရင်တော့ ရွှတ်လို့ နေရာမကျဘူး။

ရှင်အနုရုဒ္ဓါ၊ ရှင်ကိမိလ၊ ရှင်နန္ဒိယတို့သုံးပါး တရားအားထုတ်နေစဉ် ကာလတုံးက တစ်ဦးနဲ့တစ်ဦး သမာဓိ မပျက်အောင် စောင့်ရှောက်တဲ့နည်းလေးတွေ ရှိပါတယ်။ အရေးအကြောင်းရှိလို့ အကူအညီလိုလို့ တစ်ပါးကို သွားခေါ်တာတောင်မှ အသံပြုပြီးတော့ မခေါ်ဘူးတဲ့၊ ဥပမာ- ရေခပ်စရာရှိတယ်၊ တစ်ပါးတည်းမနိုင်ဘူးဆိုရင် အကူအညီလိုတဲ့အခါကျတော့ အဲဒီတစ်ပါးထံသွားပြီး ရှေ့တည့်တည့်ကနေပြီးတော့ ရပ်နေတယ်။ ဟိုကိုယ်တော်က ငုံ့ပြီးတော့ မကြည့်ဘဲနဲ့ နေရင်လည်းပဲ စောင့်နေရမှာပေါ့လေ။ မျက်စိမှိတ်ပြီး အားထုတ်နေရင်လည်းပဲ စောင့်နေရမှာပဲ။ မျက်စိဖွင့်ပြီး မော့ကြည့်လို့ မြင်သွားလို့ရှိရင် အဲဒီအခါကျတော့ လက်နဲ့ယပ်ခေါ်တာ၊ ဟိုရောက်တဲ့အခါကျတော့ ရေအိုးတစ်ဖက်က ကိုင်၊ ဟိုကတစ်ဖက်က ကိုင်၊ ဘာလုပ်ရမယ်ဆိုတာ သိနေတာပဲ၊ စကားလည်း မပြောဘူး၊ တော်ရုံတန်ရုံ အသံလည်းမပြုဘူးတဲ့။

http://www.dhammadownload.com

သုံးပါးရှိတာမှာ ဒီနှစ်ပါးကနေပြီး အသံပြုလိုက်ရင် ဟိုတစ်ပါးရော အကုန်လုံး သမာဓိပျက်နေမယ်။ ဘာကိစ္စပါလိမ့်လို့ စဉ်းစားလိုက်ရင်လည်း သမာဓိပျက်နေမယ်။ အဲဒီလို မဖြစ်ရအောင်လို့ အချင်းချင်း စကားမပြောပါဘူးတဲ့။ တိတ်တိတ်ကလေးပဲ လုပ်စရာလေးတွေ ဆောင်ရွက်ပါတယ်။ အဲဒီလိုပဲ အများနဲ့နေတဲ့ နေရာမှာတော့ စာတွေဘာတွေရွတ် ကျယ်ကျယ်လောင်လောင် ဘုရားရှိခိုးတာ၊ ဆူဆူညံညံလုပ်တာ မကောင်းဘူး။ သူများ အန္တရာယ် ဖြစ်တယ်၊ အဲဒါမလုပ်ရဘူးလို့ ဥပဒေလုပ်ထားတယ်။

အခုဟာက အိပ်ဝိုက်ပျောက်အောင်လို့ စာရွတ်တဲ့နည်း မြတ်စွာဘုရားက ပေးထားတယ်။ ကိုယ်ကြားဖူးသမျှ သင်ဖူးသမျှ စာလေးတွေ ရွတ်လိုက်ပါတဲ့၊ ရွတ်လိုက်လို့ရှိရင် အိပ်ချင်ပျောက်သွားပါလိမ့်မယ်တဲ့။ ၃-နည်း ရသွားပြီနော်။

နားနှစ်ဖက်ကို လက်ဖြင့်ဆွဲ၊ ကိုယ်ကို လက်ဖြင့်
ပွတ်သပ်ပါလေလော့(၄)

ဒါမှ မပျောက်သေးလို့ရှိရင် ကိုယ့်နားနှစ်ဖက်ကို လက်နဲ့ဆွဲပါတဲ့။ ကိုယ်မှာလည်းပဲ လက်နဲ့ပွတ်သပ်ပါတဲ့။

http://www.dhammadownload.com

ကိုယ်ကို လက်နဲ့ လျှောက်ပွတ်သပ်လိုက်ရင် အိပ်ချင်ပြေသွား ပါလိမ့်မယ်တဲ့။ ဒါက လေးနည်းကိုး။

သညာပြောင်းပေး၊ စာကြံတွေး၊
ရွတ်ရေးနားဆွဲလေ။

ဘုရားတို့ရဲ့ အိပ်ချင်ငိုက်မျည်းပျောက်ရေး ဟောထား တဲ့နည်း။ ယောဂီပုဂ္ဂိုလ်တွေနဲ့ ဆိုင်တဲ့ တရားပဲ။ ကိုယ်မှာ လည်းပဲ ကျောတို့ ရင်တို့ လက်မောင်းတို့ လျှောက်ပြီး လက်နဲ့ ပွတ်သပ်၊ အိပ်ချင်ပြေသွားအောင် လုပ်ရတာပဲ။ ခါးတို့ ကိုယ် တို့ဆန့်၊ ယိမ်းယိုင်လှုပ်ရှား၊ ဒါ လုပ်ရမယ့် ဥစ္စာတွေပါပဲ။ ကြာရိယာပုထ်ကို ပြောင်းလဲပစ်ရမယ်။

မျက်စိကိုပွတ်သပ်၍ အရပ်မျက်နှာ ကြယ်တာရာတို့ကို လှည့်လည်၍ကြည့်ရှုလေလော့(၅)

ဒါမှ မပျောက်သေးလို့ရှိရင်တော့ မျက်စိတွေ ပွတ်သပ် ပေးပါတဲ့။ စက္ခုနိ- မျက်စိတို့ကို၊ အနုမဇ္ဇေယျာသိ- ပွတ်သပ် လေလော့။ ဒိသာ- အရပ်မျက်နှာတို့ကို၊ အနုဝိလောကေ ယျာသိ- လှည့်လည်၍ကြည့်ရှုလေလော့၊ နက္ခတ္တာနိ- နက္ခတ် တို့ကို၊ တာရကရူပါနိ- ကြယ်အပေါင်းတို့ကို၊ ဥလ္လောကေယျာ သိ- မော့ကြည့်လေလော့။ မျက်စိပွတ်သပ်ပြီးတော့ အရပ်

http://www.dhammadownload.com

မျက်နှာတွေ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ လျှောက်ပြီး တော့်ကြည့်ပါတဲ့။ ကောင်းကင်မော့ကြည့်ပြီး လတို့ ဂြိုဟ်တို့ နက္ခတ် ကြယ်တာရာတွေ လျှောက်ပြီးတော့ ကြည့်လိုက်ပါတဲ့။ အိပ်ချင်ပြေသွားအောင်လို့ လုပ်ရတာပဲ၊ အဲဒါက တစ်နည်း။

အရောင်အလင်း အမှတ်သညာကို နှလုံးသွင်းပါလေလော့(၆)

ဒါမှမပျောက်သေးရင် အာလောကသည် မနသိကရောဟိ- အရောင်အလင်း အမှတ်သညာကို နှလုံးသွင်းပါတဲ့။ ညဖြစ်လို့ရှိရင် အရောင်အလင်းတွေ စိတ်ထဲမှာပေါ်နေအောင် နေ့က အရောင်အလင်းတွေ ပြန်ပြီးစဉ်းစားပါ။ လရောင်ရှိရင်လည်း လရောင်၊ မီးရောင်ရှိရင်လည်း မီးရောင်၊ အဲဒါကို နှလုံးသွင်းပါတဲ့။ အဲဒါကို မျက်စိနဲ့လည်းကြည့်၊ စိတ်နဲ့လည်း နှလုံးသွင်းပါတဲ့။ ယထာ ဒိဝါ တထာ ရတ္တိ- နေ့မှာလိုပဲ ညမှာလည်းပဲ စိတ်ထဲမှာ လင်းနေအောင်လို့ နှလုံးသွင်းပါတဲ့။ တတ်နိုင်လို့ရှိရင်တော့ အရောင်အလင်းတွေ ပေါ်လာတဲ့ ကမ္မဋ္ဌာန်းရှိတယ်၊ ကမ္မဋ္ဌာန်းနှလုံးသွင်းလိုက်ရင် အရောင်အလင်းတွေ ပေါ်လာတယ်။ အထူးအားဖြင့် ဥဒယဗ္ဗယ ဉာဏ်ပိုင်းတွေမှာ တရားနှလုံးသွင်းလိုက်ရင် အရောင်အလင်းတွေ ပေါ်လာတယ်၊ အဲဒီ အရောင်အလင်းတွေ နှလုံးသွင်းပါတဲ့။

http://www.dhammadownload.com

အရောင်အလင်းကသိုဏ်း အစက အားထုတ်ထားလို့ စွာန်ရ ထားရင်တော့ နလုံးသွင်းလိုက်ရင် အလင်းတွေ ပြန်ပေါ်လာ တယ်။ အဲဒီ အရောင်အလင်းကသိုဏ်းတွေ နလုံးသွင်းပါတဲ့။ အလင်းထဲရောက်ပြီးနေတော့ စိတ်တွေကြည်လင်ပြီး အိပ်ချင် စိတ် အကုန်လုံး ပြေသွားပါလိမ့်မယ်တဲ့။

ဆောင်သောအမှတ်သညာ ရှိသည်ဖြစ်၍
စကြံလျှောက်ပါလေလော့(၇)

ဒါမှမပျောက်သေးဘူးဆိုလို့ရှိရင် စကြံ လျှောက်ပေ တော့တဲ့။ ပစ္ဆာပုရေသည်- နောက်သို့လည်းကောင်း၊ ရှေ့သို့ လည်းကောင်း၊ ဆောင်သောအမှတ်သညာ ရှိသည်ဖြစ်၍၊ ဝါ၊ ရှေ့ရောနောက်ရော ဆောင်သောအမှတ်သညာ ရှိသည်ဖြစ် ၍၊ ခြေထောက်ကြွသည်ကစပြီး ခြေလှမ်းဆုံးသည့်တိုင်အောင် ရှေ့ရောနောက်ရော အစဉ်မပြတ်လိုက်ပြီးတော့ ရှုသွားတာ ပေါ့။ ညာဘက်ကလှမ်းလိုက် တစ်ဖက်ခြေထောက် ကြွသည် ကနေပြီး နောက်ပိုင်းကနေပြီး ရွှေ့လာ၊ ရှေ့ပိုင်းရောက်။ ဘယ်ဘက်ကလှမ်းလိုက် နောက်ပိုင်းကနေပြီး ရှေ့ပိုင်း ရောက်။ ပစ္ဆာပုရေသည်- နောက်ရောရှေ့ပါ ရှေ့ရှုဆောင် သော အမှတ်သညာ ရှိသည်ဖြစ်၍။

http://www.dhammadownload.com

ယောဂီတွေမှာ ဒီအတိုင်း အားထုတ်ရတာပါပဲ။ အိပ်ငိုက်သည်ဖြစ်စေ၊ မငိုက်သည်ဖြစ်စေ စကြံလျှောက်ရင် ဒီလိုပဲ လျှောက်ရတာပါပဲ။ နောက်ရောရှေ့.ပါ မလွတ်အောင် အမှတ်သညာနဲ့၊ အမှတ်သတိလေးနဲ့၊ ဒီမှာတော့ သညာလို့ပဲ ဟောတယ်။ သညာက တစ်ခါတစ်ခါ ပညာကိုလည်းပဲ ဟောတာပဲ။ အခုဟာကတော့ ပညာတို့ သတိတို့နဲ့ ဆိုင်တယ်။

နောက်ရောရှေ့.ရော အမှတ်သညာကို ဆောင်သည်ဖြစ်၍၊ အန္တောဂတေဟိ- အတွင်း၌ တည်ကုန်သောကွန်ဖြူတို့ ဖြင့်၊ ကွန်ဖြူယေဟိ- ကွန်ဖြူတွေကလည်း အတွင်းမှာတည်နေပြီတဲ့။ မျက်စိက အပြင်လျှောက်ပြီး မကြည့်စေနဲ့။ ကွန်ဖြူဆိုတာ မျက်စိတို့၊ နား‌တို့၊ နာခေါင်းတို့၊ လျှာတို့၊ ကိုယ်တို့၊ ဒါတွေပြောတာပါ။ မျက်စိက ဟိုဟိုဒီဒီအာရုံတွေ လျှောက်ပြီးတော့ ကြည့်မနေစေနဲ့။ နားကလည်းပဲ အသံတွေတော့ ကြားချင်ကြားနေမှာပဲ၊ ဒါပေမယ့်လို့ တမင်တကာ နားမထောင်နဲ့တဲ့။ နာခေါင်းတို့ လျှာတို့ကတော့ သိပ်ပြီးတော့ သွားစရာမရှိပါဘူး။ ကိုယ်ကလည်းပဲ အတွေ့.အထိတွေ တယ်မရှိပါဘူး။ အရေးကြီးတာကတော့ မျက်စိနဲ့ နား‌ပါပဲ။

အန္တောဂတေဟိ- အတွင်း၌တည်ကုန်သော၊ ကွန်ဖြူယေဟိ- ကွန်ဖြူတို့နှင့်တကွ၊ အဗဟိဂတေန- အပြင်သို့မသွား

http://www.dhammadownload.com

သော၊ မနသာ- စိတ်ဖြင့်တဲ့၊ စက်မံ- စကြဲကို၊ အဓိဋ္ဌာဟိ-ဆောက်တည်လေလော့။ စကြဲလျှောက်ပါတဲ့။ စိတ်က အပြင်မသွားဘဲနဲ့ ကိုယ်ထဲတွင်ပဲ ခြေထောက်ကြွရင် ကြွတာ၊ လှမ်းရင် လှမ်းတာ၊ ချရင် ချတာ၊ ရွှေ့ရင် ရွှေ့တာ၊ ကိုယ်တို့ ယိမ်းရင် ယိမ်းတာ၊ ကိုယ်ထဲတင်ပဲ လှုပ်ရှားမှု တောင့်တင်းမှုတွေ ဒါတွေ သိရမှာပေါ့။

ဂစ္ဆန္တောဝါ ဂစ္ဆာမိတိ ပဇာနာတိ၊ ဂစ္ဆန္တောဝါ- သွားသည် ရှိသော်လည်း၊ ဂစ္ဆာမိတိ- သွားသည်ဟူ၍၊ ပဇာနာတိ- သိ၏။ စကြဲလျှောက်တဲ့အခါမှာ သွားတာကို သိရမယ်တဲ့၊ ဒါပေမဲ့ သွားတိုင်းသွားတိုင်း၊ ကိုယ်အမှုအရာတွေ တောင့်တင်းတိုင်း၊ လှုပ်ရှားတိုင်း အကုန်လုံးမှတ်တော့ ဒီထဲမှာ တောင့်တင်း လှုပ်ရှားမှု ဝါယောဓာတ်တွေကို သိပါတယ်။ ကိုယ်ထဲက တောင့်တင်းတဲ့သဘောတွေ၊ ခြေထောက်ထဲက တောင့်တင်းတာ၊ ပေါင်ထဲက တောင့်တင်းတာ၊ ခါးထဲက တောင့်တင်းတာ၊ ကိုယ်က တောင့်တင်းတာ၊ လက်ထဲက တောင့်တင်းတာ၊ စိတ်စိုက်မိရာမှာ တောင့်တင်းတဲ့သဘောတွေ သိပါတယ်။ တောင့်တင်းရုံ မကဘူး၊ လှုပ်ရှားတဲ့သဘော၊ တွန်းပို့နေတဲ့သဘော၊ တွန်းဆောင်နေတဲ့သဘော၊ ဒါတွေကို သိသွားရမယ်တဲ့။

http://www.dhammadownload.com

ပစ္စာပုရေသည်- နောက်ရောရှေ့ပါ ရှေ့ရှဆောင်သော အမှတ်သညာရှိသည်ဖြစ်၍၊ နောက်ပိုင်းကနေပြီး ခြေလှမ်းဆုံးတော့ ရှေ့ပိုင်းရောက်လာတယ်၊ တစ်ခါ ဟိုဘက်ကနေ ကြွတာ နောက်ပိုင်းကစပြီး ရှေ့ပိုင်းရောက်တယ်၊ နောက်ပိုင်းက ရှေ့ပိုင်းရောက်အောင် အမှတ်သညာမလွတ်ဘဲနဲ့ စင်္ကြံလျှောက်ပါတဲ့။ သေချာစူးစိုက်ပြီးတော့လျှောက်ရင် အိပ်ချင်ငိုက်မျည်းခြင်း ပြေဖို့ပါပဲ။ အဲဒါ ၇-နည်း ကုန်ပါပြီ။

သညာပြောင်းပေး၊ စာကြံတွေး၊
ရွတ်ရေးနားဆွဲလေ။
မျက်စိပွတ်ရန်၊ အလင်းကြံ၊
စင်္ကြံလျှောက်ပါလေ။
ငိုက်မျည်းပယ်ရှား၊ ခုနစ်ပါး၊ ဘုရားညွှန်ပြပေ။

ငိုက်မျည်းခြင်း မပျောက်သေးလျှင် အမှတ်သတိနဲ့ အိပ်ပါလေ

အဲဒီ ၇-ပါး ညွှန်ပြပြီးတဲ့နောက် စင်္ကြံလျှောက်လို့မှ အိပ်ချင်ငိုက်မျည်းခြင်း မပျောက်သေးရင် ဒကို့ကောန ပသေသန သီဟသေယျံ ကပွေယျာသိ။ ဒကို့ကောန ပသေသန- လက်ယာနံပါးဖြင့်၊ သီဟသေယျံ- ခြသေ့ကဲ့သို့ အိပ်ခြင်းကို၊ ကပွေယျာသိ- ပြုလေလော့တဲ့။

http://www.dhammadownload.com

ဒါမှ မပျောက်လှရင်တော့ ခဏတဖြုတ် လှဲလျောင်းပြီးနေမှ ဖြစ်တော့မှာပဲတဲ့။ နောက်ဆုံးတော့ ဖြေဖျောက်တဲ့နည်း မဟုတ်ဘူး၊ ဒါကတော့ လျှော့ပေးရတဲ့နည်း၊ သူ့အလိုလိုက်ရတာပဲ။ လက်ယာနံတောင်းနဲ့ စောင်းပြီးသကာလ အိပ်ရမယ်တဲ့။ ညာဘက် စောင်းအိပ်တော့ မြန်မြန်နိုးလွယ်တဲ့လက္ခဏာ ရှိပါတယ်။ လက်ယာနံတောင်း စောင်းပြီးသကာလ ခေတ္တခဏ လှဲလျောင်းအိပ်ပါတဲ့။ အိပ်တော့လည်းပဲ စိတ်ချလက်ချ အိပ်ရမှာမဟုတ်ဘူး၊ သတော သမွဏနော။ သတော-အမှတ်ရသည်ဖြစ်၍၊ သမွဏနော- သိသည်ဖြစ်၍၊ အိပ်တဲ့အခါမှာလည်း သတိတရားလေး ပါပါစေတဲ့။ ထိုင်ရာကနေပြီးလဲတာတွေ၊ လက်တွေကိုယ်တွေ ပြုပြင်တာတွေ ဒါတွေအကုန်လုံး အမှတ်သတိနဲ့ သွားရမှာ။ အမှတ်သတိနဲ့ သမွဇဉ်နဲ့ အိပ်ပါတဲ့။

ဥဋ္ဌာနသည် မနသိကတွာ- တော်တော်ကြာရင် ထမယ်ဆိုတဲ့ နှလုံးသွင်းလေးလည်း ထားဦးတဲ့။ တစ်ခါတည်း စိတ်ချလက်ချကြီး မအိပ်လိုက်ပါနဲ့တဲ့။ ဘယ်လောက် ကြာလို့ ရှိရင် ငါ ဒီကထပြီး တရားအလုပ်လုပ်မယ်ဆိုတဲ့ နှလုံးသွင်းလေးရှိပါတဲ့။ အဲဒီလို နှလုံးသွင်းပြီး ခေတ္တခဏလှဲအိပ်၊ အိပ်ရာက နိုးလာပြီဆိုရင် နိုးနိုးချင်း အိပ်ရာက ထပါတဲ့။

http://www.dhammadownload.com

နိုးနိုးချင်း အိပ်ရာက မထသေးဘဲနဲ့ ညာဘက်က ညောင်းတော့ ဘယ်ဘက်ကို စောင်းပြီး တစ်ခါအိပ်လိုက်၊ ဘယ်ဘက်ကညောင်းတော့ ညာဘက်ကို စောင်းပြီးအိပ်လိုက်၊ အဲဒီလို မလုပ်ပါနဲ့တဲ့။ န သေယျသုခံ န ပဿသုခံ န မိဒ္ဓသုခံ အနယုတ္တော ဝိဟရိဿာမိ။ သေယျ သုခံ- လဲလျောင်းပြီး နေလို့ရတဲ့ ချမ်းသာမျိုး ခံစားပြီးတော့မနေဘူးလို့ နှလုံးသွင်းပါတဲ့။ ပဿသုခံ- ညာဘက်ကညောင်းရင် ဘယ်ဘက်နဲ့ စောင်းပြီး တစ်ခါအိပ်လိုက်၊ ဘယ်ဘက်က ညောင်းရင် ညာဘက်နဲ့စောင်းပြီး တစ်ခါအိပ်လိုက်၊ ဘယ်ပြောင်းညာပြန် ပေါ့လေ၊ အဲဒီလို ရွှေ့ပြောင်းပြီးအိပ်ရတဲ့အတွက် ချမ်းသာတဲ့နေကောင်းထိုင်သာမျိုးလည်းပဲ ခံစားပြီးတော့မနေဘူးလို့ နှလုံးသွင်းပါတဲ့။

နောက်ပြီးတော့ မိဒ္ဓသုခံတဲ့၊ နိုးနိုးချင်း အိပ်ရာက မထသေးဘဲနဲ့ မှိန်းပြီးတော့နေရတဲ့ ချမ်းသာလည်းပဲ သုံးဆောင်မှီဝဲ မနေဘူး၊ ငါ အိပ်ရာကနိုးနိုးချင်း ထမယ်ဆိုတဲ့ စိတ်ကလေး ထားပါတဲ့။ နိုးပြီဆိုတာနဲ့ ထပြီး တရားအားထုတ်ပါတဲ့။ ဒါကတော့ ခဏတဖြုတ်အိပ်တဲ့အခါကာလ သြဝါဒပေးတာပါပဲ။

http://www.dhammadownload.com

အခုယောဂီတွေလည်း ဒီလိုပဲ အားထုတ်ရတယ်။ တစ်နေ့လုံးလည်း နေ့မှာအားထုတ်နေ၊ တစ်ညလုံးလည်း ညမှာအားထုတ်နေဆိုတော့ ညဉ့်နက်လို့ အိပ်ချိန်ကျတဲ့အခါ ကျန်းမာရေးလည်းရအောင်လို့ သန်းခေါင်ယံတော့ လဲလျောင်းပြီး အိပ်ဖို့ မြတ်စွာဘုရားက ခွင့်ပြုထားပါတယ်။ ခဏတဖြုတ် လဲလျောင်းအိပ်ပေါ့၊ မနက်မှာ နှစ်နာရီထမယ်စသည်ဖြင့် နှလုံးသွင်းပြီးတော့ အိပ်၊ အိပ်ရာက နိုးလာတာနဲ့ ဇိမ်ခံပြီးတော့ မနေဘဲနဲ့ ထပြီးတော့ အားထုတ်ရမယ်တဲ့၊ ဒါပြောပါတယ်။

ဆွမ်းခံသွားတဲ့အခါ မာန်မာနနဲ့ ထောင်လွှားမှု မရှိပါစေနှင့်

နောက်ပြီးတော့ တခြားကိစ္စလေးတွေလည်း ဩဝါဒပေးတာ ပါတယ်။ ဆွမ်းခံသွားတဲ့အခါ ဥစ္စာသောက္ကာတဲ့၊ မြင့်မောက်တဲ့ မာနတည်းဟူသော တံခွန်ပေါ့လေ၊ တံခွန်ထူပြီး သကာလ မသွားပါနဲ့တဲ့။ စကြံသွားလို့ရှိရင် စိတ်ထဲက စိတ်နေမြင့်ပြီးသကာလ မသွားပါနဲ့တဲ့။ ဆွမ်းလောင်းနေကျ လှူနေကျအိမ်တွေ ရောက်တဲ့အခါမှာ တချို့ ဒကာ ဒကာမတွေလည်း သူကိစ္စတွေနဲ့သူဆိုတော့ မမြင်ဘဲနဲ့ နေတတ်တယ်တဲ့၊ နှလုံးမသွင်းမိဘဲ နေတတ်တယ်တဲ့၊ အဲဒီလိုအခါကာလ ကိုယ်က စိတ်နေခပ်မြင့်မြင့်နဲ့ **မာန်မာနနဲ့** ထောင်လွှား

http://www.dhammadownload.com

ပြီးသွားလို့ရှိရင် ငါလာတာတောင် ဂရုမစိုက်ဘူးဆိုပြီးတော့ အဲဒီလိုစိတ်တွေ ရောက်ကုန်တတ်တယ်တဲ့။ အဲဒါ ကြောင့် ထောင်လွှားတဲ့ မာန်မာနစိတ် မရှိဘဲနဲ့ သင့်လျော်တဲ့ နှလုံးသွင်းဖြင့် သွားပါတဲ့။ ဒါလေးလည်း ပါတယ်။ ရှင်မောဂ္ဂလ္လာန်လည်းပဲ သောတာပန်ပဲ၊ ရဟန်းလည်း ပြုခါစပဲ ရှိသေးတယ်၊ သာသနာ အဦးအစကတည်းက ဒီဩဝါဒ ပေးထားတယ်။ အရေးကြီးတဲ့ဥစ္စာ တစ်ခုပါပဲ။

အငြင်းအခုံ ဆန့်ကျင်ဘက်စကားတွေ ပြောဆိုခြင်းမှ ကြဉ်ရှောင်ပါ

နောက်တစ်ခုက အငြင်းအခုံ ဆန့်ကျင်ဘက်စကားတွေ ပြောဆိုခြင်းမှ ကြဉ်ရှောင်ပါတဲ့။ ဒါကတော့ သူတို့က မှုလက ဗြာဟ္မဏတွေကိုး။ ဗြာဟ္မဏပုဏ္ဏားတွေဆိုတာ အင်မတန် အယူသန်တာ၊ ဘုရားပွင့်လာတဲ့အချိန် ဗြာဟ္မဏတွေက လောကမှာ လူတွင်ကျယ်တွေပဲ၊ သူတို့ပဲ ဆရာလုပ်မယ်၊ တိုင်းပြည်အုပ်ချုပ်ရေးမှာလည်း သူတို့ပဲ၊ ပုရောဟိတ် ပုဏ္ဏားကြီးတွေ မင်းဆရာတွေလည်း သူတို့ပဲ။ အထက်တန်းကျပြီးတော့နေတဲ့ အမျိုးတွေ ဖြစ်နေတာကိုး။

http://www.dhammadownload.com

ရှင်မောဂ္ဂလ္လာန်တို့ ရှင်သာရိပုတ္တရာတို့နဲ့ စပ်တဲ့ ဗုဒ္ဓဘာသာမဟုတ်သေးတဲ့ ဗြာဟ္မဏတွေက လာပြီးတော့ မေးချင်းလည်းမေးမယ်။ ဘာဖြစ်လို့ ဗြာဟ္မဏအယူ စွန့်ပြီး ရဟန်းပြုရတာလဲ၊ ဘာကောင်းလို့လဲ စသည်ဖြင့် ပြောလို့ရှိရင် တော့ ပြန်ပြီးချေပရတာလည်း ရှိလိမ့်မယ်။ သာသနာက စခါစ ရှိသေးတာကိုး။ ရှင်မောဂ္ဂလ္လာန်တို့ဆိုတာ အင်မတန်ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ပြောရင်တော့ အနိုင်ရမှာပါပဲ။

ဒါပေမဲ့ မြတ်စွာဘုရားက အငြင်းအခုံပြောရတဲ့ စကား မျိုး ကြဉ်ရှောင်ပါလေတဲ့၊ မပြောပါနဲ့တဲ့။ တရားအားထုတ်တဲ့ အခါ ယောဂီတွေက ရှောင်ရတယ်၊ တရားနဲ့စပ်ပြီးတော့ အပြင်ပကပုဂ္ဂိုလ်တွေက သူတို့ ပြောချင်တာတွေပြော၊ အခု ကာလဆို သတင်းစာတွေထဲ တောင်ရေးမြောက်ရေး ရေးတာ တွေရှိတယ်၊ ပရိယတ်လည်း သူတို့ ကောင်းကောင်းတတ် တာ မဟုတ်ဘူး၊ ပဋိပတ်လည်း သူတို့ ကျကျနန အားထုတ် ထားတာမဟုတ်ဘူး။ ဒါပေမဲ့ သူတို့က ဆရာကြီးလုပ်၊ သူတို့ ကမှ သဘာဝကျသလိုလိုနဲ့၊ တချို့ကလည်း အခုကာလ ပုဂ္ဂိုလ်တွေလောက် မပြောနဲ့၊ ရှေးက ရှင်မဟာဗုဒ္ဓယောသလို အဋ္ဌကထာဆရာကြီးတွေတောင် ပယ်ချလိုက်သေးတယ်။ တချို့ ပယ်လိုက်တာ ဘုရားဟောပါဋိတော်မှန်း မသိဘူး၊

http://www.dhammadownload.com

နောက်ပုဂ္ဂိုလ်တွေ ရေးထားတာမှတ်လို့တဲ့၊ အပြီးသတ်တော့ ဘုရားဟောတွေဖြစ်နေတယ်။

တရားအားထုတ်တဲ့ယောဂီတွေက ငြင်းနေလို့တော့ မဖြစ်ဘူး၊ ငြင်းရင် စိတ်ပျံ့.လွင့်မယ်၊ ကိုယ်ကျင့်တဲ့ ကမ္မဋ္ဌာန်းတရားတွေလည်း မြဲတည်မနေဘူးတဲ့။ ငြင်းရခုံရမှတော့ ဟိုလူပြောတဲ့စကားလည်း နားထောင်ရ၊ သူပြောတဲ့စကား မှားယွင်းတာတွေ အပြစ်တွေ လိုက်ရှာရ၊ ပြန်ပြောဖို့ရာအတွက် အကြောင်းလည်း လိုက်ရှာရတော့ အလုပ်တွေပျက်နေတာပေါ့။ အဲဒီတော့ စိတ်ပျံ့.လွင့်မယ်တဲ့။ စိတ်ပျံ့.လွင့်ရင် သမာဓိမဖြစ်တော့ဘူး။ အဲဒါကြောင့် ဆန့်ကျင်ဘက်ဖြစ်တဲ့ ငြင်းစရာခုံစရာ စကားတွေလည်း ရှောင်ကြဉ်ပါလေတဲ့၊ ဘုရားကဟောပြတယ်။

စိတ်ထဲကနေ စိတ်ကူးပြီးတော့ ငြင်းတာလည်း ရှိသေးတယ်။ တရားအားထုတ်နေရင် ကိုယ်ကသဘောကျတဲ့အချက်တွေ.တော့ ရှေးက ဆွေးနွေးဖူးတဲ့ သဘောမကျတဲ့ပုဂ္ဂိုလ်တွေ စိတ်ထဲမှာသွားပြီးတော့ တရားတွေ ဟောနေတတ်တယ်။ စိတ်ကူးထဲမှာ ဟိုလူနဲ့ သွားတွေ.လိုက် စကားပြောလိုက် တရားဟောလိုက် ဟိုတရားငြင်းလိုက် ဒီတရားငြင်းလိုက် လုပ်နေရင် သမာဓိပျက်တယ်၊ မလုပ်နဲ့တဲ့။ အဲဒါ

http://www.dhammadownload.com

မြတ်စွာဘုရားသြဝါဒ၊ ခုနက ဆွမ်းခံရာမှာ စိတ်တွေ မြင့်ပြီးတော့ မသွားဖို့၊ စကားတွေ အငြင်းအခုံတွေလည်း မပြောဖို့၊ ဒါလေးနှစ်ခု ပေးပါတယ်။ ဒါက ခုကာလ ရဟန်းယောဂီတွေနဲ့ အကုန်လုံးဆိုင်ပါတယ်။ ဒါက အသုံးကျတဲ့ဥစ္စာတွေပါပဲ။

ရှင်မောဂ္ဂလ္လာန်က မြတ်စွာဘုရားထံ တရားအကျင့်ပဋိပတ်ကို မေးလျှောက်ခြင်း

နောက်ပြီးတော့မှ ရှင်မောဂ္ဂလ္လာန်က မြတ်စွာဘုရားကို လျှောက်တယ်။

ကိတ္တာဝတာ နု ခေါ ဘန္တေ ဘိက္ခု သံခိတ္တေန တဏှာသင်္ခယဝိမုတ္တော ဟောတိ အစ္ဆန္နနိဋ္ဌော အစ္ဆန္န ယောဂက္ခေမီ အစ္ဆန္နဩဃတိဏ္ဏော အစ္ဆန္နပရိယောသာနော သေဋ္ဌော ဒေဝမနုဿာန နွှဲ။ ဘန္တေ- မြတ်စွာဘုရား၊ ကိတ္တာဝတာ- အဘယ်မျှလောက်၊ ဘိက္ခု- ရဟန်းသည်၊ သံခိတ္တေန- အကျဉ်းချုပ်အားဖြင့်၊ တဏှာသင်္ခယဝိမုတ္တော- တဏှာကုန်ရာနိဗ္ဗာန်၌ လွတ်မြောက်သည်၊ ဟောတိ- ဖြစ်ပါသနည်း။ ဒါ တရားအကျင့်ပဋိပတ်ကို မေးတယ်။

မြတ်စွာဘုရားတဲ့၊ အကျဉ်းချုပ်အားဖြင့် အဘယ်မျှလောက် ကျင့်လို့ရှိရင် တဏှာကုန်ရာ နိဗ္ဗာန်ရောက်ပြီး လွတ်

http://www.dhammadownload.com

မြောက်သွားပါသလဲ၊ ရဟန္တာဖြစ်သွားပါသလဲလို့ ဆိုလိုပါတယ်။

အစွန္တနိဇ္ဇော- စင်စစ်ပြီးဆုံးခြင်းရှိသည်၊ အစွန္တနိဇ္ဇော-ပျက်စီးခြင်းတည်းဟူသော အဆုံးကိုလွန်၍ စင်စစ်ပြီးဆုံးခြင်းရှိသည်၊ ဟောတိ- ဖြစ်ပါသနည်း။ စင်စစ်ပျက်စီးခြင်းတည်းဟူသော အဆုံးပိုင်းခြားကို လွန်သည်တဲ့။ ဒါက မပျက်တော့ဘူး၊ အစဉ်ထာဝရ တည်သွားတယ်ဆိုရင် ပျက်စီးခြင်းကို လွန်နေပြီ၊ ပျက်စီးခြင်း မရှိဘူးလို့ ဆိုလိုတယ်။

လောကမှာ အလုပ်တွေရှိတယ်၊ အလုပ်တွေဟာ သူ့အစိတ်အပိုင်းနဲ့သူ ပြီးတော့ပြီးတာပါပဲ။ ဥပမာ- လယ်ယာကိုင်းကျွန်းလုပ်တဲ့ပုဂ္ဂိုလ်တွေ ဆိုပါတော့၊ ထွန်ယက်စိုက်ပျိုးပြီးသွားပြီ၊ နောက်မလုပ်ရတော့ဘူးလား၊ မေးရင် စပါးသိမ်းရဦးမယ်၊ တစ်ခါ စပါးသိမ်းလိုက်ပြန်ပြီ၊ အဲဒီနောက် မလုပ်ရတော့ဘူးလား၊ ပြီးပြီလားဆိုတော့ ဘယ်ဟုတ်မလဲ၊ နောက်မိုးဦးကျတော့ ထွန်ရစိုက်ရပျိုးရဦးမယ်။ ဘယ်တော့မှ မပြီးဘူး။ ဒီ့ပြင်အလုပ်တွေလည်း ဒီလိုချည်းပဲ၊ ဘယ်ဟာမှ မပြီးဘူး။ သေသွားရင် ပြီးပြီလားလို့ မေးစရာရှိသေးတယ်၊ သေသွားလည်း မပြီးသေးဘူး၊ နောက်ဘဝလည်း လုပ်ရပြန်တာပါပဲ။

http://www.dhammadownload.com

မြတ်စွာဘုရား၏ သာသနာမှာတော့ တရားအားထုတ်လို့ အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်ရောက်ရင် ပြီးတယ်။ နောက်လုပ်စရာမရှိဘူး၊ ဘာမှကို လုပ်စရာမရှိတော့ဘူး။ လောကဘက်ကတော့ ပညာသင်ကြားရတာလည်း မဆုံးနိုင်ပါဘူး။ တရားဘက်ကဖြင့် သောတာပတ္တိမဂ်ဖိုလ် တစ်ဆင့်၊ သကဒါဂါမိမဂ်ဖိုလ် တစ်ဆင့်၊ အနာဂါမိမဂ်ဖိုလ် တစ်ဆင့်၊ အရဟာတ္တမဂ်ဖိုလ် တစ်ဆင့်၊ အဲဒီလေးဆင့် အားထုတ်ပြီးရင် ပြီးပါပြီ။ နောက်လုပ်စရာ မရှိပါဘူး။ ဒါကြောင့် နောက်ဆုံး အရဟာတ္တမဂ် အရဟာတ္တဖိုလ်ရောက်ပြီးတဲ့ အဆင့်ကို မေးလျှောက်တာ။

အစွန္တယောဂကွေမိ- စင်စစ် ဘေးရန်ငြိမ်းသည်၊ ဟောတိ- ဖြစ်ပါသနည်း အရှင်ဘုရား။ ယောဂဆိုတဲ့ ဘေးအန္တရာယ်ခပ်သိမ်း အကုန်းငြိမ်းတယ်ဆိုတာ ဘယ်လောက်ကျင့်ရင် ဖြစ်ပါသလဲတဲ့။ အစွန္တဖြဟွစာရီ- စင်စစ်မြတ်သောအကျင့်ကို ကျင့်သောပုဂ္ဂိုလ်မည်သည်၊ ဟောတိ- ဖြစ်ပါသနည်း အရှင်ဘုရားတဲ့။ မြတ်သောအကျင့် ကျင့်တာနဲ့ပဲ အခါခပ်သိမ်း နေ့ရာညရော နာရီတိုင်း၊ မိနစ်တိုင်း၊ စက္ကန့်တိုင်း၊ ဘယ်အချိန်မှ မြတ်သောအကျင့်က လွတ်နေတဲ့အချိန် မရှိဘဲနဲ့ မြတ်သောအကျင့်ကနေ မပျက်မစီးဘဲနဲ့ အမြဲတမ်း တည်သွားတာ ဘယ်လောက်ကျင့်ရင် ပြည့်စုံမှာတုံးတဲ့။ အစွန္တ

http://www.dhammadownload.com

ပရိယောသာနော- စင်စစ်ပြီးဆုံးခြင်းရှိသည်၊ ဟောတိ- ဖြစ်ပါသနည်း အရှင်ဘုရား။ ဒေဝမနုဿာနံ- နတ်လူတို့တွင်၊ ဝါ၊ နတ်လူတို့ထက်၊ သေဋ္ဌော- မြတ်သောပုဂ္ဂိုလ်သည်၊ ဟောတိ- ဖြစ်ပါသနည်း အရှင်ဘုရား။ နတ်လူထဲမှာ မြတ်တဲ့ ရဟန္တာပုဂ္ဂိုလ် ဘယ်လောက်ကျင့်ရင် ဖြစ်ပါသလဲ။ အကျဉ်းချုပ်ကျင့်ပုံကို မြတ်စွာဘုရား ဟောတော်မူပါတဲ့။ ဒီလိုအဓိပ္ပာယ်နဲ့ ရှင်မောဂ္ဂလ္လာန်က လျှောက်ထားပါတယ်။

ဤသုတ္တန်ကို သိကြားမင်းအားလည်း ဟောကြားဖူးခြင်း

ရှင်မောဂ္ဂလ္လာန်က လျှောက်ထားလို့ မြတ်စွာဘုရားက ဒီသုတ်ကိုဟောတာ၊ သိကြားမင်းကလည်း ဒီသုတ်ကို လျှောက်ထားဖူးတယ်၊ သိကြားမင်းလျှောက်တာက နောက်ကျတယ်။ ရှင်မောဂ္ဂလ္လာန်လျှောက်တာ မြတ်စွာဘုရား ရာဇဂြိုဟ်ရောက်ခါစ ဘုရားတစ်ဝါပဲ ရသေးတယ်၊ အင်မတန် ရှေးကျတဲ့တရားပါ။ သိကြားမင်း လျှောက်ထားတာက နောက်သာဝတ္ထိပြည် ဝိသာခါလှူတဲ့ ဝိသာခါပြာသာဒ်ကျောင်းမှာ သီတင်းသုံးနေစဉ် အခါကာလမှာ လာလျှောက်ထားတာ၊ ဒါက တော်တော်နောက်ကျပါတယ်။

http://www.dhammadownload.com

သီကြားမင်းက သူစိတ်ကူးရတယ်၊ သူလည်းပဲ သောတာပန်ဖြစ်နေပါပြီ၊ တဏှာကုန်ပြီးတော့ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုရောက်သွားတဲ့ပုဂ္ဂိုလ်တွေ အကျင့်လမ်းစဉ်ထာဝရ ပြီးဆုံးသွားတဲ့ပုဂ္ဂိုလ်၊ ရဟန္တာပုဂ္ဂိုလ် ဘယ်လိုများဖြစ်မလဲလို့ ဒါလေးကို သိချင်တယ်။ တရားအားထုတ်တဲ့ ယောဂီတွေ ရက်ကလေးတော်တော်ရလာရင် သိပ်သိချင်တယ်၊ ဝိပဿနာဉာဏ်တွေဆိုတာ ဘယ်လိုဖြစ်သွားပါလိမ့်မတုံး၊ ဥဒယဗ္ဗယဉာဏ်က ဘယ်လိုဖြစ်တာပါလိမ့်၊ သောတာပတ္တိမဂ်ဖိုလ် ဘယ်လိုဖြစ်ပါလိမ့်၊ ဒါကို သိချင်တယ်။ တချို့ကဟောစေချင်တယ်။ ဘုန်းကြီးက မဟောဘူး။

ဘာဖြစ်လို့ မဟောတုံး။ တရားအားထုတ်ရင် စိတ်ကူးတွေ ဝင်နေမှာပေါ့၊ ဒီက သောတာပတ္တိမဂ်ဖိုလ် ရောက်ပုံလေးများ ဟောထားလိုက်လို့ရှိရင်ဖြင့် အဲဒါနောက် ခပ်တူတူလေးတွေရှိတယ်၊ စိတ်ကူးပြီးတော့လည်း ရောက်တတ်တယ်။ ခပ်တူတူတာလေးတွေ ဖြစ်တာနဲ့ ငါကတော့ သောတာပန်ဖြစ်ပြီ ဆိုပြီးတော့ တရားအားမထုတ်ပဲနေရင် ခက်မှာပေါ့၊ ဒါကြောင့်မို့ ရှေ့ဖြစ်မယ့်တရားတွေဆို မဟောရဘူး၊ တကယ်မပြောရဘူး၊ ဒါတွေ သဒ္ဓါတရားဖြစ်ပါစေဆိုပြီး နည်းနည်း

http://www.dhammadownload.com

လောက်ပဲ မသိမသာ ထည့်ဟောရတာ၊ တိတိကျကျ မဟောရဘူး။ ဉာဏ်စဉ်တရားကျမှပဲ တိတိကျကျ ဟောတယ်။

အခု သိကြားမင်းကလည်းပဲ သူက သောတာပန်ဖြစ်နေတော့ ဘယ်လောက်အားထုတ်ရင် ရဟန္တာဖြစ်မှာပါလိမ့်မတုံး။ ရဟန္တာဖြစ်တော့ ဘယ်လိုများဖြစ်မှာပါလိမ့်မလဲ။ ဘယ်လောက် သိရမှာပါလိမ့်မလဲ။ ဒါတွေသူသိချင်တော့ မြတ်စွာဘုရားထံ ရောက်လာပြီးတော့ သိကြားမင်းက လျှောက်တယ်။ ရှင်မောဂ္ဂလ္လာန် မေးတဲ့အတိုင်းပါပဲ။ အဲဒီလိုမေးတော့ မြတ်စွာဘုရားက အခု ရှင်မောဂ္ဂလ္လာန်ကို ဟောတဲ့အတိုင်းပဲ အကုန်လုံးတူတယ်။ ဒီသုတ်က ရှည်လည်း မရှည်ဘူး။ အဲဒါကြောင့် မြတ်စွာဘုရားက အကျဉ်းချုပ်ဟောတာ ဒီတရားလေးက ကောင်းပါတယ်၊ ရှေးကလည်း ဘုန်းကြီးဟောဖူးပါတယ်။

ဣဓ မောဂ္ဂလ္လာန ဘိက္ခုနော သုတံ ဟောတိ သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယာ တိ။ မောဂ္ဂလ္လာန- မောဂ္ဂလ္လာန်၊ ဣဓ- ဤသာသနာတော်၌၊ ဘိက္ခုနော- ရဟန်းသည်၊ သဗ္ဗေ ဓမ္မာ- အလုံးစုံသောရုပ်နာမ်တရားတို့သည်၊ အဘိနိဝေသာယ- မြဲသည့်အနေ၊ ချမ်းသာသည့်အနေ၊ ပုဂ္ဂိုလ်သတ္တဝါအနေ အားဖြင့် ထင်မြင်စွဲလမ်းခြင်းငှာ၊ နာလံ- မထိုက်တန်ကုန်၊ မသင့်လျော်ကုန်၊ ဣတိ- ဤသို့၊ သုတံ- ကြားနာဖူးသည်၊ ဟောတိ- ဖြစ်၏။

http://www.dhammadownload.com

အလုံးစုံသောတရားတွေကို မြဲတဲ့အနေအားဖြင့် စွဲလမ်းဖို့ရာလည်း မသင့်

အလုံးစုံသော တရားတွေဟာ မြဲတဲ့အနေအားဖြင့် စွဲလမ်းဖို့ရာ မသင့်ဘူး၊ ချမ်းသာတဲ့အနေအားဖြင့် စွဲလမ်းဖို့ရာလည်း မသင့်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါကောင်အနေအားဖြင့် စွဲလမ်းဖို့ရာလည်း မသင့်ဘူး။ အနိစ္စ- မမြဲတဲ့တရားတွေချည်းပဲ၊ ဒုက္ခ- ဆင်းရဲတွေချည်းပဲ၊ အနတ္တ- ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေချည်းပဲလို့ ကြားဖူးရမယ်တဲ့။ ရဟန္တာဖြစ်အောင် တရားအားထုတ်ချင်တဲ့ပုဂ္ဂိုလ် ဒီလောက်တော့ ကြားဖူးရမယ်လို့ ဆိုလိုတယ်။

လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခအနတ္တာ။
ဤရွေ့ဤမျှ၊ ကြားဖူးက၊
သုတလုံလောက်ပါ။

အလုံးစုံသော တရားတွေဟာ အနိစ္စ ဒုက္ခ အနတ္တ တရားတွေပဲလို့ ဒီလောက်ကြားဖူးလို့ရှိရင် ရဟန္တာဖြစ်အောင် တရားအားထုတ်ဖို့ရာ သုတမယညာဏ် ပြည့်စုံပြီတဲ့။ သုတမယညာဏ်၊ စိန္တာမယညာဏ်၊ ဘာဝနာမယညာဏ်၊ ဒီလိုရှိတာကိုး။ မြတ်စွာဘုရား၏ သာသနာတော်မှာ တရားအားထုတ်တဲ့ပုဂ္ဂိုလ်ဆိုတာ ရှားဦးစွာ သုတရှိရတယ်။ မကြားဖူးဘဲနဲ့ ကိုယ့်

http://www.dhammadownload.com

စိတ်ကူးနဲ့ကိုယ် အားထုတ်ဖို့တော့ မဖြစ်ဘူး။ ရှင်သာရိပုတ္တရာလို အင်မတန်အထက်တန်းကျတဲ့ ပုဂ္ဂိုလ်ကြီးတောင်မှ မြတ်စွာဘုရား၏တပည့်ဖြစ်တဲ့ အာသဇိမထေရ်ထံကနေ ဒီတရားလေးနာရမှ သောတာပန်ဖြစ်တယ်၊ ကိုယ့်ဟာကိုယ်တော့ မဖြစ်နိုင်ဘူး။

တရားအားထုတ်လျှင် ရှိသင့်သည့်
သုတမယညာဏ် အတိုင်းအတာ

အဲဒါကြောင့် တရားအားထုတ်ရင် သုတမယညာဏ် ရှိရမယ်တဲ့၊ ပရိယတ် ခေါ်တာပေါ့လေ။ ပရိယတ်ရှိမှ ပဋိပတ်ဖြစ်တယ်လို့ ပြောကြတယ်။ အဲဒီ ပရိယတ်သုတက တစ်ကျမ်းတစ်ဖဲ့.ကြီး ကြားနာသင်ကြားထားရမှာလားဆိုတော့ ဒီလိုမဟုတ်ပါဘူး၊ အများကြီး ကြားနာသင်ကြားထားရင်လည်း ကောင်းပါတယ်။ ဒါပေမဲ့ ပုဂ္ဂိုလ်တိုင်း မလိုပါဘူး။ လိုရင်းကတော့ နိစ္စ သုခ အတ္တ အနေနဲ့ စွဲလမ်းဖို့ရာ မတော်ဘူး။ မြဲတယ်လို့ ကိုယ်ကထင်တယ်၊ သူက မမြဲဘူးတဲ့။ ငယ်ငယ်ကတည်းက ရုပ်က ခုထက်ထိ တည်နေတယ်လို့ အောက်မေ့တာကိုး။ ဘယ်ဟုတ်မလဲ၊ ရုပ်တွေက ဖြစ်ပြီးပျက်ကုန်ပြီ၊ အဟောင်းတွေ မရှိတော့ဘူး၊ မြစ်ရေတွေ စီးနေ

http://www.dhammadownload.com

တာလိုပဲ၊ အဟောင်းတွေ စီးဆင်းသွားတဲ့နေရာကို အသစ်တွေ အစားထိုးရောက်လာသလို ကိုယ်ထဲက ရုပ်နာမ်တွေက ခဏတိုင်း ခဏတိုင်း အသစ်အဟောင်းပြောင်းလဲပြီးတော့ မမြဲတဲ့တရားတွေ ဖြစ်တယ်။ ဒါကြောင့်မို့ မြဲတယ်လို့လည်း စိတ်ထဲက စွဲလမ်းထားဖို့ရာ မကောင်းပါဘူးတဲ့။

ကိုယ်က ဒီရုပ်နာမ်တွေ ချမ်းသာတယ်လို့ထင်နေတာ၊ အပြီးသတ်တော့ အမြဲတမ်း ပြုပြင်နေရတာပဲ၊ နေသာထိုင်သာဖြစ်အောင်လို့ ကျန်းမာအောင်လို့ ပြုပြင်ပေးရတယ်၊ ပူလို့ရှိရင် ရွှေ့ရတယ်၊ လက်ကလေး ကွေးရဆန့်ရ၊ မျက်စိ မှိတ်ရဖွင့်ရ၊ စသည်ဖြင့် ပြုပြင်ပေးနေတာတွေ တစ်နေ့အတွင်းမှာ ဒီခန္ဓာကိုယ်ကြီး နေသာထိုင်သာအောင် ပြုပြင်ရတဲ့အကြိမ်ပေါင်းဟာ တစ်သိန်းထက်ကမယ် မဟုတ်ဘူး။ ကိုယ်က ချမ်းသာတယ်ထင်ပေမယ့် ဆင်းရဲတွေပဲတဲ့။ အကြောင်းမညီညွတ်တဲ့ အခါကျတော့ ရောဂါဝေဒနာတွေဖြစ်ရင် အင်မတန် ဆင်းရဲဒုက္ခ ရောက်ပါတယ်။ ပြီးတော့ ဖြစ်မှုပျက်မှု နှိပ်စက်နေလို့လည်း ဆင်းရဲတွေပါပဲတဲ့။ ဘာမှ သာယာစရာ နှစ်သက်စရာ အားကိုစရာ မကောင်းပါဘူးတဲ့။

ပြီးတော့ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်သတ္တဝါကောင်ပဲလို့ ထင်မြင်စွဲလမ်းနေကြတာ တကယ်လည်း ရှိတာမဟုတ်ဘူး။

http://www.dhammadownload.com

အသက်ရှင်နေတဲ့အကောင်လည်း မရှိဘူး။ ရုပ်နာမ်တွေ၊ သဘောတရားတွေ၊ ဒါတွေပဲ ရှိတယ်။ ဒါကြောင့်မို့ သဗွေဓမ္မာ- အလုံးစုံသော ရုပ်နာမ်တရားတို့သည်၊ အဘိနိဝေသာယ- မြဲသည့်အနေ ချမ်းသာသည့်အနေ ပုဂ္ဂိုလ်သတ္တဝါအနေ အားဖြင့် ထင်မြင်စွဲလမ်းခြင်းငှာ၊ နာလံ- မထိုက်တန်ကုန်၊ မသင့်လျော်ကုန်၊ ကုတိ- ဤသို့၊ ဘိက္ခုနော- ရဟန်းသည်၊ သုတံ- ကြားနာဖူးသည်၊ ဟောတိ- ဖြစ်၏။ ဒီလောက်ကြားဖူးရမယ်တဲ့။ အနိစ္စ ဒုက္ခ အနတ္တ တရားတွေချည်းပဲတဲ့၊ အဲဒီလောက်ကြားဖူးလို့ရှိရင် သုတမယညာဏ် ပြည့်စုံပါပြီတဲ့။ ကဲဆိုရမယ်။

လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခအနတ္တာ။
ဤရွေ့ဤမျှ၊ ကြားဖူးက၊
သုတလုံလောက်ပါ။

ဒီလောက်ကြားဖူးလို့ရှိရင်ဖြင့် သုတမယညာဏ် လုံလောက်ပါပြီတဲ့၊ တရားအားထုတ်ပါတော့တဲ့။ တချို့က ပြောကြတယ်၊ သူတို့က ရုပ်နာမ်လည်း မကွဲသေးဘူး၊ အဘိဓမ္မာသင်္ဂြိုဟ်လည်း မသင်ဖူးဘူး၊ တရားအားထုတ်လို့ မဖြစ်နိုင်ပါဘူးတဲ့။ တရားအားထုတ်ချင်တဲ့ပုဂ္ဂိုလ်တွေ ကောင်းသော

http://www.dhammadownload.com

စိတ်ဆန္ဒလေးတွေဖြစ်နေတာကို ပျက်စီးအောင်လို့ တားမြစ်တဲ့ပုဂ္ဂိုလ်တွေ ရှိတယ်။ ဟောကြားတဲ့ဆရာအတွက်ကတော့ ဗဟုသုတတွေ များများကြီးရှိရင် ကောင်းပါတယ်၊ များလေကောင်းလေပါပဲ။ သူကတော့ ပိဋကတ်သုံးပုံတွေ အကုန်လုံးနှုတ်တိုက်အာဂုံရ၊ အဓိပ္ပာယ်တွေသိနေမယ်ဆိုရင် ပိုကောင်းပါတယ်။ ဆရာလုပ်တဲ့ပုဂ္ဂိုလ်ကတော့ ရုပ်နာမ်သဘောတရားတွေ အတော်သိထားမှပဲ။ မြတ်စွာဘုရားဒေသနာတွေရော၊ အဋ္ဌကထာတွေရော၊ ဋီကာတွေရော၊ ရှိသမျှသိထားမှ ကောင်းတယ်၊ ဆရာအတွက်ကတော့ လိုပါတယ်။

ဆရာနဲ့အားထုတ်တဲ့ တပည့်ကတော့ သိပ်မလိုပါဘူး။ ခုပြောတဲ့ ရုပ်တရား နာမ်တရားတွေချည်းပဲ၊ အနိစ္စ ဒုက္ခ အနတ္တ တရားတွေချည်းပဲ၊ အဲဒါလောက်သိရင် အားထုတ်နိုင်ပါပြီတဲ့။ အားထုတ်နည်းကတော့ ဆရာက ညွှန်ကြားမှာပေါ့၊ မှားနေတာတွေလည်း ပြင်ရမှာကိုး။ အမြဲတမ်း စောင့်ကြပ်ပြီး ပြောနေရမယ်။ အဲဒါကြောင့် ရှင်မောဂ္ဂလ္လာန်ကလည်း အကျဉ်းချုပ် ဟောပါလို့ တောင်းပန်တယ်၊ သိကြားမင်းကလည်း တောင်းပန်တယ်။

http://www.dhammadownload.com

မြတ်စွာဘုရားဟောကြားသော သုတမယညာဏ်
မြတ်စွာဘုရားကလည်း သုတမယညာဏ်ပြည့်စုံဖို့

အတိုဆုံးပဲ ဟောထားတယ်။ ဒီထဲမှာ ရှုပ် အနိစ္စံ ဝေဒနာ အနိစ္စာ သညာ အနိစ္စာ သင်္ခါရာ အနိစ္စာ ဝိညာဏ် အနိစ္စံ စသည်ဖြင့် ဒီလိုအကျယ်တွေ မဟောဘူး။ သဗ္ဗေ ဓမ္မာ-အလုံးစုံသောတရားတွေဆိုပြီးတော့ တစ်လုံးတည်း ဟောထားတာ။ အလုံးစုံသော တရားတွေဟာ အနိစ္စချည်းပဲ၊ ဒုက္ခချည်းပဲ၊ အနတ္တာချည်းပဲ၊ ဒီလောက်ကြားဖူးရင် သုတမယညာဏ် ပြည့်စုံပါပြီ၊ အားထုတ်လို့ရပါပြီတဲ့။

ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်းသောတရားတွေကို
ရှုးရှုပြုပြီးတော့သိပါ

သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ။ သော- ထို သုတမယ ညာဏ်နဲ့ ပြည့်စုံသောပုဂ္ဂိုလ်သည်၊ သဗ္ဗံ ဓမ္မံ- အလုံးစုံသော တရားကို၊ အဘိဇာနာတိ- ရှုးရှုပြု၍သိ၏။ သုတမယညာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်က တရားအားထုတ်တော့ အလုံးစုံသော တရားတွေ၊ သဘောတရားတွေ မှန်သမျှ၊ ရုပ်တရား နာမ်တရား အားလုံးရှုးရှုပြု၍သိပါတဲ့။ အသေးစိတ်ဆိုရင်တော့ မျက်စိဖြင့် မြင်တဲ့အခါကာလ မြင်မှုတရားကို၊ နားက ကြားတဲ့

http://www.dhammadownload.com

အခါကာလ ကြားမှုတရားကို၊ နှာခေါင်းက နံတဲ့အခါကာလ နံမှုတရားကို၊ လျှာက အရသာကို သိတဲ့အခါကာလ သိမှုတရားကို၊ ကိုယ်က ထိတွေ့တဲ့အခါကာလ ထိတွေ့သိမှုတရားကို၊ စိတ်ကူးစဉ်စားကြံစည်တဲ့အခါကာလ စိတ်ကူးစဉ်းစားကြံစည်မှုတရားကို ရှေးရှုပြု၍သိပါတဲ့။ မြင်တိုင်း ကြားတိုင်း ဒါရေခြောက်ပါးက ပေါ်တိုင်း ပေါ်တိုင်းသောတရားတွေကို ရှေးရှုပြုပြီးတော့သိပါလို့ ဆိုလိုတယ်။

မြင်တဲ့အခိုက်အတန့်မှာ ရှေးရှုပြုပြီးသိစရာတွေ အသေးစိတ်တွေ ရှိပါသေးတယ်။ မျက်စိ- စက္ခုပသာဒရုပ်၊ အဲဒါကိုလည်းပဲ ရှေးရှုပြုပြီးသိပါ။ မြင်ရတဲ့အဆင်းရုပ်-ရုပါရုံဆိုတဲ့ တရားကို ရှေးရှုပြု၍သိပါ။ စက္ခုဝိညာဏ်လို့ခေါ်တဲ့ မြင်သိမှုတရားကိုလည်း ရှေးရှုပြီးတော့ သိပါ။ မျက်စိထဲမှာ အဆင်းအာရုံနဲ့တွေ့သွားတဲ့ ဖဿလို့ခေါ်တဲ့သဘောလေး ရှေးရှုပြုပြီးသိပါ။ မျက်စိမြင်ရတော့ ခံစားတဲ့သဘော ကောင်းတဲ့သဘော မကောင်းတဲ့သဘော ဝေဒနာလေး၊ အဲဒီ ခံစားရတဲ့သဘောလေးလည်း ရှေးရှုပြုပြီးတော့သိပါတဲ့။ မြင်တဲ့အခိုက်အတန့်မှာ ငါးပါးရှိတယ်။ မျက်စိ၊ အဆင်း၊ မြင် သိမှု၊ မြင်တွေ့မှု၊ ခံစားမှု၊ အားလုံးငါးခုရှိတယ်။ ထို့အတူ ကြားတဲ့အခါလည်းပဲ နားရယ်၊ အသံရယ်၊ ကြားသိတာရယ်၊ ကြား

http://www.dhammadownload.com

တွေ့တာရယ်၊ ခံစားတာရယ်။ နာခေါင်းက နံတဲ့အခါလည်း ငါးခုပဲ။ လျှာက အရသာသိတဲ့အခါလည်း ဒီလိုငါးခုပဲ။ ကိုယ်က တွေ့ထိတဲ့အခါလည်း ငါးခုပဲ။

ကိုယ်ရယ်၊ တွေ့ထိရတဲ့ရုပ်ရယ်၊ ပြီးတော့ ထိသိတဲ့ သဘောလေးရယ်၊ ထိသိပြီးတော့ အာရုံနဲ့စိတ်ထဲမှာ တွေ့သွားတဲ့သဘောလေး ဖသဲရယ်၊ တွေ့ပြီးတော့ ကောင်းမကောင်း ခံစားတဲ့သဘော ဝေဒနာရယ် ဒါတွေသိရမယ်။ ဒီထဲမှာ ကွေးတာ ဆန့်တာ လှုပ်ရှားတာတွေ အကုန်ပါသွားတယ်။

စိတ်ကူးတိုင်း စဉ်စားတိုင်း ကြံစည်တိုင်း အဲဒီမှာ နလုံးရုပ်ရှိတယ်၊ ကြံစည်ရတဲ့အာရုံ ရှိတယ်၊ ကြံစည်သိနေတဲ့ စိတ် ရှိတယ်၊ ကြံစည်ရာအာရုံနဲ့ စိတ်ထဲမှာ တွေ့သွားတာမျိုး ထင်ရှားပါလိမ့်မယ်။ မရှိပေမယ့်လို့ စိတ်ထဲမှာ တွေ့နေတာပဲ။ ဟိုမှာ ကိုယ့်မိတ်ဆွေတယောက် စဉ်းစားလိုက် ကိုယ့်မိတ်ဆွေနဲ့ ဟိုမှာသွားတွေ့တယ်၊ စိတ်ထဲမှာ အဲဒီ ဖသဲရယ်၊ တွေ့ရတဲ့အာရုံနဲ့ စပ်ပြီးတော့ ခံစားမှုကောင်းတာ မကောင်းတာတွေ ရှိတယ်။

သဗ္ဗံ ဓမ္မံ အဘိဇာနာတိ။ သဗ္ဗံ ဓမ္မံ- အလုံးစုံသောတရားကို၊ အဘိဇာနာတိ- ရှေးရှုပြု၍သိပါတဲ့။ ဘုရားက တိုတို

http://www.dhammadownload.com

လေးဟောတယ်၊ ဒါတွေရှုပါတဲ့။ ရှေးရှုပြုပြီးတော့ သိပါတဲ့။ ရှုစရာအာရုံလေးဆီကို ရှုတဲ့ဝိပဿနာစိတ်ကလေးက မျက်နှာလှည့်ပြီးတော့ ဦးတန်းပြီးတော့ ရှုပါလို့ ဒီလိုဆိုပါတယ်။

မျက်စိကနေမြင်ရင် မြင်ရာဆီကို မြင်တယ်လို့ ဒီလို ရှုလိုက်ရမှာကိုး၊ နားထဲကကြားရင် ကြားတယ် ဒီလိုရှုလိုက်ရမှာ၊ နာခေါင်းက အနံ့နံရင် နံတယ် ဒီလိုရှုလိုက်ရမှာ၊ လျှာက အရသာကိုသိလို့ရှိရင် သိတယ် ဒီလိုရှုလိုက်ရမှာ၊ ကိုယ်က တွေ့ထိရင်လည်း တွေ့တယ်ထိတယ် ဒီလိုရှုရမှာကိုး။ ကွေးရင်ကွေးတယ်၊ ဆန့်ရင်ဆန့်တယ်၊ လှုပ်ရင်လှုပ်တယ်၊ ခြေထောက်ကနေပြီးတော့ ထိရင်ထိတယ်၊ ယားရင်ယားတယ် ပူရင်ပူတယ်၊ ဗိုက်က လှုပ်ရှားရင်လည်း ဖောင်းတယ် ပိန်တယ် လှုပ်ရှားတယ်၊ သူဖြစ်တာလေးတွေ အကုန်လုံး ဦးတန်းပြီးတော့ စိတ်နဲ့စူးစိုက်ပြီးတော့ ရှုရမယ်။

အဲဒါ တချို့က ရှုတယ်မှတ်တယ်ဆိုတာကို လုပ်ဖို့ မလိုဘူး၊ စိတ်ကလေးနဲ့ စိုက်ပြီး မှတ်နေရင် တော်ပါပြီလို့ ပြောကြတယ်။ ဒါက နိုင်နင်းတဲ့အခါတော့ ဖြစ်ပါတယ်။ အစတော့ ရှုရမှတ်ရတယ်။ မရှုမမှတ်လို့ စိတ်က ဘာသမာဓိမှ မရသေးဘူး၊ စိတ်ကလေး စိုက်ထားလို့ ဘယ်ဖြစ်နိုင်မှာလဲ။

http://www.dhammadownload.com

အဲဒီတော့ စိတ်ကအသိလေးနဲ့ မြင်တယ် ကြားတယ် ထိတယ် ကွေးတယ် ဆန့်တယ် လှုပ်တယ် စသည်ဖြင့် ရှုစရာလေးတွေ ကို စိတ်က ဦးတန်းပြီးရှာသွားရမယ်။ စိတ်ကူး စဉ်းစားကြံစည်မှု လေးဖြစ်လာရင် စိတ်ကူးတယ် စဉ်းစားတယ် ကြံစည်တယ် လိုချင်တယ် နှစ်သက်တယ် သာယာတယ် စသည်ဖြင့် သူ ဖြစ်တာလေးကို ဦးတန်းပြီးတော့ ရှုလိုက်ရုံပဲ။

နောက်ပြီးတော့ ကိုယ်ထဲက ညောင်းတာ နာကျင် ကိုက်ခဲတာတွေ ရှိတယ်။ ညောင်းရင် ညောင်းတဲ့နေရာလေး သေချာစိုက်ပြီးတော့ ညောင်းတယ်ညောင်းတယ်လို့ ဦးတန်း ရှုရတာကိုး။ ခြေထောက်က ညောင်းနေတာကို ခေါင်းမှာ စိုက်ရှုလို့ မဖြစ်ဘူး၊ ခြေထောက်မှာပဲ ရှုရတယ်၊ လက်ထဲက နာနေရင် နာတဲ့နေရာလေးကို သေချာစိုက်ပြီး ရှုရတယ်။ ဒါ သူ့အာရုံလေးတွေကို စိတ်က ဦးတန်းပြီး စူးစိုက်ပြီးရှုရတယ်။ အဲဒါ ရှုးရှုပြုပြီး သိတာ။ ဝမ်းမြောက်ဝမ်းသာတာတွေ ဖြစ်တာ ရှိတယ်၊ ကိုယ်ထဲမှာ အတွေ့.အထိကောင်းတာတွေ ရှိတယ်၊ သုခဝေဒနာတွေ၊ ဒါတွေလည်း ရှုရတယ်။ လိုရင်းကတော့ စိတ်ရောကိုယ်ရော ဖြစ်တိုင်းဖြစ်တိုင်းတွေ အကုန်လုံးရှုဖို့ပါပဲ။

ဉာဏ်ဖြင့်ရှုးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။

http://www.dhammadownload.com

အလုံးစုံသော ရုပ်နာမ်တရားတွေကို ဉာဏ်နဲ့ ရှေးရှုပြုပြီးတော့ သိပါတဲ့။ ရှေးရှုပြု၍သိဇ်ဆိုတာ ဦးတန်းပြီးတော့ မှတ်ပြုပြီးတော့သိတာကို ပြောတာပါပဲ။

သဗ္ဗံ ဓမ္မံ အဘိဇာနာတိ၊ သဗ္ဗံ ဓမ္မံ အဘိညာယ သဗ္ဗံ ဓမ္မံ ပရိဇာနာတိ။ အလုံးစုံသော တရားကို ရှေးရှုပြု၍သိဇ်၊ ဝါ၊ ထူးသောဉာဏ်ဖြင့်သိပြီး၍၊ ရှေးရှုပြုသိတယ်ဆိုတာ ထူးသောဉာဏ်နဲ့သိတယ်လို့ ဒီလိုအနက်တစ်ခုရတယ်။ ပကတိအသိထက် ထူးတာပေါ့။ ပကတိပုဂ္ဂိုလ်တွေက မြင်ရင်ဖြင့် ရိုးရိုးပဲ၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ။ ကြားရင်လည်း ဒီလိုပဲသိတာပဲ၊ အခုဟာက မြင်ရင် မြင်တဲ့သဘောလေး၊ ကြားရင် ကြားတဲ့သဘောလေး၊ ရှေးရှုပြုပြီးတော့ သိသွားတယ်။ အမှတ်ပြုပြီး သိသွားတာတဲ့၊ ထူးပါတယ်။

ရှေးရှုပြုပြီးတော့သိခြင်းက သုတမယဉာဏ်၊ စိန္တာမယဉာဏ်နှင့် အချို့သောဘာဝနာမယဉာဏ်များထက် ထူးတယ်

ဝိသုဒ္ဓိမဂ်မဟာဋီကာ ဆရာက ဖွင့်ထားတယ်၊ သုတမယဉာဏ်ထက်လည်း ထူးတယ်၊ စိန္တာမယဉာဏ်ထက်လည်း ထူးတယ်၊ အချို့သော ဘာဝနာမယဉာဏ်ထက်လည်း ထူးတယ်တဲ့။ ဝိပဿနာရှုမှတ်မှုကလေးထူးပုံ နာမရူပ ပရိစ္ဆေဒ

http://www.dhammadownload.com

ဉာဏ်ရဲ့. ထူးပုံကလေး။ သုတမယဉာဏ်၊ စာပေကျမ်းဂန် သင်ကြားထားလို့၊ တရားနာထားလို့ ရုပ်တရား နာမ်တရားတွေ သိထားကြတာရှိပါတယ်။ တချို့.သဘောတွေပေါက်တယ်၊ ဟောလည်းဟောတတ်တယ်၊ အဲဒါက သုတမယဉာဏ်ပဲတဲ့။ ဒါ နာမရူပ ပရိစ္ဆေဒဉာဏ် မဟုတ်သေးဘူး။

တချို့.ပုဂ္ဂိုလ်တွေက အဲဒီလို စာပေနဲ့.လေ့လာပြီးတော့ သိထားတာလေးသည်ပင်လျှင် နာမ်ရုပ်ပိုင်းခြားသိတယ်လို့ ထင်နေကြတယ်၊ တရားအားထုတ်ဖို့ မလိုပါဘူးဆိုပြီး ပြောကြတယ်။ ဝိသုဒ္ဓိမဂ်ဋီကာကတော့ သုတမယာယ ပညာယ-သုတမယပညာထက်လည်းပဲ၊ အာဘိဝိသိဋ္ဌာယ- ထူးသည်တဲ့။ ဒီ နာမရူပ ပရိစ္ဆေဒဉာဏ်က ထူးတယ်တဲ့။ စာပေကျမ်းဂန် သင်အံ့လေ့ကျက်လို့သိတာနဲ့.လည်း မတူသေးဘူးတဲ့၊ တရားနာလို့ သိတာနဲ့.လည်း မတူသေးဘူးတဲ့။ အဲဒါက သုတမယဉာဏ် ခေါ်တယ်၊ ကိုယ်တိုင်သိတာမှ မဟုတ်ဘဲ၊ အဲဒါထက်လည်း ထူးပါတယ်တဲ့။ မြင်တိုင်း ကြားတိုင်း ဒါရေခြောက်ပါးကပေါ်တိုင်းပေါ်တိုင်း ရှုရမယ်။ လက်တွေ့.ပဲတဲ့၊ မြင်ရင်မြင်တဲ့အခိုက် လက်နဲ့.ဆုပ်ကိုင်ကြည့်သလို သိသွားတာကိုး။ ကြားရင်ကြားတဲ့အခိုက်အတန့်၊ နံရင် နံတဲ့အခိုက်အတန့်၊ စိတ်ကူးတဲ့အခိုက်အတန့်၊ ဖြစ်ပေါ်ခိုက်ကလေး ဖြစ်ပေါ်တဲ့သဘောလေး

http://www.dhammadownload.com

ဖမ်းဖမ်းပြီး ရှုလိုက်တာပဲ။ သေသေချာချာကို သိသွားတာ၊ ဒါကြောင့် ထူးပါတယ်တဲ့။

တရားအားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်ကတော့ ထူးမှန်းမသိဘူးပေါ့လေ။ အားထုတ်ဖူးတဲ့ ပုဂ္ဂိုလ်ကသိတယ်။ အားမထုတ်ဖူးတဲ့ ပုဂ္ဂိုလ်တချို့ဆို စာပေကျမ်းဂန်တွေ တတ်နေတာကို သိနေတယ် အောက်မေ့တယ်၊ ဒါပေမဲ့ တကယ် အားထုတ်တဲ့အခါ အဲဒီ ဉာဏ်ကလေးဖြစ်လာတော့ ထူးနေတာပဲ၊ အရင်က သိတာ ဒီလိုမဟုတ်ဘူးတဲ့။ အပေါ်ယံကလေး သိတာ၊ အလုံးလိုက်သိတာ၊ အခု ဒီတရားအားထုတ်တဲ့အခါကာလကျမှ အတွင်းသားသဘောတွေကို သေချာသိတာကိုး။ အသေးစိတ်သိတာ။ လက်တွေ့သိတာ။ ဒါကြောင့် သုတမယဉာဏ်ထက်လည်း ထူးတယ်တဲ့။

စိန္တာမယဉာဏ်နဲ့ စိတ်ကူးစဉ်းစားကြံစည်ပြီး သဘောကျနေတာတွေ ရှိတယ်။ တချို့က အဲဒီလို စိတ်ကူးစဉ်းစားကြံစည်လိုက်တာနဲ့ သဘောကျနေတာလေးရှိရင်ကို တရားအားထုတ်ဖို့ မလိုတော့ဘူး၊ ဒါ တရားပေါက်ပြီ၊ ပြည့်စုံပြီ၊ ဝိပဿနာဉာဏ်တွေဖြစ်ပြီ၊ ဒီလို အောက်မေ့တာကိုး။ ဒီလိုလည်း ပြောနေကြတယ်။ အညောင်းခံနေဖို့ မလိုပါဘူး။ တရားအားထုတ်ဖို့ ဘာမှမလိုပါဘူးဆိုပြီးတော့ ဒီလိုပြောကြတယ်။

http://www.dhammadownload.com

အဲဒါကို ယုံကြည်တဲ့ပုဂ္ဂိုလ်တွေက အားမထုတ်ဘဲနေရော။ အားမထုတ်ဘဲနေတော့ သူတို့ ဝိပဿနာဉာဏ်အစစ် မဖြစ်ဘူးပေါ့။ အများကြီး နစ်နာတယ်။ ဝိပဿနာဉာဏ်တင် ဘယ်ကမလဲ။ အရိယာမဂ်ဖိုလ်ရမယ့် ပုဂ္ဂိုလ်ကလည်း မရဘူး။ လမ်းပိတ်သွားတယ်။ သူက အားမထုတ်ဘဲနေတာကိုး။

အချို့သော ဘာဝနာမယပညာထက်လည်း ထူးသေးတယ်တဲ့။ ဘာဝနာမယပညာချင်းကို မတူသေးဘူးတဲ့။ သမထကလည်း ဘာဝနာမယပညာတွေ ရှိတယ်။ အဘိညာဉ်ပညာတွေ ရှိတယ်။ ဒိဗ္ဗစက္ခုဆိုရင်ဖြင့် အမြင်ပေါက်တာပေါ့။ အကြားပေါက်တဲ့ပုဂ္ဂိုလ်တွေ ဒိဗ္ဗသောတနဲ့ အကုန်လုံးကြားတယ်။ စေတောပရိယဉာဏ်နဲ့ သူတစ်ပါးစိတ်ကိုသိတဲ့ ပုဂ္ဂိုလ်ကလည်း သူတစ်ပါးစိတ်တွေ အကုန်လုံးသိတယ်။ ဒါတွေကလည်း ဘာဝနာမယပညာတွေပါပဲ။ အဲဒါတွေနဲ့လည်း မတူသေးဘူးတဲ့။ အမြင်ပေါက်လို့ မြင်တယ်ဆိုတာ ရုပ်တရား နာမ်တရားတွေ သဘောတရားတွေကို မြင်တာမဟုတ်ဘူး။ အကြားပေါက်တဲ့ပုဂ္ဂိုလ်က ကြားပြန်လည်းပဲ ရုပ်တရား နာမ်တရားအနေနဲ့ သိတာမှ မဟုတ်ဘဲ။ စေတောပရိယဉာဏ်နဲ့ သူတစ်ပါးစိတ် သိတယ်ဆိုတာလည်းပဲ စိတ်တွေ သဘော

http://www.dhammadownload.com

တရားတွေအနေနဲ့ သိတာမဟုတ်ဘူး။ အားလုံးက ပုဂ္ဂိုလ် သတ္တဝါအနေနဲ့သာ သိတာကိုး။

အလုံးစုံသော ရုပ်နာမ်တရားတွေကို ဉာဏ်နဲ့ရှေးရှုပြီးတော့ သိတာက ထူးပါတယ်။ စူးစိုက်ပြီး ဦးတန်းပြီး ရှုလိုက်တဲ့ အခါကျတော့ နာမရူပ ပရိစ္ဆေဒဉာဏ်က ဖြစ်ခိုက်ဖြစ်ခိုက် ရုပ်နာမ်လေးတွေ သဘောတရားလေးတွေ အနေအားဖြင့် သိတာ။ မြင်တယ်ဆိုရင် မြင်တဲ့သဘော၊ မျက်စိ- မြင်ရာနေရာဌာနသဘော၊ မြင်ရတဲ့ အမြင်ခံရတဲ့ အဆင်းသဘော၊ မြင်သိတဲ့သဘော၊ မြင်တွေ့တဲ့သဘော၊ မြင်လို့ကောင်းတဲ့သဘော မကောင်းတဲ့သဘော။

အတွေ့အထိဆိုလည်း တွေ့ထိတဲ့သဘော၊ ကွေးတယ် ဆန့်တယ်ဆိုရင်လည်း လှုပ်ရှားတဲ့သဘော၊ တောင့်တင်းတဲ့ သဘောတွေ၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့် မဟုတ်ဘူး။ သဘောတရား အနေအားဖြင့်လည်း သိသွားတယ်။ အဲဒီလို ရှေးရှုပြုပြီး သဘောတရားလေးတွေ သိတဲ့အတွက် ကြောင့် ဒီ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်လည်း ပါပါတယ်။ အဲဒီ ဉာဏ်ဟာ ထူးတယ်တဲ့။ သုတမယပညာ၊ စိန္တာမယပညာ၊ အချို့သော ဘာဝနာမယပညာ၊ အားလုံးထက် ထူးတယ်။ ထူးသောဉာဏ်ဖြင့် သိတယ်လို့ ဆိုတယ်။

http://www.dhammadownload.com

ရှေးရှုပြုပြီးတော့သိခြင်းက အနိစ္စ ဒုက္ခ အနတ္တလက္ခဏာနဲ့ ပိုင်းခြားပြီးသိတယ်

ရှေးရှုပြုပြီးတော့ သဘောတရားလေးသိတာကိုး။ မှတ်မှတ်ပြီးတော့ သိသွားတယ်။ ထူးသောဉာဏ်ဖြင့် သိတာတဲ့။ သဗ္ဗံဓမ္မံ- အလုံးစုံသောတရားကို၊ အဘိညာယ- ရှေးရှုပြုလျက် သိပြီး၍ (၀၀) ထူးသောဉာဏ်ဖြင့်သိပြီး၍၊ အထူးသိ၊ ပကတိ မြင်လို့သိတာမျိုး ကြားလို့သိတာမျိုး မဟုတ်ဘူး၊ စဉ်းစားလို့သိတာမျိုးလည်း မဟုတ်ဘူး၊ တကယ်လက်တွေ့အားဖြင့် ရှေးရှုပြုပြီးတော့ ဦးတန်းမှတ်လိုက်လို့ သဘောတရားလေးတွေ သိသွားတာ။ သဗ္ဗံဓမ္မံ- အလုံးစုံသော ရုပ်နာမ်တရားကို၊ ပရိဇာနာတိ- ပိုင်းခြား၍သိ၏။ အလုံးစုံသောတရားကို ပိုင်းခြားပြီးသိတယ်။ ဖြစ်တဲ့သဘော၊ ပျက်တဲ့သဘော၊ အစနဲ့အဆုံးနဲ့ ဒီလိုလည်း ပိုင်းခြားပြီးသိတယ်။ မမြဲတဲ့တရားပဲ၊ ဆင်းရဲတွေပဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေပဲလို့ ဒီလိုလည်းပဲ သိတယ်။ အနိစ္စ ဒုက္ခ အနတ္တလက္ခဏာနဲ့ ပိုင်းခြားပြီးသိတယ်။

မမြဲဆင်းရဲ၊ သဘောပဲ၊ သိမြဲပိုင်းခြားကာ။

မမြဲတဲ့တရားပဲ၊ ဆင်းရဲတရားမျှပဲ၊ အနတ္တသဘောတရားမျှပဲလို့ ဒီလိုလည်း ပိုင်းခြားပြီး သိသွားပါတယ်။ ဒီ

http://www.dhammadownload.com

ပုဂ္ဂိုလ်က ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိသွားပါတယ်တဲ့။ မြင်တိုင်း ကြားတိုင်း ဒါရဏခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရှုးရှဉ်းတန်းပြီးမှတ်နေတာ၊ အစကတော့ ရုပ်သဘောလေးတွေ နာမ်သဘောလေးတွေ ဖြစ်တဲ့သဘောလေးတွေ ဒါလောက်ပဲသိတယ်။ နောက်တော့ အစလေးနဲ့ အဆုံးလေးနဲ့ သိတာ၊ စပေါ်လာလိုက် ဆုံးသွားလိုက်၊ စပေါ်လာလိုက် ဆုံးသွားလိုက်၊ ဒါလေးတွေသိတာ။

အဲဒီလိုသိတော့ မမြဲတဲ့ တရားပဲ၊ တို့အရင်က မရှုလို့ အမြဲတမ်းတည်နေတယ်လို့ အောက်မေ့တယ်။ အခု အခိုက်အတန့်အားဖြင့် ဖြစ်ပြီးပျက်နေတာ မမြဲတာချည်းပဲပါလား။ ဖြစ်ပြီးပျက်လို့ ဆင်းရဲတွေချည်းပါလား။ သူ့ဟာသူ ဖြစ်ပျက်နေတဲ့ သဘောတရားတွေ၊ အနတ္တချည်းပဲပါလားဆိုတာ ဒီလို ရှုရင်းမှတ်ရင်း အလိုလိုသဘောကျပြီး သိသွားတာ၊ ဒါ ပရိဇာနာတိ- ပိုင်းခြားသိတာတဲ့။ သဗ္ဗံဓမ္မံ- အလုံးစုံသော ရုပ်နာမ်တရားကို၊ အဘိညာယ- ရှုးရှုပြုလျက်သိပြီး၍ ဝါ ထူးသောဉာဏ်ဖြင့်သိပြီး၍၊ သဗ္ဗံဓမ္မံ- အလုံးစုံသော ရုပ်နာမ်တရားကို၊ ပရိဇာနာတိ- အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် ပိုင်းခြား၍သိ၏။ သမ္မသန၊ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ၊ ဝိပသဿနာဉာဏ်အဆင့် တက်လာပြီ။

http://www.dhammadownload.com

လုံးစုံဝမ္မ၊ အနိစ္စ၊ ဒုက္ခအနတ္တာ။
ဤရွေ့ဤမျှ၊ ကြားဖူးက၊
သုတလုံလောက်ပါ။
ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။
မမြဲဆင်းရဲ သဘောပဲ သိမြဲပိုင်းခြားကာ။

ရှုရင် ဖြစ်တိုင်းဖြစ်တိုင်းတရားတွေ ရှေးရှုပြုပြီးတော့ သိလို့ နိုင်နင်းလာတဲ့အခါမှာ ရုပ်တရားနာမ်တရားတွေ ပိုင်းခြားပြီးသိတာ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်တယ်။ နောက် အကြောင်းအကျိုးတွေ ဆက်စပ်ပြီးဖြစ်နေတာပါလား လို့ သဘောကျတဲ့အခါမှာ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။ အဲဒီကလွန်သွားတော့ စပေါ်လာတာနဲ့ ဆုံးသွားတာနဲ့ အဖြစ် အပျက်လေးတွေ သိလာတာ၊ မမြဲတဲ့တရားတွေပဲလို့ ရှုရင်း သဘောကျလာတာ၊ ဒါက သမ္မသနဉာဏ်က စပြီးတော့ ပရိဏာနာတိ- ပိုင်းခြားသိလာတာတဲ့။ ဘယ်ပုဂ္ဂိုလ်ဖြစ်ဖြစ် ဉာဏ် အစဉ်အတိုင်း တက်လာရင် ဒီလိုပဲဖြစ်ရတာပဲ။ ဒီလို အားထုတ်မှ ဒီလိုဖြစ်တာ။ စိတ်ကူးစဉ်းစားကြံစည်ပြီး သိရုံကတော့ ကိုယ်ပိုင်ဉာဏ်မဖြစ်ဘူး။ ဒီအတွေ့.မျိုး မဟုတ်ဘူး။ အလွန်ပဲ ကွာပါတယ်။ အဲဒါ ဖြစ်ပြီးပျက်သွားလို့ မမြဲတဲ့တရား၊

http://www.dhammadownload.com

ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲတွေပဲ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားတွေပဲဆိုတာ ရှုရင်းရှုရင်းနဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ကို ရှင်းပြီးသိလာတာ၊ ပိုင်းခြား သိလာတာ။ သမ္မသနဉာဏ်ဆိုရင် တော့ တော်ရုံသိသေးတာပေါ့လေ။ ဥဒယဗ္ဗယ၊ ဘင်္ဂ၊ ဘယ စသည်ဖြင့် အထက်ကျရင် အသိတွေ ပညာတွေ တက်သွားရမှာ။ အဲဒါ အခု ပရိဇာနာတိ- ပိုင်းခြားသိသည်တဲ့။

သဗ္ဗံ ဓမ္မံ ပရိညာယ ယံကိဉ္စိ ဝေဒနံ ဝေဒိယတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။ သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ စသည်ဖြင့်ဟောတယ်။ သဗ္ဗံဓမ္မံ- အလုံးစုံသောတရားကို၊ ပရိညာယ- အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာအားဖြင့် ပိုင်းခြားသိပြီး၍၊ သော- ထိုပုဂ္ဂိုလ်သည်၊ ယံကိဉ္စိ ဝေဒနံ- အမှတ်မရှိ တစ်စုံတစ်ခုသောဝေဒနာကို၊ သုခံဝါ- ချမ်းသာသည်ဖြစ်စေ၊ ဒုက္ခံဝါ- ဆင်းရဲသည်ဖြစ်စေ၊ အဒုက္ခမသုခံ- မဆင်းရဲ မချမ်းသာ အလယ်အလတ်ဝေဒနာ ဖြစ်စေ၊ ယံကိဉ္စိ ဝေဒနံ- အမှတ်မရှိ တစ်ခုသော ခံစားမှုကို၊ ဝေဒိယတိ- ခံစားရ၏၊ သော- ထိုပုဂ္ဂိုလ်သည်၊ တာသု ဝေဒနာသု- ထိုခံစားမှုတို့၌၊ အနိစ္စာနုပဿီ- မမြဲဟုရှုသည် ဖြစ်၍၊ ဝိဟရတိ- နေ၏။

http://www.dhammadownload.com

အဲဒီတော့ ဝေဒနာတွေ ရှုတာ ရောက်လာတယ်။ ဝေဒနာဖြစ်လာရင် သုခပဲဖြစ်ဖြစ် ဒုက္ခပဲဖြစ်ဖြစ် ဥပေက္ခာပဲဖြစ်ဖြစ် အဲဒီဝေဒနာလေးတွေက ဖြစ်ပြီးတော့ ပျောက်သွားလို့ မမြဲတဲ့တရားပဲတဲ့။ အနိစ္စာနုပဿနာဉာဏ်ဖြင့် ရှုသွားသည်တဲ့။ ဝိရာဂါနုပဿီ- ပျက်ပြယ်သွားတဲ့ သဘောပဲတဲ့၊ ဒီလိုလည်း ရှုပြီးတော့နေတယ်။ နိရောဓာနုပဿီ- ချုပ်တဲ့သဘောပဲလို့ ရှုပြီးတော့လည်းနေတယ်၊ ပဋိနိဿဂ္ဂါနုပဿီ- စွန့်လွှတ်လျက်လည်း ရှုပြီးနေပါတယ်။ အဲဒီလို ရှုပြီးတော့နေရင် အလုံးစုံသောတရားတွေမှာ ဘယ်ဟာမှ စွဲလမ်းခြင်းမရှိဘဲနဲ့ ဆာလောင်ခြင်းမရှိဘဲနဲ့ ကိလေသာတွေ ငြိမ်းပြီးတော့ အရဟတ္တမဂ်ဖိုလ် ရောက်ပြီးတော့သွားတယ်တဲ့။

ရဟန္တာဖြစ်သွားတယ်ဆိုတာရဲ့နောက် စာကြောင်းလေးငါးခြောက်ကြောင်းလောက်ရှိတယ်။ စာကြောင်းက မများဘူး။ ဟာမယ်ဆိုရင် တရားတွေတော့ အများကြီးရှိသေးတယ်။ အခုမှ သမ္မသနဉာဏ် ရောက်ခါ ရှိသေးတာကိုး။ အထက်ဉာဏ်တွေ တက်ရဦးမယ်။ အများကြီး ရှိသေးတယ်။ ဒီကနေ့ ဟောလို့မပြီးပါဘူး။ အချိန်ကလည်း တော်တော်ကုန်သွားပြီ။

http://www.dhammadownload.com

နိဂုံး

အဲဒီတရားကို ရှင်မောဂ္ဂလ္လာန်လည်း နာပြီးတော့ ဒီတရားအတိုင်း အားထုတ်သွားတာ ရဟန္တာဖြစ်သွားတာပဲ။ အဲဒီတရားဟောပြီးတော့ ဘယ်လောက်ကြာကြာ အားထုတ်တယ်လို့ ဒီလို မပါပါဘူး။ အစကအဆုံး ၇-ရက်ပဲ အားထုတ်ရတာပဲ၊ ရဟန္တာဖြစ်သွားတယ်။ အင်မတန်ကောင်းတဲ့ တရားပါပဲ။ တိုတိုလေးနဲ့ ပြည့်စုံပါတယ်။ ကဲ ဆောင်ပုဒ်ကလေးဆိုပြီး တရားသိမ်းကြဦးစို့။

သညာပြောင်းပေး၊ စာကြံတွေး၊
ရွတ်ရေး နားဆွဲလေ။
မျက်စိပွတ်ရန်၊ အလင်းကြံ၊
စကြံ့လျှောက်ပါလေ။
ငိုက်မျဉ်းပယ်ရှား၊ ခုနစ်ပါး၊ ဘုရားညွှန်ပြပေ။
လုံးစုံဓမ္မ၊ အနိစ္စ၊ ဒုက္ခအနတ္တာ။
ဤရွေ့ဤမျှ၊ ကြားဖူးက၊
သုတလုံလောက်ပါ။
ဉာဏ်ဖြင့်ရှေးရှု၊ ရုပ်နာမ်စု၊ မှတ်ပြုသိလေရာ။
မမြဲဆင်းရဲ၊ သဘောပဲ၊ သိမြဲပိုင်းခြားကာ။

http://www.dhammadownload.com

ရှင်မောဂ္ဂလ္လာန်မထေရ်မြတ်အား မြတ်စွာဘုရား ဟော ကြားတော်မူအပ်သော တရားဒေသနာတော်ကို ရှိရှိသေသေ နာခံမှတ်သားကြရသော ဓမ္မသဝနကောင်းမှု ကုသိုလ်ကံ စေတနာတို့ကြောင့် တရားနာပုဂ္ဂိုလ် သူတော်စင်တို့သည် မြတ်စွာဘုရား ညွှန်ပြဆုံးမသည့်အတိုင်း လိုက်နာကျင့်ကြံ အားထုတ်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယမဂ်ဉာဏ်အစဉ် ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
တတိယပိုင်း

(၁၃၂၅-ခုနှစ်၊ တပေါင်းလဆုတ် ၈-ရက်)

တရားအနုသန္ဓေ

မနေ့က အဂ်ုတ္တိရ်ပါဠိတော်လာ ပစလာယမာနသုတ်၊ ရှင်မောဂ္ဂလ္လာန် ဝိုက်မျှဉ်းနေခြင်းကို အကြောင်းပြုပြီး ဟော ထားတဲ့သုတ်၊ အဲဒီသုတ်ကို ဟိုတနေ့က ဟောခဲ့တယ်။

သဗ္ဗံ ဓမ္မံ- အလုံးစုံသော တရားတွေကို၊ ပရိဏာနာတိ- ပိုင်းခြားသိတယ်။ မမြဲဘူးလို့လည်း ပိုင်းခြားပြီးတော့ သိသွား တယ်။ အခုပေါ် အခုပဲ ပျောက်သွားတာပဲလို့ ဒီလို ပိုင်းပိုင်း ခြားခြား ပိုင်ပိုင်နိုင်နိုင် သေသေချာချာ သိသွားတာ။ ဖြစ်မှု ပျက်မှုဟာ နိုပ်စက်နေလို့ မကောင်းတဲ့တရား၊ ဆင်းရဲတဲ့တရား ချည်းပဲလို့ ဒီလိုလည်း ပိုင်းခြားသိရမယ်။ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး၊ သူသဘောအတိုင်း သူဟာသူ ဖြစ်ပျက်ပြီးတော့ သွားလို့ အနတ္တ- အစိုးမရတဲ့တရားပဲ၊ ဒီလိုလည်း ပိုင်းခြားပြီး

http://www.dhammadownload.com

တော့ သိသွားမယ်။ အဲဒီလိုသိရမယ်တဲ့။ ပြီးတော့ မြတ်စွာဘုရားက ဝေဒနာနုပဿနာနဲ့ ဆက်ပြီး ဟောသွားတယ်။

သဗ္ဗံ ဓမ္မံ ပရိညာယ ယံကိဉ္စိ ဝေဒနံ ဝေဒိယတိ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ။ သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ ဝိရာဂါနုပဿီ ဝိဟရတိ နိရောဓာနုပဿီ ဝိဟရတိ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။

သဗ္ဗံဓမ္မံ- အလုံးစုံသောတရားကို၊ သဗ္ဗံဓမ္မံ- အလုံးစုံသော ရုပ်နာမ်တရားအပေါင်းကို၊ ပရိညာယ- အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ဖြင့် ပိုင်းခြားသိပြီး၍၊ မြင်တိုင်း ကြားတိုင်း နံတိုင်း စားတိုင်း ဒွါရ ခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်တွေရှုလို့ မမြဲတဲ့လက္ခဏာနဲ့ မမြဲဘူးဆိုတာ သိနေပြီ။ ဆင်းရဲချည်းပဲဆိုတာလည်း သိနေပြီ။ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားချည်းပဲ ဆိုတာလည်းသိနေပြီ။ ဟိုကပေါ်လာတဲ့ အာရုံရော၊ ဒီကရှုမှတ်လိုက်တဲ့ ဝိပဿနာစိတ်ကလေးရော၊ အာရုံရော အသိရောဟာ ဖြစ်ပြီးပျောက်သွားလို့ မမြဲတဲ့တရားချည်းပဲ၊ ဖြစ်ချည် ပျက်ချည်နဲ့ ဆင်းရဲချည်းပဲ၊ သူ့သဘောနဲ့သူ ဖြစ်ပျက်နေတာ အနတ္တတရားချည်းပဲလို့ဆိုတာ ပိုင်းခြားသိနေပါပြီတဲ့။

http://www.dhammadownload.com

အခိုက်အတန့်မှာရှိသော သုခဝေဒနာ (သို့) ဒုက္ခဝေဒနာ (သို့) ဥပေက္ခာဝေဒနာ

အဲဒီလိုသိနေတဲ့အခါ ဝေဒနာထင်ရှားတာနဲ့ မြတ်စွာဘုရားက ဝေဒနာနုပဿနာနဲ့ လှည့်ပြီးတော့ ဟောသွားပါတယ်။ ယံကိဉ္စိ ဝေဒနံ- အမှတ်မရှိ တစ်စုံတစ်ခုသော ဝေဒနာကို၊ ဝေဒိယတိ- ခံစားတယ်တဲ့။ ဒီပုဂ္ဂိုလ်က အဲဒီအခိုက်အတန့်မှာ မှတ်တိုင်းမှတ်တိုင်းတွေ ဖြစ်ပြီးပျောက်သွားလို့ မမြဲဘူးလို့ သိနေပြီ။ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲပဲလို့ဆိုတာ သိနေပြီ။ သူ့သဘောအတိုင်း သူဖြစ်ပျက်နေတဲ့ သဘောတရားပဲ၊ အနတ္တတရားပဲဆိုတာ ရှုရင်းမှတ်ရင်းနဲ့ ဒါတွေသိနေပြီဆိုရင် အဲဒီအခါကာလ တစ်စုံတစ်ခု ဝေဒနာခံစားတယ်ဆိုပါတော့။

သုခံဝါ- ချမ်းသာမှုလည်းဖြစ်စေ၊ ဒုက္ခံဝါ- ဆင်းရဲမှုလည်းဖြစ်စေ၊ အဒုက္ခမသုခံဝါ- မဆင်းရဲ မချမ်းသာ ဥပေက္ခာဖြစ်စေ၊ ယံကိဉ္စိ ဝေဒနံ- အမှတ်မရှိ တစ်စုံတစ်ခုသော ခံစားမှုကို၊ ဝေဒိယတိ- ခံစားရသည်ဖြစ်အံ့။ အဲဒီအခိုက်အတန့် ဝေဒနာတစ်ခုခုရှိပါလိမ့်မယ်။ သုခချမ်းသာရင်လည်း ပေါ်နေလိမ့်မယ်၊ သို့မဟုတ် ဒုက္ခဆင်းရဲရင်လည်း ပေါ်နေလိမ့်မယ်၊ သို့မဟုတ် အလယ်အလတ် ဥပေက္ခာဝေဒနာရင်လည်း ပေါ်နေမယ်။ တစ်ခုခုကတော့ ပေါ်ရမှာပဲ။

http://www.dhammadownload.com

ကောင်းတဲ့အာရုံလေးတွေကို ခံစားပြီးနေတဲ့အခါ သုခဝေဒနာ ချမ်းသာတာပေါ့။ ကိုယ်ထဲက အကောင်းတွေနဲ့ တွေ့ပြီးတော့ ကောင်းနေတာတွေလည်း ဖြစ်ရမယ်တဲ့။ ဒါကလည်းပဲ ပီတိ ပဿဒ္ဓိတွေနဲ့ ဖြစ်တဲ့အခါကျ ကိုယ်ထဲမှာ အင်မတန်ကောင်းနေတာတဲ့။ တချို့ ဘယ်လိုကောင်းမှန်းမပြောတတ်အောင် ကောင်းနေတဲ့သုခတွေလည်း ဖြစ်နေတတ်တယ်။ ဥဒယဗ္ဗယဉာဏ်တွေမှာ အများကြီးဖြစ်တတ်တာ။ လောကရေးရာနဲ့ ဝမ်းမြောက်ဝမ်းသာတွေလည်း ဖြစ်တတ်ပါတယ်။ ဝမ်းသာစရာလေးတွေ ကြားရလို့ရှိရင် ဝမ်းသာတယ်။ ခုလိုတရားနာတဲ့ အခါတွေမှာလည်းပဲ တရားတော်ကိုကြည်ညိုပြီးတော့ ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်တတ်ပါတယ်။

ဒုက္ခကတော့ ထင်ရှားတယ်။ ကြာကြာထိုင်နေရင် ကိုယ်ထဲမှာ ညောင်းတာနဲ့ ပူတာနဲ့ နာတာနဲ့ ကျင်တာနဲ့ ဒါတွေက ပေါ်လာတာကိုး။ အဲဒါတွေ ရှုရလိမ့်မယ်။ စိတ်ထဲက ဒုက္ခဝေဒနာတွေဆိုတာကတော့ စိတ်နလုံးမသာမယာမှုတွေ စိတ်ဆင်းရဲမှုတွေပေါ့လေ။ ဒါကတော့ မကြားချင်တာတွေ ကြားရ၊ မသိချင်တာတွေ သိရ၊ ရှေ့ရေးနောက်ရေးတွေ လျှောက်တွေး၊ စိတ်ပျက်စရာတွေ တွေးရင်ဖြင့် စိတ်နလုံး

http://www.dhammadownload.com

မချမ်းသာမှုတွေ ဒုက္ခတွေဖြစ်ပါတယ်။ ဒုက္ခဝေဒနာတွေက ထင်ရှားတယ်။ အဲဒါတွေလည်း ရှုရမှတ်ရမယ်။

အဒုက္ခ မသုခတဲ့။ မဆင်းရဲ မချမ်းသာ၊ ဆင်းရဲလည်း မဆိုရဘူး၊ ချမ်းသာလည်း မဆိုရဘူး၊ ဒါက ရိုးရိုးနေတဲ့အခါကာလ အခုကိုယ်တိုင်စဉ်းစားလိုက်ရင် ဆင်းရဲလည်းမပေါ်၊ ချမ်းသာလည်း မပေါ် ဖြစ်နေတတ်တယ်။ အဲဒါ ဥပေက္ခာဝေဒနာပဲ။ ဥပေက္ခာဝေဒနာက များသောအားဖြင့် ပေါ်တတ်ပါတယ်။ အဲဒီဝေဒနာ သုံးမျိုး တစ်စုံတစ်ခုသောဝေဒနာ ခံစားရလို့ရှိရင်တဲ့၊ အဲဒါလေးကို-

ထိုခံစားမှုဝေဒနာတို့၌ အနုပဿနာ လေးမျိုးအားဖြင့် ရှုသည်ဖြစ်၍ နေ၏

သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ ဝိရာဂါနုပဿီ ဝိဟရတိ နိရောဓ နုပဿီ ဝိဟရတိ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။ သော- ထိုယောဂီပုဂ္ဂိုလ်သည်၊ သော- ထိုယောဂီရဟန်းသည်၊ တာသု ဝေဒနာသု- ထိုသုံးမျိုးသော ခံစားမှုဝေဒနာတို့၌၊ အနိစ္စာနုပဿီ- မမြဲဟုရှုသည် ဖြစ်၍၊ ဝိဟရတိ- နေ၏။ အဲဒါတွေ မမြဲဘူးလို့ ရှုမြင်ပြီးတော့ နေပါတယ်တဲ့။ ဝိရာဂါနုပဿီ- ပျက်ပြယ်သည်ဟု ရှုမြင်လျက်၊

http://www.dhammadownload.com

ဝိဟာရတိ- နေ၏။ ပျက်ပြယ်သွားတာပဲလို့ ရှုမြင်ပြီးတော့လည်း နေပါတယ်။ နိရောဓနုပဿီ- ချုပ်ငြိမ်းသည်ဟု ရှုမြင်လျက် ဝိဟာရတိ- နေ၏။ ချုပ်သွားတာပဲ ငြိမ်းသွားတာပဲ ဒီလိုလည်း ရှုပြီးတော့နေပါတယ်တဲ့။ ပဋိနိဿဂ္ဂါ နုပဿီ- တစ်ဖန် စွန့်လွှတ်လျက် ဝါ ပြေးဝင်လျက်ရှုသည်ဖြစ်၍၊ ဝိဟာရတိ- နေ၏။ ဒါကတော့ အကျယ်ပြောမှပဲ နားလည်မယ်။ ဒီသဒ္ဒါပုဒ်ကိုက ခက်တာ။

ဒီပြင်သုတ်တွေမှာတော့ များသောအားဖြင့် အနိစ္စ ဒုက္ခ အနတ္တ အနုပဿနာ သုံးပါး ဟောတယ်။ ဒီသုတ်မှာ တစ်မျိုးဟောတယ်။ အာနာပါနမှာလည်းပဲ ဝိပဿနာပိုင်းကျ ဒီလိုဟောတာပဲ။ အနိစ္စာနုပဿီ ဝိရာဂါနုပဿီ နိရောဓ နုပဿီ ပဋိနိဿဂ္ဂါနုပဿီ ဒီလိုပဲဟောတယ်။ ဒီတော့ ခံစားမှု ဝေဒနာတွေကို အနိစ္စ- မမြဲဘူးလို့ ရှုမြင်ရမယ်တဲ့။

ကိုယ်ထဲမှာ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာ ဒါယောဂီပုဂ္ဂိုလ်တွေ အများဆုံးတွေ့တာပေါ့လေ။ အဲဒါ ညောင်းရင် ညောင်းတဲ့နေရာလေးကို စိုက်ပြီး ညောင်းတယ် ညောင်းတယ် မှတ်ရမယ်။ ပူလို့ရှိရင်လည်း ပူတယ်ပူတယ် မှတ်ရမယ်။ နာရင်လည်း နာတယ်နာတယ် မှတ်ရမယ်။ ယားရင်လည်း ယားတယ်ယားတယ် မှတ်ရမယ်။

http://www.dhammadownload.com

စပြီး အားထုတ်ခါစတော့ မှတ်ရမယ်ဆိုလို့သာ မှတ်နေရတာပဲ၊ ဘာမှ ထူးထူးခြားခြားတော့ မသိသေးဘူး။ ညောင်းရင်ညောင်းတာသိတာ၊ ပူရင်ပူတာပဲသိတာ။ အဲဒီဥစ္စာက တရားပဲ၊ ညောင်းတာသိတာဟာ တရားပဲ၊ အစတုန်းက ငါက ညောင်းတာလို့ မှတ်နေတာ၊ ငါ မဟုတ်ဘူး၊ ညောင်းတဲ့သဘောပဲ။ ပူရင်လည်း ပူတာဟာ အစတုန်းက ငါပဲ ထင်နေတာ၊ ငါ မဟုတ်ဘူး၊ ပူတဲ့သဘောပဲ။ နာရင်လည်း နာတာက သူ့သဘောပဲ၊ ကျင်တာ ကိုက်ခဲတာ ယားတာ အခံခက်တာတွေ အကုန်လုံး သူ့သဘောတရားလေးတွေပဲ။ ဒါလေးတွေ အမှန်တိုင်း သိနေတာ၊ အဘိဇာနာတိ- ရှေးရှုပြုပြီး သိနေတာ။

အဲဒီလို သိဖန်များလာတဲ့အခါကျတော့ ညောင်းတာလေးတွေ၊ ပူတာလေးတွေ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးပျောက်သွားတာလေးတွေ တွေ့.ရတယ်။ ညောင်းတယ်ဆိုရင် ပျောက်သွားတယ်။ ဒါက ဘင်္ဂဉာဏ်ဆီရောက်မှ ကောင်းကောင်းတွေ့.တာ။ ဘင်္ဂဉာဏ်ကျမှ ပိုပြီးတော့ ရှင်းပါတယ်။ အဲဒီကျတော့ရှိရင် မှတ်တိုင်းမှတ်တိုင်း ပျောက်နေတာပဲ၊ ဘယ်ဟာမှ တည်နေတာ မရှိဘူး။ ဥဒယဗ္ဗယဉာဏ် နောက်ပိုင်းကလည်း အဖြစ်နဲ့ အပျက်နဲ့ ပေါ်ပြီးရင် ပျောက်၊ ပေါ်ပြီးရင် ပျောက်ပဲ။

http://www.dhammadownload.com

အရှေ့ပိုင်း သမ္မသနဉာဏ်က အနီစွ ဒုက္ခ အနတ္တ သုံးသပ်တယ်ဆိုပေမယ့် သူကတော့ သန္တတိနဲ့ပဲ၊ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်မြင်တာတော့ မဟုတ်သေးဘူး။ သူဉစွာ ညောင်းတယ်မှတ်ရင် ညောင်းတာတွေ တဖြည်းဖြည်းနဲ့ လျော့ လျော့ လျော့လျော့ပြီးတော့ တော်ကြာမှ ပျောက်သွားတာ။ အဲဒီလောက်မှ သူက တစ်ခါပျောက်တာကိုး၊ ကြားထဲမှာ ပျောက်တာတွေ မထင်ရှားဘူး။ ပူတယ်မှတ်နေရင် တော် တော်နဲ့ မပျောက်ဘူး။ တော်တော်ကြာတော့ ပျောက်သွားတယ်။ တချို့လည်း အကြာကြီးမှတော့မှ ပျောက်သွားတာ။ အဲဒါက သန္တတိနဲ့ ပျက်တာခေါ်တယ်။ သမ္မသနဉာဏ်ကတော့ ဒီလို ခပ်ကြမ်းကြမ်းပဲ တွေ့တယ်။

ဥဒယဗ္ဗယဉာဏ်နောက်ပိုင်း၊ ဘင်္ဂဉာဏ်ဆီကျတော့ တစ်ခါမှတ် တစ်ခါပျောက်၊ တစ်ခါမှတ် တစ်ခါပျောက်ပဲ။ ပူတယ်မှတ်ရင် ပူတာပျောက်သွား၊ နောက်လည်း ပူတော့ ပူနေတာ အကုန်လုံးပျောက်သွားတာ မဟုတ်ဘူး။ နောက် တစ်ခါ ပူတာလေးလည်း ပေါ်လာလိုက် ပူတယ်မှတ်လိုက် ပြန်ရင် ပျောက်သွားပြန်တယ်၊ မရှိဘူး။ နောက်တစ်ခါလည်း ပူတာ ပေါ်သေးတာပဲ။ တစ်ခါမှတ်ရင် တစ်ခါပျောက်၊ ပေါ်လိုက် ပျောက်လိုက် ဒါလေးတွေ တွေ့တာပဲ။ အဲဒါ အနီစွာနုပဿီပဲ။

http://www.dhammadownload.com

ပူတာလေးတွေ အပိုင်းအပိုင်း ဖြစ်နေတယ်။ ဘာနဲ့ တူသလဲဆိုရင် ပရွက်ဆိတ်တို့ ခြေတို့ တန်းသွားနေတာရှိတယ်။ အဲဒါ ခပ်လှမ်းလှမ်းကနေပြီးကြည့်တော့ ခြမည်းတွေ သွားနေမယ်ဆိုရင် အမည်းတန်းကြီးပေါ့၊ အပြတ်အကြားမရှိဘူးလို့ ထင်ရတယ်။ အနားနား သွားပြီးကြည့်တော့ တစ်ကောင်နဲ့ တစ်ကောင် ဆက်မနေဘူး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ်ပဲ။

မရှမမှတ်ဘဲနေတဲ့ ပုဂ္ဂိုလ်တွေ၊ ရှုပင်ရှုငြားသော် လည်းပဲ သမာဓိဉာဏ် အားမကောင်းသေးတဲ့ ပုဂ္ဂိုလ်တွေမှာ၊ ညောင်းတာပူတာတွေပေါ်ရင် ညောင်းတယ်ပူတယ်လို့သာ မှတ်ရတယ်၊ တစ်ဆက်တည်းလို့ ထင်နေတာပဲ။ အပြတ် အခြား မရှိဘူး။ သမာဓိဉာဏ် အားကောင်းလာလို့ ဥဒယဗ္ဗယ ဉာဏ်နောက်ပိုင်းနဲ့ ဘင်္ဂဉာဏ်ဆီ ရောက်တဲ့အခါကျတော့ မှတ်တိုင်း မှတ်တိုင်းဟာ အပြတ်အပြတ်လေးတွေ ဖြစ်တယ်။

အဲဒီလို တစ်ပိုင်းစီတစ်ပိုင်းစီ ပြတ်ပြတ်ပြီးသွားတော့ ကုန်ကုန်သွားလို့ မမြဲတဲ့တရားပဲဆိုတာ ဒီလိုသိရမှာကိုး။ အနိစ္စကိုသိရမည်၊ အနိစ္စလက္ခဏာကိုသိရမည်၊ အနိစ္စာနုပဿနာကို သိရမည်၊ အနိစ္စာနုပဿီပုဂ္ဂိုလ်ကို သိရမည်လို့ အဋ္ဌကထာဆရာက ဆိုထားတယ်။

http://www.dhammadownload.com

အနိစ္စ- မမြဲတဲ့တရားဆိုတာ သိပါတဲ့။ အနိစ္စလက္ခဏာ- မမြဲဘူးလို့မှတ်သားရတဲ့ အထိမ်းအမှတ် လက္ခဏာ၊ ဒါလေးတွေသိပါတဲ့။ အနိစ္စာနုပဿနာ- မမြဲဘူးလို့ ရှုတဲ့ဉာဏ်၊ အဲဒါလေးလည်း သိပါတဲ့။ အနိစ္စာနုပဿီ- မမြဲဘူးလို့ရှုတဲ့ပုဂ္ဂိုလ်၊ အဲဒါလည်းပဲ သိပါတဲ့။ လေးပိုင်း ခွဲထားပါတယ်။

အနိစ္စ၊ အနိစ္စလက္ခဏာ၊ အနိစ္စာနုပဿနာ၊ အနိစ္စာနုပဿီ (၁)

အဲဒီလေးပိုင်းထဲမှာ အနိစ္စဆိုတာ အနိစ္စန္တိ ခန္ဓပဉ္စကံ။ အနိစ္စန္တိ- မမြဲသောတရားဟူသည်၊ ခန္ဓပဉ္စကံ- ခန္ဓာငါးပါးပဲ။ မမြဲတဲ့တရားဆိုတာ ခန္ဓာငါးပါးပဲ။ ဝေဒနာလေးရှုနေတော့ ကိုယ်ထဲမှာ သုခဝေဒနာ ပေါ်လာတယ်။ ကိုယ်ထဲမှာ ဒုက္ခဝေဒနာ ပေါ်လာတယ်။ စိတ်ထဲမှာ သုခဝေဒနာ ပေါ်လာတယ်။ စိတ်ထဲမှာ ဒုက္ခဝေဒနာ ပေါ်လာတယ်။ အဲဒီပေါ်လာတဲ့ ဝေဒနာလေး ဖမ်းရှုလိုက်တော့ ဖြစ်ပြီးပျောက်သွားပြန်လို့ မမြဲဘူးဆိုတာ သိတာပေါ့။ ဒါက စာပေကျမ်းဂန်အရတွေနဲ့ လျှောက်ကြံနေရတာ မဟုတ်ဘူး။ ရှုရုံနဲ့ သိရတယ်။ စာပေကျမ်းဂန်နဲ့ လျှောက်ကြံနေတာ ကိုယ်တိုင်သိတာမှမဟုတ်ဘဲ။ ကျမ်းဆရာတွေက ရေးထားလို့ မှတ်သားထားတာပဲ၊ ကိုယ်ပိုင်ဉာဏ် မဟုတ်ဘူး။ ခုဟာကတော့ ကိုယ်ပိုင်ဉာဏ်ကိုး။ ရှုရင်း ရှုရင်းနဲ့

http://www.dhammadownload.com

သဘောကျပြီးတော့ သိသွားတာ။ ဝေဒနာတစ်ခု ပေါ်လာတယ်၊ မှတ်လိုက် ပျောက်သွားလိုက်၊ မှတ်လိုက် ပျောက်သွားလိုက်၊ ဒါတွေပဲတွေ့.တော့ မမြဲတဲ့တရားတွေပဲလို့ သိရတယ်။

ဒီနေရာမှာတော့ ဝေဒနာလေးကို ဆိုလိုပါတယ်။ ဒါပေမယ်လို့ ဝေဒနာနဲ့အလားတူပဲ ဒို့ပြင် ခန္ဓာငါးပါးအပေါင်းဟာ အနိစ္စပဲ၊ မမြဲတဲ့တရားပဲ၊ ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနိစ္စ မည်တယ်တဲ့။ ကိုင်းဆိုရမယ်။

ဖြစ်ပျက်သမျှ ရုပ်နာမ်ခန္ဓာက အနိစ္စတရား။

ဖြစ်ပြီးပျက်သွား၊ ဖြစ်ပြီးပျက်သွား၊ ယောဂီပုဂ္ဂိုလ်မှာ ဒီအတိုင်း ထင်တာကိုး။ ဒီလိုပဲ ထင်မှာပဲ။ ဟိုကပေါ်လာလိုက် ဒီကမှတ်လိုက် ပျောက်သွား။ ပေါ်တာက ဖြစ်တာ၊ ပျောက်သွားတာက ပျက်တာပဲ၊ ဖြစ်ပျက်တယ်ဆိုတာက ပေါ်ပြီး ပျောက် ပေါ်ပြီးပျောက်၊ ဒါတွေတွေ့.နေရတော့ အကုန်လုံး အနိစ္စတရားချည်းပဲဆိုတာ ကိုယ်တိုင်သိလာတယ်။

ရုပ်ကိုယ်ထဲက ပေါ်လာတယ်၊ ပျောက်သွားတယ်၊ အနိစ္စပဲ။ စိတ်ထဲကနေပြီး ပေါ်လာတယ်၊ ပျောက်သွားတယ်၊ အနိစ္စပဲ။ အစ ဖြစ်ပေါ်လာတယ်၊ ပြီးတော့ ပျောက်သွားတယ်။ ကောင်းကင်က လျှပ်စီးလက်တာလို လက်ခနဲပေါ်လာပြီး ပျောက်သွားတယ်။ ပေါ်ပြီး ပျောက်သွားတာဟူသမျှ အနိစ္စ-

http://www.dhammadownload.com

မမြဲတဲ့တရားချည်းပဲ။ ပေါ်လာပြီးနောက် ကွယ်ပျောက်သွား တာက အနိစ္စလက္ခဏာခေါ်တယ်တဲ့။

ဟုတ္တာ အဘာဝိကာရော အနိစ္စလက္ခဏံ။ ဟုတ္တာ-ဖြစ်ပေါ်ပြီး၍၊ အဘာဝိကာရော- မရှိသော အခြင်းအရာတဲ့၊ ဟုတ္တာ- ရှိပြီး၍ ဖြစ်ပြီး၍၊ အစတုန်းကမရှိသေးဘဲနဲ့ အခုရှိတာ၊ ကောင်းကင်မှာလျှပ်စီးလက်တာ အစက အလင်းလေးမရှိဘူး၊ အခုရှိလာတယ်၊ ရှိပြီးတော့ရော တည်နေသလားဆိုတော့၊ အဘာဝ- မရှိပြန်ဘူး၊ ပျောက်သွားတယ်။ ကိုယ်ထဲက ရုပ်နာမ် တွေလည်း ဒီအတိုင်းပဲ၊ လျှပ်စီးလက်တာနဲ့ တူနေတာ၊ လျှပ်စီး ကမှ ကြာနေဦးမယ်၊ ကိုယ်ထဲကဟာတွေ ဒီလောက်တောင် မကြာဘူး။ အင်မတန်မြန်တဲ့ဥစ္စာတွေ၊ ဖြုတ်ခနဲ ဖြုတ်ခနဲ ပေါ်ပြီးရင်း ပျောက်လိုက်နေတာတွေ။

အဲဒီတော့ ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနိစ္စလက္ခဏာပဲ၊ ဘယ်ဟာမဆို ဖြစ်ပေါ်ပြီး ပျောက်ကွယ်သွားရင် အဲဒါဟာ မမြဲတဲ့တရားပဲ၊ အနိစ္စတရားပဲ၊ အနိစ္စတရားရဲ့ အထိမ်းအမှတ်ပဲ။ ဒီတရားတစ်ခုကတော့ မဖြစ်ပေါ်ဘူးဆိုရင် အဲဒါ အနိစ္စမဆိုရဘူး။ ဒီတရားတစ်ခုက မပျောက်ဘူး၊ မပျက်ဘူး၊ တည်နေတယ်ဆိုရင် ဒါလည်း အနိစ္စ မခေါ်ရဘူး။ အခု ရုပ်နာမ်တွေကတော့ ဖြစ်ပေါ်ပြီးရင် ပျောက်

http://www.dhammadownload.com

သွားတာပဲ၊ ဒါကြောင့်မို့ အနီစွတရားတဲ့။ ဖြစ်ခြင်း ပျောက်ခြင်း နှစ်ခုကသာ အနီစွလက္ခဏာပါပဲ။ အနီစွ- မမြဲဘူးလို့ မှတ်သား ရခြင်းရဲ့ အထိမ်း အမှတ်ပါပဲ။ အဲဒါဆိုရမယ်။

ဖြစ်ပေါ်ပြီးနောက် ကွယ်ပျောက်သွားတာက အနီစွလက္ခဏာ။

အနီစွ၊ အနီစွလက္ခဏာ၊ ပြီးတော့ အနီစွာနုပဿနာ။ အဲဒီ ဖြစ်ပေါ်ပြီး ကွယ်ပျောက်သွားတဲ့ အနီစွလက္ခဏာလေး မြင်ရင်ဖြင့် အနီစွာနုပဿနာဉာဏ် ဖြစ်တော့တာပဲ။ မမြဲဘူးလို့ ဆိုတာ သိတော့တာပဲ။ ဖြစ်ပေါ်ပြီး ပျောက်သွားတာတွေ့ရင် ဖြင့် မမြဲဘူးဆိုတာ အထူးမပြောရပါဘူး၊ သူဟာသူ သိနေတာ။

အဲဒီတော့ ရှုမှတ်ဆဲမှာ ကွယ်ပျောက်သွားတာကို တွေ့ရ၍တဲ့၊ ကွယ်ပျောက်သွားတာက အရေးကြီးတယ်၊ ဖြစ် တာက အဲဒီလောက် အရေးမကြီးဘူး၊ မှတ်နေရင်းနဲ့ ပျောက် သွားရင်း ဒီလိုတွေ့လို့ရှိရင်။ ဟိုမှာ ညောင်းတယ်မှတ်ရင်း ပျောက်လိုက်၊ ပူတယ်မှတ်ရင်း ပျောက်လိုက်၊ နာတယ်မှတ် ရင်း ပျောက်လိုက်၊ စိတ်ကူးတယ် စဉ်းစားတယ် မှတ်ရင်း ပျောက်လိုက်။

ကွေးတယ်ဆန့်တယ် ရွှေ့တိုင်းရွှေ့တိုင်း ပျောက် တယ်။ ဖောင်းတယ်ပိန်တယ် ရွှေ့တိုင်းရွှေ့တိုင်း ပျောက်

http://www.dhammadownload.com

တယ်။ ကြွတယ် လှမ်းတယ် ချတယ် ရွှေ့တိုင်းရွှေ့တိုင်း ပျောက်တယ်။ အဲဒီလို ဖြစ်ပေါ်ပြီး ပျောက်သွားတာလေးတွေ့တွေ့ရလို့ မမြဲတဲ့တရားပဲ၊ ခဏမစဲ ဖြစ်ပျက်နေတဲ့ တရားတွေ့ချည်းပါပဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းပြီးတော့ သဘောကျလာတယ်။ အဲဒါ အနိစ္စာနုပဿနာဉာဏ်ပဲ၊ ဆိုရမယ်။

ရှမ့တ်ဆဲမှာ ကွယ်ပျောက်သွားတာကို
တွေ့ရ၍ မမြဲဟုသိတာက
အနိစ္စာနုပဿနာဉာဏ်။

အဲဒါ အရေးကြီးတယ်။ ရှမ့တ်ဆဲမှာ သိမှ၊ ဒီအတိုင်းစဉ်းစားကြံတွေးပြီးတော့ သဘောကျပါတယ်ဆိုရင် မဟုတ်သေးဘူး။ ပေါ်လာတဲ့တရားလေးတွေ ရှုရင်းရှုရင်းနဲ့ တစ်ခါတည်း ဖြစ်ပေါ်ပြီး ပျောက်သွားတာတွေ့တော့ မမြဲတဲ့တရားပဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းပြီးတော့ သိသွားတာ၊ သူများပြောလို့သိတာ မဟုတ်ဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းပြီးတော့ သိရင် အနိစ္စာနုပဿနာဉာဏ်ပဲတဲ့။

အဲဒီလို အနိစ္စာနုပဿနာဉာဏ်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်ကို အနိစ္စာနုပဿီ ခေါ်တာပဲ။ မမြဲဟုရှုသောပုဂ္ဂိုလ်တဲ့။ သော-ထိုယောဂီပုဂ္ဂိုလ်သည်၊ သော- ထိုယောဂီရဟန်းသည်၊ တာသုဝေဒနာသု- ထိုခံစားမှုဝေဒနာတို့၌၊ အနိစ္စာနုပဿီ- မမြဲဟု

http://www.dhammadownload.com

ရှသည်ဖြစ်၍၊ ဝါ မမြဟ့ရှလျက်၊ ဝိဟရတိ- နေ၏။ အဲဒီတရား တွေ မမြဘူးလို့ ရှပြီးတော့ နေပါတယ်တဲ့။

ကောင်းဆိုးလတ်စု ခံစားမှု မှတ်ရှအနိစ္စာတဲ့။ ထို ခံစားမှုတွေက သုခံ ဝါ- ချမ်းသာဖြစ်စေ၊ ဒုက္ခံ ဝါ- ဆင်းရဲဖြစ်စေ၊ အဒုက္ခမသုခံ ဝါ- မဆင်းရဲမချမ်းသာ ဥပေက္ခာ အလယ် အလတ်ဖြစ်စေ၊ သုံးစားပဲ။ သုခချမ်းသာဆိုတာ ကောင်းတာပဲ။ ဗမာက ကောင်းတယ်လို့ပြောတယ်။ ချမ်းသာတယ်လို့ မပြော ပါဘူး။ မျက်စိနဲ့ကြည့်ကောင်းရင်လည်း ကောင်းတယ် ပြော တာပဲ၊ ကြည့်ရတာ ချမ်းသာတယ်လို့ မပြောဘူး။ နားက အသံ ကောင်းလေးတွေကြားရလို့ရှိရင် ကောင်းတယ် ပြောတာပါပဲ၊ ချမ်းသာတယ်လို့ မပြောဘူး။ နှာခေါင်းက မွှေးမွှေးကြိုင်ကြိုင် လေးတွေ နံရလည်း ကောင်းတယ်ပြောတာပဲ။ စားရတဲ့အခါ လည်း အရသာကောင်းတယ် ပြောတာပဲ။ အတွေ့အထိလေး တွေလည်း ကောင်းတယ်ပြောတာပါပဲ။ ချမ်းသာတယ်လို့ မပြောပါဘူး။ စိတ်ကူးစဉ်းစားပြီးတော့ ပြောနေတဲ့အခါလည်း စိတ်ကူးရတာ ကောင်းတယ်၊ စဉ်းစားရတာ ကောင်းတယ် ပြောတာပဲ။ ချမ်းသာတယ်လို့ တယ်မပြောဘူး၊ ဝမ်းမြောက် ဝမ်းသာတယ် ပြောတာပဲ။ အဲဒါတွေဟာ ကောင်းတဲ့ခံစားမှု တွေ ပေါ့လေ၊ သုခဝေဒနာ ခေါ်တယ်။

http://www.dhammadownload.com

ဒုက္ခကျတော့လည်းပဲ ဆင်းရဲတယ်လို့ မပြောပြန်ဘူး။ ဆိုးတယ်၊ မကောင်းဘူးလို့ ပြောပြန်တာပဲ။ အလယ်အလတ်စား ဥပေက္ခာဆိုတော့ အကောင်းလည်း မဟုတ်ဘူး၊ အဆိုးလည်း မဟုတ်ဘူး၊ သုခလည်း မဟုတ်ဘူး၊ ဒုက္ခလည်း မဟုတ်ဘူး၊ အလတ်စားပေါ့လေ။ အကောင်းရယ်၊ အဆိုးရယ်၊ အလတ်စားရယ်၊ ခံစားမှု သုံးမျိုးရှိတယ်။ အဲဒီခံစားမှုတွေကို အနိစ္စလို့ ရှုပြီးတော့နေပါတဲ့။ ကိုင်း ဆိုရမယ်။

ကောင်းဆိုးလတ်စု ခံစားမှု မှတ်ရှုအနိစ္စာ။

အနိစ္စာနုပဿီ- မမြဲဟုရှုသည်ဖြစ်၍၊ ဝါ၊ မမြဲဟုရှုလျက်၊ ဝိဟရတိ- နေ၏။ ယောဂီပုဂ္ဂိုလ်တွေ မှတ်ရင်းမှတ်ရင်းနဲ့ ပေါ်ပြီးပျောက်သွားလို့ မမြဲဘူးသိနေတာ ဒီဒေသနာနဲ့ အညီပေါ့။ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာ ဝေဒနာတွေများ ရှုနေရင် ဖြစ်ပြီးပျောက် ဖြစ်ပြီးပျောက် တစ်ခါတည်း အပိုင်းပိုင်း ပြတ်ပြတ်ပြီးတော့ ပျောက်ပျောက်သွားတာလေးတွေ တွေ့နေရတော့ မမြဲဘူးလို့သိနေတာ၊ ဒါပေါ့။

ခယဝိရာဂ၊ အစ္စန္တဝိရာဂ (၂)

ဝိရာဂါနုပဿီ- ပျက်ပြယ်သွားသည်ဟု ရှုလျက်၊ ဝိဟရတိ- နေ၏။ ဝိရာဂ- ပျက်ပြယ်သွားတယ်တဲ့။ အဲဒီ

http://www.dhammadownload.com

ဝိရာဂက နှစ်မျိုးရှိတယ်။ ခယဝိရာဂ၊ အစွန့်ဝိရာဂတဲ့။ ကုန်ပြီးတော့ ပျက်ပြယ်သွားတာ ခယဝိရာဂလို့ခေါ်တယ်။ ရုပ်နာမ်တရားတွေ အစတော့ ဖြစ်ပေါ်ပြီးတော့ ကုန်သွားတယ်၊ ဆုံးသွားတယ်။ ကုန်ဆုံးပြီးတော့ ပျောက်ပျောက်သွားတယ်။ ဘာမှ မရှိဘူး။

ကိုယ်ထဲက ခံစားမှုတွေ၊ ဒီပြင်ရုပ်နာမ်တွေလည်း အကုန်လုံးပါပဲ။ ဒီမှာတော့ ခံစားမှုကို ပဓာနပြုပြီးတော့ ဟောနေတာ။ ခံစားမှုဝေဒနာတွေဟာ ဖြစ်ပေါ်ပြီးတော့ ပျက်ပြယ်သွားတယ်ဆိုတာက ခယဝိရာဂလို့ ခေါ်တယ်။ အလုံးစုံသော သခါရတရားတွေဟာ ပျက်ပြယ်ပြီးတော့ ကုန်ဆုံးသွားတာက ခယဝိရာဂတဲ့။

ပြီးတော့ အလုံးစုံသောသခါရတရားတွေ လုံးဝ မဖြစ်ပေါ်လာပဲ ကင်းသွားတာက အစွန့်ဝိရာဂတဲ့။ အစွန့်- စင်စစ်၊ ဝိရာဂ- ပျက်ပြယ်တာ၊ စင်စစ်ပျက်ပြယ်တာ နိဗ္ဗာန်ပဲ။ အလုံးစုံသော သခါရတရားတွေဟာ တစ်ခါတည်း မဖြစ်ပေါ်လာတော့ဘဲနဲ့ ကင်းသွားတာ အစွန့်ဝိရာဂ၊ ဒါ နိဗ္ဗာန်ပဲ။ ဝိပဿနာရှုစဉ်အခါကာလမှာတော့ ရှုတိုင်းမှတ်တိုင်းဟာ ခယဝိရာဂတွေ့နေတယ်။ ကုန်ကုန်သွားတာ တွေ့တယ်။ ကုန်ကုန်ပြီး

http://www.dhammadownload.com

ပျက်ပြယ်သွားတာ တွေ့တယ်။ ရှုမှတ်ဆဲမှာ ရှုမှတ်ရတဲ့အာရုံတွေ ပျက်ပြယ်ပြီးသွားတာက ခယဝိရာဂ။

ဝိပဿနာရှုနေတဲ့ပုဂ္ဂိုလ်က အဲဒီ ခယဝိရာဂကို တွေ့နေတာပဲ။ ခယဝိရာဂ ရှုနေတာ ဝိရာဂါနုပဿီပဲ။ ဝိပဿနာရှုစဉ်အခါကာလမှာ ညောင်းတာ ပူတာ နာတာ ကျင်တာ ကိုက်ခဲတာ အဲဒီဝေဒနာတွေရှုတော့ ရှုရင်းရှုရင်းနဲ့ တစ်ခါတည်း လွင့်ပျောက်သွားသလိုပဲ ရှုရင်းရှုရင်းနဲ့ ပျောက်ပျောက်သွားတာ။

ညောင်းတယ်ဆိုရင် တစ်ခုပျောက်သွား၊ ညောင်းတယ်ဆိုရင် တစ်ခုပျောက်သွား၊ ပူတယ်ဆိုရင် တစ်ခုပျောက်သွား၊ ပူတယ်ဆိုရင် တစ်ခုပျောက်သွား၊ မှတ်ရင်းမှတ်ရင်းနဲ့ ပျောက် ပျောက်သွားသလိုပဲ၊ ပျက်ပြယ်ပြီး ပျောက်ပျောက်သွားတာလေးတွေ တွေ့နေရတော့ကာ ခယဝိရာဂ၊ ဝိရာဂနုပဿနာ ခေါ်တယ်။ ဝိရာဂါနုပဿီ- ပျက်ပြယ်သွားသည်ကို ပျက်ပြယ်သွားသည်ဟု ရှုလျက်၊ ဝိဟရတိ-နေ၏။

နောက်ဆုံး ဝိပဿနာဉာဏ် ပြည့်စုံတဲ့အခါကျတော့ ဒီပျက်ပြယ်သွားတာတွေ သိရင်းသိရင်းနဲ့ နောက်ဆုံး ရုပ်နာမ်သခ်ါရတွေ လုံးဝကုန်ဆုံးသွားတာကို တွေ့တယ်။ အဲဒါ အစွန်အဖျား ဝိရာဂ ခေါ်တယ်။ ဖြစ်ပျက်တာတွေ ရှုရင်းရှုရင်းနဲ့

http://www.dhammadownload.com

နောက်ဆုံးကျတော့ ဖြစ်ပျက်တာကို မရှိတော့ဘူး။ ရှုမှတ်ရတဲ့ အာရုံလည်း မရှိဘူး။ ရှုမှတ်ပြီးတော့သိနေတဲ့ စိတ်လည်း မရှိဘူး။ အာရုံ ရော ဝိပဿနာစိတ်ရော တစ်ခါတည်း ယူပစ်လိုက်သလို ပျောက်သွားတာကိုး။ အဲဒီလို ပျက်ပြယ်သွားတာက အစွန်အဖျားရောဂ၊ ဒါ နိဗ္ဗာန်ပဲ။

ဒါက အရိယာမဂ် ဖြစ်ပေါ်တဲ့အခါမှာ တွေ့တယ်။ သခ်ါရပေကွာဉာဏ် အားကောင်းတဲ့အခါ ရှုရင်းမှတ်ရင်းနဲ့ ဖြစ်ပျက်လေးတွေ သိရင်းသိရင်းနဲ့ နောက်ဆုံးကျတော့ ဖြစ်ပျက်မှု သခ်ါရတွေ လုံးဝငြိမ်းသွားတာကို တွေ့တာကိုး။ အဲဒီအချိန်မှာ ရှုစရာအာရုံလည်း မရှိဘူး။ ရှုသိနေတဲ့စိတ်လည်း မရှိဘူး။ အကုန်လုံးငြိမ်းနေတဲ့ သဘောပဲ ထင်ရှားတယ်။ အဲဒါက အစွန်အဖျားရောဂ ခေါ်တယ်။ အဲဒီ ဝိရာဂနှစ်မျိုးကို ရှုပြီးတော့ သိနေတာဟာ ဝိရာဂါနုပဿီပါပဲတဲ့။

ဝိရာဂါနုပဿီ- ပျက်ပြယ်သွားသည်ကို ပျက်ပြယ်သွားသည်ဟု ရှုလျက်၊ ဝိဟရတိ- နေ၏။ ပေါ်တိုင်းပေါ်တိုင်း တွေမှတ်၊ မှတ်တိုင်းမှတ်တိုင်းတွေလည်း ပျက်ပြယ်သွားတာ တွေ့နေရတယ်။ အဲဒီလိုရှုနေရာက နောက်ဆုံး ရုပ်နာမ်သခ်ါရ ငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲ ပြေးဝင်ပြီးတော့ ရောက်သွားတာ၊ သခ်ါရအာရုံနိမိတ်တွေ ဘာမှမရှိဘဲနဲ့ ပျက်ပြယ်ပြီးသွားတဲ့

http://www.dhammadownload.com

သဘောက နိဗ္ဗာန်၊ အဲဒီထိအောင် အားထုတ်ရမှာပါပဲ။ နောက်ဆုံးကျတော့ အဲဒီလို ရှုရင်းရှုရင်းနဲ့ ရုပ်နာမ်သခ်ါရတွေ လုံးဝပျက်ပြယ်သွားတဲ့သဘော၊ ရုပ်နာမ်သခ်ါရတွေ ဘာမှ မပေါ်လာတော့ဘူး။ တစ်တိုတစ်စမှ မရှိတော့ဘူး။ တစ်ခါတည်း အသံတွေဆူညံနေရာက အသံမရှိတဲ့နေရာ ရောက်သွားသလိုပဲ၊ တိတ်သွားပြန်တာ။ အဲဒီလို ရုပ်နာမ်သခ်ါရတွေ လုံးဝဆိတ်သုဉ်းတဲ့ သဘော ပျက်ပြယ်တဲ့သဘောက အစွန့်ဇာဂ၊ အဲဒီ အစွန့်ဇာဂကိုလည်း ရှုပြီးတော့နေရမယ်တဲ့။

ခယနိရောဓ၊ အစွန့်ဇာနိရောဓ(၃)

ပြီးတော့ နိရောဓနုပဿနာဆိုတာလည်း ရှိတယ်။ ဝိရာဂက ပျက်ပြယ်တယ်၊ နိရောဓက ချုပ်တယ်၊ ဒီလောက်ပဲ ကွာပါတယ်။ အဲဒီမှာလည်းပဲ နိရောဓ- ချုပ်တယ်ဆိုတာ နှစ်မျိုးရှိတယ်။ ခယနိရောဓ၊ အစွန့်ဇာနိရောဓလို့ နှစ်မျိုးရှိတယ်။ ခယနိရောဓဆိုတာ ဖြစ်ပေါ်တဲ့ ရုပ်နာမ်တွေ ကုန်သွားတာပဲ။ ကုန်ဆုံးပြီးတဲ့နောက် မရှိတာ။ အစွန့်ဇာနိရောဓ ဆိုတာကတော့ ရုပ်နာမ်သခ်ါရတွေ မပေါ်လာဘဲနဲ့ မရှိတာ။ ပေါ်ပြီးတဲ့ ရုပ်နာမ်သခ်ါရတွေ ပျောက်သွားလို့ မဟုတ်ဘူး။ ရုပ်နာမ်သခ်ါရတွေ လုံးလုံးမရှိတာ။ အဲဒါ ချုပ်တာ နှစ်မျိုး။

http://www.dhammadownload.com

အခု ရုပ်နာမ်တွေချုပ်ငြိမ်းတယ် ဆိုတာကလည်း ဖြစ်ပေါ်ပြီးတော့ ပျောက်သွားတဲ့နောက် မရှိတာက တစ်မျိုး၊ လုံးလုံးမဖြစ်ပေါ်ဘဲနဲ့ မရှိတာက တစ်မျိုး၊ နှစ်မျိုး ရှိတယ်။ ပေါ်တိုင်းပေါ်တိုင်း ရုပ်နာမ်လေးတွေမှတ်တော့ မှတ်တိုင်း မှတ်တိုင်းတွေ ပျောက်ပျောက်သွားတာ၊ အဲဒီလို ဖြစ်ပေါ်ပြီးတော့ မရှိတာက ခဏနိရောဓ ခေါ်တယ်။ ဖြစ်ပေါ်ပြီးတော့ ချုပ်တယ်။

အစွန်အဖျားနိရောဓဆိုတာကတော့ နိဗ္ဗာန်ပဲ၊ ငြိမ်းတဲ့သဘောကိုး။ သူက အစကတည်းက မရှိတာဘဲ၊ အစကတည်းက ရုပ်နာမ်တွေ မပေါ်လာလို့ မရှိတာ၊ ပေါ်ပြီးမှ ပျောက်သွားတာ မဟုတ်ဘူး။

ဝိပဿနာရှုတော့ ရှုရင်းရှုရင်းနဲ့ အဖြစ်အပျက်တွေ သိရင်းသိရင်းနဲ့ နောက်ဆုံးကျတော့ ရုပ်နာမ်သခ်ါရတွေ လုံးဝငြိမ်းသွားတာကို တွေ့ရတယ်။ ငြိမ်းတာက အခု မြင်နေဆဲကြားနာဆဲတွေ ပျောက်သွားတာမဟုတ်ဘူး။ မြင်နေဆဲ ကြားနေဆဲ ပျောက်သွားတာက အစကတည်းက ဝိပဿနာရှုတိုင်းရှုတိုင်း ပျောက်တာမျိုးပဲ။ သူက တစ်မျိုး။ နောက်ဆုံး ရုပ်နာမ်သခ်ါရတွေ လုံးဝမရှိဘဲနဲ့ ငြိမ်းသွားတဲ့ နိဗ္ဗာန်တွေ့တယ်ဆိုတာက သူကတစ်မျိုးပဲကိုး၊ ဒီကဟာတွေ ဆုံးတာကို တွေ့တာ မဟုတ်ဘူး၊ ဟိုမှာ မရှိတာကို တွေ့နေတာ။ ပေါ်လာတဲ့တရား

http://www.dhammadownload.com

မရှိဘူး။ ရှာသိနေတဲ့တရား မရှိဘူး။ အကုန်လုံး ဆိတ်သုဉ်းပြီး ငြိမ်းနေတဲ့တရားကို တွေ့တာ၊ အဲဒါ အစွန့်အနိရောဓ ခေါ်တယ်။ အလုံးစုံသောသခါရတို့ မဖြစ်ပေါ်လာပဲ ကုန်ဆုံးချုပ်ငြိမ်းသွားတဲ့ သဘောက အစွန့်အနိရောဓတဲ့။

အဲဒီ နိရောဓနှစ်ပါးကို ရှုမြင်ပြီးတော့သိနေတာဟာ နိရောဓာနုပဿနာပဲတဲ့။ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က ပေါ်တိုင်း ပေါ်တိုင်းတွေရှုတော့ မြင်တာရှုရင် မြင်တာလေး ပျောက်သွားတာ သိတယ်။ ဒါ ခယနိရောဓ၊ နိရောဓာနုပဿနာပဲ။ ကြားတာလေး ပေါ်၊ ပေါ်ပြီးပျောက်သွားတာကို သိတယ်။ ဒါလည်း ခယနိရောဓပဲ၊ နိရောဓာနုပဿနာပဲ။ အဲဒီလိုပဲ ပေါ်တိုင်း ပေါ်တိုင်းလေးတွေ ဘယ်ဟာမဆို ပေါ်ပြီးပျောက်သွားတာ သိနေလို့ရှိရင် ဒါ နိရောဓာနုပဿနာတွေ။ ညောင်းတာ ပူတာ နာကျင်ကိုက်ခဲတာ ဝေဒနာတွေ ရှုနေလို့ရှိရင် ဝေဒနာလေးတွေ တစ်ပိုင်းစီ တစ်ပိုင်းစီ ပျောက်ပျောက်သွားတာ၊ ကုန်ကုန်သွားတာ၊ ချုပ်ချုပ်သွားတာ တွေ့နေတယ်။ အဲဒါဟာ နိရောဓာနုပဿနာပဲ။ ခယနိရောဓကို ရှုနေတာတဲ့။ နောက်ဆုံးကျတော့ အဲဒီလို ရှုရင်းရှုရင်းနဲ့ ရုပ်နာမ်တွေ ဖြစ်ပျက်တဲ့တရားတွေ ဘာမှမရှိဘဲနဲ့ လုံးဝဆိတ်သုဉ်းတဲ့သဘောထဲကို ရောက်

http://www.dhammadownload.com

သွားတယ်။ အဲဒါ အစွန့်အနိရောဓ။ ဒါက နိဗ္ဗာန်ကိုအာရုံပြုပြီး တော့ဖြစ်တာ၊ အရိယာမဂ်ပဲ။

အဲဒီ နိရောဓာနုပဿနာ နှစ်မျိုးလုံးဖြစ်အောင်လို့ ရှုရမှာပဲ။ ပထမတော့ ရုပ်နာမ်သခါရတွေ ဖြစ်ပေါ်ပြီး ချုပ်ငြိမ်းသွားတဲ့ ခဏနိရောဓကို သိနေရမှာပဲ။ ဒါက ဝိပဿနာ။ နောက်ဆုံး အရိယာမဂ်ဖြစ်ပေါ်လာတဲ့အခါကျတော့ နိဗ္ဗာန်ဆိုတဲ့ အစွန့်အနိရောဓ ရုပ်နာမ်တွေ လုံးဝဆိတ်သုဉ်း ချုပ်ငြိမ်းနေတဲ့ တရားကို တွေ့သွားတာကိုး၊ အဲဒီ အထိအောင် ရှုရမှာ။ ဒါကြောင့် ဒါလေးနှစ်ခုကို တစ်ပိုဒ်တည်းတွဲပြီး ဆောင်ပုဒ် လုပ်ထားပါတယ်။ ကိုင်း ဆိုရအောင်။

ပျက်ပြယ်သွားမှု ချုပ်ငြိမ်းမှု မှတ်ရှုနေပြန်ရာ။

ပရိစ္ဆာဂ ပဋိနိဿဂ္ဂ၊ ပက္ခန္ဒန ပဋိနိဿဂ္ဂ(၄)

ပဋိနိဿဂ္ဂါနုပဿီ- တစ်ဖန်စွန့်လျက်၊ ဝါ၊ ပြေးဝင်လျက် ရှုသည်ဖြစ်၍၊ ဝိဟရတိ- နေ၏။ တစ်ဖန်စွန့်လျက် ပြေးဝင်လျက် ရှုသည်ဖြစ်၍ နေရမည်။ ပဋိ- တစ်ဖန်၊ နိဿဂ္ဂ- စွန့်လွှတ်တယ်။ ဒီလိုအဓိပ္ပာယ် ရှိပါတယ်။ စွန့်လွှတ်တယ် ဆိုတာက တခြားတစ်ပါးကို စွန့်ပစ်လိုက်တဲ့ အနက်အဓိပ္ပာယ်၊ စွန့်လိုက်တဲ့ ပယ်ရှားလိုက်တဲ့ အနက်အဓိပ္ပာယ် တစ်ခုရှိတယ်။

http://www.dhammadownload.com

သွားချင်ရာ သွားရောဆိုပြီး ခွင့်လွှတ်လိုက်တဲ့ အနက်က လည်း တစ်ခုရှိတယ်။ နှစ်ခုရှိတယ်။ စွန့်လိုက်ပြီ လွှတ်လိုက်ပြီ ဆိုရင် အသုံးမကျလို့ စွန့်ပစ်လိုက်တာလည်းရှိတယ်။ ဒါမှ မဟုတ်လို့ သူသွားချင်ရာ သွားရအောင်လို့ ခွင့်ပြုလွှတ်လိုက် တာလည်းရှိတယ်။ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးကို ဒီမှာ ယူထား တယ်။

အဲဒါ ပရိစ္စာဂ ပဋိနိဿဂ္ဂ၊ ပက္ခန္ဒန ပဋိနိဿဂ္ဂလို့ ခေါ် တယ်။ ပရိစ္စာဂ ဆိုတာကတော့ အသုံးမကျလို့ စွန့်လိုက်တဲ့ အဓိပ္ပာယ်မျိုး၊ ပယ်ရှားလိုက်တယ်၊ ပယ်စွန့်လိုက်တယ်။ ပက္ခန္ဒန ပဋိနိဿဂ္ဂကတော့ ပြေးဝင်သွားတာတဲ့။ အဲဒီဆီကို တစ်ခါတည်းသွားရောဆိုပြီး လွှတ်လိုက်တာပဲ၊ စေလွှတ်လိုက် တာ။ ဒါ ပက္ခန္ဒန- ပြေးဝင်သွားတယ် ဆိုပြီးတော့သုံးတာ။

ပရိစ္စာဂ ပဋိနိဿဂ္ဂ

ပရိစ္စာဂ ပဋိနိဿဂ္ဂဆိုတာ ကိလေသာနဲ့ခန္ဓာတွေကို စွန့်တဲ့ ဝိပဿနာပဲတဲ့။ သူက နည်းနည်းခက်တယ်။ သဒ္ဒါ လည်းခက်၊ အဓိပ္ပာယ်လည်းခက်၊ ကိလေသာတွေ ခန္ဓာတွေ ကို စွန့်တယ်တဲ့။ ဝိပဿနာရှုတိုင်းရှုတိုင်း ဖြစ်ရမဲ့ကိလေသာ

http://www.dhammadownload.com

တွေ ဖြစ်ခွင့်မရဘူး။ ကိလေသာက ဆက်ပြီးဖြစ်မယ့် ခန္ဓာတွေ လည်း ဖြစ်ခွင့်မရဘူး။ ဒါတွေ စွန့်နေတာပဲ။

အကယ်၍ ဝိပဿနာမရှုဘူးဆိုလို့ရှိရင် မရှုမိတဲ့အာရုံမှာ မြဲတယ်လို့လည်း ထင်မှာပဲ၊ ချမ်းသာတယ် ကောင်းတယ်လို့လည်း ထင်မှာပဲ၊ ပုဂ္ဂိုလ်သတ္တဝါလို့လည်း ထင်မယ်။ ငါ သူ ယောကျ်ားမိန်းမ ထင်လိမ့်မယ်တဲ့။ အဲဒီလို ထင်ကတည်းက အဝိဇ္ဇာဖြစ်နေပြီ၊ အဲဒီလို ထင်ပြီးတော့ ကောင်းတဲ့ဥစ္စာတွေကို သာယာနစ်သက်လိမ့်မယ်တဲ့၊ တဏှာဖြစ်လိမ့်မယ်။ တဏှာ ဖြစ်ပြီးတော့ အဲဒီအာရုံတွေကိုရအောင်လို့ ကြံဆောင် အားထုတ်တဲ့အခါ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ဖြစ်လိမ့် မယ်တဲ့။ ဒီကံတွေက အကြောင်းညီညွတ်တဲ့အခါ အကျိုးပေး တော့ ဘဝသစ်ရုပ်နာမ်ခန္ဓာတွေ ဖြစ်လိမ့်မယ်တဲ့။ အသေးစိတ် လိုက်ရှင်းရင်တော့ ရှင်းပါတယ်။ တိုတိုပြောရင် သူကခက် တယ်။ အဲဒီလို မရှုမိတဲ့အာရုံနဲ့ စပ်ပြီးတော့ ကိလေသာတွေ လည်း ဖြစ်ပါလိမ့်မယ်တဲ့၊ မရှုတဲ့ပုဂ္ဂိုလ်တွေ ဒီလိုထင်နေတာပဲ။ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်တွေမှာ ကိလေသာဖြစ်ဖို့ရာ ချည်းပဲ။

ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က မြင်တိုင်း ကြားတိုင်း ဒွါရ ခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်းတွေ ရှုနေပြီတဲ့။ မြင်တာလည်း

http://www.dhammadownload.com

ရှုလိုက်၊ ကြားတာလည်း ရှုလိုက်၊ မြင်တာလေးလည်း မြင်ရင် မြင်ကာမျှပဲ၊ မြင်ပြီးပျောက်သွားလို့ မမြဲဘူးဆိုတာ သိနေပြီ။ ကြားပြီးပျောက်သွားတာ သိနေပြီ မမြဲဘူး။ နံပြီး ပျောက်သွား၊ စားပြီး ပျောက်သွား၊ တွေ့ထိပြီး ပျောက်သွား၊ ကွေးပြီးဆန့်ပြီး ပျောက်သွား၊ မမြဲဘူးဆိုတာလေးတွေ သိနေပြီ။ မမြဲတာ သိသဖြင့် ဒုက္ခ- ဆင်းရဲပဲဆိုတာ သိနေပြီ။ အနတ္တာ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်တဲ့ သဘောတရားမျှပဲဆိုတာ သိနေပြီတဲ့။

အဲဒီလိုသိနေရတဲ့ အာရုံနဲ့စပ်ပြီးတော့ မြဲတယ်လို့ စွဲလမ်းတဲ့ကိလေသာ မဖြစ်ဘူး။ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်ဟာ ရှုမိတဲ့အာရုံလေး အနိစ္စ ဒုက္ခ အနတ္တာ သိသွားတော့ အစကတည်းက နှစ်သက်စရာသာယာစရာ အနေအားဖြင့် မထင်ခဲ့ဘူး၊ မြဲတဲ့ပုဂ္ဂိုလ် အနေအားဖြင့် မထင်ခဲ့ဘူး၊ ချမ်းသာတဲ့ ကောင်းတဲ့ လှပတဲ့ တင့်တယ်တဲ့ အရာဝတ္ထုအနေအားဖြင့် မထင်ခဲ့ဘူး၊ ပုဂ္ဂိုလ်သတ္တဝါ အနေအားဖြင့် မထင်ခဲ့ဘူး။ အစကတည်းက မထင်ခဲ့တော့ ကြာလေ စဉ်းစားပြီးတော့ မြဲတယ် ချမ်းသာတယ် ပုဂ္ဂိုလ်သတ္တဝါပဲ လှပတယ် တင့်တယ်တယ်ဆိုတဲ့ စဉ်းစားမှု ဖြစ်ကို မဖြစ်နိုင်ဘူး။ စွဲလမ်းမှု ဖြစ်ကို မဖြစ်နိုင်ဘူး။ အမှတ်ကောင်းနေတဲ့ အခါကာလ ကိုယ့်အနား

http://www.dhammadownload.com

က စကားပြောသံ နားမလည်ဘူး၊ ဘာပြောမှန်းမသိဘူး။ ဒီအတိုင်း တရားအားမထုတ်ဘဲနေလို့ရှိရင် အဲဒီကြားရတဲ့ အသံ စဉ်းစားပြီးတော့ သာယာစရာပါရင် သာယာမိမယ်၊ စိတ် ပျက်စရာ ပါရင်လည်း စိတ်ပျက်မိမယ်၊ ကိုယ့်တရားနဲ့ ကိုယ့် အာရုံနဲ့ အားထုတ်နေတော့ ကြားရုံကြားပြီးတော့ ပျောက်သွား တာပဲ၊ ဘာမှ နှစ်သက်တာလည်း မဖြစ်ဘူး၊ စိတ်ပျက်တာ လည်းမဖြစ်ဘူး။ ရှုတိုင်းရှုတိုင်း ကိလေသာတွေ ငြိမ်းနေတယ်။

အဲဒီတော့ ရှုတိုင်းရှုတိုင်း ဖြစ်မယ့်ကိလေသာတွေ ငြိမ်းနေပါတယ်တဲ့။ အနိစ္စ- မမြဲဘူးလို့ သိနေရင် မြဲတယ်လို့ စွဲလမ်းပြီးဖြစ်မယ့် ကိလေသာတွေ ငြိမ်းပါတယ်တဲ့။ ဒုက္ခ- ဆင်းရဲချည်းပဲ၊ ဖြစ်လိုက်ပျက်လိုက် ဆင်းရဲကြီးပဲလို့ သိနေလို့ ရှိရင် ရှုမိတဲ့အာရုံကို ချမ်းသာတယ်လို့ စွဲလမ်းမှု ကိလေသာ တွေ မဖြစ်ပါဘူးတဲ့၊ ငြိမ်းနေတယ်။ အနတ္တ- သဘောတရားမျှ ပဲလို့ ရှုပြီးတော့ သိနေတဲ့အာရုံပေါ်မှာ ပုဂ္ဂိုလ်သတ္တဝါပဲ ယောကျ်ားမိန်းမပဲ အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်မှတ် စွဲလမ်းပြီးတော့ ဖြစ်မယ့်ကိလေသာတွေ ငြိမ်းနေပါတယ်တဲ့။ ဒါကတော့ ထင်ရှားသားပဲ၊ ငြိမ်းနေတာပဲ။ တရားအားထုတ် နေတဲ့ပုဂ္ဂိုလ် ကိလေသာ တော်တော်ကို ငြိမ်းနေတယ်၊

http://www.dhammadownload.com

အလွတ်နေတဲ့ပုဂ္ဂိုလ်တွေဆိုရင်ဖြင့် ကိလေသာတွေ ဖြစ်နေတာပဲ၊ တစ်ခုက မဖြစ် တစ်ခုက ဖြစ်တယ်။ လျှောက်ပြီးတော့ ဖြစ်နေတာပဲ။ ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလည်းပဲ တစ်ခါတစ်ရံတော့ ဖြစ်ပါတယ်၊ သို့သော်လည်း အဖြစ်နည်းတယ်။ ဝိပဿနာ တစဉ်တတန်းကြီး တစ်ဆက်တည်း ကောင်းနေပြီဆိုရင် ကိလေသာ လုံးလုံးမဖြစ်ရသလောက် ငြိမ်းနေပါတယ်။ အထူးအားဖြင့်တော့ သခ်ါရုပေက္ခာဉာဏ် ဖြစ်နေတဲ့အခါ တစ်နာရီလောက်ရှုနေရင် တစ်နာရီလုံးလုံး ကိလေသာ ငြိမ်းနေပါတယ်။ ရှုတိုင်းရှုတိုင်းဟာ အဲဒီ ကိလေသာတွေ ကံတွေ ခန္ဓာတွေ မဖြစ်အောင် ပယ်နေတယ်။ ပရိစ္စာဂ ပဋိနိဿဂ္ဂ ခေါ်တယ်တဲ့။

> မရှုမိတဲ့အာရုံမှာ ဖြစ်ပေါ်နိုင်တဲ့ ကိလေသာ ခန္ဓာတို့ကို ပယ်စွန့်တတ်တဲ့ ဝိပဿနာက ပရိစ္စာဂ ပဋိနိဿဂ္ဂ။

မရှုမိရင် အဲဒီမရှုမိတဲ့အာရုံကို အကောင်းထင်နေတာပဲ၊ အကောင်းထင်နေကတည်းက အဲဒါ ကိလေသာပဲ။ ကောင်းတယ်ထင်တော့ ကောင်းတာလေးတွေ ရအောင် အားထုတ်တော့ ကံတွေဖြစ်လာတာပဲ၊ ဒီကံက အကျိုးပေး

http://www.dhammadownload.com

တော့ ဘဝရုပ်နာမ်ခန္ဓာတွေ ဖြစ်လာတယ်။ အဲဒါတွေဟာ ရှုလိုက်လို့ရှိရင် မဖြစ်ဘူး။ ရှုလိုက်တာနဲ့ ကောင်းတယ်လို့မှ မထင်တော့ဘဲ၊ အနိစ္စ ဒုက္ခ အနတ္တ ထင်သွားတော့ ကိလေသာ မဖြစ်ဘူး။ ကိလေသာက ဆက်ပြီးတော့ အားထုတ်တဲ့ကံတွေလည်း မဖြစ်ဘူး။ ကံက ဆက်ပြီးတော့ အကျိုးပေးမယ့် ဘဝတွေ၊ ရုပ်နာမ်ခန္ဓာတွေဆိုတာ ဘာမှ မဖြစ်ရဘူး။ ဒါ ငြိမ်းသွားတာ။ တစ်ခါရှုလိုက်ရင် တစ်ခါငြိမ်းတယ်၊ တစ်ခါရှုလိုက်ရင် တစ်ခါငြိမ်းတယ်၊ သို့သော်လည်း မရှုမိတဲ့အခါတော့ မငြိမ်းဘူး၊ ဒါ ရှုတဲ့အခါလေး ငြိမ်းတာ၊ ရှုတဲ့ အာရုံနဲ့စပ်ပြီးတော့ ငြိမ်းတာ။

အဲဒီလို ရှုတိုင်းရှုတိုင်း ရှုမိတဲ့အာရုံနဲ့စပ်ပြီးတော့ ကိလေသာခန္ဓာတွေကို ငြိမ်းစေတတ်လို့၊ ကင်းစေတတ်လို့ ရှုတိုင်းရှုတိုင်း ဝိပဿနာကို ပရိစ္စာဂပဋိနိဿဂ္ဂ ခေါ်တယ်တဲ့။ ဝိပဿနာက အနိစ္စ ဒုက္ခ အနတ္တအားဖြင့် သိတိုင်းသိတိုင်းဟာ နိစ္စ သုခ အတ္တအားဖြင့် စွဲလမ်းပြီးဖြစ်မယ့် ကိလေသာတွေ ခန္ဓာတွေကို စွန့်ပယ်နေသည် မည်တယ်တဲ့၊ ဝိပဿနာကို ပရိစ္စာဂပဋိနိဿဂ္ဂ ခေါ်တယ်။ ဒါကို ပဋိနိဿဂ္ဂါနုပဿီ-တစ်ဖန်စွန့်လျက် ရှုသည်ဖြစ်၍၊ ဝိဟရတိ- နေ၏တဲ့။ အနိစ္စ

http://www.dhammadownload.com

ဒုက္ခ အနတ္တအားဖြင့် ရှုပြီးတော့ သိနေလို့ရှိရင် အဲဒါ ပရိစ္ဆာဂ ပဋိနိဿဂ္ဂနဲ့ ပြည့်စုံနေတော့တာပဲ၊ အဲဒီလို နေရမယ်တဲ့။

ပက္ခန္ဒန ပဋိနိဿဂ္ဂ

ပက္ခန္ဒန ပဋိနိဿဂ္ဂ ဆိုတာက နိဗ္ဗာန်အာရုံထဲကို ပြေးဝင်သွားသလိုဖြစ်တဲ့ အရိယာမဂ်တဲ့။ နိဗ္ဗာန်အာရုံထဲကို တစ်ခါတည်း အတင်းပြေးဝင်သွားသလိုပဲ။ ဝိပဿနာရှုရင်းနဲ့ ဖြစ်ပျက်တာတွေ သိရင်းသိရင်းနဲ့ ဖြုတ်ခနဲဆို ရုပ်နာမ်သဒ္ဓါရုဏ်းတဲ့ အာရုံထဲကို တစ်ခါတည်း ပြေးဝင်သွားတာကိုး။ ပြေးဝင်သွားတယ်လို့ပဲ ထင်ရပါတယ်၊ ကျသွားတယ်လို့ ထင်ရတယ်။ ဖြုတ်ခနဲဆို နိဗ္ဗာန်အာရုံထဲကို ရောက်သွားတော့တာပဲ။ အဲဒါ ပက္ခန္ဒန ပဋိနိဿဂ္ဂ ခေါ်တယ်။ စေ့လွှတ်လိုက်တာ ပေါ့လေ၊ နိဗ္ဗာန်ဆီသွားတော့ ဆိုပြီးတော့ စိတ်ကလေးကို တစ်ခါတည်း ပစ်သွင်းလိုက်သလို ဖြစ်သွားတာ ပက္ခန္ဒန ပဋိနိဿဂ္ဂ ခေါ်တယ်။ ကိုင်း ဒါလေးလည်း ဆိုစမ်းပါဦး။

နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသလိုဖြစ်တဲ့ အရိယာမဂ်က ပက္ခန္ဒန ပဋိနိဿဂ္ဂ။

ဝိပဿနာဉာဏ် ဆုံးတဲ့အခါကျတော့ နိဗ္ဗာန်တွေ့တဲ့ အခါ အဲဒီအတိုင်း တွေ့တာပဲ။ ဖြုတ်ခနဲ ပြေးဝင်သွားသလိုပဲ

http://www.dhammadownload.com

ထင်ရတယ်၊ စိတ်ကလေးက ဖြုတ်ခနဲ ကျသွားတယ်။ အဲဒါ ပကွဒ္ဒန ပဋိနိသဂ္ဂ။ အဲဒီ ပကွဒ္ဒန ပဋိနိသဂ္ဂကလည်း ပဋိနိသဂ္ဂါနုပဿီပဲ။ ပဋိနိသဂ္ဂါနုပဿီ- ပြေးဝင်လျက် ရှုသည် ဖြစ်၍၊ ဝိဟရတိ- နေ၏။ ပြေးဝင်သွားသောအားဖြင့် ရှုပြီးတော့ နေတာတဲ့။ ဒီလိုလည်းနေရမယ်လို့ ဆိုလိုတယ်။

မရှုမိတဲ့အာရုံမှာ ဖြစ်ပေါ်နိုင်တဲ့ ကိလေသာ
ခန္ဓာတို့ကို ပယ်စွန့်တတ်တဲ့ ဝိပဿနာက
ပရိစ္စာဂ ပဋိနိသဂ္ဂ။
နိဗ္ဗာန်အာရုံထဲသို့ ပြေးဝင်သွားသလိုဖြစ်တဲ့
အရိယာမဂ်က ပကွဒ္ဒန ပဋိနိသဂ္ဂ။

အဲဒီ ဝိပဿနာတည်းဟူသော ပရိစ္စာဂ ပဋိနိသဂ္ဂ၊ အရိယာမဂ်တည်းဟူသော ပကွဒ္ဒန် ပဋိနိသဂ္ဂ။ ဒီ ပဋိနိသဂ္ဂ နှစ်ပါးနဲ့လည်း ပြည့်စုံပြီးတော့နေရမယ်လို့ ဆိုလိုပါတယ်။

သော တာသု ဝေဒနာသု အနိစ္စာနုပဿီ ဝိဟရတိ ဝိရာဂါနုပဿီ ဝိဟရတိ နိရောဓာနုပဿီ ဝိဟရတိ ပဋိနိသဂ္ဂါနုပဿီ ဝိဟရတိ။ သော- ထိုယောဂီပုဂ္ဂိုလ်သည်၊ သော- ထိုယောဂီရဟန်းသည်၊ တာသု ဝေဒနာသု- ထိုသုံးမျိုးသော ခံစားမှုဝေဒနာတို့၌၊ အနိစ္စာနုပဿီ- မမြဲဟုရှုမြင်လျက်၊ ဝိဟရတိ- နေ၏။ အဲဒါတွေ မမြဲဘူးလို့ ရှုမြင်ပြီးတော့ နေပါတယ်တဲ့။

http://www.dhammadownload.com

ဝိရာဂါနုပသသီ- ပျက်ပြယ်သွားသည်ဟု ရှုမြင်လျက်၊ ဝိဟရတိ-နေဇ်။ ပျက်ပြယ်သွားတာပဲလို့ ရှုမြင်ပြီးတော့လည်း နေပါတယ်။ နိရောဓနုပသသီ- ချုပ်ငြိမ်းသည်ဟုရှုမြင်လျက်၊ ဝိဟရတိ- နေဇ်။ ချုပ်သွားတာပဲ၊ ငြိမ်းသွားတာပဲ ဒီလိုလည်း ရှုပြီးတော့နေပါတယ်တဲ့။ ပဋိနိဿဂ္ဂါနုပသသီ- တစ်ဖန် စွန့်လျက် ရှုသည်ဖြစ်၍၊ ဝါ၊ ပြေးဝင်လျက်ရှုသည်ဖြစ်၍၊ ဝိဟရတိ-နေဇ်။ အဲဒီလို နေရမယ်တဲ့။

ဝေဒနာတို့၌ အနုပဿနာ လေးမျိုးအား ဖြင့်
ရှုသည်ဖြစ်၍ နေသည်ရှိသော်
လောက၌ တစ်စုံတစ်ခုကိုမျှ မစွဲလမ်း

သော တာသု ဝေဒနာသု အနိစ္စာနုပသသီ ဝိဟရန္တော ဝိရာဂါနုပသသီ ဝိဟရန္တော နိရောဓနုပသသီ ဝိဟရန္တော ပဋိနိဿဂ္ဂါနုပသသီ ဝိဟရန္တော နကိဉ္စိ လောကေ ဥပါဒိယတိ။

သော- ထိုယောဂီရဟန်းသည်၊ တာသု ဝေဒနာသု-ထိုခံစားမှုဝေဒနာတို့၌၊ အနိစ္စာ နုပသသီ ဝိဟရန္တော- မမြဲဘူးဟု ရှုမြင်လျက်နေသည်ရှိသော်၊ မမြဲဘူးလို့ ရှုမှတ်ပြီးတော့ နေရင်တဲ့။ ဝိရာဂါနုပသသီ ဝိဟရန္တော- ပျက်ပြယ်သည်ဟုရှုမြင်လျက်နေသည်ရှိသော်၊ နိရောဓနုပသသီ ဝိဟရန္တော- ချုပ်ငြိမ်းသည်

http://www.dhammadownload.com

ဟု ရှုမြင်လျက်နေသည်ရှိသော်၊ ပဋိနိဿဂ္ဂါ နုပဿီ ဝိဟရ နွှော- တစ်ဖန်စွန့်လွှတ်လျက် ရှုမြင်သည်ဖြစ်၍ နေသည်ရှိသော်၊ ဝါ၊ ပြေးဝင်လျက် ရှုမြင်သည်ဖြစ်၍ နေသည်ဖြစ်သော်၊ လောကေ- လောက၌၊ ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ နဥပါဒိယတိ- မစွဲလမ်း။

လောကဆိုတာ ရုပ်နာမ်တရားတွေပါပဲ၊ အခုလူတွေ နားလည်တာက လောကဆိုလို့ရှိရင် ပုပုရွရွ သက်ရှိသက်မဲ့တွေ အကုန်လုံး၊ ဒီလို နားလည်နေတယ်။ မြတ်စွာဘုရား ဆိုလိုရင်းကတော့ မိမိခန္ဓာထဲက ရုပ်နာမ်တရားတွေကို ဆိုလိုပါတယ်။ အဲဒီ ရုပ်နာမ်တရားထဲက ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ နဥပါဒိယတိ- မစွဲလမ်းဘူး၊ ဘယ်ဟာမှ မစွဲလမ်းတော့ဘူးတဲ့။

အဲဒါ မြင်ရာကနေပြီးတော့ အနိစ္စ ဒုက္ခ အနတ္တ သိနေပြီ၊ ကြားရာကလည်း အနိစ္စ ဒုက္ခ အနတ္တ သိနေပြီ၊ နံရာ၊ စားရာ၊ တွေ့ထိရာကလည်း သိနေပြီ။ ပြီးတော့ ဝေဒနာတွေ မှာလည်းပဲ ကိုယ်ထဲကချမ်းသာမှု စိတ်ထဲကချမ်းသာမှု သုခဝေဒနာတွေ၊ ကိုယ်ထဲကဆင်းရဲမှု စိတ်ထဲကဆင်းရဲမှု ဒုက္ခဝေဒနာတွေ၊ မဆင်းရဲ မချမ်းသာ အလယ်အလတ် ဖြစ်နေတဲ့ ခံစားမှု ဥပေက္ခာဝေဒနာတွေ၊ ဒါတွေအကုန်လုံး အနိစ္စ ဒုက္ခ အနတ္တ သိနေပြီတဲ့။ အဲဒီလိုသိပြီးတော့ ဘယ်ဟာတစ်ခုမှ

http://www.dhammadownload.com

မစွဲလမ်းတော့ဘူးတဲ့၊ သာယာစရာအနေအားဖြင့် ထင်မှမထင်တော့ဘဲဟာကိုး။ မြဲနေတယ်ထင်ရင်တော့ ကိုယ့်ဟာကိုယ်လည်း မြဲနေတယ်၊ သူများကိုယ်လည်း မြဲနေတယ် ထင်ရင်တော့ သာယာဦးမှာပေါ့၊ ချမ်းသာတယ် ကောင်းတယ် လှပတယ် တင့်တယ်တယ် ထင်ရင်တော့ သာယာဦးမှာပေါ့၊ ပုဂ္ဂိုလ်သတ္တဝါပဲ ယောကျ်ားပဲ မိန်းမပဲ အသက်ရှင်နေတဲ့အကောင်ပဲလို့ ထင်နေရင် သာယာဦးမှာပေါ့။ အခု အဲဒါတွေ တကယ်နဲ့စွဲလမ်းမှုမရှိဘူးတဲ့၊ ဒိဋ္ဌိနဲ့စွဲလမ်းမှုလည်း မရှိတော့ပါဘူး။ ဒါပေမယ့်လို့ အခု ရှင်မောဂ္ဂလ္လာန် သောတာပန်ပုဂ္ဂိုလ်၊ သိကြားမင်း သောတာပန်ပုဂ္ဂိုလ် ဟောတာဆိုတော့ ဒိဋ္ဌိကို ထည့်ထားပုံမရဘူး။ တကယ်နဲ့ စွဲလမ်းမှုကိုပဲ အဋ္ဌကထာက ဖွင့်ထားတယ်။ ဒိဋ္ဌိနဲ့လည်း စွဲလမ်းမှုမရှိပါဘူး။ ဒီမှာ တကယ်ရော ဒိဋ္ဌိရောဘာမှ စွဲလမ်းမှုမရှိဘူး။

ဝိပဿနာ ရှုတဲ့ပုဂ္ဂိုလ်တွေ ရှုမိတဲ့အာရုံလေးတွေ သာယာစရာမရှိဘူး၊ တကယ်မဖြစ်နိုင်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေစွဲလမ်းမှုမရှိတော့ ဒိဋ္ဌိနဲ့လည်း စွဲလမ်းမှုမဖြစ်နိုင်ဘူး။ ဘာမှမစွဲလမ်းဘူး။ ဖြစ်ပြီးပျောက် ဖြစ်ပြီးပျောက် မမြဲတာလေးတွေသိ၊ ဆင်းရဲတာပဲဆိုတာတွေ သိ၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်ဘဲ

http://www.dhammadownload.com

သူဟာသူဖြစ်တဲ့ သဘောတရားမျှပဲဆိုတာ သိ၊ အဲဒီအတိုင်း သွားနေတာပဲ။

လောကေ- လောကဋ္ဌ၊ ကိဉ္စိ- တစ်စုံတစ်ခုကိုမျှ၊ န ဥပါဒိယတိ- မစွဲလမ်းတော့ဘူးတဲ့။ အရေးကြီးပါတယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်က ဝိပဿနာဉာဏ်ကောင်းလာတော့ ထူးခြားတာလေးတွေ စွဲလမ်းနေတတ်တယ်။ တချို့က အရောင်အလင်းတွေပေါ်လာရင် အဲဒီအရောင်အလင်းတွေ သဘောကျတယ်၊ ပီတိတွေဖြစ်ရင် အဲဒီပီတိတွေ သဘောကျတယ်၊ ရှုလို့မှတ်လို့ ကောင်းတာလေးတွေကို သဘောကျတယ်။ ဒါလေးတွေဖြစ်နေရင်လည်း နေရာမကျသေးဘူး။ ဒါတွေကိုလည်း အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ပိုင်းခြားပြီး သိမှဖြစ်မှာ။ ရှုတဲ့ဝိပဿနာစိတ် ကောင်းတယ်ထင်ပြီး သာယာနေလို့ရှိရင်လည်း ဒါက ဥပါဒိယတိ- စွဲလမ်းနေတုန်းပဲ။

စွဲလမ်းမှု အကုန်ကင်းရမှာ။ ပေါ်လာတဲ့ အာရုံတွေရော၊ ရှုသိနေတဲ့ ဝိပဿနာစိတ်ရော၊ ခဏမစဲ ဖြစ်ပျက်နေလို့ မမြဲတဲ့တရားပဲ၊ အနိစ္စပဲ ဒုက္ခပဲ အနတ္တပဲဆိုတာ ရှုရင်းရှုရင်းနဲ့ ပိုင်းခြားပြီးတော့ သိနေတာ။ လောကေ- လောကဋ္ဌ၊ ကိဉ္စိ- တစ်စုံတစ်ခုသောတရားကိုမျှ၊ န ဥပါဒိယတိ- မစွဲလမ်းဘူးတဲ့။ သာယာဖွယ်အနေအားဖြင့် စွဲလမ်းမှုမရှိဘူးတဲ့။

http://www.dhammadownload.com

မစွဲလမ်းသည်ရှိသော် မဆာလောင် မတောင့်တ

အနုပါဒိယံ နာ ပရိတသ္သတိ။ အနုပါဒိယံ- မစွဲလမ်းသည်ရှိသော်၊ နာ ပရိတသ္သတိ- မဆာလောင် မတောင့်တ။ မစွဲလမ်းတော့ မဆာဘူး။ စွဲလမ်းရင် ဆာတယ်။ ဆာလောင်တယ် ဆိုတာ တဏှာပဲ။ ထမင်းဆာတာက စားဖွယ်သောက်ဖွယ် အစာအာဟာရလောက် ဆာတာ။ တဏှာက အကုန်လုံး ဆာနေတာ။ ရူပါရုံ- အဆင်းလည်း မြင်ချင်တယ်၊ သဒ္ဒါရုံ- အသံလည်း ကြားချင်တယ်၊ ဂန္ဓာရုံ- အနံ့လည်း နံချင်တယ်၊ ရသာရုံ- အရသာလည်း စားချင်တယ်၊ ဖောဋ္ဌာဗ္ဗါရုံ- တွေ့ထိချင်တယ်၊ ဓမ္မာရုံ- စိတ်ကူးစဉ်းစားကြံစည်ချင်တယ်၊ ဖြစ်ချင်တာ ဟူသမျှတွေ ဆာလောင်နေတာ ခေါ်တယ်။

စွဲလမ်းလို့ ဆာတာ။ ကောင်းတယ်ထင်တာလေးတွေ သူဆာနေတာကိုး။ လိုချင်နေတယ်၊ ခံစားချင်တယ်၊ တွေ့ချင်တယ်၊ စားချင်တယ်၊ ဘယ်ဟာလေးလုပ်ကြည့်ရင် ကောင်းမှာပဲလို့ ထင်နေတယ်။ အာရုံဆာနေတာက အတော်ကြောက်စရာ ကောင်းတယ်။ ကာမဂုဏ်အာရုံတွေက သိပ်ဆိုးတယ်။ နတ်တစ်ယောက်က မြတ်စွာဘုရား လက်ထက်တုန်းက လျှောက်ထားတယ်။ နတ်ပြည်ကို လူတွေအနေနဲ့တော့လည်း

http://www.dhammadownload.com

ကောင်းတယ်လို့ ထင်ကြမှာပဲတဲ့၊ ဒါပေမယ်လို့ နတ်ပြည်ဟာ ပြိတ္တာတွေလို ဖြစ်နေတယ်တဲ့။ ပြိတ္တာတွေက အစာမစားရတော့ အမြဲ ဆာနေတာကိုး၊ ကောင်းကောင်းဆိုးဆိုး စားစရာတွေ့တာနဲ့ စားချင်တော့တာပဲ။ ဒါကြောင့်မို့ လူတွေက ရွံစရာအနေနဲ့ ထွေးအန်ထားတဲ့ဟာတွေလည်း သူတို့ကောက်စားတာပါပဲ။ အဲဒီပြိတ္တာများ မစားရလို့ဆာနေသလိုပဲ နတ်တွေမှာလည်း ကာမဂုဏ်အာရုံတွေ ဆာနေတယ်။ သုံးဆောင်တော့ သုံးဆောင်နေတာပဲ၊ မဝနိုင်ဘူး၊ တော်လောက်ပါပြီ၊ ပြည့်စုံလောက်ပါပြီလို့တော့ အားမရသေးဘူး။ ဟိုလိုဟာကောင်းပြန်ပြီ၊ ဒီလိုဟာကောင်းပြန်ပြီဆိုပြီး အာရုံနောက်လိုက်ပြီးတော့နေရတာ မဆုံးဘူးတဲ့၊ ပြိတ္တာတွေများ ဆာလောင်နေတာလိုပါပဲ ဘုရားတဲ့၊ သိပ်ဆာတယ်တဲ့၊ အင်မတန် ဒုက္ခရောက်နေတာတဲ့၊ နတ်ကလျှောက်တယ်။

ဟုတ်မှာပဲ၊ နတ်တွေသာ မဟုတ်ဘူး၊ လူတွေလည်း ဒုက္ခရောက်နေတာပဲ။ ကာမဂုဏ်အာရုံတွေ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်တွေ သူတို့ တစ်ခုက နှစ်ခု၊ နှစ်ခုက သုံးခု စသည်ဖြင့် ရချင်နေတာပဲ၊ သုံးဆောင်ချင်နေတာပဲ၊ ဘယ်တော့မှ နှုတ်ခမ်း မသပ်ဘူး။ ဘယ်တော့မှ လောကနီဗ္ဗာန် မရှိဘူး။ လောက

http://www.dhammadownload.com

နိဗ္ဗာန်ဆိုပြီးတော့ လိုချင်ဦးမှာပဲ၊ သူဥစ္စာ လမ်းမဆုံးဘူး၊ ဘယ်တော့မှ လမ်းမဆုံးဘူး။ ဆားငန်ရည်သောက်ရတာနဲ့ တူနေတယ်။ ရေဆာလို့ ဆားငန်ရည်သောက်မှ ငန်တော့ တစ်ခါပိုပြီးတော့ ဆာတာပေါ့။ အဲဒါကြောင့် ကောင်းတယ်ထင်လို့ ရှိရင် စွဲလမ်းတာပဲ၊ ဒီလိုစွဲလမ်းနေလို့ရှိရင် ဆာလောင်မှုတွေ ဖြစ်တယ်တဲ့။

အခု ယောဂီပုဂ္ဂိုလ်တွေကတော့ မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ပေါ်တိုင်းပေါ်တိုင်းလည်း ရှုလို့ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားတွေကို အမှန်တိုင်းသိပြီးနေတော့ ဘယ်တရားမှ ကောင်းတယ်လို့ မထင်တော့ဘူးတဲ့၊ မစွဲလမ်းတော့ဘူးတဲ့၊ အကုန်လုံး အနှစ်သာရ မရှိဘူးတဲ့၊ ဖြစ်ပြီးပျောက်တော့ မမြဲဘူး- အနိစ္စပဲ၊ ဖြစ်ပြီးပျောက် ဖြစ်ပြီးပျောက်နဲ့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပဲ- ဒုက္ခပဲတဲ့၊ ပုဂ္ဂိုလ်သတ္တဝါမဟုတ်တဲ့ သဘောတရားချည်းပဲ- အနတ္တပဲလို့ ဒီလိုထင်နေတော့ နဉပါဒိယတိ- မစွဲလမ်းဘူးတဲ့။ ဘယ်ဟာမှ ကောင်းတယ်လို့ မစွဲလမ်းတော့ နပရိတဿတိ- မဆာလောင်၊ မတောင့်တတော့ဘူးတဲ့။

http://www.dhammadownload.com

မဆာလောင် မတောင့်တသည်ရှိသော် ငြိမ်းအေးလေတော့၏။

အနုပါဒိယံ- မစွဲလမ်းသည်ရှိသော်၊ နှ ပရိတသ္သတိ-မဆာလောင် မတောင့်တ။ အပရိ တသံ် ပစ္စတ္တံယေဝ ပရိနိဗ္ဗာယတိ။ အပရိတသံ်- မဆာလောင် မတောင့်တသည် ရှိသော်၊ ပစ္စတ္တံယေဝ- မိမိကိုယ်၌ပင်လျှင်၊ ဝါ၊ မိမိကိုယ်တိုင်ပင်လျှင်၊ ပရိနိဗ္ဗာယတိ- ကိလေသာငြိမ်းသောအားဖြင့် ငြိမ်းအေးလေတော့၏။ ကိုယ့်ဟာကိုယ်ပဲ ငြိမ်းတာပဲတဲ့။ ဘယ်သူကမှ လာပြီး ငြိမ်းအောင် လုပ်မနေရဘူး။ ကိလေသာအပူတွေ ငြိမ်းတယ်တဲ့၊ လောဘဖြစ်စရာ အာရုံတွေလာလည်း လောဘမဖြစ်တော့ဘူး။ သူဟာသူ ငြိမ်းတယ်။

အခု ဒီပုဂ္ဂိုလ်က ပစ္စတ္တံယေဝ- မိမိကိုယ်၌ပင်လျှင်၊ ဝါ၊ မိမိကိုယ်တိုင်ပင်လျှင်၊ ပရိနိဗ္ဗာယတိ- ကိလေသာ ငြိမ်းသောအားဖြင့် ငြိမ်းအေးလေတော့၏တဲ့။ ကိလေသာငြိမ်းတယ်၊ အပူအပင်တွေ မရှိဘူး၊ လိုချင်စရာနှစ်သက်စရာတွေ တပ်မက်စရာ သာယာစရာတွေနဲ့ ဘယ်လိုတွေ.တွေ. သူမှာ လိုချင်နှစ်သက်တပ်မက်မှု ကိလေသာက မရှိတော့ဘူးတဲ့။ သူဥစ္စာအများကြီး ကောင်းတယ်။ သောတာပန်ဆိုရင် သောတာပန်အလိုက် နည်းနည်းတော့ ငြိမ်းတယ်၊ အပါယ်လေးပါး ကျနိုင်လောက်တဲ့ အကြမ်းကြီးတွေတော့ ငြိမ်းသွားတာပေါ့။

http://www.dhammadownload.com

အနာဂါမ်ဆိုရင်တော့ တော်တော်ဟန်ကျပြီ၊ ကာမရာဂ၊ ဗျာပါဒတွေနဲ့စပ်ပြီးတော့ အကုန်လုံးငြိမ်းတယ်။ ရဟန္တာကျတော့ အကုန်လုံးငြိမ်းတယ်။ အရဟတ္တမဂ်ကျရင် တပ်မက်သာယာမှုတွေ ဘာမှမရှိ တော့ဘူး။ အကုန်လုံးငြိမ်းသွားတယ်။ အင်မတန်ကောင်းပါတယ်။

ဒေါသဖြစ်စရာ၊ စိတ်ဆိုးစရာ၊ စိတ်ပျက်စရာ အာရုံတွေလာခဲ့ သူက ဒေါသမဖြစ်ဘူး၊ ငြိမ်းတယ်။ မောဟဖြစ်စရာ အာရုံတွေလာခဲ့ မောဟမဖြစ်ဘူး။ မာနဖြစ်စရာ အာရုံတွေလာခဲ့ မာနမဖြစ်ဘူး။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာတွေ၊ ဘယ်ကိလေသာတွေမှ မဖြစ်တော့ဘူး။ ရဟန္တာပုဂ္ဂိုလ်လည်း ကိလေသာအာရုံတွေနဲ့ တွေ့.တော့တွေ့.နေတာပဲ၊ မျက်စိရှိတော့ ရဟန္တာပုဂ္ဂိုလ်ကလည်း မြင်နေတာ ကြားနေတာပဲ၊ ပုထုဇဉ်ပုဂ္ဂိုလ်က မြင်တော့ ဒီအာရုံပဲ ကိလေသာ ဖြစ်တယ်၊ ရဟန္တာပုဂ္ဂိုလ်က မြင်တော့ ကိလေသာမဖြစ်ဘူး၊ ဒီအာရုံပဲ အတူတူပဲ။ ရဟန္တာပုဂ္ဂိုလ် မပြောနဲ့၊ အခု တရားထဲ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်နဲ့ စိတ်မဝင်စားတဲ့ပုဂ္ဂိုလ် အတော်ကွာနေတယ်။ တရားထဲစိတ်ဝင်စားတဲ့ပုဂ္ဂိုလ်က တော်ရုံတန်ရုံဟာတွေ ကိလေသာမဖြစ်ဘူး၊ ပွဲလမ်းသဘင်တွေ ကြည့်ချင်တဲ့စိတ်လည်း မရှိဘူး။ မြင်ရတာတွေလည်း ကောင်းတယ်လို့ မထင်

http://www.dhammadownload.com

ဘူး၊ စိတ်ဓာတ်ချင်း ကွာနေတယ်။ အခု ရဟန္တာဖြစ်သွားတဲ့ အခါကျတော့ အဲဒီကိလေသာတွေ ငြိမ်းသွားတယ်တဲ့။

အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ ကိလေသာတွေ အကုန်လုံးငြိမ်းသွားတာကိုး၊ ဒါကိုဟောတယ်။ အပရိတသဲ- မဆာလောင်သည်ရှိသော်၊ ပစ္စတ္တံယေဝ- မိမိကိုယ်၌ပင်လျှင်၊ ဝါ၊ မိမိကိုယ်တိုင်ပင်လျှင်၊ ပရိနိဗ္ဗာယတိ- ကိလေသာငြိမ်းသောအားဖြင့် ငြိမ်းအေးလေတော့၏။ အဲဒီရောက်အောင်အားထုတ်ဖို့ပဲ။ မြတ်စွာဘုရား၏တရားတော် အင်မတန်ကောင်းပါတယ်၊ ကိလေသာတွေငြိမ်းအောင်လို့ အားထုတ်တဲ့ တရားတွေ သိပ်ကောင်းတယ်။

ဘဝအသစ်ဖြစ်ခြင်းသည် ကုန်လေပြီ

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္ထာယာတိ ပဇာနာတိ။ ဇာတိ- ဘဝအသစ်ဖြစ်ခြင်းသည်၊ ခီဏာ- ကုန်လေပြီ။ ရဟန္တာပုဂ္ဂိုလ်က ဒီလိုလည်းပဲ သိသွားတယ်။ ခီဏာ ဇာတိ- ဘဝအသစ်ဖြစ်ရမှု ကုန်ပြီ၊ နောက်တစ်ဖန် ဘဝအသစ် မဖြစ်တော့ဘူး ဆိုတာကို ရဟန္တာဖြစ်ရင်တော့ သိတယ်၊ ရဟန္တာမဖြစ်သေးရင်တော့ မသိဘူး။ ဝုသိတံ ဗြဟ္မစရိယံ။ ဗြဟ္မစရိယံ- မြတ်သောအကျင့်ကို၊

http://www.dhammadownload.com

ဝသိတံ- ကျင့်သုံးအပ်ပြီ။ မြတ်သော အကျင့် ကျင့်သုံးမှုလည်း ပြီးသွားပြီတဲ့။ ကတံ ကရဏီယံ။ ကရဏီယံ- ပြုဖွယ်ကိစ္စကို၊ ကတံ- ပြုအပ်ပြီ။ ပြုကျင့်စရာတွေလည်းကုန်ပြီ၊ အလုပ်ဆုံးပြီ၊ ဒီလိုလည်းသိသွားတယ်။ ဣတ္ထတ္ထာ ယ- ဤမင်္ဂလာကိစ္စ အလို့ငှါ၊ ပရံ- တစ်ပါးသောကိစ္စသည်၊ န- မရှိတော့ပြီ၊ ဣတိ- ဤသို့၊ ပဇာနာ တိ- ဆင်ခြင်၍ သိလေတော့၏။ ရဟန္တာဖြစ်သွားတော့ ဒီလို ဆင်ခြင်ပြီးတော့သိတာ၊ ဒီဘဝ စုတေပြီးတဲ့နောက် ဘဝအသစ်လည်း မဖြစ်တော့ဘူး။ ကျင့်စရာတွေလည်း ကုန်ပြီ။ ကျင့်ခြင်းကိစ္စတွေလည်း ပြီးသွားပြီ။ တရား ပြီးဆုံးသွားပြီဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ပဲ သိသွားပါတယ်တဲ့။

ဒါကြောင့် ရဟန္တာဖြစ်နေတဲ့ပုဂ္ဂိုလ်ဟာ သူတစ်ပါးဆုံးဖြတ်နေဖို့ရာ မလိုပါဘူး၊ ရဟန္တာ ဖြစ်သလား မဖြစ်သလား ဟိုစာဘတ်တဲ့ပုဂ္ဂိုလ်တွေနဲ့ သွားဆုံးဖြတ်နေရင် သူဟာ မဟုတ်လို့လို့ ဆိုရမှာပဲ၊ ဟုတ်ရင် ဘာမှ ဆုံးဖြတ်စရာမလိုဘူး။ သူဟာသူ သိနေတာ၊ ဆုံးဖြတ်စရာ မလိုပါဘူး။ ရဟန္တာကတော့ ကိုယ်တိုင်သိရမှာ။ သောတာပန်တို့ သကဒါဂါမ်တို့က မသိဘူးဆို ထားဦး၊ အနာဂါမ်ဆိုတာတောင်မှ သိစရာကောင်းတယ်။ ရဟန္တာကတော့ အကုန်လုံးသိသွားတယ်။

http://www.dhammadownload.com

ဏတိ- ဘဝအသစ်ဖြစ်ခြင်းသည်၊ ခီဏာ- ကုန်လေပြီ။ ဖြဟ္မစရိယံ- မြတ်သော အကျင့်ကို၊ ဝုသိတံ- ကျင့်သုံးအပ်ပြီ။ ကရဏီယံ- ပြုဖွယ်ကိစ္စကို၊ ကတံ- ပြုအပ်ပေပြီ။ ဣတ္ထတ္တာယ- ဤမဂ်ကိစ္စအလို့ငှါ၊ ပရံ- တစ်ပါးသောပြုကျင့်ဖွယ်ကိစ္စသည်၊ န- မရှိတော့ပြီ၊ ဣတိ- ဤသို့၊ ပဇာနာတိ- ဆင်ခြင်၍ သိလေတော့၏။ ကိုယ်တိုင်သိသွားပြီတဲ့။

တဏှာကုန်ရာနိဗ္ဗာန်၌ လွတ်မြောက်သည် ဖြစ်၏။

ဇတ္တာဝတာ ခေါ မောဂ္ဂလ္လာန ဘိက္ခု သံခိတ္တေန တဏှာသင်္ခယဝိမုတ္တော ဟောတိ အစ္ဆန္နန်ဒြော အစ္ဆန္ဒ ယောဂက္ခေမီ အစ္ဆန္နပြဟ္မစာရီ အစ္ဆန္နဘရိယောသာနော သေဒ္ဓော ဒေဝ မနုဿာနန္တိ။ မောဂ္ဂလ္လာန- ချစ်သားမောဂ္ဂလ္လာန်၊ ဇတ္တာဝတာ- ဤဆိုအပ်ခဲ့ပြီးဖြစ်သော ကျင့်စဉ်ဖြင့်၊ အခုပြောတဲ့ အတိုင်း ကျင့်စဉ်အတိုင်း ကျင့်သွားလို့ရှိရင်တဲ့၊ ဘိက္ခု- ရဟန်းသည်၊ သံခိတ္တေန- အကျဉ်းချုပ်အားဖြင့်၊ တဏှာသင်္ခယဝိမုတ္တော- တဏှာကုန်ရာနိဗ္ဗာန်၌ လွတ်မြောက်သည်၊ ဟောတိ- ဖြစ်၏။ တဏှာကုန်ရာ နိဗ္ဗာန်ရောက်ပြီးတော့ လွတ်မြောက်သွားတဲ့ ပုဂ္ဂိုလ်ပါပဲတဲ့။ အစ္ဆန္နန်ဒြော- စင်စစ်ပြီးဆုံးခြင်းရှိသည်၊ အစ္ဆန္နယောဂက္ခေမီ- စင်စစ် ဘေးရန်တို့၏

http://www.dhammadownload.com

ငြိမ်းရာသို့ ရောက်သည်၊ အစွန့်ကြဟွစာရီ- စင်စစ် မြတ်သော အကျင့်ကို ကျင့်သုံးခြင်းရှိသည်၊ အစွန့်ကပရိယောသာနော- စင်စစ် အဆုံးသို့ရောက်သည်၊ ဒေဝ မနုဿာနံ- နတ်လူတို့ ထက်၊ သေဋ္ဌော- မြတ်သောပုဂ္ဂိုလ်သည် ဝါ ပုဂ္ဂိုလ်မြတ်သည်၊ ဟောတိ- ဖြစ်၏။

နိဂုံး

မြတ်စွာဘုရားက ဒီလောက်ဆိုရင် အကျဉ်းချုပ် အားဖြင့် တဏှာကုန်ရာနိဗ္ဗာန်ရောက်ပြီး လွတ်မြောက်သွား ပါပြီတဲ့။ ပြီးဆုံးသွားပြီ၊ တရားကျင့်စရာ ဒီလောက်ဆို ဆုံး တယ်လို့ မြတ်စွာဘုရားက ဟောပါတယ်။ ဆောင်ပုဒ်ကလေး တွေ ဆိုရအောင်။

စွန့်လွှတ်တစ်ဖန် စေလွှတ်ပြန်
ထပ်မံရှုမှတ်ရာ။

စွန့်လွှတ်တစ်ဖန်တဲ့။ တစ်ဖန်စွန့်လွှတ် ပရိစ္စာဂ ပဋိနိဿဂ္ဂ၊ စေလွှတ်ပြန်တဲ့ ပက္ခန္ဒန ပဋိနိဿဂ္ဂ။ အဲဒီနည်းဖြင့် ထပ်မံပြီးတော့ ရှုတယ်တဲ့။ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရတိ။

သို့ရှုသူဟာ လောကမှာ
စွဲဆောက်ငြိးလေသည်။

http://www.dhammadownload.com

သို့ရှသူဆိုတာ အနိစ္စာနုပဿီ ဝိဟရန္တော၊ မမြဲဘူးလို့ ရှုပြီးတော့နေတယ်၊ ဝိရာဂါ နုပဿီ ဝိဟရန္တော- ပျက်ပြယ်သွားသည်ဟု ရှုပြီးတော့နေတယ်၊ နိရောဓာနုပဿီ ဝိဟရန္တော- ချုပ်ငြိမ်းသွားသည်ဟု ရှုပြီးတော့နေတယ်၊ ပဋိနိဿဂ္ဂါနုပဿီ ဝိဟရန္တော- စွန့်လွှတ်၍ ပြေးဝင်၍ ရှုပြီးတော့နေတယ်ဆိုတဲ့ အဲဒီနည်းတွေနဲ့ ရှုနေတယ်တဲ့။ သို့ရှသူဟာတဲ့၊ အနိစ္စာနုပဿနာ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာ ဒီအနုပဿနာလေးပါးနဲ့ ရှုနေလို့ ရှိရင်တဲ့၊ န ကိဉ္စိ လောကေ ဥပါဒိယတိ၊ လောကမှာ တစ်စုံတစ်ခုသောတရားကို စွဲလမ်းခြင်း မရှိဘူးတဲ့။ အနုပါဒိယံ နု ပရိတဿတိ၊ မစွဲလမ်းတော့ မဆာလောင်ဘူးတဲ့။ အဲဒီလိုရှုနေလို့ရှိရင် နဥပါဒိယတိ- မစွဲလမ်းတော့ပါဘူးတဲ့၊ နု ပရိတဿတိ- ဆာလောင်ခြင်း မရှိတော့ပါဘူး။

ဆာလောင်ကင်းက ကိုယ်တိုင်မျှ
လုံးဝငြိမ်းအေးသည်။

ဆာလောင်ကင်းက အပရိတဿံ ပစ္စတ္တံယေဝ ပရိနိဗ္ဗာယတိ၊ ကိုယ်တိုင်ပဲ ငြိမ်းသွားပါတယ်တဲ့။ ဇော်ဂေါဝတာခေါ မောဂ္ဂလ္လာန ဘိက္ခု သံခိတ္တေန တဏှာသင်္ခယဝိမုတ္တော ဟောတိ။ ဒီလောက်ဆိုလို့ရှိရင် တဏှာကုန်ရာနိဗ္ဗာန် အကျဉ်း

http://www.dhammadownload.com

ချုပ်အားဖြင့် ရောက်ပါပြီတဲ့၊ ဒီလောက်ကျင့်ရင် ဆုံးပြီလို့ ဆိုလိုတယ်။ ဒီထိအောင်သာ ကျင့်ပေတော့လို့ မြတ်စွာဘုရားက ပြောတယ်။ အခုယောဂီတွေလည်း အဲဒီရောက်အောင် အားထုတ်ပေတော့၊ ဒါပါပဲ။

ဤမျှဖြင့်ပင် တဏ္ဍာစင် ကျင့်စဉ်ပြီးဆုံးသည်။

ဘယ်အာရုံနဲ့မှ စပ်ပြီးတော့ ဆာလောင်မှု၊ တောင့်တမှု မရှိဘူးဆိုရင် ကျင့်စဉ်ပြီးဆုံးပြီတဲ့။ (စူဋ္ဌတဏ္ဍာ သခ်ယာ မြတ်စွာဟောမိန့်သည်) စူဋ္ဌတဏ္ဍာသခ်ယသုတ်မှာ ဟောထားတယ်။ ဒီမှာတော့ ပစလာယမာနသုတ်၊ ဒီမှာလည်း ဟောထားပါတယ်။ နှစ်နေရာမှာ ဟောထားတယ်။ ဘုန်းကြီး ဆောင်ပုဒ်ရေးတာကတော့ သိကြားမင်းကိုဟောတဲ့ စူဋ္ဌတဏ္ဍာ သခ်ယ ဝိမုတ္တိသုတ်ဆိုတာရှိတယ်။ အဲဒါကြောင့် ဆောင်ပုဒ်မှာတော့ အဲဒါကို ခေါင်းတပ်ထားတယ်။

စူဋ္ဌတဏ္ဍာ သခ်ယာ မြတ်စွာဟောမိန့်သည်။

ဒီသုတ်တရားကို နာကြားပြီးတော့ ဒီလိုတရားကို အမှီပြုပြီးတော့ ဆက်လက်ပြီး အားထုတ်တာ ရှင်မောဂ္ဂလ္လာန် ရဟန္တာဖြစ်သွားတယ်။ ၇-ရက်အတွင်းတဲ့ ဒီသုတ်က ဘယ်ရက်မှာ ဟောလည်းတော့ မပြောတတ်ဘူး၊ တရားအားထုတ်နေတဲ့ ၇-ရက်အတွင်းမှာ ဟောတာပဲ။ အဲဒီ တရားနာပြီးတော့

http://www.dhammadownload.com

ဆက်အားထုတ်ရပါသေးတယ်။ အဲဒါ အားထုတ်ပြီးတော့ ရှင်မောဂ္ဂလ္လာန် ရဟန္တာဖြစ်သွားတယ်တဲ့။ ရှင်သာရိပုတ္တရာကတော့ တစ်ဆယ့်ငါးရက်တောင် အားထုတ်ရတယ်ဆိုပဲ၊ သုတ်နှစ်ခုတော့ရှိပါတယ်၊ အဲဒီသုတ်တွေ ဆက်ပြီးတော့ ဟောရမယ်။ ဒီနေ့တော့ အချိန်လည်းကုန်ပါပြီ။ တရားလည်း တော်တော် စုံသွားပြီ။

ဤ ပစလာယမာနသုတ်တရားတော်ကို ရှိသေစွာနာခံမှတ်သားကြရသော ဓမ္မသဝန ကောင်းမှုကုသိုလ်ကံစေတနာဇာ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ် အပေါင်း သူတော်ကောင်းတို့သည် အလုံးစုံသော ရုပ်နာမ်တရားတို့ကို အဘိညာပညာဟုခေါ်သော ဝိပဿနာဉာဏ်ဖြင့် ရှေးရှုပြုလျက် ရှုမှတ်နိုင်ကြ၍ ပရိညာပညာဟုခေါ်သော ဝိပဿနာဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တလက္ခဏာတို့ကို ပိုင်းပိုင်းခြားခြား ထင်ထင်မြင်မြင် သိနိုင်အောင် ရှုနိုင်ကြပြီး လျှင် အနိစ္စာနုပဿနာ ဝိရာဂါနုပဿနာ နိရောဓာနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာဟု ခေါ်သော အနုပဿနာလေးပါးတို့ဖြင့် အစဉ်တိုင်း ပြည့်စုံအောင်အားထုတ်နိုင်ကြ၍ ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
စတုတ္ထပိုင်း

(၁၃၂၅-ခုနှစ်၊ တပေါင်းလကွယ်)

တရားအနုသဒ္ဓေ

တပေါင်းလပြည့်ကျော် ၈-ရက်နေ့က ရှင်မောဂ္ဂလ္လာန် တရားအားထုတ်လို့ ရဟန္တာဖြစ်ပုံအကြောင်း ပြီးသွားပါပြီ။ ဒီကနေ့တော့ ရှင်သာရိပုတ္တရာ ဝိပဿနာရှုပုံ ဟောရမယ်။ ရှင်သာရိပုတ္တရာ ဝိပဿနာရှုပုံက နည်းယူစရာ ကောင်းပါတယ်။ ရှုပုံက အင်မတန်သေချာတယ်။ ရှင်မောဂ္ဂလ္လာန် တရားအားထုတ်ပုံကတော့ ဘာရယ်လို့ တိတိကျကျမပါဘူး။ အဲဒီပစလာယမာနသုတ် ဟောထားတဲ့အတွက် အဲဒီအတိုင်းပဲ ရှုတယ်လို့ မှတ်ရမှာပဲ။ ရှင်သာရိပုတ္တရာ ဝိပဿနာရှုပုံကတော့ သေသေချာချာပဲ ဟောထားပါတယ်။ ပြည့်ပြည့်စုံစုံပဲ။ အခု တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေလည်း နည်းယူစရာပါပဲ။ ဝိပဿနာဆိုတာ ဒီလိုရှုရတယ်ဆိုတာ အင်မတန် ရှင်းလင်းသွားပါလိမ့်မယ်။ အင်မတန် ကောင်းပါတယ်။

http://www.dhammadownload.com

ဒီသုတ်ကို သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတဲ့အခါကာလမှာ ဟောတယ်။ တော်တော် လေးနောက်ကျမှ ဟောတာပဲ။ ဘုရားပွင့်ခါစ တစ်နှစ်အတွင်း မှာ ဟောတာတော့ မဟုတ်ဘူး။ နှစ်နှစ်သုံးနှစ် စသည်ကြာချင် လည်း ကြာမယ်။

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့.ရောက်ပြီးအတော်ကြာမှ အနာထပိဏ်သူဌေးက ရာဇဂြိုဟ်ကိုရောက်လာတယ်။ ခါတိုင်း လည်း သူက ရာဇဂြိုဟ်သူဌေးဆီကို လာနေကျပဲ။ အနာ ထပိဏ်သူဌေး ရောက်လာတဲ့အခါ ရာဇဂြိုဟ်သူဌေးက ချက် ပြုတ်ဖို့ရာ နေရာထိုင်ခင်းတွေ ပြင်ဆင်ဖို့ရာ အကြီးအကျယ် စီမံခန့်ခွဲနေတာကို သူတွေ့.တယ်။ တော်တော်မိုးချုပ်မှ စီမံ ခန့်ခွဲလို့ပြီးတော့မှ ရာဇဂြိုဟ်သူဌေးကို အနာထပိဏ်သူဌေးက မေးတယ်။ မိတ်ဆွေ ခါတိုင်း ငါလာလို့ရှိရင် ဒီပြင်အလုပ်ကိစ္စ တွေဖယ်ထားပြီးတော့ ငှါကို နှုတ်ဆက်လို့ ပြောဆိုဆွေးနွေး နေကျပဲ။ ဒီကနေ့ ကိစ္စတွေ တယ်များပါလားလို့မေးတော့ အခု ဘုရားပွင့်တော်မူလို့ တပည့်သံယာတွေနဲ့တကွ မြတ်စွာဘုရား ကို မနက်ဖြန်ခါ ဆွမ်းကပ်မလို့ ပင့်ထားတယ်။ ဆွမ်းကျွေးဖို့ရာ စီမံနေတာလို့ ပြောတယ်။

http://www.dhammadownload.com

ဒီတော့မှ အနာထပိဏ်သူဌေးက ဘုရားပွင့်မှန်း သိတာကိုး။ သိပြီးတာနဲ့ အနာထပိဏ်သူဌေးက သဒ္ဓါတရား အင်မတန်ကောင်းတော့ ညတွင်းချင်း ဘုရားဆီသွားမလို့ စိတ်ကူးတယ်။ သွားလို့မဖြစ်မှန်းသိတော့မှ တစ်ညဆိုင်းပြီး စောင့်နေရတယ်။ အနာထပိဏ်သူဌေးက ဘုရားကိုအာရုံပြုပြီး အိပ်နေတာနဲ့ အိပ်ရာက နိုးတိုင်းနိုးတိုင်း သူ့စိတ်တွေ ကြည်လင်ပြီး သူဝန်းကျင် အရောင်တွေလင်းနေတော့ မနက်လင်းပြီလို့ အောက်မေ့နေတယ်။ သွားမှပဲဆိုပြီးတော့ သွားချင်စိတ်နဲ့ အပြင်ဘက် ထွက်ကြည့်လိုက်တဲ့အခါကျမှ ညဉ့်ဦးယံ ရှိသေးတာပဲ၊ သွားလို့မဖြစ်သေးဘူးဆိုပြီးတော့ တစ်ခါပြန်ပြီးတော့ အိပ် နောက်တစ်ခါထတော့လည်း သန်းခေါင်ယံ ရှိသေး၊ တစ်ခါပြန်ပြီးအိပ် နောက်တစ်ခါတော့ လင်းပြီဆိုပြီးသွားတာ အဲဒီမှာ ဘုရားထံရောက်၊ တရားနာပြီးတော့ သောတာပန်လည်းဖြစ်သွားတယ်။

သောတာပန်ဖြစ်သွားတဲ့အခါ မြတ်စွာဘုရားကို သာဝတ္ထိပြည်ကြွဖို့ သူက ပင့်တယ်။ မြတ်စွာဘုရားကြွလာတဲ့ အခါ အဆင်သင့်ဖြစ်ဖို့ရာ လမ်းမှာလည်း တစ်ယူဇနာတိုင်းမှာ တဲကျောင်းတစ်ခု ဆောက်လုပ်ဖို့ရာ စီမံခန့်ခွဲခဲ့တယ်။ ဟို ရောက်တော့လည်း ဇေတဝန်ကျောင်းတော် မြေနေရာတွေ

http://www.dhammadownload.com

ရှာပြီး ဝယ်ပြီးတော့ ကျောင်းတွေဆောက်၊ မြေနေရာက ၁၈-ကုဋေ။ ကျောင်းဆောက်တာက ၁၈-ကုဋေ ဆိုတာကိုး။ အင်မတန်ကြီးတဲ့ ကျောင်းကြီးပဲ။ တစ်နှစ်တည်းနဲ့တော့ ပြီးချင်မှပြီးမယ်၊ တော်တော်ကြာကြာ ဆောက်ရမယ်။ ကျောင်းဆောက်ပြီးတဲ့အခါကျတော့မှ မြတ်စွာဘုရား ကြွလာလို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတဲ့အခါ ဒီတရားကို ဟောတယ်ဆိုတော့ ဒါက ရာဇဂြိုဟ်မြို့မှာ ဟောတာ မဟုတ်ဘူး။

ရှင်သာရိပုတ္တရာမထေရ် ပညာကြီးတဲ့အကြောင်း ချီးကျူးတော်မူအပ်သော အနုပဒသုတ်

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်ရောက်လို့ မကြာမီ တပို့တွဲလဆန်း ၁-ရက်နေ့က ရှင်သာရိပုတ္တရာ ရဟန်းအဖြစ် ရောက်ပြီး တရားအားထုတ်နေတာ တပို့တွဲလပြည့်နေ့မှာ ရဟန္တာဖြစ်တယ်။ အဲဒီ ၁၅-ရက်အတွင်းမှာ အားထုတ်ခဲ့တဲ့ တရားတွေပဲ။ ဒီ အားထုတ်ပုံတရား ဟောတာကတော့ နောက်ကျမှ ဟောထားတယ်။ မြတ်စွာဘုရားက ဒီသုတ်မှာ ရှင်သာရိပုတ္တရာမထေရ်မြတ်ကို ပညာကြီးတဲ့အကြောင်းတွေ ချီးကျူးပါတယ်။

http://www.dhammadownload.com

ပက္ကိတော ဘိက္ခဝေ သာရိပုတ္တောာ။ ရှင်သာရိပုတ္တရာဟာ ပညာကြီးတယ်တဲ့။ မဟာပညော- အင်မတန်ကြီးကျယ်တဲ့ ပညာနဲ့ ပြည့်စုံတယ်။ ပုထုပညော- ကျယ်ပြန့်တဲ့ပညာနဲ့လည်း ပြည့်စုံတယ်။ ဟာသပညော- ရွှင်လန်းတဲ့ပညာနဲ့လည်း ပြည့်စုံတယ်။ ဇဝနပညော- လျင်မြန်တဲ့ပညာနဲ့လည်း ပြည့်စုံတယ်။ တိက္ခပညော- ထက်မြက်တဲ့ပညာနဲ့လည်း ပြည့်စုံတယ်။ နိဗ္ဗေဓိကပညော- ဖောက်ထွင်းနိုင်တဲ့ ထိုးထွင်းနိုင်တဲ့ ပညာနဲ့လည်း ပြည့်စုံတယ် စသည်ဖြင့် မြတ်စွာဘုရားက ရှင်သာရိပုတ္တရာရဲ့. ဉာဏ်ပညာဂုဏ်တွေ ချီးကျူးပြီးတော့ ဒီအနုပဒသုတ်ကို ဟောထားပါတယ်။

ရှင်သာရိပုတ္တရာမထေရ်၏ အနုပဒဓမ္မဝိပဿနာ ရှုနည်း

သာရိပုတ္တောာ ဘိက္ခဝေ အဓုမာသံ အနုပဒဓမ္မဝိပဿနံ ဝိပဿတိ။ ဘိက္ခဝေ- ရဟန်းတို့၊ သာရိပုတ္တော-သာရိပုတ္တရာသည်၊ အဓုမာသံ- လခွဲ ၁၅-ရက် ကာလပတ်လုံး၊ အနုပဒဓမ္မဝိပဿနံ- ပုဒ်အစဉ်အတိုင်း တရားတို့ကို ရှုသော ဝိပဿနာကို၊ ဝိပဿတိ- ရှု၏။ အနုပဒဓမ္မဝိပဿနာက ဝိပဿနာထဲမှာ အသေချာဆုံး အကောင်းဆုံးပါပဲ။ ဒါထက် အသေးစိတ်တဲ့ ဝိပဿနာတော့ မရှိဘူး။ ဒါ ပထမတန်းပဲတဲ့။

http://www.dhammadownload.com

အဲဒီ အနုပဒဓမ္မဝိပဿနာ ရှုနည်းနဲ့ ၁၅-ရက်ပတ်လုံး ရှုပြီးတော့ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ပါတယ်။

တတြိဒံ ဘိက္ခဝေ သာရိပုတ္တသ အနုပဒဓမ္မဝိပဿနာယ ဟောတိ။ ဘိက္ခဝေ- ရဟန်းတို့၊ တတြိဒံ- ဤဆိုလတံ့သော စကားအစဉ်သည်၊ သာရိပုတ္တသ- သာရိပုတ္တရာ၏၊ အနုပဒဓမ္မဝိပဿနာယ- ထိုအနုပဒဓမ္မဝိပဿနာ၌၊ ဝိဓာနံ- အစီအရင်သည်၊ ဟောတိ- ဖြစ်၏။

အခု ငါဟောမယ့် ဝိပဿနာရှုပုံရှုနည်း အစီအရင်ကတော့ သာရိပုတ္တရာ ဝိပဿနာရှုစဉ်တုန်းက အနုပဒဓမ္မဝိပဿနာ ရှုပုံပါပဲတဲ့။ ပုဒ်အစဉ်အတိုင်း အပြည့်အစုံ အသေးစိတ် သိသွားပုံပဲတဲ့။ အဲဒါလေးတွေ မှတ်ရမယ်။ အဓိပ္ပာယ်ကြီးတယ်။ အန-ဆိုတာ အစဉ်၊ ပဒ-ဆိုတာ ပုဒ်၊ အနုပဒ-ဆိုတာ ပုဒ်အစဉ်၊ အစဉ်အတိုင်းပေါ့။ တရားဓမ္မတွေ အစဉ်အတိုင်းလို့ ဆိုလိုပါတယ်။ ဝိပဿနာ ရှုသင့်တဲ့ တရားပုဒ်တွေ၊ အစဉ်အတိုင်း တရားတွေ။ ဓမ္မ- တရားကို၊ ဝိပဿနာ- အထူးရှု၊ ဒီတရားအစဉ်တွေကို ဝိပဿနာရှုတယ်။ ရုပ်တရား၊ နာမ်တရားတွေ။ ဒီထဲမှာတော့ တိုက်ရိုက်အားဖြင့်တော့ နာမ်တရားပဲ ဖော်ပြထားတယ်။ အဲဒီ ရုပ်နာမ်တရားတွေကို အစဉ်အတိုင်း ရှုပြီးတော့သွားတဲ့ ဝိပဿနာ၊ အနုပဒဓမ္မဝိပဿနာ ခေါ်တယ်တဲ့။

http://www.dhammadownload.com

ဈာန်ဝင်စားပြီးမှ ဈာန်စိတ်ကို ဝိပဿနာရှုခြင်း

ကုဓ ဘိက္ခဝေ သာရိပုတ္တော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။

ရှင်သာရိပုတ္တရာ ဝိပဿနာရှုပုံက ဈာန်ဝင်စားပြီးတော့ ဝိပဿနာရှုတယ်။ ဝိပဿနာရှုတယ်ဆိုတာ နှစ်မျိုးရှိတယ်။ သမထအခြေခံပြီးတော့ ဝိပဿနာရှုတာက တစ်မျိုး၊ သမထအခြေခံမရှိဘဲနဲ့ ဝိပဿနာရှုတာက တစ်မျိုး၊ နှစ်မျိုးရှိတယ်။ သမထအခြေခံပြီး ဝိပဿနာရှုတာက ဈာန်သမာပတ် တစ်ခုခုကို ဝင်စားရတယ်။ ဈာန်ရအောင် ရှေးဦးစွာအားထုတ်ရတယ်။ ရူပဈာန်က လေးပါးရှိတယ်။ အရူပဈာန်က လေးပါးရှိတယ်။ အားလုံးဈာန်သမာပတ် ရှစ်ပါးရှိတယ်။ သာသနာပဲ ပုဂ္ဂိုလ်တွေလည်း သမာပတ်ရှစ်ပါးဆိုတာ ရတာပဲ။ အဲဒီသမာပတ် ရှစ်ပါးထဲက တစ်ခုခုကို ဝင်စားရတယ်။ ဝင်စားတယ်ဆိုတာ အဲဒီဈာန်စိတ် ဖြစ်တာပါပဲ။ အဲဒီဈာန်စိတ် နလုံးသွင်းလိုက်တော့ အဲဒီဈာန်စိတ်ကလေးဖြစ်၊ အဲဒီဈာန်စိတ်ဖြစ်ပြီးတော့ ဈာန်စိတ်ဆုံးတာနဲ့ ဈာန်စိတ်ကို ဝိပဿနာပြန်ပြီးတော့ ရှုတာ။ အဲဒီလိုရှုတာက သမထယာနိက ဝိပဿနာရှုနည်းတဲ့။ သမထသည်ပင်လျှင် နိဗ္ဗာန်သွားကြောင်း ယာဉ်ပဲ။

http://www.dhammadownload.com

အဲဒါလိုပဲ သမထစျာန် သမာပတ် ဝင်စားပြီးတော့ ဝိပဿနာရှု သွားတာ နောက်ဆုံး နိဗ္ဗာန်ရောက်သွားတာပဲ။ နိဗ္ဗာန် သွားဖို့ရာ သမထဟာ ယာဉ်ရထားပဲတဲ့။ ရောက်ကြောင်း တရားပဲ။

တချို့တော့လည်းပဲ စျာန်မရောက်သေးဘဲနဲ့ ဥပစာရ သမာဓိကနေ ဝိပဿနာရှုပြီး တက်သွားတာလည်း ရှိပါတယ်။ ဒါက နည်းပါတယ်။ ဒါကတော့ ဘယ်လိုဟာတုံးဆိုတော့ ဒါက ဌာန်းခနဲ့ ဒီ ဥပစာရသမာဓိဖြစ်နေတုန်း ပီတိ၊ ပဿဒ္ဓိ ဒီလို တရားတွေဖြစ်လာတဲ့အခါ အဲဒါတွေ ရှုပြီးတော့ တစ်ထိုင် အတွင်း တစ်ခဏအတွင်း မဂ်ဖိုလ်ရောက်သွားတာတွေ ရှိပါ တယ်။ အထူးအားဖြင့်တော့ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကနေပြီး တက်တာတွေရှိတယ်။ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ဘုရားဂုဏ်တွေ နှလုံးသွင်းရင်း ပီတိတွေဖြစ်လာတဲ့အခါကာလမှာ အဲဒီပီတိကို ရှုပြီးတော့ ဝိပဿနာဉာဏ်ဖြစ်ပြီး တစ်ခဏချင်း သောတာပန် ဖြစ်သွားတာလည်းရှိတယ်။ တချို့ ရဟန္တာတိုင်အောင်ဖြစ်သွား တာလည်း ရှိပါတယ်။ တရားနာနေရင်းလည်းပဲ တရားတော် ကို ကြည်ညိုတဲ့စိတ်နဲ့ ပီတိတွေဖြစ်လာတာ ရှိတတ်တယ်။ ပီတိတွေဖြစ်ရင်းနဲ့ အဲဒီပီတိကိုရှုပြီးတော့ မဂ်ဖိုလ်ရောက်တဲ့ ပုဂ္ဂိုလ်တွေ မြတ်စွာဘုရားတရားဟောတုန်းက အများကြီးပဲ့။

http://www.dhammadownload.com

တရားနာနေရင်းနဲ့ မဂ်ဖိုလ်ရောက်သွားတယ် ဆိုတာတွေ အများကြီးပဲ။

အဲဒီလို သမာဓိအစွမ်းကြောင့် ပီတိဖြစ်ရင်းနဲ့ အဲဒီပီတိကို ရှုပြီးတော့ မဂ်ဖိုလ်ရောက်သွားတဲ့ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒါက စျာန်ဝင်စားလိုက် ဝိပဿနာရှုလိုက် ဒီလိုမျိုးမဟုတ်ဘူး။ ဒါက ဝိပဿနာရှုဖို့ရာ သမထကို တမင်တကာ ထူထောင်တယ်လို့ မဟုတ်ပါဘူး။

သေသေချာချာ သမထအခြေခံပြီးတော့ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်တွေကတော့ စျာန်ရအောင် အားထုတ်ရတယ်။ စျာန်မှာ နိုင်နင်းအောင်လုပ်ရတာ၊ ကျွမ်းကျင်အောင် လုပ်ရတာ၊ စာသင်ရတာလိုပဲ၊ စာတစ်ပိုဒ်ကို ကျေနေအောင် ကျက်ရတာ။ ကျပြီးတော့မှ နောက်တစ်ပိုဒ်ကို ဆက်ပြီးတော့ကျက်ရတာ။ ပထမတစ်ပိုဒ်ကမှ မကျေသေးဘဲနဲ့ နောက်တစ်ပိုဒ် ကျက်လို့ ရှိရင် ရှေ့ကဟာတွေမေ့ပြီးတော့ ပျက်ကုန်တယ်။ အဲဒါလိုပဲ စျာန်မကျေသေးဘဲနဲ့ ဝိပဿနာရှုလို့ မဖြစ်ဘူး။ စျာန်နိုင်နင်းအောင်ရှုရတာ၊ ဝင်စားချင်တဲ့အခါ ဝင်စားတယ်။ ကိုယ်တည်ချင်သလောက် တည်၊ စျာန်စိတ် ရပ်ချင်တဲ့အခါရပ်၊ ကိုယ်လိုသလိုဖြစ်နေအောင် နိုင်နင်းအောင် အားထုတ်၊ အဲဒီလို နိုင်ပြီးတော့မှ စျာန်ဝင်စား၊ ဒါကလည်းပဲ ပါရမီထူးတဲ့

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေက စျာန်ရတယ်ဆို နိုင်နေတော့တာပဲ။ အထူး မလေ့လာရဘူး။ ပါရမီရှေ့အဆက် သမထဘက်က အလေ့ အလာနည်းတဲ့ ပုဂ္ဂိုလ်တွေကတော့ စျာန်ရတယ်ဆို စျာန် တည်ဖို့ကို ထပ်ကာထပ်ကာ ဝင်စားနေရတယ်။ အဲဒီလို နိုင်နင်းတဲ့အခါကာလမှာ စျာန်ဝင်စား၊ စျာန်ဝင်စားတယ် ဆိုတာ စျာန်စိတ်ဖြစ်တာပါပဲ၊ စျာန်အာရုံ နှလုံးသွင်းလိုက်ရင် စျာန်စိတ်ကလေး ဖြစ်ပါတယ်။ သူရှုနေကျ အာရုံလေး နှလုံးသွင်းတာနဲ့ အဲဒီ တည်ငြိမ်တဲ့စိတ်လေး ဖြစ်သွားတာ၊ ဒါပါ ပဲ။ အဲဒီ စျာန်ကထတဲ့အခါ စျာန်ကို ရှုတာက သမထယာနိက ရှုနည်းတဲ့။ အခု ရှင်သာရိပုတ္တရာရှုတာ သမထယာနိက ရှုနည်းပဲ။

စျာန်သမာပတ်တွေ ရအောင်အားမထုတ်ဘဲနဲ့ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတွေ စပြီးရှုသွားတာက သုဒ္ဓဝိပဿနာ ယာနိကရှုနည်းခေါ်တယ်။ ဝိပဿနာယာဉ် သက်သက်ပဲတဲ့။ သမထအကူအညီ မပါဘူးတဲ့။ ဘုန်းကြီး ဒီမှာ တရား အား ထုတ်ဖို့ ညွှန်ကြားပြသနေတာ အဲဒါ သုဒ္ဓဝိပဿနာယာနိကပဲ၊ သမထ မတည်ထောင်ဘူး။ ဘာဖြစ်လို့ သမထ မတည်ထောင် သလဲလို့ မေးစရာရှိတယ်။ သမထတည်ထောင်တာက တယ် မလွယ်ဘူး။ စျာန်ရအောင်လို့ ရှေးဦးစွာ အားထုတ်ရမယ်။

http://www.dhammadownload.com

ဘယ်လောက်အားထုတ်ရမှန်းလည်း မသိဘူး။ စျာန်က သုံးရက်နဲ့ ရပါလိမ့်မယ်။ ၇-ရက်နဲ့ရပါလိမ့်မယ် မပြောနိုင်ဘူး။ တကယ်အားထုတ်တော့ တစ်လနဲ့ ရပါလိမ့်မယ်လည်း မပြောနိုင်ဘူး။ စျာန်က ရပြန်ပါပြီတဲ့၊ စျာန်ရလို့ရှိရင် ဒီစျာန် ကျအောင် လုပ်ရဦးမှာကိုး။ ကျပြီး နိုင်နင်းပြီး ဆိုတော့မှ ဝိပဿနာတက်ရမှာ။

သမထလမ်းနဲ့အားထုတ်လို့ စျာန်ရပြီလို့ ဆရာက ဆုံးဖြတ်ပေးဖို့ရာ တယ်မလွယ်ဘူး

စျာန်ရပါပြီလို့ ဆုံးဖြတ်ဖို့ကိုက တယ်မလွယ်ဘူး။ ဒီပုဂ္ဂိုလ် သမထလမ်းနဲ့အားထုတ်လို့ စျာန်ရပြီလို့ ဆရာက ဆုံးဖြတ်ပေးဖို့ရာ အဲဒါကိုက တယ်မလွယ်ဘူး။ တော်ကြာ မဟုတ်ဘဲနဲ့နေရင် ခက်နေမှာ၊ တစ်ခါ နိုင်နင်းအောင် လုပ်ရဦးမှာကိုး။ ဝိပဿနာကိုရောက်မှာ မဟုတ်ဘူး။ တချို့က စျာန်ကို ထင်ထင်ရှားရှားမဖြစ်တာနဲ့ ဝိပဿနာ တက်ရမှာ မဟုတ်ဘူး။ အဲဒါကြောင့် ဘုန်းကြီးက စျာန်လမ်းက မလုပ်ဘူး။

တချို့မှာတော့ သမာဓိအတွက် နှစ်ရက်သုံးရက်လောက် အားထုတ်လိုက်၊ ပြီးတော့ ဝိပဿနာတက်သွား၊ ဒါကတော့ သိပ်ပြီးတော့ ကျေးဇူးမများလှပါဘူး။ စတိသဘော

http://www.dhammadownload.com

မျိုးလို ဖြစ်နေတယ်။ နှစ်ရက်သုံးရက်လောက် အားထုတ်တာနဲ့ သမာဓိကောင်းကောင်းရပြီလို့ မဆိုနိုင်ပါဘူး။ အဲဒါကြောင့် ဒီမှာတော့ မသေချာတဲ့ဥစ္စာ မလုပ်တော့ဘူး။ သေချာတဲ့ ဝိပဿနာကပဲ စပြီးရှုမှတ်မယ်ဆိုပြီးတော့ ညွှန်ကြားပြသပြီးတော့ နေပါတယ်။ အစကတည်းက ခန္ဓာငါးပါး ရုပ်နာမ်တရားတွေ ဝိပဿနာရှုဖို့ ညွှန်ကြားပြသနေပါတယ်။ သုဒ္ဓဝိပဿနာယာနိကနည်း ခေါ်တယ်။ ကိုယ်အားထုတ်တဲ့နည်း နည်းနည်းတော့နားလည်ထားဦးမှ။ အဲဒါက သေချာတဲ့နည်းမို့ ဘုန်းကြီးများက ညွှန်ကြားနေပါတယ်။

ဝိပဿနာက လိုရင်းပဲ။ စျာန်ရမယ်ဆိုရင်တော့ စျာန်ကနေပြီးတက်သွားတာ ပိုလို့ ကောင်းသေးတယ်။ အဆင့်အတန်းမြင့်ပါတယ်၊ ပထမတန်းပဲ။ ရှေးက ဘုရားလက်ထက်က ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေက စျာန်ရပြီးမှ မဂ်ဖိုလ်တက်သွားတာပဲ များပါတယ်။ စျာန်မရဘဲ တက်တာလည်း နည်းနည်းပါးပါးတော့ ရှိပုံရတယ်။ ရှင်အာနန္ဒာမထေရ်မြတ်ဆိုရင် စောစောက စျာန်တွေ ရထားပုံ မပေါ်ဘူး။ စျာန်အကြောင်းတွေ သူမှာမပါဘူး။ ရဟန္တာဖြစ်တဲ့ အခါကျမှ စျာန်အဘိညာဉ်တွေ သူပြည့်စုံသွားတယ်။ ဒါ မဂ္ဂသီဒ္ဓစျာန် ခေါ်တယ်။ မဂ်နဲ့ ပြီးသွားတဲ့စျာန်။

http://www.dhammadownload.com

အခု ရှင်သာရိပုတ္တရာကတော့ စောစောပိုင်းကတည်းက စျာန်ရထားတယ်။ စျာန်ရတာ ကသိုဏ်းနဲ့အားထုတ်ပြီး ရသလား၊ အသုဘနဲ့အားထုတ်ပြီး ရသလား၊ ကာယဂတာသတိနဲ့ ရသလား၊ အာနာပါနဿတိနဲ့ ရသလား၊ ဇြဟ္မဝိဟာရနဲ့ ရသလား၊ ဒီလိုမေးစရာ ရှိပါတယ်။ အဲဒါကတော့ ဘာနဲ့ရယ်လို့တော့ မပါဘူး။ အခု ပထမစျာန်ကို ဝင်စားတယ်တဲ့။

ရှင်သာရိပုတ္တရာ၏ ပထမစျာန်

ကုဓ ဘိက္ခဝေ သာရိပုတ္တော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟာရတိ။ ဘိက္ခဝေ- ရဟန်းတို့၊ ကုဓ- ဤသာသနာတော်၌၊ သာရိပုတ္တော- သာရိပုတ္တရာသည်၊ ကာမေဟိ- ဝတ္ထုကာမ ကိလေသကာမတို့မှ၊ ဝိဝိစ္စ ဇဝ- ကင်းဆိတ်၍သာလျှင်၊ ပဌမံ စျာနံ- ပထမရှေးဦးစွာသော စျာန်ကို၊ ဥပသမ္ပဇ္ဇ- ဆိုက်ရောက်၍ (ဝါ) ပြည့်စုံစေ၍၊ ဝိဟာရတိ- နေ၏။ ရှင်သာရိပုတ္တရာဟာ ပထမစျာန်ကို ရောက်ပြီးတော့နေတယ်၊ ပထမစျာန်စိတ် ဖြစ်နေတာပဲ။ ပထမစျာန်စိတ် ဖြစ်အောင် နလုံးသွင်းလိုက်လို့ ပထမစျာန်ဖြစ်နေတာ၊ ဒါ

http://www.dhammadownload.com

ပြောတာပါပဲ။ ကသိုဏ်းနဲ့ဆိုရင်လည်းပဲ ကသိုဏ်းတစ်ခုခုနဲ့ ပေါ့။ အကုန်လုံး ပြည့်စုံချင်ပြည့်စုံနေမှာပါပဲ။ ရှင်သာရိပုတ္တရာ ပြည့်စုံစရာ အကြောင်းရှိပါတယ်။ အာနာပါနနဲ့ဆိုရင်လည်း ထွက်သက်ဝင်သက်ပေါ့။ ထွက်သက် ဝင်သက် နှလုံးသွင်းပြီး တော့ စိတ်ကလေးငြိမ်ပြီးတော့ နေတယ်၊ ပထမစျာန်စိတ် ဖြစ် တယ်တဲ့။

ပထမစျာန်စိတ်ဖြစ်တော့ ဘယ်လိုသဘောရှိသလဲဆို၊ ကာမေဟိ- ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စ ဇဝ-ကင်းဆိတ်၍သာလျှင်၊ ဝတ္ထုအာရုံ ကာမဂုဏ်တွေဆီလည်း စိတ်မရောက်ဘူးတဲ့။ ကိလေသာကာမစိတ်တွေလည်း မဖြစ် ဘူးတဲ့။ ဒီအခိုက်အတန့်မှာ ဒီအာရုံလေးတစ်ခုတည်းပဲ နှလုံး သွင်းနေတယ်လို့ ဆိုလိုပါတယ်။ ဒါကလည်း စျာန်ရတဲ့ပုဂ္ဂိုလ် က အဲဒီစျာန် ဝင်စားနေလို့ရှိရင် ဒုံပြင်စိတ်တွေ ဘာမှမဖြစ်ဘူး။ တစ်စိတ်တည်းပဲ။ ကသိုဏ်းနဲ့ဆိုရင်လည်းပဲ ကသိုဏ်းအာရုံ လေးပဲ စိတ်ထဲပေါ်နေတယ်။ ဘေးနားက မြင်စရာတွေရှိလို့ လည်း မမြင်ဘူး။ ကြားစရာတွေရှိလို့လည်း မကြားဘူး။ အလွတ်ကို ထွက်သွားတဲ့စိတ်ကူးတွေလည်း မရှိဘူး။ ငါးမိနစ် လောက် စျာန်စိတ် နှလုံးသွင်းနေမယ်ဆိုရင် ငါးမိနစ်လုံးလုံး ဟာ တစ်ခါတည်း ဒီစျာန်စိတ်လေး ဒီအာရုံထဲပဲ ဒီလိုလေး

http://www.dhammadownload.com

ငြိမ်ပြီးတော့ တည်နေတယ်။ ဆယ်မိနစ်၊ နာရီဝက်၊ တနာရီ၊ နှစ်နာရီ၊ စသည်ဖြင့် နိုင်နင်းသလောက်ပေါ့လေ။ တစ်နေ့လုံးလည်း သူတည်နိုင်တယ်၊ စျာန်က တစ်အာရုံတည်းပဲ၊ ဒီပြင်အာရုံတွေ ဘယ်မှမပြောင်းဘူးတဲ့။ ထိုင်လျက်ဖြစ်ရင်လည်း ထိုင်လျက်ပဲ၊ ဒီအတိုင်းပဲ ငြိမ်နေတာပဲတဲ့။

စျာန်အာရုံမှာ အာရုံပြုပြီးတော့ ဖြစ်နေတယ်။ အဲဒီအချိန်မှာ ဝတ္ထုကာမအာရုံတွေနဲ့စပ်ပြီးတော့လည်း ဒီစိတ်ကူးလေး ဘယ်မှမသွားဘူးတဲ့။ ဝတ္ထုကာမအာရုံတွေဆိုတာ လိုချင်နှစ်သက်ဖွယ်ကောင်းတဲ့ ယောက်ျားမိန်းမ အာရုံဝတ္ထုတွေ၊ အဆင်း အာရုံဝတ္ထုတွေ၊ အသံ အာရုံဝတ္ထုတွေ၊ အနံ့အာရုံဝတ္ထုတွေ၊ အရသာ အာရုံဝတ္ထုတွေ၊ အတွေ့အထိ အာရုံဝတ္ထုတွေ၊ လူလောကမှာ လိုချင်နှစ်သက် တပ်မက်ပြီးတော့နေတဲ့ ဝတ္ထုပစ္စည်းတွေ၊ အဲဒါတွေနဲ့စပ်ပြီးတော့လည်း ဒီစိတ်ကူးလေး ဘယ်မှမသွားဘူးတဲ့။ အဲဒါတွေ ကင်းနေပြီတဲ့။

ပကတိစိတ်ဆိုရင် ဒီလိုကင်းနေဖို့က ခက်တယ်။ ဒီကို အာရုံပြုနေ ဟိုကိုထွက်သွားပြီ၊ ဝိပဿနာရှုတဲ့အခါမှာလည်း ထွက်သွားတာပါပဲ။ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ် ရှုရင်းနဲ့ ဟိုမှာ သွားလိုက်ပြန်ပြီ၊ ဟိုဟာလိုချင် ဒီဟာလိုချင် ဒီလိုဖြစ်နေတာပဲ။ အဲဒီစိတ်တွေ လိုက်ပြီးဖမ်းနေရ

http://www.dhammadownload.com

တယ်။ ဝတ္ထုကာမတွေနဲ့လည်း မကင်းဘူး၊ လိုချင်နှစ်သက်တဲ့ ကိလေသာကာမတွေလည်း မကင်းဘူး။ ဒါတွေဖြစ်နေတာပဲ။ ဝတ္ထုကာမပေါ်ရင် ကိလေသာကာမ ဖြစ်တာပေါ့။ သူတို့က အတွေပဲ၊ တစ်စုံပဲ၊ အာရုံနဲ့ အာရမ္မဏိကပဲ။

ဝတ္ထုကာမဆိုတာက အာရုံတွေပဲ။ ယောက်ျားမိန်းမ စသည့်အာရုံတွေပဲ။ ကိလေသာကာမဆိုတာ လိုချင်နှစ်သက်သဘောကျတဲ့ စိတ်ကလေးပဲ။ သူတို့နှစ်ခုက တစ်တွဲတည်းပါပဲ။ အလွတ်နေတဲ့ပုဂ္ဂိုလ်တွေဆိုတော့ ဝတ္ထုကာမ ကိလေသာကာမတွေဟာ သူ့နေအိမ် ဖြစ်နေတာပဲ။

အခု ဈာန်စိတ်ဖြစ်တဲ့အခါကာလမှာ ဒီ ဝတ္ထုကာမ ကိလေသာကာမတွေ ကင်းတယ်တဲ့။ ဒါတွေ မရှိတော့ဘူးတဲ့။ ဒါက ဈာန်စိတ်ကလေးမှာသာ မဟုတ်ဘူး။ ဈာန်စိတ်ရဲ့ ရှေးအဖို့ ကမ္မဋ္ဌာန်းအာရုံဆီ နှလုံးသွင်းလိုက်ကတည်းက ကင်းသွားတာပဲတဲ့။ နိုင်နင်းလို့ရှိရင် တစ်ခါတည်း ကင်းသွားတာပဲ။ ဒါကြောင့်မို့ ကာမေဟိ- ဝတ္ထုကာမ ကိလေသာကာမတို့မှ၊ ဝိဝိစ္စ ဇဝ- ကင်းဆိတ်၍သာလျှင်၊ အကုသလေဟိ ဓမ္မေဟိ- အကုသိုလ်တရားတို့မှ၊ ဝိဝိစ္စ ဇဝ- ကင်းဆိတ်၍သာလျှင်၊ ကိလေသာကာမ ဝတ္ထုကာမတို့မှ ကင်းတယ်၊ အကုသိုလ်တွေ

http://www.dhammadownload.com

လည်း မဖြစ်ပါဘူးတဲ့။ ဒီပြင် ဒေါသတို့ မာနတို့ စတာတွေ လည်း မဖြစ်ဘူးတဲ့။

ဈာန်စိတ်ကလေးက အာရုံပေါ် ကြဲစည်ရတာတွေ ရှိတယ်တဲ့။ ပေါ်လာတဲ့အာရုံတွေ စဉ်းစားဆင်ခြင်တဲ့ သဘော လည်း ဒီအထဲမှာ ပါတယ်တဲ့။ သဝိတက္ကံ- ကြဲစည်ခြင်းလည်း ရှိသော၊ သဝိစာရံ- စဉ်းစားဆင်ခြင်ခြင်းလည်း ရှိသော၊ ဝိဝေကဇံ- နိဝရဏာ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိ သုခံ- ပီတိသုခလည်း ရှိသော၊ ဝါ၊ နှစ်သိမ့်အားရမှု ဝမ်းသာမှု စိတ်ချမ်းသာမှုလည်း ရှိသော၊ ဒီဈာန်စိတ်ကလေးက နိဝရဏာတွေ ကင်းနေလို့ ဝမ်းမြောက်ဝမ်းသာတဲ့သဘော နှစ်သိမ့်အားရတဲ့သဘော ရှိနေပါတယ်တဲ့။ စိတ်ချမ်းသာတဲ့သဘော စိတ်ရွှင်လန်းတဲ့သဘော၊ ဝမ်းသာတဲ့သဘောလည်း ရှိတယ်တဲ့။ အင်မတန်ကောင်းနေတယ်။

အခု ပကတိပုဂ္ဂိုလ်တွေမှာဆိုလို့ရှိရင်တော့ နိဝရဏာတွေက မကင်းဘဲဟာကိုး။ နိဝရဏာတွေ မကင်းတော့ အဲဒီ ပီတိသုခတွေ မဖြစ်ဘူးတဲ့။ ကာမစ္ဆန္ဒနဲ့ ကာမအာရုံတွေဆီသွားလိုက်၊ တရားနှလုံးသွင်းနေတယ်ဆိုပေမယ့်လို့ သမာဓိအား ဉာဏ်အားတွေက မကောင်းသေးတော့ နိဝရဏာတွေက ဝင်နေတာကိုး၊ ဗျာဒါဒ- စိတ်ပျက်စရာ ဝင်လာပြန်ပြီ၊ ထိနမိဒ္ဓ-

http://www.dhammadownload.com

စိတ်ထိုင်းမှိုင်းမှု၊ ဥဒ္ဓစ္စ ကုက္ကုစ္စ- စိတ်ပျံ့လွင့်မှု စိတ်ပူပန်မှု၊ ဝိစိကိစ္ဆာ- ယုံမှားမှု၊ အဝိဇ္ဇာနီဝရဏလည်း ရှိပါတယ်။ အဲဒီ နီဝရဏတွေ ဝင်ဝင်ပြီးတော့လာခြင်းကြောင့် တရားက အရှိန် မရတော့ ကိုယ့်တရားနဲ့ကိုယ် နှစ်သိမ့်အားရမှု ဝမ်းမြောက်မှု ပီတိ ဘယ်ဖြစ်လိမ့်မတုံး၊ တရားအားထုတ်ခါစပုဂ္ဂိုလ်တွေက မဖြစ်ဘူး။

ဈာန်ရောက်နေတဲ့အခါ ဈာန်စိတ်က အားကောင်း နေတော့ နီဝရဏတွေ ကင်းနေတယ်။ နီဝရဏတွေ မရှိတော့ ဘူး၊ နှစ်သိမ့်အားရမှု ဝမ်းမြောက်ဝမ်းသာမှု စိတ်ရွှင်လန်းမှုတွေ ပီတိသုခတွေ ထူးထူးခြားခြား ဖြစ်နေတယ်။ တရားအားထုတ် တဲ့အခါလည်း သမာဓိ အားကောင်းလာတဲ့အခါ ဖြစ်ပါတယ်။ တော်တော်လေး အားကောင်းလာရင် နာမရူပ ပရိစ္ဆေဒမှာတင် တခြားတစ်ပါး စိတ်တွေမသွားဘူး။ ရှုရာအာရုံလေး စိတ် ကလေး တည်လာပြီဆိုရင် ဒီမှာ ပီတိလေးတွေ ကိုယ်ထဲက နေပြီး ဖြိုးဖြိုးဖျဉ်းဖျဉ်းနဲ့ နှစ်သိမ့်အားရမှု ဝမ်းမြောက်မှုလေး တွေ ဖြစ်လာတယ်။ စိတ်ချမ်းသာမှုလေးတွေ ဖြစ်လာတယ်။ နောက် ဥဒယဗ္ဗယဉာဏ်ကျတော့ သိပ်ဖြစ်တာပေါ့။ အရောင် အလင်းတွေနဲ့ တစ်ခါတည်း ဝမ်းမြောက်ဝမ်းသာမှုတွေ အကြီး အကျယ်ဖြစ်တာ။

http://www.dhammadownload.com

အခု ဈာန်စိတ်ကလည်း နိဝရဏတွေ ကင်းဆိတ်ခြင်းကြောင့်တဲ့ ဒီစိတ်ကလေးမှာ ပီတိ သုခနဲ့ တွဲပြီးတော့ဖြစ်လာပါတယ်။ ဝိဝေကဇ- နိဝရဏ ကင်းဆိတ်ခြင်းကြောင့်ဖြစ်သော၊ ပီတိ သုခ- နှစ်သိမ့်အားရမှု ဝမ်းသာမှု ပီတိလည်းရှိသော၊ စိတ်ချမ်းသာမှု ရွှင်လန်းမှု သုခလည်းရှိသော၊ ပဌမ ဈာန်- ရှေးဦးစွာသော ဈာန်ကို၊ ဥပသမ္ပဇ္ဇ- ဆိုက်ရောက်၍ ဝါ ပြည့်စုံစေ၍၊ ဝိဟရတိ- နေ၏။ ရှေးဦးစွာရောက်တာ ဒီဈာန်ဟာ ပဌမအဆင့်ပဲတဲ့။

ဈာန် နှစ်မျိုး၊ အာရမ္မဏူပနိဇ္ဈာန်နှင့် လက္ခဏူပနိဇ္ဈာန်

ဈာန်ဆိုတာ ဘာလဲ။ ဈာန်ဆိုတာ ကပ်ပြီးတော့ ရှုတတ်တယ်တဲ့။ အာရုံကို စူးစူးစိုက်စိုက် ရှုတတ်တယ်တဲ့။ အာရုံနဲ့ စိတ်နဲ့ တပူးတည်းတပေါင်းတည်းဖြစ်ပြီး ကပ်ပြီးရှုတတ်လို့ ဈာန်လို့ခေါ်တယ်။ စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟု ခေါ်ဝေါ်သည်တဲ့။ စူးစူးစိုက်စိုက် အာရုံကို ကပ်ပြီးတော့ရှုတာ ဈာန်လို့ခေါ်တယ်။

ဒီဈာန်ကလည်း နှစ်မျိုးရှိတယ်။ အာရမ္မဏူပနိဇ္ဈာန်၊ လက္ခဏူပနိဇ္ဈာန်တဲ့။ အာရုံကို စူးစိုက်ကပ်ပြီးတော့ ရှုတာ အာရမ္မဏူပနိဇ္ဈာန်လို့ ခေါ်တယ်။ အခုပြောတဲ့ ရူပဈာန်တွေ

http://www.dhammadownload.com

ပါပဲ။ သဘာဝလက္ခဏာ၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ စသည်ကို ကပ်ပြီးတော့ရှုတာက လက္ခဏူပနိဇ္ဈာန်တဲ့။ ဒါက ဝိပဿနာပဲ။ ဝိပဿနာလည်း စျာန်ခေါ်တယ်။

စူးစိုက်သမှု၊ ကပ်၍ရှု၊ စျာန်ဟုခေါ်ဝေါ်သည်။

ပထမစျာနံ- ရေးဦးစွာသော စျာန်တဲ့။ အဲဒီစျာန်က ဝိတက်- ကြံစည်မှုလည်း ပါတယ်။ ဝိစာရ- စဉ်းစားဆင်ခြင်မှုလည်း ပါတယ်။ ပီတိ- နှစ်သိမ့်ဝမ်းမြောက်မှုလည်း ပါတယ်။ သုခ- စိတ်ချမ်းသာမှု စိတ်ရွှင်လန်းမှုလည်း ပါတယ်။ ဧကဂ္ဂတာ- စိတ်တည်ကြည်ငြိမ်သက်မှု သမာဓိလည်း ပါတယ်။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဒီငါးပါးအပေါင်းကိုပဲ စျာန်ခေါ်တာပါပဲ။

အဲဒီ အင်္ဂါငါးပါးပြည့်စုံတဲ့ ပထမစျာန်ကို ရှင်သာရိပုတ္တရာက ဝင်စားတယ်တဲ့။ ဒီစျာန်စိတ်ကလေး ဖြစ်တယ်။ ကသိုဏ်းနဲ့ဆိုရင်လည်း ကသိုဏ်းအာရုံလေး ဒီ နလုံးသွင်းလိုက်တဲ့ စိတ်ကလေးပါပဲ။ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ အခု နလုံးသွင်းတဲ့ စိတ်မျိုးပါပဲ။ ဥပမာ- ထွက်သက်ဝင်သက် နလုံးသွင်းမယ်ဆိုရင်ဖြင့် ထွက်သက်ဝင်သက်ကို စိတ်နဲ့ စိုက်လိုက်တော့ ထွက်သက်ဝင်သက်ဆီမှာ စိတ်ကလေး တည်နေတာပါပဲ။ သို့သော်လည်း ရိုးရိုး ထွက်သက်ဝင်သက် မဟုတ်

http://www.dhammadownload.com

ဘူး။ ပဋိဘာဂနိမိတ်တဲ့။ သူက ပကတိ ထွက်သက်ဝင်သက်ရဲ့ အလားတူဖြစ်တဲ့ အရောင်အဆင်းနှင့်တကွ နိမိတ်ကို အာရုံပြုပြီးတော့ စိတ်ကလေးတည်နေတာ ငြိမ်နေတာ၊ အဲဒါပါပဲ။ အဲဒီစိတ်ကလေးမှာ ဒီအာရုံလေးပေါ်အောင်လို့ ကြံစည်ပေးရတဲ့ ဝိတက်လည်းပါတယ်။ အာရုံလေးကို သုံးသပ်ဆင်ခြင်နေတဲ့ သဘောလေးလည်း ပါတယ်တဲ့။ အင်မတန် သိမ်မွေ့တဲ့ တရားတွေပါ။ ပြီးတော့ သူ့အာရုံလေးနဲ့သူ ကျေနပ်အားရပြီးတော့ ဝမ်းမြောက်ဝမ်းသာနေတဲ့ သဘောလေးလည်း ပါတယ်။ ပြီးတော့ စိတ်ချမ်းသာနေတဲ့ သဘောလေးလည်း ပါတယ်။ စူးစိုက်တည်ကြည်ပြီးတော့နေတဲ့ သမာဓိ သဘောလေးလည်း ပါတယ်။ ဒီငါးခုတဲ့၊ အဲဒီငါးခုဟာ တပေါင်းတည်း ဖြစ်နေတယ်တဲ့။

ဒါတင်မကပါဘူး။ ဒီပြင်တရားတွေလည်း အများကြီး ပါပါသေးတယ်။ ဈာန်စိတ်မှာ ယှဉ်တဲ့ စေတသိက်တရားပေါင်း ၃၅-ပါးရှိတယ်တဲ့။ အဲဒီထဲမှာ ကရုဏာတို့ မုဒိတာတို့ ပါတယ်။ သူတို့က ဈာန်တိုင်းမှာ မယှဉ်ပါဘူး။ ကရုဏာဈာန် နှလုံးသွင်းတဲ့အခါ ကရုဏာ ပါတယ်။ မုဒိတာ မပါဘူး၊ ၃၄-ပေါ့လေ။ ကြီးပွားချမ်းသာနေတဲ့သတ္တဝါတွေ အာရုံပြုပြီးတော့ ကြီးပွားမြဲ ကြီးပွားပါစေလို့ နှလုံးသွင်းတဲ့ဈာန်မှာဆိုရင် မုဒိတာ ပါတယ်။

http://www.dhammadownload.com

ကရုဏာ မပါဘူး။ သူလည်း ၃၄-ပဲ။ ၃၅-ခု တစ်ပြိုင်နက်က တော့ မယှဉ်နိုင်ဘူး။ ဒီပြင်စျာန်တွေကတော့ ကသိုဏ်း စျာန် တို့ အာနာပါန ထွက်သက်ဝင်သက် နှလုံးသွင်းတဲ့စျာန်တို့ ကျတော့ ၃၅-ထဲမှာ နှစ်ခုနုတ် ၃၃-ပဲ ရှိပါတယ်။ အခု ဝိပဿနာရှုတယ်ဆိုတာ ဒီတရားတွေ ရှုရမှာ။

(စိတ်တိုင်းနဲ့ယှဉ်တဲ့ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ။ အမျိုးမျိုးသောစိတ်တွေနဲ့ ပြုးပြွမ်းပြီး တော့ ယှဉ်တဲ့ ပကိဏ်းစေတသိက်က ၆-ပါး။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝီရိယ၊ ဆန္ဒ၊ အဓိမောက္ခ။ တင့်တယ်တဲ့ စိတ်တိုင်းနဲ့ ဆက်ဆံတဲ့ သောဘဏသာဓာရဏ စေတသိက် ၁၉-ပါး။ သဒ္ဓါ၊ သတိ၊ ဟိရီ၊ ဩတ္တပ္ပ၊ အလောဘ၊ အဒေါသ၊ တတြ မဇ္ဈတ္တတာ = ဥပေက္ခာ၊ ကာယ ပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ၊ ကာယ လဟုတာ၊ စိတ္တလဟုတာ၊ ကာယမုဒုတာ၊ စိတ္တမုဒုတာ၊ ကာယ ကမ္မညတာ၊ စိတ္တကမ္မညတာ၊ ကာယပါဂုညတာ၊ စိတ္တပါဂုညတာ၊ ကာယဥုကတာ၊ စိတ္တဥုကတာ။ ဉာဏ်နဲ့ယှဉ်တဲ့ ကုသိုလ်စိတ်ဆိုရင် အဓိမောဟ ၁-ပါး ထည့်ရဦးမယ်။ ၇+ ၆+ ၁၉+ ၁ = ပေါင်း ၃၃-ပါး။)

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမထေရ် ရှသော ပထမစျာန်၌ ပါဝင်သော တရား ၁၆-ပါး

အနုပဒဆိုတာ ပုဒ်တိုင်းပုဒ်တိုင်း ရှုရမှာ။ အဲဒီရှုပုံကို ဒီသုတ်က ဘယ်လောက်ထုတ်ပြ ထားသလဲဆိုတော့ ၁၆-ပါးပဲ ထုတ်ထားတယ်။ ဒီသုတ်မှာ ရှင်သာရိပုတ္တရာ ရှုပုံပဲ။ ဒီထက်တော့ ကောင်းစရာမရှိဘူး။

ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ယေ စ ပဌမေ စျာနေ ဓမ္မာ ဝိတက္ကော စ ဝိစာရော စ ပီတိ စ သုခဉ္စ စိတ္တေကဂ္ဂတာ စ ဖဿော ဝေဒနာ သညာ စေတနာ စိတ္တံ ဆန္ဒော အဓိမောက္ခော ဝီရိယံ သတိ ဥပေက္ခာ မနသိကာရော တျာသ ဓမ္မာ အနုပဒဝဝတ္ထိတာ ဟောန္တိ။ တျာသ ဓမ္မာ ဝိဒိတာ ဥပ္ပဇ္ဇန္တိ၊ တျာသ ဓမ္မာ ဝိဒိတာ ဥပဋ္ဌဟန္တိ၊ တျာသ ဓမ္မာ ဝိဒိတာ အဘ္ဘတ္ထံ ဂစ္ဆန္တိ။

ပထမစျာန်အင်္ဂါ ၅-ပါး

ပဌမေ စျာနေ- ပထမစျာန်၌၊ ယေ စ ဓမ္မာ- အကြင် တရားတို့သည်လည်း၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ပေါ်ကုန်၏။ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ပထမစျာန် ဝင်စားပြီးတော့နေတယ်။ ရှင်သာရိပုတ္တရာ ဝင်စားတဲ့စျာန်ထဲမှာ ပါတဲ့တရားတွေ ယေ စ

http://www.dhammadownload.com

မမှာ- အကြင်တရားတွေတဲ့။ အမည်အားဖြင့်တော့ ၁၆-ပါးရှိတယ်။ တရားကိုယ်အားဖြင့် ၁၅-ပါးပဲ ရှိပါတယ်။ (သုခနဲ့ ဝေဒနာ အမည်နှစ်မျိုးကွဲသော်လည်း တရားကိုယ်အားဖြင့် တူပါသည်။)

အဲဒီတရားတွေ ဝိတက္ကောစ- အာရုံကို ကြံစည်ခြင်းလက္ခဏာရှိသော ဝိတက်လည်းကောင်း၊ ဝိစာရောစ- အာရုံကို သုံးသပ်ဆင်ခြင်ခြင်းလက္ခဏာရှိသော ဝိစာရလည်းကောင်း၊ ပီတိစ- အာရုံကို နှစ်သိမ့်အားရခြင်းလက္ခဏာရှိသော ပီတိလည်းကောင်း၊ သုခံစ- ချမ်းသာခြင်းလက္ခဏာရှိသော သုခလည်းကောင်း၊ စိတ္တေကဂ္ဂတာစ- စိတ်၏တည်ကြည်ခြင်းလက္ခဏာရှိသော ဧကဂ္ဂတာလည်းကောင်း၊ စာန်အင်္ဂါ ၅-ပါး။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အဘိဓမ္မာမှာ ထုတ်ပြတယ်။

ဖဿပဉ္စမကတရား ၅-ပါး

ဒါတင်မကဘူးတဲ့၊ ဖဿော- အာရုံကိုတွေ့ထိသော ဖဿလည်းကောင်း၊ ဝေဒနာ- အာရုံကိုခံစားသော ဝေဒနာလည်းကောင်း၊ သညာ- အာရုံကိုမှတ်သားသော သညာလည်းကောင်း၊ စေတနာ- အာရုံ၌ စေ့ဆော်သော စေတနာလည်း

http://www.dhammadownload.com

ကောင်း။ စိတ္တံ- အာရုံကိုသိသော စိတ်လည်းကောင်း၊ ဤ ၅-ပါးသောတရား။ ဒီ ဝေဒနာတရားတစ်ခု အသစ်မဟုတ်ဘူး။ ဝေဒနာကတော့ သုခနဲ့ အတူတူပဲ။ မြတ်စွာဘုရား ဒေသနာတော်မှာ သူ့အစဉ်ရောက်လို့ရှိရင် ထပ်ပြီးတော့လည်း ဟောတာပဲ။ ခုန သုခကတော့ စျာန်အင်္ဂါအနေနဲ့ ထုတ်ပြတာ ၅-ခု။ အခု ဖဿ ခေါင်းဆောင်တဲ့တရား ၅-ခု။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ္တံ၊ ဖဿပဉ္စမက ခေါ်တယ်။ အဲဒီ ၅-ခု အစဉ်အတိုင်း ထုတ်ပြတာပဲ၊ လျှော့မထားဘူး။

ဖဿ။ ပထမစျာန်စိတ် ဖြစ်တယ်ဆိုတဲ့အခါကာလမှာ သူ့စျာန်အာရုံလေး စိတ်ထဲမှာ ထင်ထင်ပေါ်ပေါ် တွေ့ရဦးမှာကိုး။ အာရုံလေးမတွေ့ရင် ဘယ်ဖြစ်လိမ့်မတုံး၊ အခု ရွှေတိဂုံဘုရား နှလုံးသွင်းတယ်ဆို ဘုရားအာရုံ ပေါ်မှဖြစ်မှာ၊ မပေါ်လို့ ရှိရင် ဘုရားဆီမရောက်ဘဲနဲ့ တလွဲ ရောက်နေမှာ။ အာရုံ ပေါ်ရတယ်။ အာရုံလေး ပေါ်ပြီးတော့ ရောက်နေရတယ်။ ကိုယ်လုပ်နေကျ ကိုင်နေကျနေရာလေး နှလုံးသွင်းကြည့်စမ်းပါလား။ အင်မတန်ပေါ်တာပဲပဲ့။ ဒီဥစ္စာက ဖဿ။ သိပ် ပေါ်တယ်။ စိတ်ထဲ အာရုံလေးပေါ်လာတယ်။ စိတ်နဲ့ အာရုံနဲ့ တိုက်သွားသလိုပဲ။ တစ်ခါတည်း ထင်ထင်လင်းလင်း ပေါ်နေတယ်။

http://www.dhammadownload.com

ဝေဒနာ။ အဲဒီအာရုံလေး ခံစားတဲ့သဘော ဝေဒနာလည်းပါတယ်။ ဥပေက္ခာဝေဒနာက သိပ်မပေါ်ဘူး။ ဝမ်းသာစရာ နလုံးသွင်းလိုက်ရင်တော့ အဲဒါတော့ ပေါ်ပြီ။ ရှေ့လျှောက်ပြီးတော့ ကြီးပွားမယ့်အရေးတွေ၊ ကိုယ်ဖြစ်ချင်တဲ့ဟာတွေဆိုရင်တော့ သိပ်ဝမ်းသာစရာ ကောင်းတာပဲ။ ဒါကတော့ ပေါ်သွားပြီ။ သုခက ပေါ်သွားပြီ။ စိတ်ပျက်စရာဆိုရင်လည်း သိပ် ပေါ်ပါတယ်။ စိတ်ပျက်စရာနလုံးသွင်းလိုက်လို့ဆိုရင်ဖြင့် ရှေ့ရေးနောက်ရေးတွေ နောက်ကျရင် ဘာဖြစ်ဦးမယ်တဲ့ ဘယ်လိုတဲ့ ဘာတဲ့ဆိုတာ ကြားလိုက်ရရင် တစ်ခါတည်း စိတ်မချမ်းသာစရာ ဒုက္ခဝေဒနာတွေ ပေါ်လာတာ။

သညာတဲ့။ မှတ်သားမှုတဲ့၊ အာရုံလေးတစ်ခု ရလာလို့ ရှိရင် မှတ်တယ်။ သူက လိုက်ပြီးတော့ မှတ်နေတာပဲ။ မြင်ရတာလည်း မှတ်တာပဲ။ ကြားရတာလည်း မှတ်တာပဲ။ နောက်တစ်ခါ တွေ့လို့ရှိရင် ဘယ်သူပဲ ဘယ်ဝါပဲ သူက မှတ်မိနေတယ်။ သညာက ဒီလို မှတ်နေတာပဲ။ သညာနည်းနည်းညံ့တဲ့ပုဂ္ဂိုလ်က တယ်မမှတ်မိဘူး။ သညာကောင်းတဲ့ပုဂ္ဂိုလ်တွေက သိပ် မှတ်မိတယ်။

စေတနာတဲ့။ စေ့ဆော်မှုလေး၊ သူကလည်းပဲ အာရုံမှာ အဲဒီစိတ်မျိုး ဖြစ်အောင်လို့ တိုက်တွန်းပေးတဲ့သဘောတဲ့။

http://www.dhammadownload.com

ခေါင်းဆောင်ပေးတဲ့သဘော၊ စေတနာကလည်း ပါတယ်တဲ့။ အခု လက်တွေ့ ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက် ဒီလိုလုပ်တဲ့နေရာတွေမှာ စေတနာက အင်မတန် ထင်ရှားတယ်။ ကွေးလိုက် ဆန့်လိုက် ထိုင်လိုက် ထလိုက်နဲ့ ပြောနေသလိုပဲ။ ဟိုဟာလုပ်လိုက် ဒီဟာလုပ်လိုက်နဲ့ ပြောနေသလိုပဲ။

စိတ္တံ- စိတ်ဆိုတာကတော့ အားလုံး နားလည်နေကြပါပြီ။ စျာန်စိတ်။ ဒီက ၅-ခုပေါ့ လေ။

ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊

မနသိကာရ၊ ၆-ပါး

ဆန္ဒော- လိုလားရုံဖြစ်သော ဆန္ဒလည်းကောင်း၊ ဒါကတော့ လိုချင်တဲ့လောဘမျိုး မဟုတ်ဘူး၊ ဖြစ်ချင်ရုံ သာမည လေး၊ ဖြစ်လိုကာမျှလေး။ အဓိမောက္ခော- ဆုံးဖြတ်ခြင်း အဓိမောက္ခလည်းကောင်း၊ ဝီရိယံ- အားထုတ်ခြင်း ဝီရိယလည်းကောင်း၊ ဒီမှာ အားထုတ်မှုလေးလည်း ပါတယ်တဲ့။ စျာန်စိတ်ဆိုတာ အားမထုတ်ဘဲနဲ့ ဘယ်ဖြစ်လိမ့်မတုံး။ ဖြစ်တိုင်း ဖြစ်တိုင်း အားထုတ်မှုပါတယ်။ သတိ- အမှတ်ရမှုလေး ပါတယ်တဲ့။ ဒါက ဝိပဿနာအမှတ်မျိုးတော့ မဟုတ်ဘူး။ စျာန်အာရုံလေးကို အမှတ်ရတဲ့သဘောပဲ။ ဒီဥစ္စာကတော့ သိပ်တော့

http://www.dhammadownload.com

မထင်ရှားပါဘူး။ ဝိပဿနာမှာမှ သတိက ပိုပြီး ထင်ရှားတယ်။ စျာန်မှာတော့ သတိက သိပ်မထင်ရှားဘူး။ စျာန်အာရုံဆီကို ရောက်သွားတဲ့ သမာဓိနဲ့ ရောနေတယ်။

ဥပေက္ခာ- အညီအမျှရှိသော ဥပေက္ခာလည်းကောင်း၊ ဒါဟာ ဝေဒနာမဟုတ်ဘူး။ တတြမဇ္ဈတ္တတာဥပေက္ခာ ခေါ်တယ်။ သမ္ပယုတ်တရားတွေ ညီမျှစေတယ်။ တစ်ခုခု မလွန်စေရဘူးတဲ့။ စျာန်ဆိုတာက အရေးကြီးတယ်။ သာမည ကုသိုလ်စိတ်တွေမှာလည်းပဲ ဒီဥပေက္ခာဆိုတာ ပါပါတယ်။ သို့သော် မထင်ရှားဘူး။ တတြမဇ္ဈတ္တတာစေတသိက်လို့ ခေါ်တယ်။ စာထဲမှာတော့ တတြမဇ္ဈတ္တတာ- ထိုထိုအာရုံ ထိုထိုအရာ၌ အလယ်အလတ်ဖြစ်ခြင်းသဘောပဲ၊ အလယ်က ညီမျှတယ်။ ဒီဘက်လည်းမလွန် ဟိုဘက်လည်း မလွန်ရဘူး။ သမ္ပယုတ်တရားတွေ တစ်ခုခုက သိပ်လွန်ကဲပြီးမဖြစ်အောင်လို့ သူက အလယ်ကနေပြီး ညီမျှပြီးတော့ ပေးနေတယ်။ ဒါပေမယ်လို့လည်း လွန်ကဲတာတွေတော့ ရှိတာပါပဲ။ တတြမဇ္ဈတ္တတာက အားကောင်းတဲ့အခါကာလမှာ ညီမျှတယ်။ အားမကောင်းတဲ့အခါကာလမှာ မညီမျှဘူး။ တစ်ခုခုကနေ လွန်ကဲနေတာပါပဲ။ လွန်ကဲနေတဲ့အခါကာလတွေမှာ စျာန်စိတ်တွေ မဖြစ်ဘူး၊ မဂ်ဖိုလ်တွေ မဖြစ်ဘူး။ သူက ညီမျှမှ ဖြစ်တာ၊ ဝိပဿနာ

http://www.dhammadownload.com

တောင်မှ မညီမျှတဲ့အခါ မဖြစ်ဘူး။ ညီမျှမှ ဖြစ်တာ၊ ညီမျှမှ အားကောင်းကောင်းဖြစ်တာ။ ဒါကြောင့် တတြမဇ္ဈတ္တာတာ ခေါ်တဲ့ ဥပေက္ခာက အရေးကြီးတယ်။ သမဝါဟိတ လက္ခဏာ သမ္မယုတ်တရားတွေကို အညီအမျှဆောင်ခြင်း၊ အညီအမျှ ဖြစ်စေခြင်းလက္ခဏာ ရှိတယ်တဲ့၊ ညီမျှစေတယ်။ သူက မျှပေးတာတဲ့။

မနသိကာရော- နှလုံးသွင်းခြင်းတရားတဲ့။ အာရုံကို စိတ်ရောက်အောင်လို့ နှလုံးသွင်းပေးတဲ့တရား၊ ဒါလေးလည်း ပါတယ်တဲ့။ ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ၊ ၆-ပါး၊ စျာန်အင်္ဂါ ၅-ပါး၊ ဖဿ ခေါင်းဆောင်တဲ့ တရား ၅-ပါး၊ အားလုံး ၁၆-ပါး ရှိတယ်။

ကတိ- ဤသို့၊ ယေ စ ဓမ္မာ- အကြင် ၁၆-ပါးသော တရားတို့သည်လည်း၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ကုန်၏။ တေ ဓမ္မာ- ထို ၁၆-ပါးသောတရားတို့ကို၊ အဿ- ထိုသာရိပုတ္တရာသည်၊ အနုပဒဝဝတ္ထိတာ- အစဉ်အတိုင်း ပိုင်းခြားအပ်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ ၁၆-ပါးသော တရားတွေကို အစဉ် အတိုင်း ပိုင်းခြားပြီးတော့ သိသွားတယ်တဲ့။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ စျာန်အင်္ဂါ ၅-ပါး။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် ဖဿပဉ္စမကတရား ၅-ပါး။ ဆန္ဒ၊

http://www.dhammadownload.com

အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ ၆-ပါး။ အဲဒီ ၁၆-ပါးသော တရားတွေကို အစဉ်အတိုင်းသိသွားတယ်တဲ့။ စျာန်ဝင်စားလိုက်၊ စျာန်ဝင်စားပြီး စျာန်ကထတဲ့အခါမှာ ရှုတာ၊ စျာန်အတွင်းမှာ ရှုလို့မဖြစ်ဘူး။ ခုနက ကသိုဏ်း အာရုံပြုနေတယ်ဆိုရင် ကသိုဏ်းပဲ။ ဒီပြင် ဘာစိတ်မှမဖြစ်ဘူး။ ဘယ် အာရုံမှ မရောက်ဘူး။ ဒီ တစ်အာရုံတည်းပဲ။ ထွက်သက် ဝင်သက် ပဋိဘာဂနိမိတ်အာရုံပြုနေလည်း ပဋိဘာဂနိမိတ် အရောင်အလင်းနဲ့တကွ ထွက်သက်ဝင်သက်တွေ ထွက်လိုက် ဝင်လိုက်၊ အဲဒီပေါ်မှာ စိတ်ကလေးတည်ပြီးတော့ နေတယ်။ အဲဒီ စျာန်စိတ်လေး ရပ်သွားပါပြီဆိုတော့မှ ဒီစျာန်စိတ်ကို ပြန်ပြီးတော့ ရှုတာကိုး။ ပြန်ပြီးရှုတဲ့အခါ ကာလဝိတက်ရှု၊ ဝိတက်ရှုပြီးရင် ဝိစာရရှု၊ ဝိစာရရှုပြီးရင် ပီတိရှု၊ အစဉ်အတိုင်း ဒီလို ရှုသွားတာကိုး။

ပဌမေ စျာနေ- ပထမစျာန်၌၊ ဝိတက္ကောစ- ဝိတက်လည်းကောင်း၊ ဝိစာရောစ- ဝိစာရလည်းကောင်း၊ ပီတိစ- ပီတိလည်းကောင်း၊ သုခံစ- သုခလည်းကောင်း၊ စိတ္တေကဂ္ဂတာစ- ဧကဂ္ဂတာလည်းကောင်း၊ ဖဿောစ- ဖဿလည်းကောင်း၊ ဝေဒနာစ- ဝေဒနာလည်းကောင်း၊ သညာစ- သညာလည်းကောင်း၊ စေတနာစ- စေတနာလည်းကောင်း၊ စိတ္တံစ-

http://www.dhammadownload.com

စိတ်လည်းကောင်း၊ ဆန္ဒောစ- ဆန္ဒလည်းကောင်း၊ အဓိမောက္ခောစ- အဓိမောက္ခလည်းကောင်း၊ ဝီရိယံစ- ဝီရိယလည်းကောင်း၊ ပီတိစ- ပီတိလည်းကောင်း၊ ဥပေက္ခာစ- ဥပေက္ခာလည်းကောင်း၊ မနသိကာရောစ- နှလုံးသွင်းခြင်း မနသိကာရလည်းကောင်း၊ ကတိ- ဤသို့၊ ယေ စ ဓမ္မာ- ဤ ၁၆-ပါးသောတရားတို့သည်လည်း၊ ဥပ္ပဇ္ဇန္တိ- ပါဝင်လျက် ဖြစ်ပေါ်ကြကုန်၏။

တေဓမ္မာ- ထို ၁၆-ပါးသောတရားတို့ကို၊ အာသ- ထို သာရိပုတ္တရာသည်၊ (မြတ်စွာဘုရားကပြောတာမို့ "အရှင်" ထည့်လို့ မဖြစ်ဘူး၊ ဘုန်းကြီးများကသာ အရှင်နဲ့ ရှိရှိသေသေ ပြောရတာ) အနုပဒဝဝတ္တိတာ- အစဉ်အတိုင်း ပိုင်းခြားကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။ အစဉ်အတိုင်း ပိုင်းခြားတယ်ဆိုတာ နာမရူပ ပရိစ္ဆေဒသဘော၊ နာမ်ရုပ်ကို ပိုင်းခြားတဲ့သဘော၊ နာမ်တရားတွေပဲ အစဉ်အတိုင်း ပိုင်းခြားပြီးတော့ သိသွားတယ်တဲ့။ အခု ဝိပဿနာတရား ရှုတဲ့အခါကာလ စိတ်တရားတွေဖြစ်တဲ့အခါ စိတ်တွေလိုက်ရှုရတာကိုး။ စိတ်တွေ ပိုင်းခြားလိုက်ရတာ စိတ်ကလေးဖြစ်ရင် ဖြစ်တာလေးရှု၊ ဝေဒနာဖြစ်ရင် ဖြစ်တာလေးရှု၊ ဒီလို ရှုရတာတာပါပဲ။ သဘောတရားလေးကို ဖြစ်တဲ့အတိုင်း နောက်ကတကောက်ကောက်

http://www.dhammadownload.com

လိုက်ရှုပြီး ပိုင်းခြားနေတာ။ အခုလည်းပဲ စာန်စိတ်ကလေး ဖြစ်တဲ့အခါကာလမှာ အဲဒီစာန်စိတ်ကို ရှုတာပဲ။ စာန်စိတ်ထဲ ပါဝင်တဲ့ ၁၆-ပါးသောတရားတွေကို ရှင်သာရိပုတ္တရာက ပိုင်းခြားပြီး ရှုသွားနိုင်ပါတယ်တဲ့။ ဘယ့်နယ်လုပ်ပြီးတော့ ရှုတုံးဆိုတော့-

ထေရော ဟိ တေ ဓမ္မေ သြလောကေန္တော အာရမ္မဏာဘိနိရောပနလက္ခဏော ဝိတက္ကော ဝတ္တတိတိ ပဇာနာတိ။ ထေရော- ရှင်သာရိပုတ္တရာမထေရ်သည်၊ တေ ဓမ္မေ- ထို ၁၆-ပါးသောတရားတို့ကို၊ သြလောကေန္တော- ကြည့်ရှုသည်ရှိသော်၊ အဲဒီ ၁၆-ပါးသော တရားတွေကို ဉာဏ်နဲ့ ရှုလိုက်တဲ့အခါကာလ၊ အာရမ္မဏာဘိနိရောပန လက္ခဏော- အာရုံသို့ ရှေးရှုတင်ပေးခြင်းလက္ခဏာရှိသော၊ ဝိတက္ကော- ကြံစည်မှုဝိတက်သည်၊ ဝတ္တတိ- ဖြစ်၏။ ဣတိ- ဤသို့၊ ပဇာနာတိ- သိ၏တဲ့။ ဝိတက်ကလေးဖြစ်သွားတာကိုး။ ကြံစည်မှုကလေး ဖြစ်သွားတာ။ ကသိုဏ်းအာရုံ အာနာပါန ထွက်သက်ဝင်သက်အာရုံကို သမ္မယုတ်တရားတွေ ရောက်အောင်လို့ တင်ပေးတဲ့သဘောဆိုတာ အာရုံဆီကို စိတ်ကလေး ရှေးဦးစွာ တက်သွားတဲ့ သဘောပဲ။ အခု ဝိပဿနာရှုနေတဲ့အခါကာလ စိတ်ကလေးဟာ အာရုံဆီကို လှမ်းလှမ်းပြီး တက်သွားသလိုပဲ၊

http://www.dhammadownload.com

အာရုံဆီကိုရောက်ရောက်ပြီးတော့ သွားတဲ့သဘော ရှိတယ်။ အဲဒါ ဝိတက်ပဲ။ ကြံစည်တယ်ဆိုတာ သူပဲ။ အာရုံဆီကို ရှေးဦးစွာတက်သွားတော့ သူနဲ့တွဲပြီးတော့ဖြစ်တဲ့ တရားတွေ ကလည်း အတူတူ ပါသွားတာပေါ့။ ဝမ်းသာစရာဖြစ်တဲ့ အာရုံဆို ဝမ်းသာတာလည်း ပါသွားတာပေါ့။ စိတ်ပျက်စရာ အာရုံဆိုလည်း စိတ်ပျက်တာ ပါသွားတာပေါ့။ လောဘဖြစ်စရာ အာရုံဆိုရင်လည်း လောဘလည်း ဖြစ်တော့တာပဲ။ ဒေါသဖြစ်စရာ အာရုံဆိုရင် ဒေါသကလည်း ဖြစ်တော့တာပဲ။

ဒါကြောင့် ကြံစည်မှု ဝိတက်ကလေးဟာ သမွယုတ် တရားတွေကို အာရုံပေါ်ကို တင်ပေးခြင်း လက္ခဏာရှိတယ်။ အာရုံဆီကို ရှေးဦးစွာတက်သွားတယ်၊ ကြံတဲ့သဘောလေး ဖြစ်သွားတာပဲဆိုတာ အဲဒီလိုသိပါတယ်တဲ့။ ဒါ ဝိတက်ကို ပိုင်းခြားပြီးတော့ သိတာတဲ့။ နာမ ပရိစ္ဆေဒဖြစ်တာပေါ့လေ။

အာရမ္မဏ အနုမဇ္ဇန လက္ခဏော- အာရုံကို သုံးသပ် ဆင်ခြင်ခြင်း လက္ခဏာရှိသော၊ ဝိစာရော- ဝိစာရသည်၊ ဝတ္တတိ- ဖြစ်၏။ ကုတိ- ဤသို့၊ ပဇာနာတိ- သိ၏။ အာရုံကို သုံးသပ်ဆင်ခြင်တဲ့ သဘောလေး။ သုံးသပ်ဆင်ခြင်တယ် ဆိုတာ ထပ်ခါထပ်ခါ ပြန်ကြည့်ပြန်ကြည့် လုပ်နေတာ။ သုံးသပ်

http://www.dhammadownload.com

ဆင်ခြင်တဲ့သဘောလေးလည်း ဒီလိုဖြစ်သွားတာပဲလို့ဆိုတာသူ သိတယ်တဲ့။

သမ္မိယာယန လက္ခဏာ- နစ်သိမ့်ခြင်းလက္ခဏာ ရှိသော၊ ပီတိ ဝတ္ထုတိတိ ကိုတိ ပဏာတိ။ နစ်သိမ့်ခြင်းလက္ခဏာရှိတဲ့ နစ်သိမ့်တဲ့သဘော၊ ဝမ်းမြောက်တဲ့သဘောလေး၊ ဒါလေးလည်း ပါတာပဲလို့ သိသွားတယ်။

သာတ လက္ခဏံ- သာယာဖွယ် သဘောရှိသော၊ သုခံ- သုခသည်၊ ဝတ္ထုတိ- ဖြစ်၏။ ကိုတိ- ဤသို့၊ ပဏာတိ- သိ၏။ သာယာဖွယ်သဘောလေး ဖြစ်သွားတယ်။

စိတ်တည်ကြည်မှု သဘောလေးလည်း ဖြစ်သွားတယ်။ ဒီလိုလည်း သိတယ်။

နောက်ပြီးတော့ ဖဿ- အာရုံနဲ့စိတ်နဲ့လည်း တွေ့သွားတယ်၊ ဝေဒနာ- ခံစားမှုလေးလည်း ဖြစ်သွားတယ်။ ခုနဝမ်းသာပြီးတော့ ခံစားမှုကလေးပါပဲ။ သညာ- မှတ်သားမှု၊ စေတနာ- စေ့ဆော်မှုလေး၊ စိတ်- အာရုံကိုသိမှုလေး၊ ဒါလေးလည်း ဖြစ်သွားတယ်။ ဆန္ဒ- လိုလားမှုလေး၊ အဓိမောက္ခ- ဆုံးဖြတ်မှု၊ ဝီရိယ- အားထုတ်မှု၊ သတိ- အမှတ်ရမှု၊ ဥပေက္ခာ- အညီအမျှရှိမှု၊ မနသိကာရ- နလုံးသွင်းမှု၊ ရှင်သာရိပုတ္တရာကအဲဒါတွေ အစဉ်အတိုင်း သိသွားပါတယ်တဲ့။ ဒါဟာ နာမ

http://www.dhammadownload.com

ပရိစ္ဆေဒပေါ့လေ၊ နာမ်ကို ပိုင်းခြားသိတာတဲ့။ ဒါ ၁၆-ပါးသော တရား။ မှတ်မိအောင် ဆိုကြဦးစို့။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။

ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်။

ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဉပေက္ခာ၊ မနသိကာရ။

ပထမစျာန်၌ပါဝင်သော ဤ ၁၆-ပါးသော တရားတို့ကို ပိုင်းခြား၍သိသည်။

အဲဒါပါပဲ။ ၁၆-ပါးသောတရားတွေကို လွယ်လွယ် ကူကူ မှတ်ရအောင်လို့ ဒါလေး မှတ်ထား။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။ စျာန်အင်္ဂါတရား ၅-ပါး။ နောက် ဖဿပဉ္စမကတရား ၅-ပါး။ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်။ အထူးမှတ်ရတာတော့ တရား ၆-ပါး။ ဘုန်းကြီးကလည်း ဂရုစိုက်ရတယ်၊ ဒါတွေက တော်ကြာ တစ်ခုတစ်ခု မေ့နေတတ်တယ်။ နှစ်ခု တစ်စုံ မှတ်ထားရတယ်။ ဆန္ဒ အဓိမောက္ခ၊ ဝီရိယ သတိ၊ ဉပေက္ခာ မနသိကာရ၊ အဲဒီ ၁၆-ပါးသောတရားတွေကို ရှင်သာရိပုတ္တရာက ရှုတယ်တဲ့။ ပိုင်းခြားပြီး သိသွားတယ်တဲ့။

http://www.dhammadownload.com

စေတသိက်တွေ သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇-ခုရှိတယ်။ ပကိဏ်းစေတသိက် ၆-ခုရှိတယ်။ ပြီးတော့ သောဘနသာဓာရဏာစေတသိက် ၁၉-ခုရှိတယ်။ အမောဟက ၁-ခု။ ကရုဏာနဲ့ မုဒိတာ နှစ်ခု။ ပေါင်းလိုက်တော့ ၃၅-ပေါ့။ ဈာန်စိတ်မှာ ၃၅-ပါးသောတရားတွေ ယှဉ်နိုင်တယ်။ အခုဟာက ကရုဏာ မုဒိတာဈာန် ဟုတ်ချင်မှဟုတ်မှာ၊ အဲဒီတော့ ၃၃-ပါး ရှိတယ်။ စိတ်ကိုပါ ထည့်လိုက်မယ်ဆိုရင် ၃၄-ပါးရှိတယ်။ ဒီတရားတွေပေါင်းပြီးတော့ ဖြစ်တယ်။ ဈာန်စိတ်ဖြစ်တယ် ဆိုရင် ၃၄-ပါးတရားပဲ။ ဒီထက်နည်းလို့ မဖြစ်ဘူး။ အဲဒီ ၃၄-ပါး တရားတွေဖြစ်ပါလျက်နဲ့ ရှင်သာရိပုတ္တရာ ဝိပဿနာရှုတဲ့ အခါကာလ ၁၆-ပါး ရှုတယ်။ ၁၆-ပါး ထဲမှာလည်းပဲ ဝေဒနာနဲ့သုခက တူတော့ ၁၅-ပါးပဲ ရှိတယ်။

၁၅-ပါးပဲရှုတယ်ဆိုတော့ တရားတွေကျန်နေသလို ဖြစ်နေတာပေါ့။ ဒါပေမယ်လို့ ဒီထက် ရှုဖို့ရာတော့ မလိုဘူး။ ရှင်သာရိပုတ္တရာရဲ့ ဝိပဿနာဟာ အသေးစိတ် အနုစိတ် အကောင်းဆုံးပဲ။ အဲဒီ ၁၅-ပါးသော တရားတွေရှုရာ ဒ့ဳပြင် သူနဲ့တွဲလျက်တရားတွေ ပါသွားတယ်လို့ ဆိုရမှာပါပဲ။ ဒါကြောင့် ဒီ ၁၆-ပါးသောတရားတွေ ထင်ရှားရာကနေပြီး ရှုရတာပေါ့။ ဘုန်းကြီးက နာမ်ခန္ဓာ လေးပါးနဲ့စပ်ပြီးတော့ ကြိုး

http://www.dhammadownload.com

လေးချောင်း ဥပမာပေးတယ်။ ကြိုးလေးချောင်း စုပြီးတော့ ချည်ထားတယ်။ အခုတော့ ကြိုးတွေ ၃၃-ချောင်းပဲ ထားပါတော့။ ကြိုးတစ်ချောင်းက အပေါ်မှာ ပေါ်နေတယ်၊ ဒီပြင်ကြိုးတွေက ရေအောက်မှာမြုပ်နေတယ်။ ပေါ်နေတဲ့ကြိုးလေးဆွဲလိုက်လို့ရှိရင် ဒီပြင်ကြိုးတွေလည်း အကုန်ပါလာတော့တာပဲ။ အဲဒီလိုပါပဲ တပေါင်းတည်း ဖြစ်တဲ့တရားတွေ တစ်ခုရှလို့ရှိရင် ပြီးပါတယ်။ မရှလို့ရှိရင်တော့ အဲဒီပေါ်နေတဲ့ တရားလေး တစ်ခုကိုပဲ နိစ္စ သုခ အတ္တ အနေနဲ့ စွဲလမ်းသွားမှာ။ မပေါ်တဲ့ တရားတွေတော့ သိမှမသိပဲ။ မစွဲလမ်းပါဘူး။

အဲဒါလိုပဲ မထင်ရှားတဲ့တရားတွေ အကြောင်းပြုပြီးတော့ နိစ္စ သုခ အတ္တ အစွဲအလမ်းတွေ မဖြစ်ဘူး။ ထင်ရှားရာကနေ စွဲလမ်းတာ။ ထင်ရှားရာကနေ စွဲလမ်းတော့ အဲဒီစွဲလမ်းမယ့် ထင်ရှားတဲ့တရားကို အနိစ္စ ဒုက္ခ အနတ္တ အမှန်အတိုင်း မြင်သွားဖို့လိုတယ်။ မြင်သွားလို့ရှိရင်တော့ မထင်ရှားတဲ့ တရားတွေရော ထင်ရှားတဲ့တရားတွေပါ ဘာမှမစွဲလမ်းတော့ဘူး။ အစွဲအလမ်း ကိလေသာတွေ အကုန်လုံး ကင်းပြီးတော့သွားတယ်။ ဒါကြောင့်မို့ ထင်ရှားတဲ့တရားတွေ ရှဖို့ရာလိုပါတယ်။ ၁၆-ပါးသော တရားတွေကို ပိုင်းခြားပြီးတော့ သိတယ်တဲ့။

http://www.dhammadownload.com

ပိုင်းခြားသိပြီးတဲ့နောက် တျာဿ ဓမ္မာ အနပဒဝဝတ္တိတာ ဟောန္တိ။ တျာဿ ဓမ္မာ ဝိဒိတာ ဥပ္ပဇ္ဇန္တိ ဝိဒိတာ ဥပဋ္ဌဟန္တိ ဝိဒိတာ အဗ္ဘတ္ထံ ဂစ္ဆန္တိ။ တေ ဓမ္မာ- ထိုဝ၆-ပါးသောတရားတို့သည်၊ အဿ- ထိုသာရိပုတ္တရာအား၊ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ပေါ်ကုန်၏၊ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ ဥပဋ္ဌဟန္တိ- တည်ကုန်၏၊ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ အဗ္ဘတ္ထံ ဂစ္ဆန္တိ- ချုပ်ပျောက်ခြင်းသို့ ရောက်ကြလေကုန်၏။

၁၆-ပါးသောတရားတွေရဲ့ စ၊ လယ်၊ ဆုံး အကုန်လုံးသိတယ်

၁၆-ပါးသောတရားတွေကို ရှုတဲ့အခါကာလမှာ ဖြစ်စလေးလည်း သိတယ်တဲ့၊ တည်နေတဲ့ အလယ်ပိုင်းလည်း သိတယ်တဲ့၊ နောက် ချုပ်သွားတာ ပျောက်သွားတာလည်း သိတယ်တဲ့။ စလယ်ဆုံး အကုန်လုံးသိတယ်လို့ ဆိုလိုတယ်။ ဒါ သိရမှာ။ ဝိပဿနာက ဒီလိုသိရတယ်။ ဒီလိုမသိလို့ရှိရင် ဝိပဿနာ မဖြစ်ဘူး။ ဈာန်ဝင်စားတဲ့အချိန်တုန်းက ဝိပဿနာရှုတဲ့စိတ် မဖြစ်သေးဘူး။ ဝိပဿနာရှုတဲ့အချိန်ကျတော့ ဈာန်စိတ် မရှိတော့ဘူး။

http://www.dhammadownload.com

ဝိပဿနာရှုတဲ့စိတ်က စျာန်စိတ်ကလေး ဖြစ်လာတာလည်းသိတယ်။ တည်ဆဲလည်း သိတယ်။ ပျက်ဆဲလည်း သိတယ်လို့ ဒီလိုဟောတာ။ ဘယ်လိုလုပ်ပြီး သိတာလည်း ဆိုတော့ မေးစရာရှိတယ်။ စျာန်စိတ်နဲ့ ရှုတဲ့စိတ်နဲ့ တစ်ပြိုင်နက် ဒီလိုယှဉ်ပြီးတော့ ဖြစ်လို့လား မေးစရာရှိတယ်၊ ဒီလို မဖြစ်ဘူး။ စျာန်စိတ်က သူ့ဟာသူပဲ ပြန်ပြီးတော့ သိသွားတာလား၊ ဒီလိုလည်း မဖြစ်ဘူး။ ထိုစျာန်သည်ပင် ထိုစျာန်ကို ပြန်ပြီးတော့ သိတာလည်း မဖြစ်ပါဘူးတဲ့။ စျာန်စိတ်နဲ့ ဝိပဿနာရှုတဲ့စိတ်နဲ့ တစ်ပြိုင်နက်ဖြစ်တယ်လို့လည်း ယူလို့ မဖြစ်ဘူးတဲ့။ တစ်ပြိုင်နက်တည်း မဖြစ်ပါဘူးတဲ့။ ဘယ်လိုဖြစ်တုံးဆိုတော့ စျာန်စိတ်ဆုံးသွားမှ ဝိပဿနာစိတ်က ဖြစ်တာတဲ့။ စျာန်စိတ်ကလေး ဖြစ်ဆဲလည်းသိတယ်၊ တည်ဆဲလည်း သိတယ်၊ ပျက်ဆဲလည်းသိတယ်ဆိုတော့ ဘယ်နယ့်လုပ် သိတာတုံးဆိုတော့ ဒါက အဲဒီစျာန်ရဲ့ အာရုံ၊ အာရုံဆိုတဲ့ တည်ရာကို ရှင်သာရိပုတ္တရာက သိထားပြီးပြီတဲ့။ ဒါကြောင့်မို့ ပြန်ရှုလိုက်တဲ့အခါကာလ အာရုံကနေ ပေါ်လာတာကိုး။ အခုလည်းပဲ ဒီလိုပဲ။ အာရုံကနေ ပေါ်လာတယ်။ နာမ်တရားတွေဆိုတာ အာရုံမရှိရင် မပေါ်ဘူး။ အာရုံရှိမှ ပေါ်တာ။

http://www.dhammadownload.com

ဈာန်ဝင်စားတဲ့အခါကာလမှာ ဈာန်၏အာရုံကလေးက ရှိနေတော့ ဈာန်၏အာရုံလေးနဲ့ အဲဒီအာရုံဆီကို တက်သွားတဲ့ ဝိတက်၊ အာရုံကို သုံးသပ်ဆင်ခြင်တဲ့ ဝိစာရ၊ စသည်ဖြင့် ဒီတရားတွေ အကုန်လုံး လိုက်ပေါ်လာတာတဲ့။ ဒီတော့ အစဖြစ်ပေါ်မှုလည်း ထင်ရှားတာပဲတဲ့။ အလယ်ပိုင်း တည်မှုလည်း ထင်ရှားတာပဲတဲ့။ နောက်ဆုံး ပျက်သွားတာလည်းပဲ ထင်ရှားတာပဲတဲ့။ အခု တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေလည်း ဒီလိုပဲ အထူးအားဖြင့်တော့ သမ္မသနဉာဏ်မှာ ပိုပြီး ပေါ်တတ်တယ်။ အဲဒီမှာ အစလည်း ထင်ရှားတယ်။ အလယ်လည်း ထင်ရှားတယ်။ အဆုံးလည်း ထင်ရှားတယ်။ မှတ်ရတာလေးတွေ အစပေါ်လာလိုက် ခဏလေးတည်နေလိုက် တော်ကြာတော့ ဆုံးသွားလိုက်၊ ဒီလို အစ အလယ် အဆုံး အကုန်လုံး ထင်ရှားတယ်။

၁၆-ပါးသောတရားတို့သည် မရှိကုန်ပဲ ဖြစ်ပေါ်လာကုန်၏။

ဖြစ်ပေါ်ကုန်ပြီး၍ ချုပ်ပျောက်သွားလေကုန်၏။

သော ဇဝံ ပဇာနာတိ ဇဝံ ကိရမေ ဓမ္မာ အဟုတ္ဝာ သမ္ဘဝန္တိ ဟုတ္ဝာ ပဋိဝေန္တိတိ။ သော တေသု ဓမ္မေသု အနုပါယော အနုပါယော အနိသိတော အပ္ပဋိဗဒ္ဓါ

http://www.dhammadownload.com

ဝိပွမုတ္တော ဝိသံယုတ္တော ဝိမရိယာဒီကတေန စေတသာ ဝိဟရတိ။

သော- ထို သာရိပုတ္တရာသည်၊ ဧဝံ- ဤသို့၊ ပဇာနာတိ- သိလေ၏။ ကုမေ မမွာ- ဤ ၁၆-ပါးသောတရားတို့သည်၊ ဧဝံ ကိရ- ဤသို့သာလျှင်၊ အဟုတွာ- မရှိကုန်ပဲ၊ သမ္ဘဝန္တိ- ဖြစ်ပေါ်လာကုန်၏။ ဟုတွာ- ရှိကုန် ဖြစ်ပေါ်ကုန်ပြီး၍၊ ပဋိဝေန္တိ- ချုပ်ပျောက်သွားလေကုန်၏။ ကုတိ- ဤသို့၊ ပဇာနာတိ- သိလေ၏။

အဲဒီတော့ အစ အလယ် အဆုံးလေးတွေ ရှုတိုင်း ရှုတိုင်း စပေါ်လာလိုက်၊ သိလိုက်၊ ပျောက်သွားလိုက်၊ စပေါ်လာလိုက်၊ သိလိုက်၊ ပျောက်သွားလိုက်၊ ပြီးတော့ ဒီတရားတွေဟာ အရင်ကမရှိသေးဘဲနဲ့ အခုမှအသစ်ဖြစ်လာတာပဲလို့ ဒီလိုလည်းသိတယ်။ ဖြစ်ပြီးတော့ ပျောက်သွားတာပဲ ဒီလိုလည်းသိတယ်။ အဲဒီ ဝိတက်အစရှိသော ဈာန်စိတ်တရားတွေဟာ စောစောက မရှိသေးဘူး။ အခု ဖြစ်ပေါ်လာတယ်၊ ဖြစ်ပေါ်ပြီးတော့ နောက် ပျောက်သွားတယ်။ မရှိပြန်ဘူး။ အဲဒီလို အစနဲ့ အဆုံးနဲ့ ဖြစ်ပေါ်ပြီး ပျောက်သွားတဲ့တရားတွေပဲ။ ဒါဖြင့်ရင် အနိစ္စ လက္ခဏာ ဒုက္ခလက္ခဏာတွေကို ပြခဲ့တာ၊ အနိစ္စ ဒုက္ခ အနတ္တရယ်လို့တော့ ဒီမှာ တိုက်ရိုက် မဟောဘူး။

http://www.dhammadownload.com

အဟုတ္တာ- မရှိကုန်မူ၍၊ အစတုန်းက မရှိသေးဘဲနဲ့၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ပေါ်လာကုန်၏။ မရှိဘဲနဲ့ ဖြစ်ပေါ်လာတာပဲ။ အစက ဘာမှမရှိသေးဘဲနဲ့ အသစ်ဖြစ်လာတာပဲ။ ပကတိပုဂ္ဂိုလ်တွေက အရင်ကတည်းက ရှိနေတယ်လို့ ထင်နေတာ။ ငယ်ငယ်ကတည်းက အခုထက်ထိ ဒီရုပ်ကိုယ်ပဲ အောက်မေ့တာပဲ။ တကိုယ်တည်း တည်နေတယ်လို့ ထင်တယ်။ စိတ်ဟာလည်း ငယ်ငယ်ကတည်းက ရှိနေတဲ့စိတ်။ အဲဒီစိတ်ကပဲ အခု မြင်လိုက် ကြားလိုက် စဉ်းစားလိုက် ဒီစိတ်ပဲလို့ အောက်မေ့နေတာ။ အသစ်ဖြစ်တယ်လို့ မထင်ဘူး။

အခု ရှင်သာရိပုတ္တရာ ဝိပဿနာစိတ်က အစက မရှိသေးဘဲနဲ့ ဖြစ်လာတယ်ဆိုတာလည်း သိတယ်။ ဖြစ်ပြီးတော့ တော်ကြာပျောက်သွားပြန်ပြီ၊ မရှိတော့ဘူးဆိုတာလည်း သိတယ်တဲ့။ ဒီတော့ အနိစ္စပေါ့။ ဟုတ္တာ အဘာဝတော အနိစ္စာ။ ဟုတ္တာ- ဖြစ်ပေါ်ပြီး၊ အဘာဝတော- မရှိသောကြောင့်၊ အနိစ္စာ- မမြဲသောတရားဆိုတာ၊ ဇဝံ ကိရ- ဤသို့ပင်လျှင် ဖြစ်၏။ ဤသို့ပင်လျှင် ဇကန်တည်းတဲ့။ မုချအနက်ပေးမှပဲ။ (နှစ်မသက်ကား တဆင့်ကြား ထားလေ ကိရသာ- ဟူသော နိယံအရ ကိရသဒ္ဒါကို အရုစိယတ္ထ အနုဿဝနတ္ထ ပေးရိုးရှိသော်လည်း ဤနေရာ၌ ဇဝကာရတ္ထ = ဇဝသဒ္ဒါ၏အနက်

http://www.dhammadownload.com

မုချပေးရမည်ဟုဆိုလိုသည်။ ဇဝကာရတွေ့ကိရ သဒ္ဒါ ဒဋ္ဌတွော ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာနှင့်ညီ၏။ - တည်းဖြတ်သူ၏မှတ်ချက်) အဟုတွာ- မရှိကုန်သေးဘဲ၊ သမ္ဘဝန္တိ- ဖြစ်ပေါ်လာကုန်၏။ ဟုတွာ- ဖြစ်ပေါ်ကုန်ပြီး၍၊ ပဋိဝေန္တိ- ပျောက်ပြယ်သွားကုန်၏။ ဣတိ- ဤသို့၊ ပဇာနာတိ- သိ၏။ အစကမရှိသေးဘဲနဲ့ ဒီဟာတွေ ဖြစ်လာတာ ဝိတက် အစရှိသော တရားတွေ ဖြစ်လာတာပဲ၊ ဖြစ်ပြီးတော့လည်း ပျောက်သွားတာပဲ မမြဲတဲ့တရားတွေပဲလို့ သိပါတယ်။

သော- ထို သာရိပုတ္တရာသည်၊ တေသု ဓမ္မေသု- ထို တရားတို့၌၊ အနုပါယော- မကပ်ငြိသည်ဖြစ်၍၊ အနုပါယော- မဖဲ့ခွာသည်ဖြစ်၍၊ ဖြစ်ပြီး ပျောက်သွားတဲ့တရားပဲလို့ သိနေတော့ ဒီတရားတွေမှာ သာယာမှုနဲ့လည်း မကပ်ငြိပါဘူးတဲ့။ နှိမ့်ရင်ဖြင့် ဒီစျာန်တွေဆိုတာ တရားထူးတွေပဲ။ အင်မတန်ကောင်းနေတာပဲ။ ဒါလေး သာယာနေမှာ။ အခု သာယာမှုလည်း မဖြစ်ဘူးတဲ့၊ အနုပါယော- မဖဲ့ခွာသည်ဖြစ်၍၊ ဒါကတော့ စျာန်တရားမှာတော့ ဖဲ့ခွာစရာ အကြောင်းမရှိပါဘူး။ မကောင်းတဲ့ အနိဋ္ဌာရုံနဲ့တွေ့တဲ့အခါကာလကျတော့ စိတ်ဟာအဲဒီအာရုံနဲ့ မတွေ့ချင်ဘူး၊ ဖဲ့ခွာတဲ့သဘော ရှိတယ်။ အဲဒီလိုလည်း မဖြစ်ပါဘူးတဲ့။

http://www.dhammadownload.com

အနိသိတော- မမှိသည်ဖြစ်၍၊ တကာနဲ့လည်း သာယာပြီးတော့ မမှိဘူးတဲ့။ ဒိဋ္ဌိနဲ့လည်း ငါပဲ၊ ပုဂ္ဂိုလ်ပဲ၊ သတ္တဝါပဲ ဒီလိုလည်း မှိခြင်း မရှိပါဘူး။ အပွင့်ဇဒ္ဓါ- မတွယ်သည်ဖြစ်၍၊ အငြိအတွယ်လည်း မရှိဘူးတဲ့။ ဝိသံယုတ္တော-မယှဉ်သည်ဖြစ်၍ ကိလေသာအလိုအားဖြင့် ဒါနဲ့ စိတ်နဲ့ တွဲမနေသင့်ဘူးတဲ့။ အခု ပကတိပုဂ္ဂိုလ်တွေမှာတော့ အာရုံတွေရလာရင် တွဲနေတယ်။ ဒါ မပျောက်ဘူး။ လိုချင်စရာ နှစ်သက်စရာ အာရုံဆိုရင်လည်း လိုချင်နှစ်သက်မှုနဲ့ တွဲနေတယ်၊ ပြန်ပြန်ပေါ်နေတယ်။ မပျောက်ဘူး။ စိတ်ဆိုးစရာအာရုံကလည်း စိတ်ဆိုးစရာအနေနဲ့ ပြန်ပေါ်လာတယ်၊ ဖျောက်ပစ်ပါဆိုလို့ မရဘူး။ ပြန်ပြန် ပေါ်လာတယ်။

အခု ရှင်သာရိပုတ္တရာကတော့ စျာန်အာရုံတွေနဲ့စပ်ပြီး အတွယ်အတာမရှိဘူးတဲ့။ တွဲမနေဘူးတဲ့။ ဝိသံယုတ္တော-ယှဉ်တွဲမနေပါဘူးတဲ့၊ သူက ပြီးပျောက်သွားတယ်။ ပြီးရင် ပျောက်သွားတယ်။ ဝိပဿနာရှုတာလည်း ဒီအတိုင်းပဲ။ အခု ယောဂီပုဂ္ဂိုလ်တွေလည်း ဒီအတိုင်း ဖြစ်နေတာ။ မြင်ပြီးပျောက် ကြားပြီးပျောက် ဖောင်းပြီးပျောက် ပိန်ပြီးပျောက် ကွေးပြီး ပျောက် ဘာမှ အတွယ်အတာမရှိဘူး။

http://www.dhammadownload.com

ဝိပွမုတ္တော- လွတ်သည်ဖြစ်၍၊ ဝိသံယုတ္တော- မယှဉ်သည်ဖြစ်၍၊ လွတ်မြောက်နေတယ်။ ကိလေသာနဲ့ အတွယ်အတာ မရှိတော့ လွတ်မြောက်နေတယ်။ လွတ်မြောက်လို့အယှဉ်အတွဲ မရှိဘူး။ ဝိမရိယာဒီကတေန- အပိုင်းအခြားကင်းသော၊ စေတသာ- စိတ်ဖြင့်၊ ဝိဟရတိ- နေ၏။ အပိုင်းအခြား မရှိဘူးတဲ့။

ဒီတရားတွေ ရှုနေတဲ့အခါကာလ ကိလေသာဝင်လာလို့ရှိရင် အပိုင်းအခြား ဖြစ်သွာ တာပဲ။ ဒါ တစ်ကန့်ဖြစ်သွားပြီ။ အခု ယောဂီပုဂ္ဂိုလ်တွေမှာလည်း တရားအားထုတ်နေရင် အကန့်အကန့်တွေ အများကြီး။ ဒီက ဖောင်းတယ်ပိန်တယ် ဆိုပါစို့၊ လိုချင်တာလေးတစ်ခု ပေါ်လာပြန်၊ တစ်ကန့် ဖြစ်သွားပြီ၊ ပြတ်သွားပြီ၊ လိုချင်တာမှတ်လိုက်ရပြန်ပြီ၊ တစ်ခါသွားပြန်ရော၊ တော်ကြာ ဟိုက စိတ်ဆိုးစရာတစ်ခု ပေါ်လာပြန်ပြီ၊ စိတ်ဆိုးတယ် မှတ်လိုက်ရပြန်ပြီ၊ တစ်ကန့်။ ဒီလို အကန့်အကန့်လေးတွေရှိတယ်။ ဒါ ကိလေသာ အပိုင်းအခြားလေးတွေ ဝင်လာတာတဲ့။

ရှင်သာရိပုတ္တရာမာ ဒီ ဝိတက်၊ ဝိစာရ အစရှိသော တရားတွေကို စျာန်ဝင်စားလိုက် ရှုလိုက် စျာန်ဝင်စားလိုက် ရှုလိုက် လုပ်နေတာ ကြားထဲ ကိလေသာမဝင်ဘူးတဲ့။ ဘာ

http://www.dhammadownload.com

ကိလေသာမှမဝင်ဘူး။ တစ်ခါတည်း ပေါ်လိုက်ရှလိုက် ပေါ်လိုက်ရှလိုက် ဒီလို သွားနေတာကိုး။ အခုယောဂီပုဂ္ဂိုလ်တွေမှာလည်း အရှုအမှတ်ကောင်းတဲ့အခါကျတော့ အဲဒီအတိုင်း နေပါတယ်။ အပိုင်းအခြားမရှိဘူး။ ဥဒယဗ္ဗယညာဏ် ကောင်းနေတဲ့အခါတွေရှိတယ်။ အထူးအားဖြင့် သခ်ါရပေက္ခာညာဏ် ကောင်းနေတဲ့အခါမှာ ပထမအစလောက်ပဲ စပေးလိုက်ရတာပဲ၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် အစလောက် စပေးလိုက်၊ နောက်တော့ အာရုံက ပေါ်လိုက် သိလိုက်၊ အာရုံက ပေါ်လိုက် သိလိုက်။ သွားနေတာ တစ်ခါတည်း ငါးမိနစ် ဆယ်မိနစ် မိနစ်နှစ်ဆယ် နာရီဝက် တစ်နာရီ တစ်ခါတည်း ကြားထဲမှာ စိတ်ကူးတွေ ဘာမှ မပါဘူး။ အပြတ်မရှိဘူး၊ တစ်ခါတည်း တစဉ်တတန်းတည်း သွားနေတာ။ အဲဒီလိုသွားရမှာပဲ။ ဒါ ကိလေသာ ကြားမဝင်ဘဲနဲ့ ဝိမရိယာဒီကတေန-အပိုင်းအခြားကင်းသော၊ စေတသာ- စိတ်ဖြင့်၊ ဝိဟရတိ-နေ၏။ ကိလေသာ အပိုင်းအခြား ကင်းတာ၊ အပိုင်းအခြား မရှိဘူးတဲ့။

ကိလေသာ အပိုင်းအခြား ကင်းသွားတယ်။ အာရုံအပိုင်းအခြားလည်း ရှိတတ်သေးတယ်။ အာရုံအပိုင်းအခြားကလည်းပဲ ရှုနေကျအာရုံ ရှုရမည့်အာရုံတွေ မပေါ်ဘဲနဲ့ မြုပ်နေလို့

http://www.dhammadownload.com

ရှာနေရတာတွေလည်း ရှိသေးတာပေါ့။ ဒါနဲ့လည်းပဲ အမှတ်ပျက်နေတာရှိတယ်။ အဲဒီ အာရုံ အပိုင်းအခြားလည်း မရှိဘူးတဲ့။ ကိလေသာအပိုင်းအခြားလည်း မရှိဘူးတဲ့။ အရေးကြီးပါတယ်။ အခု ယောဂီပုဂ္ဂိုလ်တွေလည်း ဒီအတိုင်းပဲ၊ ရှုနေကျ အာရုံလေးဟာ သူ့ဟာသူ တစ်ခုပြီးတစ်ခု ပေါ်နေတာ၊ ဒါ အာရုံအပိုင်းအခြားမရှိဘဲနဲ့ ဖြစ်နေတာ။ အဲဒီ ကိလေသာ အာရုံတွေ ကြားထဲမှာ စိတ်ကူးတွေ အလွတ်တွေ ဝင်ပြီးတော့ မဖြစ်လာဘူးဆိုရင် ဒါ ကိလေသာ အပိုင်းအခြားမရှိတာ။ ဒီ ရောက်အောင် အားထုတ်ရမှာ။ ဒီလိုအားထုတ်လို့ ဒီလိုပြည့်စုံလာမှ ဟိုမှာ ဝိပဿနာဉာဏ်တွေက အစဉ်အတိုင်း တက်မှာ။

ပထမစျာန်တရားထက် လွန်ကဲတဲ့
ထွက်မြောက်ကြောင်းတရားလည်း ရှိသေးတယ်။

သော အတ္ထိ ဉတ္တရိ နိဿရဏန္တိ ပဇာနာတိ။ သော-ထိသာရိပုတ္တရာသည်၊ ဉတ္တရိ- အထက်၌၊ နိဿရဏံ-ထွက်မြောက်ကြောင်းတရားသည်၊ အတ္ထိ- ရှိ၏။ ကွတိ- ဤသို့၊ ပဇာနာတိ- သိ၏။ ရှင်သာရိပုတ္တရာ သူ ပထမစျာန် စဉ်းစားလိုက်တော့ ဒီစျာန်က အောက်တန်းပဲ။ ဒီထက်မြင့်တဲ့စျာန် ရှိသေးတယ်၊ ဒါ မပြည့်စုံသေးဘူးဆိုတာ သူသိတယ်တဲ့။

http://www.dhammadownload.com

တဗွဟုလိကာရာ အတ္ထိတွေဝသ ဟောတိ။ တဗွဟုလိကာရာ- ထိုသို့ဆင်ခြင်ခြင်းကို ကြိမ်ဖန်များစွာ ပြုခြင်းကြောင့်၊ ဥတ္တရိ နိဿရဏ်- အထက်၌ လွတ်မြောက်ကြောင်းတရားသည်၊ အတ္ထိ- ရှိ၏။ ဣတိ ဇဝ- ဤသို့သာလျှင်၊ အသု-ထိသာရိပုတ္တရာမှာ၊ ဟောတိ- ဖြစ်လေ၏။ ထပ်ကာထပ်ကာ ဆင်ခြင်တော့ သေချာတာပဲ၊ ရှိနေသေးတာပဲ၊ လိုနေသေးတာပဲ၊ တရားမပြည့်စုံသေးဘူးဆိုပြီးတော့ အဲဒီလို အသိဉာဏ် ဖြစ်လာပါတယ်တဲ့။ ဒါ ပထမစျာန် ဝိပဿနာ ရှုပြီးတော့ အဆုံးသတ်သွားပုံ။

ဝိပဿနာရှုတာဟာ တွေးတောဆင်ခြင်ပြီး ရှုတာမဟုတ်ဘူး။

အဲဒီတော့ ရှင်သာရိပုတ္တရာ ဝိပဿနာရှုပုံကနေပြီးတော့ ဘုန်းကြီးများ ဒီကယောဂီတွေ ဝိပဿနာရှုပုံနဲ့ နည်းမှီးပြီးတော့ သိဖို့ရာလိုလာတယ်တဲ့၊ ဒါအရေးကြီးတယ်။ ဒါကြောင့်မို့ ဒီသုတ်က အင်မတန်မှတ်စရာကောင်းပါတယ်။ ရှင်သာရိပုတ္တရာက ဝိပဿနာရှုတော့ ဘယ်လိုရှုတုံး။ ပထမစျာန်ဝင်စားတယ်၊ ဝင်စားတယ်ဆိုတာ ပထမစျာန်စိတ် ဖြစ်တာပဲ။ ပထမစျာန်စိတ်က ထလာတဲ့အခါမှာ အဲဒီစျာန်တရားတွေကို ရှုတယ်။

http://www.dhammadownload.com

ဒီတော့ ရှင်သာရိပုတ္တရာ ဝိပဿနာရှုတာဟာ တွေးတောဆင်ခြင်ပြီး ရှုတာမဟုတ်ဘူး။ စာပေကျမ်းဂန်တွေ အရအားဖြင့် ရုပ်တွေ နာမ်တွေ ဆင်ခြင်ပြီးရှုတာ မဟုတ်ဘူး။ သူသန္တာန် တကယ်ဖြစ်တဲ့တရား ရှုရတယ်။ အဲဒါလိုပဲ အခု သုဒ္ဓဝိပဿနာယာနိက၊ သမထမပါဘဲနဲ့ ဝိပဿနာယာဉ် သက်သက်ကနေတက်တဲ့ ပုဂ္ဂိုလ်တွေကလည်း ကိုယ့်သန္တာန် ရှိတဲ့တရား ရှုရတယ်။ သမထယာဉ်နဲ့ တက်တဲ့ပုဂ္ဂိုလ်က သမထစျာန်ဝင်စားပြီး စျာန်တရားကို ရှုတယ်။ စျာန်မရှိတဲ့ ပုဂ္ဂိုလ်တွေက ကိုယ့်ရှိတဲ့တရား ရှုပေါ့၊ ကိုယ့်စျာန်မှ မရှိဘဲနဲ့ စျာန်ရှုလို့ ဘယ်ဖြစ်လိမ့်မှာတုံး။ တချို့က စာထဲပေထဲပါတဲ့ စျာန်တွေလည်း ဝိပဿနာရှုလို့ဖြစ်တယ်လို့ အောက်မေ့နေတယ်။ မဖြစ်ဘူး။ ကိုယ့်ရှိတဲ့တရား ရှုရတယ်။ ကိုယ့်မရှိတဲ့တရား သိမှမသိဘဲနဲ့ ဘယ်ရှုလို့ဖြစ်လိမ့်မှာတုံး။ စျာန်ရှိတဲ့ ပုဂ္ဂိုလ်က စျာန်ဝင်စားပြီး ကိုယ့်သန္တာန် အခုလောလောဆယ် ဖြစ်သွားတဲ့စျာန်ကို ရှုရတယ်။ အရင်ကဝင်စားတဲ့ စျာန်တောင် မဟုတ်ဘူး။ ဟိုမနေ့တစ်နေ့က စျာန်တွေကို ရှုရတာမဟုတ်ဘူး။ ချက်ချင်း ဝင်စားတဲ့ စျာန်ကလေးကို ရှုရတယ်။

အခုလည်းပဲ စျာန်မရှိတဲ့ပုဂ္ဂိုလ် ကိုယ့်ရှိတဲ့စိတ် ရှုပေါ့။ မြင်တဲ့စိတ် ရှိတယ်။ ကြားတဲ့စိတ် ရှိတယ်။ နံတဲ့စိတ် ရှိတယ်။

http://www.dhammadownload.com

စားသိတဲ့စိတ် ရှိတယ်။ တွေ့ထိတဲ့စိတ် ရှိတယ်။ စိတ်ကူး စဉ်းစား ကြံစည်တဲ့စိတ် ရှိတယ်၊ စသည်ဖြစ်ပေါ့။ ကိုယ့်ရှိတဲ့ ဥစ္စာ ရှုရမှာ။ မရှိတဲ့ဟာ ရှုရမှာ မဟုတ်ဘူး။ ကိုလေသာဖြစ် တော့လည်း ကိုယ့်ရှိတာတွေ ဖြစ်တာ၊ ကိုယ့်မရှိတာတွေ ကိုလေသာ မဖြစ်ဘူး။ ကိုယ့်သန္တာန် တကယ်ဖြစ်တဲ့ ဥစ္စာ တွေကို ငါပဲ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ ဒါတွေ စွဲလမ်းနေတာ။ အဲဒီ အစွဲအလမ်းတွေ ပျောက်အောင်လို့ ရှုရတာ။ ကဲ ဆိုကြမယ်။

သမထယာဉ်၊ စျာန်ပြီးလျှင်၊

စျာန်ပင်ပြန်ရှုသည်။

သမထယာနိကပုဂ္ဂိုလ်၊ သမထအခြေခံရှိတဲ့ပုဂ္ဂိုလ် ဟာ ဝိပဿနာရှုရင် သမထစျာန်လေး ပြန်ရှုရတာတဲ့။ စျာန် ဝင်စား၊ စျာန်ဆုံးတာနဲ့ အဲဒီစျာန်စိတ်ကို ပြန်ရှုရတယ်။ ဝိပဿနာယာနိက ပုဂ္ဂိုလ်ကလည်း ဘယ်နယ့်ရှုရမတုံး။ ကိုယ့် တော့ ကာမာဝစရစိတ်တွေ ရှိတာကိုး။ စျာန်စိတ်မှ မရှိပဲ။ မြင်တဲ့စိတ်ရှိမယ်၊ ကြားတဲ့စိတ်ရှိမယ်၊ ဒါတွေ ရှုရမှာ။ မြင်ပြီး ရင် မြင်တာ ပြန်ရှုရမှာ၊ ဟိုကတော့ စျာန်စိတ်ပြီးရင် စျာန်စိတ် ပြန်ရှု၊ ဒီကမြင်တာပြီးရင် မြင်တာပြန်ရှု၊ ကြားတာပြီးရင် ကြားတာပြန်ရှု၊ နံတာစားတာတွေ့ထိတာပြီးရင် ပြန်ရှု၊ စိတ်ကူးတာလေးရှိရင် ပြန်ရှု၊ စိတ်ကူးတာနဲ့ စျာန်နဲ့က

http://www.dhammadownload.com

အတူတူလိုပဲ၊ သိပ်မထူးလှဘူး။ အဲဒီလို ကိုယ့်သန္တာန်မှာရှိတဲ့ တကယ် ဖြစ်ပေါ်တဲ့တရားလေးတွေ ဖြစ်ပြီးပြီးချင်း ပြန်ရှုရမှာ။ အဲဒါ နည်းလေးရတယ်။ ရှင်သာရိပုတ္တရာရဲ့ အနုပဒဓမ္မ ဝိပဿနာ အင်မတန်ကောင်းတယ်။ ဒါတွေ ဘုန်းကြီးက အခြေခံတည်ပြီးတော့ ပထမကတည်းက ဒီတရားတွေဟော ကျမ်းစာလေးတွေ ကျကျနန ရေးထားပါတယ်။ ဝိပဿနာ ရှုနည်းကျမ်း ပထမတွဲကတည်းက သေသေချာချာရေးထားတယ်။ ကြာလှပြီ၊ ဆယ့်ငါးနှစ်တောင် မကဘူး။ ကြာပြီ ရေးထားတာ၊ ကဲ ဆိုရမယ်။

သမထယာဉ်၊ စာန်ပြီးလျှင်၊
စာန်ပင်ပြန်ရှုသည်။
ဝိပဿနာ၊ ယာနိကာ၊ တူစွာရှုရသည်။

သမထယာနိကပုဂ္ဂိုလ်က စာန်ဝင်စားပြီးတော့ မိမိသန္တာန်ဖြစ်တဲ့ စာန်စိတ်ကို ပြန်ရှုသလို ထို့အတူပဲတဲ့၊ ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်လည်း ဒီအတိုင်းပဲ ရှုပါလို့ ဆိုလိုတယ်။ ဒီအတိုင်းရှုတော့ ဘာတွေရှုမတုံး၊ စာန်မရှိတော့ ဘာရှုရမလဲ၊ ကိုယ့်ရှိတာ ရှုပေါ့။ မြင်တိုင်း ကြားတိုင်း တွေ့တိုင်း သိတိုင်း ပေါ့လေ၊ ဒါတွေကို လိုက်ပြီးတော့ ရှုပါလို့ ဆိုလိုတယ်။ ကိုင်းဆို။

http://www.dhammadownload.com

မြင်ကြားတွေ့.ရာ၊ ပေါ်တိုင်းသာ၊
လိုက်ကာရှုရသည်။
မြင်ကြားတွေ့.တိုင်းဆိုတာ ဒီတရားတွေ အကုန် ပေါ်လာသမျှပေါ့။ မြင်ပြီးတော့ ပေါ်မယ်၊ ကြားပြီးတော့ ပေါ်မယ်၊ နံပြီးတော့ ပေါ်မယ်၊ စားပြီးတော့ ပေါ်မယ်၊ တွေ့.ထိပြီးတော့ ပေါ်မယ်၊ စိတ်ကူးစဉ်းစားကြံစည်ပြီးတော့ ပေါ်မယ်၊ ကွေးပြီး ပေါ်မယ်၊ ဆန့်ပြီး ပေါ်မယ်၊ လှုပ်ရှားပြီး ပေါ်မယ်။ ကိုယ်အမှု အရာ စိတ်အမှုအရာတွေ ဘာပဲပေါ်ပေါ် ပေါ်တိုင်းပေါ်တိုင်းသာ ရှု.နားကပေါ် နောက်ကလိုက်ပြီးတော့ ရှုရုံပဲ။ ဒါပါပဲ။

ခုနက ဈာန်ဝင်စား၊ ဈာန်စိတ်ဖြစ်၊ ဈာန်စိတ်ဆုံးတာနဲ့ ဈာန်စိတ်ပြန်ရှသလိုပဲ ဒီကလည်း မြင်ပြီးရင် မြင်တဲ့စိတ် ပြန်ရှ၊ ကြားပြီးရင် ကြားတဲ့စိတ် ပြန်ရှ၊ ဒီလိုရှရတာကိုး။ ဈာန်စိတ်က ဈာန်ပြီးတော့ ရှတော့ အတိတ်တော့ ဖြစ်နေတယ်။ ဒါပေမယ် လို့ ပစ္စုပ္ပန်အနေအားဖြင့် ရှရတယ်။ ဒါကြောင့်မို့ အဋ္ဌကထာမှာ ဖွင့်တယ်။ အာရမ္မဏာဘိနိရောပနလက္ခဏော- အာရုံကို တင်ပေးခြင်းလက္ခဏာရှိသော၊ ဝိတက္ကော- ဝိတက်သည်၊ ဝတ္တတိ- ဖြစ်၏။ ဖြစ်ဆဲအနေအားဖြင့် ဒီလိုရှသွားတယ်တဲ့။ ဖြစ်၏တဲ့၊ ဖြစ်ဆဲပဲတဲ့။ ဝိစာရော- သုံးသပ်ဆင်ခြင်မှု ဝိစာရသည်၊ ဝတ္တတိ- ဖြစ်၏တဲ့။ ဖြစ်ဆဲအနေအားဖြင့် ဒီလိုရှသွား

http://www.dhammadownload.com

တယ်တဲ့။ အခု ဒီလိုပါပဲ၊ မြင်ပြီးစဟာ မြင်ဆဲအနေအားဖြင့်ပဲ ယောဂီပုဂ္ဂိုလ်မှာ ထင်ပါတယ်။ ဒါကြောင့် မြင်တယ် ကြား တယ် စသည်ဖြင့် ပေါ်တာပေါ်တာကို လိုက်ပြီး ရှုရတာကိုး။

သမထယာဉ်၊ စျာန်ပြီးလျှင်၊
စျာန်ပင်ပြန်ရှသည်။
ဝိပဿနာ၊ ယာနိကာ၊ တူစွာရှုရသည်။
မြင်ကြားတွေ့.ရာ၊ ပေါ်တိုင်းသာ၊
လိုက်ခါရှုရသည်။

မြင်တိုင်း ကြားတိုင်း တွေ့.တိုင်း ပေါ်တိုင်း အဲဒါတွေ လိုက်ပြီးတော့ ရှုလေတဲ့။ ဒါ အနုပဒသုတ်ကနေပြီးတော့ ဝိပဿနာရှုပုံရှုနည်းလေး ယူထားပုံပါပဲ။ နောက်တစ်ခု ရှိသေးတယ်။ ရှင်သာရိပုတ္တရာက အခု စျာန်ထဲမှာ သူထင်ရှားတာ ၁၆-ခုပဲရှိတယ်။ ကျန်တဲ့တရားတွေ ရှုတယ်လို့ မပါဘူး။ အဘိဓမ္မာအနေနဲ့ ၃၄-ပါး။ ၃၄-ပါးထဲမှာ အခု ၁၆-ပါး ဆိုပေမယ့်လို့ တရားကိုယ်က ၁၅-ပါးပဲ ရှိတယ်။ အဲဒီ ထင်ရှားတဲ့တရားတွေ ရှုတာနဲ့ ပြီးနေတာပဲ။ မထင်ရှားတဲ့တရားတွေ တမင်တကာ လိုက်ပြီးရှုနေဖို့ရာ မလိုဘူး။ အဲဒီအဓိပ္ပာယ်လည်း ဒီသုတ်က ပေါ်နေပါတယ်။ ရှင်သာရိပုတ္တရာမှာ ရှုဖို့မလိုဘူးဆိုရင် သာမန် ပုဂ္ဂိုလ်တွေ ဘယ်လိုမလဲ။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာရဲ့ အနုပဒနည်းက သာဝကတွေရှတဲ့ ရှုပုံရှနည်းမှာတော့ အစွမ်းကုန်ပဲတဲ့

ရှင်သာရိပုတ္တရာဟာ သာဝကတွေရှတဲ့ ရှုပုံရှနည်းမှာတော့ အစွမ်းကုန်ပဲတဲ့။ အကြွင်းအကျန် မရှိဘူးတဲ့။ ဘုရားရှုပုံရှနည်း၊ ပစ္စေကဗုဒ္ဓါ ရှုပုံရှနည်း၊ ဒါတွေချန်ပြီးတော့ သာဝကရှုပုံရှနည်းမှာတော့ အကြွင်းမဲ့ ရှာသွားတာတဲ့။ ရှင်သာရိပုတ္တရာလောက် ရှင်မောဂ္ဂလ္လာန် မရှနိုင်ဘူးတဲ့။ ရှင်မောဂ္ဂလ္လာန် ဘယ်လောက်ရှသလဲဆိုတော့ (မဟာမောဂ္ဂလ္လာနတ္ထေရော ဟိ သာဝကာနံ သမ္မသနစာရံ ယဒ္ဓိကောဋ္ဌိယာ ဥပ္ပဋ္ဌေန္တော၀ိယ) တဲ့။ မဟာမောဂ္ဂလ္လာနတ္ထေရော- မဟာမောဂ္ဂလ္လာန်မထေရ်သည်၊ သာဝကာနံ- သာဝကတို့၏၊ သမ္မသနစာရံ- သုံးသပ်ရိုးတရားကို၊ ယဒ္ဓိကောဋ္ဌိယာ- တောင်ဝှေးစွန်းဖြင့်၊ ဥပ္ပဋ္ဌေန္တော၀ိယ- ထောက်၍သွားဘိသကဲ့သို့တဲ့၊ ဥပမာပေးတယ်၊ ရှင်မောဂ္ဂလ္လာန် ၀ိပဿနာရှုပုံ မစေ့စပ်ဘူးတဲ့။ ရှုရမယ့်တရားတွေ အများကြီးထဲက တချို့.တချို့.လေးတွေ သူရှသွားတယ်တဲ့။ တောင်ဝှေးထောက်တယ်ဆိုတော့ ထောက်မိတဲ့နေရာနဲ့ မထောက်မိတဲ့နေရာ ဘယ်နေရာများတုံး၊ ကြားထဲ မထောက်မိတာတွေ အများကြီးပဲ။ မရှဘဲနဲ့ ကျော်သွားတာတွေ ရှိတယ်တဲ့။ အဲဒါ တောင်ဝှေးစွန်းထောက်သလိုပဲတဲ့။

http://www.dhammadownload.com

သကအတ္တဘာဝ ပရိယာပန္နေ- မိမိအတ္တဘောဌ်
အကျိုးဝင်သောတရားတို့ကို၊ အနဝသေ သတော- အကြွင်းမဲ့
အားဖြင့်၊ ပရိဂ္ဂဟေတုံစ- သိမ်းဆည်းခြင်းငှာလည်းကောင်း၊
သမ္မသိတုံစ- သုံးသပ်ခြင်းငှာလည်းကောင်း၊ အသက္ကောန္တော-
မစွမ်းနိုင်ကုန်သည်ဖြစ်၍တဲ့။ မိမိသန္တာန်မှာ ဖြစ်တဲ့ တရားတွေ
ကိုတောင်မှ အကြွင်းမဲ့အားဖြင့် သုံးသပ်ခြင်းငှာ မစွမ်းနိုင်လို့
တဲ့။ တစ်စိတ် တစ်ဒေသ တချို့ပဲ ထင်ရှားတာတွေလောက်ပဲ
ရှသွားပါတယ်တဲ့။ ရှင်မောဂ္ဂလ္လာန်ရှပုံကို ပြတယ်။

အဲဒီတော့ ရှင်သာရိပုတ္တရာရှပုံကတော့ သာဝကတွေ
သုံးသပ်တဲ့ ရှသင့်ရှထိုက်တဲ့ တရားတွေတော့ အကုန်လုံးပဲတဲ့။
အကြွင်းမဲ့ပဲ ရှသွားပါတယ်တဲ့။ အဲဒီလိုပြောပါတယ်။ အကြွင်းမဲ့
ရှတယ်ဆိုတာဟာလည်း ထင်ရှားတဲ့တရားရှရုံမှာ၊ မထင်ရှား
တဲ့တရား ရှရုံမှာတော့ မဟုတ်ဘူး။ အဲဒါကြောင့် ၁၆-ပါးသော
တရား ရှင်သာရိပုတ္တရာ ရှတယ်ဆိုရင် ကျန်တဲ့ တရားတွေ
တော့ စဉ်းစားဆင်ခြင်ပြီးရှနေဖို့ မလိုဘူးဆိုတဲ့ အဓိပ္ပာယ်
ပေါ်လာတယ်။ အဲဒီနည်းအတိုင်းပဲ အခု ယောဂီပုဂ္ဂိုလ်တွေမှာ
လည်း ကိုယ့်ထင်ရှားတဲ့တရား တစ်ပါးထင်ရှားရင် တစ်ပါးရှ
ပေါ့။ ရှင်သာရိပုတ္တရာမှာ စိတ်တစ်ကြိမ် ၁၆-ခု ထင်ရှားလို့၊
၁၆-ခု ရှတယ်။ အခု သာမညပုဂ္ဂိုလ်တွေဆိုရင် စိတ်တစ်ကြိမ်

http://www.dhammadownload.com

တစ်ခုထင်ရှားရင်လည်း ရှု၊ နှစ်ခုထင်ရှားရင်လည်း ရှု၊ တော်ပါပြီ။ ကျန်တဲ့ဟာတွေ လိုက်ပြီး တွေးတောရှုနေဖို့ မလိုပါဘူး။ အဲဒါလေး မှတ်သားဖို့ရာ၊ ကိုင်း ဆိုရမယ်။

စျာန်မှာထင်ရှား၊ ဆယ့်ခြောက်ပါး၊
ပိုင်းခြားရှုလေသည်။
မထင်မရှား၊ ရုပ်နာမ်များ၊ စဉ်းစားမရှုပြီ။

ရှင်သာရိပုတ္တရာက ပထမစျာန်ဝင်စားပြီးတော့ ပြန်ပြီး ရှုလိုက်တဲ့အခါမှာ ထင်ရှားတဲ့တရား ၁၆-ပါး၊ တရားကိုယ်အား ဖြင့် ၁၅-ပါး၊ အဲဒီတရားတွေကို ရှုသွားတယ်လို့ တိုက်ရိုက် ဟောတယ်။ အဘိဓမ္မာနည်းနဲ့ လိုက်လို့ရှိရင် ပထမစျာန်မှာ ယှဉ်တာ စိတ်ပါနဲ့ဆို ၃၄-ပါး၊ ၁၉-ပါးသော တရားတွေက ကျန်နေသေးတယ်။ အဲဒါတွေ ရှုတယ်ဆိုတာ မပါဘူး။ အဲဒါ မထင်ရှားတဲ့တရားတွေပဲ။ အဲဒီ မထင်ရှားတဲ့တရားတွေကို ကျမ်းဂန်အရအားဖြင့် စဉ်းစားပြီးတော့ ဆင်ခြင်ပြီးတော့ ရှုနေတယ်ဆိုတာ မပါပါဘူး။ ပါဠိလည်း မပါဘူး။ အဋ္ဌကထာလည်း မပါဘူး။ ဘယ်မှာမှ မရှိပါဘူး။ အဲဒီတော့ မထင်ရှားတဲ့တရားတွေ ရှုနေဖို့ရာ မလိုဘူးဆိုတာ ဒီသုတ်က ထင်ရှားတယ်။ အခု ယောဂီပုဂ္ဂိုလ်တွေလည်း ဒီနည်းအတိုင်းပဲ ထင်ရှားတဲ့တရား ကိုသာလျှင် ရှုရမယ်တဲ့။ ကဲ ဆိုရမယ်။

http://www.dhammadownload.com

ထိုနည်းတူစွာ၊ ထင်ရှားရာ၊ မှတ်ခါရှုရမည်။

သမထယာနိကဖြစ်တဲ့ ရှင်သာရိပုတ္တရာ ဝိပဿနာ ရှုရာမှာ ထင်ရှားတဲ့ ၁၆-ပါးသော တရားတွေကိုသာ ရှုတယ်။ ကျန်တဲ့တရားတွေကို ရှုတယ်လို့ မပါဘူး။ အဲဒီနည်းအတိုင်းပဲ အခု ဝိပဿနာယာနိက ပုဂ္ဂိုလ်တွေမှာလည်းပဲ ကိုယ့်မှာ ထင်ရှားတဲ့တရား ရှုပေါ့။ မထင်ရှားတဲ့တရားတွေ လိုက်ပြီးရှုဖို့ မလိုဘူးဆိုတဲ့ အဓိပ္ပာယ် ပေါ်လာပါတယ်။

အဲဒီ မထင်ရှားတဲ့တရားတွေကို စာပေကျမ်းဂန်အရနဲ့ တွေးတောဆင်ခြင်ပြီး ရှုလို့ ဘယ်ဖြစ်မလဲ၊ အဲဒါကတော့ ဝိပဿနာအတုပဲလို့ ဘုန်းကြီးကဆိုလိုတယ်။ ဒါ စင်စစ် ဝိပဿနာ မဟုတ်ဘူး။ ကိုယ်မှ သိတာမဟုတ်ဘဲ။ တချို့က တွေးဆပြီးတော့ ရှုတာ။ မျက်မှောက်မမြင် တွေးဆင်ခြင် ရှုလျှင်အတုမည်လို့ ထည့်ထားတယ်။ ဒါက ဘုန်းကြီးရဲ့ အယူအဆပဲ။ ကိုယ်က မျက်မှောက်မှာ တွေ့.မှမတွေ့.ဘဲနဲ့ ဒါတွေလည်း ပါဦးမှာပဲလို့ ရှုနေရင် ဝိပဿနာအစစ် မဖြစ်ဘူး၊ အတုပဲ ဖြစ်တယ်၊ ဒီလိုရှုရုံနဲ့ မဂ်ဖိုလ်ရောက်လိမ့်မယ်လို့ မဆိုနိုင်ဘူး။ ကိုင်း ဆိုရမယ်။

မျက်မှောက်မမြင်၊ တွေးဆင်ခြင်၊
ရှုလျှင်အတုမည်။

http://www.dhammadownload.com

နိဂုံး

အဲဒီတော့ တော်တော်စုံသွားပါပြီ။ အနုပဒသုတ်မှာ ရှင်သာရိပုတ္တရာ ရှုပုံ၊ ၁၆-ပါးသော တရားတွေကို ဈာန်ဝင်စား ပြီးတော့ ဈာန်ထဲပါဝင်တဲ့တရားတွေ ပြန်ပြီးတော့ ရှုတယ်။ ထိုနည်းတူပဲ အခု ယောဂီပုဂ္ဂိုလ်တွေလည်းပဲ မိမိထင်ရှားတဲ့ တရား ဖြစ်ပေါ်တဲ့တရားတွေ ပြန်ပြီးတော့ရှု။ မြင်ပြီးရင် မြင်တာပြန်ရှု၊ ကြားပြီးရင် ကြားတာရှု၊ နံပြီးရင် နံတာရှု၊ အဲဒါ ရှင်သာရိပုတ္တရာ ရှုနည်းပဲ။ ရှင်သာရိပုတ္တရာက ထင်ရှားတဲ့ တရားကိုသာ ရှုသွားတယ်။ မထင်ရှားတဲ့တရားတွေကို စာပေအရနဲ့ တွေးတောဆင်ခြင်ပြီးတော့ ရှုနေတာမဟုတ်ဘူး။ အခု ယောဂီပုဂ္ဂိုလ်တွေလည်း မြင်စဉ်ကာလ ထင်ရှားတဲ့ တရား ရှု။ စိတ်ထင်ရှားရင် စိတ်ရှုပေါ့။ ဝေဒနာထင်ရှားရင် ဝေဒနာ ရှုပေါ့။ ဖဿထင်ရှားရင် ဖဿရှု။ ထင်ရှားတဲ့တရား ရှုရုံပဲ၊ ဘာထင်ရှားတယ် ညာထင်ရှားတယ် စဉ်းစားနေဖို့လည်း မလိုပါဘူး။ ပေါ်တဲ့တရားလေး ရှုလိုက်ရုံပဲ။ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါကာလ လောဘထင်ရှားရင် လောဘရှုရမှာပဲ။ ဒေါသထင်ရှားရင် ဒေါသရှုရမှာ၊ ကျန်တာတွေ စဉ်းစားဆင်ခြင် ရှုနေဖို့ရာ မလိုပါဘူး။ ပေါ်ရာပေါ်ရာ တရားလေးတွေ ရှု။

http://www.dhammadownload.com

ဒါကြောင့်မို့ ရှင်သာရိပုတ္တရာရဲ့ အနုပဒသုတ် ဝိပဿနာရှုပုံ နည်းမှီပြီးသကာလ အခု ယောဂီပုဂ္ဂိုလ်တွေ ရှုကြရတယ်။ မိမိတို့ရှုပုံနည်းဟာ သဘာဝကျတယ်ဆိုတာကို ကိုယ်ပိုင်ဉာဏ်နဲ့ ဆုံးဖြတ်နိုင်ပါတယ်။ ဆုံးဖြတ်နိုင်တော့ အလွန်အားရဝမ်းသာစရာ ကောင်းပါတယ်။ ဒီဝိပဿနာနည်းက သဘာဝကျကျ ရှုနေရတဲ့ အားထုတ်ရတဲ့နည်းပဲလို့လည်း သိဖို့ပါပဲ။ ကဲ ကနေ့ တရားသိမ်းဦးမှပဲ။ သုတ်က မဆုံးသေးဘူး။ အများကြီးရှိသေးတယ်။ စာန်တစ်စာန်ပြီးကာ ရှိသေးတယ်။ နောက် စာန်တွေကလည်း ပြောရမယ်။ ပြောပြီးတော့ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်ပုံက သုတ်တစ်သုတ် ရှိသေးတယ်။ ကနေ့တော့ ဒီလောက်ပဲ တော်ဦးမှပဲ။ ဆောင်ပုဒ်ကလေးတွေဆိုပြီး တရားသိမ်းကြဦးစို့ရဲ့။

စူးစိုက်သမျှ၊ ကပ်၍ရှု၊ စာန်ဟုခေါ်ဝေါ်သည်။
သမထယာဉ်၊ စာန်ပြီးလျှင်၊
စာန်ပင်ပြန်ရှုသည်။
ဝိပဿနာ၊ ယာနိကာ၊ တူစွာရှုရသည်။
မြင်ကြားတွေ့.ရာ၊ ပေါ်တိုင်းသာ၊
လိုက်ခါရှုရသည်။
စာန်မှာထင်ရှား၊ ဆယ့်ခြောက်ပါး၊

http://www.dhammadownload.com

ပိုင်းခြားရှုလေသည်။

မထင်မရှား၊ ရုပ်နာမ်များ၊ စဉ်းစားမရှုပြီ။

ထိုနည်းတူစွာ၊ ထင်ရှားရာ၊ မှတ်ခါရှုရမည်။

မျက်မှောက်မမြင်၊ တွေးဆင်ခြင်၊

ရှုလျှင်အတုမည်။

ဤအနုပဒသုတ် တရားဒေသနာတော်ကို နာယူမှတ်သားရသော ဓမ္မသဝနကုသိုလ်ကံ စေတနာတို့ကြောင့် ဤဒေသနာဌာလာသည့်အတိုင်း မိမိတို့သန္တာန်၌ ထင်ရှားပေါ်တဲ့ ရုပ်နာမ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တအားဖြင့် အမှန်အတိုင်းသိမြင်နိုင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်သို့ လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
ပဋ္ဌမပိုင်း

(၁၃၂၅-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၈-ရက်)

တရားအနုသဒ္ဓေ

ပြီးခဲ့တဲ့သီတင်းက ရှင်သာရိပုတ္တရာ အသေးစိတ် ဝိပဿနာရှုပုံကို မြတ်စွာဘုရား ဟောကြားထားတဲ့တိုင်း အနုပဒဝိပဿနာတရားကစပြီး ဟောခဲ့တယ်။ တစ်နေ့က တစ်ပိုဒ် ပြီးသွားပြီ။ ရှင်သာရိပုတ္တရာ အနုပဒဝိပဿနာရှုပုံမှာတော့ စျာန်တရားမှာ နာမ်တရားတွေကိုသာ ရှုပုံပြတယ်၊ ရုပ်တရားရှုပုံ မပါဘူး။ သုတ်ပါဠိတော်တွေမှာတော့ စျာန်ကထပြီး ဝိပဿနာရှုပုံမှာ ရုပ်ရောနာမ်ရော အကုန်လုံး ပြထားတာတွေလည်းရှိပါတယ်။ စျာန်ကထပြီးတော့ ရုပ်လည်း ရှုလို့ရပါတယ်။ စျာန်ဝင်စားတဲ့အခိုက်အတန့်လေးမှာ တည်ရှိပြီးတော့ ရုပ်တွေ ဖြစ်ပေါ်ခဲ့တာတွေလည်း ရှုလို့ရပါတယ်။

အခု ရှင်သာရိပုတ္တရာ အနုပဒ- အသေးစိတ် အစဉ်အတိုင်း ရှုပုံကတော့ နာမ်တရားတွေကိုရှုတာ၊ ရှင်သာရိ

http://www.dhammadownload.com

ပုတ္ထာရာဟာ ပထမစျာန်ဝင်စားပြီးတော့ ပြန်ပြီးရွှေလိုက်တဲ့ အခါမှာ ထင်ရှားတဲ့တရား ၁၆-ပါး၊ တရားကိုယ်အားဖြင့် ၁၅-ပါး၊ အဲဒီတရားတွေကို ရှုသွားတယ်လို့ တိုက်ရိုက်ဟောတယ်။

ရှင်သာရိပုတ္တရာ ပထမစျာန်ဝင်စား၊ ဝိပဿနာရှု၊ ပြီးတော့မှ ဒုတိယစျာန်ဝင်စား၊ ဝိပဿနာရှုတာကို မြတ်စွာဘုရားဟောပြန်တယ်။

ပုန စပရံ ဘိက္ခဝေ သာရိပုတ္တော ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ယေ စ ဒုတိယေ စျာနေ ဓမ္မာ အဇ္ဈတ္တံ သမ္ပသာဒေါ စ ပီတိ စ သုခဉ္စ စိတ္တေကဂ္ဂတာ စ ဖဿော ဝေဒနာ သညာ စေတနာ စိတ္တံ ဆန္ဒော အဓိမောက္ခော ဝီရိယံ သတိ ဥပေက္ခာ မနသိကာရော တျာသ ဓမ္မာ အနုပဒဝ ဝတ္ထိတာ ဟောန္တိ။ စသည်ဖြင့် ဒုတိယစျာန် ဝိပဿနာရှုပုံကို မြတ်စွာဘုရားဟောထားတယ်။

ဘိက္ခဝေ- ရဟန်းတို့၊ ပုန စ- တစ်ဖန်လည်း၊ ပရံ- တစ်ပါးသောရှုပုံကား၊ သာရိပုတ္တော- သာရိပုတ္တရာသည်၊ ဝိတက္က ဝိစာရာနံ- ဝိတက် ဝိစာရတို့၏၊ ဝူပသမာ- ကင်းဆိတ်ခြင်းကြောင့်၊ အဇ္ဈတ္တံ- မိမိသန္တာန်၌၊ သမ္ပသာဒနံ- ကြည်လင်

http://www.dhammadownload.com

စေတတ်သော၊ စေတသော- စိတ်ကို၊ ဇကောဒိဘာဝံ- တစ်ခု တည်းဖြစ်လျက် ပွားများစေသော်၊ အဝိတက္ကံ အဝိစာရံ- ဝိတက် ဝိစာရ ကင်းသော၊ သမာဓိဇံ ပီတိသုခံ- သမာဓိ ကြောင့်ဖြစ်သော ပီတိသုခရှိသော၊ ဒုတိယံ ဈာနံ- ဒုတိယဈာန် ကို၊ ဥပသမ္ပဇ္ဇ- ရောက်၍ ဝါ ပြည့်စုံစေ၍၊ ဝိဟရတိ- နေ၏။

ပထမဈာန်တုံးက အာရုံပေါ်အောင်လို့ ကြံစည်ရတဲ့ ဝိတက်ရှိတယ်၊ ပေါ်လာတဲ့အာရုံကို အဖန်ဖန် နလုံးသွင်း ဆင်ခြင်သုံးသပ်ပြီးတော့နေတဲ့ ဝိစာရ ရှိတယ်။ သုံးသပ်တယ် ဆိုတာကလည်း အခုဝိပဿနာရှုတဲ့ သုံးသပ်မှုမျိုးတော့ မဟုတ်ပါဘူး၊ ဒီအာရုံလေး ထပ်ကာ ထပ်ကာ ကိုင်ကိုင်ကြည့် နေသလိုပေါ့။

ဒုတိယဈာန်မှာ ဝိတက် ဝိစာရ မပါတော့ဘူးတဲ့။ အာရုံ ပေါ်အောင်လို့ စိတ်ညွှတ်ပြီးတော့ ကြံစည်ပြီးတော့ မယူရ တော့ဘူး။ သူ့အလိုလိုပဲ ပေါ်နေတယ်၊ ပေါ်လာတဲ့အာရုံလည်း ပဲ ခိုင်မြဲအောင်လို့ ထပ်ကာထပ်ကာ မသုံးသပ် မဆင်ခြင်ရ တော့ဘူးတဲ့။ ဒီဈာန်စိတ်က ရင့်ကျက်လာတာပဲ။ ဝိပဿနာမှာ လည်း ပထမရှုခါစက အာရုံလေးတွေပေါ်အောင်လို့ ကြံရ တယ်၊ ဖောင်းတယ်ဆိုရင် ဖောင်းတဲ့ဆီကို စိတ်ကလေး တမင် တကာပို့ရတယ်၊ ဖောင်းတာလေး ပေါ်အောင် လုပ်ယူရတယ်။

http://www.dhammadownload.com

ထိုင်ရင်လည်းပဲ ထိုင်တာလေး၊ ထိရင်လည်းပဲ ထိတဲ့နေရာ စိတ်ကလေး ပို့ပြီး အာရုံထင်ရှားအောင် တမင်တကာ ကြံကြံပြီး ယူနေရတယ်။ ဝိပဿနာ စပြီးရှခါစ ယောဂီမှာလည်း အာရုံလေးပေါ်အောင်လို့ ကြံနေရတဲ့ ဝိတက်သဘောလေးက အင်မတန်ကို ထင်ရှားပါတယ်၊ ကြံရတယ်။

ဝိစာရ- သုံးသပ်ဆင်ခြင်မှုလေး။ ရလာတဲ့အာရုံလေးကို တစ်ခါတည်း ထပ်ကာထပ်ကာ လှန်လှောကြည့်နေသလိုပဲ။ ဖောင်းတာ၊ ပိန်တာ၊ ထိုင်တာ၊ ထိတာ၊ ကွေးတာ၊ ဆန့်တာ၊ ပေါ်ရာပေါ်ရာလေးတွေ သုံးသပ်ဆင်ခြင်မှုလေး နောက်က ပါလာတယ်။ ဝိတက်နဲ့ ဝိစာရ ပါတယ်၊ ဘယ်ထိအောင် ထင်ရှားတုံးဆိုရင် သမ္မသနဉာဏ်ပိုင်း၊ ရုပ်နာမ်တွေ ဖြစ်ပျက်ကလေးတွေ ထင်လာလို့ အနိစ္စ- မမြဲဘူး၊ သူက ဒီထိအောင်ထင်ရှားတယ် အဲဒီကျတော့ ပိုထင်ရှားတယ်၊ မမြဲတာ သဘောကျလို့ ထပ်ကာထပ်ကာ ဆင်ခြင်နေတာပဲ၊ ဒီလိုကြောင့် မမြဲတာ၊ ဟိုလိုကြောင့် မမြဲတာ၊ တကယ်မမြဲတာ ဆိုပြီး ထပ်ပြီးတော့ သုံးသပ်ဆင်ခြင်တာ သိပ်ထင်ရှားတယ်။

အဲဒီကနောက် ဥဒယဗ္ဗယဉာဏ်ရောက်လာတော့ အာရုံလေးက သူ့ဟာသူ ပေါ်နေသလိုပဲ၊ စိတ်ကို အာရုံဆီတွန်းပို့နေရတဲ့သဘော မရှိဘူး။ အဲဒီမှာ တရားကိုယ်အားဖြင့်

http://www.dhammadownload.com

ဝိတက် ဝိစာရတွေ ဖြစ်တော့ဖြစ်နေတာ၊ သို့သော် မထင်ရှားဘူး၊ အားမကောင်းတော့ဘူး။ ပီတိ၊ သုခ၊ ဧကဂ္ဂတာ၊ ဒီ ၃-ခု အားကောင်းလာတယ်။

ရှင်သာရိပုတ္တရာ၏ ဒုတိယစျာန်

အခု ဒုတိယစျာန်မှာတော့ ဝိတက်၊ ဝိစာရ လုံးလုံးကင်းသွားတာ၊ မရှိတော့ဘူး။ ကင်းသွားတော့ ဘာဖြစ်လာတုံးဆို အစ္ဈတ္တံ သမ္ပသာဒနံ စေတသော။ အစ္ဈတ္တံ- မိမိသန္တာန်၌၊ သမ္ပသာဒနံ စေတသော- စိတ်ကိုကြည်လင်စေတတ်တဲ့ သဒ္ဓါတရားလည်း ကောင်းတယ်၊ စိတ်ဟာ သိပ်ကြည်လင်နေတယ်။ အစတုံးကတော့ အာရုံပေါ်အောင်လို့ ကြံစည်ရတာနဲ့ ပေါ်လာတဲ့အာရုံ သုံးသပ်ဆင်ခြင်ရတာနဲ့ စိတ်ဟာ မကြည်လင်ဘူးတဲ့၊ စိတ်အား မကောင်းဘူး။ အခုတော့ မကြံရဘဲ မသုံးသပ်ရဘဲနဲ့ အာရုံက ပေါ်ပြီးတော့နေတော့ စိတ်ဟာ ကြည်လို့တဲ့။ ရှုရတဲ့စိတ် ကြည်နေတာရှိတယ်၊ တချို့ယောဂီတွေက ပြောတာ ကြည်နေတယ်တဲ့။ အာရုံထဲမှာ အကြည်ဓာတ်ပေါ်နေတယ်၊ ကြည်နေတယ်။ သဒ္ဓါတရားပါပဲ။

ကြည်တဲ့ သဒ္ဓါရှိတယ်၊ ယုံတဲ့ သဒ္ဓါရှိတယ်၊ နှစ်မျိုးရှိတယ်။ ယုံကြည်တယ်လို့လည်း ခေါ်ရတယ်။ တရားအားထုတ်

http://www.dhammadownload.com

ရာမှာတော့ သဒ္ဓါက စိတ်ကြည်တာပဲ။ ကြည်လင်နေတယ်၊ အာရုံပေါ်အောင်လို့ မကြံရဘူး၊ ပေါ်လာတဲ့အာရုံကိုလည်း မသုံးသပ် မဆင်ခြင်ရတော့ဘူး၊ သူ့အာရုံနဲ့သူ တစ်ခါတည်း ပေါ်ပြီး ထင်ထင်ရှားရှား သိတယ်။ ဒီတော့ စိတ်ကလေးဟာ ကြည်နေတယ်တဲ့၊ ကြည်နေတဲ့ သဒ္ဓါလေး ထင်ရှားတယ်။ တချို့ယောဂီတွေ လွန်လွန်ကဲကဲတွေ့တော့ ပြောကြတယ်၊ မှန်လိုကြည်နေတယ်၊ ကောင်းကင်ထဲမှာ ရောက်နေသလို ကြည်နေတယ်၊ ကြည်တဲ့စိတ်ကလေး တစ်ခုတည်း ဖြစ်နေတယ်။

ဒီစျာန်လေးက ကြည်တယ်တဲ့၊ ပထမစျာန်နဲ့ မတူဘူးတဲ့။ ဝိပဿနာဟာလည်း ရှုခါစဖြစ်တဲ့ အသိဉာဏ်လေးက သိပ်ပြီး မကြည်လင်ဘူး။ သူက အားစိုက်နေရတာကိုး၊ ကြောင့်ကြတွေ သိပ်စိုက်နေရတာကိုး၊ ဒီတော့ မရှင်းလင်းဘူး၊ မကြည်လင်ဘူး။ နောက် အားကောင်းလာတဲ့အခါကျတော့ ရှုရတာ ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်းလေး ဖြစ်လာတယ်၊ စင်စင်ကြယ်ကြယ်လေး ဖြစ်လာတယ်၊ အဲဒီသဘော ပါပဲ။ ဒီစျာန်စိတ်ကလေးက ကြည်နေတယ်တဲ့၊ ကြည်တဲ့သဘော ပါလာတယ်။ သမ္မသာဒနတဲ့။

http://www.dhammadownload.com

စေတသော ဇကောဒိဘာဝံ။ စေတသော- စိတ်၊ ဇကောဒိဘာဝံ- တစ်ခုတည်းဖြစ်လျက် ပွားစေတတ်သော၊ ဒါက အဋ္ဌကထာတွေက ဖွင့်တာ၊ စိတ်ဟာ တစ်ခုတည်း တစ်အာရုံတည်း ဖြစ်ပြီးသကာလ၊ ထပ်ကာထပ်ကာ နလုံးသွင်းတော့၊ ပွားသွားတာလို့ ဒီလိုအဓိပ္ပာယ်ဆိုတယ်။

ဘုန်ကြီးများ သဘောကျတာကတော့ အဲဒီလို မဟုတ်ဘူး။ (ဓ)နဲ့ အနက်ကို သဘောကျတယ်၊ ဇကောဓိ- တစ်ခုတည်းသော အပိုင်းအခြားရှိတဲ့သဘော ပွားစေတယ် ဆိုရင်တော့ ပိုပြီးတော့ကောင်းပါတယ်၊ ဒါ သဘောကျတယ်။ အပိုင်းခြားတစ်ခုတည်းပဲ၊ သမာဓိဆိုရင် တစ်ခါတစ်ခါ တည်ကြည်မှု ကောင်းနေတဲ့အခါ ရှိတယ်၊ တစ်ခါတစ်ခါ သိပ်ပြီးမတည်ကြည်ဘဲနဲ့ ခပ်ပေါ့ပေါ့ ဖြစ်နေတဲ့အခါ ရှိတယ်၊ အပိုင်းအခြား မညီညွတ်ဘူး။ အခုဟာကတော့ ဇကောဓိ- တစ်ခုတည်းသော အပိုင်းအခြားပဲတဲ့။ တစ်ကြိမ်ရှလိုက်လည်း ဒီအတိုင်းပဲ၊ နောက်တစ်ကြိမ်ရှလိုက်လည်း ဒီအတိုင်းပဲ၊ တည်ကြည်မှုဟာ တစ်ချိုးတစ်စားတည်း ဖြစ်နေတယ်။ ဒီအနက် အဓိပ္ပာယ်ဆိုရင်တော့ ယောဂီပုဂ္ဂိုလ်တွေမှာ ပိုနားလည်မယ်လို့ ထင်ပါတယ်။

http://www.dhammadownload.com

ပထမစျာန်တုံးက ပီတိသုခဖြစ်တာကတော့ နီဝရဏတွေ ကင်းသွားလို့တဲ့

ပထမစျာန်တုံးကတော့ ဝိဝေကဇ- နီဝရဏတွေ ကင်းသွားလို့၊ ရှုမှတ်လို့ကောင်းတဲ့အခါမှာ နီဝရဏတွေ ကင်းသွားတာနဲ့ ဝမ်းမြောက်ဝမ်းသာတွေ၊ ပီတိသုခတွေဖြစ်တယ်တဲ့။

ပထမတရားအားထုတ်ခါစက စိတ်တွေက မနိုင်နင်းဘူး။ ဟိုသွားလိုက် ဒီသွားလိုက်နဲ့။ ကာမအလိုဆန္ဒတွေ ဖြစ်လိုက်။ ဗျာပါဒစိတ်ပျက်တာ ဖြစ်လိုက်။ ထိနမိဒ္ဓက ပျင်းလာလိုက်။ ဥဒ္ဓစ္စက ပျံ့လွင့်လိုက်။ ကုက္ကုစ္စက စိတ်နလုံးပူပန်လိုက် ပူပန်စရာလေးတွေတွေးပြီးတော့ ပူပန်လိုက်။ ဝိစိကိစ္ဆာက ယုံမှားတွေဖြစ်လိုက်နဲ့ စိတ်က အသားမကျဘဲ ဖြစ်နေတယ်။ အဲဒီလို အသားမကျဘဲဖြစ်နေတော့ နှစ်သိမ့်အားရမှု ဝမ်းမြောက်မှုဆိုတာ ဘယ်ဖြစ်လိမ့်မတုံး။

အခုတော့ ဝိဝေကရပြီ။ စိတ္တဝိဝေက။ ကိလေသာအာရုံတွေနဲ့ မပူးပေါင်းတော့ဘူးတဲ့၊ ကိလေသာအာရုံတွေကတော့ သူဟာသူ ရှိမှာပေါ့လေ။ ဒီကစိတ်မကူးတော့ အဲဒီအာရုံတွေဆီ မရောက်ဘူး။ ကိလေသာတွေ မဖြစ်ဘူး။ ကာမစ္ဆန္ဒ အစရှိသော တရားတွေ မဖြစ်တော့ဘူးတဲ့။ စိတ်ကလေးက

http://www.dhammadownload.com

ရှုတဲ့စိတ်ကလေးချည်းပဲ။ ဖောင်းတယ် ပိန်တယ် ဒါလေးက လွဲရင် ဘာမှစဉ်းစားမှု မရှိဘူး။

ဈာန်သမထဘက်က လာတဲ့သူဆိုလို့ရှိရင် ဈာန်အာရုံလေးပေါ့။ ကသိုဏ်းဆိုရင် ကသိုဏ်းအာရုံကလေးပေါ့။ ပထဝီကသိုဏ်းဆိုရင်လည်း ပထဝီကသိုဏ်းအာရုံလေးပေါ်မှာ စိတ်ကလေးတည်နေတယ်။ ထွက်သက်ဝင်သက်ဆိုရင်လည်းပဲ ဝင်တဲ့ထွက်တဲ့ အာရုံလေး ဒီမှာပဲ တည်နေတယ်။ အဲဒါ ဝိဝေက။ ကိလေသာအာရုံ ကိလေသာတွေမှ ကင်းဆိတ်ပြီးတော့ နေတာတဲ့။ ပထမဈာန်တုံးကတော့ ဝိဝေကဇ-နိဝရဏ်တွေ ကင်းသွားလို့၊ ရှုမှတ်လို့ ကောင်းတဲ့အခါမှာ နိဝရဏ်တွေကင်းသွားတဲ့အတွက် ဝမ်းမြောက်ဝမ်းသာတွေ၊ ပီတိသုခတွေ ဖြစ်တယ်တဲ့။

ဒုတိယဈာန်မှာ ပီတိသုခဖြစ်တာကတော့
စိတ်တည်ကြည်မှု သမာဓိကြောင့်တဲ့
အခု ဒုတိယဈာန်ကတော့ နိဝရဏ်ကင်းလို့ ဖြစ်တာ မဟုတ်ဘူးတဲ့။ နိဝရဏ်က စောစောကတည်းက ကင်းခဲ့ပြီ။ ဒါကတော့ သမာဓိဈာန်- စိတ်တည်ကြည်မှု သမာဓိကြောင့် ဖြစ်သော၊ ပီတိသုခ- ဝမ်းမြောက်ဝမ်းသာမှု ပီတိသုခရှိသော၊

http://www.dhammadownload.com

စိတ်တည်ကြည်မှု သမာဓိ အားကောင်းလို့တဲ့။ စာန်အာရုံမှာ စိတ်ကလေးက ကပ်ပြီးတော့ ငြိမ်ပြီးတော့ တည်နေတော့၊ အဲဒါ အကြောင်းပြုပြီးတော့ ဝမ်းမြောက်မှုဖြစ်တယ်တဲ့၊ စိတ် ချမ်းသာမှု ဝမ်းသာမှုတွေ ဖြစ်တယ်တဲ့၊ ဒီစာန်မှာ ပီတိသုခ လေးပါတယ်တဲ့။

ဝိပဿနာမှာ သမ္မသနဉာဏ်တိုင်အောင် ပီတိသုခ တွေက ဒီလောက် မထင်ရှားသေးဘူး။ အခု ဥဒယဗ္ဗယဉာဏ် ရောက်လာပြီဆိုရင်တော့ ယောဂီပုဂ္ဂိုလ်တွေမှာ စိတ်ကလေး ကလည်း ငြိမ်နေပြီကိုး၊ ဘာမှတ်ရမှတ်ရ အာရုံလေးမှာ ကပ်ခနဲ ကပ်ခနဲ ကျနေတော့ သမာဓိကြောင့်ဖြစ်တဲ့ ပီတိသုခ တွေ ဖြစ်လာတာ။ ဝမ်းမြောက်ဝမ်းသာမှုတွေ ဖြစ်လာတာ၊ တချို့က ဒီရောက်လို့ရင် ဝမ်းမြောက်ဝမ်းသာတွေ အများကြီး ဖြစ်တယ်၊ ဝိပဿနာကလည်း စာန်ဖြစ်ပုံနဲ့ ခပ်ဆင်ဆင် လေးပဲ။

သမာဓိဇံ- သမာဓိကြောင့်ဖြစ်သော၊ ပီတိသုခံ- ဝမ်းမြောက်ဝမ်းသာမှု ချမ်းသာမှု ပီတိသုခရှိသော၊ ဒုတိယံ စာနံ- ဒုတိယစာန်သို့၊ ဥပသမ္ပဇ္ဇ- ရောက်၍ ဝါ ပြည့်စုံစေ၍၊ ဝိဟရတိ- နေ၏။ အဲဒီစာန် ဝင်စားနေတယ်။ ဒုတိယေ စာနေ- ဒုတိယစာန်၌၊ ယေ စ ဓမ္မာ- အကျင့်တရားတို့သည်လည်း၊

http://www.dhammadownload.com

ဥပပဇ္ဇန္တိ- ဖြစ်ပေါ်ကုန်၏။ ဒုတိယစျာန်မှာ ဒီတရားတွေ ပါဝင်ပြီးတော့ ဖြစ်ကြတယ်။ ဘာတွေတုံးဆိုတော့ အဇ္ဈတ္တံ- မိမိသန္တာန်၌၊ သမ္မသာဒေါ စ- ကြည်လင်သော သဒ္ဓါလည်းကောင်း၊ မိမိသန္တာန်၌ စိတ်ကြည်လင်တဲ့သဘောလေး ပါတယ်တဲ့။ ထူးထူးခြားခြားပဲ၊ ဒီစျာန်မှာ စိတ်ကလေးကြည်ပြီးတော့နေတာ အထင်ရှားတွေ့ရတယ်။ ဒါတစ်ခုပဲ ထူးပါတယ်။ နောက်ဟာတွေက မထူးပါဘူး။ ပီတိစ- ပီတိလည်းပါတယ်၊ သုခံစ- သုခလည်း ပါတယ်။ စိတ္တေကဂ္ဂတာ စ- စိတ်၏တည်ကြည်ခြင်းဧကဂ္ဂတာလည်းပါတယ်။ ပထမစျာန်တုံးကပါတဲ့ ပီတိ၊ သုခ၊ ဧကဂ္ဂတာ အတူတူပါပဲ။ ဒီမှာ သမ္မသာဒတစ်ခု တိုးလာတယ်။

နောက် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် ဖဿပဉ္စမကတရား ၅-ပါး။ ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ ၆-ပါး။ ပထမစျာန်တုံးက အတိုင်းပါပဲ။ ထို ၁၆-ပါးမှာ ဝိတက်၊ ဝိစာရ ၂-ခုလျှော့လိုက်တာနဲ့ ၁၄-ပါး ကျန်တော့တာ၊ နောက် သမ္မသာဒတစ်ခု ထပ်ထည့်လိုက်တော့ ၁၅-ပါး ပြန်ဖြစ်လာတယ်။

အဲဒီ ၁၅-ပါးသောတရားတွေက ဒုတိယစျာန်မှာ ပါဝင်တဲ့ တရားတွေပေါ့။ ရှင်သာရိပုတ္တရာက အစဉ်အတိုင်း ပိုင်းခြားပြီးတော့ ရှုနိုင်ပါတယ်တဲ့။ ကြည်လင်တဲ့ စိတ်ကလေး

http://www.dhammadownload.com

နဲ့ သဒ္ဓါတရားတွေလည်း ရှိနိုင်ပါတယ်တဲ့။ နောက်ပြီးတော့ ပီတိ- ဝမ်းမြောက်မှုဖြစ်တာလည်း သူ ရှိနိုင်တယ်၊ သုခ- စိတ် ချမ်းသာမှုဖြစ်တာလည်း သူ ရှိနိုင်တယ်၊ ဇကဂ္ဂတာ- စိတ် တည်ကြည်မှုလေးဖြစ်တာလည်း သူ ရှိနိုင်တယ်၊ အာရုံနဲ့ စိတ်နဲ့ တွေ့တဲ့ဖဿလည်း ရှိနိုင်တယ်၊ ဝေဒနာလည်း ရှိနိုင်တယ်၊ ခံစားမှုဝေဒနာ ခုနက သုခ- ချမ်းသာနေတဲ့ ဝေဒနာပါပဲ၊ စိတ်ရှင်လန်း ချမ်းသာနေတယ်။

နောက်ပြီးတော့ သညာ- မှတ်သားမှုလေးလည်း ရှိနိုင်တယ်။ စျာန်အာရုံလေး မှတ်သားမှု။ စေတနာ- စေ့ဆော်မှုအားပေးတိုက်တွန်းမှုတွေ ဒါလည်း ရှိနိုင်တယ်။ စိတ်- အာရုံကို သိတဲ့စိတ်ကလေး၊ ပြီးတော့ ဆန္ဒ- လိုလားတဲ့သဘော၊ အဓိမောက္ခ- ဆုံးဖြတ်တဲ့သဘော၊ ဝီရိယ- အားထုတ်တဲ့သဘော၊ သတိ- အမှတ်ရတဲ့သဘော၊ ပြီးတော့ ဥပေက္ခာ- အညီအမျှဖြစ်စေတဲ့သဘော၊ မနသိကာရ- အာရုံဆီကို ရှေးရှုတဲ့သဘော။ အဲဒီတရား ၁၅-ပါးကို အစဉ်အတိုင်း ရှိနိုင်ပါတယ်တဲ့။ တစ်ခုစီ တစ်ခုစီ အစဉ်အတိုင်း ပိုင်းခြားပြီး ရှိနိုင်ပါတယ်။ ဒါက ရှင်သာရိပုတ္တရာကိုး။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမထေရ် ရွှေသာ ဒုတိယစျာန်၌ ပါဝင်သော တရားများ

ဒီစျာန်မှာလည်းပဲ တရားကိုယ်တွေကတော့ တွက်လိုက်မယ်ဆိုလို့ရှိရင် စေတသိက်တွေ သဗ္ဗစိတ္တသာဓာရဏာ စေတသိက် ၇-ခုရှိတယ်။ ပကိဏ်းစေတသိက် ၆-ခုရှိတယ်။ ပြီးတော့ သောဘနသာဓာရဏာစေတသိက် ၁၉-ခုရှိတယ်။ အမောဟက ၁-ခု။ ကရုဏာနဲ့ မုဒိတာ ၂-ခု။ ပေါင်းလိုက်တော့ ၃၅-ပေါ့။ စျာန်စိတ်မှာ ၃၅-ပါးသောတရားတွေ ယှဉ်နိုင်တယ်။ အခုက ကရုဏာ မုဒိတာစျာန် ဟုတ်ချင်မှဟုတ်မှာ၊ အဲဒီတော့ ၃၃-ပါး ရှိတယ်။ စိတ်ကိုပါ ထည့်လိုက်မယ်ဆိုရင် ၃၄-ပါး ရှိတယ်။ ဒီတရားတွေပေါင်းပြီးတော့ ဖြစ်တယ်။ စျာန်စိတ် ဖြစ်တယ်ဆိုရင် ၃၄-ပါးသောတရားပဲ။

ဒီ ဒုတိယစျာန်မှာ ဝိတက်နဲ့ဝိစာရ နှတ်လိုက်တော့ စိတ်နဲ့တကွ ၃၂-ပါး ရှိပါတယ်။ အဲဒီ ၃၂-ပါးသော တရားကိုယ်တွေထဲက ရှင်သာရိပုတ္တရာရှုတာက အခု ၁၅-ပါးဆိုပေမယ့် သုခနဲ့ ဝေဒနာ ၂-ခုက ထပ်နေသေးတော့ ၁၄-ပါးပဲ ရှိပါတယ်။ တရားတွေ အများကြီးပဲ ကျန်ပါသေးတယ်။ ဒါပေမယ်လို့ ရှင်သာရိပုတ္တရာက အဲဒီ ၁၄-ပါးသောတရားကိုသာလျှင်

http://www.dhammadownload.com

အစဉ်အတိုင်း ရှုတယ်လို့ ဒီသုတ်ကဟောထားပါတယ်။ ရှင်သာရိပုတ္တရာမို့ ဒီလောက် ရှုနိုင်တာ။

ဒုတိယစျာန်၌ ပါဝင်သော ထိုတရားများ၏ စ၊ လယ်၊ ဆုံး အကုန်လုံးသိတယ်။

တျာသ ဓမ္မာ ဝိဒိတာ ဥပ္ပဇ္ဇန္တိ ဝိဒိတာ ဥပဋ္ဌဟန္တိ ဝိဒိတာ အဘ္ဘတ္ထံ ဂစ္ဆန္တီ။ တေ ဓမ္မာ- ထို ၁၄-ပါး၊ ၁၅-ပါးသော တရားတို့သည်၊ အသ- ထိုသာရိပုတ္တရာအား၊ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ ဥပ္ပဇ္ဇန္တိ- ဖြစ်ပေါ်ကုန်၏။ ဖြစ်စလေး လည်း သိတယ်၊ ဖြစ်ပေါ်လာတာလည်း သိတယ်။ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ ဥပဋ္ဌဟန္တိ- တည်ကုန်၏။ တည်နေတာ လည်း သိတယ်။ ဝိဒိတာ- ထင်ရှားသိအပ်ကုန်သည်ဖြစ်၍၊ အဘ္ဘတ္ထံ ဂစ္ဆန္တိ- ချုပ်ပျက်ခြင်းသို့ ရောက်လေကုန်၏။ ချုပ်ပျက်သွား ဆုံးသွားတာလေးလည်း သိတယ်။ ဒီတရားတွေ စပေါ်လာတာလည်း သိတယ်၊ အလယ်ပိုင်း တည်နေတာလည်း သိတယ်၊ ဆုံးသွားတာလည်း သိတယ်၊ ဒါ သိရတယ်။ အရေးကြီးတယ်။

http://www.dhammadownload.com

ဝိပဿနာရှုတယ်ဆိုတာ စ၊ လယ်၊ ဆုံး
အကုန်လုံးသိအောင်လို့ရှုနေရတာ
ဝိပဿနာရှုတယ်ဆိုတာ ဒါကိုသိအောင်လို့ ရှုနေရ
တာ၊ ဖောင်းတာလေး စပေါ်လာတာနဲ့ အလယ်ပိုင်းနဲ့ အဆုံး
ပိုင်းနဲ့ ဒီလိုသိတာပဲ။ ပထမရှုခါစပုဂ္ဂိုလ်က မှတ်ရမယ်ဆိုလို့
သာ မှတ်နေတာ၊ ဘာမှမသိသေးဘူး။ အစလည်း မသိဘူး၊
အဆုံးလည်း မသိဘူး၊ အလယ်ပိုင်းတော့ဖြင့် သိတယ်လို့
ဆိုရမှာပေါ့လေ။ တောက်လျှောက်ကြီး တစ်ဆက်တည်း ဖြစ်
နေတယ်။ မဖောင်းခင်ကတည်းက ဒီဖောင်းတာနဲ့တကွ
ကိုယ်ကြီး တစ်ဆက်တည်းဖြစ်နေတယ်လို့ ထင်တယ်။
ဖောင်းတာဆုံးသွားတဲ့နောက်လည်း ဒီကိုယ်ကြီး ရှိသေးတယ်
လို့ ထင်နေတာပဲ။ ပိန်တယ်လို့ မှတ်ရမယ်ဆိုလို့သာ မှတ်
နေရတာ ဒီဗိုက်နဲ့ ဒီကိုယ်ကတော့ ဒီလိုပဲရှိနေသေးတယ်။
ဒီလို ထင်နေတယ်။ အဲဒီတော့ စအားထုတ်ခါစပုဂ္ဂိုလ်က စ၊
လယ်၊ ဆုံး၊ သုံးပိုင်းလုံး ပိုင်းခြားပြီး မသိသေးပါဘူး။

စကားမို့သာ တချို့က ပြောနေကြတာ၊ ဒါ တို့လည်း
သိနေတာပဲလို့၊ ဘယ်သိလိမ့်မှာတုံး။ တကယ်ရှုကြည့်တဲ့အခါ
ကျ ရှုနေတာတောင်မှ တော်တော်နဲ့မသိဘူး။ နာမရူပ
ပရိစ္ဆေဒ၊ ရုပ်နဲ့နာမ်နဲ့ သဘောတရားလေးမိအောင်လို့ ပိုင်းခြား

http://www.dhammadownload.com

သိအောင်လို့ မှတ်နေရတာ အကြာကြီးပဲ၊ စ လယ် ဆုံး ဘယ် သိလိမ့်ဦးမှာတုံး။ နောက်ကျတော့ သမာဓိဉာဏ်ရင့်လာမှ အစလေး ပေါ်လာတယ်။ အဆုံးလေး ပေါ်လာတယ်။ အလယ် ပိုင်းရောပဲ။ နောက်တစ်ခု စပေါ်လာတယ်၊ အလယ်ပိုင်းလည်း ရှိတယ်၊ ဆုံးသွားပြီ။ အဲဒီလို အစ အလယ် အဆုံး သုံးပါးစလုံး ပိုင်းခြားပြီးတော့ သိလာတဲ့အခါမှာ သမ္မသနဉာဏ် ဖြစ်တာ။ အနိစ္စ- မမြဲတဲ့ တရားတွေပဲ။

ထိုတရားတို့သည် မရှိကုန်ပဲ ဖြစ်ပေါ်လာကုန်၏။
ဖြစ်ပေါ်ကုန်ပြီး၍ ချုပ်ပျောက်သွားလေကုန်၏။

သော ဇဝံ ပဇာနာတိ ဇဝံ ကိရမေ ဓမ္မာ အဟုတ္ဝာ သမ္ဘောန္တိ ဟုတ္ဝာ ပဋိဝေန္တိတိ။ သော- ထိုသာရိပုတ္တရာသည်၊ ဇဝံ ပဇာနာတိ- ဤသို့ အပြားအားဖြင့် သိ၏။ ဇဝံ ကိရ- ဤသို့ ပင်တည်း။ ကြမေ ဓမ္မာ- ဤတရားတို့သည်၊ အဟုတ္ဝာ- အစက မရှိကုန်သေးဘဲ၊ သမ္ဘဝန္တိ- အသစ်ဖြစ်ပေါ်လာကုန်၏။ ဟုတ္ဝာ- ဖြစ်ပေါ်ကုန်၍ ရှိကုန်ပြီး၍၊ ပဋိဝေန္တိ- တစ်ဖန် ပျောက် သွားလေကုန်၏။ ကတိ- ဤသို့၊ ပဇာနာတိ- အပြားအားဖြင့် သိ၏။

http://www.dhammadownload.com

ဒီ ၁၄-ပါး၊ ၁၅-ပါးသော တရားတော်တွေဟာ စျာန်အတွင်းက ဖြစ်တဲ့တရားတွေပေါ့လေ။ ဒါတွေ အစကမရှိသေးဘဲ အခုမှအသစ် ဖြစ်လာတာပဲ၊ ဖြစ်ပြီးတော့လည်းပဲ ပျောက်သွားတာပဲလို့၊ မမြဲတဲ့တရားပဲပေါ့။ မမြဲသောတရားဆိုတာ အနိစ္စလို့ ဒီမှာတိုက်ရိုက် မဟောဘူး၊ ဖြစ်ပြီးပျောက်သွားတာပဲလို့ ဒီလိုသိနေတယ်။ ဒီလိုသိတာ အနိစ္စပဲ၊ အတူတူပါပဲ။ အနိစ္စကို ရှု၏။ ဒုက္ခကို ရှု၏။ အနတ္တကို ရှု၏လို့ ဒီမှာမပါဘူး။

အဟုတ္တာ- မရှိကုန်သေးမူ၍၊ သမ္ဘဝန်္တိ- ဖြစ်ပေါ်လာကုန်၏။ အစကမရှိသေးဘဲနဲ့ အသစ်ဖြစ်လာတာ၊ ဒါ ထူးတယ်။ ပကတိပုဂ္ဂိုလ်တွေက အဲဒီလို မသိဘူး၊ ကိုယ်ရုပ်ကြီးဟာ အခုမှဖြစ်လာတယ်လို့ မထင်ဘူး။ အစကတည်းက ရှိနေတယ်လို့ ထင်နေတာ။ မွေးကတည်းက ဒီကိုယ်ကြီးက ရှိလာတယ်လို့ ထင်နေတာ၊ တဖြည်းဖြည်း အခုအရွယ် ရောက်လာတာ။ ငယ်ငယ်တုံးကရှိတဲ့ လက်ပဲ၊ ခြေပဲ၊ ကိုယ်ပဲ၊ ခေါင်းပဲ၊ ဒီလိုထင်နေတာကိုး။ စိတ်ကလည်း ငယ်ငယ်တုံးက ရှိတဲ့စိတ်ကပဲ အခုဒီအတိုင်းပဲ ရှိနေတာပဲ၊ ငယ်ငယ်တုံးကရှိတဲ့စိတ်ကပဲ အခုလျှောက်ပြီးတော့ သိနေတယ်၊ ဒီလိုအောက်မေ့နေတယ်။ ဒီတော့ အခုမှ အသစ်ဖြစ်လာတယ်လို့ မထင်ဘူး။

http://www.dhammadownload.com

စာပေကျမ်းဂန်အရအားဖြင့်တော့ ပြောကြရတာပေါ့။ ခန္ဓာငါးပါးတရားတွေ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တာပဲ၊ ခဏမစဲ ဖြစ်ပျက်နေတာပဲ၊ ဒီလိုတော့ပြောနေတယ်။ ကိုယ့်စိတ်ထဲ ထင်တာမှ မဟုတ်ဘဲ။ သာမန်ပုဂ္ဂိုလ်မပြောနဲ့၊ ကမ္မဋ္ဌာန်းဆရာတောင်မှ တချို့ပုဂ္ဂိုလ် မထင်ဘူး။

ကိုယ်ကိုယ်တိုင် သိရမှာ။ ကိုယ်ကိုယ်တိုင် သိရအောင် အခုဒီမှာ ဝိပဿနာတရား အားထုတ်ရတယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် ပေါ်တိုင်းပေါ်တိုင်းလေးတွေ လိုက်ပြီးတော့ ရှုနေရတယ်။ ရုပ်နာမ်တရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ပြီးရှုရတယ်။ ရှုဖန် များလာတဲ့အခါကျတော့ အဲဒီရှုရတဲ့သဘောလေးတွေ အစပေါ်လာတာလည်း တွေ့တယ်။ တွေ့ပြီး ပျောက်သွား၊ မရှိဘူး။ တကယ်စူးစိုက်ပြီးတော့ ဖြစ်ခိုက်ဖြစ်ခိုက်လေးတွေ ရှုမှတ်နေရင် အစ ဖြစ်ပေါ်လာတာလည်း သိပါတယ်၊ ပျောက်သွားတာလည်း သိပါတယ်။

ရှင်သာရိပုတ္တရာက စာန်တရားတွေ ဖြစ်တိုင်း ဖြစ်တိုင်း ရှုနေတာကိုး၊ စာန်ဝင်စားလိုက် စာန်စိတ်ကို ရှုလိုက်၊ စာန်ဝင်စားလိုက် စာန်စိတ်ကို ရှုလိုက်၊ စာန်စိတ်က စောစောက မရှိသေးဘူး၊ အခုမှ ဖြစ်လာတာပဲ၊ ဒီစိတ်ဟာလည်း ပြီးတော့ မရှိပြန်ဘူး၊ ဒီတော့ အဲဒီတရားတွေ အစလည်း သိ

http://www.dhammadownload.com

တယ်။ တေဓမ္မာ- ထိုတရားတို့သည်၊ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ ဥပပဇ္ဇန္တိ- ဖြစ်ပေါ်ကုန်၏။ ဖြစ်ပေါ်လာတာလည်း သိပါတယ်တဲ့။ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ ဥပဋ္ဌာန္တိ- တည်ကုန်၏။ တည်နေတာလည်းသိတယ်။ ဝိဒိတာ- သိအပ်ကုန်သည်ဖြစ်၍၊ အတ္ထင်္ဂတွဲ ဂစ္ဆန္တိ- ချုပ်ပျောက်ခြင်းသို့ ရောက်ရလေကုန်၏။ ကွမေ ဓမ္မာ- ဤတရားတို့သည်၊ အဟုတ္ဝာ- အစက မရှိကုန်ဘဲ၊ သမ္ဘဝန္တိ- ဖြစ်ပေါ်လာကုန်၏။ ဟုတ္ဝာ- ဖြစ်ပေါ်လာကုန်ပြီး၍၊ ပဋိဂေန္တိ- ပျောက်ပျက်သွားကြလေကုန်၏။ ကွတိ- ဤသို့၊ ပဇာနာတိ- အပြားအားဖြင့် သိလေ၏။

ဒီတရားတွေက အစကမရှိဘဲနဲ့ ဖြစ်ပေါ်လာတာ၊ ဖြစ်ပေါ်ပြီးတော့လည်း ပျောက်သွားတာပဲလို့ သိတယ်။ ဒါ မမြဲဘူးလို့ သိနေတာပါပဲ။ အနိစ္စလို့ မဆိုပေမယ့်လို့ မမြဲဘူး သိတယ်။ ဖောင်းတယ်ပိန်တယ်မှတ်တာ ဖောင်းစလေး ပေါ်လာလိုက် ပျောက်သွားလိုက် မမြဲတာပေါ့၊ ပိန်စလေး ပေါ်လာလိုက် ပျောက်သွားလိုက်၊ မမြဲတာပေါ့။ ကိုယ်ထဲမှာ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာလေး ပေါ်လာလိုက် ညောင်းတယ်မှတ်ရင်း ပျောက်သွားရင်း မရှိဘူး၊ မမြဲတာပေါ့။ ပူရင် ပူတယ်မှတ်ရင်း ပျောက်သွားပြီ၊ စိတ်ကူးလေးတွေ ပေါ်လာလိုက် ဟိုရောက်လိုက် ဒီရောက်လိုက် သွားတယ် ရောက်

http://www.dhammadownload.com

တယ် မှတ်ရင်း မရှိဘူး၊ ပျောက်သွားပြီ။ ကွေးချင်တယ် မှတ်လိုက် ပျောက်သွားပြီ၊ ဆန့်ချင်တယ် မှတ်လိုက် ပျောက်သွားပြီ၊ အဲဒါ မမြဲတာ သိနေတာပဲ၊ အနိစ္စာနုပဿနာဉာဏ်တွေပဲ။ အဲဒီလို သိရမှာပေါ့။

ဒုတိယစျာန်တရားထက် လွန်ကဲတဲ့
ထွက်မြောက်ကြောင်းတရားလည်း ရှိသေးတယ်။

သော အတ္ထိ ဉတ္တရိ နိဿရဏန္တိ ပဇာနာတိ။ သော-ထိသာရိပုတ္တရာသည်၊ ဉတ္တရိ- အထက်၌၊ နိဿရဏံ-ထွက်မြောက်ကြောင်းတရားသည်၊ အတ္ထိ- ရှိ၏။ ကွတိ- ဤသို့၊ ပဇာနာတိ- သိ၏။ ဒီတရားထက် လွန်ကဲတဲ့ ထွက်မြောက်ကြောင်း တရားလည်း ရှိသေးတယ်။ ဇာတ်လမ်း မဆုံးသေးဘူး ဆိုတာလည်းပဲ ရှင်သာရိပုတ္တရာ သိပါတယ်။ တဗွဟုလိကာရာ အတ္ထိတွေဝသေ ဟောတိ။ တဗွဟုလိကာရာ-ထိသို့ဆင်ခြင်ခြင်းကို ကြိမ်ဖန်များစွာပြုခြင်းကြောင့်၊ ဉတ္တရိ နိဿရဏံ- အထက်၌ လွတ်မြောက်ကြောင်းတရားသည်၊ အတ္ထိ- ရှိ၏။ ကွတိ- ဤသို့သာလျှင်၊ အသ- ထိုသာရိပုတ္တရာအား၊ ဟောတိ- ဖြစ်လေ၏။ အဲဒါလေး ထပ်ကာ ထပ်ကာ နလုံးသွင်းတော့၊ သေသေချာချာကြည့်တော့ ဒီထက်မြင့်မြတ်

http://www.dhammadownload.com

တဲ့တရား ရှိသေးတယ်တဲ့။ ဇာတ်လမ်းမဆုံးသေးဘူးဆိုတာ ပိုင်ပိုင်နိုင်နိုင်ကြီး ဆုံးဖြတ်ပြီးတော့ သွားပါတယ်။ ဒါ ဒုတိယ ချာန်ကိုး။

ရှင်သာရိပုတ္တရာ၏ တတိယချာန်

နောက် တတိယချာန်တွေကျတော့ ခပ်ကျဉ်းကျဉ်း သွားကြစို့ရဲ့။ နည်းသိလောက်ပါပြီ။ တတိယချာန်ဆိုတော့ ပီတိယာစ ဝိရာဂါ- ပီတိကင်းပြီးတော့ ဝမ်းမြောက်မှု မရှိတော့ ဘူး။ ဝမ်းမြောက်တက်ကြွတဲ့သဘော မရှိဘူးတဲ့၊ ပီတိယာစ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ- ပီတိဖြစ်နေရင် လျစ်လျူ မရှုနိုင်ဘူး၊ အညီအမျှ မရှုနိုင်ဘူး၊ တော်တော်ထင်ရှားပါတယ်။ ကိုယ်လိုချင်တာလေး တစ်စုံတစ်ခု ရလာတဲ့အခါကျတော့ ဝမ်း မြောက်တာကိုး။ ဝမ်းမြောက်တော့ မျက်နှာတွေ အမူအရာ တွေ တစ်မျိုးတစ်မည် ဖြစ်လာတာပါပဲ။ တည်တည်တံ့တံ့ မဖြစ်နိုင်ဘူး။ ပီတိ မရှိတဲ့အခါကျတော့ ဥပေက္ခကော- အညီ အမျှ ရှုနိုင်တယ်တဲ့။ လျစ်လျူရှုနိုင်တယ်၊ ဣန္ဒြေရတယ်၊ အဲဒါ အရေးကြီးတယ်။

အခု တတိယချာန် ရောက်တဲ့ပုဂ္ဂိုလ်ကတော့ ပီတိ အပြစ်မြင်ပြီး သူ ရှုတာကိုး။ တရားဆိုတာ လေ့လာဖန်များ

http://www.dhammadownload.com

တော့ ရင့်ကျက်သွားတော့ ဒီ ပီတိပျောက်သွားတာပေါ့။ ပီတိက နူးညံ့တဲ့သဘောကလေး ဖြစ်နေတာပေါ့။ ဒီတော့ ပီတိယာစ- ပီတိကိုလည်း၊ ဝိရာဂါ- စက်ဆုပ်ခြင်းကြောင့်၊ ပီတိကင်းအောင်ကျင့်လို့ ပီတိကင်းသွားပြီ။ ဥပေက္ခကော စ- အညီအမျှ လျစ်လျူရှုသည်ဖြစ်၍၊ ဝိဟရတိ- နေနိုင်တယ်တဲ့။ သတော စ- အမှတ်ရသည်ဖြစ်၍ဌင်း၊ သမ္ပဇာနော စ- ပညာဆင်ခြင်နှင့် ပြည့်စုံသည်ဖြစ်၍ဌင်း၊ ဝိဟရတိ- နေနိုင်တယ်။ သတိတရားနဲ့ ထိန်းသိမ်းနိုင်တယ်။ သတိတရားနဲ့ဆိုတော့ ဝမ်းမြောက်စရာ ဝမ်းသာစရာတွေပေမယ်လို့ ဝမ်းမြောက်ဝမ်းသာ မဖြစ်ဘူး။ လျစ်လျူရှုပြီး နေနိုင်တယ်၊ သတိလေးနဲ့၊ သတိအထိန်းလေး ရှိတယ်။ အရေးကြီးပါတယ်၊ ကိုယ်တိုင်အတွေ့.လေးတွေနဲ့ စဉ်းစားကြည့်မှ ပေါ်တယ်။ ဟုတ်တယ်။ ပီတိတွေ လွှမ်းမိုးပြီးဖြစ်တဲ့အခါကာလမှာ ဒီသတိလေးက ရှိပင်ရှိငြားသော်လည်း ဒီသတိလေးက အားနည်းနေတယ်။ လုံးလုံးလည်း ကင်းသွားတတ်တယ်၊ သတိ အားကောင်းနေတဲ့ အခါကာလမှာ ပီတိဝမ်းမြောက်မှုတွေက လုံးလုံးမဖြစ်ပဲရင်လည်း နေတယ်၊ ဖြစ်တောင်မှ အားကြီးကြီးမဖြစ်ဘူးတဲ့။ နည်းနည်းပဲ ဖြစ်မယ်။ ဒါ အရေးကြီးပါတယ်။

http://www.dhammadownload.com

အခု တတိယစျာန်ရောက်တဲ့အခါကျတော့ ပီတိ ကင်းသွားပြီတဲ့။ သတိသမ္ပဇဉ်နဲ့လည်း ပြည့်စုံပြီးနေတယ်တဲ့။ ဒါကြောင့် စျာန်စိတ်က လျစ်လျူရှုပြီးတော့ ကွန်ဇြေရနေတယ်၊ ခန့်ခန့်ညားညား ဖြစ်နေတယ်ပေါ့လေ။ သုခဆ္ဆ ကာယေန ပဋိသံဝေဒေတိ။ သုခဆ္ဆ- ချမ်းသာကိုလည်း၊ ကာယေန-ကိုယ်ဖြင့်၊ ပဋိသံဝေဒေတိ- ခံစားရ၏။ ပီတိမရှိတော့ စိတ်ချမ်းသာမှုက ပိုထင်ရှားလာတယ်တဲ့။ စိတ်ချမ်းသာတယ်တဲ့၊ ပီတိရှိတုံးကတော့ ဝမ်းမြောက်မှုတွေက လွန်နေတာကိုး၊ ချမ်းသာမှုတွေ သိပ်မထင်ရှားဘူး၊ အခု ချမ်းသာမှု ထင်ရှားလာတယ်၊ နာမ်ကိုယ်ကစပြီး ထင်ရှားလာတယ်။ နောက် ရုပ်ကိုယ်ရော ချမ်းသာမှုတွေ ထင်ရှားလာတယ်။

အခု ဝိပဿနာယောဂီပုဂ္ဂိုလ်တွေ ဥဒယဗ္ဗယဉာဏ် အနုပိုင်းကတော့ အရောင်အလင်း၊ ပီတိ ပဿဒ္ဓိတွေနဲ့ ဝမ်းမြောက်ဝမ်းသာလို့ စိတ်တွေတက်ကြွနေတဲ့ အခါကျတော့ သုခက ဒီလောက်မထင်ရှားဘူး၊ သုခလည်း ပါတော့ပါတယ်။ ပီတိက လွှမ်းမိုးနေတယ်၊ ဝမ်းမြောက်မှုတွေက လွှမ်းမိုးနေတယ်။ ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းမှာ ဝမ်းမြောက်မှုတွေ လွန်သွားတဲ့အခါကျတော့ စိတ်ကလေးဟာ ငြိမ်ငြိမ်သက်သက်နဲ့ ချမ်းသာနေတဲ့သဘောလေး ထင်ရှားလာတယ်တဲ့။

http://www.dhammadownload.com

သုခဋ္ဌ ကာယေန ပဋိသံဝေဒေတိ။ သုခဋ္ဌ- ချမ်းသာကိုလည်း၊ ကာယေန- ကိုယ်ဖြင့်၊ ကာယေန- နာမကာယဖြင့် ဝါ နာမကာယ ရူပကာယ နှစ်ပါးလုံးဖြင့်၊ ပဋိသံဝေဒေတိ- ခံစားရ၏။ ကိုယ်ထဲမှာ တစ်ခါတည်း ငြိမ်ငြိမ်သက်သက်နဲ့ချမ်းသာနေတာကောင်းတယ်၊ ဘယ်လိုကောင်းမှန်း မသိဘူး။ တချို့ယောဂီပုဂ္ဂိုလ်တွေ ပြောပါတယ်။ ထိုင်နေလည်း ကောင်းနေတာပဲ၊ စင်္ကြံလျှောက်နေလည်း ကောင်းနေတာပဲ။ ကွေးလိုက်၊ ဆန့်လိုက်၊ လှုပ်ရှားလိုက် ဒီလိုလည်းကောင်းနေတာပဲ။ ဘယ်အချိန်မဆို ကောင်းနေတာပဲ။ တစ်ကိုယ်လုံး ပျံ့နှံ့ပြီး ကောင်းနေတာလို့ ဆိုတာကိုး။ တချို့ယောဂီပုဂ္ဂိုလ်က သုခကိုလွန်လွန်ကဲကဲ တွေ့တတ်ပါတယ်။

ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီ။ ယံ- အကြင် တတိယစျာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ အရိယာ- ဘုရားအစရှိသော အရိယာအပေါင်း သူတော်ကောင်းတို့သည်၊ အာစိက္ခန္တိ- ချီးမွမ်းပြောကြားကြလေကုန်၏။ ဥပေက္ခကော သတိ မာ သုခဝိဟာရီ။ သတိမာ- သတိရှိသည်ဖြစ်၍၊ ဥပေက္ခကော- လျစ်လျူရှုလျက်၊ သုခဝိဟာရီ- ချမ်းသာစွာ နေလေ့ရှိပါပေ၏။ ဣတိ- ဤသို့၊ အာစိက္ခန္တိ- ချီးမွမ်းပြောကြားကြလေကုန်၏။ ဒီ တတိယစျာန်နဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်

http://www.dhammadownload.com

ဟာ သတိလည်းမကင်းဘဲနဲ့ သမ္မဇဉ်ရှိပြီးတော့ လျစ်လျူရှုပြီးတော့ အညီအမျှ ချမ်းချမ်းသာသာ နေရတယ်တဲ့။ ဝမ်းမြောက်ပြီး စိတ်တွေကြွနေတာလည်း မဟုတ်ဘူးတဲ့။ ကုန်နေရရလေးဖြစ်နေတယ်။ အဲဒါကို ချီးမွမ်းတော်မူကြတယ်တဲ့။

တတိယံ စာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ရှင်သာရိပုတ္တရာ တတိယစျာန် ရောက်ပြီးတော့ နေတယ်။ ဘုန်းကြီးက စျာန်လမ်းမဟုတ်လို့ ဒီမှာတော့ တိုက်ရိုက်ဟောလို့ မဖြစ်ဘူး။ ဝိပဿနာကလည်း ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းကျတော့ ပီတိကင်းသွားတယ်၊ သုခနဲ့ ဇကဋ္ဌတာနဲ့ စိတ်တည်ကြည်မှုတွေ ချမ်းသာမှုတွေ လွန်ကဲနေတယ်။ စိတ်ချမ်းသာပြီးတော့ စိတ်ထဲမှာလည်း ကောင်းတယ်၊ ကိုယ်ထဲမှာလည်း ကောင်းတယ်၊ ကောင်းတဲ့သဘောတွေ ထင်ရှားတယ်။ အဲဒါက တတိယစျာန်နဲ့ သဘောအားဖြင့် တူပါတယ်။

ရှင်သာရိပုတ္တရာမထေရ် ရှသော တတိယစျာန်၌ ပါဝင်သော တရားများ

အခု ရှင်သာရိပုတ္တရာက အဲဒီစျာန်ကို ရောက်နေတယ်တဲ့။ အဲဒီ တတိယစျာန်မှာ သတိနဲ့သမ္မဇဉ် ၂-ခု ထပ်ထည့်ပါတဲ့။ ယေ စ တတိယေ စာနေ ဓမ္မာ သုခဋ္ဌ သတိ စ

http://www.dhammadownload.com

သမ္မဇဉ္ဆ စိတ္တေကဂ္ဂတာ စ ဖဿော ဝေဒနာ သညာ စေတနာ စိတ္တံ ဆန္ဒော အဓိမောက္ခော ဝီရိယံ သတိ ဥပေက္ခာ မနသိကာရောတဲ့။ ၁၅-ပါးပဲ ရှိပါတယ်။ သုခနဲ့ ဧကဂ္ဂတာ စျာန်အင်္ဂါ ၂-ပါး၊ ပီတိမပါဘူး၊ သမ္မသာဒမပါဘူး။ နောက်ပြီး ဒီမှာတိုးတာ သတိနဲ့ သမ္မဇဉ် ၂-ပါး၊ အဲဒီတော့ ၄-ပါးဖြစ်တယ်။

သုတ္တန်မှာတော့ ဒီလိုပဲ စျာန်အင်္ဂါတွေ အပိုလေးတွေ ပါနေတယ်။ အဘိဓမ္မာကတော့ ပထမစျာန်မှာ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ ၅-ခု။ ဒုတိယစျာန်မှာ ဝိတက်၊ ဝိစာရ မပါဘူးဆိုရင် ပီတိ၊ သုခ၊ ဧကဂ္ဂတာ ၃-ခု။ တတိယစျာန်မှာ သုခ၊ ဧကဂ္ဂတာ ၂-ခု။ စတုတ္ထစျာန်မှာ ဥပက္ခာ၊ ဧကဂ္ဂတာ ၂-ခု။ ဒီလိုပဲ ထားပါတယ်။ သုတ္တန်မှာတော့ ခုနကပြောသလို သမ္မသာဒတို့၊ သတိ၊ သမ္မဇဉ်တို့ ဒါတွေထည့်ထားတယ်။ အဘိဓမ္မာနည်းက မှတ်လို့လွယ်တယ်။ ဝိသုဒ္ဓိမဂ်ကတော့ အဘိဓမ္မာနည်းယူပြီးတော့ စျာန်အင်္ဂါ ၅-ပါး၊ ၃-ပါး၊ ၂-ပါး ဒီလို တွက်ထားတယ်။ အခု ဒီသုတ်မှာ သုတ္တန်ဖြစ်လို့ စျာန်အင်္ဂါတွေ ပထမစျာန်မှာ ၅-ပါး၊ ဒုတိယစျာန်မှာ ၄-ပါးဖြစ်၊ တတိယစျာန်မှာ ၄-ပါးဖြစ်နေလို့၊ မှတ်ရတာမလွယ်ဘူး။ သုခ၊ သတိနဲ့ သမ္မဇဉ်၊ ပြီးတော့ ဧကဂ္ဂတာ၊ ၄-ခုပေါ့။ နောက်တော့ ဖဿ ပဉ္စမက တရား ၅-ခု၊ ဆန္ဒအစရှိသောတရား ၆-ခု၊ ဒါကတော့

http://www.dhammadownload.com

အတူတူပါပဲ။ အဲဒီတရားတွေကို ရှင်သာရိပုတ္တရာက အစဉ်အတိုင်း ဝိပဿနာရှုတယ်တဲ့။ ပြီးသွားပြီထားပါတော့၊ ဒါတွေက ဇဟုသုတ ဖြစ်ရုံပါပဲ၊ ကျဉ်းကျဉ်းလေးဟာမှာ၊ စတုတ္ထစျာန်ကမှ ကျယ်တာ၊ စျာန်ကို ချီးမွမ်းထားတာတွေ အင်မတန်ကျယ်ဝန်းတာ။

ရှင်သာရိပုတ္တရာမထေရ် ရှုသော
စတုတ္ထစျာန်၌ ပါဝင်သော တရားများ

စတုတ္ထစျာန်မှာ ဥပေက္ခာသတိပါရိသုဒ္ဓိ- ဥပေက္ခာကြောင့်ဖြစ်တဲ့ သတိ စင်ကြယ်မှု ရှိတယ်။ တတိယစျာန်မှာ ရှိတဲ့ သုခလည်း မပါတော့ဘူးတဲ့။ ဥပေက္ခာကြောင့်ဖြစ်တဲ့ သတိ စင်ကြယ်မှုပဲ ပါတယ်။ အဲဒါ ဘာကြောင့်တုံးဆိုတော့ သုခကိုချမ်းသာပဲလို့ နှလုံးသွင်းတဲ့ အာဘောဂမနသိကာရကင်းသွားလို့တဲ့။ ဒါကြောင့်မို့ သတိဟာ အန်မတန် စင်ကြယ်လာတယ်လို့ဆိုတယ်။ တတိယစျာန်တုံးကလည်း သတိပါတယ်၊ အဲဒီသတိဟာ သိပ်မစင်ကြယ်သေးဘူးတဲ့၊ သုခ-ချမ်းသာတာကောင်းတာလေးကို ကောင်းတယ်လို့ နှလုံးသွင်းမှုလေးက ရှိနေတာကိုး။ အခု စတုတ္ထစျာန်စိတ်ဖြစ်နေတဲ့အခါ ကောင်းတယ်ဆိုတဲ့နှလုံးသွင်းမှု မရှိတော့ဘူးတဲ့၊ ဒီမှာ

http://www.dhammadownload.com

သတိက အထူးသဖြင့် စင်ကြယ်နေတယ်၊ အဲဒီ သတိ စင်ကြယ်မှုလေး ပါလာတယ်၊ ဒါလေး ထူးပါတယ်။

အဲဒီ စတုတ္ထစျာန်မှာလည်းပဲ ၁၅-ပါးသောတရားတွေ အတူတူပါပဲ။ ဒီမှာ သတိစင်ကြယ်ခြင်းနဲ့ အနာဘောဂ- နလုံးမသွင်းခြင်း ၂-ခု ထပ်ထည့်ထားတယ်။ ဥပေက္ခာနဲ့ ဇကဋ္ဌတာ ပါဆိုတော့ စျာန်အင်္ဂါ ၄-ခုပဲဖြစ်နေတယ်။ အဲဒီတရားတွေကို ရှင်သာရိပုတ္တရာက အစဉ်အတိုင်း ပိုင်းခြားပြီးတော့ ရှုပါတယ် တဲ့။ ဒါ ရူပစျာန် ၄-ပါး ပြီးသွားပြီ။

အရူပစျာန် ၄-ပါး

ရူပစျာန်ပြီးတော့ အရူပစျာန်ကလည်း ၄-ပါးရှိတယ်။ သမာပတ် ၈-ပါးဆိုတာဟာ ရူပစျာန်က ၄-ပါး၊ အရူပါစျာန်က ၄-ပါး၊ ဒါပဲ။ သုတ္တန်နည်းအားဖြင့် ရူပစျာန်က ၄-ပါးပဲရှိတယ်၊ အဘိဓမ္မာနည်းမှာတော့ ၄-ပါးလည်းရှိတယ်။ ၅-ပါးလည်းရှိတယ်။ သုတ္တန်ကတော့ဖြင့် ၄-ပါးချည်းပဲ၊ တစ်ညီတည်းပဲ၊ သုတ်တိုင်းသုတ်တိုင်းမှာ ၄-ပါးပဲဟောတယ်၊ ၅-ပါးမဟောဘူး။ အဘိဓမ္မာမှာတော့ ဝိတက်ကင်းပြီးတော့ ဝိစာရ၊ ပီတိ၊ သုခ၊ ဇကဋ္ဌတာ စျာန်အင်္ဂါ ၄-ပါးရှိတဲ့ ဒုတိယစျာန်ဆိုပြီး အဲဒါလေး ထည့်ထားတယ်။ သုတ္တန်မှာတော့ ဒီစျာန်မျိုးမရှိဘူး။ သုတ္တန်

http://www.dhammadownload.com

မှာတော့ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဆိုတဲ့ ဈာန် အင်္ဂါ ၅-ပါးလုံးနဲ့ ပထမဈာန်ရှိတယ်။ ဒုတိယဈာန်ကျရင် ဝိတက်၊ ဝိစာရ ၂-ခုလုံး ကင်းသွားတာပဲ။ တစ်ခုတည်း ကင်းတာ မဟုတ်ဘူး။ အဲဒီတော့ ဒုတိယဈာန်မှာ ဝိတက်၊ ဝိစာရ ၂-ခုလုံးကင်းပြီး ပီတိ၊ သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၃-ပါး။ တတိယဈာန်မှာ ပီတိကင်းပြီး သုခ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါး။ စတုတ္ထဈာန်မှာတော့ သုခကင်းပြီး ဥပေက္ခာ၊ ဧကဂ္ဂတာ ဈာန်အင်္ဂါ ၂-ပါး။ အဲဒီလို ဈာန် ၄-ပါးပဲ ဟောတယ်၊ ဒါကြောင့်မို့ သုတ္တန်နည်းနဲ့ သမာပတ်က ၈-ပါးပဲရှိတယ်။ အဘိဓမ္မာနည်းနဲ့ ပြောရင် ၉-ပါးလည်း ရပါတယ်။ အရူပဈာန် ၄-ပါးနဲ့ အရူပသမာပတ် ၄-ပါး ပြောရတော့မယ်။ မဆိုရတာလည်း ကြာပြီ၊ ဈာန်အင်္ဂါလေးတွေ ဆိုကြဦးစို့။

ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ။
ဤတရား ၅-ပါးအပေါင်းကို
ပထမဈာန်ဟုခေါ်သည်။

ပထမဈာန်ဆိုတာ ဒီတရား ၅-ပါးအပေါင်း ထင်ထင်ရှားရှား ဖြစ်တယ်။ သို့သော် ဒီတရား ၅-ပါးအပြင် ဒို့ပြင်တရားတွေလည်း ပါပါသေးတယ်။ ဒီ ၅-ပါးနဲ့တွဲပြီးဖြစ်တာ ၃၀-လောက် တစ်ခုလျော့လောက် ရှိပါသေးတယ်။ အဲဒီတရားတွေ

http://www.dhammadownload.com

အများကြီး ပေါင်းဖြစ်ပေမယ့်လို့ ဒီ ၅-ခုကိုသာ စာန်လို့ နာမည် ပေးထားတယ်။

ဝိတက်ဆိုတာက အာရုံပေါ်အောင်လို့ ကြံစည်တာ၊ ဝိစာရက ပြန်ပြီးတော့ ပေါ်လာတဲ့ အာရုံလေး သုံးသပ်ဆင်ခြင်တာ၊ ပီတိက ဝမ်းမြောက်တက်ကြွတာ၊ သုခက စိတ်ထဲမှာ ချမ်းသာပြီး ရွှင်လန်းပြီးတော့နေတာ။ ဧကဂ္ဂတာကတော့ အာရုံနဲ့ စိတ်နဲ့ ကပ်ပြီးတော့ ငြိမ်ဝပ်တည်နေတဲ့သဘော၊ တည်ကြည်နေတဲ့ သဘော။ အဲဒီ ၅-ပါးသောတရား တစ်စုတည်း တပေါင်းတည်း ဖြစ်နေတာကို ပထမစျာန်ခေါ်တာကိုး။ ဟော ဒုတိယစျာန်ကျတော့ ဝိတက်၊ ဝိစာရ ၂-ခု လျော့လိုက်ရုံပါပဲ။ သူက လွယ်တယ်။ ကဲ ဝိတက်၊ ဝိစာရ ကျော်ပြီး ဆိုရမယ်။

ပီတိ၊ သုခ၊ ဧကဂ္ဂတာ။
ဤတရား ၃-ပါးအပေါင်းကို
ဒုတိယစျာန်ဟုခေါ်သည်။

နောက်တစ်ခါကျတော့ ပီတိမပါပြန်ဘူး။ သုခနဲ့ ဧကဂ္ဂတာ ၂-ခုရှိတော့တယ်။ ဆိုရတာလည်း နည်းသွားပြီ၊ လွယ်လာပါပြီ။

သုခ၊ ဧကဂ္ဂတာ။

http://www.dhammadownload.com

ဤတရား ၂-ပါးအပေါင်းကို
တတိယစျာန်ဟုခေါ်သည်။

နောက်တစ်ခါကျတော့ သုခနေရာမှာ ဥပေက္ခာထည့်၊ ၂-ပါးက ၂-ပါးပါပဲ မထူးပါဘူး။ သုခက ဝေဒနာပဲ၊ ဥပေက္ခာကလည်း ဝေဒနာပဲ။ သုခက မသိမ်မွေ့ဘူးပေါ့လေ၊ ဥပေက္ခာကသိမ်မွေ့တယ်။ ဒီစျာန်တရားတွေ အားထုတ်တဲ့ပုဂ္ဂိုလ်က မိမိရထားတဲ့စျာန်တွေမှာ ကြမ်းတမ်းတဲ့တရားတွေ အပြစ်မြင်ပြီး ကင်းအောင်အားထုတ်လို့ တဖြည်းဖြည်း ကြမ်းတမ်းတဲ့တရားတွေ ကင်းပြီး သိမ်မွေ့တဲ့တရားတွေ ကျန်တာ။

ဥပေက္ခာ၊ ဇကဂ္ဂတာ။

ဤတရား ၂-ပါးအပေါင်းကို
စတုတ္ထစျာန်ဟုခေါ်သည်။

အဲဒါ ရူပစျာန် ၄-ပါး နားလည်ပါပြီ။ စျာန်ဆိုတာ ဒီတရားတွေပဲ။ နောက် အရူပစျာန် ၄-ပါးဆိုတာလည်း အခု စတုတ္ထစျာန်နဲ့ အတူတူပဲ။ အဂ်ါကတော့ ဥပေက္ခာ၊ ဇကဂ္ဂတာ ချည်းပါပဲ။ ဒါပေမယ်လို့ သူတို့က အာရုံလေးတွေ ပြောင်းသွားတယ်၊ အဂ်ါကတော့ ဒီ ၂-ခုပါပဲ။ အာရုံတွေ ဘယ်လိုပြောင်းသွားလဲဆိုတော့ ရူပစျာန်ပြည့်စုံပြီးသားပုဂ္ဂိုလ်က အရူပစျာန်တွေ တက်ချင်လာတာကိုး။ ရူပစျာန်ကို သူ အပြစ်မြင်လာ

http://www.dhammadownload.com

တယ်၊ ရုပ်တရားရှိတာ မကောင်းဘူးတဲ့၊ ရုပ်တရားရှိတဲ့ အတွက် ရုပ်အမှိုပြုပြီးတော့ ဒုက္ခတွေအမျိုးမျိုး ရောက်ရတယ်။ ရုပ်ရှိတဲ့အတွက် ကိုယ်ကလည်းပဲ သူများကို နှိပ်စက် ညှဉ်းပန်းခြင်းပြုတယ်။ သူများကလည်း ကိုယ့်ကို နှိပ်စက် ညှဉ်းပန်းတယ်။

ရုပ်မရှိတာ အာရုံပြုရင် ကောင်းမှာပဲ ဆိုပြီးတော့ အာကာသပညတ်ကို အာရုံပြုတာ

ရုပ်ရှိတဲ့အတွက် သူများနှိပ်စက်လို့ရင်လည်း ခံရတယ် တဲ့။ ဟုတ်တယ်၊ ရုပ်ရှိလို့ နှိပ်စက်နိုင်တာ၊ ရုပ်မရှိရင် နှိပ်စက်ဖို့ ဘယ်ဖြစ်နိုင်မှာတုံး။ နာမ်တရား၊ စိတ်တရားချည်းပဲဆိုရင် ဘယ်လက်နက်နဲ့မှ ညှင်းဆဲလို့ သတ်ဖြတ်လို့ မဖြစ်နိုင်ဘူး။ ရုပ်ရှိလို့ အနာရောဂါ အမျိုးမျိုးတွေလည်း ဖြစ်ရတယ်တဲ့။ ရုပ် မရှိရင် ဘာအနာရောဂါမှ မဖြစ်နိုင်ဘူး။ ဒါကြောင့် ရုပ်မရှိတာ ကောင်းတယ်လို့ သူကယူဆပြီးတော့ ရုပ်မရှိတဲ့တရားကို အားထုတ်တာကိုး။

ငါ ရထားတဲ့စျာန်ကလည်း ရုပ်အာရုံပြုနေတယ်တဲ့၊ ရုပ်မရှိတာ အာရုံပြုရင် ကောင်းမှာပဲ ဆိုပြီးတော့ အာကာသ ပညတ်ကို အာရုံပြုတာကိုး။ ပထမစပြီး ကသိုဏ်းကို နှလုံး

http://www.dhammadownload.com

သွင်းလိုက်၊ ကသိုဏ်းနဲ့ရတဲ့ဈာန်ပဲ အာရုံပြု။ ကသိုဏ်း နလုံးသွင်းတော့ ပထဝီကသိုဏ်းဆိုရင်တော့ မြေ ပုံသဏ္ဌာန်ကြီးပေါ့၊ အာပေါကသိုဏ်းဆို ရေ ပုံသဏ္ဌာန်ပေါ့၊ တေဇော ကသိုဏ်းဆိုရင်ဖြင့် မီးပုံသဏ္ဌာန်၊ ဝါယောဆိုရင်ဖြင့် လေပုံသဏ္ဌာန်၊ လေပဲမှန်းရှုတော့ လေတိုးဝှေ့. တိုက်ခတ်နေတဲ့သဘောတွေ သူ့စိတ်ထဲမှာထင်တယ်။ အဆင်းကသိုဏ်းတွေဆိုရင်လည်း အညို၊ အဝါ၊ အနီ၊ အဖြူ။ အဲဒီ ကသိုဏ်းကိုးပါး၊ အာကာသမပါဘူး၊ အာကာသကို နှတ်ထားတယ်။ အဲဒီ ကသိုဏ်းအာရုံတွေက သူပွားသလောက် ကျယ်ပြန့်တယ်။ တချို့လည်း အိမ်ဝင်း တဝင်းစာလောက်ပွားထားရင် အိမ်ဝင်း တစ်ဝင်းစာ ကျယ်ပြန့်တယ်။ မြို့ကြီးတစ်မြို့စာလောက် ပွားထားရင် မြို့ကြီးတစ်မြို့စာလောက်ဖြစ်နေတာ၊ တချို့ကလည်းပဲ နိုင်ငံကြီးတစ်ခုစာလောက် ပွားထားရင် နိုင်ငံကြီးတစ်ခုလောက်ဖြစ်တယ်။ တချို့ကလည်းပဲ အစအဆုံးမရှိ ပွားထားရင် အစအဆုံးမရှိ ဖြစ်နေတာကိုး။

အာကာသာနဉ္စာယတနဈာန်

မြေဆိုရင် မြေကြီးအာရုံကြီး သူပွားထားသလောက် စိတ်ထဲထင်နေတာ။ နလုံးသွင်းတိုင်း တစ်ခါတည်း ပျံ့နှံ့ပြီး

http://www.dhammadownload.com

ပြည့်နေတာ။ အဲဒါတွေကို သူက အာကာသနှလုံးသွင်း ယူတာကိုး။ အာကာသော- အာကာသပဲတဲ့။ ဒါက ဈာန်နဲ့ နှလုံးသွင်းအားထုတ်တော့ ဒီအာရုံတွေ ထူးထူးခြားခြား ထင်နေတာပဲ၊ မဟုတ်ဘဲနဲ့ စိတ်က ထင်နေတာ၊ တကယ်တော့ ဒီနေရာတွေမှာ မြေကြီးလည်း မရှိဘူး၊ ရေလည်း မရှိဘူး။ မီးလည်း မရှိဘူး၊ လေလည်း မရှိဘူး။ အညိုလည်း မရှိဘူး၊ အဝါလည်း မရှိဘူး၊ အဖြူ။အဆင်းတွေလည်း ရှိတာမဟုတ်ဘူး။ စိတ်က ထင်နေတာတွေ။

အာကာသော အာကာသော နှလုံးသွင်းတာ တဖြည်းဖြည်းနဲ့ အပေါက်အကြားတွေ ဖြစ်လာတယ်။ ဟိုကနည်းနည်း အပေါက်အကြား၊ ဒီကနည်းနည်း အပေါက်အကြားနဲ့ တစ်ခါတည်း အပေါက်အပေါက်တွေဖြစ်တော့ ကျယ်လာတယ်။ အပေါက်တွေက ကြာတော့ ဟင်းလင်းပြင်ကြီး ဖြစ်သွားတယ်။ မူလ ကသိုဏ်းအာရုံတွေ မရှိတော့ဘူး။ အဲဒီမှာ အနန္တာအာကာသောလို့ သူက နှလုံးသွင်းတာကိုး။

အနန္တာ- အဆုံးမရှိသော၊ အာကာသော- ဟင်းလင်းပြင်ပေါ့လေ၊ အခုကောင်းကင်မှာ မော့ကြည့်လိုက်လို့ရှိရင် အစအဆုံးမရှိတဲ့ ကောင်းကင်ကြီးများလိုပဲ။ အနန္တာ အာကာသော- အဆုံးပိုင်းခြားမရှိတဲ့ ကောင်းကင်ပဲဆိုပြီးတော့ ဒါ

http://www.dhammadownload.com

နလုံးသွင်းနေတော့ အဲဒီ အဆုံးမရှိသောကောင်းကင်မှာ စိတ်ကလေး ငြိမ်ဝပ်တည်တံ့ပြီးတော့ နေတယ်။ ဒါကို အာကာသာနဉ္စာယတနစျာန် ခေါ်တယ်။ သူက ဥပေက္ခာနဲ့ ဇကဋ္ဌတာ ၂-ခုပဲပါတယ်။ အဲဒီမှာလည်း စျာန်အင်္ဂါတွေ ချီးကျူးထားတာတွေက အ့များကြီးရှိတယ်။

ရူပသညာနံ သမတိက္ကမာ- ရုပ်အာရုံကို အမှတ်ပြုတဲ့ သညာတွေ ကင်းသွားရမယ်တဲ့။ ကင်းသွားအောင်လို့ အားထုတ်တာ၊ ကသိဏ်းအာရုံတွေ ရုပ်ဝတ္ထုပစ္စည်းတွေနဲ့ စပ်ပြီး နလုံးသွင်းတဲ့စိတ်တွေ ဒါတွေမရှိတော့ဘူးတဲ့။

ပဋိဃသညာနံ အတ္ထင်္ဂမာ- ထိခိုက်တဲ့အာရုံတွေကို အမှတ်ပြုတဲ့သညာတွေလည်း ကင်းသွားပြီတဲ့။ ထိခိုက်တဲ့ အာရုံတွေက ဘာတွေတုံးဆိုတော့ မြင်ရတဲ့အာရုံ၊ ကြားရတဲ့ အာရုံ၊ နံရတဲ့အာရုံ၊ မြင်ရတာ မျက်စိလာထိခိုက်တာကိုး၊ ကြားရတာ နားလာထိခိုက်တာ၊ နံရတာ နာခေါင်းနဲ့ ထိခိုက်တာ၊ စားရတာက အရသာနဲ့ လျှာနဲ့ ထိခိုက်တာ၊ တွေ့ထိရတာက ကိုယ်နဲ့ ထိခိုက်တာ၊ ထိခိုက်တဲ့ ရုပ်အာရုံတွေကို အမှတ်ပြုတဲ့သညာတွေလည်း ကင်းသွားပြီတဲ့။ ဒါတွေလည်းပဲ အထိအငြိ မရှိတော့ဘူးပေါ့။

http://www.dhammadownload.com

နာနတ္တာသညာနံ အမနသိကာရာ- အထူးထူးအထွေထွေ နလုံးသွင်းတဲ့အာရုံတွေ ရှိသေးတယ်တဲ့၊ ဟိုရောက်ဒီရောက် တောရောက်တောင်ရောက်၊ လျှောက်ပြီးစဉ်းစားနေတဲ့ ပကတိစိတ်တွေပေါ့၊ အဲဒီလိုဟာတွေလည်းပဲ အမနသိကာရာ- နလုံးမသွင်းလို့ ဒါတွေလည်း မဖြစ်တော့ဘူးတဲ့။ ဘာရှိတော့တုံးဆိုတော့ အနန္တော အာကာသောတိ။ အနန္တော- အပိုင်းအခြား မရှိသော၊ အာကာသောတိ- ဟင်းလင်းပြင်ဟူ၍၊ အာကာသာနဉ္စာယတနာစျာနံ- အာကာသာနဉ္စာယတနာစျာန်ကို၊ ဥပသမ္ပဇ္ဇ- ရောက်၍၊ ဝိဟရတိ- နေဏ်။

အဆုံးမရှိတဲ့ ကောင်းကင်တစ်ခုတည်း အာရုံပြုနေတယ်။ ဟင်းလင်းပြင်ကြီး၊ အထက်ရော အောက်ရော ဘေးဘီတစ်လျှောက် ပတ်ဝန်းကျင်အကုန်လုံး သူ့စိတ်ထဲထင်နေတာ ဟင်းလင်းပြင်ကြီး။ ဟင်းလင်းပြင်အာရုံပြုပြီးတော့ စျာန်စိတ်ဖြစ်နေတာ အဲဒါကို အာကာသာနဉ္စာယတနစျာန် ခေါ်တယ်။ အဲဒီစျာန်လည်း ရှင်သာရိပုတ္တရာ ဝင်စားတယ်တဲ့။ အဲဒါ စျာန်အင်္ဂါက ဥပေက္ခာနဲ့ ဇကဂ္ဂတာ။ စတုတ္ထစျာန်နဲ့ အတူတူပါပဲ၊ စျာန်အင်္ဂါကတော့ မထူးဘူး။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမထေရ် ရှသော အာကာသာနဉ္စာယတနစျာန်၌ ပါဝင်သော တရားများ

ယေ စ အာကာသာနဉ္စာယတနေ စျာနေ ဓမ္မာ အာကာသာနဉ္စာယတနသညာ စ စိတ္တေကဂ္ဂတာ စ ဖဿော ဝေဒနာ သညာ စေတနာ စိတ္တံ ဆန္ဒော အဓိမောက္ခော ဝီရိယံ သတိ ဥပေက္ခာ မနသိကာရော။ ဒီမှာတော့ သုတ္တန်မှာ စျာန်အင်္ဂါကို သညာနဲ့ ဇကဂ္ဂတာ ဟောထားတယ်။ အဘိဓမ္မာနည်းမှာတော့ ဥပေက္ခာနဲ့ ဇကဂ္ဂတာပေါ့။ ဟင်းလင်းပြင်ကောင်းကင်ကို အမှတ်ပြုတဲ့ သညာရယ်၊ အဲဒီ ဟင်းလင်းပြင်အာရုံမှာ စူးစိုက်တည်ကြည်နေတဲ့ သမာဓိရယ်၊ သုတ္တန်နည်းက ဒီအင်္ဂါ ၂-ခုထုတ်ထားတယ်။ နောက် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် ဖဿပဉ္စမကတရား ၅-ပါး။ ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ ၆-ပါး။ ၁၁-ခု၊ ပြီးတော့ သညာနဲ့ ဇကဂ္ဂတာတရား ၂-ခုဆိုတော့ ၁၃-ခုပေါ့။

အာကာသာနဉ္စာယတနစျာန်စိတ်မှာ ရှင်သာရိပုတ္တရာ ၁၃-ခုသောတရားတွေကို အစဉ်အတိုင်းရှသွားတယ်။ ဒါတွေဟာ အစကမရှိသေးဘဲနဲ့ အခုမှဖြစ်ပေါ်ပြီးတော့ ပျောက်သွား

http://www.dhammadownload.com

တာပဲလို့ အနီစွလက္ခကာလေးတင်ပြီးတော့ ရှုသွားတယ်။ ပထမ အရှုပစ္စာန် အာကာသာနဉ္စာယတနစ္စာန်ပြီးသွားပြီ။

သိမ်မွေ့အောင်လို့ တစ်ဆင့်တက်အားထုတ်ဦးမယ်

အာကာသာနဉ္စာယတနစ္စာန် ရပြီးသားပုဂ္ဂိုလ်က ဒီစ္စာန်ဟာ ဟင်းလင်းပြင်ကြီး အာရုံပြုနိုင်လို့ သူဖြစ်နေတာပဲတဲ့၊ အကယ်၍ ဒီဟင်းလင်းပြင်ထဲက ဟင်းလင်းပြင်မဟုတ်ဘဲနဲ့ မြေပုံသဏ္ဌာန်ပေါ်လာခဲ့မယ်ဆိုရင် ရှုပစ္စာန် ပြန်ဖြစ်သွားမယ်တဲ့။ အောက်စ္စာန် လျှော့သွားမယ်တဲ့။ ရေပုံသဏ္ဌာန်၊ လေပုံသဏ္ဌာန်၊ မီးပုံသဏ္ဌာန် ဒါတွေပေါ်လာလို့ရှိရင် ရှုပစ္စာန် ပြန်ဖြစ်သွားမယ်တဲ့။ ပြီးတော့ အညိုရောင်၊ အဝါရောင်၊ အနီရောင်၊ အဖြူရောင်၊ အလင်းရောင် အဲဒါတွေ ပေါ်လာလို့ရှိရင်လည်း ရှုပစ္စာန်ပြန်ဖြစ်သွားမယ်တဲ့။ ရုပ်အာရုံတွေပေါ်လာလို့ဆိုရင် ရှုပစ္စာန် ပြန်ဖြစ်သွားမယ်။ အောက်ဆင့် ပြန်ရောက်သွားမယ်။ ဒီတော့ ငါ ရထားတဲ့စ္စာန်ဟာ အဲဒီ ရှုပသညာစ္စာန်တွေနဲ့ နီးနေတာပဲတဲ့၊ ပုံမတော် ပြန်ကျသွားနိုင်တယ်။ ပြီးတော့ သိပ်လည်း မသိမ်မွေ့သေးဘူးတဲ့။ ဟင်းလင်းပြင်ကြီး အာရုံပြုနေတာ မသိမ်မွေ့သေးဘူး။

http://www.dhammadownload.com

ဝိညာဏဋ္ဌာယတနစျာန်

အဲဒီတော့ သိမ်မွေ့အောင်လို့ တစ်ဆင့်တက် အားထုတ်ဦးမယ်ဆိုပြီး ဘယ့်နယ် အားထုတ်တုံးဆိုတော့ အဲဒီ ဟင်းလင်းပြင်ကို အာရုံပြုနေတဲ့ စိတ်ကလေးကို သူက ရှုတာကိုး။ ဟင်းလင်းပြင်ကို အာရုံပြုနေတဲ့ အာကာသာနဉ္စာယတနစျာန်စိတ်ကလေးကို သူရှုတာ။ သူ့အာရုံက အဆုံးပိုင်းခြားမရှိတော့ သူလည်း အဆုံးအပိုင်းအခြားမရှိသလို ဖြစ်နေတာပေါ့။ သူက ကွမ်းအစ်များမှာ အဖုံးနဲ့အခံနဲ့ အံကျကိုက်နေသလိုပေါ့လေ၊ အောက်က အခံကနေပြီးတော့ ကျယ်ဝန်းသလောက် အထက်က အဖုံးကလည်း ကျယ်ဝန်းတာပေါ့။ အဲဒါလိုပဲ ကောင်းကင်အာရုံက အဆုံးအပိုင်းအခြား မရှိဘူး ဆိုရင် အာရုံပြုတဲ့စိတ်ကလည်း အဆုံးအပိုင်းအခြား မရှိဘူး။ ဒီလို အဓိပ္ပာယ် ရောက်နေတာပေါ့။

ဒုံကြောင့်မို့ အနန္တော အာကာသော- အဆုံးမရှိတဲ့ ကောင်းကင်ကို နှလုံးသွင်းသလိုပဲ အနန္တံ ဝိညာဏံ- အဆုံးမရှိသော ဝိညာဏ်စိတ်၊ အဲဒီစျာန်စိတ်ကလေးကို ထပ်ကာထပ်ကာ နှလုံးသွင်းတော့ အဲဒီစျာန်စိတ်ကလေးမှာ တည်ကြည်သွားတာကိုး။ အဲဒါက ဒုတိယ အရူပစျာန် ခေါ်တယ်။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမထေရ် ရှေသော
ဝိညာဏဋ္ဌာယတနစျာန်၌ ပါဝင်သော တရားများ

ဝိညာဏဋ္ဌာယတနစျာန်- အဆုံးအပိုင်းအခြားမရှိတဲ့ ဝိညာဏ် အာရုံပြုပြီးတော့ ဖြစ်တယ်။ အဲဒီစျာန်လည်း ရှင်သာရိပုတ္တရာက ဝင်စားပြီးတော့ ဝိပဿနာရှုတာပဲ။ ဒီမှာ လည်းပဲ တရားကတော့ ခုနကအတိုင်းပဲ။ အဆုံးအပိုင်းအခြား မရှိတဲ့စိတ်ကို အာရုံပြုတဲ့ သညာလေးရယ်၊ ပြီးတော့ ဇကဋ္ဌ တာရယ် အင်္ဂါ ၂-ခု၊ နောက် ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ် ဖဿပဉ္စမက တရား ၅-ပါး။ ဆန္ဒ၊ အဓိမောက္ခ၊ ဝီရိယ၊ သတိ၊ ဥပေက္ခာ၊ မနသိကာရ ၆-ပါး။ ၁၁-ခု၊ ပြီးတော့ သညာနဲ့ ဇကဋ္ဌတာတရား ၂-ခုဆိုတော့ ၁၃-ခုပေါ့။

အခုထက်သိမ်မွေ့အောင် ကောင်းသထက်ကောင်းအောင်
တစ်ဆင့်တက်ဦးမှပဲ

အဲဒီတရား ၁၃-ခုကို ဝိပဿနာရှုတယ်။ ပြီးတော့ ဝိညာဏဋ္ဌာယတနစျာန်- ဒုတိယ အရှုပစျာန်ရပြီးသား ပုဂ္ဂိုလ်က တစ်ခါထပ်ဆင့် တက်ပြန်တယ်။ ငါ ရထားတဲ့ ဝိညာဏဋ္ဌာယတန စျာန်ကလည်း ရန်သူနဲ့နီးနေတယ်တဲ့။ ဒီအဆုံးအပိုင်းအခြားမရှိတဲ့ စိတ်ကလေး အာရုံပြုနိုင်လို့ဆိုပဲ၊ စိတ်ကလေး

http://www.dhammadownload.com

အာရုံမပြုဘဲနဲ့ ဟင်းလင်းပြင်ကြီး ပြန်အာရုံပြုလိုက်လို့ရှိရင် အောက်ဈာန် ပြန်ရောက်သွားမှာပဲတဲ့။ ဒီတော့ ရန်သူနဲ့လည်း နီးတယ်၊ ပြီးတော့ သိပ်လည်း မသိမ်မွေ့သေးဘူး။ အခုထက် သိမ်မွေ့အောင် ကောင်းသထက်ကောင်းအောင် တစ်ဆင့်တက်ဦးမှပဲ ဆိုပြီးတော့ သူ ဘာလုပ်ပြန်လဲဆိုတော့ အာကာသာနဉ္စာယတန ဈာန်စိတ်ကလေး မရှိတာကို ရှုတာကိုး။

အာကိဉ္စညာယတနဈာန်

အာကာသာနဉ္စာယတန ဈာန်စိတ်ကလေး ပျောက်သွားလို့ရှိရင်ဖြင့်၊ အာကာသာနဉ္စ ဈာန်စိတ်ကလေး မရှိတဲ့သဘောကို ရှုလိုက်လို့ရှိရင် ကောင်းကင်ပြည်တော်တွေလည်း ပြန်မပေါ်နိုင်တော့ဘူး။ ဒီတော့ အာကာသာနဉ္စ ဈာန်စိတ်ကလေး မရှိဘူးဆိုတာ နလုံးသွင်းတာပဲ။ မရှိဘူးတဲ့။ နတ္ထိကိဉ္စိ။ ကိဉ္စိ- တစ်စုံတစ်ခုမျှ၊ နတ္ထိ- မရှိတော့ဘူး။ နည်းနည်းလေးမှ အစွန်းစလေးတောင် မရှိတော့ဘူး။ အကုန်လုံးပျောက်ပစ်တာ၊ ပျောက်တဲ့အာရုံ နလုံးသွင်းတာ။

ဒီနေရာမှာတော့ နတ္ထိပေါ့လေ၊ အဘာဝပညတ်လို့လည်းခေါ်တယ်။ သဗ္ဗသော- အချင်းခပ်သိမ်း၊ ဝိညာဏဉ္စာယတနာသည်- ဝိညာဏဉ္စာယတနာသညာကို၊ သမတိက္ကမ္မ-

http://www.dhammadownload.com

ကျော်လွန်၍၊ နတ္ထိ ကိဉ္စိ- တစ်စုံတစ်ခုမျှ မရှိတော့ဟူ၍၊ အာကိဉ္စညာယတန်- အာကိဉ္စညာယတနစျာန်ကို၊ ဥပသမ္ပဇ္ဇ-ရောက်၍ ဝါ ပြည့်စုံစေ၍၊ ဝိဟရတိ- နေ၏။

ပထမအရူပစျာန် အာကာသာနဉ္စာယတန စျာန်စိတ်ကလေး မရှိတော့ဘူးလို့ ထပ်ကာထပ်ကာ နှလုံးသွင်းတော့ ဘာမှမရှိတော့ဘူးဆိုတဲ့ စိတ်ကလေးတည်သွားတာပေါ့။ လိုရင်းတော့ စျာန်တွေဆိုတာ ထပ်ကာထပ်ကာ နှလုံးသွင်းနေတော့ ဒီစိတ်တွေနှလုံးသွင်းတဲ့အတိုင်း တည်နေတာပါပဲ။

ရှင်သာရိပုတ္တရာမထေရ်

အာကိဉ္စညာယတနစျာန်တိုင်အောင်သာ

အနုပဒဝိပဿနာ ရှုနိုင်သည်

အာကိဉ္စညာယတန စျာန်၊ ဒါ ထင်ထင်ရှားရှားဖြစ်တဲ့ စျာန်ထဲမှာတော့ သူ အမြင့်ဆုံးပါပဲ။ ဒီကနောက်တော့ နေဝသညာနာသညာယတနစျာန် ခေါ်တယ်။ အဲဒီစျာန်ကတော့ မထင်ရှားတော့ဘူး။ သိမ်မွေ့သွားပြီ။ သူ့ကိုတော့ အနုပဒဝိပဿနာ မရှုနိုင်တော့ဘူး။

အဲဒီ အနုပဒဝိပဿနာက အာကိဉ္စညာယတနစျာန်တိုင်အောင် သမာပတ် ၇-ခု ပေါ့လေ။ ပထမ၊ ဒုတိယ၊

http://www.dhammadownload.com

တတိယ၊ စတုတ္ထ ရူပစျာန်က ၄-ခု၊ အာကာသာနဉ္စာယတန စျာန်၊ ဝိညာဏဉ္စာယတနစျာန်၊ အာကိဉ္စညာယတနစျာန်၊ အရူပစျာန်က ၃-ခု၊ ဒီ ၇-ခုကတော့ အသီးသီး အနုပဒ ဝိပဿနာ ရှုလို့ရတယ်။

ဟုသ ဓမ္မာ အနုပဒဝဝတ္ထိတာ ဟောန္တိ။ ဒီစျာန် ၇-ခု ထဲမှာပါတဲ့ တရားတွေကို ရှင်သာရိပုတ္တရာက အသီးသီး အသေးစိတ်အားဖြင့် ပိုင်းခြားပြီးသကာလ ရှုသွားတယ်တဲ့။

နေဝသညာနာသညာယတနစျာန်

နေဝသညာနာသညာယတန စျာန်ရောက်တဲ့အခါကျတော့ ဘယ်နယ်ဟောတုံးဆိုတော့ အဲဒါတွေမှတ်ဖို့ရာတွေ ရောက်လာတယ်။

ပုန စပရံ ဘိက္ခဝေ သာရိပုတ္တော သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ သာရိပုတ္တော- သာရိပုတ္တရာသည်၊ သဗ္ဗသော- အချင်းခပ်သိမ်း၊ အာကိဉ္စညာယတနံ- အာကိဉ္စညာယတနစျာန်ကို၊ သမတိက္ကမ္မ- ကျော်လွန်၍၊ နေဝသညာနာသညာယတနံ- နေဝသညာနာသညာယတနစျာန်ကို၊ ဥပသမ္ပဇ္ဇ- ရောက်၍ ဝါ ပြည့်စုံစေ၍၊ ဝိဟရတိ- နေ၏။

http://www.dhammadownload.com

နေဝသညာနာသညာယတနစျာန်က သိမ်မွေ့.လွန်း၍ အနုပဒဝိပဿနာ မရှုနိုင် ခုနက အာကာသာနဉ္စာယတန စျာန်စိတ်ကလေး မရှိတော့ဘူးလို့ နှလုံးသွင်းတဲ့ အာကိဉ္စညာယတနသညာ၊ အဲဒီသညာလွန်ပြီးတော့ နှလုံးသွင်းရပါတယ်။ လွန်တယ်ဆိုပေမယ့်လည်း စျာန်စိတ်မဖြစ်တာတစ်ခုပဲ၊ အဲဒီစိတ်ကိုပဲ အာရုံပြုရပါတယ်။ ဒီစိတ်လေးက သိမ်မွေ့တယ်။ ဘာမှမရှိတော့ဘူးဆိုတာလေးတော့ နှလုံးသွင်းပြီးတော့ တည်နေနိုင်တယ်။ မရှိတော့ဘူး။ မရှိတော့ဘူးဆိုတာ မရှိပညတ်ကလေးကို နှလုံးသွင်းပြီးတည်နေတယ်။

သိပ်သိမ်မွေ့တာပဲ၊ မရှိတဲ့သဘောလေး အာရုံပြုပြီးတော့ တည်နေတာ သိပ်သိမ်မွေ့တာလို့၊ ဒီလို နှလုံးသွင်းနေတာ နေဝသညာနာသညာယတနစျာန်တဲ့။ ဘယ်လိုတုံးဆိုတော့ နေဝသညာ- မရှိတော့ဘူးလို့ ဆိုလောက်အောင်ပဲတဲ့၊ သညာလေးဟာ လုံးလုံးမရှိတော့ဘူးလားဆိုတော့ နအသညာ- လုံးလုံးမရှိတာတော့ မဟုတ်ဘူး။ နည်းနည်းလေးတော့ ရှိသေးတယ်။ သိပ်သိမ်မွေ့.မွေ့.လေး ဖြစ်နေတယ်။ စိတ်သညာလေးတွေဟာ မရှိတရှိ ဖြစ်နေတယ်။

http://www.dhammadownload.com

ထင်ထင်ရှားရှားကြီး မဟုတ်တော့ဘူးတဲ့၊ အိပ်ပျော်ခါနီး စိတ်ကလေးများနဲ့ နှိုင်းယှဉ်ကြည့်ပေါ့လေ၊ နိုးနေတဲ့စိတ်တွေက အသိကြီးနဲ့၊ သူက အိပ်ပျော်သွားတော့လည်း လုံးလုံးမထင်ရှားပြန်ဘူး။ အိပ်ပျော်ခါနီး မှေးမှေးဖြစ်နေတဲ့ စိတ်ကလေးတွေ တွေ့.တယ်မို့လား၊ အဲဒါမျိုးပါပဲ။ သူက မထင်ရှားဘူး၊ စိတ်ကလေး မရှိတရှိ ဖြစ်နေတယ်။ ဘယ်လိုဖြစ်နေတယ်ဆိုတာကို တိတိကျကျရှလို့ မရနိုင်ဘူး။ အနုပဒဝိပဿနာရှလို့ မဖြစ်ဘူး။

ဒီတရားကတော့ သိမ်မွေ့.သွားပြီ။ ပထမစျာန်ထက် ဒုတိယစျာန်က သိမ်မွေ့.လာတာ၊ ဒုတိယစျာန်ထက် တတိယစျာန်က၊ တတိယစျာန်ထက် စတုတ္ထစျာန်က၊ စတုတ္ထစျာန်ထက် အရူပစျာန် အာကာသာနဉ္စာယတနစျာန်က၊ အာကာသာနဉ္စာယတနစျာန်ထက် ဝိညာဏဉ္စာယတနစျာန်က၊ ဝိညာဏဉ္စာယတနစျာန်ထက် အာကိဉ္စညာယတနစျာန်က သိမ်မွေ့.လာတယ်။ သိမ်မွေ့.ပေမယ်လို့ အသေးစိတ်ရှလို့ရသေးတယ်။ အခု နေဝသညာစျာန်ကျတော့ သညာလေး မရှိတရှိလောက်၊ စိတ်ကလေး မရှိတရှိလောက် ဖြစ်နေတယ်။ မရှိဘူးလို့ ဆိုရလောက်အောင်လည်း လုံးလုံးလည်း မရှိတာမဟုတ်ဘူး။ အင်္ဂ.အသက်ကလေးပဲ ဖြစ်နေတာ။ ဒါ သညာနဲ့ ခေါင်းတပ်

http://www.dhammadownload.com

ပြီးတော့ ပြောထားတာ။ တကယ်တော့ ဒီမှာ သညာတင်မဟုတ်ဘူး။ ဒို့ပြင် ဖဿတို့၊ ဝေဒနာတို့၊ စေတနာတို့၊ စိတ်ရော၊ အကုန်လုံးတရားတွေ ပါတာပဲတဲ့၊ သိမ်မွေ့နေတာတဲ့။

စိတ်၊ စေတသိက်၊ နာမ်တရားတွေ လုံးလုံးမရှိတော့ဘူးလို့ ပြောရမလောက် သိမ်မွေ့ပြီးတော့ နေပါတယ်တဲ့။ ရှိလည်းရှိနေတယ်၊ နည်းနည်းလေး အင်္ဂေ့အသက်လေး ရှိနေတယ်။ အဲဒီတော့ အဲဒါကို အနုပဒဝိပဿနာ ရှုလို့မဖြစ်ဘူးတဲ့။ မဖြစ်တော့ ဘယ့်နယ်လုပ်ရှုတုံးဆိုတော့-

သော- ထိုသာရိပုတ္တရာသည်၊ တာယ သမာပတ္တိယာ- ထိုသမာပတ်မှ၊ သတော- အမှတ်ရသည်ဖြစ်၍၊ ဝုဋ္ဌဟတိ- နေ၏။ ထိုသမာပတ်က ထတဲ့အခါမှာ သတိတော့ မကင်းဘူးတဲ့၊ အမှတ်သတိလေး ပါလာတယ်။ သော- ထိုသာရိပုတ္တရာသည်။ သမာပတ္တိယာ- ထိုသမာပတ်မှ၊ သတော- အမှတ်ရသည်ဖြစ်၍၊ ဝုဋ္ဌဟိတ္ထာ- ထပြီး၍၊ ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိပရိဏာတာ တေ ဓမ္မေ သမနုပဿတိ- ထို နေ၀သညာနာသညာယတန စျာန်တရားတို့ကို ရှု၏။ အဲဒီစျာန်တရားတွေကို ရှုတယ်တဲ့။

ကေ ဓမ္မာ- ဤတရားတို့သည်၊ အဟုတ္ထာ- အစကမရှိကုန်ဘဲ၊ သမ္ဘောန္တိ- ဖြစ်ပေါ်လာကုန်၏။ ဟုတ္ထာ- ဖြစ်ပေါ်

http://www.dhammadownload.com

ကုန်ပြီး၍၊ ပဋိဝေန္တိ- ချုပ်လေကုန်၏။ ကုတိ- ဤသို့၊ သမနုပဿတိ- ရှု၏။ ဒီတရားတွေ အစကမရှိဘဲနဲ့ အသစ်ဖြစ်ပေါ်လာတာပဲ၊ ဖြစ်ပြီးတော့ ပျောက်သွားတာချည်းပဲတဲ့။ ဒီလိုတရားတွေပဲဆိုပြီးတော့ ရှုသွားတယ်။ လုံးရိုက် ရှုသွားတယ်။ ဒီမှာ စျာန်ထဲပါတဲ့ သညာတို့ ဇကဋ္ဌတာတို့ ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ စိတ်တို့ ဒီလို အသေးစိတ်ရှုပုံမပြဘူး။

ပထမစျာန်ကစပြီးတော့ အာကိဉ္စညာယတနစျာန်တိုင်အောင် ၁၆-ပါးသောတရား၊ ၁၄-ပါးသောတရား၊ ၁၃-ပါးသောတရားတွေ အသေးစိတ်ရှုပုံ အသီးသီးပြသွားတယ်။ ဒီနေဝသညာနာသညာယတနစျာန်ကျတော့ ဒီလိုတရားတွေတစ်ခုချင်းတစ်ခုချင်း အသေးစိတ်ရှုတာကို မပြတော့ဘူး။ အစဉ်အတိုင်း ပိုင်းခြားသိတယ်လို့ မဟောတော့ဘူး။ ဒီတရားတွေကို ဖြစ်စလည်းသိတယ်၊ တည်ဆဲလည်းသိတယ်၊ ပျက်သွားတာလည်းသိတယ်၊ ဒီလိုမဟောဘူး။

ဒီမှာတော့ တေ ဓမ္မာ- ထိုတရားတို့ကို၊ သမနုပဿတိ- ရှု၏။ အဲဒီတရားတွေကို ရှုတာပါပဲ။ ထိုတရားတွေကဘာတုံးဆိုတော့ ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိပရိဏာတာ တေ ဓမ္မေ သမနုပဿတိ။ ယေ ဓမ္မေ- အကြင်စျာန်တရားတို့သည် အတီတာ- လွန်လေကုန်၏။ နိရုဒ္ဓါ- ချုပ်လေကုန်၏။

http://www.dhammadownload.com

ဝိပရိဏာတာ- ဖောက်ပြန်ပျက်စီးလေကုန်၏။ ဝေ ဓမ္မေ-ထိုလွန်လေပြီး၊ ချုပ်လေပြီး၊ ဖောက်ပြန်ပျက်စီးသွားလေပြီးဆိုသော စွာန်တရားတို့ကို၊ သမနုပဿတိ- ရှု၏။

ချုပ်ပျောက်သွားတဲ့တရားတွေကို ပြန်ရှုတယ်လို့ ဒီလိုပဲဟောတယ်။ လုံးပြီးတော့ ဟောတယ်။ အဲဒါထူးနေလို့။ ရှေးတုံးကတော့ ရှင်သာရိပုတ္တရာက စွာန်အင်္ဂါတရားတွေ တစ်ခုချင်း ရှုတယ်။ ဖဿစသောတရားတွေ အသီးသီး ပိုင်းခြားရှုတယ်လို့ ရှေ့ကဟောလာပါလျက်နဲ့ ဒီ နေဝသညာနာသညာယတနစွာန်ကျတော့ ထို ချုပ်လေပြီးသောတရားတွေကို ရှုတယ်လို့ ဒီလို ဘာကြောင့်ဟောရတာတုံးဆိုတော့ ဒီလိုမေးစရာရှိတာကိုး။ မေးစရာရှိတော့ အဋ္ဌကထာဆရာတွေက ဖွင့်ထားတယ်။

ဘုရားရှင်တို့မှသာလျှင် နေဝသညာနာသညာယတနစွာန်၌ အနုပဒဝိပဿနာ ရှုနိုင်သည်

ဝေ ဓမ္မေ သမနုပဿတိတိ ယသ္မာ နေဝသညာနာသညာယတနေ ဗုဒ္ဓါနံယေဝ အနုပဒဓမ္မဝိပဿနာ ဟောတိ၊ န သာဝကာနံ၊ တသ္မာ ဇ္ဈာ ကလာပဝိပဿနံ ဒဿေန္တော ဇဝမာဟ။

http://www.dhammadownload.com

တေ ဓမ္မေ သမနုပဿတီတိ- ဤ တေ ဓမ္မေ သမနုပဿတိ ဟူသည်ကား၊ ယသ္မာ- အကြင်ကြောင့်၊ နေဝသညာနာသညာယတနေ- နေဝသညာနာသညာယတန စျာန်၌၊ ဗုဒ္ဓါနံ ယေဝ- ဘုရားရှင်တို့မှာသာလျှင်၊ အနုပဒ ဓမ္မ ဝိပဿနာ- ပုဒ်အစဉ်တိုင်း ပိုင်းခြား၍ ရှုခြင်းသည်၊ ဟောတိ- ဖြစ်၏။ သာဝကာနံ- တပည့်သာဝကတို့မှာကား၊ န ဟောတိ- မဖြစ်၊ တသ္မာ- ထို့ကြောင့်၊ ဇာတ္တေ- ဤ နေဝသညာနာသညာယတနစျာန်၌၊ ကလာပဝိပဿနံ- အပေါင်းလိုက် ဝိပဿနာရှုခြင်းကို၊ ဒဿနတ္ထော- ပြတော်မူလိုသည်ဖြစ်၍၊ ဇဝံ- ဤသို့၊ အာဟ- ဟောတော်မူလေသတည်းတဲ့။

အဋ္ဌကထာဆရာတွေက ပြောတယ်။ နေဝသညာနာသညာယတနစျာန်မှာ တရားတွေ တစ်ခုချင်းတစ်ခုချင်း ပိုင်းခြားပြီး အသေးစိတ်ရှုတယ်ဆိုတာ ဘုရားမှ ရှုနိုင်တာတဲ့။ သာဝကတွေ မရှုနိုင်ဘူးတဲ့။ ရှင်သာရိပုတ္တရာလည်း မရှုနိုင်ဘူးတဲ့။ ဒါကြောင့်မို့ ဒီမှာ အပေါင်းလိုက်ရှုတဲ့ ရှင်သာရိပုတ္တရာရဲ့ ဝိပဿနာကို မြတ်စွာဘုရားက ပြတယ်။ စျာန်ဝင်စားတုံးက ဖြစ်တဲ့တရားတွေဟာ ဒီလိုဖြစ်၊ ဒီလိုပျောက်ပြီး သွားတာပဲ၊ မမြဲတဲ့ဟာတွေပဲဆိုပြီး လုံးပြီးတော့ ရှုသွားပါတယ်တဲ့။ ကလာပဝိပဿနာ ခေါ်တယ်တဲ့။ အဲဒါလေးလည်း မှတ်ရမယ်။

http://www.dhammadownload.com

ဒါ မထင်ရှားတဲ့တရားဆိုရင် ဒီလိုအလုံးလိုက် ရှုရတယ်။ ထင်ရှားတဲ့တရားကို တစ်ခုစီ တစ်ခုစီ အသေးစိတ် ရှုရတယ်၊ မထင်ရှားတဲ့တရား အလုံးလိုက်ရှုတယ်။ အဲဒါလေးလည်း နည်းယူစရာပဲ။

ရှင်သာရိပုတ္တရာကလည်း နေဝသညာနာသညာယတနစျာန်ကို တစ်ခုချင်းတစ်ခုချင်း ရှုလို့ မဖြစ်တော့လို့ အကုန်လုံးပေါင်းပြီးတော့ ရှုလိုက်ရတာကိုး၊ ရှု့စျာန်တွေတုန်းက အသီးသီးသောတရားတွေဟာ ဒီလိုဖြစ် ဒီလိုပျက်သွားတယ်ဆိုတာ သိခဲ့ပြီးသားဖြစ်နေတော့၊ အလားတူ ဒီလိုဖြစ် ဒီလိုပျက်သွားတာပဲဆိုပြီးတော့ မှန်းဆပြီး ရှုလိုက်ရတာကိုး၊ ပေါင်းပြီးတော့ရှုလိုက်ရတာ ကလာပဝိပဿနာခေါ်တယ်။

နေဝသညာ သိမ်မွေ့စွာ ခွဲကာမရှုပြီ။
ရှု့စျာန်နှင့်မှီး ကလာနည်း
ပေါင်းစည်းရှုလေသည်။

တပေါင်းတည်း ရှုလိုက်တာ၊ ဒီလိုဖြစ်ပြီး ဒီလိုပျက်သွားတာ မမြဲတဲ့တရားတွေပဲ၊ လုံးပြီးတော့ ရှုလိုက်တာပဲ။ ဒါလိုပဲ အခု ဝိပဿနာသက်သက်ရှုတဲ့ ဝိပဿနာယောဂီတွေလည်း မထင်ရှားတဲ့တရားဆို ဒီလိုပဲပေါင်းပြီးတော့ အနုမာနနည်းနဲ့ နှိုင်းဆပြီးရှုရတယ်တဲ့။ ဒါကြောင့် မထင်ရှားတဲ့တရား

http://www.dhammadownload.com

တွေ အဲဒီနည်းအတိုင်းပဲ အပေါင်းလိုက်နည်းအတိုင်းပဲ၊ မိမိ ထင်ရှားသိရတဲ့ တရားနဲ့ နည်းတူပြုပြီးတော့ပေါ့လေ၊ မြင်တာ လေးရှလို့ မြင်တာလေး ပျောက်သွားတာသိရင် ရှေ့.ကာလက ဖြစ်ခဲ့တာတွေ၊ နောက်ကာလဖြစ်မယ့်ဟာတွေ အခုလော လောဆယ်လည်း ကိုယ်မမြင်ရမတွေ့.ရတာတွေ ဒီလိုဖြစ်ပျက် နေမှာပဲဆိုပြီးတော့ နှိုင်းယှဉ်ပြီး ရှုရတာပေါ့လေ။

မထင်ရှားရာ ထိုနည်းသာ နှိုင်းကာရှုရသည်။

မထင်ရှားတဲ့တရားတွေကိုတော့ တမင်တကာ ရှာဖွေ ပြီး စုံစမ်းဆင်ခြင်ပြီး စဉ်းစားပြီး ရှုရတာမဟုတ်ဘူး။ ထင်ရှားတဲ့ တရားလေးတွေ ရှုနေရင်းနဲ့ ထင်ရှားတဲ့တရားတွေ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေ သိသွားရင် ဒီ့ပြင်တရားတွေလည်း ဒီလိုပဲဆိုပြီးတော့ လုံးပြီးတော့ ရှုရတယ်။ အဲဒါ အနုပဒသုတ် ကနေပြီး နည်းယူတာ။ နောက်ပြီးတော့ ကိုယ်တွင်းသန္တာန်မှာ ဖြစ်ပေါ်တဲ့တရားတွေ မြင်လိုက်၊ ကြားလိုက်နဲ့ ပြင်ပကပေါ်လာ တဲ့တရားတွေ မြင်ရတဲ့အဆင်းတို့ ကြားရတဲ့အသံတို့ ဒီလို ဟာတွေရှိတယ်။ အဲဒီ ကိုယ်တွင်းသန္တာန်မှာ ထင်ရှားတဲ့တရား တွေကိုတော့ အနုပဒနည်းနဲ့ပဲရှုရတယ်။ တိုက်ရိုက်ပဲရှုရတယ်။

မမြင်ရတဲ့တရား၊ မကြားရတဲ့တရား၊ မတွေ့.ရ မသိရ တဲ့တရား၊ သူများသန္တာန်က တရားတွေရှိတယ်။ အဲဒါတွေကို

http://www.dhammadownload.com

တော့ အသေးစိတ်အားဖြင့် ခွဲပြီးရှာဘို့ မလိုပါဘူး။ ဦးကာမှာ ပါတယ်။

ဦးကာက သသန္တာနဂတေ သဗ္ဗဓမ္မေ ပရသန္တာနဂတေ စ တေသံ သန္တာနဝိဘာဂံ အကတ္တာ ဗဟိဒ္ဓါဘာဝသာမညတော သမ္မသနံ အယံ သာဝကာနံ သမ္မသနစာရော။ သသန္တာနဂတေ စ- မိမိသန္တာန်မှာ ရှိတဲ့တရားတွေ ထင်ရှားရင် အကုန်လုံးရှုရမယ်တဲ့။ သူတစ်ပါးသန္တာန်ဆိုတော့ သူတစ်ပါးတွေက အများကြီးရှိတာပဲ မဟုတ်ဘူးလား။ လူတင်လည်း မကဘူး၊ တိရစ္ဆာန်တွေ ပေါက ပေါပါဘိနဲ့၊ ဒါတွေအကုန်လုံး တစ်ခုချင်းတစ်ခုချင်း လိုက်ရှုရမယ်ဆို ဘယ်ဖြစ်လိမ့်မှာတုံး၊ ပရသန္တာနဂတေ စ- သူတစ်ပါးသန္တာန်မှာရှိတဲ့ တရားအလုံးစုံတို့ကိုလည်း ဘယ်လိုရှုရမလဲဆိုတော့၊ တေသံ သန္တာနဝိဘာဂံ- ထိုသူတို့၏ သန္တာန်အပိုင်းခြားအားဖြင့်၊ အကတ္တာ- မခွဲခြမ်းမူ၍၊ ဗဟိဒ္ဓါဘာဝသာမညတော- ဗဟိဒ္ဓတရားအဖြစ်အားဖြင့်၊ အပြင်ဘက်က တရားတွေအဖြစ်၊ သမ္မသနံ- သုံးသပ်ရမယ်တဲ့။

သူတို့သန္တာန်၌ တစ်ယောက်ချင်းတစ်ယောက်ချင်း အသေးစိတ် ခွဲခြမ်းပြီး ရှုရမှာမဟုတ်ဘူးတဲ့။ ဗဟိဒ္ဓတရားနဲ့ သုံးသပ်ရမယ်။ မိမိသန္တာန်မှာ ရှိတဲ့တရားတွေ အခုမြင်လိုက်

http://www.dhammadownload.com

ကြားလိုက်နဲ့ ဖြစ်ပြီးပျက်သွားတာတွေ.ရတော့ သူများသန္တာန် ကလည်း မြင်တာဟာ ဒီလိုပဲ မြင်ပြီးပျောက်သွားတဲ့တရားပဲ၊ သူများကြားနေတယ် ဆိုတာလည်း ကြားပြီးပျက်သွားတဲ့ တရားပဲ၊ မမြဲတဲ့တရားတွေချည်းပဲလို့ ဒီလိုပိုင်းခြားပြီးတော့ ရှုရမှာပေါ့။ အဲဒီလိုရှုတာဟာ သာဝကတွေ သုံးသပ်ရိုးပဲတဲ့။

အယံ သာဝကာနံ သမ္မသနစာရော။ သာဝကတွေ သုံးသပ်ရိုးတရားပဲတဲ့။ သာဝကတွေက ဒီလောက်ပဲ သုံးသပ် နိုင်တယ်တဲ့။ ကိုယ့်သန္တာန်ထင်ရှားတဲ့တရားတွေ ပိုင်းခြားပြီး တော့ရှု၊ မိမိသန္တာန်မှာမထင်ရှားတဲ့ ဗဟိဒ္ဓတရားတွေကို ဒီလို ဖြစ် ဒီလိုပျက်နေတာပဲလို့ ကိုယ့်သန္တာန်တရားနဲ့ နည်းမှီးပြီး သကာလ ရှုပါတဲ့။ အဲဒါ သာဝကတွေ ရှုရိုးရှုစဉ်ပဲတဲ့။ ကိုင်း ဆိုရအောင်။

ကိုယ်တွင်းထင်ရှား ရုပ်နာမ်များ
ပိုင်းခြားရှုရသည်။

ကိုယ်ထဲကတရားပဲဖြစ်ဖြစ် ပြင်ပကတရားပဲဖြစ်ဖြစ် ထင်ရှားတဲ့တရားဆိုရင် အကုန်လုံးပဲ ပိုင်းခြားပြီးတော့ အသေးစိတ်ရှုရမယ်။ မြင်တဲ့ဟာဆိုရင် မျက်စိရယ် မြင်သိတဲ့ သဘောရယ်က ကိုယ်တွင်းကတရားပဲ။ မြင်ရတဲ့အဆင်းက တော့ အပြင်ကလည်း ရှိတယ်။ ကိုယ်တွင်းတရားပဲဖြစ်ဖြစ်

http://www.dhammadownload.com

အပြင်ကတရားပဲဖြစ်ဖြစ် ကိုယ်တွင်းမှာ ထင်ပေါ်လာတဲ့ ထင်ရှားတဲ့တရားဆိုရင် ပိုင်းခြားပြီးတော့ အသေးစိတ် ရှုရမယ်။ မြင်ရင်မြင်တယ်၊ ကြားရင်ကြားတယ်၊ နံရင်နံတယ်၊ စားတယ်၊ တွေ့ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ညောင်းတယ်၊ ပူတယ်၊ နာတယ်၊ ကျင်တယ်၊ ကိုက်ခဲတယ် စသည်ဖြင့် ဒါလေးတွေ အနုပဒနည်းနဲ့ အသေးစိတ်ပိုင်းခြားပြီးတော့ ရှုရမယ်လို့ဆိုတယ်။ သာဝကတွေမှာ ထင်ရှားတဲ့တရား ရှုပါတဲ့။

အပြင်ပဋ္ဌ မခွဲထိုက် ပေါင်းလိုက်ရှုရသည်။

သာဝကမှာ ဤမျှသာ ရှုရာတရားနည်း။

အပြင်ပတရားတွေကိုတော့ ဘယ်သူ့သန္တာန်က ရုပ်က မမြဲဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဒီလိုလိုက်ရှုနေဖို့ မလိုပါဘူးတဲ့။ သန္တာနဝိဘာဂံ- ထိုသူတို့၏သန္တာန် အပိုင်းအခြားအားဖြင့်၊ အကတ္တာ- ခွဲခြမ်းပိုင်းခြားခြင်းကို မပြုဘဲနဲ့ ရှုပါတဲ့။ ကိုယ်ထဲက တရားတွေ မမြဲသလိုပဲ ဒီလိုပဲ အကုန်လုံး၊ တစ်လောကလုံးက တရားတွေဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလို့ ပိုင်းခြားပြီးရှုလိုက်ရင် ဒါပြီးတော့တာပါပဲ။ အပေါင်းလိုက်ရှုတာ။

http://www.dhammadownload.com

သာဝကများမှာ ရှုရတဲ့ သာဝကသုံးသပ်ဆင်ခြင်ရိုးတဲ့၊ ကိုယ်တွင်းမှာ ထင်ရှားတဲ့တရားတွေကို အသီးသီး လိုက်ပြီး ရှုရတယ်။ မြင်တာ၊ ကြားတာ၊ တွေ့တာ၊ ထိတာ၊ ပေါ်သမျှတွေ အကုန်လုံး လိုက်ပြီးတော့ ရှုရတယ်။ သူတစ်ပါးသန္တာန်ကရှိတဲ့ ရုပ်နာမ်တွေကျတော့ အသေးစိတ်လိုက်ပြီး ရှုနေဖို့မလိုပါဘူး။ မခွဲဘဲနဲ့ အပေါင်းလိုက်ပဲ ရှုပါတဲ့။ မိမိသန္တာန်က ဖြစ်ပျက်နေတဲ့ တရားတစ်ခုကို တွေ့သွားရင် ဒီလိုပဲ သူတစ်ပါးသန္တာန်က လည်း တစ်လောကလုံးကလည်း ဒီလိုဖြစ်ပျက်နေတဲ့တရား မမြဲတဲ့တရားတွေပဲလို့ ရှုလိုက်ရင် ပြီးတာပါပဲ။

ယောဂီပုဂ္ဂိုလ်က သမ္မသနဉာဏ်မှမဟုတ်၊ ဥဒယဗ္ဗယ ဉာဏ်မှာလည်း ဒီလိုရှုတာပဲ။ ဖြစ်ပျက်ကလေးတွေ မြင်တော့ ငါ့သန္တာန်ကဖြစ်ပျက်သလို သူများသန္တာန်နဲ့ တစ်လောကလုံး မှာလည်း ဒီလိုဖြစ်ပျက်နေတဲ့တရားချည်းပဲလို့ ရှုတယ်။ ဘင်္ဂဉာဏ်ရောက်ရင်လည်း ကိုယ့်သန္တာန်က ရိပ်ခနဲရိပ်ခနဲ ပျက်နေတဲ့ တရားချည်းပဲ၊ တစ်လောကလုံးလည်း ဒီလိုပျက် နေတဲ့ တရားချည်းတဲ့ပဲ။ ဒီလိုရှုရမယ်။ ဘယဉာဏ်၊ အာဒီနဝ ဉာဏ်တို့လည်း အတူတူပဲ၊ ကိုယ့်သန္တာန်က ကြောက်စရာ ကောင်းသလို တစ်လောကလုံး ကြောက်စရာကောင်းတယ် ဒီလိုရှုတာပဲ။ အပြစ်မြင်တော့လည်း ကိုယ့်သန္တာန်က တရား

http://www.dhammadownload.com

တွေ မကောင်းဘူးထင်သလို တစ်လောကလုံးကတရားတွေ ဒီလို မကောင်းဘူး ထင်တာပဲ။ ဒီလိုရှုသွားပါတယ်။ ကိုယ့် သန္တာန်ကတရား ပိုင်းခြားပြီးတော့သိရင် သူတစ်ပါးသန္တာန်က တရားတွေလည်းပဲ အပေါင်းလိုက်အားဖြင့် ရှုပြီးတော့ သိသွား တာတဲ့။ သာဝကတို့၏ သုံးသပ်ရိုးတဲ့။ မြတ်စွာဘုရားမှာတော့ သူတစ်ပါးသန္တာန်က တရားတွေ အသေးစိတ်လိုက်ပြီးရှုတာ ရှိပါသေးတယ်။ သာဝကတို့၏ သုံးသပ်ရိုးကတော့ ဤမျှပဲတဲ့။

နိဂုံး

ရှင်သာရိပုတ္တရာ နေဝသညာနာသညာယတနစျာန် တိုင်အောင် ဝိပဿနာရှုပုံ ပြီးသွားပြီ။ နောက် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်၊ ရဟန္တာဖြစ်ပုံလေးက တစ်ပိုင်းကျန်သေးတယ်။ အချိန်က ကုန်သွားပြီ၊ နောက်သီတင်းကျမှ ဟောရမယ်။ အဲဒီမှာ ရှင်သာရိပုတ္တရာ ရဟန္တာဖြစ်တဲ့ သုတ်ကလေးတစ်ခု ရှိသေးတယ်။ သူ့တူ ဒီဃနခပရိဗိုဇကမေးလို့ မြတ်စွာဘုရား ဟောထားတဲ့ သုတ်တဲ့။ ရှင်သာရိပုတ္တရာကို ဟောတာ မဟုတ်ဘူး။ အဲဒီသုတ်ကို နာရင်းနဲ့ ရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်သွားတယ်။ အဲဒါ နောက်သီတင်းကျမှ တော်တော် ပြည့်ပြည့်စုံစုံ ဟောရမယ်၊ အခုတော့ သိမ်းဦးမှပဲ။

http://www.dhammadownload.com

ဤအနုပဒသုတ်တရားတော်ကို ရိုသေစွာ နာခံ
မှတ်သားရသော ဓမ္မသဝန ကုသိုလ်ကံစေတနာဖြင့် အစွမ်း
အာနုဘော်ကြောင့် ယခု တရားနာပရိသတ်အပေါင်း သူတော်
ကောင်းတို့သည် မိမိတို့သန္တာန်၌ ရှိသင့်ရှိထိုက်သောတရား
တို့ကို အနုပဒ အသေးစိတ်အားဖြင့် ပိုင်းခြားရှုနိုင်ကြ၍
ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲ
ခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ
ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com

အဂ္ဂသဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
ဆဋ္ဌမပိုင်း
(၁၃၂၅-ခုနှစ်၊ နှောင်းတန်ခူးလပြည့်)

တရားအနုသဒ္ဓေ

ယနေ့ ရှင်သာရိပုတ္တရာမထေရ် အနုပဒဝိပဿနာရှုပုံ နောက်ဆုံးပိုင်းနဲ့ မြတ်စွာဘုရား ဒီယနခပရိဗိုဇ်ကို ဟောကြား ထားတဲ့ ဒီယနခသုတ္တန်တရားကို ဟောရမယ်။ ဒီယနခသုတ္တန် တရားကို ကြားနာနေရင်း ရှင်သာရိပုတ္တရာက ရဟန္တာဖြစ်သွား တယ်။

အနုပဒဝိပဿနာက နှစ်သိတင်းဟောခဲ့တာ ပထမ ဈာန်ဝင်စားပြီးတော့ ပထမဈာန်က ထတဲ့အခါ ပထမဈာန်စိတ် ကို ဝိပဿနာရှုတယ်။ ပထမဈာန်စိတ်ဆို ပထမဈာန်နဲ့ အတူတကွရှိတဲ့ နာမ်တရားတွေ အကုန်ပေါ့လေ။ ဒုတိယ ဈာန်ဝင်စား ဒုတိယဈာန်မှာပါဝင်တဲ့ တရားတွေကိုရှုတယ်။ တတိယဈာန်ဝင်စား ဝိပဿနာရှု၊ စတုတ္ထဈာန်ဝင်စား ဝိပဿနာရှု၊ အာကာသာနဉ္စာယတနဈာန် ဝင်စားပြီးတော့

http://www.dhammadownload.com

လည်း ဝိပဿနာရှု၊ ဝိညာဏဥာယတနချာန် ဝင်စားပြီးတော့ လည်း ဝိပဿနာရှု၊ အာကိဥညာယတနချာန် ဝင်စားပြီးတော့ လည်း ဝိပဿနာရှု၊ ချာန် သမာပတ်၇-ပါး အစဉ်အတိုင်း ပါဝင်တဲ့တရားတွေ အသေးစိတ်အားဖြင့် ဝိပဿနာရှုသွားပုံကို ဟောတယ်။

နောက်ဆုံး နေဝသညာနာသညာယတနချာန် ဝင်စား တယ်။ ချာန်ကထတဲ့အခါကျတော့ အသေးစိတ်အားဖြင့် တရားတွေ အသီးသီး မရှုနိုင်တော့ဘူး။ ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိပရိဏတာ တေ ဓမ္မေ သမနုပဿတိ ဒီလိုဟောတာပဲ။ ချုပ်သွားလေတဲ့တရားတွေ၊ လွန်သွားလေတဲ့တရားတွေ၊ ဖောက်ပြန်သွားလေတဲ့တရားတွေကို စုပေါင်းပြီးတော့ရှုတယ် လို့ ဒီလိုဟောထားတယ်။ တစ်ခုစီ တစ်ခုစီ အသေးစိတ် မရှုနိုင်တော့ဘူး။ အဲဒါကို နည်းယူပြီးတော့ အခုယောဂီ ပုဂ္ဂိုလ်တွေမှာလည်း ထင်ရှားရှုနိုင်တဲ့တရားတွေပဲ ရှုရတယ်။ မြင်တာထင်ရှားရင် မြင်တဲ့သဘော၊ ကြားတာထင်ရှားရင် ကြားတဲ့သဘော၊ စိတ်ကူးတာထင်ရှားရင် စိတ်ကူးတဲ့သဘော၊ ကြံစည်တာထင်ရှားရင် ကြံစည်တဲ့သဘော၊ အဲဒါတွေ ရှုရတာ။

မထင်မရှားဖြစ်တဲ့တရားတွေကိုတော့ လုံးပြီးသာမန်ပဲ ရှုရတာ။ အပြင်ပတရားတွေကိုတော့ ဘယ်သူ့သန္တာန်က

http://www.dhammadownload.com

ရုပ်က မမြဲဘူး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တာ ဒီလိုလိုက်ရှုနေဖို့ မလိုပါဘူးတဲ့။ ကိုယ်ထဲက တရားတွေ မမြဲသလိုပဲ ဒီလိုပဲ အကုန်လုံး တစ်လောကလုံးကတရားတွေဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တာပဲလို့ ပိုင်းခြားပြီးရှုလိုက်ရင် ဒါပြီးတော့တာပါပဲ။ အပေါင်းလိုက်ရှုတာ။ အဲဒါ ရှင်သာရိပုတ္တရာရဲ့ အနုပဒဝိပဿနာရှုနည်း ဟိုတစ်နေ့က ပြောခဲ့ပါတယ်။

ထို့အတူ နေဝသညာပြီးတော့ နိရောဓသမာပတ်တိုင်အောင် ဝင်စားတာကို ဒီသုတ်မှာ ဟောထားပါတယ်။

ပုနစပဂံ ဘိက္ခဝေ သာရိပုတ္တော သဗ္ဗသော နေဝသညာနာသညာယတနံ သမတိက္ကမ္မ သညာဝေဒယိတနိရောဓံ ဥပသမ္ပဇ္ဇ ဝိဟရတိ။ ဘိက္ခဝေ- ရဟန်းတို့၊ ပုန စ-တဖန်လည်း၊ ပဂံ- တစ်ပါးကား၊ သာရိပုတ္တော- သာရိပုတ္တရာသည်၊ သဗ္ဗသော- အချင်းခပ်သိမ်း၊ နေဝသညာနာသညာယတနံ- နေဝသညာနာသညာယတနစျာန်ကို၊ သမတိက္ကမ္မ-ကျော်လွန်၍၊ သညာ ဝေဒယိတနိရောဓံ- သညာဝေဒနာတို့၏ချုပ်ရာ သမာပတ်သို့၊ ဥပသမ္ပဇ္ဇ- ရောက်၍၊ ဝိဟရတိ- နေ၏။

နေဝသညာနာသညာယတနစျာန် လွန်ပြီးတော့တဲ့၊ သညာရော၊ ဝေဒနာပါ ချုပ်သွားတယ်။ နေဝသညာနာသညာယတနတုန်းကတော့ မချုပ်သေးဘူး။ သညာမရှိတရှိ သိမ်သိမ်

http://www.dhammadownload.com

မွေ့.မွေ့.ကလေး နူးနူးညံ့ညံ့ကလေးဖြစ်နေတယ်။ အခု ရှင်သာရိပုတ္တရာမှာ ဝေဒနာ သညာတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန သမာပတ်တဲ့၊ စိတ်တွေရော ဘာတွေရော အကုန်လုံး ချုပ်ငြိမ်း သွားတယ်။ အဲဒီရောက်ပြီးတော့ နေတယ်တဲ့။

ရှင်သာရိပုတ္တရာမထေရ် အရဟတ္တမဂ်ပညာဖြင့် သစ္စာလေးပါးတရားကို မြင်သွားခြင်း

ပညာယ စဿ ဒိဿာ အာသဝါ ပရိက္ခီဏာ ဟောန္တိ။

ပညာယ စ- ပညာဖြင့်လည်း၊ ဒိဿာ- မြင်၏၊ အာသ- ထိုသာရိပုတ္တရာ၏သန္တာန်၌၊ အာသဝါ- အာသဝေါတရားတို့သည်၊ ပရိက္ခီဏာ- ကုန်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

အရဟတ္တမဂ်ပညာဖြင့် သစ္စာလေးပါးတရားလည်း မြင်သွားတယ်တဲ့။ သစ္စာလေးပါးတရား မြင်တယ်ဆိုတာ နိဗ္ဗာန်မြင်တာပါပဲ။ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သခါရတရားတွေ လုံးဝဆိတ်သုဉ်းနေတဲ့သဘောကို ရောက်ပြီးတော့ မြင်သွားတာကိုး။ နိဗ္ဗာန်သစ္စာခေါ်တဲ့ နိဗ္ဗာန်တရားကို မြင်သွားတာ။ မြင်တယ်ဆိုတာလည်း မျက်စိနဲ့မြင်တာမျိုး မဟုတ်ပါဘူး။ ချုပ်ငြိမ်းတဲ့နေရာ ရောက်သွားတာပါပဲ။ အစကဆိုရင် ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က ဖြစ်ပေါ်လာလိုက်၊ ရှုလိုက်၊ ပျောက်သွားလိုက်၊

http://www.dhammadownload.com

ဖြစ်ပြီးတော့ ပျက်တဲ့တရားတွေ တွေ့တယ်။ အဲဒီ နိရောဓ သစ္စာခေါ်တဲ့ နိဗ္ဗာန်တရားတွေ့တဲ့အခါကျတော့ ဖြစ်ပြီးပျောက် သွားတာ မဟုတ်ဘူး။ မရှိဘဲနဲ့ ချုပ်ငြိမ်းနေတဲ့ နေရာကို ရောက်သွားတာ၊ သိတဲ့စိတ်ကလေးကပါ ပျောက်သွားသလို ဖြစ်ပြီး ချုပ်ငြိမ်းတဲ့နေရာကို ရောက်သွားတာ။

အဲဒီလိုငြိမ်းတဲ့တရားကို တွေ့သွားတော့ မငြိမ်းဘဲနဲ့ ဖြစ်ပျက်နေတဲ့ တရားတွေဟာ ဆင်းရဲတွေပဲလို့၊ မြင်ရတာလည်း ဘာမှနစ်သက်သာယာစရာ မရှိဘူး။ ဖြစ်ပြီးပျက်သွားလို့ ဆင်းရဲပဲ၊ ကြားရတာရော၊ နံတာရော၊ စားရတာရော၊ တွေ့ထိရတာရော၊ စိတ်ကူးစဉ်းစား ကြံစည်ရတာတွေရော၊ ကိုယ်အမှုအရာတွေရော၊ စိတ်အမှုအရာတွေရော၊ ဘယ်ဟာမဆို ခဏာမစဲ ဖြစ်ပျက်ပြီးတော့နေတဲ့တရားတွေ၊ ဆင်းရဲတွေချည်းပဲ၊ နစ်သက်သာယာဖွယ်မရှိတဲ့ အားကိုးစရာမဟုတ်တဲ့ တရားတွေချည်းပဲ။ ငြိမ်းနေတဲ့တရားက ကောင်းတာပဲ၊ မငြိမ်းတဲ့တရားတွေက ဆင်းရဲတွေပဲလို့သိတယ်။

မငြိမ်းတဲ့တရားတွေကို သာယာနစ်သက်နေတာ လိုချင်နေတာဟာ ဆင်းရဲကိုတောင့်တနေသလိုဖြစ်တော့ ဒါ သမုဒယသစ္စာ- ဆင်းရဲကြောင်းတရားပဲ ဆိုတာလည်း သိတယ်။ ငြိမ်းတဲ့တရားကို တွေ့မြင်သွားတော့ကာ မဂ္ဂသစ္စာ-

http://www.dhammadownload.com

ချုပ်ငြိမ်းရာသို့ရောက်တဲ့ တရားပဲလို့ သိသွားတယ်။ ရှုရင်း ရှုရင်း တစ်ခါတည်း ဖြစ်ပျက်တဲ့ရုပ်နာမ်တွေ လုံးဝငြိမ်းရာကို ဖြုတ်ခနဲ ရောက်သွားတော့ အဲဒီရောက်သွားတဲ့တရားဟာ ချုပ်ငြိမ်းရာရောက်တဲ့ အရိယာမဂ်ပဲလို့၊ သစ္စာလေးပါးတရား သိမြင်တာပဲ။

ရှင်သာရိပုတ္တရာမထေရ်၏သန္တာန်၌
အာသဝေါတရားများ ကုန်သွားခြင်း

ပညာယ စ- အရိယာမဂ်ပညာဖြင့်လည်း၊ ဝါ၊ အရဟတ္တမဂ်ပညာဖြင့်လည်း၊ ဒိဿာ- သစ္စာလေးပါးကို သိမြင်ပြီး၍၊ ဝါ၊ သိမြင်သောကြောင့်၊ အာသ- ထို သာရိပုတ္တရာ၏ သန္တာန်၌၊ အာသဝါ- အာသဝေါတရားတို့သည်၊ ပရိက္ခီဏာ- ကုန်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

အာသဝေါတရားတွေ ကုန်သွားတယ်တဲ့။ အာသဝေါတရားဆိုတာ ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ လေးမျိုးရှိတယ်။ အာသဝဆိုတာဟာ ယိုစီးတတ်တဲ့ တရား၊ ဖြစ်ပွားတတ်တဲ့တရားပဲတဲ့။ အနာအိုကြီးတွေများမှာ ပြည်ပုပ်တွေ၊ သွေးပုပ်တွေ၊ အနာရည်တွေ ယိုကျတယ်။ အဲဒါလိုပဲ အာသဝဆိုတဲ့တရားတွေက အကုသိုလ် ကိလေသာတွေပါပဲ၊

http://www.dhammadownload.com

အနာကနေ ယိုထွက်နေသလိုပဲတဲ့၊ ဒီခန္ဓာကိုယ်ထဲကနေပြီး သူက ယိုထွက်နေတယ်။ မျက်စိကနေလည်း မြင်ပြီးတော့ ကိလေသာတွေကဖြစ်လာ၊ နားကလည်းကြားပြီးဖြစ်၊ နှာခေါင်း ကလည်းဖြစ်၊ လျှာကလည်းဖြစ်၊ ကိုယ်ကတွေ့.ထိရာကနေပြီး တော့လည်း ဒီကိလေသာတွေဖြစ်၊ အဲဒီလို ယိုစီးပြီးတော့ ကျွတ်သောကြောင့် အာသဝေါတရားတွေခေါ်တယ်တဲ့။

ကာမာသဝဆိုတာ ကာမအာရုံတွေ လိုချင်စရာအာရုံတွေနဲ့စပ်ပြီးတော့ လိုချင်တဲ့ဥစ္စာ ကာမာသဝလို့ခေါ်တယ်။ လိုချင်တယ် နစ်သက်တယ်။ မြင်ရာကနေ လိုချင်၊ ကြားရာကနေပြီး လိုချင်၊ နံရာက၊ စားရာက၊ တွေ့.ထိရာက၊ စိတ်ကူးစဉ်းစား ကြံစည်ရာက၊ ကောင်းတယ်ထင်တဲ့ဟာတွေ အကုန်လုံး လိုချင်နေတာ၊ နစ်သက်နေတာ၊ တောင့်တနေတာတွေ မှန်သမျှဟာ ကာမာသဝတွေ ခေါ်တယ်။ ဒါတွေ နိပ်စက်နေတာပဲ။ လိုချင်မှုနစ်သက်မှုတွေ ကင်းနေရင်တော့ အင်မတန်ကောင်းတာပေါ့။ နစ်သက်စရာ သာယာစရာလေးတွေကို ကောင်းတယ်ထင်ပြီး ဒါလေးတွေ ရအောင်ဆိုပြီးတော့ လုပ်နေတာ ကာမာသဝတွေ၊ ဒုက္ခတွေ ရောက်နေတာ။

ဘဝါသဝဆိုတာ ဘဝကို သာယာနေတာ။ ကိုယ့်ဘဝလေးနဲ့ကိုယ် ဒီဘဝ ဖြစ်နေရတာလည်း သာယာတယ်၊

http://www.dhammadownload.com

နောက်ဘဝတွေ ဖြစ်နေရမှာလည်း သာယာတယ်။ ဘဝထဲက ကို မထွက်ချင်ဘူး။ ကာမဘဝမှ မလွန်မြောက်သေးတဲ့ ပုဂ္ဂိုလ်တွေကတော့ ကာမဘဝထဲ သာယာနေသေးတာပါပဲ။ ကာမဘဝကလွန်မြောက်တဲ့ ရူပဘုံ အရူပဘုံရောက်နေတဲ့ ပုဂ္ဂိုလ်ကလည်း သူတို့ဘဝလေးနဲ့ သူတို့ သာယာနေတာပဲ၊ ရောက်ရာရောက်ရာ သာယာနေတာပဲကိုး။ ဘဝအာသဝ၊ ဘဝါသဝ ခေါ်တယ်။

ဒိဋ္ဌအာသဝ၊ ဒိဋ္ဌာသဝ။ ဒိဋ္ဌဆိုတာကတော့ အယူမှား တွေအမျိုးမျိုးပေါ့လေ။ အကျဉ်းချုပ်အားဖြင့် သက္ကာယဒိဋ္ဌ၊ ရုပ်နာမ်တရားတွေကိုပဲ ပုဂ္ဂိုလ်သတ္တဝါပါ၊ အသက်ရှင်နေတဲ့ အကောင်ပဲ၊ အကောင်လိုက် တည်နေတာပဲလို့ ဒီလိုထင်မြင် စွဲလမ်းတဲ့ သက္ကာယဒိဋ္ဌ။ အဲဒါက အမြဲတည်နေတယ်လို့ ထင်ရင် သဿတဒိဋ္ဌ ခေါ်တယ်။ သေသွားတဲ့အခါ ဘာမှမရှိတော့ဘူး ထင်ရင် ဥစ္ဆေဒဒိဋ္ဌ ခေါ်တယ်။ အဲဒီ ဒိဋ္ဌနှစ်ခု အရင်းခံပြီးတော့ အမျိုးမျိုးအထွေထွေ အယူဒိဋ္ဌတွေ ဖြစ်လာတယ်။ အဲဒီတော့ အယူဒိဋ္ဌ အမျိုးမျိုးတွေဟာ ဒိဋ္ဌအာသဝပဲတဲ့။

အဝိဇ္ဇာအာသဝဆိုတာကတော့ ကျယ်ပြန့်ပါတယ်။ ရုပ်နာမ်တရားတွေ မမြဲဘဲနဲ့ မြဲတယ်လို့ ထင်နေတာ အဝိဇ္ဇာသဝ။ ချမ်းသာမဟုတ်ဘဲနဲ့ ချမ်းသာတယ် ကောင်းတယ်လို့

http://www.dhammadownload.com

ထင်နေတာ အဝိဇ္ဇာသဝ။ အခုလောကမှာ လူတွေ ဒီလို ထင်နေတာပဲ။ ကိုယ့်ကိုယ်ရော သူများကိုယ်ရော အမြဲတည် နေတယ်လို့ ထင်နေတာပဲ။ ရုပ်နာမ်တရားတွေပဲ ခန္ဓာငါးပါး တွေပဲ ခဏမစဲ ဖြစ်ပျက်နေတာပဲ အနိစ္စတွေပဲ ဒီလိုတော့ ပြောတတ်ပါတယ်။ ကြားလည်းကြားဖူးတယ်၊ ဘုရားဟောတဲ့ အတိုင်းသာ ဟုတ်မှာပဲလို့ ယုံတဲ့ပုဂ္ဂိုလ်ကလည်း ယုံနေတာပဲ။ ဒါပေမယ်လို့ ကိုယ်တိုင်သိအားဖြင့်တော့ မသိဘူး။ ခဏမစဲ ဖြစ်ပျက်နေတာတွေ မသိတော့ ကိုယ့်ကိုယ်ရော သူများကိုယ် တွေရော အစဉ်ထာဝရတည်ရှိနေတယ်လို့ အောက်မေ့နေ တာ၊ မြဲတည်နေတယ်၊ သေပြီးတော့တောင်မှလည်းပဲ ဒီ အကောင်အထည်လိုက် တစ်နေရာပြောင်းသွားပြီး မြဲတည်နေ တယ်ထင်နေတာ၊ မမြဲဘဲနဲ့ မြဲတယ်လို့ထင်နေတာကို အဝိဇ္ဇာ အာသဝလို့ ခေါ်တယ်။

မိမိကိုယ် သူတစ်ပါးကိုယ်တွေ မြင်လိုက်ကြားလိုက် ဖြစ်ချည်ပျက်ချည် နိပ်စက်နေလို့ ဆင်းရဲတွေပဲ၊ ဖြစ်ပြီးပျက် ဘာမှကောင်းတဲ့တရားတွေ မဟုတ်ဘူး။ အဲဒါတွေကိုပဲ ကောင်းတယ်လို့ သဘောစရာတွေပဲ ပျော်စရာတွေပဲလို့ ထင်ပြီးတော့ အသိအမှတ်ပြုထားတယ်။ အဲဒီလို မကောင်း တာတွေ ကောင်းတယ်၊ မချမ်းသာတာတွေ ချမ်းသာတယ် ထင်နေတာ ဒါတွေကလည်း အဝိဇ္ဇာသဝပဲ။

http://www.dhammadownload.com

ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်မဟုတ်ပါဘဲနဲ့ ပုဂ္ဂိုလ်သတ္တဝါ အကောင်အထည်တွေပဲလို့ ထင်နေတာလည်း အဝိဇ္ဇာသဝပဲ။ အဝိဇ္ဇာသဝက အင်မတန်ကျယ်ဝန်းပါတယ်။ ပကတိ အသိတွေမှန်သမျှဟာ အဝိဇ္ဇာသဝတွေ ခေါင်းဆောင်နေတာတဲ့။

အဲဒီ အာသဝေါတရား ၄-ပါးတွေ ရဟန္တာဖြစ်မှ၊ အရဟတ္တမဂ်ကျမှ ကုန်တာ။ သောတာပန်ဆိုရင်တော့ အမျိုးမျိုးသောအယူဝါဒ ဒိဋ္ဌိမရှိတော့ဘူး၊ သံသရာနဲ့ စပ်ပြီးတော့ ဒိဋ္ဌိတွေ မရှိဘူး၊ ပုဂ္ဂိုလ်သတ္တဝါအနေအားဖြင့်စွဲလမ်းတဲ့ ဒိဋ္ဌိတွေ မရှိဘူး။ ဒါပေမဲ့ ကာမာသဝ- ကာမတွေကိုတော့ နှစ်သက်သာယာမှုရှိသေးတာပဲ၊ ဘဝါသဝ- ဘဝကို ခင်မင်တွယ်တာမှု ရှိသေးတာပဲ။ အဝိဇ္ဇာကလည်း လုံးလုံးမကင်းသေးဘူး။ အနာဂါမ်ကျ ကာမာသဝ ကင်းသွားတယ်။ ဒါပေမဲ့ ဘဝကို ခင်မင်တွယ်တာမှုက ရှိတာပဲ။ အဝိဇ္ဇာကလည်း ရှိသေးတာပဲ၊ မကင်းဘူး။

အရဟတ္တမဂ်ရောက်ရင် အဲဒီ အာသဝ ၄-ပါး အကုန်လုံး ကင်းသွားတယ်တဲ့။ ဒါကြောင့် ရှင်သာရိပုတ္တရာကလည်းပဲ ၁၅-ရက်ပတ်လုံး အနုပဒဓမ္မဝိပဿနာတွေ အားထုတ်လိုက်တာ အဲဒီ ၁၅-ရက်မြောက်တဲ့နေ့ ညနေပိုင်းအချိန်ပဲ့ါလေ၊

http://www.dhammadownload.com

အဲဒီအချိန်မှာ အစဉ်အတိုင်း ရှုပြီးတော့ အခု နေဝသညာနာသညာယတနစျာန်ကို လွန်မြောက်ပြီးရှတဲ့အခါ အရဟတ္တာမဂ်ပညာဖြင့် သစ္စာလေးပါးတရား သိမြင်ပြီးတော့ အာသဝေါတရားတွေ ကုန်သွားပါတယ်တဲ့။

ပညာယာ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ။ ပညာယ စ- အရဟတ္တမဂ် ပညာဖြင့်လည်း၊ ဒိသွာ- မြင်ပြီး၍၊ ဝါ၊ မြင်သောကြောင့်၊ အဿ- ထို သာရိပုတ္တရာဇ်သန္တာန်၌၊ အာသဝါ- ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ တည်းဟူသော အာသဝေါတရားတို့သည်၊ ပရိက္ခီဏာ- လုံးဝ ကုန်ခမ်းကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

အရဟတ္တမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးတရား မြင်လိုက်တဲ့အခါကာလကျတော့ ကာမအာရုံတွေလည်း ခင်မင်တွယ်တာစရာ မရှိဘူး၊ ဘဝတွေလည်း ခင်မင်တွယ်တာစရာ မရှိဘူး၊ မမြဲတာကို မြဲတယ်လို့ အထင်မှားအယူမှား အဝိဇ္ဇာတွေလည်း မရှိတော့ဘူး။ ဒီဥဆိုတာကတော့ စောစောက ကင်းနေပါပြီ။ အဲဒီတော့ အာသဝေါတရား ၄-ပါး အကုန်လုံး ကင်းပြီးတော့ ရဟန္တာဖြစ်ပြီး သွားပါတယ်တဲ့။ အာသဝေါတရား ၄-ပါး ဆိုကြဦးစို့။

http://www.dhammadownload.com

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊
အဝိဇ္ဇာသဝ၊
ကျိလေးပါးကို အာသဝေါတရားဟုခေါ်သည်။

ရှင်သာရိပုတ္တရာမထေရ် ဒီယနခသုတ်တော် တရားနာနေရင်း ရဟန္တာဖြစ်တော်မူခြင်း

ရှင်သာရိပုတ္တရာ၏သန္တာန်မှာ သစ္စာလေးပါးတရားကို အရဟတ္တမဂ်ဉာဏ်နဲ့ မြင်လိုက်တဲ့အခါမှာ အာသဝေါတရား ၄-ပါးလုံး အကုန်လုံးကင်းပြီးတော့ ရဟန္တာဖြစ်သွားပါတယ်တဲ့။ တရားအားထုတ်နေရင်း ဖြစ်တာမဟုတ်ဘူး၊ တရားနာနေရင်း ဖြစ်တာ။

ရှင်သာရိပုတ္တရာ မြတ်စွာဘုရားထံရောက်လို့ ၁၅-ရက် မြောက်တဲ့နေ့မှာ ရှင်သာရိပုတ္တရာ၏တူ ဒီယနခဆိုတဲ့ ပရိဗိုဇ်က မြတ်စွာဘုရားထံ လာတယ်။ ဘာဖြစ်လို့လာတာလဲဆိုရင် သူကစဉ်းစားတာ တို့ဦးကြီးဟာ (ဦးကြီးဆိုတာ ရှင်သာရိပုတ္တရာကို ပြောတာ) အရင်တုံးက ဆရာသွားစုံစမ်းရင် သိပ်မကြာဘူးတဲ့။ ဟိုဆရာဆီသွားလိုက်လည်း ၂-ရက် ၃-ရက်ကြာ ပြန်လာတာပဲတဲ့၊ ဒီဆရာဆီသွားလည်း ၂-ရက် ၃-ရက်ကြာ ပြန်လာတာပဲ။ ဆရာတွေကို မကြိုက်ဘူးတဲ့။ အခု

http://www.dhammadownload.com

ရဟန်းဂေါတမဆိသွားတာ ၁၅-ရက်တောင်ရှိပြီ၊ ပြန်လည်းမလာဘူး။ သွားစုံစမ်းဦးမှဆိုပြီး လိုက်လာတာ။

မြတ်စွာဘုရား ဂိဇ္ဈကူဋ်တောင် သူကရခတလိုက်ဂုမှာသီတင်းသုံးနေတဲ့အခါကာလ ဒီဃနခပရိဗိုဇ်ရောက်လာတော့ ရှင်သာရိပုတ္တရာက မြတ်စွာဘုရား၏နောက်ကနေ ယပ်ခတ်ပေးနေတယ်။ တပို့တွဲလပြည့်နေ့ပါပဲ။ ဒီဃနခပရိဗိုဇ်က အစတည်းက သူဦးကြီးကို ရိုသေတာ၊ ရှင်သာရိပုတ္တရာ မတ်တတ်ရပ်နေတော့ သူကလည်း မတ်တတ်ရပ်ပြီးတော့ပဲ လျှောက်တယ်။

ရှင်သာရိပုတ္တရာ၏တူ ဒီဃနခပရိဗိုဇ်က သူ၏အယူဝါဒကို
မြတ်စွာဘုရားအား လျှောက်ထားသည်ကို
မြတ်စွာဘုရားက မေးခွန်းဖြင့် ပြန်လည်စစ်တော်မူခြင်း

အဟဉ် ဘော ဂေါတမ၊ ဇဝံဝါဒီ ဇဝံဒိဋ္ဌိ သဗ္ဗံ မေ နက္ခမတိ တိ။ ဘော ဂေါတမ- အရှင် ဂေါတမ၊ အဟံ- အကျွန်ုပ်သည်၊ ဇဝံဝါဒီ- ဤသို့ပြောလေ့ဆိုလေ့ရှိပါတယ်။ ဇဝံဒိဋ္ဌိ- ဤသို့ အမြင်ရှိပါတယ်။ ဒီလိုပဲ ပြောလေ့ဆိုလေ့ ရှိပါတယ်။ ဒီလိုအယူ ရှိနေပါတယ်။ သဗ္ဗံ- အလုံးစုံသည်၊ မေ- ငါ့အား၊ နက္ခမတိ- မနှစ်သက်။ ပါဠိစာတွေက ဝါကျဖွဲ့စည်းပုံ

http://www.dhammadownload.com

မှာ ဗမာအသုံးနဲ့ တော်တော်မတူတာတွေ ရှိတယ်။ အလုံးစုံကို မကြိုက်ဘူးလို့ပြောတာ၊ သူကမကြိုက်တာ။ သဗ္ဗံ- အလုံးစုံကို၊ မေ- ကျွန်ုပ်သည်၊ နက္ခမတိ- မနစ်သက်၊ ကုတိ- ဤသို့သော အယူရှိပါတယ်တဲ့။

ဆိုလိုရင်းကတော့ ဘာမှမကြိုက်ဘူးဆိုပေမယ့် လျှို့ဝှက်တဲ့သဘောနဲ့ သူက ပြောတာ။ ဒီဘဝက သေပြီးလို့ရှိရင် လူဖြစ်တယ် နတ်ဖြစ်တယ်ဆိုတာတွေ သူမကြိုက်ဘူး၊ သေပြီးရင် ဖြစ်သေးတယ်ဆိုတာ သူမကြိုက်ဘူးတဲ့။ ဒီအယူဝါဒတွေ အကုန်လုံး သူမကြိုက်ဘူး ဆိုပြီးတော့ ပြောတာပေါ့၊ ဥစ္ဆေဒဒိဋ္ဌိ ခေါ်တယ်။

အကုန်လုံး သူမကြိုက်ဘူးလို့ပြောတော့ ဘုရားက သူ ပြောတဲ့စကားမှာ အပြစ်ကောက်တယ်။ အဂ္ဂိဝေဿနအန္တယ် ရှိတဲ့ ဒီယနခပရိဗ္ဗိ၏၊ သင်ပြောတာက အကုန်လုံး မကြိုက်ဘူး ဆိုတော့ အကုန်လုံးမကြိုက်ဘူးဆိုတဲ့ အယူဝါဒကလေးလည်း သင် မကြိုက်ဘူးလား၊ ဒီလိုမေးတာပေါ့။ မေးတော့ သူဖြေရ ခက်နေတယ်။

ဇော ဧ မေ ဘော ဂေါတမ၊ ဒိဋ္ဌိ ခမေယျ။ တံပဿ တာဒိသမေဝ၊ တံပဿ တာဒိသမေဝါတိ။ ဘော ဂေါတမ-

http://www.dhammadownload.com

အရှင်ဂေါတမ၊ ဇသာ ဒိဋ္ဌ- ဤအယူဝါဒသည်၊ အကုန်လုံး မကြိုက်ပါဘူးဆိုတဲ့ အယူဝါဒသည်၊ မေ- ကျွန်ုပ်အား၊ ဇေ ခမေယျ- အကယ်၍ နှစ်သက်ငြားအံ့၊ အကုန်လုံးမကြိုက်ပါဘူး ဆိုတဲ့ အယူဝါဒကို ကျွန်ုပ်ကကြိုက်ခဲ့လို့ရှိရင်တော့၊ တံပသ- ထိုစကားသည်လည်း၊ တာဒိသမေဝ- ထိုကြိုက်ပါတယ်ဆိုတာနဲ့ အတူတူဖြစ်မှာပါပဲတဲ့။

မြတ်စွာဘုရားက သူ့ကို ဒီယနခပရိဝိဇ်တဲ့၊ လောကမှာလေ သမဏာငြာဟ္မဏာတွေ၊ ပုဂ္ဂိုလ်မြတ်တွေက အများကြီးပဲတဲ့။ တံပသ တာဒိသမေဝ- ထိုစကားလည်းပဲ ဒီလိုနေမှာပါပဲ၊ ဟိုစကားလည်း ဒီလိုနေမှာပါပဲလို့ ဒီလိုပြောကြတာပဲတဲ့၊ ပြောပြီးတော့ သူတို့ ကိုယ်မှုလ အယူဝါဒလည်း မစွန့်ဘူး၊ နောက်တစ်ခါ အယူဝါဒအသစ်တွေလည်း ယူကြသေးတယ်တဲ့၊ အဲဒီလိုပုဂ္ဂိုလ်တွေက များတာပဲတဲ့။ ကိုယ့်အယူဝါဒ စွန့်ပြီးတော့ အယူဝါဒအသစ်လည်းမယူဘဲနဲ့ မစွဲလမ်းဘဲနဲ့ အဲဒီလိုစွန့်လွှတ်နိုင်တဲ့ပုဂ္ဂိုလ်က နည်းတယ်တဲ့၊ မြတ်စွာဘုရားကပြောတယ်။ သူ့အယူဝါဒ သူ မစွန့်နိုင်ဘဲနဲ့ ဝေ့တီးဝေ့လည်ပြောလို့ ဒါကြောင့် မြတ်စွာဘုရားက လိုက်ပြီးတော့ ပြောလာတာ။

http://www.dhammadownload.com

အလုံးစုံကို ကြိုက်တဲ့အယူဝါဒ၊ အလုံးစုံ ဘာမှမကြိုက်တဲ့အယူဝါဒ၊ တချို့ကိုကြိုက်ပြီး တချို့ကို မကြိုက်တဲ့အယူဝါဒ

နောက် ဒါနဲ့လည်းမဖြစ်သေးဘူး၊ သူ့အယူဝါဒလည်း ပေါ်အောင်လို့ မြတ်စွာဘုရားက လိုက်ပြီး စစ်ဆေးတယ်။ ဒီယနခပရိဗိုဇ်၊ တချို့သော သမဏဗြာဟ္မဏပုဂ္ဂိုလ်တွေက အလုံးစုံကို ကြိုက်ပါတယ်လို့ ဒီလိုအယူဝါဒရှိတယ်တဲ့။ တချို့သောပုဂ္ဂိုလ်တွေက အလုံးစုံ ဘာမှမကြိုက်ဘူးလို့ ဒီလို အယူဝါဒလည်း ရှိတယ်တဲ့။ တချို့သောပုဂ္ဂိုလ်တွေက တချို့ကို ကြိုက်တယ် တချို့ကို မကြိုက်ဘူး၊ ဒီလိုလည်း ရှိတယ်။ သုံးမျိုးရှိတယ်။

အလုံးစုံကိုကြိုက်တယ်ဆိုတာက အခုဘဝကသေပြီး နောက်ဘဝလည်း ရှိ၊ တစ်ခါ အဲဒီဘဝကသေပြီး နောက်ဘဝလည်း ရှိ၊ ဒီပုဂ္ဂိုလ်သတ္တဝါက အမြဲတမ်းရှိနေတယ်၊ သဿတဒိဋ္ဌိ ခေါ်တယ်။ တချို့သောပုဂ္ဂိုလ်က ဒီ အယူဝါဒကို ယူတယ်တဲ့။ ဒါက ကမ္ဘာလောကမှာ များပါတယ်။ ဘဝသံသရာမှာ အမြဲရှိနေတယ်လို့ ယူကြတာပဲ။ တချို့ဘာသာတွေက နောက်ဘဝရယ်လို့ မရှိဘူးဆိုစေကာမူ သူတို့ဘုရားကနေပြီးတော့ ပြုတဲ့အခါ ပြန်ရှင်ဦးမယ်၊ ပြန်ထဦးမယ် ဒီလို

http://www.dhammadownload.com

အယူဝါဒတွေလည်း ရှိသေးတာကိုး။ ဒါလည်း မြဲတဲ့အယူဝါဒပဲကိုး။

အလုံးစုံမကြိုက်ပါဘူးလို့ဆိုတဲ့ ပုဂ္ဂိုလ်တွေကလည်း ရှိတယ်။ အဲဒါကတော့ ဥစ္ဆေဒဝါဒ။ သေပြီးရင် ဘာမှမရှိဘူး။ သေပြီးရင်ရှိတယ်ဆိုတာကို မကြိုက်ဘူး၊ သေပြီးရင် ပျောက်တာပဲ၊ ဘာမှမရှိတော့ဘူး၊ ဒါတွေကတော့ အခုကာလမှာ ရှုပ်ဝါဒ အယူတွေပေါ့။

တချို့ကိုကြိုက်တယ် တချို့ကိုမကြိုက်ဘူး ဆိုတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်။ တချို့ပုဂ္ဂိုလ်ကမြဲတယ်၊ တချို့ပုဂ္ဂိုလ်ကမမြဲဘူး၊ ဒါကတော့ ဇကစွသဿတဝါဒလို့ ခေါ်တယ်။ တချို့ပုဂ္ဂိုလ်က မြဲနေတယ်ဆိုတာ ကောင်းကင်ဘုံက ပုဂ္ဂိုလ်တွေက မြဲနေကြတယ်ပေါ့လေ၊ ကောင်းကင်ဘုံက မဟုတ်တဲ့ ပုဂ္ဂိုလ်တွေက မမြဲဘူး။ ဒီလိုအယူဝါဒတွေလည်း ရှိတာပဲ။

သဿတအယူဝါဒဆိုတာ

သတ္တဝါတွေဟာ အစဉ်ထာဝရ အမြဲတည်နေတယ်၊ ဘယ်တော့မှ သေတယ် ပျက်တယ် မရှိဘူး၊ ဘယ်တော့မှ မပျောက်တော့ဘူးလို့ ဒီလိုအယူရှိတဲ့ပုဂ္ဂိုလ်တွေက သဿတအယူရှိတဲ့ ပုဂ္ဂိုလ်တွေပဲ။ သာရဂါယ သန္တိကေ- တပ်မက်

http://www.dhammadownload.com

စွဲလမ်းခြင်းနဲ့ နီးတယ်တဲ့။ ရာဂဖြစ်ဖို့ရာ နီးနေတယ်တဲ့။ သံယောဂါယ သန္ဆိုကေ- ယှဉ်တွဲဖို့ရာ နီးနေတယ်တဲ့။ အဘိနန္ဒနာယ သန္ဆိုကေ- နှစ်သက်ဖို့ရာ နီးနေတယ်၊ အဇ္ဈောသာနာယ သန္ဆိုကေ- မျိုသိမ်းဖို့ရာ နီးနေတယ်၊ ဥပါဒါနာယ သန္ဆိုကေ- စွဲလမ်းဖို့ရာ နီးနေတယ်တဲ့။ ဆိုလိုရင်းကတော့ အဲဒီ သဿတအယူ ရှိတဲ့ပုဂ္ဂိုလ်တွေက ဒီဘဝရော ဟိုဘဝရော နောက်ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်း တည်နေတယ်ယူရင် ဒါကတပ်မက်စွဲလမ်းဖို့ရာ သာယာဖို့ရာ နီးနေတယ်တဲ့၊ သဿတအယူရှိတဲ့ ပုဂ္ဂိုလ်တွေက ဒီဘဝကပြီးလည်း နောက်ဘဝရှိဦးမှာကိုး။ ဒီပုဂ္ဂိုလ်ပဲ။ နောက်ဘဝလည်း ဒီပုဂ္ဂိုလ်ပဲ ရှိဦးမှာ။ ဒီတော့ နောက်ဘဝနောက်ဘဝတွေ ကောင်းစားရအောင် သူက မျှော်လင့်ပြီးနေတော့ တပ်မက်မှု သာယာမှု စွဲလမ်းမှုတွေ ဖြစ်ဖို့ရာ နီးစပ်တယ်တဲ့။

ဥစ္ဆေဒဝါဒ အယူရှိတဲ့ ပုဂ္ဂိုလ်တွေက တပ်မက်စွဲလမ်းဖို့ရာနဲ့ မနီးဘူးတဲ့၊ မတပ်မက် မစွဲလမ်းဖို့ရာနဲ့ နီးတယ်၊ တပ်မက်ခြင်း ကင်းတဲ့ဟာနဲ့ နီးတယ်။ မယှဉ်တွဲဖို့ရာနဲ့ နီးတယ်၊ မနှစ်သက်ဖို့ရာနဲ့ နီးတယ်၊ မစွဲလမ်းဖို့ရာနဲ့ နီးတယ် ဆိုပြီး မြတ်စွာဘုရားက ဟောတယ်။

http://www.dhammadownload.com

သဿတဒိဋ္ဌိ အယူရှိတဲ့ပုဂ္ဂိုလ်တွေက အခုဘဝလည်း ရှိ၊ နောက်ဘဝလည်း ရှိတော့ သူက များသောအားဖြင့် ကံကို ယုံကြည်တာကိုး။ ကံမဟုတ်ရင်လည်း သူက ကောင်းကင်ပေါ်ကဘုရားကို ယုံကြည်တာကိုး။ ယုံကြည်တော့ နောက်နောက်သောကာလတွေမှာ ကောင်းစားရအောင်လို့ သူက ကောင်းကောင်းကျင့်တာကိုး၊ မကောင်းတာတွေ သိပ် မလုပ်ဘူး။ ဒါကြောင့်မို့ သဿတဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ်တွေက အပြစ်သိပ်မကြီးဘူး၊ အပြစ်နည်းတယ်တဲ့၊ အပွသာဝဇ္ဇ- အပြစ်မကြီးဘူးတဲ့။

ဒါပေမယ်လို့ အယူစွန့်ဖို့ရာတော့ ခဲယဉ်းတယ်တဲ့။ အယူက သိပ်စွဲနေတတ်တယ်။ ဟုတ်တယ်။ သဿတအယူရှိတဲ့ ပုဂ္ဂိုလ်တွေမှာ တရားကျင့်သုံးပြီး နိဗ္ဗာန်ရောက်ဖို့ရာအကျင့်လမ်းကို သိပ်မကျင့်နိုင်ဘူး။ အခု အိန္ဒိယက ဟိန္ဒူတွေရှိတယ်။ သူတို့ သဿတအယူ ရှိတယ်။ တရား သိပ်မကျင့်နိုင်ဘူး။ တရားဘက် သိပ်မလိုက်စားနိုင်ဘူး။ သူတို့ မကောင်းတာတွေတော့ မလုပ်ပါဘူး။ ဒါကြောင့် အပြစ်ကြီးကြီးမားမား သိပ်မရှိဘူး။ ဒါပေမယ်လို့ အယူစွန့်လွှတ်ပြီး သကာလ တရားနည်းလမ်းမှန်ကို လိုက်ဖို့ကျတော့ မလွယ်ဘူးတဲ့။ ဘုရားလက်ထက်တုံးကလည်း မလွယ်ဘူး။ မြတ်စွာ

http://www.dhammadownload.com

ဘုရားက အင်မတန်ထူးခြားတဲ့ပုဂ္ဂိုလ်၊ သူတစ်ပါးနဲ့မတူအောင် ဟောနိုင်တဲ့ပုဂ္ဂိုလ်မို့သာ သာသနာပြုလို့ ဖြစ်တာ။ အခုနေ ကာလဆိုရင် ခဲယဉ်းပါတယ်။ သဿတအယူရှိတဲ့ပုဂ္ဂိုလ်တွေ အင်မတန်ခဲယဉ်းတယ်။

ဥစ္ဆေဒအယူဝါဒဆိုတာ

ဥစ္ဆေဒဒိဋ္ဌိကတော့ မဟာသာဝဇ္ဇ- အပြစ်ကြီးတယ်တဲ့။ သို့သော်လည်းပဲ စွန့်လွှတ်လွယ်တယ်တဲ့။ အယူဝါဒ စွန့်လွှတ်မယ်ဆို စွန့်လွှတ်လွယ်တယ်။ ဥစ္ဆေဒအယူရှိတဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝပြီး နောက်ဘဝမရှိဘူးလို့ သူက ယူထားတာကိုး။ ကုသိုလ်ကံလည်း မရှိဘူး၊ အကုသိုလ်ကံလည်း မရှိဘူးလို့ ယူထားတာကိုး။ မပြုကောင်းတာရယ်လို့ မရှိဘူး။ ဘာမဆို သူ ပြုကောင်းတယ် လုပ်ထားတာပဲ၊ ကုသိုလ်အကုသိုလ် မရှိဘူး။ ကုသိုလ်ပြုပေမယ်လို့ ကောင်းကျိုးမပေး၊ အကုသိုလ် ပြုပေ မယ်လို့လည်း မကောင်းကျိုးမပေး၊ အမိရယ် အဖရယ် မရှိ၊ အမိအဖ ရှိသေနေလို့လည်း အကျိုးမရှိ။ အမိအဖကို ပြစ်မှား လို့လည်း မကောင်းကျိုးမရှိ၊ အပြစ်မရှိတဲ့။ ဒီလိုဟာတွေ ယူတာကိုး။ သေပြီးလို့ရှိရင်လည်း ဘဝမရှိတော့ဘူးလို့ ယူ

http://www.dhammadownload.com

ထားတော့ သူလုပ်ချင်တာတွေ လျှောက်လုပ်တယ်။ ထင်ရာတွေ လျှောက်လုပ်၊ အင်မတန် အပြစ်ကြီးတယ်တဲ့။

သို့သော်လည်းပဲ တရားလမ်းမှန်ကိုပြလို့ ဟောတဲ့အခါကာလကျတော့ သူက စွန့်လွှတ်လွယ်တယ်။ သူကနောင်ဘဝသံသရာတွေ အတွယ်အတာမရှိတော့ ဒီအတိုင်းကျင့်ရင် လမ်းမှန်ပဲလို့ သဘောကျသွားတဲ့ အခါကာလကျတော့ ဘဝသံသရာတွေကို စွန့်လွှတ်ဖို့ရာ သူကလွယ်တယ်တဲ့၊ အဲဒါအကြောင်းပြုပြီးတော့ မြတ်စွာဘုရားက သင်္ဃနကဿမတိ- အလုံးစုံကို မကြိုက်ဘူး၊ ဘဝတွေ ထပ်ကာထပ်ကာဖြစ်နေတာကို မကြိုက်ဘူးဆိုတဲ့ အယူဝါဒရှိတဲ့ပုဂ္ဂိုလ်ဟာတပ်မက်စွဲလမ်းခြင်းနဲ့ မနီးဘူး၊ မတပ်မက် မစွဲလမ်းဖို့ရာနဲ့နီးတယ်လို့ ဟောတဲ့အခါကျတော့ ဒီယနခပရိဗ္ဗိဇ်က သူ့အယူဝါဒရောက်လာတာကိုး၊ ရောက်တော့ သူကလျှောက်တယ်၊ အရှင်ဂေါတမက ကျွန်ုပ်အယူဝါဒကို မြှောက်ပြောတာပဲတဲ့။ သူက မြှောက်တယ်လို့ အောက်မေ့တာကိုး။ အမှန်က သူ့ဟာကို ပေါ်အောင်လည်းပဲ ဘုရားက ဟောတာကိုး၊ ဒီလို ပြောမှ သူဝါဒ ပေါ်လာမှာကိုး။

http://www.dhammadownload.com

အဲဒီဝါဒ သုံးခုစလုံးဟာ အပြစ်ရှိတယ်

ဘုရားက ဆက်ဟောပါတယ်။ တချို့ကို နှစ်သက်တယ်၊ တချို့ကို မနှစ်သက်ဘူး၊ တချို့က မြဲတယ်၊ တချို့က မမြဲဘူး၊ ဒီလိုအယူရှိတဲ့ ဇကစ္စသဿတဝါဒကလည်းပဲ တချို့ မြဲတယ်ဆိုတာနဲ့စပ်ပြီးတော့ကို ကိလေသာ တပ်မက်သာယာမှုတွေ ဖြစ်ဖို့ရာနီးနေတယ်၊ တချို့ မမြဲဘူးဆိုတာနဲ့ စပ်ပြီးတော့ တပ်မက်သာယာမှုမဖြစ်ဖို့ရာနဲ့ နီးနေတယ်လို့ ဟောပြီးတော့ အဲဒီဝါဒ သုံးခုစလုံးဟာ အပြစ်ရှိတယ်ဆိုတာ မြတ်စွာဘုရားက ဟောတယ်။

သဿတဝါဒ သတ္တဝါတွေဟာ အမြဲတမ်း မပျက်စီးဘဲနဲ့ မြဲပြီးတော့တည်နေတယ်၊ ဟိုဘဝ ဒီဘဝလည်း ဒီအကောင်အထည်လိုက် ပြောင်းပြီးတော့သွားတယ်၊ ဒီလိုယူတဲ့ပုဂ္ဂိုလ်ဟာ သေလို့ရှိရင် ဘာမှမရှိဘူးဆိုတဲ့ ပုဂ္ဂိုလ်နဲ့လည်းပဲ သူဟာ အယူဝါဒ ကွဲနေတယ်တဲ့။ တချို့သာ မြဲတယ်၊ တချို့မမြဲဘူးဆိုတဲ့ ပုဂ္ဂိုလ်နဲ့လည်းပဲ အယူဝါဒကွဲနေတယ်။ အယူဝါဒကွဲနေတော့ ငြင်းခုံရတတ်တယ်တဲ့၊ ငြင်းခုံရတော့ စိတ်ဆင်းရဲခြင်း ဖြစ်ရတယ်တဲ့၊ စိတ်ဆင်းရဲခြင်း ဖြစ်ရတော့ စိတ်ပင်ပန်းခြင်း ဖြစ်ရတယ်။ အဲဒါ အပြစ်တွေပဲတဲ့၊ မြတ်စွာဘုရားက ထုတ်ပြီးတော့ ဟောတယ်။

http://www.dhammadownload.com

ဒါကြောင့်တဲ့ သဿတအယူရှိတဲ့ ပုဂ္ဂိုလ်ကလည်းပဲ ငါ့အယူ ငါစွဲလမ်းပြီးတော့ ဒီဟာသာမှန်တယ် ဒီ့ပြင်ဟာတွေ အကုန်လုံးမှားတယ်။ ဒီလိုပြောလို့ရှိရင် သူတစ်ပါးတွေနဲ့ ငြင်းရမှာပဲ၊ ငြင်းလို့ရှိရင် စိတ်ပင်ပန်းခြင်း၊ စိတ်ဆင်းရဲခြင်းတွေ ဖြစ်တော့မှာပဲ။ ဒီတော့ ဒီလိုစွဲလမ်းတာဟာ မကောင်းပါဘူးလို့ အစွဲအလမ်း မထားဘဲနဲ့ စွန့်လွှတ်သင့်တယ်တဲ့။ သိပ်ပြီးတော့ စွဲစွဲလမ်းလမ်းကြီး မထားဘူးပေါ့လေ၊ သွားရောဟဲ့ဆိုပြီး မရဘူး။ အယူဝါဒကတော့ စွဲတာ နည်းနည်းတော့ ရှိနေဦးမှာပဲ၊ ဒါပေမယ်လို့ ကိုယ့်ဟာကိုယ် မှန်လှပြီ၊ ဟုတ်လှပြီဆိုပြီးတော့ အစွဲအလမ်း ကြီးကြီးကျယ်ကျယ်ကြီး မထားဘူး။ အဲဒါကို ပြောတာပါ။ အဲဒီလိုပယ်လိုက်လို့ရှိရင် ဇဝ မေတာသံ ဒိဋ္ဌိန် ပဟာနံ ဟောတိ၊ ဇဝမေတာသံ ဒိဋ္ဌိန် ပဋိနိဿဂ္ဂေါ ဟောတိ။ ဒီနည်းဖြင့် ဒီအယူဝါဒမှားတွေကို ပယ်ခြင်းဖြစ်ပါတယ်တဲ့။

ဥစ္ဆေဒဝါဒအယူရှိတဲ့ ပုဂ္ဂိုလ်ဟာလည်း ငါက သေရင် ဘာမှမရှိဘူး ဆိုပြီးယူတော့ ဟိုက သေပြီးရင်ရှိသေးတယ် ဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဆန့်ကျင်နေတယ်တဲ့၊ ငြင်းရလိမ့်မယ်၊ ငြင်းလို့ရှိရင် စိတ်ဆင်းရဲခြင်းဖြစ်ရမယ်၊ စိတ်ပင်ပန်းခြင်း ဖြစ်ရမယ်။ ဒီအယူဝါဒကိုလည်းပဲ နိုင်နိုင်မြဲမြဲ စွဲလမ်းပြီးတော့

http://www.dhammadownload.com

ယူထားလို့နေရာမကျပါဘူးဆိုပြီးတော့ စွန့်လွှတ်လိုက်လို့ရှိရင် ဒါ စွန့်ပြီးသား ဖြစ်သွားတာပဲ။

ဒီယနခပရိဗိုဇ်က သူ့အယူဝါဒကို စွန့်နိုင်သွားတယ်

အဲဒီလိုစွန့်ရမယ်လို့ တိုက်ရိုက်မဟောဘဲနဲ့ မြတ်စွာဘုရားက ဒါ စွန့်သင့်တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ်အောင်လို့ အချို့သောပညာရှိတဲ့ပုဂ္ဂိုလ်က ဒီလိုစဉ်းစားပြီးတော့ စွန့်သွားတယ်ဆိုတဲ့အကြောင်း ဟောတော့ ဒီယနခပရိဗိုဇ်က သဘောပေါက်သွားတယ်။ ငှါဥစ္စာက သေရင်ဘာမှမရှိဘူးဆိုတဲ့ အယူဝါဒစွဲပြီး ဒါသာမှန်တယ်ဆိုရင် ဟို သေပြီးရင် ရှိသေးတယ်၊ ပုဂ္ဂိုလ်သတ္တဝါ အမြဲတမ်းတည်နေပြီး နောက်ဘဝတွေလည်း ဆက်ကာဆက်ကာဖြစ်ဦးမယ်လို့ ယူတဲ့ပုဂ္ဂိုလ်နဲ့ ငါဟာ ငြင်းနေရမှာပဲ။ ရှေးကလည်း ငြင်းခဲ့ဖူးလှမှာပဲ၊ စိတ်ထဲကလည်း စိတ်ကူးနဲ့ ငြင်းဖူးလှရောပဲ၊ စိတ်ပင်ပန်းမှုတွေလည်း အများကြီး ဖြစ်ဖူးရောပဲ၊ ကိုယ်က နိုင်တဲ့အခါလည်း ရှိမှာပဲ၊ ရှုံးတဲ့အခါလည်း ရှိမှာပဲ။ ဒါတွေ သူ အောက်မေ့ပြီးတော့ အရှင် ဂေါတမဟောတာ ဟုတ်တယ်၊ ဒီအယူဝါဒတွေကို တစွဲတလမ်းကြီး စွဲထားတာ နေရာမကျဘူး။ ဒါတွေ စွန့်လိုက်

http://www.dhammadownload.com

မှပဲလို့ ငါသည် ဒီအချိန် ဒီနေရာကစပြီး ဒီအယူဝါဒကို စွဲစွဲလမ်းလမ်း မထားတော့ပါဘူးလို့ စိတ်ထဲမှာ စွန့်တာကိုး။

ဒါက အရိယာမဂ်နဲ့စွန့်တာ မဟုတ်ပါဘူး၊ သာမညစွန့်တာ။ စိတ်စွဲလမ်းနေလို့ရှိရင် မဂ္ဂန္တရာယ်ဖြစ်တယ်။ မဂ္ဂန္တရာယ်ဆိုတာကတော့ ယခုဘဝ မဂ်ဖိုလ်ကို မရနိုင်ဘူး။ သူက ယုံမှမယုံတော့ပဲ၊ ဒီလိုအားထုတ်လို့ရှိရင် အရိယာမဂ်ဖိုလ်ရပြီးတော့ နောက်ဆုံးကျရင် ရုပ်နာမ်သခါရတွေချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို ရောက်သွားတယ်ဆိုတာ သူက မယုံဘူး၊ သူမှာ အတ္တအကောင်ကလေးရှိနေတာကိုး၊ သဿတဒိဋ္ဌိအယူရှိတဲ့ပုဂ္ဂိုလ် အတ္တအကောင်ကလေး ဘယ်တော့မှ မပျက်နိုင်ဘူးလို့ ယူထားတယ်။ ရုပ်ကိုယ်အကြမ်းကြီးက သေပြီး ပျက်သွားပေမယ်လို့ အတ္တဆိုတဲ့ အသက်ကောင်ကလေးကတော့ မပျက်ဘူး။ ဟိုဘဝ ဒီဘဝ ပြောင်းရွှေ့ပြီးတော့ သွားနေတာပဲလို့ သူက ဒီလိုယူထားတယ်။

အဲဒီလိုယူထားတော့ တရားအားထုတ်ရင် ရုပ်နာမ်ခန္ဓာတွေ လုံးဝချုပ်ငြိမ်းပြီး ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ရောက်တယ်ဆိုတာကို သူက ယုံမှမယုံဘဲ၊ မယုံတော့ သူက တရား အားမထုတ်ဘူး၊ အားမထုတ်တော့ မဂ်ဖိုလ်မရဘူးပေါ့၊ မဂ္ဂန္တရာယ်ဖြစ်နေတာ၊ ဥစ္ဆေဒအယူ ရှိတဲ့ပုဂ္ဂိုလ်ကလည်း

http://www.dhammadownload.com

သေပြီးရင် သူ့အလိုလိုပျောက်နေတာ ဘာကျင့်စရာရှိလဲဆိုပြီး သူကလည်း မကျင့်တော့ဘူး။။ တရားမကျင့်တော့ မဂ်ဖိုလ် ဘယ်နည်းနဲ့မှ မရောက်နိုင်ဘူး။

အဲဒီတော့ အခု ဒီယနခပရိဝိဇ္ဇကာ မြတ်စွာဘုရား ဟောနေရင်း ငါ့အယူဝါဒက နေရာမကျပါဘူး။ ဒီလိုဆိုရင် သူများတွေနဲ့ ငြင်းဖို့ရာပဲ၊ စွဲစွဲလမ်းလမ်းကြီးထားလို့ မတော်ပါဘူးဆိုပြီးတော့ စွန့်လိုက်တယ်။ စွန့်လိုက်တော့ မဂ္ဂင်္ဆရာယ်ကနေပြီး သူ လွတ်သွားတယ်။ အကယ်၍သာ သူ့အယူဝါဒလုံးလုံးမစွန့်ဘဲနဲ့ တင်းခံနေလို့ရှိရင် ဘုရား တရားဟောလို့လည်း ဘာမှဖြစ်မှာ မဟုတ်ဘူး။ ဘုရားက မချွတ်နိုင်ဘူး။ အဲဒီတော့မှ မြတ်စွာဘုရားက ဝိပဿနာတရား ဟောတယ်တဲ့။

ဒီယနခသုတ်တရားတော်

အယံ ခေါ ပန အဂ္ဂိဝေဿန ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိက သမ္ဘဝေါ ဩဒန ကုမ္မာသူပစယော အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော အဃတော အာဗာဓတော ပရတော ပလောကတော သုညတော အနတ္တတော သမနုပဿိတဗ္ဗော။

http://www.dhammadownload.com

ဖောက်ပြန်တတ်တဲ့ ဤရုပ်ကိုယ်ကြီးကို ရှုရမယ်

အဂ္ဂိဝေဿန- အဂ္ဂိဝေဿနအနွယ်ရှိတဲ့ ဒီဃနခ ပရိဗိုဇ်၊ ရှုပီ- ရုပ်တရားရှိသော၊ ဝါ၊ ဖောက်ပြန်ခြင်းသဘော ရှိသော၊ အယံ ဓေါ ကာယော- ဤ ရုပ်ကိုယ်ကြီးကို၊ သမနုပဿိ တဇ္ဇော- ရှုရမည်။

ဖောက်ပြန်တတ်တဲ့ ရုပ်ကိုယ်ကြီးတဲ့။ ဒီကိုယ်ကြီးဟာ ဆန့်ကျင်ဘက်နဲ့တွေ့ရင် ဖောက်ပြန်ခြင်းသဘော ရှိတယ်တဲ့။ သီတေနပိ ရုပ္ပတိ။ အအေးနဲ့တွေ့ရင်လည်း တစ်မျိုး ဖောက်ပြန်တယ်တဲ့၊ ဥဏှေနပိ ရုပ္ပတိ။ အပူနဲ့တွေ့ရင်လည်း တစ်မျိုး ဖောက်ပြန်တယ်။ အခုလို ပူတဲ့အိုက်တဲ့အခါကာလ ချွေးတွေ ထွက်ပြီးတော့ ဖောက်ပြန်နေတာပဲ၊ ဒါကိုပြောတာ။ ဖောက်ပြန်တယ်ဆိုတာက သိပ်နက်နက်နဲနဲကြီး မဟုတ်ဘူး၊ နေပူထဲသွားတဲ့အခါကာလမှာ နေပူပြီးတော့ တစ်မျိုးဖောက်ပြန်တယ်၊ မီးလောင်ရင်တော့ ပြောစရာမရှိဘူး၊ ပြာကျသွားအောင်ကို ဖောက်ပြန်သွားနိုင်တာပဲ။ အေးတဲ့အခါမှာလည်းပဲ အအေးဓာတ် အကြောင်းပြုပြီးတော့ အသားတွေ ကွဲအက်ပြီးတော့ ဖောက်ပြန်တယ်၊ သိပ်အေးတဲ့နေရာကိုသွားရင်ဖြင့် သေတောင် သွားနိုင်ပါတယ်။ မသေတောင်မှလည်းပဲ အအေးအပူနဲ့ တွေ့တဲ့အခါ တစ်မျိုးတစ်မည်တော့ ဖောက်ပြန်တယ်။

http://www.dhammadownload.com

ရုပ္ပတိတိရုပ်။ ရုပ္ပတိ- ဖောက်ပြန်တတ်၏။ ကုတိ-ထို့ကြောင့်၊ ရုပ်- ရုပ်ခေါ်တယ်၊ ဖောက်ပြန်တတ်လို့ ရုပ်ခေါ်တာတဲ့။ အဲဒီဖောက်ပြန်တတ်တာက ဘယ်လိုတုံးဆိုတော့ ဆန့်ကျင်ဘက်နဲ့တွေ့တဲ့အခါ ဖောက်ပြန်တယ်တဲ့။

ဆာလောင်ခြင်းကြောင့်လည်း ဖောက်ပြန်တတ်တယ်တဲ့။ ဆာတဲ့အခါ သူက ရုပ်တစ်မျိုး၊ ဆာလောင်နေပြီဆိုလို့ ရှိရင် မစားရတဲ့အခါ ထင်ရှားတာပေါ့လေ။ အခုလူတွေမှာတော့ အစာရေစာပေါများနေလို့ ရုပ်တွေဖောက်ပြန်လောက်အောင်လို့ အဆာခံရတာမျိုး ရှားပါလိမ့်မယ်။ မစားရလို့ရှိရင် စိတ်ဖောက်ပြန်တယ်။ ရဟန်းတော်များမှာ ဇကသနိုက်ဓုတင်ဆိုတာရှိတယ်၊ တစ်နေ့မှာ တစ်ထပ်ပဲစားရတယ်တဲ့။ အစကနှစ်ထပ်ဆိုတော့ အရက်တက်ပြီးရင် စားနေကျ၊ အခု တထပ်ပဲအချိန် ၁၀-နာရီလောက်မှ စားရတယ်ဆိုတော့ ၈-နာရီခွဲ ၉-နာရီ လောက်ကျရင် တော်တော်သိသာတယ်။ ဆာလောင်မှုဟာ တော်တော် ဒုက္ခရောက်တယ်။ ကိုယ်ထဲမှာ ရုပ်တွေကိုလျော့သွားတယ်လို့ ထင်ရတယ်။ တစ်မျိုးတစ်မည်ကို ဖြစ်တာ၊ မျက်စိထဲကနေပြီးတော့ ဟာတာတာကြီး ပေါ့တော့တော့ကြီး ဘယ်လိုဖြစ်သွားမှန်း မသိဘူး၊ တစ်မျိုးပဲ။ အဲဒါ ဆာလောင်ခြင်းကြောင့် ဖောက်ပြန်သွားပုံတွေပြောပါတယ်။

http://www.dhammadownload.com

ရေတ်ခြင်းကြောင့် ဖောက်ပြန်တာတဲ့။ ရေတ်တာ ကလည်း ရေမသောက်ရလို့ရှိရင် သေလည်းသေတတ်ပါ တယ်။ အဲဒါလည်း ဖောက်ပြန်တာပဲ။ မှက် ခြင် လေ နေပူ မြွေကင်းတို့၏ အတွေ့.ကြောင့်လည်း ဖောက်ပြန်တတ်၏။ ဒါကလည်း အထင်အရှားကြီးပဲ။ ခြင်တို့ မှက်တို့ ကိုက်တဲ့အခါ ယားယံပြီး အဖုလုံးကြီးတွေပေါက်ပြီး ဖောက်ပြန်လာတာ။ နေပူတို့၊ လေပူတို့၊ လေအေးတို့ အဲဒါတွေတိုက်တဲ့အခါလည်း ဖောက်ပြန်တယ်။ အဆိပ်ရှိတဲ့မြွေ ကိုက်ရင်လည်း သေတတ် တာပဲ၊ ကင်းကိုက်ရင်လည်း သေလုမြောပါးဖြစ်တာပဲ။ အဲဒီလို ဆန့်ကျင်ဘက်အကြောင်းတွေနဲ့ တွေ့.တဲ့အခါမှာ တစ်မျိုး တစ်မည်ဖြစ်ပြီးတော့ ပြောင်းလဲဖောက်ပြန်တတ်လို့ ရုပ်လို့ ခေါ်တယ်တဲ့။ ဆန့်ကျင်ဘက်နဲ့ မတွေ့.ဘဲနဲ့ အခါခပ်သိမ်း ဖောက်ပြန်နေတာ မဟုတ်ဘူး။

ဓာတ်လေးပါး၏ အစုအဝေးမျှသာဖြစ်တဲ့ ဤရုပ်ကိုယ်ကြီး ဖောက်ပြန်တတ်တဲ့ သဘောရှိတဲ့ ဒီကိုယ်ကြီးကို သမနုပဿိတဇော- ရှုရမယ်တဲ့။ အနိစ္စတော- မမြဲသောအား ဖြင့်၊ မမြဲဘူးလို့ ရှုရမယ်။ မမြဲတာကို မြင်ရမယ်တဲ့။ ပကတိ အတိုင်းနေတော့ ဒီကိုယ်ကြီးဟာ မြဲနေတယ်လို့ ထင်နေ

http://www.dhammadownload.com

တယ်။ မမြဲဘူးတဲ့၊ ဒါကိုမြင်အောင် ရှုရမယ်။ ဒီကိုယ်ကြီးဟာ တစ်လုံးတစ်ခဲကြီး ဖြစ်နေတာ မဟုတ်ဘူးတဲ့၊ ဓာတ်တွေ ပေါင်းထားတာတဲ့။ စာတုမဟာဘူတိကော- ဓာတ်လေးပါး၏ အစုအဝေးမျှသာဖြစ်သည်တဲ့။

ပထဝီဆိုတဲ့ ခက်မာကြမ်းတမ်းတဲ့ဓာတ်၊ အာပေါဆိုတဲ့ အရည်ဓာတ် အစိုဓာတ်၊ တေဇောဆိုတဲ့ အခိုးအငွေ့.အပူဓာတ်၊ ဝါယောဆိုတဲ့ တောင့်တင်းထောက်ခံတဲ့ လှုပ်ရှားတဲ့ဓာတ်၊ ဒီ ဓာတ်ကြီးလေးပါး အစုအဝေးပဲတဲ့။ ဒီလေးခုက အရင်းခံပဲ။ ဒီလေးခု မှီပြီးတော့ ဥပါဒါရုပ်တွေဆိုတာ ရှိတယ်။ မြင်ရတဲ့အဆင်းရုပ်၊ ကြားရတဲ့အသံရုပ်၊ နံရတဲ့အနံ့ရုပ် စသည်ဖြင့် ဒါတွေဟာ ရုပ်အသေးအမွှားတွေ ခေါ်တယ်။ ရုပ်ကြီးတွေ မှီပြီးတော့ ဖြစ်နေတာ။ ဒီရုပ်တွေ အချင်းချင်းပေါင်းစပ်ပြီးတော့ ရုပ်တွေ တစ်ခုနဲ့တစ်ခု အနည်းအများလိုက်ပြီးတော့ ဓာတ်တွေ ကွဲပြားနေတာ ရှိမှာပေါ့။ ဥပမာ- ရာခိုင်နှုန်းအားဖြင့် ပထဝီဓာတ်က ၉၀-လောက်၊ အာပေါဓာတ်က ရာခိုင်နှုန်း ၈-လောက်၊ တေဇောဓာတ်တို့ ဝါယောဓာတ်တို့က ၁-စီရှိမယ်၊ ဒီလိုဟာလည်း ရှိမှာပေါ့။ ဒီလိုမဟုတ်ဘဲနဲ့ ဒီ့ပြင်ဓာတ်တွေလည်း ရှိမှာပေါ့။ တစ်ခုနဲ့တစ်ခု မတူပဲရှိမှာပေါ့။

http://www.dhammadownload.com

အဲဒီဓာတ်ကြီးလေးပါးဟာ တကိုယ်လုံးမှာ ပြည့်ပြီးတော့ တည်နေတာ၊ နေရာတိုင်းမှာ ရှိတယ်။ ဘယ်နေရာမဆို ရှိပါတယ်။ အမှုန်လေးတမှုန်ထဲမှာလည်း ဓာတ်ကြီးလေးပါးရှိတာပဲ။ မာတဲ့သဘောရှိတယ်၊ အစိုသဘောရှိတယ်၊ အပူအနွေး အအေးသဘောရှိတယ်၊ တောင့်ခံထားတဲ့သဘော၊ တွန်းကန်နေတဲ့သဘောရှိတယ်။ တစ်ကိုယ်လုံးဟာဖြင့် ဓာတ်ကြီးလေးပါးနဲ့ တည်ဆောက်ထားတဲ့ ခန္ဓာအိမ်ကြီးပဲတဲ့။ ဓာတ်လေးပါးအစုအဝေးကြီးပဲတဲ့။

စာတုမဟာဘူတိကော- ဓာတ်လေးပါးတို့၏ အစုအဝေးမျှသာဖြစ်သော၊ အယံ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ သမနုပဿိတော- ရှုရမည်တဲ့။ ဘယ်လိုရှုရမလဲ။

အနိစ္စတော- မမြဲသောအားဖြင့်၊ မမြဲဘူးလို့ မြင်အောင် ရှုပါတဲ့။ ဒီရုပ်ကိုယ်ကြီးဟာ မူလကတည်းက ဒီလို ဖြစ်လာတာ မဟုတ်ဘူးတဲ့။ မာတာပေတ္တိက သမ္ဘဝေါ- မိဘတို့၏ သုက်သွေးကိုမှီ၍ ဖြစ်သည်။ မိဘသုက်သွေး အရင်းခံပြီးတော့ ဖြစ်လာတယ်တဲ့။ ကျမ်းဂန်အဆိုက အင်မတန် သေးသေးလေးပဲတဲ့၊ မျက်စိနဲ့ မမြင်နိုင်ဘူးတဲ့။ ဘယ်လောက်သေးတုံးဆိုရင် လူဆံပင်ထက်နတဲ့ သိုးမွေးရှိတယ်တဲ့၊ ဒီသိုးမွေးကလည်း အမိဝမ်းထဲက ပဋိသန္ဓေနေတုံးရတဲ့

http://www.dhammadownload.com

အမွေးဆိုတာကိုး၊ နူးနူးညံ့ညံ့ မျှင်မျှင်သေးသေးလေးပဲတဲ့၊ အဲဒီအမျှင်လေးကို ဆီထဲထည့်ထားပြီးတော့ ဆီတွေပြောင်သွားအောင် ခါပါတဲ့။ ခါတော့ တစက်ချင်းတစက်ချင်း ထွက်ထွက်ကျသွားပါ လိမ့်မယ်တဲ့။ နောက်ဆုံးကျတဲ့ ဆီပေါက်ကလေး ရှိလိမ့်မယ်တဲ့၊ ဒီနောက်တော့ ခါလို့ မကျတော့ဘူး၊ နောက်ဆုံးကျတဲ့ ဆီပေါက်သေးသေးလေး၊ မျက်စိနဲ့ မမြင်နိုင်ဘူး။ အဲဒီလောက် သေးတယ်တဲ့။

အဲဒီ မိဘတို့ သုက်သွေးကို မှီပြီးဖြစ်လာတာတဲ့။ အစကတည်းက အကောင်အထည်လိုက်ကြီး ဟိုနေရာ ဒီနေရာက ရွှေ့လာတာမဟုတ်ဘူး။ အင်မတန်နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ တဖြည်းဖြည်းချင်း ဒီကိုယ်က ကြီးပွားလာတာကိုး။ ဘယ်လို ကြီးပွားလာလဲဆိုတော့ သြဒနကုမ္မာသူပစယော-ထမင်းမုန့်တို့ဖြင့် ကြီးပွားလာသည်တဲ့။ ထမင်းတွေ မုန့်တွေ အစာ အာဟာရကြောင့် ကြီးလာတာတဲ့။ ဒီ အစာအာဟာရတွေ တစ်ကိုယ်လုံးပျံ့နှံ့သွားတာပေါ့။

အယံ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ သမနုပသိတဗ္ဗော- မြင်အောင်ရှုရမည်တဲ့။ ဘယ်လိုမြင်အောင်ရှုမလဲ။ အနိစ္စတော- မမြဲဘူး၊ မမြဲတာကို မြင်အောင်ရှုရမည်၊ ပြီးတော့

http://www.dhammadownload.com

အနီစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဒံသနဓမ္မော- မမြဲခြင်း၊ လိမ်းကျံပေးရခြင်း၊ ဆုပ်နယ်ပေးရခြင်း၊ ပြုကွဲခြင်း၊ ပျက်စီးခြင်းသဘောရှိသော အယံ ကာယော- ဤရုပ်ကိုယ်ကြီးတဲ့။ ရုပ်ကိုယ်ကြီးက မမြဲတဲ့သဘောတရားပါပဲတဲ့။ သူသဘောအတိုင်းတော့ မမြဲဘူး။ ဒါပေမယ်လို့ ကောင်းအောင်လို့ လူတွေက ပြုပြင်ပေးနေတယ်တဲ့။ ငယ်ငယ်ရွယ်ရွယ်ကနေပြီးတော့ အမျိုးမျိုးသော အခိုးနံ့သာတွေနဲ့ လိမ်းကျံပေး၊ အနံ့အသက် မကောင်းတာတွေပျောက်အောင်လို့ ရေမိုးချိုးပေး ပြုပြင်ပေးရတယ်တဲ့။ အသားအရေတွေ အဆင်ပြေအောင်လို့လည်းပဲ နှိပ်နယ်ပြုပြီးတော့ ပေးရတယ်တဲ့၊ ကြာရိယာပုထိုးတွေလည်း အမျိုးမျိုး ပြုပြင်ပြီးတော့ ပေးနေရတယ်တဲ့။

ဒါပေမယ်လို့လည်းပဲ ဒီကိုယ်ကြီးက အကြောင်း မညီညွတ်တဲ့အခါ ပျက်စီးတတ်တဲ့သဘောလည်း ရှိနေတာပါပဲတဲ့။ ဒီထဲကနေပြီးတော့ နေမကောင်းလိုက်၊ ဖျားလိုက်၊ နာလိုက်၊ အနာရောဂါတွေဖြစ်လိုက်၊ တစ်နေ့ကျတော့ သေတာပါပဲ။ အဲဒီလို ပျက်တတ်တဲ့ ကိုယ်ကြီးတဲ့။ အဲဒီလို ပျက်စီးတတ်တဲ့သဘာဝရှိတဲ့ ဤရုပ်ကိုယ်ကြီးကို ရှုရမယ်။ မြင်အောင် ရှုရမယ်။

http://www.dhammadownload.com

ကျွဲရုပ်ကိုယ်ကြီးကို အနီစွတော- မမြဟူ၍ရှုပါ (၁)

ဘယ်လိုရှုရမလဲဆိုတော့ အနီစွတော- မမြဟူ၍ လည်းကောင်း၊ မမြဘူးလို့ ရှုပါတဲ့။ မမြဘူးလို့ မြင်အောင် ရှုပါတဲ့။ ဒုက္ခတော- ဆင်းရဲဟူ၍လည်းကောင်း၊ ရောဂတော- အနာရောဂါကြီးနဲ့ တူသည်ဟူ၍ လည်းကောင်း၊ ရှုပါတဲ့။

အနီစွ- မမြဘူးဆိုတာလည်း ခဏခဏပြောနေတာပဲ။ ဖြစ်ပြီးပျောက်သွားလို့ မမြတာတဲ့။ ဟုတ္တာ- ဖြစ်ပေါ်ပြီး၍၊ အဘာဝတော- မရှိခြင်းကြောင့်။ ဖြစ်ပြီးတော့ ပျောက်သွားတယ်တဲ့။ အခုထင်ရှားတာကတော့ ကွေးရင် ကွေးတယ်၊ ဆန့်ရင် ဆန့်တယ်၊ ကြွတယ် လှမ်းတယ် ချတယ် စသည်ဖြင့် မှတ်တော့ စမှတ်ခါစ ဘာမှမသိသေးပါဘူး။ အနီစွဆိုတာ အဝေးကြီး၊ ဘာမှ မသိသေးဘူး။ သမာဓိဉာဏ် ဖြစ်လာတဲ့ အခါကျတော့ သူ့အပိုင်းတွေနဲ့ သူပဲတဲ့။ ကွေးတာလေးတွေ ရွေ့လိုက်ပျောက်လိုက် ရွေ့လိုက်ပျောက်လိုက်၊ ရွေ့ရင်း ရွေ့ရင်းပဲ ကွေးချင်တဲ့ စိတ်ကလေးဖြစ်လာတယ်။ ကွေးချင်တယ် ကွေးချင်တယ် မှတ်ရင်း ပျောက်ပျောက်သွားတာပဲ။ ကွေးချင်တဲ့ စိတ်ကလေးတွေ ဖြစ်လိုက် ပျောက်လိုက်၊ အဲဒါတွေသိရတော့ မမြတဲ့တရားပဲဆိုတာ သိရတယ်။ သွားတဲ့အခါကာလမှာ ကြွတယ် လှမ်းတယ် ချတယ်ဆိုရင် အစတော့ဘယ်သိဦး

http://www.dhammadownload.com

မလဲ၊ နောက် သမာဓိဉာဏ် အားကောင်းလာတဲ့အခါကျတော့ ကြွတိုင်း၊ လှမ်းတိုင်း၊ ချတိုင်း၊ ရွှေ့လိုက် ပျောက်လိုက်၊ ရွှေ့လိုက် ပျောက်လိုက်၊ တရွှေ့ရွှေ့နဲ့ ပျောက်ပျောက်လာတာတွေ့ရတော့ မမြဲတဲ့တရားပဲ၊ ဒါသိရတာပေါ့။

နောက်တော့ ဖောင်းတာပိန်တာတွေလည်းပဲ သိလာတာပဲ။ သမာဓိ အားကောင်းလာတဲ့အခါ ဉာဏ်ဖြစ်လာတယ်။ ဖောင်းတယ်ဆိုရင် ဖောင်းတဲ့အပေါ်မှာပဲ တခြားဘယ်မှ မသွားဘူး၊ တစ်ခါတည်း လေးတဲ့ခဲများကို ချလိုက်တဲ့အခါ ကျရာတင် တန့်ခနဲရပ်သွားသလိုပဲ၊ မှတ်တဲ့အခါ ဒီအာရုံလေးပေါ်မှာပဲ ကပ်ပြီးတည်သွားတာ၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ် မှတ်ရာမှတ်ရာအာရုံလေးမှာ ကပ်ခနဲ ကပ်ခနဲ တည်နေပြီဆိုတော့ ဖောင်းတက်လာတဲ့ သဘောလေး၊ ပိန်ကျသွားတဲ့ သဘောလေးတွေ တစ်ခုစီပဲ။ ဖောင်းတာလေးလည်း စပေါ်တာသိ ဆုံးသွားတာသိ၊ ပိန်တာလေးလည်း စပေါ်တာသိ ဆုံးသွားတာသိ၊ ဖောင်းတာမှ တစ်ခုထဲတောင်မကဘူး၊ အပိုင်းအပိုင်းနဲ့ တစ်ခါတည်း တရိပ်ရိပ်နဲ့ ဖောင်းတက်လာလိုက် ပျောက်သွားလိုက်၊ ဖောင်းတက်လာလိုက် ပျောက်သွားလိုက်။ ပိန်ကျသွားလိုက် ရိပ်ခနဲ ပျောက်ပျောက်သွားတာ ဒါလေးတွေ သိရတယ်။

http://www.dhammadownload.com

အကုန်လုံးပဲ၊ ကိုယ်အမူအရာတွေဟူသမျှ ဒီအတိုင်းသိရတယ်။ ကိုယ်ထဲမှာ ပူတဲ့ရုပ် အေးတဲ့ရုပ်တွေ ဖြစ်လာရင်လည်း ဒီအပူအအေးရုပ်တွေကို လိုက်ရှုရင် ဒါလေးတွေလည်းပဲ တစ်ဆင့်စီ တစ်ဆင့်စီ ပျောက်ပျက်လိုက်လာတယ်၊ ဒီလိုသိရတယ်။ ဒါကြောင့်မို့ အနိစ္စတော- မမြဲတာတွေပဲတဲ့။ အခိုက်အတန့်အားဖြင့် အစကမရှိဘဲနဲ့ ဖြစ်ပေါ်လာတယ်၊ ကွေးတယ်ဆို လှုပ်ရှားတာလေး အစကမရှိဘူး၊ အခုမှရှိတယ်၊ ပြီးတော့ မရှိပြန်ဘူး။ လှုပ်ရှားတာတွေ အစကမရှိဘဲနဲ့ အခုမှ ဖြစ်ပေါ်လာတယ်၊ ဖြစ်ပြီးတော့လည်း ပျောက်သွားတယ်လို့ သိတယ်။ ကိုယ်ထဲမှာ တောင့်တင်းတဲ့သဘောတွေ၊ တောင့်တယ် တင်းတယ် အဲဒါတွေ စိတ်နဲ့ စိုက်မှတ်လို့ ရှုရင်လည်း အတူတူပါပဲ၊ တောင့်တာတွေ တစ်ခုချင်း တစ်ခုချင်းပဲ။ ပူတာအေးတာလေးတွေ ကိုယ်ထဲမှာရှိရင် အဲဒါလေးတွေ စိုက်ပြီးတော့မှတ်၊ တစ်ခုချင်းတစ်ခုချင်းပဲ၊ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲတဲ့တရားတွေပဲဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ မြင်အောင်လို့ ရှုပါတဲ့။

အယံ ဓမ္မဒါ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ အနိစ္စတော- မမြဲဘူးဟူ၍၊ သမနုပဿိ တဇ္ဇော- ရှုရမည်။ ဖြစ်ပေါ်ပြီး ပျောက်သွားလို့ မမြဲတဲ့တရားပဲလို့ မြင်အောင်ရှုပါတဲ့။ ကိုယ်ပိုင်

http://www.dhammadownload.com

ဉာဏ်နဲ့ သိမှဖြစ်မှာ၊ အတွေးနဲ့တော့ မဖြစ်သေးဘူး။ အတွေးနဲ့တော့ ရုပ်ကိုယ်ကြီးဟာ အကြမ်းစားအားဖြင့်ဆိုရင် တစ်နေ့ကျတော့ သေတာပဲတဲ့။ အခု ကိုယ်ပိုင်ဉာဏ်နဲ့ ရှုတာကတော့ ဖြစ်တိုင်းဖြစ်တိုင်း ရှုနေရင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ တွေးတယ်၊ ဆန့်တယ်၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ပေါ်တိုင်းပေါ်တိုင်း လိုက်ပြီးရှုနေတော့ ဒီရုပ်ကိုယ်ကြီးဟာ သူ့အခိုက်အတန့်နဲ့သူ ဖြစ်လိုက် ပျောက်လိုက်၊ ဖြစ်လိုက် ပျောက်လိုက်နဲ့ဆိုတော့ ဖြစ်ပြီးပျောက်သွားလို့ မမြဲတဲ့တရားတွေချည်းပဲလို့ ရှုရင်းရှုရင်းနဲ့ ကိုယ်ပိုင်ဉာဏ်မှာ သိလာရမှာကိုး။ မသိသေးရင်တော့ လိုသေးလို့ပဲ၊ သိအောင်တော့ အားထုတ်ရတယ်။

ဤရုပ်ကိုယ်ကြီးကို ဒုက္ခတော- ဆင်းရဲဟူ၍ရှုပါ (၂)

ဒုက္ခတော- ဆင်းရဲဟု၊ သမနုပသိတဇော- ရှုရမည်။

ဖြစ်ချည်ပျက်ချည်နဲ့ ဖြစ်ခြင်းပျက်ခြင်းက နှိပ်စက်နေတော့ ဆင်းရဲပဲတဲ့။ ဆင်းရဲဆိုတာ မကောင်းတာပါပဲ၊ မကောင်းတဲ့ သဘောပဲ၊ အခံရခက်နေတာကို ပြောတာမဟုတ်ဘူး၊ ဒီရုပ်ကိုယ်ကြီးမှာ အခံခက်နေတာ ဝေဒနာပဲ၊ ဒုက္ခဝေဒနာ ခေါ်တယ်။ အခု ဆင်းရဲကတော့ နှစ်သက်ဖွယ်မရှိလို့၊ လုံးစုံသခ်ါရ

http://www.dhammadownload.com

တွေက မမြဲလို့ ဆင်းရဲတာပဲ။ မမြဲဘူးလို့ ရှုနေတဲ့အခါကာလ မှာ မမြဲတဲ့ဆင်းရဲတွေ ငြီးငွေ့လာတယ်တဲ့၊ မကောင်းတဲ့ သဘောတွေပဲ၊ ဘာမှ အားကိုးစရာမရှိဘူး။ မိမိတို့ ထင်နေတာ ကတော့ ဒီရုပ်ကိုယ်ကြီးဟာ တစ်ကိုယ်တည်း တစ်ကောင် တည်း တည်နေတယ်လို့ အောက်မေ့တာကိုး၊ ဘယ်ဟုတ် မလဲ၊ အကြောင်းညီညွတ်လို့ တည်နေတာ၊ ရုပ်အဆက်ဆက် တွေ ဖြစ်နေတာ။ ဖြစ်ပြီး ပျောက်လိုက်နေတာ အဲဒါတွေကို တွေ့ရတာ ဖြစ်ချည်ပျက်ချည်နဲ့ ဘာမှအားကိုးစရာ မရှိဘူး။ ဘာမှ ခိုင်မာတဲ့သဘော မရှိဘူး။ နှစ်သက်ဖွယ် သာယာဖွယ် အားကိုးဖွယ်မရှိတဲ့ တရားပဲ၊ ဆင်းရဲပဲ၊ မကောင်းတဲ့ တရား တွေလို့ ဆိုလိုပါတယ်။

ကိုယ့်သန္တာန် ဒီလိုဖြစ်ပျက်နေလို့ မကောင်းတဲ့တရား တွေပဲ။ သူများသန္တာန်လည်း ဖြစ်ပျက်နေလို့ မကောင်းတဲ့ တရားတွေပဲ၊ ဘယ်လိုဂုဏ်ဒြပ်ကြီးတဲ့ပုဂ္ဂိုလ်ရဲ့သန္တာန်က ရုပ် တွေပဲဖြစ်ဖြစ် ဒီလိုဖြစ်ပျက်နေတာပဲ၊ မကောင်းတဲ့တရားတွေ ပဲ။ နတ်တွေ ဗြဟ္မာတွေဆိုတာလည်း ဒီလိုရုပ်ဟာ အတူတူ ပါပဲ၊ ဖြစ်ပျက်နေလို့ မကောင်းတဲ့တရားတွေပဲ၊ အဲဒါတွေကို မြင်အောင် ရှုပါတဲ့။ အယံ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ ဒုက္ခတော- ဆင်းရဲဟု၊ သမနုပဿိတဇော- ရှုရမည်တဲ့။

http://www.dhammadownload.com

ဤရုပ်ကိုယ်ကြီးကို ရောဂတော-
အနာရောဂါနှင့်တူသည်ဟူ၍ရှုပါ (၃)

ရောဂတော- စွဲကပ်နေသော အနာရောဂါနှင့်တူသည်ဟု၊ သမနုပဿိတဇ္ဇော- မြင်အောင်ရှုရမည်တဲ့။ အနာရောဂါနဲ့တူတယ်တဲ့။ အဲဒီ ရောဂဆိုတဲ့ ဥစ္စာကတော့ အမြဲစွဲနေတဲ့ အနာရောဂါကိုခေါ်တယ်။ အဲဒီလို အမြဲမပြတ် စွဲကပ်တဲ့ရောဂါက တချို့က လေနာရောဂါ၊ တချို့က အစာမကြေတဲ့ရောဂါ၊ တချို့က မျက်စိတွေဝေတတ်တဲ့ရောဂါ၊ တချို့ကလည်း သွားနာတတ်တဲ့ရောဂါ၊ တချို့ကလည်းပဲ ခေါင်းကိုက်တတ်တဲ့ရောဂါ။ တချို့က ကျောအောင့်တဲ့ရောဂါ စသည်ဖြင့်ပေါ့၊ ရောဂါတွေ အမျိုးမျိုးရှိတယ်။ အဲဒါ တစ်ခုခု စွဲကပ်နေတယ်။ သူက ဆေးနဲ့ဝါးနဲ့ သင့်တင့်တာနဲ့ ပြုပြင်ထားလို့ရှိရင် နေသာထိုင်သာရှိတယ်။ လုံးလုံးမပျောက်ဘူး။ တချို့ပုဂ္ဂိုလ်မှာ တော်တော်လွန်လွန်ကဲကဲ ဖြစ်နေတာ၊ ဆေးတွေဘာတွေ အမြဲတမ်းပြုပြင်နေရတာ စိတ်ပျက်ညည်းညူနေရတာပါပဲ။ တချို့ ခန္ဓာကိုယ်ကြီးရထားတာ တော်တော် နေရာမကျပါဘူး။ အဲဒါ ရောဂခေါ်တယ်တဲ့။ အယံ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ ရောဂတော- စွဲကပ်နေသော အနာရောဂါနှင့်တူသည်ဟု၊ သမနုပဿိတဇ္ဇော- မြင်အောင်ရှုရမည်တဲ့။

http://www.dhammadownload.com

ဤရုပ်ကိုယ်ကြီးကို ဂဠာတော-
အနာစိမ်းနှင့်တူသည်ဟူ၍ရှုပါ (၄)

ဂဠာတော- ဒါလည်း အနာတစ်မျိုးပဲ။ ဒါကတော့ အနာစိမ်းတို့၊ သွေးစုနာတို့၊ အဖုအလုံးပေါက်တဲ့ အနာတွေပေါ့လေ၊ အနာအမျိုးမျိုးတွေ ရှိပါတယ်၊ သေတတ်တဲ့အနာတွေလည်း ရှိတယ်။ ပြည်ပုပ်၊ သွေးပုပ်တွေနဲ့ နိပ်စက်တဲ့အနာ၊ အပြင်ဘက်မှာ ပေါက်တဲ့အနာ ရှိတယ်။ အတွင်းဘက်မှာ သွားတို့ သွားဖုံးတို့ ရေစီးကမ်းပြိုလိုက်တဲ့အနာတွေ ရှိပါတယ်။ ကင်ဆာနာဆိုတာ ကြောက်စရာကောင်းတယ်၊ ဆေးကုလို့လည်း မရနိုင်ဘူး။ တော်တော်ဆိုးတဲ့ အနာပဲ၊ အဲဒီ အနာတွေနဲ့တူတယ်တဲ့၊ ဒီအနာကတော့ နိပ်စက်တာ၊ အင်မတန်ဒုက္ခရောက်တယ်။ ယားနာဆိုရင်လည်း ယားပြီးတော့ ဒုက္ခပေးနေတာပဲ။ အိုင်းအမာဆိုပြီးတော့ ရှေးက ဘာသာပြန်တယ်။ အယံ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ ဂဠာတော- နိပ်စက်တတ်သော အနာစိမ်းနှင့်တူသည်ဟု၊ သမနုပဿိ တဇ္ဇော- မြင်အောင်ရှုရမည်တဲ့။

မမြဲဆင်းရဲ၊ ရောဂါစွဲ၊ ရှုမြဲအိုင်းအမာ။

ရုပ်ကိုယ်ကြီးကို မမြဲရဲ့၊ ဆင်းရဲရဲ့၊ ရောဂါစွဲရဲ့၊ အိုင်းအမာရဲ့၊ ၄-ခုသော အခြင်းအရာနဲ့ မြင်အောင်ရှုပါတဲ့။

http://www.dhammadownload.com

ဤရုပ်ကိုယ်ကြီးကို သလွတော-
စူးနေတဲ့မြားငြောင့်နှင့်တူသည်ဟူ၍ရှုပါ (၅)

သလွတော- စူးနေတဲ့မြားငြောင့်နှင့်လည်း တူသည်တဲ့။ လက်ထဲတို့ ခြေထောက်ထဲတို့ ဆူးတွေ ငြောင့်တွေ စူးတတ်တယ်။ ထွင်လို့မရလို့ရှိရင် အဲဒါလေးက မျက်ပြီး နာနေတယ်။ ကိုယ်ထဲရောက်နေတာဆိုလို့ရှိရင် ထုတ်ဖို့ကလည်း တော်တော်ခက်တယ်။ ဒီရုပ်ကိုယ်ကြီးဟာ မကောင်းပေမယ်လို့ ကိုယ်ထဲကဖြစ်နေတာ စွန့်ပစ်လိုက်လို့လည်း မဖြစ်ဘူး၊ တော်တော်ခက်တာပဲတဲ့။ အဲဒါကြောင့် ဒီကိုယ်ကြီးက စူးဝင်နေတဲ့မြားငြောင့်များလိုပဲ နှိပ်စက်တတ်တဲ့တရားပဲလို့ မြင်အောင်ရှုပါတဲ့။

ဤရုပ်ကိုယ်ကြီးကို အယတော-
မကောင်းမှုနှင့်တူသည်ဟူ၍ရှုပါ (၆)

အယတော- မကောင်းမှုနဲ့ တူတယ်တဲ့။ မကောင်းမှုဟာ မကောင်းကျိုးကို ပေးတယ်။ လောကနဲ့စပ်တဲ့ မကောင်းမှုလည်း ရှိတယ်။ သံသရာနဲ့စပ်တဲ့ မကောင်းမှုလည်း ရှိတယ်။ လောကမှာ လူအများကဖြစ်စေ၊ တိုင်းပြည်အုပ်ချုပ်နေတဲ့အစိုးရကဖြစ်စေ ဒါမလုပ်ရဘူး၊ ကန့်သတ်ထားရင် ဒါဟာ

http://www.dhammadownload.com

မကောင်းမှုဖြစ်နေတာ၊ အဲဒါတွေ သွားလုပ်လို့ရှိရင် မကောင်းကျိုးတွေ ပေးတယ်တဲ့။ တရားရေးရာဘက်က မကောင်းတဲ့အမှုကတော့ လောဘ၊ ဒေါသ၊ မောဟ အလိုလိုက်ပြီးတော့ ပြုတဲ့အမှုတွေပါပဲ။

လောဘအလိုလိုက်ပြီး ကိုယ်ကောင်းစားအောင်၊ ဒေါသအလိုလိုက်ပြီး ကိုယ်ကောင်းစားအောင်၊ မောဟအလိုလိုက်ပြီးတော့ ကိုယ်ကောင်းစားအောင်၊ ကိုယ်နဲ့စပ်တဲ့ပုဂ္ဂိုလ်တွေ ကောင်းစားအောင် သူများအသက်ကို သတ်ချင်လည်း သတ်မယ်။ သူများဥစ္စာ ခိုးချင်လည်းခိုးမယ်၊ လိမ်ချင်လည်း လိမ်မယ်၊ နှိပ်စက်ရင်လည်း နှိပ်စက်မယ်၊ မတော်မတရားတွေ ပြောရင်လည်းပြောမယ်။ အဲဒီလိုဟာတွေ မကောင်းတဲ့အမှုတွေ ပြုလို့ရှိရင်၊ ပြောလို့ရှိရင် မကောင်းကျိုးတွေ ပေးတတ်ပါတယ်။ လောကမဟုတ်လို့ရှိရင် သံသရာမှာလည်း မကောင်းကျိုးတွေ ပေးတတ်ပါတယ်။ ဒီရုပ်ကိုယ်ကြီး မိုပြီးတော့လည်း မကောင်းကျိုးတွေရတယ်တဲ့။ အယံ ကာယော- ဤရုပ်ကိုယ်ကြီးကို၊ အယတော- မကောင်းမှုနှင့် တူသည်ဟု၊ သမနုပဿိတဇ္ဇော- မြင်အောင်ရှုရမည်တဲ့။

http://www.dhammadownload.com

ဤရုပ်ကိုယ်ကြီးကို အာဟစေတော-
ဖျားနာနှင့်တူသည်ဟူ၍ရှုပါ (၇)

အာဟစေတောတဲ့။ ဒီအနာကတော့ ရံဖန်ရံခါ ဖြစ် တတ်တဲ့အနာ၊ ဒါကတော့ အာဂန္တုက အနာ။ အစားမှားလို့ ဖျားတယ်၊ နေမကောင်းထိုင်မကောင်းဖြစ်တယ်။ ရေချိုးမှားလို့ ဖျားတယ်၊ အနေအထိုင် အဆင်မသင့်လို့ မကျန်းမမာ ဖြစ် တယ်။ ဒါကတော့ ဆေးကုလိုက်ရင် ပျောက်တယ်၊ စွဲကပ်နေ တဲ့ အနာမျိုး မဟုတ်ဘူး။ သူကလည်း ဖြစ်တဲ့အခါ ဒုက္ခ ပေးတာပဲ၊ ဒုက္ခ ရောက်တာပဲ။ ဒါကြောင့် ဒီရုပ်ကိုယ်ကြီးဟာ တစ်ရံတစ်ခါဖြစ်လာတဲ့ အာဂန္တုက အနာတွေနဲ့လည်း တူတာ ပဲတဲ့။

ဤရုပ်ကိုယ်ကြီးကို ပရတော-
သူစိမ်းပြင်ပနှင့်တူသည်ဟူ၍ရှုပါ (၈)

ပရတော- သူစိမ်းပြင်ပနဲ့လည်း တူတယ်တဲ့။ ကိုယ့် အတွင်းက ကိုယ်နဲ့နီးစပ်တဲ့ပုဂ္ဂိုလ်ဆိုရင် ပြောလို့ဆိုလို့ ရ တယ်။ စိမ်ခန့်ခွဲလို့ ရတယ်။ လူစိမ်းသူစိမ်း ကိုယ်နဲ့မသိတဲ့ သူတယောက်ကို ဘာမှ စိမ်ခန့်ခွဲလို့ မရဘူး။ လာပါဦးဆိုလည်း သူ လာချင်မှလာမှာ၊ သွားပါဆိုလည်း သွားချင်မှသွားမယ်။

http://www.dhammadownload.com

ဒါလုပ်ပေးပါဦးဆိုလည်း လုပ်ချင်မှလုပ်မယ်။ သူက သူစိမ်းကိုး၊ စိမ်ခန့်ခွဲလို့ မရဘူး။ အဲဒါလိုပဲတဲ့။ ဒီရုပ်ကိုယ်ကြီးက ကိုယ် စိမ်ခန့်ခွဲလို့မရဘူးတဲ့။ ကိုယ်က ရုပ်ကလေး နုနုပျိုပျိုနဲ့ နေချင်ပေမယ့် တဖြည်းဖြည်း အိုအိုလာတယ်၊ ဆံပင်တွေဖြူ။ သွားတွေကျိုး ဒါတွေမဖြစ်ပါနဲ့လို့ စိမ်ခန့်ခွဲလို့မရဘူး။ ဘယ့်နယ်မှ မတတ်နိုင်ဘူး။ ဒါကြောင့် သူစိမ်းနဲ့လည်း တူတယ်တဲ့။

ဤရုပ်ကိုယ်ကြီးကို ပလောကတော- ပျက်စီးတတ်သည်၊
သုညတော- ကင်းဆိတ်နေသည်၊
အနတ္တတော- အတ္တကောင်မဟုတ် ဟူ၍ရှုပါ (၉၊ ၁၀၊ ၁၁)

ပလောကတော- ပျက်စီးတတ်တယ်။ ခဏာမစဲ ပရမ်းပတာ ပျက်စီးနေတာပဲ၊ မပျက်စီးအောင်လို့ တားဆီးနေလို့လည်း မရဘူး။ သုညတော- ကင်းဆိတ်နေတယ်တဲ့။ အသက်ရှင်တဲ့ အကောင် ပုဂ္ဂိုလ်သတ္တဝါလို့ ခေါ်စရာမရှိဘူးတဲ့။ အနတ္တတော- အတ္တကောင်လည်း မဟုတ်ဘူးတဲ့။ ကဲဆိုရမယ်။

ကြောင့်မကောင်းဟု၊ ဗျားနာမှု၊
မှတ်ရှုသူစိမ်းပါ။
ပျက်စီးသုည၊ အနတ္တ၊ ရှုရဆယ့်တစ်ဖြာ။

http://www.dhammadownload.com

ဒီတော့ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ အစကထင်နေတာ ပုဂ္ဂိုလ်သတ္တဝါလည်း မရှိဘူး။ သူဘာသာ ဖြစ်ပျက်နေတဲ့ သဘောတရားပဲဆိုတာ အဲဒီလိုမြင်လာမှ ဒီကိုယ်ကြီး သာယာနစ်သက်မှုတွေဟာ လုံးလုံးမကင်းရင်တောင်မှ သက်သာရင် သက်သာသွားမှာပဲ၊ နောက်ဆုံး အရဟတ္တာမဂ် အရဟတ္တဖိုလ် ရောက်ရင်တော့ ဒါတွေအကုန်လုံး ကင်းရမှာပေါ့။

အဲဒါ ရုပ်ကို ဝိပဿနာရှုပုံ မြတ်စွာဘုရားက ဒီယနခ ပရိဗိုဇ်ကိုဟောတယ်။ အဲဒီမှာ ရှင်သာရိပုတ္တရာက ယပ်ခတ်ရင်း တရားနာနေတယ်။ ဒီယနခပရိဗိုဇ်က တော်တော် သဘောကျနေပါပြီ၊ သူအယူအစွဲတွေလည်း မစွဲလမ်းတော့ဘူး။ ဘုရားက ဒီရုပ်ကိုယ်ကြီးအပေါ်မှာလည်း အနိစ္စ- မမြဲဘူးလို့ ရှုရမယ်ဟောတော့ မမြဲတဲ့သဘောလည်း ထင်လိုက်၊ ဒုက္ခ၊ ရောဂ၊ ဂဏ္ဍ၊ ဒါတွေ အကုန်လုံး သူ လိုက်ရှုနေတယ်။

မြတ်စွာဘုရားက ဝေဒနာရှုပုံ ဆက်ဟောတယ်။ ဝေဒနာနုပဿနာကမ္မဋ္ဌာန်းနဲ့ အဆုံးသတ်တယ်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဝေဒနာ တစ်ခုချင်းတစ်ခုချင်း မြတ်စွာဘုရားက အသေးစိတ်ဝေဖန်ပြီးတော့ ဟောပါတယ်။ အဲဒီလို ဝေဖန်ဟောရင်းနဲ့ ဒီယနခပရိဗိုဇ်မှာ သောတာပန်ဖြစ်

http://www.dhammadownload.com

ရှင်သာရိပုတ္တရာမထေရ်မြတ်က ရဟန္တာ ဖြစ်တာကိုး။ နောက် သီတင်းမှ ဆက်ပြီးဟောရမယ်။ တရားသိမ်းကြဦးစို့။

နိဂုံး

ဒီယနခသုတ္တန် တရားတော်ကို ရှိသေစွာ နာခံမှတ်သားရသော ဓမ္မသဝန ကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော်တို့ကြောင့် ဤသုတ္တန်၌လာသော အဆုံးအမ သြဝါဒအတိုင်း ပွားများအားထုတ်နိုင်ကြသဖြင့် မိမိတို့သန္တာန်ရှိ ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ ရောဂ၊ ဂဏ္ဍ၊ သလ္လ အစရှိသော ၁၁-ပါးသော အခြင်းအရာတို့ဖြင့် သိမြင်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု- သာဓု- သာဓု။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး
ကျွတ်တမ်းဝင်ခန်း တရားတော်
သတ္တမပိုင်း

(၁၃၂၅- ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၈-ရက်)

တရားအနုသန္ဓေ

ဒီဃနခ ပရိဗိုဇ်ကို မြတ်စွာဘုရားဟောတော်မူတဲ့ ဒီဃနခသုတ္တန် တော်တော်စုံလာပါပြီ။ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ ဇကစ္စသဿတဒိဋ္ဌိ၊ အဲဒီ ဒိဋ္ဌိအယူသုံးပါးကို စွန့်လွှတ်ဖို့ ပယ်ဖို့ မနေ့ကဟောခဲ့တယ်။ အဲဒီလိုဟောတဲ့အတွက် ဒီဃနခ ပရိဗိုဇ်လည်း မိမိ၏အယူ ဥစ္ဆေဒဝါဒကို စွန့်ပြီးတော့ တရားနာနေတယ်။ ဒီအခါမှာ မြတ်စွာဘုရားက ဝိပဿနာတရားကို ဟောတယ်။ ရှေးဦးစွာ ရုပ်ကိုသိမ်းဆည်းပုံ ရုပ်ရှုပုံကို ဟောတယ်။ အဲဒါ ပြီးသွားပါပြီ။

အယံ ခေါ ပန အဂ္ဂိဝေဿန ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိက သမ္ဘဝေါ ဩဒန ကုမ္မာသူပစယော အနိစ္စုစ္ဆာဒန ပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော အနိစ္စတော ဒုက္ခတော ရောဂတော ဂဏ္ဍတော သလ္လတော

http://www.dhammadownload.com

အယတော အာဗာဓတော ပရတော ပလောကတော သုည
တော အနတ္တတော သမနုပဿိတတ္တော။

ရုပ်ကိုယ်ကြီးဟာ ပဓာနအားဖြင့် ဓာတ်လေးပါး အစု
အဝေးပဲ၊ ဒီပြင်လည်း ရုပ်တွေ ပါပါတယ်။ အဲဒီ ရုပ်အစုအဝေး
ဖြစ်တဲ့တရားဟာ ပထမကတည်းက တစ်လုံးတစ်ခဲတည်း ဖြစ်
လာတာ မဟုတ်ဘူး။ ရုပ်ကလေးတွေက မာတာပေတ္တိက
သမ္ဘဝေါ- မိဘတို့ဇာ်သုက်သွေးကို မှီပြီးတော့ ဖြစ်လာတယ်။
အဲဒီသုက်သွေးဟာလည်းပဲ မျက်စိနဲ့မမြင်နိုင်လောက်အောင်၊
အင်မတန်သေးငယ်တဲ့ အမှုန်လေးကစပြီးတော့ ဖြစ်လာတာ
ကိုး။ ဒီအမှုန်ကလေးကို မှီပြီးတော့ ရုပ်တွေ ဖြစ်လာတယ်။ ဒီ
ရုပ်အမှုန်သေးသေးလေးထဲမှာ ခြေထောက်ဖြစ်ဖို့ လက်ဖြစ်ဖို့
ခေါင်းဖြစ်ဖို့ မျက်စိဖြစ်ဖို့ နားဖြစ်ဖို့ အရိုးဖြစ်ဖို့ အသားတွေ
အကြောတွေဖြစ်ဖို့ ယောကျ်ားဖြစ်ဖို့ မိန်းမဖြစ်ဖို့ အစိတ်အပိုင်း
တွေက အစုံအလင်ပါလာတယ်။ အံ့သြစရာ တော်တော်
ကောင်းသားပဲ။ ဒီ အသေးအမွှားလေးက စပြီးတော့ ဖြစ်ပွား
လာတယ်။ အစာအာဟာရ အကြောင်းပြုပြီးတော့ တဖြည်း
ဖြည်း ကြီးပွားလာတာတဲ့။ အမြဲတမ်းလည်းပဲ ဒီရုပ်ကိုယ်ကို
ရေချိုးပေးရ၊ နှိပ်နယ်ပေးရ၊ ပြုပြင်ပြီးတော့ ပေးနေရတယ်တဲ့။

http://www.dhammadownload.com

ဒီလိုပြင်ပေးနေသော်လည်းပဲ ပျက်စီးခြင်းသဘော ရှိနေတဲ့ ရုပ်တရားပဲတဲ့။

ဒီရုပ်တရားကို အနိစ္စတော- မမြဲသောအခြင်းအရာအားဖြင့် မမြဲဘူးလို့လည်းပဲ သမနုပဿီတဇ္ဇော- ရှုရမယ်တဲ့၊ မမြဲဘူးလို့ ဆိုနေရုံမဟုတ်ဘူး၊ မြင်ကိုမြင်မှဖြစ်မှာ။ ဒုက္ခတော- ဆင်းရဲတယ်လို့လည်းပဲ ရှုမြင်ရမယ်။ ရောဂတော- အမြဲစွဲကပ်နေတဲ့ ရောဂါနဲ့တူတယ်လို့ ရှုမြင်ရမယ်။

ဒါတွေဟာ ဆင်ခြင်ကြည့်ရင်ကို မမြဲဘူးဆိုတာ တော်တော်ထင်ရှားပါတယ်။ မမြဲဘူးဆိုတာလည်းပဲ ရုပ်တွေက အမြဲတမ်းပြောင်းနေတာကိုး။ ဆန့်ကျင်ဘက်တွေနဲ့ တွေ့.တိုင်း တွေ့.တိုင်း ပြောင်းလဲနေတယ်။ ဒါကြောင့် မမြဲတာလည်း ထင်ရှားနေတယ်။

ရုပ် အမှီပြုပြီးတော့ ဒုက္ခအမျိုးမျိုးတွေ ရောက်နေတော့ ဆင်းရဲတာလည်း ထင်ရှားနေတယ်။ ပြီးတော့ ဒီရုပ်တွေဟာ ခဏမစဲဖြစ်ပျက်နေတဲ့အတွက် ဆင်းရဲတယ်ဆိုတာ ထင်ရှားနေတယ်။

အနာရောဂါကြီးနဲ့ တူတယ်ဆိုတာလည်းပဲ စွဲကပ်နေတဲ့ အနာရောဂါကို အမြဲတမ်း ပြုစုစောင့်ရှောက် နေရပေမယ့်လို့ သက်သာလှတယ်လည်း မရှိဘူး။ အဲဒါလိုပဲ ရုပ်ကြီးကို

http://www.dhammadownload.com

လည်း အမြဲတမ်းပြုစုပြီး ဒီဒနွာကိုယ်ကြီး စောင့်ရှောက်နေရတယ်။

အိုင်းအမာကြီးနဲ့ တူတယ်တဲ့။ သွေးပုပ်တွေ၊ ပြည်ပုပ်တွေနဲ့ အနာစိမ်းကြီး ပေါက်တာနဲ့လည်း တူတယ်။ မခံသာတဲ့သဘော။ ဒီကိုယ်ကာယကြီး အမှီပြုပြီးတော့ ဒုက္ခတွေအမျိုးမျိုး ရောက်နေတယ်။

မမြဲဆင်းရဲ၊ ရောဂါစွဲ၊ ရှုမြဲအိုင်းအမာ။

သလွတော- မြားငြောင့်နဲ့တူတယ်တဲ့၊ မြားစူးနေသလို ငြောင့်စူးနေသလိုပဲ။ ငြောင့်စူးနေလို့ရှိရင် အတွင်းက မြက် မြက်မြက်မြက်နဲ့ အခံခက်နေတယ်။ ကိုယ်ထဲရောက်နေလို့ ထုတ်ပစ်လိုက်ဖို့ရာလည်း ခက်။ ရုပ်တရားကြီးက မကောင်းဘူးဆိုတာသိပေမယ့် အတွင်းက ဖြစ်နေတော့ ဖြတ်ပစ်ဖို့လည်း မဖြစ်၊ ဒီဘဝသာ မဟုတ်ဘူး၊ ရှေးရှေးသော ဘဝတွေရော၊ နောက်နောက်သော ဘဝတွေပါ ဘဝတိုင်းဘဝတိုင်း ရုပ်က ရှိနေတာကိုး။ ရုပ်ကိုယ်ကြီးက အတွင်းသားအဖြစ်နဲ့ ရှိနေတယ်။ သူ့ထုတ်ဖယ်ပစ်ဖို့က အင်မတန်ခဲယဉ်းပါတယ်။ ငြောင့်စူးနေတာနဲ့ တူတယ်တဲ့။

အယတော- မကောင်းမှုနှင့်တူသည်တဲ့။ မကောင်းမှုဟာ မကောင်းကျိုး ပေးတတ်သလို ဒီရုပ်ကိုယ်ကြီး အမှီပြုပြီး

http://www.dhammadownload.com

တော့ မကောင်းကျိုးတွေ တွေ့ရကြုံရတယ်။ အာဗာဓတော-ရံခါဖြစ်တတ်တဲ့ အဖျားအနာများနဲ့လည်း တူတယ်တဲ့။

ပရတော- သူစိမ်းနဲ့တူတယ်တဲ့၊ ကိုယ် စိမံခန့်ခွဲလို့ ဘာမှမရဘူး၊ ကိုယ်နဲ့ မစပ်တဲ့ သူစိမ်းပြင်ပြင်ပုဂ္ဂိုလ်များနဲ့ တူနေတာပါပဲတဲ့။ ကိုယ့်အတွင်းသားဖြစ်နေလို့ ငါ့ကိုယ်ပဲ၊ ငါ့လက်ပဲ၊ ငါ့ခြေပဲ၊ ငါပဲလို့ ကိုယ်က ယုယုယယ မြတ်မြတ်နိုးနိုးလုပ်နေတာ။ ကိုယ်စိမံခန့်ခွဲလို့ ဘာမှမရဘူးဆိုတာ ဒီကိုယ်ကြီးက နေမကောင်းတဲ့အခါတွေမှာ သိပ်ထင်ရှားတာပဲ။

ငြောင့်မကောင်းဟု၊ ဖျားနာမှု၊
မှတ်ရှုသူစိမ်းပါ။

ပလောကတော- ပျက်စီးတတ်သည်တဲ့။ ခဏာမစဲလည်းပဲ ရုပ်တွေဆိုတာ ပျက်စီးနေတာပါပဲ။ ရုပ်တွေဆိုတာ နေ့စဉ်နေ့တိုင်း နာရီတိုင်း မိနစ်တိုင်း စက္ကန့်တိုင်း ပျက်စီးနေတာ ပါပဲ။ အထူးအားဖြင့် နေထိုင်မကောင်းတဲ့ အခါကာလတွေမှာ အင်မတန်ထင်ထင်ရှားရှား ပျက်စီးသွားတာပေါ့။ နောက်ဆုံး သေတဲ့အခါကာလကျရင် အကြီးအကျယ် ပျက်စီးသွားတာပေါ့။ အဲဒီတော့ ပျက်စီးတတ်တဲ့ သဘောတရားပဲ၊ ဒီလိုလည်း ရှုရမယ်။

http://www.dhammadownload.com

သည်။ ဘာမှမရှိတာကို သည်လို့ ခေါ်တာပဲ။ ဒီရုပ်ထဲ သည်ဆိုတော့ အနှစ်သာရတွေ ဘာမှမရဘူး။ ပုဂ္ဂိုလ်သတ္တဝါ ကောင်လို့ ခေါ်စရာလည်း ဒီထဲဘာမှမရဘူး။

အနတ္တ။ အနတ္တကတော့ ပုဂ္ဂိုလ်သတ္တဝါကောင် မဟုတ်တဲ့ သဘောတရားပဲ။ အားလုံး ၁၁-ခု ရှိသွားပြီ။ ကိုင်း ဒါလေးဆိုရမယ်။

ပျက်စီးသည်၊ အနတ္တ၊ ရှုရဆယ့်တစ်ဖြာ။

ဤရုပ်ရှုပုံ အခြင်းအရာ ၁၁-ပါးဟာ အကျယ်ဝန်းဆုံးပါပဲ

အဲဒီတော့ ဝိပဿနာနဲ့စပ်ပြီး မြတ်စွာဘုရားဟောတဲ့ ဒေသနာတွေထဲမှာ ဒီ ရုပ်ရှုပုံ အခြင်းအရာ ၁၁-ပါးဟာ အကျယ်ဝန်းဆုံးပါပဲ။ ဝိပဿနာလေးဆယ်၊ တောလေးဆယ် လို့ ခေါ်တာရှိပါတယ်။ ဒါက ပဋိသမ္ဘိဒါမဂ်မှာ ဝေဖန်ထားတယ်။ မြတ်စွာဘုရား ကိုယ်တိုင်ဟောတာ မဟုတ်ဘူး။ မြတ်စွာဘုရား ကိုယ်တိုင်ဟောတဲ့ သုတ်တွေထဲမှာတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးခုပဲ အဟောများပါတယ်။ တချို့သုတ်တွေမှာ ဒီ ၁၁-ပါး ဟောတယ်။ ဒီပြင်သုတ်တွေမှာတော့ ခန္ဓာငါးပါးလုံးကိုပဲ ဒီဆယ့်တစ်မျိုးနဲ့ ရှုဖို့ရာဟောပါတယ်။ ဒီသုတ်မှာတော့ ရုပ်တစ်ခုတည်းကို သီးသန့်ပိုင်းပြီးတော့

http://www.dhammadownload.com

မြတ်စွာဘုရား ဟောတယ်။ ဒီယနခပရိဗိုဇ်က ဒီလိုဟောမှ နားလည်မှာမို့ ဒီလိုဟောတာ။ နာမ်တရားတွေထဲက ဝေဒနာ တစ်ခုတည်း ထုတ်ပြီးတော့ဟောတယ်။ ဒီပြင် နာမ်တရားတွေ တောင် မဟောဘူး။

ရုပ်တရားကို ဤ ၁၁-ပါးသော အခြင်းအရာတို့ဖြင့် မြင်အောင်ရှုရမည်တဲ့။ ဝိပဿနာ ယောဂီတွေဟာ ရှုရင်းရှုရင်း ဒီ ၁၁-ပါး အကုန်လုံးမမြင်လည်း တချို့တော့မြင်မှာပေါ့။ ရှုတိုင်းရှုတိုင်း ဒီရုပ်တွေဟာ ဖြစ်ပြီးရင်ပျောက်သွားလို့ မမြဲဘူး။ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲပဲ။ တစ်ခါတစ်ရံ ဒီဥစ္စာ ရောဂါစွဲနေသလိုပဲ။ ဒီရုပ်ကြီးအမှိုပြုပြီး ဒုက္ခတွေရောက်နေတာပဲလို့ ထင်တဲ့အခါ ရှိမှာပါပဲ။ ပြီးတော့ အမြဲတမ်းပြုစုနေရလို့ အနာနဲ့တူနေတာပါပဲ၊ ဒုက္ခတွေ ရောက်နေရတာပါပဲ၊ ဒီလိုလည်းပဲ ထင်တဲ့အခါ ရှိမှာပါပဲ။

နောက်ပြီးတော့ ငြောင့်စူးနေတာလိုပဲ။ ဒီရုပ်ကြီးတွေ မလိုချင်ပေမယ့်လို့ ကိုယ်ထဲက ပါနေတော့ ဟိုသွားလည်း သူပါလာ၊ ဒီသွားလည်းသူပါလာ၊ ထိုင်နေလည်း သူရှိနေတာ။ ထနေ၊ သွားနေ၊ ရပ်နေ၊ အိပ်နေ၊ ဘယ်နေရာမဆို ဒီရုပ်ကြီးက ရှိနေတယ်။ ဒီရုပ်ကြီး စွန့်ပစ်ဖို့က ခဲယဉ်းတယ်၊ အတွင်းက ဖြစ်နေတယ်။ အဲဒီတော့ စူးဝင်နေတဲ့ ငြောင့်လိုပဲတဲ့။ နောက်

http://www.dhammadownload.com

တစ်ခုက မကောင်းမှုနဲ့ တူနေတာပဲ၊ မကောင်းကျိုး ပေးတတ်တာပဲ၊ ဒီလိုလည်း ထင်မှာပါပဲ။ တစ်ရံတစ်ခါ ဖျားနာမှုနဲ့လည်း တူတယ်လို့ ထင်မှာပါပဲ။ ကိုယ်လိုတိုင်း စီမံခန့်ခွဲလို့ မရတဲ့ အတွက် သူစိမ်းပြင်ပနဲ့ တူတယ်လို့ ဒီလိုလည်းထင်မှာပဲ။ ဒါကတော့ နေမကောင်းတဲ့အခါတွေ ပိုထင်တတ်တယ်။ ဝိပဿနာ မရှုပဲတောင် ထင်နေတယ်။ ပျက်စီးတတ်တဲ့ သဘောတရားလို့လည်း ထင်ရမှာပဲ၊ အနစ်သာရဆိုရင် ဒီထဲ ဘာမှမရှိဘူး။ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ ဒီထဲ မရှိဘူး။ သုညပဲ။ ဆိတ်သုဉ်းနေတာပဲ။ ဒီလိုလည်း ထင်မှာပဲ။ အနတ္တကတော့ ထင်ရမှာပေါ့လေ။

အဲဒီ ၁၁-ပါးသော အခြင်းအရာတွေနဲ့ ရုပ်ကိုယ်ကြီးကို ရှုမြင်နိုင်ရမယ်တဲ့။ ထို့အတူ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် နာမ်တရားတွေလည်း ဒီအတိုင်း ရှုမြင်နိုင်ရမှာပါပဲ။ ဒီသုတ်မှာတော့ ရုပ်လောက်ပဲ သီးသန့်ခွဲပြီး မြတ်စွာဘုရား ဟောပါတယ်။ အဲဒီကနောက်ကို ရုပ်ကို ဒီအတိုင်း ရှုမြင်နိုင်လို့ရှိရင်ဖြင့် ရုပ်၌ သာယာနှစ်သက်သော တဏှာဟာ ကင်းသွားပါလိမ့်မယ်တဲ့။ အစက ဒီရုပ်ကိုယ်ကြီးက အမြဲတမ်းတည်ပြီးတော့ ငါကောင် သူကောင်ကြီး ထင်ပြီးတော့နေတာ၊ ရုပ်ကိုယ်ကြီးကို အမွန်အမြတ်ပြုပြီးတော့ သာယာနေတာကိုး။ အခုလည်းပဲ ဒီ

http://www.dhammadownload.com

ရုပ်ကိုယ်ကြီး ရှိနေတာ ကောင်းနေတာ၊ နောင်လည်းရှိနေတာ ကောင်းနေတာပဲ၊ ရုပ်ကိုယ်ကြီးနဲ့ စပ်ပြီး သာယာမှုတွယ်တာမှုတွေ တဏှာတွေ ဖြစ်နေတယ်။

အဲဒါ မမြဲတာသိတာနဲ့ ရုပ်ကိုယ်ကြီးနဲ့စပ်ပြီး သာယာမှုတွယ်တာမှုတွေ တဏှာတွေ ကင်းသွားလိမ့်မယ်။ ဆင်းရဲတယ်လို့ သိတာနဲ့လည်း ကင်းသွားမယ်။ အနာရောဂါ ဖြစ်တာနဲ့ တူနေတာပဲလို့ သိတာနဲ့လည်း ကင်းသွားလိမ့်မယ်။ ဒီဘဝ-ပါးသော အခြင်းအရာတွေဟာ တဏှာကင်းခြင်းရဲ့ အကြောင်းတွေပဲ။

နာမ်ကျတော့ ဝေဒနာကို ကမ္မဋ္ဌာန်းအဖြစ်နဲ့ဟောကြားတယ်

ရုပ်တော့ စာတုမဟာဘူတိကော- မဟာဘုတ်လေးပါးဖြင့် တည်သော ရုပ်ခန္ဓာကြီးဆိုပြီးတော့၊ ဓာတ် ၄-ပါး အရင်းပြုပြီး ဟောကြားတယ်။ အခု နာမ်ကျတော့ ဝေဒနာကို ထုတ်ပြီးတော့ ကမ္မဋ္ဌာန်းအဖြစ်နဲ့ မြတ်စွာဘုရား ဟောကြားတယ်။

တိသော ခေါ ကွမာ အဂ္ဂိဝေဿန ဝေဒနာ သုခါ ဝေဒနာ၊ ဒုက္ခာ ဝေဒနာ၊ အဒုက္ခ မသုခါ ဝေဒနာ။ အဂ္ဂိဝေဿန- အဂ္ဂိဝေဿနအနွယ်ရှိသော ဒီဃနခပရိဗ္ဗိဇ်၊ ဝေဒနာ- ခံစားမှုဝေဒနာတို့သည်၊ သုခါ ဝေဒနာ- ချမ်းသာ

http://www.dhammadownload.com

သော ခံစားမှုလည်းကောင်း၊ ဒုက္ခာ ဝေဒနာ- ဆင်းရဲသော ခံစားမှုလည်းကောင်း၊ အဒုက္ခမသုခါ ဝေဒနာ- မဆင်းရဲ မချမ်းသာ အလယ်အလတ် ခံစားမှုလည်းကောင်း၊ ကုတိ- ဤသို့၊ ကုမာ တိသော- ဤသုံးပါးတို့ပေတည်း။

ခံစားမှု သုံးမျိုး၊ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ

ခံစားမှုဆိုတာ သုံးမျိုးပဲ ရှိတယ်တဲ့။ ပါဠိလို သုခ၊ မြန်မာလိုကတော့ ချမ်းသာတယ်ဆိုပြီးတော့ ဘာသာပြန်ထားကြတယ်။ အရပ်သုံးကတော့ ချမ်းသာတယ်လို့ မပြောဘူး။ ကောင်းတယ်လို့ ပြောပါတယ်။ ဒုက္ခ- ဆင်းရဲလို့ ဘာသာပြန်ထားတယ်။ အရပ်သုံးကတော့ မကောင်းဘူး၊ ဆိုးတယ်လို့ ပြောကြပါတယ်။ ပြီးတော့ အဒုက္ခမသုခ- ဥပေက္ခာဝေဒနာ၊ မဆင်းရဲ မချမ်းသာဝေဒနာ၊ ဒါကတော့ အလယ်အလတ်စားပေါ့လေ။ ရိုးရိုးခံစားမှုလို့ပဲ ဆိုရမှာပေါ့။ ကောင်းတယ်လို့လည်း မပြောပလောက်ဘူး။ မကောင်းဘူးလို့လည်း မပြောပလောက်ဘူး။ ခံစားမှုက သုံးမျိုးပဲရှိတယ်တဲ့။

ကောင်းနေသလား၊ မကောင်းနေသလား၊ ကိုယ့်ကိုယ် ထဲမှာ စိတ်စိုက်ပြီးတော့ ကြည့်လိုက်ရင် တစ်ခါတစ်ရံတော့ ကောင်းပြီး နှစ်သက်သဘောကျတယ်။ သာယာစရာလေးတွေ

http://www.dhammadownload.com

တွေ့လိမ့်မယ်။ အဲဒါ သုခဝေဒနာတွေပေါ့၊ ချမ်းသာတွေလို့ ဆိုရမှာပေါ့။ တစ်ခါတစ်ရံကျတော့လည်း မကောင်းတာတွေ တွေ့လိမ့်မယ်။ များသောအားဖြင့် မကောင်းတာ တွေ့တတ်တယ်။ ဗိုက်ထဲကနေပြီး တောင့်နေရတာနဲ့ တင်းနေရတာနဲ့၊ ညောင်းနေရတာနဲ့ ပူနေရတာနဲ့၊ လေးနေရတာနဲ့၊ မောပန်းနေရတာနဲ့ အဲဒီလို ကိုယ်ထဲမှာ မခံသာတာတွေပဲ အများကြီး တွေ့တတ်တယ်။

ဒါပေမယ့်လို့ ကုလားထိုင်ပေါ်မှာ ထိုင်လို့၊ အိပ်ရာပေါ်မှာ လဲအိပ်လို့၊ ချမ်းချမ်းသာသာလေး နေရတဲ့အခါမှာ နည်းနည်းကောင်းသလိုလေး ရှိတာပေါ့လေ။ များသောအားဖြင့် ကိုယ်ထဲစိုက်ကြည့်ရင် မကောင်းတာတွေ တွေ့ရတတ်တယ်။ အဲဒါ ဒုက္ခတွေပဲ။ ကောင်းတာတွေ တွေ့နေလို့ရှိရင်တော့ သုခတွေ။ တစ်ခါတစ်ရံကျတော့ ကောင်းတယ် မကောင်းတယ် မဟုတ်ဘူး၊ အလယ်အလတ်၊ ဒီလိုလည်း ရှိပါတယ်။ အဲဒါက အဒုက္ခမသုခ ဥပေက္ခာဝေဒနာပဲ။ ဒီလိုသုံးမျိုးပဲ ရှိတယ်တဲ့။

လောကမှာ ခံစားမှုသုံးမျိုးကိုပဲ ငါလို့ ထင်နေတာ၊ ပုဂ္ဂိုလ်သတ္တဝါ ထင်နေတာ။ ကောင်းတာလည်း ငါပဲ၊ မကောင်းတာလည်း ငါပဲ၊ မကောင်းတကောင်း အလယ်အလတ်

http://www.dhammadownload.com

ဖြစ်နေတာလည်း ငါပဲ၊ ဒီလိုထင်နေတယ်။ တစ်သက်လုံး၊ တစ်ဘဝလုံး ဒီ ငါကလည်း အမြဲတမ်းရှိနေတယ်လို့ အောက်မေ့နေတယ်။ ငယ်ငယ်တုံးက ကောင်းနေတာတွေ မကောင်းနေတာတွေ၊ အခု ကောင်းနေတာတွေ မကောင်းနေတာတွေ၊ အတူတူပဲ၊ တစ်ယောက်တည်းပဲ ထင်နေတယ်။ ဒီဝေဒနာကို ငါလို့ ထင်တယ်။ ဒီ ဝေဒနာကို သာယာကြတယ်။ ဒီဝေဒနာကို သဘောကျနေတယ်။ ဝေဒနာတွေ အကုန်လုံးတော့ မဟုတ်ဘူးပေါ့လေ။ ကောင်းတဲ့ဝေဒနာလေးတွေ သဘောကျနေတယ်။ မြင်လို့ကောင်းတာလေး သဘောကျတယ်။ ကြားလို့ ကောင်းတာကို သဘောကျတယ်။ အနံ့နံရလို့ ကောင်းတာလေးတွေ၊ ကောင်းကောင်းလေးတွေ စားရတဲ့အခါ၊ ကောင်းကောင်းလေးတွေ တွေ့.ရထိရတဲ့အခါ သဘောကျတယ်။ စိတ်ကူးစဉ်းစား ကြံစည်ရာမှာလည်း ကိုယ့်အကြိုက်တွေ စိတ်ကူးနေရတဲ့အခါတွေ ပျော်နေတဲ့အခါလည်း ရှိတယ်။ အဲဒါတွေ သုခဝေဒနာပဲ။

အဲဒီ သုခဝေဒနာကို ကြိုက်နေကြတာပဲ။ ဒါတွေ သဘောကျနေကြတာ။ လူချမ်းသာဆိုတာ ဒါပဲ ပြောစရာရှိတယ်။ လူတွေကတော့ ကုသိုလ်ကံ အကျိုးပေးထားတော့ ကောင်းကျိုးချမ်းသာ စည်းစိမ်ရတဲ့ ပုဂ္ဂိုလ်တွေ များပါတယ်။

http://www.dhammadownload.com

နတ်တွေဆို အထူးပြောစရာမရှိဘူး။ ဒါကြောင့်မို့ လူချမ်းသာ နတ်ချမ်းသာလို့ ခေါ်နေရတယ်။ လူချမ်းသာ၊ နတ်ချမ်းသာ ဆိုတာ တခြားမဟုတ်ဘူး။ ကိုယ်ထဲစိတ်ထဲမှာ ကောင်းနေတဲ့ ဥစ္စာလေးပဲ။ ဒီ ကောင်းတဲ့ဟာလေး ဖြစ်အောင်လို့ အာရုံအမျိုးမျိုးတွေနဲ့ ပြုပြင်နေရတာ။ အာရုံကောင်းလေးတွေနဲ့ ရှာပြီး ကျွေးနေရတာ။

ကိုယ်ထဲမှာ ချမ်းသာဆိုတဲ့သဘောလေး ပေါ်အောင်က ချမ်းသာစရာအာရုံလေးတွေ ရှာပေးနေရတယ်။ စားစရာကောင်းကောင်း ရှာရတယ်။ ဝတ်စရာကောင်းကောင်း ရှာရတယ်။ သုံးဆောင်စရာကောင်းကောင်း ရှာရတယ်၊ အပေါင်းအဖော်တွေ ကောင်းကောင်း ရှာရတယ်။ နေထိုင်စရာ ကောင်းကောင်း ရှာရတယ်။ အကောင်းတွေရှာပြီးတော့ ပေးနေရတယ်။ အဲဒီ အကောင်းတွေ ရှာပြီးတော့ပေးလို့ ကောင်းနေတာတွေဟာ ငါပဲ၊ ငါ ကောင်းနေတာ၊ ငါ ချမ်းသာနေတာပဲလို့ ထင်ပြီးတော့ သတ္တဝါတွေဟာ သာယာနစ်သက် သဘောကျနေကြတယ်။

အဲဒီ သာယာနစ်သက် သဘောကျနေတာတွေကို ပယ်နိုင်အောင်လို့ မြတ်စွာဘုရားက အခု ဝေဒနာသုံးပါးကို ထုတ်ပြီးတော့ဟောတာ။ ဒီ ဝေဒနာသုံးပါးက ခံစားမှု

http://www.dhammadownload.com

သဘောတရားတွေပဲတဲ့၊ ဒါတွေဟာ ငါလည်း မဟုတ်ဘူး၊ သူ လည်း မဟုတ်ဘူး၊ ယောကျ်ားလည်း မဟုတ်ဘူး၊ မိန်းမလည်း မဟုတ်ဘူး၊ ဘာမှ မဟုတ်ဘူး၊ သဘောတရားပဲ။ ဘာမှ သာယာစရာ နှစ်သက်စရာ အားကိုးစရာ တွယ်တာစရာ မရှိ ဘူးဆိုတာကို သဘောပေါက်သွားအောင် မြတ်စွာဘုရားက ဒီ ဝေဒနာသုံးမျိုးပဲ ရှိပါတယ်တဲ့။

ဝေဒနာသုံးမျိုး တစ်ပြိုင်နက် မရှိနိုင်

ယသ္မိံ အဂ္ဂိဝေဿန သမယေ သုခံ ဝေဒနံ ဝေဒေတိ။ နေဝ တသ္မိံ သမယေ ဒုက္ခံ ဝေဒနံ ဝေဒေတိ။ န အဒုက္ခမသုခံ ဝေဒနံ ဝေဒေတိ။ သုခံ ယေဝ တသ္မိံ သမယေ ဝေဒနံ ဝေဒေတိ။ အဂ္ဂိဝေဿန- အဂ္ဂိဝေဿန အမျိုးအနွယ်ရှိသော ဒီယနခပရိဗိဇ်၊ ယသ္မိံ သမယေ- အကြင်ခဏ၌၊ သုခံ ဝေဒနံ- ချမ်းသာသောခံစားမှုကို၊ ဝေဒေတိ- ခံစားသည် ဖြစ်ကြားအံ့။ ချမ်းသာမှုလေး ဖြစ်တယ်ဆိုပါတော့တဲ့။ ကိုယ်ထဲမှာ ကောင်း တဲ့ အတွေ့.အထိနဲ့ တွေ့.ထိရလို့ ကောင်းနေတယ်။ ပူအိုက်တဲ့ အခါကာလ အအေးလေး၊ ချမ်းတဲ့အခါကာလ အနွေးလေး၊ စသည်ဖြင့် အဲဒီလို အတွေ့.အထိကောင်းလေးတွေ တွေ့.ရလို့ ကိုယ်ထဲမှာ ကောင်းသွားပြီး သုခဝေဒနာ ဖြစ်တယ်၊ ချမ်းသာ

http://www.dhammadownload.com

ဖြစ်တယ်။ အဲဒီအခါကာလမှာ စိတ်ထဲမှာလည်း ဝမ်းမြောက် ဝမ်းသာစရာတွေ စဉ်းစားပြီးတော့ စိတ်ထဲပျော်ရွှင်နေရင်-

တသို့ သမယေ- ထိုအချိန်အခါကာလ၌၊ သုခံ ယေဝေဒနံ- ချမ်းသာသောခံစားမှုကို သာလျှင်၊ ဝေဒေတိ- ခံစား၏။ တသို့ သမယေ- ထိုအချိန်အခါကာလ၌၊ ဒုက္ခံ ဝေဒနံ- ဆင်းရဲသော ခံစားမှုကို၊ နေဝ ဝေဒေတိ- မခံစား၊ အဒုက္ခမသုခံ ဝေဒနံ- မဆင်းရဲ မချမ်းသာ အလယ်အလတ်ခံစားမှုကို၊ နေဝေဒေတိ- မခံစား။ တသို့ သမယေ- ထိုအချိန်အခါကာလ၌ သုခံဝေဒနံ- ချမ်းသာသော ခံစားမှုကိုသာလျှင်၊ ဝေဒေတိ- ခံစား၏။

ချမ်းသာမှုလေးဖြစ်နေတဲ့အခါ ဆင်းရဲမရှိပါဘူးတဲ့၊ အလယ်အလတ်လည်း မရှိပါဘူးတဲ့၊ ချမ်းသာလေးတစ်ခုတည်း ရှိနေတာပဲတဲ့။ ဒီတော့ ပကတိပုဂ္ဂိုလ်တွေ ထင်မြင်စွဲလမ်းတဲ့အတိုင်း ချမ်းသာနေတာလည်း ငါပဲ၊ ဆင်းရဲနေတာလည်း ငါပဲ၊ အလယ်အလတ် မဆင်းရဲမချမ်းသာ ဖြစ်နေတာလည်း ငါပဲ ဆိုတဲ့အစွဲအလမ်းကို ပယ်နိုင်အောင်လို့။ အဲဒါလေးတစ်ခုတည်း မဟုတ်ဘူး၊ ချမ်းသာတယ်ဆိုတာက တစ်ခု၊ ဆင်းရဲတယ်ဆိုတာက တစ်ခု၊ အလယ်အလတ်ဆိုတာက တစ်ခု၊ တခြားစီပဲ။ ဘာမှမဆိုင်ဘူး။ အဲဒီလို သဘောပေါက်

http://www.dhammadownload.com

အောင် မြတ်စွာဘုရားက တစ်ခုချင်းခွဲပြီးတော့ ဟောတယ်။ ချမ်းသာနေတဲ့အခါ ဆင်းရဲမရှိဘူးတဲ့၊ ဆင်းရဲနေတဲ့အခါ ချမ်းသာမရှိဘူးတဲ့၊ စဉ်းစားကြည့်ပေါ့လေ စိတ်ဆင်းရဲနဲ့ စိတ် ချမ်းသာကမှ ပိုပြီးထင်ရှားတယ်။ ကိုယ်ဆင်းရဲနဲ့ ကိုယ် ချမ်းသာက နည်းနည်းမထင်ရှားသလို ဖြစ်နေဦးမယ်။

စိတ်ဆင်းရဲနဲ့ စိတ်ချမ်းသာကတော့ အင်မတန် ထင်ရှားတယ်။ စိတ်ထဲမှာ ပျော်နေတဲ့အခါမှာ စိတ်မညစ်ဘူး၊ စိတ်ညစ်နေတဲ့အခါလည်း မပျော်ဘူး။ စိတ်ညစ်နေ စိတ်ပျက် နေ နှလုံးမသာနေတဲ့အခါ ပျော်အောင်လုပ်လို့ မဖြစ်ဘူး။ စိတ်ထဲက အင်မတန်ပျော်ရွှင်နေတဲ့ အခါကာလတွေမှာ စိတ် ညစ်မှု၊ နှလုံးမသာမှုတွေ မဖြစ်ဘူး။ တစ်ခုချင်း ဖြစ်နေတာ၊ အကယ်၍ ချမ်းသာနေတာလည်း ငါပဲ အမြဲတမ်းရှိနေတယ်၊ ဆင်းရဲနေတာလည်း ငါပဲ အမြဲတမ်းရှိနေတယ်ဆိုတာ ဟုတ်ခဲ့ရင် ချမ်းသာနေတုံးလည်း ဆင်းရဲတွေ ရှိရမှာ။ ချမ်းသာနဲ့ ဆင်းရဲ တစ်ပြိုင်နက် ရင်ပေါင်တန်းပြီး တည်နေရမှာ။ အခု အဲဒီလိုမဟုတ်ဘူးတဲ့။ ချမ်းသာနေတဲ့အခါ ကောင်းနေတဲ့အခါမှာ ချမ်းသာတဲ့ သုခဝေဒနာပဲ ဖြစ်နေတယ်တဲ့။ ဆင်းရဲတဲ့ ဒုက္ခဝေဒနာ မဖြစ်ဘူးတဲ့၊ အလယ်အလတ်ခံစားမှုလည်း မဖြစ်ဘူးတဲ့။

http://www.dhammadownload.com

ကိုယ့်မှာ ဝမ်းမြောက်ဝမ်းသာစရာတွေနဲ့ တွေ့.ပြီး ဝမ်းမြောက်ပျော်ရွှင်နေတဲ့အခါ ကာလတွေ စဉ်းစားကြည့်ပေါ့။ အကြီးအကျယ်ဝမ်းမြောက်၊ အကြီးအကျယ်ပျော်နေတဲ့အခါတွေ ရှိတယ်။ အဲဒီကာလ စိတ်ပျက်တယ်ဆိုတာ မရှိဘူးတဲ့။ စိတ်ပျက်စရာ မစဉ်းစားမိဘူး၊ သတိမရဘူး၊ မပေါ်ဘူး၊ ပျော်နေတာပဲ။ အဲဒီအချိန်မှာ ဒုက္ခဝေဒနာ စိတ်ဆင်းရဲမှု စိတ်ညစ်မှု စိတ်ပျက်မှု နလုံးမသာမှုဆိုတာ မရှိဘူး။

အဲဒီတော့ ချမ်းသာဆိုတာဟာ တရားတစ်မျိုးပဲ၊ ဆင်းရဲဆိုတာက တရားတစ်မျိုးပဲ၊ အလယ်အလတ် ဖြစ်နေတယ်ဆိုတာ တရားတစ်မျိုးပဲ။ သူ့အခိုက်အတန့်နဲ့သူ ဖြစ်နေတဲ့ တရားတွေပဲလို့ နားလည်အောင်လို့ မြတ်စွာဘုရားက ဒီလိုဟောပါတယ်။ အဲဒါကိုလည်း ဘုန်းကြီးက ဆောင်ပုဒ်လေးနဲ့ မှတ်ရအောင်လို့ စီထားပါတယ်။

ချမ်းသာခိုက်မှာ၊ သုခသာ၊ ကင်းကွာ ဒုနဲ့ဉ။

ချမ်းသာနေခိုက်၊ သုခဖြစ်နေခိုက်မှာ သုခဝေဒနာချည်း ဖြစ်နေတာပဲ။ သုခဝေဒနာ တစ်မျိုးတည်းပဲ။ ကင်းကွာ ဒုနဲ့ဉတဲ့။ ဒု-က ဒုက္ခပေါ့လေ။ ဉ-က ဉပေက္ခာပေါ့။ ဒုက္ခဝေဒနာ ဉပေက္ခာဝေဒနာတွေ အဲဒီအခါ မရှိဘူးတဲ့။ အဲဒါ ထင်ရှားပါတယ်။

http://www.dhammadownload.com

ထို့အတူပဲ ဒုက္ခဝေဒနာခံစားနေတုန်းလည်း သုခဝေဒနာ မဖြစ်ပါဘူးတဲ့၊ ဥပေက္ခာဝေဒနာ မဖြစ်ပါဘူးတဲ့။ အဲဒီအချိန်မှာ ဒုက္ခဝေဒနာပဲ ဖြစ်နေတာပဲ။ ဆင်းရဲဖြစ်နေတဲ့အခါ ဆင်းရဲပဲ ဖြစ်နေတာပဲ။ ချမ်းသာတဲ့ သုခမဖြစ်ဘူး။ အလယ်အလတ် ဥပေက္ခာမဖြစ်ပါဘူးတဲ့။

ဆင်းရဲခိုက်မှာ၊ ဒုက္ခသာ၊ ကင်းကွာ သုနဲ့ဥ။

တစ်ခါတစ်ရံမှာ ကိုယ်ထဲမှာစဉ်းစားလိုက်၊ စိတ်ထဲမှာ စဉ်းစားလိုက်၊ ကောင်းတာလည်း မဟုတ်ဘူး၊ မကောင်းတာလည်း မဟုတ်ဘူး၊ အလယ်အလတ်ဖြစ်နေတယ်။ ဘာမှရှာလို့မရဘူး။ ခံစားမှုတွေ လုံးလုံးမရှိသလိုတောင် ဖြစ်နေတယ်။ အဲဒါက ဥပေက္ခာဝေဒနာပဲတဲ့။ အသိခက်တယ်တဲ့။ ယောဂီပုဂ္ဂိုလ်တွေ ရှေ့ပိုင်းက ချမ်းသာနေတာ ဆင်းရဲနေတာတွေ ထောက်ဆ၍၊ နောက်ပိုင်းကလည်း ချမ်းသာနေတာ ဆင်းရဲနေတာ ထောက်ဆ၍၊ အလယ်ပိုင်းက ခံစားမှု မထင်ရှားတာဟာ ဥပေက္ခာဝေဒနာပဲလို့ သိရတယ်။ ဥပမာအားဖြင့် သမင်ခြေရာခံတဲ့မုဆိုးဟာ သမင်က ကျောက်ဖျာပေါ်တက်သွားတော့၊ ကျောက်ဖျာပေါ် တက်လာခဲ့တဲ့ခြေရာတွေ မြင်ရ၊ ကျောက်ဖျာပေါ်က ဆင်းသွားတဲ့ခြေရာတွေ မြင်ရတော့၊ သမင်ဟာ ဒီ ကျောက်ဖျာပေါ် အလယ်တည့်တည့် ဒီကနေ ဖြတ်သွားတယ်ဆိုတာ သိရသလိုပဲတဲ့။

http://www.dhammadownload.com

ကျောက်ဖျာပေါ်မှာတော့ ခြေရာမရှိဘူး။ မရှိပေမယ့် လို့ ဟိုဘက်က လာခဲ့တဲ့ခြေရာ၊ ဒီဘက်က ဆင်းသွားတဲ့ ခြေရာ မြင်သောအားဖြင့် အလယ်ပိုင်း ဒီကနေပြီး ဖြတ်သွား တယ်ဆိုတာ သိရသလို၊ ရှေ့ပိုင်းက သုခတို့ ဒုက္ခတို့ တစ်ခုခု ထင်ရှားနေတယ်။ ညောင်းတယ် ပူတယ် နာတယ် ကျင်တယ် ကောင်းတယ် ဝမ်းသာတယ် စိတ်ပျက်တယ် စသည်ဖြင့် မှတ် နေရတာကိုး။ ဒီလိုမှတ်နေရင်းက တော်ကြာ သူက ပျောက် သွားတယ်။ အလယ်အလတ် ဝေဒနာ ဖြစ်တယ်။ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာတွေလည်း မရှိဘူး။ စိတ်နလုံး မသာမှုတွေလည်း မရှိဘူး။ ဝမ်းမြောက်ဝမ်းသာနေတာလည်း မဖြစ်ဘူး။ နေထိုင်ကောင်းတာလည်း မဖြစ်ဘူး၊ အလယ် အလတ် ဖြစ်နေတဲ့ အခါပဲ။ သို့သော်လည်း စိတ်တော့ရှိတယ်။ တစ်ခုခုတော့ မှတ်နေရတယ်။ နောက် တော်တော်ကြာတော့ တစ်ခါ ညောင်းတာ၊ ပူတာ၊ နာကျင်ကိုက်ခဲတာတို့ စိတ်ပျက် တာတို့ ဒါတွေက ပြန်ပေါ်လာတဲ့အခါ မှတ်ရတော့-

အခုနက အလယ်ပိုင်းမှာ ကောင်းတာ မကောင်းတာ မသိဘဲနဲ့ ဖြစ်နေတာ၊ ဒါ ကျောက်ဖျာပေါ်မှာ သမင်ဖြတ်သွား တော့ ခြေရာ မထင်သလိုပဲတဲ့။ အဲဒါ ဥပေက္ခာဝေဒနာလို့ မှတ်ရမယ်။ ယောဂီပုဂ္ဂိုလ်က ဒီလိုသိရတယ်။ အစမှာ ဒီလို

http://www.dhammadownload.com

သိရမှာပဲ။ နောက် သမာဓိဉာဏ် အားကောင်းလို့ ရှင်းလာတဲ့ အခါကျတော့ ချမ်းသာလေးတွေ ကိုယ်ထဲမှာပေါ်လာပုံ၊ တော်ကြာတော့ ချမ်းသာပျောက်သွားပြီးသကာလ ဆင်းရဲပေါ်လာပုံ၊ ချမ်းသာနဲ့ဆင်းရဲကြားထဲမှာ မဆင်းရဲမချမ်းသာ အလယ်အလတ်ခံစားမှုကလေးလည်း ရှိတယ်။ အဲဒါလေးတွေလည်းပဲ ရှုရင်းမှတ်ရင်းနဲ့ သူကတွေ့.သွားမယ်။ အကန့်အကန့်လေးတွေ တကန့်စီတကန့်စီ ဖြစ်နေတယ်၊ ဒါတွေ တွေ့.ရမှာ။ နိုင်နိုင်နင်းနင်းရှိနေတဲ့အခါ ဒါတွေ တွေ့.ရမယ်။ ဒါကို ဟော ထားတယ်။

ဥပေက္ခာဝေဒနာ ဖြစ်တဲ့အခါမှာတော့ ကိုယ်ထဲစိတ်ထဲမှာ အဆိုးရယ် အကောင်းရယ်လို့ မရှိဘူး။ ဥပေက္ခာဝေဒနာပဲ ရှိတယ်။

ဆိုးကောင်းမပါ၊ ဖြစ်ခိုက်မှာ၊ ကင်းကွာသုနဲ့ဒု။

ဖြစ်ခိုက်မှာ အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ကတော့ နားလည်နေပါတယ်

ဒါဖြင့်ရင် ဝေဒနာသုံးမျိုးဟာ အကြောင်းအားလျော်စွာ တစ်လှည့်စီဖြစ်နေတယ်ဆိုတာကို သဘောပေါက်အောင်လို့ မြတ်စွာဘုရား ဟောပါတယ်။ ယောဂီပုဂ္ဂိုလ်တွေမှာတော့

http://www.dhammadownload.com

ဖြစ်ခိုက်ဖြစ်ခိုက်တွေ လိုက်ပြီးရှုနေတဲ့အခါမှာ တစ်ခါတစ်ခါ စိတ်ထဲက မကောင်းတာတွေ တွေ့.ရတယ်။ တစ်ခါတစ်ခါ ကိုယ်ထဲက မကောင်းတာတွေ တွေ့.ရတယ်။ အဲဒါတွေ လိုက်ပြီးတော့ရှုနေရင်း မကောင်းတာတွေ ပျောက်သွားပြီး တော်ကြာတော့ ကောင်းတာတွေ ပေါ်လာပြန်တာ တွေ့.ရတယ်။ အဲဒီတော့ မကောင်းတာနဲ့ကောင်းတာ ကြားထဲမှာ အလယ်အလတ်ဖြစ်ပြီးတော့နေတဲ့ ဝေဒနာတွေက ဟာနေသလို ဖြစ်နေတယ်။ အဲဒီ ခံစားမှုသုံးမျိုး ဖြစ်ပေါ်လာတာ တွေကို ရှုရင်းရှုရင်းနဲ့ ကိုယ်တိုင်တွေ့.ရတာပါပဲ။ အဲဒီတော့ ဒီ ခံစားမှုသုံးမျိုးထဲက တစ်မျိုးမျိုးဟာ အခိုက်အတန့်အားဖြင့် ဖြစ်နေတယ်ဆိုတာ ယောဂီပုဂ္ဂိုလ်မှာတော့ နားလည်နေပါတယ်။

ဝေဒနာလေးတွေ တစ်ခုချင်း တစ်ခုချင်း ဖြစ်နေတယ်တဲ့။ တစ်ခုချင်းဖြစ်နေတော့ အသစ်ဖြစ်ပေါ်လာတဲ့ တရားလေးတွေဟာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူးပေါ့။ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးပျောက်သွားပြီ။ နောက် ဝေဒနာတစ်မျိုး ဖြစ်လာပြန်ပြီ။ ဒါလည်း တော်ကြာ ပျောက်သွားပြန်ပြီ။ နောက် ဝေဒနာတစ်မျိုး ဖြစ်လာပြန်ပြီ။ အဲဒါလည်း တော်ကြာ ပျောက်သွားပြန်ပြီဆိုတော့ တစ်တန့်စီ၊ တစ်တန့်စီပဲ။ ကြိုးမှာ အနီရယ်၊

http://www.dhammadownload.com

အဝါရယ်၊ အစိမ်းရယ် သုတ်ထားမယ်ဆိုလို့ရှိရင်ဖြင့် အနီတစ်တန့်၊ အဝါတစ်တန့်၊ အစိမ်းတစ်တန့်။ အတန့်အတန့် လေးတွေလို ကိုယ်ထဲ စိတ်ထဲမှာ ခံစားမှုလေးတွေက ကောင်းလိုက် မကောင်းလိုက် အလယ်အလတ်ဖြစ်လိုက်၊ ကောင်းလိုက် မကောင်းလိုက် အလယ်အလတ်ဖြစ်လိုက်၊ အဲဒီဥစ္စာတွေဟာ တစ်တန့်စီ တစ်တန့်စီ၊ တခြားစီ တခြားစီ ဖြစ်နေတာလေးတွေ တွေ့နေရတာပဲ။ အဲဒီလိုတွေ့နေရတော့ ဒီခံစားမှုလေးတွေဟာ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး။ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပေါ်နေတဲ့ သဘောတရားပဲဆိုတာ အင်မတန် ထင်ရှားနေပါတယ်။

သုခဝေဒနာဆိုတာ

သုခါပိ ဧခါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သခ်ၤတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓမ္မာ။ အဂ္ဂိဝေဿန- အဂ္ဂိဝေဿန အမျိုးအနွယ်ရှိသော ဒီယနဝပရိဗိုဇ်၊ သုခါပိ ဧခါ ဝေဒနာ- ချမ်းသာသော ခံစားမှုသည်လည်း၊ အနိစ္စာ- မမြဲသောတရားတည်း၊ သခ်ၤတာ- ပေါင်းစုပြုပြင်အပ်သော တရားတည်း၊ ပဋိစ္စသမုပ္ပန္နာ- စွဲမှီ၍ဖြစ်သော တရားတည်း၊ ခယဓမ္မာ- ကုန်ခြင်းသဘောရှိသော တရား

http://www.dhammadownload.com

တည်း၊ ဝယဓမ္မာ- ပျက်ခြင်းသဘောရှိသော တရားတည်း၊ ဝိရာဂဓမ္မာ- ကင်းပြယ်ခြင်းသဘောရှိသော တရားတည်း၊ နိရောဓဓမ္မာ- ချုပ်ပျောက်ခြင်းသဘောရှိသော တရားတည်း။

သုခဝေဒနာဆိုတာ အနိစ္စာ- မမြဲသော တရားတည်း

သုခဝေဒနာဟာလည်းပဲ အမြဲတည်နေတဲ့တရား မဟုတ်ဘူးတဲ့။ အစကမရှိဘဲနဲ့ အခုမှ ဖြစ်လာတယ်။ ဖြစ်ပြီးတော့ ပျောက်သွားလို့ မမြဲတဲ့ တရားပဲ။ ရှုမှတ်တဲ့အခါကာလ တွေမှာ ဝေဒနာလေးတွေ ကောင်းရင် ကောင်းတယ်၊ ဝမ်းသာရင် ဝမ်းသာတယ်၊ ဒီလိုမှတ်နေတယ်။ မှတ်ရင်း သူက ပျောက်သွားရင်းမို့လို့ မမြဲတဲ့တရားပဲဆိုတာ သိရတယ်။

သုခဝေဒနာဆိုတာ သင်္ခါတာ- ပေါင်းစုပြုပြင်အပ်သော တရားတည်း

အဲဒါ သင်္ခါတတရားပဲတဲ့။ ဆိုင်ရာအကြောင်းတရား တွေက ပေါင်းစုညီညွတ်ပြီးတော့ ပြုမှု ဖြစ်တာတဲ့။ ကိုယ်ထဲက ချမ်းသာမှု၊ စိတ်ထဲက ချမ်းသာမှုကလေးကလည်း အကြောင်းညီညွတ်တဲ့အခါမှာ ဖြစ်တယ်။ ကိုယ်ထဲမှာ အတွေ့.အထိ ကောင်းလေးတွေနဲ့တွေ့.ရမှ ကိုယ်ထဲက ချမ်းသာမှု ဖြစ်တယ်။

http://www.dhammadownload.com

စိတ်ထဲ ပျော်စရာရှင်စရာ အာရုံလေးတွေ.ရမှ၊ အဲဒါလေးတွေ ပျော်စရာ ရှင်စရာအနေအားဖြင့်လည်း နလုံးသွင်းမှ၊ စိတ်ထဲမှာ ချမ်းသာမှုကလည်း ဖြစ်လာတာ။ ဆိုင်ရာအကြောင်းတရားတွေက ပေါင်းစုပြုပြင်ပေးမှ ဖြစ်လာတာတွေတဲ့။

သုခဝေဒနာဆိုတာ ပဋိစ္စသမုပ္ပန္နာ- စွဲမှီ၍ဖြစ်သော တရားတည်း

ပဋိစ္စသမုပ္ပန္နာ- အကြောင်းကို စွဲမှီပြီးတော့ ဖြစ်နေတာတဲ့။ ဒါ ပကတိပုဂ္ဂိုလ်တွေ အထင်ကတော့ အဲဒီလို ခံစားမှုတွေကို ငါပဲ ထင်နေတာကိုး။ အခုမှ အသစ်ဖြစ်လာတယ်လို့ မထင်ဘူး။ အရင်ကတည်းက ရှိနေတယ်။ ငါကပဲ ကောင်းစားချမ်းသာပြီးတော့ နေတယ်။ ဒီလို ထင်နေတာကိုး၊ အဲဒါ မဟုတ်ဘူးတဲ့။ အကြောင်းစွဲပြီးတော့ အခုမှဖြစ်လာတာတဲ့။ အကြောင်းစွဲပြီးတော့ ကောင်းသောအတွေ.လေးတွေ မှီပြီးတော့မှ၊ ကောင်းသောအတွေ.လေးတွေနဲ့ တွေ.မှ၊ ကောင်းတဲ့ အာရုံလေးတွေနဲ့ တွေ.မှ၊ ကိုယ်ဇာ်ချမ်းသာခြင်း၊ စိတ်ဇာ်ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းမြောက်ခြင်း၊ နေထိုင်ကောင်းခြင်း ဒါလေးတွေက ဖြစ်တာကိုး။ အကြောင်းညီညွတ်တဲ့အခါမှ ဖြစ်လာတယ်။ ပဋိစ္စသမုပ္ပန္နတရားပဲတဲ့။

http://www.dhammadownload.com

အကြောင်းတရား စွဲမှီပြီးတော့ ဖြစ်တယ်။ ပဋိစ္စသမုပ္ပာဒ် ဆိုတာ အကျယ်ကြီးဟောရင်လည်း အင်မတန်ကျယ်တယ်။ အကျဉ်းဆိုရင်လည်း အကြောင်းရှိလို့ အကျိုးလေးတွေ ဖြစ်တယ်လို့သိရင် ပြီးတာပဲ၊ ပဋိစ္စသမုပ္ပာဒ်ပဲ။

မြင်စရာအကောင်းလေးတွေ တွေ့.ရရင် မြင်ပြီးတော့ ကောင်းသွားတယ်။ ကြားစရာ အသံကောင်းလေးတွေ ကြားရရင် ကြားပြီးတော့ကောင်းသွားတယ်။ သူက မြင်စရာအကောင်းလေးတွေ မရှိဘဲနဲ့ မဖြစ်ဘူး။ မြင်စရာအကောင်းလေးတွေရှိမှ မြင်ပြီးတော့ စိတ်ချမ်းသာမှုလေးတွေ ရတယ်။ အကယ်၍သာ မြင်စရာအကောင်းအာရုံမရှိဘဲနဲ့ စိတ်ချမ်းသာမှုလေးတွေ ဖြစ်နေမယ်ဆိုရင် မြင်စရာကောင်းကောင်းအာရုံတွေ လုပ်ဖို့ရာမလိုဘူး။ နေရာထိုင်ခင်း သန့်သန့်ပြန့်ပြန့်တွေ၊ လှလှပပ တင့်တင့်တယ်တယ်တွေ၊ ပန်းပင်တွေ သစ်ပင်တွေ အဲဒါတွေ မလိုပါဘူး။

အလိုလိုနဲ့တော့ စိတ်ချမ်းသာမှုတွေ မဖြစ်နိုင်ဘူး။ မြင်စရာလေးတွေကလည်း အကောင်းလေးတွေ ရှိဦးမှ၊ လှလှပပ တင့်တင့်တယ်တယ်လေးတွေ ရှိဦးမှ၊ နေရာထိုင်ခင်းတို့၊ အဝတ်အစားတို့၊ အပေါင်းအသင်း၊ အခြေအရံပရိသတ်တို့ အကောင်းလေးတွေရှိမှ စိတ်ထဲမှာ ပျော်ရွှင်ရတာကိုး။

http://www.dhammadownload.com

ပဲသွားကြည့်တဲ့ ပုဂ္ဂိုလ်တွေ သိပ်ထင်ရှားတာပဲ။ အဲဒါတွေ ကြည့်ရှုပြီးတော့ ကောင်းချင်လို့ သွားကြတာ။ အကယ်၍ ကြည့်စရာမရှိဘဲနဲ့ ကောင်းနေမယ်ဆိုရင် အိမ်တင်ပြီးတာပဲ။ ဘယ်သွားစရာလိုမလဲ၊ စရိတ်စက ဘာမှကုန်စရာမလိုဘူး။ အခုတော့ အိမ်တင်နေလို့တော့ မဖြစ်ဘူး။ ပွဲတို့၊ ဘိုင်စကုတ်ရုံတို့ သွားပြီးတော့ကြည့်မှ စိတ်ပျော်ရွှင်မှုလေးရသွားတာကိုး။ အဲဒါ အကြောင်းတရားစွဲမှီပြီးတော့ ဖြစ်နေတာ။ ပဋိစ္စသမုပ္ပာဒ်တရားပဲ။

ကြားစရာလည်း ထို့အတူပဲ။ ကြားစရာ အကောင်းလေးတွေ ကြားရမှ စိတ်ထဲမှာ ချမ်းသာသွားတယ်။ ရေဒီယိုက သီချင်းတို့ နားထောင်ချင်စရာ အသံလေးတွေကြားရတော့ နားထဲမှာ ကြားပြီးတော့ ကောင်းသွားတာပဲ။ ဒီလိုမကြားဘဲနဲ့ သာ အလိုလိုကောင်းနေမယ်ဆိုရင် ရေဒီယိုတို့ ဘာတို့ ဘာမှမလိုပါဘူး။ ဒီအတိုင်း ကိုယ့်ဟာကိုယ် ကောင်းနေမယ်။ အဲဒါက မဖြစ်နိုင်ဘူး။ နံစရာ အနံ့ကောင်းလေးတွေ နံရမှ၊ နမ်းရှုပြီးတော့ စိတ်ချမ်းသာမှု ဖြစ်ရတယ်။ စားစရာ အရသာကောင်းလေးတွေ စားရမှ၊ တွေ့ထိစရာ အတွေ့အထိကောင်းလေးတွေနဲ့ တွေ့ထိရမှ၊ ဒါမှ ကိုယ်ထဲရောစိတ်ထဲရောကောင်းသွားတာပေါ့လေ။

http://www.dhammadownload.com

စိတ်ကူး စဉ်းစားကြံစည်တာလည်း ဒီအတိုင်းပဲတဲ့။ စိတ်ကူးရင် စဉ်းစားရင်လည်း ဝမ်းသာစရာအာရုံက ရှိဦးမှ။ စိတ်ကူးတိုင်းတော့ မဖြစ်ဘူး။ တကယ်ရှိမှ၊ ရှိတာကို စိတ်ကူးရမှ ဝမ်းသာတာ။ ကိုယ့်မှာ သုံးစွဲစရာ ရွှေတို့ငွေတို့ အသုံးအဆောင်တွေ တကယ်မရှိပါဘဲနဲ့ ရှိတဲ့အနေအားဖြင့် စိတ်ကူးနေလို့တော့ သိပ်မဖြစ်ဘူး။ ဟုတ်မှမဟုတ်ဘဲနဲ့ စိတ်ကူးရတော့ ဝမ်းမြောက်မှု၊ ပျော်ရွှင်မှု ဘယ်ရှိနိုင်မှာတုံး။ ကိုယ့်မှာ တကယ်ရှိနေတာလေးတွေ စဉ်းစားလိုက်တော့ ဝမ်းသာရတယ်။ ကိုယ့်ရှိနေတာလေးတွေနဲ့ စပ်ပြီးတော့ ဝမ်းသာတယ်။ လုပ်ငန်းဆောင်တာတွေ မအောင်မြင်တာကို အောင်မြင်တဲ့အနေနဲ့ စဉ်းစားလို့တော့ မဖြစ်ဘူး။ တကယ်အောင်မြင်နေမှ စဉ်းစားလို့ကောင်းပါတယ်။ သားရေးသမီးရေးမှာ အကြောင်းညီညွတ်လို့ရှိရင် အဲဒါလေးစဉ်းစားရင် ပျော်စရာ သိပ်ကောင်းတယ်။ အကြောင်းမညီညွတ်တဲ့ဥစ္စာတွေ အကြောင်းညီညွတ်တယ်ဆိုပြီး စိတ်ထဲက ဖန်တီးလို့ မဖြစ်ဘူး။ အဲဒီတော့ ဆိုင်ရာအကြောင်းလေးတွေရှိမှ ဝမ်းမြောက်မှု၊ ဝမ်းသာမှုလေးတွေ ဖြစ်ရတာတဲ့။ ပဋိစ္စသမုပ္ပန္နတရားပဲတဲ့။ သုခသာ မဟုတ်ဘူး၊ ဒုက္ခတွေ ဥပေက္ခာတွေလည်း ဒီအတိုင်းပါပဲ။ နောက် ဆက်ဟောသွားပါတယ်။

http://www.dhammadownload.com

စိတ်ညစ်စရာအကြောင်းလေးတစ်ခုခု ကြားရလို့ရှိရင် စိတ်ညစ်တယ်။ ပျော်ရွှင်နေရာကနေပြီးတော့ စိတ်ဆိုးစရာ စိတ်ညစ်စရာ အကြောင်းလေးတစ်ခုခု ကြားလိုက်လို့ရှိရင် ချက်ချင်း စိတ်ဆိုးစိတ်ညစ်သွားတယ်။ ပစ္စည်းရေးနဲ့ဖြစ်ဖြစ်၊ သားရေးသမီးရေးနဲ့ဖြစ်ဖြစ်၊ အဆင်မပြေတာလေး ကြားလိုက်ရလို့ရှိရင် စိတ်ဟာ တစ်ခါတည်း ညှိုးပြီးကျသွားတယ်။ အဲဒါလည်း ပဋိစ္စသမုပ္ပန္နပဲ။ မကောင်းတဲ့အာရုံနဲ့ သွားတွေ့လိုက်တာ ချက်ချင်းတစ်မျိုး ပြောင်းသွားတယ်။

သုခဝေဒနာဆိုတာ ခယမမှာ- ကုန်ခြင်းသဘောရှိသော တရားတည်း

ခယမမှာတဲ့။ ကုန်ဆုံးခြင်းသဘောရှိတယ်။ ကုန်ဆုံးသွားတာချည်းပါပဲတဲ့၊ ဘယ်လို ချမ်းသာနေတယ်၊ ကောင်းနေတယ်ဆိုပေမယ့် အမြဲတမ်းတည်နေလိမ့်မယ်မဟုတ်ပါဘူးတဲ့။ ဒါ ကုန်သွားမှာပဲ၊ မြင်တာက မြင်ခိုက်မှာ ဖြစ်ပြီးကုန်သွား၊ ကြားတာလည်း ကြားခိုက်မှာ ဖြစ်ပြီးကုန်သွား၊ ခဏမစဲ ကုန်နေတာပါပဲ။ အခုယောဂီပုဂ္ဂိုလ်တွေလည်း ဖြစ်တိုင်းဖြစ်တိုင်း မှတ်နေရတော့ သိပ်ထင်ရှားနေပါတယ်။ စိတ်ဖြစ်တိုင်း ဖြစ်တိုင်း လိုက်မှတ်နေရတော့ စိတ်အမှတ်တွေမှာ ချမ်းသာ

http://www.dhammadownload.com

တွေလည်းပါတာကိုး၊ အဲဒါတွေ ရှုရင်းရှုရင်း ပျောက်ပျောက်သွားတာပါပဲ။

သုခဝေဒနာဆိုတာ ဝယဓမ္မာ- ပျက်ခြင်းသဘောရှိသော တရားတည်း

ဝယဓမ္မာ- ပျက်ခြင်းသဘောရှိတဲ့တရားတွေတဲ့။ ပျက်ဆိုတာလည်း ကုန်သွားတာ ပျောက်သွားတာပါပဲ။

သုခဝေဒနာဆိုတာ ဝိရာဂဓမ္မာ- ကင်းပြယ်ခြင်းသဘောရှိသော တရားတည်း

ဝိရာဂဓမ္မ- ပျက်ပြယ်ခြင်း သဘောတရားတွေပဲတဲ့၊ ပျက်ပြယ်တယ်ဆိုတာ ဒါလည်း ပျောက်သွားတဲ့သဘောပါပဲ။ ဥပမာ- ရေစိုနေတဲ့အဝတ် နေပူထဲလှန်းထားလိုက်၊ တဖြည်းဖြည်း အစိုတွေဟာ ပျောက်သွားတယ်။ ပျက်ပြယ်သွားတဲ့သဘော၊ အရုပ်ကားတွေ ဆေးရေးထား၊ တဖြည်းဖြည်းနဲ့ မှိန်မှိန်ပြီး ကြာတော့ မရှိတော့ဘူး။ စာတွေရေးထား တဖြည်းဖြည်းနဲ့ မှိန်ပြီးတော့သွားတာ နောက်ကျရင် စာလုံးကို မထင်တော့ဘူး၊ သူက ပျက်ပြယ်သွားတယ်။ အဲဒီ သဘောမျိုးပါပဲ။ ဝေဒနာတွေဟာလည်းပဲ ပျက်ပြယ်သွားတဲ့ သဘောမျိုးတွေပဲ

http://www.dhammadownload.com

တဲ့။ အမြဲတမ်း တည်နေတာ မဟုတ်ဘူး၊ မပျောက်မပျက်ဘဲနဲ့ တည်တံ့နေတဲ့သဘော မဟုတ်ဘူး။

သုခဝေဒနာဆိုတာ နိရောဓ ဓမ္မာ- ချုပ်ပျောက်ခြင်း သဘောရှိသော တရားတည်း

နိရောဓဓမ္မာ- ချုပ်ပျောက်ခြင်းသဘော ရှိကုန်၏၊ ချုပ်ပျောက်သွားတာချည်းပါပဲတဲ့၊ ဒီတရားတွေ ချုပ်ပျောက်သွားတာချည်းပဲ၊ အဲဒါတွေကို မြင်ရမှာကိုး။ ယောဂီပုဂ္ဂိုလ်တွေတော့ ဖြစ်တိုင်းဖြစ်တိုင်းမှတ်တော့ ဒါတွေတွေ့.ပါတယ်။ ဒါလက်တွေ့.ပဲ၊ စဉ်းစားနေရတာ မဟုတ်တော့ဘူး။ သုခဝေဒနာဖြစ်လည်း ရှုမှတ်၊ ဒုက္ခဝေဒနာဖြစ်လည်း ရှုမှတ်၊ ဒုက္ခဝေဒနာလည်းပဲ မမြဲတဲ့တရား။ သခ်ၤတ- ဆိုင်ရာအကြောင်းတရားတွေက ပေါင်းစုပြီးတော့ပြုလို့ ဒုက္ခ ဖြစ်တာကိုး။ သူ့အလိုလို ဖြစ်လာတာမဟုတ်ဘူး၊ အမြဲတမ်းတည်နေတာ မဟုတ်ဘူး။ ပဋိစ္စသမုပ္ပန္နာ- အကြောင်းကို စွဲမိပြီးတော့ ဖြစ်လာတယ်၊ အကြောင်းပြုပြီးတော့ ဖြစ်လာတယ်။ ဆင်းရဲစရာ၊ နှလုံးမသာစရာတွေရှိလို့ အဲဒီအာရုံတွေနဲ့ တွေ့.ထိပြီးတော့ ဖြစ်လာရတာကိုး။

http://www.dhammadownload.com

ဒါတွေလည်းပဲ ခယဓမ္မာ- ကုန်ခြင်းသဘော ရှိနေတာပဲတဲ့။ သုခသာ မဟုတ်ဘူး၊ ဒုက္ခကလည်းပဲ ကုန်ခြင်းသဘော ရှိတာပဲ။ ဒုက္ခလည်းပဲ ကုန်မှာပါပဲ၊ ဝေဒနာလေးတွေ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးတော့သွားလို့ မမြဲတာတွေလည်းပဲ သိမြင်ရမယ်ဆိုတာ မြတ်စွာဘုရားက အသေးစိတ်ပဲ ဟောပါတယ်။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်နဲ့ပဲ ဟောတော့မယ်။ ပါဠိတွေ ရွတ်နေရင် ကြာနေတော့မယ်။

ချမ်းသာမှုလည်း၊ မတည်မြဲ၊
မိုစွဲဖြစ်ပေါ်သည်။

ချမ်းသာမှုဟာလည်းပဲ အနိစ္စပဲတဲ့၊ တည်မြဲနေတာ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပန္နပဲတဲ့။ သခ်ၤတတော့ ဒီထဲမှာ မရေးလောက်တော့ မထည့်တော့ဘူး၊ ပဋိစ္စသမုပ္ပာဒ်ဆိုရင် သခ်ၤတပါပဲ။ စွဲမှီပြီးတော့ ဖြစ်တာတဲ့၊ ပဋိစ္စသမုပ္ပာဒ်တရားပဲတဲ့။ ဆိုင်ရာအကြောင်းတရားလေးတွေ မှီပြီးတော့ ဖြစ်ပါတယ်တဲ့။

ကုန်ဆုံးတဲ့သဘော- ခယဓမ္မပဲ။ ဝယဓမ္မ- ပျက်တဲ့သဘောပဲ၊ ဝိရာဂဓမ္မ- ကင်းပြယ်တဲ့ သဘောပဲ၊ နိရောဓဓမ္မ- ချုပ်ပျောက်တဲ့ သဘောပဲတဲ့။ ချုပ်ပျောက်သွားတာ၊ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးချုပ်ပျောက်သွားတဲ့ တရားတွေပဲဆိုတာ

http://www.dhammadownload.com

တကယ်မြင်ရမယ်တဲ့၊ မြင်အောင်လည်း မြတ်စွာဘုရားက ဟောတယ်။ ကဲ ဆိုရမယ်။

ချမ်းသာမှုလည်း၊ မတည်မြဲ၊
မိုစွဲဖြစ်ပေါ်သည်။
ကုန်ဆုံးပျက်ပြယ်၊ ချုပ်ပျောက်တယ်၊
တကယ်မြင်ရမည်။

သုခဝေဒနာတွေဟာ အနိစ္စ- အမြဲမတည်တဲ့တရားပဲ။ ပဋိစ္စသမုပ္ပန္နာ- အကြောင်းတရား စွဲမှီပြီးတော့ ဖြစ်တဲ့တရားပဲ။ သန်ဒ်တတရားပဲ။ ခယဓမ္မာ- ကုန်ဆုံးသွားတဲ့သဘောတဲ့၊ တည်တဲ့နေတာမဟုတ်ဘူး။ အခိုက်အတန့်အားဖြင့် ပေါ်ပြီး ဆုံးသွား၊ ကုန်ဆုံးပျက်သွားတဲ့ သဘော၊ ပြယ်သွားတဲ့ သဘော။ ဝယဓမ္မာ- ပျက်သွားသည်၊ ဝိရာဂဓမ္မာ- ကင်းပြယ်သွားသည်၊ နိရောဓဓမ္မာ- ချုပ်ပျောက်သွားသည်ဆိုတာတွေကို မြင်ရမယ်။ မြင်အောင်လည်းပဲ မြတ်စွာဘုရားက ဟောပါတယ်။ ဒုက္ခဝေဒနာလည်း ထို့အတူပဲ ဟောပါတယ်။

ဒုက္ခဝေဒနာလည်း ထို့အတူပဲ

ဒုက္ခာပိ ခေါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သန်ဒ်တာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ။

http://www.dhammadownload.com

အဂ္ဂိဝေဿန- အဂ္ဂိဝေဿန အမျိုးအနွယ်ရှိသော ဒီဃနခ ပရိဗိုဇ်၊ ဒုက္ခာပိ ဧခါ ဝေဒနာ- ဆင်းရဲသောခံစားမှုသည်လည်း၊ အနိစ္စာ- မမြဲသောတရားတည်း၊ သခ်ၤတာ- ဆိုင်ရာအကြောင်းတရားတို့က ပေါင်းစုညီညွတ်၍ ပြုပြင်ပေးအပ်သော သခ်ၤတတရားပေတည်း၊ ပဋိစ္စသမုပ္ပန္နာ- ဆိုင်ရာအကြောင်းကို စွဲမှီ၍ ဖြစ်ပေါ်သော တရားပေတည်း၊ ခယဓမ္မာ- ကုန်ခြင်းသဘောရှိ၏၊ ဝယဓမ္မာ- ပျက်ခြင်းသဘောရှိ၏၊ ဝိရာဂဓမ္မာ- ကင်းပြယ်ခြင်းသဘောရှိ၏၊ နိရောဓဓမ္မာ- ချုပ်ပျောက်ခြင်းသဘောရှိ၏။ အတူတူပါပဲ။

ဆင်းရဲမှုလည်း၊ မတည်မြဲ၊ မှီစွဲဖြစ်ပေါ်သည်။
ကုန်ဆုံးပျက်ပြယ်၊ ချုပ်ပျောက်တယ်၊
တကယ်မြင်ရမည်။

ဒုက္ခဝေဒနာတွေလည်းပဲ ဒီအတိုင်းပဲမြင်ရမယ်။ ဒုက္ခဝေဒနာတွေကလည်း အနိစ္စ- မမြဲတဲ့တရားတွေပဲ။ ယောဂီပုဂ္ဂိုလ်တွေမှာ အများအားဖြင့် ဒုက္ခက အများကြီးမှတ်ရတယ်၊ သုခကတော့ တစ်ခါတစ်ရံမှ မှတ်ရတယ်၊ သိပ်မထင်ရှားဘူး။ ဒုက္ခက အထင်ရှားဆုံးပဲ။ ဒုက္ခကတော့ မိမိကိုယ်ထဲ စိတ်နဲ့ စိုက်ကြည့်ရင် ဘယ်အချိန်မဆို ထင်ရှားနေတာပဲ။ ကိုယ်ထဲမှာ မနေသာမထိုင်သာတဲ့ သဘောလေးတွေက ရှိနေတယ်။

http://www.dhammadownload.com

ညောင်းတာ၊ ပူတာ၊ နာတာ၊ ကျင်တာ၊ ကိုက်ခဲတာ၊ အောင့်တာ၊ ယားတာ၊ အနေအထိုင်ခက်နေတာ ကိုယ်ထဲတစ်နေရာရာက ရှိနေတာပဲ။ အကျဉ်းဆုံး မျက်စိဆီနှလုံးသွင်းလိုက်ရင် မျက်စိကနေပြီးတော့ မနေသာလို့ မျက်တောင်ခတ် ရတာတွေ ရှိနေတာပဲ။ ပါးစပ်ကနေပြီးတော့လည်း ပြူပြင်ပေးနေရတာ ရှိနေတာပါပဲ။ မနေသာမထိုင်သာတဲ့ သဘောလေးတွေက နေရာတကာမှာ ရှိနေတယ်။ ခေါင်းငုံ့လိုက်ရ၊ မော့လိုက်ရ၊ ရှဲ့ယိမ်းလိုက်ရ၊ နောက်ယိမ်းလိုက်ရ၊ စသည်ဖြင့် လက်ကလေးတွေလည်းပဲ ကွေးလိုက်ရ၊ ဆန့်လိုက်ရ ပြူပြင်နေရတာပဲ။ အဲဒါ မခံသာမှုသဘောလေးတွေ ရှိနေတာ။

အဲဒါလေးတွေကို ဖြစ်တိုင်းဖြစ်တိုင်း ညောင်းတယ် ညောင်းတယ်၊ ပူတယ် ပူတယ် စသည်ဖြင့် ရှုမှတ်နေတော့ ဖြစ်ပြီးပျောက်သွားလို့ မမြဲတဲ့တရား တွေ့ရတာပဲ၊ ရှုမှတ်နေရင်း ဆိုင်ရာအကြောင်းတရားတွေ မှီပြီးဖြစ်တယ်ဆိုတာလည်း မကောင်းတာတွေနဲ့တွေ့ပြီး မကောင်းတဲ့ခံစားမှုတွေ ဖြစ်နေတယ်ဆိုတာ ပဋိစ္စသမုပ္ပန္နတရား၊ ဒါလည်းထင်ရှားနေတာပဲ။ ရှုရင်းရှုရင်း ကုန်ကုန်သွားတာ၊ ဆုံးဆုံးသွားတာ၊ ပျောက်ပျောက်သွားတာ၊ ပျက်ပြယ်သွားတာ အဲဒါ ခယဓမ္မ၊ ဝယဓမ္မ၊

http://www.dhammadownload.com

ဝိရာဂဓမ္မ၊ နိရောဓမေ့တွေပဲ၊ သူကထင်ရှားနေတာပဲ။ အဲဒါ သိရမယ်။ ဥပေက္ခာဝေဒနာဆိုတာလည်း ဒီအတိုင်းပါပဲ။

ဥပေက္ခာဝေဒနာလည်း ထို့အတူပဲ

အဒုက္ခမသုခါပိ ဧဝါ အဂ္ဂိဝေဿန ဝေဒနာ အနိစ္စာ သခ်ံတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓမ္မာ။ အဂ္ဂိဝေဿန- အဂ္ဂိဝေဿန အမျိုးအနွယ်ရှိသော ဒီယနခပရိဗ္ဗိဇ်၊ အဒုက္ခမသုခါပိ ဧဝါ ဝေဒနာ- မဆင်းရဲ မချမ်းသာ အလယ်အလတ်ဖြစ်သော ခံစားမှုဝေဒနာသည်လည်း၊ အနိစ္စာ- မမြဲသောတရားပေတည်း။ သခ်ံတာ- ပေါင်းစုညီညွတ်၍ ပြုပြင်အပ်သော သခ်ံတတရားပေတည်း။ ပဋိစ္စသမုပ္ပန္နာ- အကြောင်းကို စွဲမှီ၍ဖြစ်သော တရားပေတည်း၊ ခယဓမ္မာ- ကုန်ခြင်းသဘော ရှိ၏၊ ဝယဓမ္မာ- ပျက်ခြင်းသဘော ရှိ၏၊ ဝိရာဂဓမ္မာ- ကင်းပြယ်ခြင်းသဘော ရှိ၏၊ နိရောဓမ္မာ- ချုပ်ပျောက်ခြင်းသဘော ရှိ၏။

ဥပေက္ခာလည်း၊ မတည်မြဲ၊ မှိုစွဲဖြစ်ပေါ်သည်။
ကုန်ဆုံးပျက်ပြယ်၊ ချုပ်ပျောက်တယ်၊
တကယ်မြင်ရမည်။

http://www.dhammadownload.com

ကိုယ်ထဲမှာဖြစ်ပေါ်တဲ့ဝေဒနာကို လိုက်ပြီးတော့ရှုနေ တဲ့ပုဂ္ဂိုလ်က ဒုက္ခဝေဒနာတွေ ပေါ်နေတာလည်း တွေ့.ရတယ်။ သုခဝေဒနာတွေ ပေါ်နေတာလည်း တွေ့.ရတယ်။ ဒုက္ခနဲ့ သုခ အလယ်ကြားထဲမှာ မထင်မရှားဖြစ်ပြီးတော့နေတဲ့ အလယ် အလတ်ခံစားမှုတွေလည်း တွေ့.ရတယ်။ အဲဒါလည်းပဲ ခဏပဲ၊ တော်ကြာရင် ဒုက္ခက ပေါ်လာလိုက်၊ တော်ကြာ သုခက ပေါ်လာ၊ တစ်ခုခုက ပေါ်လာပြန်တာပဲ။ အလယ်အလတ် ခံစားမှုတွေလည်း မကြာဘူး၊ မတည်မြဲတဲ့တရားပဲဆိုတဲ့ သဘောကလည်း ထင်ရှားပါတယ်။

အနိစ္စအစရှိသဖြင့် သိမြင်လာလျှင် ခံစားမှု (၃)မျိုးတို့၌ မပျော်မမွေ့. ငြီးငွေ့.လေတော့၏

ဇဝံ ပသဿံ အဂ္ဂိဝေဿန သုတဝါ အရိယသာဝကော သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဒုက္ခာယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ။ အဒုက္ခမသုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ။ အဂ္ဂိဝေဿန- အဂ္ဂိ ဝေဿန အမျိုးအနွယ်ရှိသော ဒီဃနခပရိဗိုဇ်၊ ဇဝံ- ဤဆိုခဲ့ပြီး သောနည်းဖြင့်၊ ပဿံ ပဿန္တော- မြင်သော၊ သုတဝါ- အကြား အမြင်နှင့် ပြည့်စုံသော၊ အရိယသာဝကော- မြတ်စွာဘုရား၏ တပည့်သာဝကဖြစ်သော ပုဂ္ဂိုလ်သည်၊ သုခါယပိ ဝေဒနာယ-

http://www.dhammadownload.com

ချမ်းသာသောခံစားမှုဥ္ဈလည်း၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့. ငြီးငွေ့. လေတော့၏။ ဒုက္ခါယပိ ဝေဒနာယ- ဆင်းရဲသောခံစားမှုဥ္ဈလည်း၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့. ငြီးငွေ့.လေတော့၏။ အဒုက္ခမသုခါယပိ ဝေဒနာယ- မဆင်းရဲ မချမ်းသာ အလယ်အလတ် ဖြစ်သောခံစားမှုဥ္ဈလည်း၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့. ငြီးငွေ့.လေတော့၏။

နိဗ္ဗိန္ဒဝိပဿနာဉာဏ် ဖြစ်လာပုံကို မြတ်စွာဘုရားဟောတယ်။ အစက ဝေဒနာလေးတွေ ဖြစ်တာကို လိုက်ရှုနေရုံပဲ၊ ဝေဒနာလေးတွေ ရှုရာကနေပြီး အနိစ္စမမြဲဘူးဆိုတာ သိလာတယ်၊ မမြဲဘူးဆိုတာ သိလာတော့ နိဗ္ဗိန္ဒ- ငြီးငွေ့.တဲ့ဉာဏ် ဖြစ်လာပြီတဲ့။ ဝိပဿနာဉာဏ် ဆယ်ပါးနဲ့ တွက်လို့ရှိရင်တော့ အနိစ္စထင်ပြီးတော့ အပျက်ထင်နေရင် ဒါ ဘင်္ဂဉာဏ်ဆိုရမှာပေါ့။ နောက်ပြီးတော့ ဘယ- ဘေးမြင်ရဦးမှာကိုး၊ အာဒီနဝ- အပြစ်မြင်ရဦးမှာကိုး၊ အပြစ်မြင်ပြီးမှ ငြီးငွေ့.ရမှာ၊ ဒါ တစ်ဆက်တည်းပါပဲ။ မမြဲတာသိရင်၊ ခဏမစဲ ပျက်နေတာချည်းပဲ တွေ့. နေမှတော့ ကြောက်စရာကောင်းတယ် ဆိုတာလည်း သိတော့တာပါပဲ။ မကောင်းဘူးဆိုတဲ့ အပြစ်လည်း မြင်တော့တာပါပဲ။ ဒါတွေပြီးမှ နိဗ္ဗိန္ဒတိ- ငြီးငွေ့.လာတယ်။

http://www.dhammadownload.com

ချမ်းသာတယ်၊ ကောင်းတယ်ဆိုတဲ့ ခံစားမှုလေးတွေ ဟာလည်းပဲ မမြဲဘူး။ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေ မှီပြီးတော့ ဖြစ်ရတာပဲ။ ဖြစ်ပြန်လည်းပဲ ကုန်ကုန်သွားတယ်၊ ဆုံးဆုံးသွားတယ်၊ ပျောက်ပျောက်သွားတယ်၊ ချုပ်ချုပ်သွားတယ်။ အဲဒါတွေကို တွေ့.ရတော့ ချမ်းသာသောခံစားမှု အပေါ် မှာလည်း မြတ်စွာဘုရား၏တပည့်သားဖြစ်တဲ့ပုဂ္ဂိုလ်က ငြီးငွေ့.လာတယ်။ မပျော်တော့ဘူးတဲ့။ အခု လူတွေ လောကမှာရှိတဲ့ သတ္တဝါတွေ ပျော်နေတာက၊ အဲဒီ သဘောတရားတွေ မသိလို့၊ ဒါလေးကို ငါ ထင်မှတ်ပြီးတော့ အမြဲတမ်း ချမ်းသာနေတယ် အောက်မေ့နေတာကိုး။ ငါ ချမ်းသာနေတယ် ငါ ကောင်းနေတယ်ထင်တော့ ငါ ကောင်းရအောင်လို့ အားထုတ်နေတာကိုး။ နောင်လည်း ကောင်းရအောင်လို့ အားထုတ်ပြန်တယ်။ အခု ဘဝတွေမှာရော၊ နောက်နောင်သံသရာဘဝတွေမှာရော အမြဲတမ်း ကောင်းသွားရအောင်၊ လူဖြစ်ပြီးတော့ ကောင်းရအောင်၊ နတ်ဖြစ်ပြီးတော့ ကောင်းရအောင်၊ နတ်ဗြဟ္မာဖြစ်ပြီးတော့ ကောင်းစားချမ်းသာဖို့ရာတွေချည်းပဲ မျှော်လင့်ပြီးတော့ အားထုတ်နေတယ်။

ကောင်းလှပါတယ်၊ ချမ်းသာပါတယ်ဆိုတဲ့ သဘောလေးဟာ အခု ဝိပဿနာဉာဏ်နဲ့ ရှုလိုက်တော့ သူ့အခိုက်

http://www.dhammadownload.com

အတန်နဲ့သူ ဖြစ်နေတာကိုး။ ကောင်းတဲ့အာရုံလေး တစ်ခုလာလိုက် ကောင်းတာလေးတစ်ခု ဖြစ်လိုက်၊ ကောင်းတဲ့အာရုံလေး တစ်ခုလာလိုက် ကောင်းတာလေး တစ်ခုဖြစ်လိုက်၊ တစ်ခုစီ တစ်ခုစီလေး၊ အတိုအတိုလေးတွေ ဖြစ်နေ၊ ပုတီးစေ့လေး သီနေသလိုပဲ၊ တစ်ခုချင်း တစ်ခုချင်းလေးတွေ။ ဘာမှ အသုံးမကျဘူး။ အဲဒီတော့ ဒီကောင်းတာလေး သာယာနစ်သက်ပြီးတော့ လိုက်လံရှာဖွေ လုပ်ကိုင်နေရတာတွေ သိပ် ဒုက္ခရောက်နေတယ်။ "ချမ်းသာတစ်ခု၊ မက်မောမှုကြောင့်၊ ပုပ္ပရွရွ၊ မြင်သမျှတို့၊ ဒုက္ခပင်လယ်၊ ကျယ်လည်းကျယ်သည်၊ ရွယ်တိုင်း မမြောက်နိုင်ပါတကား" ဆိုတာ စာစီထားတယ်၊ သူလက်ာ တော်တော့်ကို ဟုတ်တဲ့ လက်ာပဲ။

ပုပ္ပရွရွ မြင်သမျှတို့ဆိုတာ လူသာမဟုတ်ဘူး၊ အကုန်လုံး ပိုးမွှားတိရစ္ဆာန်တွေက စပြီးတော့၊ တလုပ်လုပ် တရွရွတွေ၊ ချမ်းသာရာ ချမ်းသာကြောင်းတွေ ရှာနေရတယ်။ နေ့မအား ညမအား ပရွက်ဆိတ်လေးတွေများ ညမအိပ်ဘူး၊ ချမ်းသာရာ ချမ်းသာကြောင်းတွေ လုပ်နေကြတာ။ အဲဒီလို ရှာနေကြပေမယ့် ဒုက္ခပင်လယ် ကျယ်လည်းကျယ်နေတာပဲတဲ့။ ဆင်းရဲတွေဟာ တစ်ခါတည်း တိုးပွားနေတာပဲတဲ့၊ ဆင်းရဲတွေမလျော့ဘူး။ ချမ်းသာအောင်လို့ လုပ်လေ ဆင်းရဲတွေ ပေါ်လေ၊

http://www.dhammadownload.com

လမ်းက လွဲနေတာကိုး။ အရှေ့သွားရမယ့်ဥစ္စာ အနောက်သွားနေတော့ သွားတိုင်းသွားတိုင်း ရောက်ချင်တဲ့နေရာနဲ့ ဝေးဝေးသွားတာပေါ့။ သွားလေဝေးလေ၊ သွားလေဝေးလေ ဖြစ်နေတာ။ ဒီလိုပဲ ချမ်းသာမှုရှာတာ လမ်းကလွဲနေတယ်။ ချမ်းသာမှုရှာရမှာက မဂ္ဂင်ရှစ်ပါးတရားနဲ့ တည်ထောင်ပြီးရှာရမှာ၊ အခုဟာ မဂ္ဂင်ရှစ်ပါးတရား အလွတ်ထားပြီးတော့ ကာမဂုဏ်အာရုံတွေနဲ့ လိုက်ရှာနေကြတာကိုး။ ကာမဂုဏ်အာရုံတွေပြည့်စုံရင် ချမ်းသာမှာပဲ ဆိုပြီးတော့၊ လောကနီဗ္ဗာန်တို့ဆိုတဲ့ ချမ်းသာရာ ချမ်းသာကြောင်းတွေ လိုက်ရှာနေကြတာ။ တကယ်တော့ ချမ်းသာနည်းလမ်းက အမှန်မှမဟုတ်ဘဲ။ ဘယ် အခြေကျမလဲ။

ချမ်းသာနည်းလမ်း အမှန်ကတော့ မဂ္ဂင်ရှစ်ပါးတရားနဲ့ ရှာရမယ်။ သမ္မာဒိဋ္ဌိ- အမှန်အတိုင်းမြင်အောင်၊ သစ္စာလေးပါးတရားတွေ အမှန်အတိုင်း မြင်အောင်လို့၊ သမ္မာသင်္ကပ္ပနဲ့ အမှန်အတိုင်း ကြံစည်မိအောင်လို့ အားထုတ်ရတာ၊ သမ္မာဝါယာမ- နည်းမှန်လမ်းမှန်နဲ့ အားထုတ်တော့၊ သမ္မာသတိ- သတိရတဲ့တရား ဖြစ်ရတယ်။ ကိုယ်တွင်းသန္တာန်မှာရှိတဲ့ ရုပ်နာမ်တရားတွေ ဖြစ်တိုင်းဖြစ်တိုင်း သတိရတယ်။ အခု ယောဂီတွေမှာ မျက်စိကရော၊ နားကရော၊ နာခေါင်းကရော၊ လျှာက

http://www.dhammadownload.com

ရော၊ ကိုယ်ကရော၊ စိတ်ကရော ဖြစ်ပေါ်တဲ့တရားလေးတွေ ဖြစ်တိုင်းဖြစ်တိုင်းသိအောင်လို့ လိုက်ပြီး အားထုတ်နေတော့ သမ္မာဝါယာမမဂ္ဂင်တွေ ဖြစ်တယ်။ အမှတ်ရတဲ့ သတိတွေ၊ သမ္မာသတိတွေ ဖြစ်နေတယ်။ တကယ်ဖြစ်ပေါ်တဲ့ တရားလေးတွေ ဖြစ်တဲ့အတိုင်း၊ အမှန်အတိုင်း သိနေတာပဲ။ အမှန်အတိုင်း အမှတ်ရနေတာ။ မြင်ရင်မြင်တာ၊ ကြားရင်ကြားတာ၊ ကွေးတာ၊ ဆန့်တာ၊ လှုပ်တာ၊ နာတာ၊ ကျင်တာ၊ ကိုက်ခဲတာ တကယ်ဖြစ်ပေါ်တဲ့ တရားလေးတွေကို လိုက်ပြီး အမှတ်ရနေတယ်။ သမ္မာသတိ ခေါ်တယ်။ အမှန်အတိုင်း သတိရတယ်။

အဲဒီ သတိရတဲ့အာရုံမှာ စူးစိုက်ပြီးတည်သွားတာ သမ္မာသမာဓိပဲ။ အဲဒီ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဖြစ်နေတော့ သီလကလည်း စင်ကြယ်နေတော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝကလည်း ပြည့်စုံနေပါတယ်။ အဲဒီလို သတိ သမာဓိ ဖြစ်နေတဲ့အချိန်မှာ ရှုမိတဲ့အာရုံလေး အမှန်အတိုင်းသိနေတာ သမ္မာဒိဋ္ဌိပဲ။ သိအောင်လို့ နလုံးသွင်းပြီး ကြံစည်နေတာက သမ္မာသင်္ကပ္ပ၊ ရှုတိုင်းရှုတိုင်း မဂ္ဂင်ရှစ်ပါး တရားတွေ ပွားနေတယ်။

အဲဒီ မဂ္ဂင်ရှစ်ပါးတရားတွေ မပွားဘဲနဲ့ လောကရေးရာနဲ့စပ်ပြီးတော့ ကာမဂုဏ်အာရုံတွေ ခံစားရလို့ရှိရင်ဖြင့်

http://www.dhammadownload.com

ချမ်းသာမှာပဲဆိုပြီးတော့ ချမ်းသာရာချမ်းသာကြောင်းတွေ လိုက်ပြီးတော့ ရှာနေကြတယ်။ အဲဒီတော့ ဒုက္ခပင်လယ်တွေ ကျယ်သွားတာပေါ့။ ရေဆာတာနဲ့ အဆာပြေအောင် ဆိုပြီးတော့ ပင်လယ်ရေကို ရေကောင်းမှတ်ပြီး သောက်လိုက်လို့ ရှိရင် ပိုပြီးတော့ ဆာသွားတတ်တယ်။ အဲဒီလို ဖြစ်နေတာ။ ဒီချမ်းသာလေးတွေကို မြဲနေတဲ့အနေ၊ ငါကောင် သူကောင် အနေအားဖြင့် ထင်ပြီးတော့နေလို့ အဲဒီ ချမ်းသာတာလေးတွေ အပေါ်မှာ သာယာပြီးတော့နေတာတဲ့။ ပျော်ပြီးတော့ နေကြတယ်။

အခု ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်က ရှုတိုင်းရှုတိုင်း သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးပျက် အနိစ္စပဲ၊ ပဋိစ္စသမုပ္ပန္နာ-အကြောင်းတရား မှီပြီးတော့ ဖြစ်တဲ့တရားလေးပဲ။ ခယဓမ္မာ-ကုန်ဆုံးသွားတာချည်းပဲ၊ ဝယဓမ္မာ- ပျက်သွားတာချည်းပဲ၊ ဝိရာဂဓမ္မာ- ကင်းပြယ်သွားတာချည်းပဲ၊ နိရောဓ ဓမ္မာ- ချုပ်ပျောက်သွားတာချည်းပဲလို့ဆိုတာ ရှုတိုင်းရှုတိုင်း တွေ့ပြီးသိနေတော့ ဒါလေးတွေ ဘာမှ အဖိုးမတန်ပါဘဲလား။ တို့အရင်က လူစည်းစိမ်ချမ်းသာတွေ ခံစားနေရတယ်ဆိုတာ အင်မတန်ကောင်းတယ် အောက်မေ့တာ။ ဘာမှမဟုတ်ဘူး။ ဖြစ်ပြီးရင် ပျောက်သွား၊ ဖြစ်ပြီးရင် ပျောက်သွား။ နတ်စည်းစိမ်

http://www.dhammadownload.com

ချမ်းသာဆိုတာလည်း ဖြစ်ပြီး ပျောက်သွားတာတွေပဲ။ အဲဒီတော့ ယောဂီပုဂ္ဂိုလ်က လူပြည်မှာဖြစ်ဖြစ်၊ နတ်ပြည်မှာဖြစ်ဖြစ်၊ ဗြဟ္မာပြည်မှာဖြစ်ဖြစ်၊ သုံးဆယ့်တစ်ဘုံမှာ ချမ်းသာဆိုရင် ဒီဟာမျိုးပဲ။ ကုန်ပျောက်နေတာတွေ တွေ့.ရတော့၊ သုခါ ယပိ ဝေဒနာယ- ချမ်းသာသောခံစားမှုအပေါ်၌လည်း၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့. ငြီးငွေ့.လေတော့၏။ ဒါလေးတွေ မကြိုက်တော့ဘူး၊ အလိုမရှိတော့ဘူး။

လူတိုင်းလူတိုင်း ငြီးငွေ့.တတ်တဲ့ ဆင်းရဲကတော့ ဝိပဿနာမျိုး မဟုတ်ဘူး၊ နိဗ္ဗိန္ဒဉာဏ် မဟုတ်ဘူး။ ငါအနေနဲ့ ငြီးငွေ့.တာ၊ ငါဆင်းရဲတယ်ဆိုပြီးတော့ ဒီဆင်းရဲက လွတ်မြောက်ချင်တာကိုး။ တစ်ခါက စာပေဗဟုသုတ အတော်အတန်ရှိတဲ့ လူတစ်ယောက်က ပြောပါတယ်။ သူ့မှာ နိဗ္ဗိန္ဒဉာဏ်တွေ ဖြစ်နေတယ်။ ငြီးငွေ့.နေတာတဲ့၊ လောကရေးရာတွေနဲ့စပ်ပြီး၊ လုပ်ရေးကိုင်ရေးတွေ အဆင်မပြေဘူး၊ ဒါနဲ့ တစ်လောကလုံးလျှောက်ပြီး ငြီးငွေ့.တာ၊ နိဗ္ဗိန္ဒဉာဏ်တွေ ဖြစ်နေတယ်လို့ဆိုတယ်။ ဒါက ငြီးငွေ့.တာမဟုတ်ဘူး၊ သောကပရိဒေဝတွေ ဖြစ်တာခေါ်တယ်လို့ ပြောရတယ်။ ကိုယ်လုပ်ချင်တာတွေ မဖြစ်၊ ကိုယ်အလိုရှိတာတွေ မဖြစ်ဆိုတော့ စိုးရိမ်

http://www.dhammadownload.com

ပူဆွေးတဲ့သဘောတွေ စိတ်နလုံးမသာမှုတွေ ဖြစ်တယ်။ ဒါက ဒေါမနဿတွေ ခေါ်တယ်။

နိုပ္ပိန္နဉာဏ်ဆိုတာ သီလဝိသုဒ္ဓိ- သီလစင်ကြယ်ရတယ်။ စိတ္တဝိသုဒ္ဓိ- စိတ်စင်ကြယ်ရတယ်။ ပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိနဲ့ နာမ်ရုပ်ကို ပိုင်းခြားပြီးတော့ သိရတယ်။ ကင်္ခါဝိတရဏဝိသုဒ္ဓိနဲ့ အကြောင်းအကျိုးတွေလည်း သိရတယ်။ ပြီးတော့ သမ္မသနဉာဏ်နဲ့ အနိစ္စ ဒုက္ခ အနတ္တလည်း သုံးသပ်ဆင်ခြင်ပြီး သိရတယ်။ ဥဒယဗ္ဗယဉာဏ်နဲ့ အဖြစ်အပျက်ကိုလည်း သိရတယ်။ ဘင်္ဂဉာဏ်နဲ့ ခဏမစဲဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ ပျက်တိုင်း ပျက်တိုင်းတွေလည်း သိနေရတယ်။ အဲဒီတော့ ပေါ်တိုင်းပေါ်တိုင်း အာရုံလည်း ပျောက်သွား၊ အသိလည်း ပျောက်သွား။

ဘင်္ဂဉာဏ်ဖြစ်တော့ ခဏမစဲ ပျောက်နေတာချည်းပဲ၊ အင်မတန် မြန်တယ်၊ ပါးစပ်ကပြောတာထက်တောင် မြန်ပါသေးတယ်။ ဒက်ဒက်ဒက်ဒက်နဲ့ သွားနေတာ၊ ပျောက်နေတာ။ အဲဒါတွေချည်းပဲ တွေ့နေရတော့ ကြောက်စရာ ကောင်းတော့တာပေါ့။ ဒါတွေကို ငါကောင်သူကောင်ကြီး လုပ်နေရတာဟာ သိပ်ကြောက်စရာ ကောင်းတာပဲ။ တကယ့်ဖြစ်ရပ်တွေနဲ့ တခြားစီဆိုတော့ ဘယဉာဏ် ဖြစ်တယ်။ ဘယဉာဏ်ပြီးတော့

http://www.dhammadownload.com

မှ ဒါမကောင်းတဲ့ တရားတွေပဲလို့ အာဒီနဝ- အပြစ်မြင်တယ်။ အဲဒီလို အပြစ်မြင်ပြီးမှ နိဗ္ဗိန္ဒ ဖြစ်ရတယ်တဲ့။

အခုဥစ္စာက လောကရေးရာနဲ့ လုပ်ငန်းဆောင်တာတွေ အဆင်မပြေတာနဲ့ ကိုယ်လုပ်ချင်တာတွေ မလုပ်ရ၊ ကိုယ် ဖြစ်ချင်တာတွေ မဖြစ်ရတာနဲ့ စိတ်ပျက်နေတာ၊ ဒါက နိဗ္ဗိန္ဒ ဉာဏ် မဟုတ်ဘူးလို့ ပြောရတယ်။ လောကီလူသားတွေ ငြီးငွေ့.တာကတော့ ငါအနေနဲ့ ပုဂ္ဂိုလ်အနေနဲ့ ငြီးငွေ့.တာ။ ဒီဒုက္ခကိုက ငါပဲ၊ ငါဒုက္ခရောက်နေတယ်ဆိုတဲ့အနေနဲ့ ငြီးငွေ့.တာ။

အခု ယောဂီပုဂ္ဂိုလ်ငြီးငွေ့.တာ ငါအနေနဲ့ မဟုတ်ဘူး၊ သဘောတရားလေးပဲ၊ ဆင်းရဲဆိုတာလည်း သဘောတရားပဲ။ မခံသာတာလေးတွေ သဘောတရားပဲ။ ဒါလည်းပဲ မကောင်းဘူး ဆိုပြီးတော့ ဒုက္ခယပိ ဝေဒနာယ- ဆင်းရဲသော ခံစားမှုဌ်လည်း၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့. ငြီးငွေ့.လေတော့၏။ အဒုက္ခမသုခါယပိ ဝေဒနာယ- မဆင်းရဲ မချမ်းသာ ဥပေက္ခာဝေဒနာဌ်လည်း၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့. ငြီးငွေ့.လေတော့၏။ ခံစားမှုတွေအပေါ်မှာ မပျော်မမွေ့. ငြီးငွေ့.လာပါတယ်တဲ့။ အဲဒီလို ရှုမြင်ခဲ့သည်ရှိသော် ဇဝံပသဿံ- ဤသို့မြင်သည်ရှိသော်၊ သုတဝါအရိယသာဝကော- အကြားအမြင်နှင့်ပြည့်စုံသော မြတ်စွာ

http://www.dhammadownload.com

ဘုရားဇာတပည့်သားဖြစ်သော ပုဂ္ဂိုလ်သည်၊ နိဗ္ဗိန္ဒတိ- မပျော်မမွေ့.ငြီးငွေ့.လေတော့ဇာ။ ကိုင်း ဆိုရမယ်။

သို့ရှုမြင်သော်၊ ဝေသုံးဖော်၊
မပျော်ငြီးငွေ့.သည်။

အဲဒီဝေဒနာသုံးမျိုး အကုန်လုံးငြီးငွေ့.ရမှာ။ ဒုက္ခကိုပဲ ငြီးငွေ့.ပြီးတော့ သုခတွေကိုတော့ သဘောကျနေရင် ဒီဥစ္စာ မဟုတ်သေးဘူး။ သုခငြီးငွေ့.ဖို့ရာ အရေးကြီးတယ်။ ဥပေက္ခာလည်း ငြီးငွေ့.ဖို့ အရေးကြီးတာပဲ။ ဒါတွေ မပျော်မှ၊ ဘယ်လို ခံစားမှုကိုမှ အလိုမရှိမှ။

၆ဝ် ပသဿံ- ဤသို့မြင်ခဲ့သည်ရှိသော်၊ သုခဝေဒနာလည်း ခဏချင်းဖြစ်ပြီးတော့ ခဏချင်းပျောက်သွားလို့ မမြဲဘူး။ ဒုက္ခတို့ ဥပေက္ခာတို့လည်းပဲ ခဏချင်းဖြစ်ပြီး ခဏချင်းပျောက်သွားလို့ မမြဲဘူး။ အကြောင်းတရားတွေမှီပြီးတော့ ဖြစ်ပြီး ပျောက်သွားလို့ မမြဲဘူး။ ကုန်ဆုံးသွားတဲ့ သဘော၊ ပျောက်ပျက်သွားတဲ့သဘော၊ ချုပ်ငြိမ်းသွားတဲ့သဘောပဲ။ အမြဲမပြတ် တစဉ်တတန်းကြီး တစ်ခုပြီးတစ်ခု ချုပ်ပျောက်နေတဲ့ သဘောတွေပဲလို့ ကိုယ်ပိုင်ဉာဏ်နဲ့ မြင်ခဲ့လို့ရှိရင်တော့ ငြီးငွေ့.စရာကောင်းပါတယ်။

http://www.dhammadownload.com

ခံစားမှု (၃)မျိုးတို့၌ ငြိုးငွေ့သည်ရှိသော် တပ်မက်ခြင်း ကင်းလေတော့၏

ဇဝံ ပသဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော သုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ ဒုက္ခာယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ အဒုက္ခမသုခါယပိ ဝေဒနာယ နိဗ္ဗိန္ဒတိ၊ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ။ နိဗ္ဗိန္ဒံ၊ နိဗ္ဗိန္ဒန္တော- ငြိုးငွေ့သည်ရှိသော်၊ ဝိရဇ္ဇတိ- တပ်မက်ခြင်း ကင်းလေတော့၏။

မငြိုးငွေ့ရင် တပ်မက်နေတယ်၊ တပ်မက်သာယာမှု ရှိတယ်ဆိုတာ မငြိုးငွေ့လို့၊ ငြိုးငွေ့တဲ့သဘောဖြစ်လာရင် အဲဒီ အာရုံ တပ်မက်သာယာမှု မရှိတော့ပါဘူး၊ ငြိုးငွေ့လာမှတော့ ဒီ အာရုံ မတပ်မက်တော့ဘူး၊ မတွယ်တာတော့ဘူး၊ မလိုချင် တော့ဘူး၊ တပ်မက်သာယာ ကင်းတယ်ဆိုတာ အရိယာမဂ် ဖြစ်ပေါ်လာတာကို ပြောတာတဲ့။

ငြိုးငွေ့တုံလျှင်း၊ တပ်မက်ကင်း၊
အရှင်းလွတ်မြောက်သည်။

တပ်မက်ကင်းခြင်းကြောင့် လွတ်မြောက်၍သွားလေတော့၏။ ဝိရာဂါ ဝိမုစ္စတိ၊ ဝိရာဂါ- တပ်မက်ကင်းခြင်းကြောင့်၊ ဝိမုစ္စတိ- လွတ်မြောက်၍ သွားလေတော့၏။ ဖြစ်ပျက်မှု

http://www.dhammadownload.com

ရုပ်နာမ်တွေငြိမ်းတဲ့ နိဗ္ဗာန်အာရုံထဲ လွတ်ပြီးတော့ ကျသွား တာပေါ့။ မြတ်စွာဘုရားက ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် အစဉ်အတိုင်းတက်သွားပုံကို တိုတိုလေး ဟောတာပဲ။ နိဗ္ဗိန္ဒ-ငြီးငွေ့.သည်ရှိသော်၊ ဝိရဇ္ဇတိ- တပ်မက်ကင်းသော အရိယမဂ် ဖြစ်ပေါ်လေတော့၏။ ရုပ်နာမ်သင်္ခါရတွေ ဖြစ်တိုင်းဖြစ်တိုင်း ရှုလို့ ဘယ်ဟာမှ ပျော်စရာမရှိတော့ဘူး၊ နှစ်သက်စရာ မရှိဘူး၊ တွယ်တာစရာ မရှိဘူးဆိုရင် အဲဒီလိုပျော်စရာမရှိတဲ့၊ နှစ်သက် တွယ်တာစရာမရှိတဲ့ တရားတွေ ရှုရင်းရှုရင်းနဲ့ ရုပ်နာမ် သင်္ခါရငြိမ်းတဲ့ နိဗ္ဗာန်အာရုံကို ပြေးဝင်ပြီးတော့ အရိယာမဂ် ဖြစ်သွားတယ်။ တပ်မက်ခြင်းကင်းသွားပြီ။ ဝိရာဂါ- တပ်မက် ကင်းခြင်းကြောင့်၊ ဝိမုစ္စတိ- လွတ်မြောက်လေတော့၏။ စိတ်ကလေးက တစ်ခါတည်း အတွယ်အတာမရှိဘဲနဲ့ ရုပ်နာမ် သင်္ခါရငြိမ်းကာ အာရုံထဲမှ လွတ်မြောက်ပြီးတော့သွားတယ်၊ ကင်းပြတ်ပြီးတော့ သွားတယ်၊ လွတ်မြောက်လေတော့၏။

လွတ်မြောက်သည်ရှိသော် လွတ်မြောက်သွားလေသည်ဟု သိလေတော့၏။

ဝိမုတ္တာသ္မိ- လွတ်မြောက်သည်ရှိသော်၊ ဝိမုတ္တံ- လွတ် မြောက်သွားလေ၏။ ဣတိ- ဤသို့၊ ပဇာနာတိ- သိလေတော့

http://www.dhammadownload.com

၏။ လွတ်မြောက်သွားရင်လည်း လွတ်မြောက်သွားမှန်း သိ တာပဲ။ ကိုယ့်သန္တာန် ဖြစ်သွားတာပဲ သိမှာပေါ့။ အစက ရုပ်နာမ်သခ်ါရတွေ ဖြစ်ရင်းပျက်ရင်းနဲ့ ရုပ်နာမ်သခ်ါရ ကင်းဆိတ်တဲ့သဘောထဲကို လွတ်ပြီးတော့ကျသွားတာ သိ တာပေါ့။ ကိုယ့်ဟာကိုယ် သိနေတယ်။ အရိယာမဂ်ဖိုလ် ဖြစ် သွားရင်လည်း မဂ်ဖိုလ်ဖြစ်သွားတာလေးကို သိပါတယ်တဲ့၊ ဆင်ခြင်ပါတယ်တဲ့။ အခုဟာကတော့ အရဟတ္တာမဂ်နဲ့သိပုံကို မြတ်စွာဘုရားက ဟောတယ်။

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ဇာတိ- ဘဝအသစ်ဖြစ်မှု သည်၊ ခီဏာ- ကုန်လေပြီ၊ ဗြဟ္မစရိယံ- မြတ်သောအကျင့်ကို၊ ဝုသိတံ- ကျင့်သုံးအပ်ပြီ၊ ကျင့်သုံးခြင်းကိစ္စ ပြီးပြီ။ ကရဏီယံ- ပြုဖွယ်ကိစ္စ ဟူသမျှကို၊ ကတံ- ပြုအပ်ပြီးပြီ။ ဣတ္ထတ္တာယ- ဤ မဂ်ကိစ္စအလို့ငှာ၊ အပရံ- တစ်ပါးသော ပြုဖွယ်သည်ကား၊ န- မရှိပြီ။ ဣတိ- ဤသို့၊ ပဇာနာတိ- သိ၏။ အရဟတ္တမဂ် ရောက်တဲ့အခါကျတော့ ဒီလိုသိရမှာ။ ဘုရားကတော့ အရဟတ္တမဂ်ကို အမြင့်ဆုံးဟောထားတာ။ အရဟတ္တမဂ် ရောက်တဲ့အခါကျရင် နောက်ထပ်တစ်ဖန် ဘဝအသစ်ဖြစ်ဖို့ မရှိတော့ဘူး။ မဖြစ်နိုင်တော့ဘူးဆိုတာ ကိုယ့်ဟာကိုယ်ပဲ

http://www.dhammadownload.com

သိပါတယ်တဲ့။ ဒီတော့ ကျင့်သုံးစရာတွေလည်း ကျင့်သုံးခြင်း ကိစ္စ ပြီးသွားပြီဆိုတာ ဒီလိုလည်းသိသွားပါတယ်တဲ့။ ဒါ နောက်ဆုံးအပိုဒ်ပါပဲ။ လွတ်မြောက်ပြီးလို့ရှိရင် အဲဒီ လွတ် မြောက်သွားပုံလေး၊ ကိုယ်ဖြစ်သွားတဲ့ လွတ်မြောက်ပုံလေး၊ ကိလေသာကင်းသွားပုံလေး၊ ကိလေသာကင်းသဖြင့် ဘဝ တွေ မဖြစ်နိုင်တော့ဘူး၊ သံသရာလမ်းဆုံးပြီ၊ ဆင်းရဲလမ်း ဆုံး သွားပြီ၊ ငြိမ်းသွားပြီဆိုတာ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင် ပြီးတော့ သိပါတယ်တဲ့။ ကိုင်း ဆိုရမယ်။

လွတ်မြောက်ပြီးပြန်၊ လွတ်မြောက်ဟန်၊
ဇကန်မြင်သိသည်။

မြတ်စွာဘုရားဟောလိုက်တာ တရားက ဆုံးသွားပြီ၊ အရဟတ္တာမဂ်ရောက်ပြီ၊ တရား လမ်းဆုံးသွားပြီ။

စိတ်လွတ်မြောက်ပြီးသော ရဟန်းသည်
တစ်စုံတစ်ယောက်နှင့်မျှ မငြင်းခုံ

ဇဝံ ဝိမုတ္တာစိတ္တော ခေါ် အဂ္ဂိဝေဿန ဘိက္ခု နှ ကေနစိ သံဝဒတိ၊ နှ ကေနစိ ဝိဝဒတိ။ ယဉ္စ လောကေ ဝုတ္တံ၊ တေန စ ဝေါဟရတိ အပရာမသန္တိ။ အဂ္ဂိဝေဿန- အဂ္ဂိဝေဿန အမျိုး အနွယ်ရှိသော ဒီဃနခပရိဗ္ဗိဇ်၊ ဇဝံ ဝိမုတ္တာစိတ္တော- ဤသို့

http://www.dhammadownload.com

လွတ်မြောက်ပြီးသောစိတ် ရှိသော၊ ဤသို့ စိတ်လွတ်မြောက်ပြီးသော၊ ဘိက္ခု- ရဟန်းသည်၊ ကေနစိ- တစ်စုံတစ်ယောက်နှင့်မျှ၊ နသံဝဒတိ- မနှီးနှောမပြောဆို။ ကေနစိ- တစ်စုံတစ်ယောက်နှင့်မျှ၊ နဝိဝဒတိ- မငြင်းလည်း မငြင်းခုံ။

ဒီအတိုင်းမြင်သွားလို့ မိမိစိတ်ဟာ လွတ်မြောက်သွားပြီဆိုလို့ရှိရင်တော့ ရဟန္တာဖြစ်သွားတာပေါ့လေ။ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်ဟာ တစ်စုံတစ်ယောက်နဲ့ သွားပြီးတော့ကို နှီးနှောပြီးတော့ မနေပါဘူးတဲ့။ ငါက ဘယ်လိုသဘောကျတယ်၊ အလုံးစုံ ငါ မကြိုက်ဘူး၊ အလုံးစုံ ငါ သဘောကျတယ်၊ ပုဂ္ဂိုလ်သတ္တဝါဟာ သေသွားသည့်တိုင်အောင် မပျောက်ဘဲနဲ့ အမြဲတည်နေတယ်၊ ဟိုဘဝ ဒီဘဝ ပြောင်းလဲပြီး တည်နေတယ်။ သဿတအယူဟာ ငါ ကြိုက်တယ်၊ ငါသဘောကျတယ် စသည်ဖြင့် ကိုယ်နဲ့ တူတဲ့ပုဂ္ဂိုလ်၊ တစ်စိတ်တစ်ပိုင်း တူတဲ့ပုဂ္ဂိုလ်တွေနဲ့ နှီးနှောပြီးတော့လည်း မနေပါဘူးတဲ့။ ဘာဖြစ်လို့တုံးဆို သူမှာ ဒီလိုအယူဝါဒမှ မရှိတော့ပဲဟာကိုး။ တစ်ဘဝက သေပြီးရင် တစ်ဘဝပြောင်းရွှေ့ပြီးတော့ အမြဲတမ်းတည်နေတယ်ဆိုတဲ့ သဿတအယူလည်း သူမှာ မရှိတော့ပဲဟာကိုး။

http://www.dhammadownload.com

ဒီ ရုပ်နာမ်တွေဆိုတာ ခဏမစဲ ဖြစ်ပျက်နေတာပဲ ရှိတယ်။ ဒီဘဝက ဟိုဘဝ ပြောင်းသွားတဲ့ အတ္တကောင်ရယ်လို့ လည်း မရှိဘူး။ အကြောင်းအကျိုးတွေ ဆက်စပ်ပြီးတော့ ဖြစ်တဲ့ ရုပ်နာမ်အစဉ်လေးပဲ ရှိတယ်။ မြင်စရာရှိတော့ မြင်သိတာလေးဖြစ်၊ ကြားစရာရှိတော့ ကြားသိတာလေးဖြစ်၊ အဲဒါလိုပဲ၊ ရုပ်နာမ်တွေဟာ သူ့အခိုက်အတန့်နဲ့သူ အကြောင်းအားလျော်စွာ ဖြစ်ပြီးပျောက်သွား၊ ဖြစ်ပြီးပျောက်သွား ဒါပဲရှိတယ်။ သေပြီးတော့ ဘဝအသစ် ဖြစ်တယ်ဆိုတာလည်း ဒါအကြောင်းကံ ရှိလို့၊ အကျိုးတရားရုပ်နာမ်တွေ အသစ်ဖြစ်တာပဲ။ ဒီဘဝကနေပြီး ပုဂ္ဂိုလ်သတ္တဝါက ဟိုရွှေ့သွားတာ မဟုတ်ဘူး။

လူ့လောကမှာ သဿတအယူရှိတဲ့ပုဂ္ဂိုလ်တွေ ထင်မြင်နေတာကတော့ ဒီဘဝက သေသွားရင် အသက်ကောင်က တခြားရွှေ့သွားတယ် ထင်နေတာကိုး၊ အဲဒီလိုမဟုတ်ဘူး။ မြင်ပြီးရင် ပျောက်သွားတဲ့ စိတ်ကလေး တစ်နေရာရာ ရောက်သွားတာလည်းမဟုတ်ဘူး၊ ပျောက်သွားတာပဲ။ ကြားပြီးရင် ပျောက်သွားတဲ့ စိတ်ကလေး တစ်နေရာရာ ရောက်သွားတာလည်း မဟုတ်ဘူး၊ ပျောက်သွားတာပဲ။ အဲဒါလိုပဲ သေတဲ့အခါကာလမှာ နောက်ဆုံးစိတ်ကလေးလည်း သေတဲ့အခါ

http://www.dhammadownload.com

ပျောက်သွားတာပဲ၊ ဘယ်မှ ရောက်သွားတာ မဟုတ်ဘူး။ သို့သော် ကိလေသာမကင်းသေးတဲ့ပုဂ္ဂိုလ်က စွဲလမ်းသာယာမှု ရှိနေတော့ ဘဝအသစ် ရုပ်နာမ်ခန္ဓာတွေ ဖြစ်တယ်။ အဲဒီ ရုပ်နာမ်ခန္ဓာတွေကလည်း တခြားကြောင့်မဟုတ်ဘူး၊ ရှေးဘဝက သေခါနီးစွဲခဲ့တဲ့ စိတ်အစဉ်လေးရှိလို့၊ သေပြီးတော့လည်း အဲဒီ စွဲလမ်းတဲ့အာရုံလေး အာရုံပြုပြီးတော့ စိတ်အစဉ်လေး ဘဝအသစ်မှာ ဆက်ပြီးဖြစ်သွားတာ။

ပုဂ္ဂိုလ်သတ္တဝါက အကောင်အထည်လိုက် အမြဲတည်ပြီးနေတယ်ဆိုတဲ့ သဿတအယူလည်းပဲ မရှိပါဘူး။ သေပြီးရင် လုံးလုံးပျောက်သွားတယ်ဆိုတဲ့ ဥစ္ဆေဒအယူလည်း မရှိတော့ဘူး။ သောတာပန်ကအစ ဒီအယူတွေ ကင်းသွားတယ်။ အခုအတိုင်း စိတ်လွတ်မြောက်သွားလို့ အဲဒီ ရဟန္တာ ပုဂ္ဂိုလ်က တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်နဲ့ သဿတအယူ၊ ဥစ္ဆေဒအယူတွေ သွားပြီးတော့ နီးနောလည်း မနေပါဘူးတဲ့။ သဘောတူတဲ့ ပုဂ္ဂိုလ်အချင်းချင်း နီးနောတာတွေ လုပ်မနေပါဘူး၊ မတူတဲ့ပုဂ္ဂိုလ်နဲ့ ငြင်းတာတွေ လုပ်မနေပါဘူးတဲ့။

ယဉ္စ လောကေ ဝုတ္တံ၊ လောကေ- လောကဋ္ဌ၊ ယဉ္စ-အကြင်စကားကိုလည်း၊ ဝုတ္တံ- ပြောဆိုပါ၏။ တေန- ထိုလူတို့ ပြောဆိုအပ်သောစကားဖြင့်၊ အပရာမသံ အပရာမသန္တော-မှားယွင်းစွာ မသုံးသပ်ပဲ၊ ဝေါဟရတိ- ပြောဆိုပါ၏။

http://www.dhammadownload.com

လောကမှာ လူတွေ ပြောရိုးဆိုရိုးရှိတယ်။ ရဟန္တာဖြစ်သွားတဲ့ပုဂ္ဂိုလ်က အဲဒီ ပြောရိုးဆိုရိုးလည်းပဲ ပြောတာပါပဲတဲ့၊ သို့သော်လည်းပဲ မှားယွင်းစွာတော့ မသုံးသပ်ဘူးတဲ့။ လောကလူတွေ ပြောရိုးဆိုတာ ယောကျ်ား၊ မိန်းမ၊ အမေ၊ အဖေ၊ သား၊ သမီး၊ လူ၊ တိရစ္ဆာန် စသည်ဖြင့် လောကဝေါဟာရတွေ ရှိတာကိုး။ ဒါက ဒီအတိုင်းပဲ ပြောရတယ်၊ ဒီလို မပြောလို့ရှိရင် ခက်တာပေါ့။ လောကဝေါဟာရအတိုင်းပဲ ပြောပါတယ်တဲ့။

ယော ဘိက္ခု- အကြင်ရဟန်းသည်၊ အရဟံ- ရဟန္တာပုဂ္ဂိုလ်သည်၊ ကတာဝီ- ပြုအပ်ပြီးသော ကိစ္စရှိသည်၊ ဟောတိ- ဖြစ်၏။ အနှိမဒေဟဓာရီ- အဆုံးဖြစ်သော ခန္ဓာကိုယ်ကို ဆောင်၏။ သော- ထိုပုဂ္ဂိုလ်သည်၊ အဟန္တိ- ငါဟူ၍လည်း၊ ဝေါဟရေယျ- ပြောဆိုရာ၏။ အဲဒီပုဂ္ဂိုလ်က ကိုယ့်ကိုယ်ကိုယ် ငါလို့ပဲ ပြောတာပါပဲ။ မမံတိ- ငဉ်ဣစ္စာဟူ၍လည်း၊ ဝေါဟရေယျ- ပြောဆိုရာ၏။ (အဋ္ဌကထာပါဠိကို ချဲ့၍ အနက်ပြန်ဆိုထားပါသည်။-တည်းဖြတ်သူမှတ်ချက်)

ငါ ငဉ်ဣစ္စာ ပြောနေကျတော့ ပြောရတာပေါ့လေ။ အဲဒါ အပရာမသံအပရာမသန္တော- မှားယွင်းစွာ မသုံးသပ်သည်ဖြစ်၍။ ပကတိလူတွေကတော့ ပြောပြောတဲ့အတိုင်း အဟုတ်ထင်

http://www.dhammadownload.com

နေတာကိုး။ ငါကောင်လို့ တကယ်ကိုထင်တာ။ ယောကျ်ား ဆိုရင် ယောကျ်ားအကောင်ကြီး၊ မိန်းမဆိုရင် မိန်းမအကောင် ကြီး၊ လူဆိုရင် လူအကောင်ကြီး၊ နတ်ဆိုရင် နတ်အကောင် ကြီး၊ ဒီလိုထင်နေတာကိုး။ အဲဒါက မှားယွင်းစွာသုံးသပ်ပြီး တော့ ပြောဆိုတာ၊ အခုဟာကတော့ မှားယွင်းစွာသုံးသပ်တာ မဟုတ်ဘူး။ လောကဝေါဟာရမို့သာ ပြောရတာ၊ စိတ်ထဲက တော့ သိနေတာပေါ့လေ။ လောကဝေါဟာရအတိုင်း ပြောရ တယ်တဲ့။ သို့သော်လည်းပဲ တကယ် ပုဂ္ဂိုလ်သတ္တဝါ အနေ အားဖြင့် အမြဲတည်နေတဲ့ အရာဝတ္ထုအနေအားဖြင့် မှားယွင်း စွာ စွဲလမ်းခြင်း မရှိဘူးတဲ့။ အဲဒီလိုပြောဆိုပါတယ်လို့ မြတ်စွာ ဘုရားက ဒေသနာနိဂုံးချုပ်ပြီးတော့ အဆုံးသတ်ပါတယ်။

မြတ်စွာဘုရား၏ဒေသနာနိဂုံးချုပ်ချိန်
ရှင်သာရိပုတ္တရာမထေရ်၌ အကြံအစည် ဖြစ်၏

အထ ခေါ် အာယသ္မတော သာရိပုတ္တသ ဇေတဒဟောတိ။ တေသံ တေသံ ကိရ နော ဘဂဝါ မမ္မာနံ အာဘိညာ ပဟာနမာဟ၊ တေသံ တေသံ ကိရ နော သုဂတော မမ္မာနံ ပဋိနိသဂ္ဂမာဟာတိ။ အထခေါ- ထိုအခါ၌၊ အာယသ္မ

http://www.dhammadownload.com

တော သာရိပုတ္တာသ- ရှင်သာရိပုတ္တရာ မထေရ်အား၊ ဇတ်-ကျိသို့သော အကြံအစည်သည်၊ ဟောတိ- ဖြစ်လေ၏။

ဒီယနခပရိဗိုဇ်က မေး၊ မြတ်စွာဘုရားက ဖြေရှင်းပြီးတော့ ဟောနေတယ်။ အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာမထေရ်မြတ်က မြတ်စွာဘုရား၏ နောက်နားကနေပြီးတော့ ယပ်လေးခတ်ပေးနေတာ။ တပို့တွဲလပြည့်နေ့ဆိုတော့ နည်းနည်းပူအိုက်တာ ရှိပါလိမ့်မယ်။ ကြားနာနေရတော့ သူ စဉ်းစားဆင်ခြင်မိတယ်တဲ့၊ ရှင်သာရိပုတ္တရာက ဘဂဝါ- ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်၊ နော- ငါတို့အား၊ တေသံ တေသံ ဓမ္မာနံ- ထိုထိုတရားတို့ကို၊ အဘိညာယ- ထူးသောဉာဏ်ဖြင့်သိ၍၊ ပဟာနံ- ပယ်ခြင်းကို၊ အာဟ- ဟောနေတာပဲတဲ့၊ သုဂတော- ကောင်းသောစကားဆိုတော်မူသော မြတ်စွာဘုရားသည်၊ နော- ငါတို့အား၊ တေသံ တေသံ ဓမ္မာနံ- ထိုထိုတရားတို့ကို၊ အဘိညာယ- ထူးသောဉာဏ်ဖြင့် သိ၍၊ ပဋိနိဿဂ္ဂံ- စွန့်လွှတ်ခြင်းကို၊ အာဟ- ဟောနေတာပဲလို့၊ ဣတိ- ဤသို့ စဉ်းစားကြံစည်ခြင်းသည်၊ ဟောတိ- ဖြစ်လေ၏။

ဒီလိုသူစိတ်ထဲမှာ သဘောပေါက်သွားတယ်၊ မြတ်စွာဘုရားက ထိုထိုတရားတွေ ရှိရှိသမျှတရားတွေကို ထူးသောဉာဏ်ဖြင့် သိအောင်အားထုတ်၊ သိပြီးတော့ ပယ်ဖို့ရာပဲ၊

http://www.dhammadownload.com

ဒါတွေ စွဲလမ်းထားဖို့ရာ မဟုတ်ဘူးဆိုတာ သူက သဘော ပေါက်သွားပါတယ်။

ပထမက ဘုရားက သဿတဝါဒ၊ ဥစ္ဆေဒဝါဒတွေ ပယ်ဖို့ရာ ဟောခဲ့တာကိုး။ သဿတဝါဒ- ပုဂ္ဂိုလ်သတ္တဝါ တွေဟာ အမြဲတမ်းတည်နေတယ်၊ ဒီဘဝက သေတယ်ဆိုတာ ဟိုဘဝ ဒီဘဝ ပြောင်းလဲပြီး သူ့အကောင်ထည်လိုက်ပဲ အသက်ကောင်အလိုက် ပြောင်းသွားတယ်ဆိုတဲ့ ဝါဒ၊ အဲဒါ လည်း စွန့်ရမယ်တဲ့။ ဥစ္ဆေဒဝါဒ- သေပြီး ဘာမှမရှိတော့ဘူး၊ လုံးလုံးလျားလျား ဘာမှကိုမရှိတော့ဘူး၊ ပျောက်သွားတယ်၊ ဒါလည်းပဲ စွန့်ရမယ်။ တချို့တစ်စိတ်တစ်ဒေသက မြဲတယ် တစ်စိတ်တစ်ဒေသက မမြဲဘူးဆိုတဲ့ ဧကစ္စသဿဝါဒ၊ ဒါလည်း စွန့်ရမယ်လို့ ဟောတာကိုး။

နောက်ပြီးတော့တစ်ခါ ဤရုပ်ကိုယ်ကြီးလည်းပဲ အနိစ္စ ဒုက္ခ အနတ္တစသည်ဖြင့် မြင်အောင်လို့ရှုရမယ်ဆိုတာ၊ ဒါလည်းပဲ ဒီရုပ်ကိုယ်ကြီးနဲ့စပ်ပြီးတော့ သာယာမှုမရှိအောင်၊ ရုပ်ကိုယ်ကြီးကို ငါပဲ၊ အကောင်ပဲ၊ အမြဲတည်နေတာပဲ၊ ဒီလို အထင်အမြင်မရှိအောင် သဘောတရားတွေပဲ၊ အနိစ္စတော-မမြဲသောအားဖြင့် မြင်အောင်ရှုရမယ်။ ဒုက္ခတော- ဆင်းရဲ အနေနဲ့ မြင်အောင်ရှုရမယ်စသည်ဖြင့် ၁၁-ပါးသော အခြင်း

http://www.dhammadownload.com

အရာအားဖြင့် ရှုဖို့ရာ ဟောထားတာ။ ဒီအခြင်းအရာတွေ မြင်လို့ရှိရင် ဒီရုပ်နဲ့စပ်ပြီးတော့ သာယာနှစ်သက်မှုတွေ ပယ်ဖို့ရာ မြတ်စွာဘုရားဟောတယ်။

နောက်ပြီးတော့ နာမ်တရားတွေကို ဝေဒနာကနေပြီး ဟောတယ်။ နာမ်တွေ အကုန်လုံး မဟောဘူး၊ ဝေဒနာသုံးပါး-ခံစားမှုသုံးမျိုးဆိုရင် ကုန်တာပါပဲ၊ ဒီ့ပြင်နာမ်တရားတွေက ဒီဝေဒနာနဲ့ တွဲဖြစ်နေတာပါ၊ ထင်ရှားတဲ့ဝေဒနာနဲ့ ဟာလိုက်တော့ ဒီ ဝေဒနာတွေဟာလည်းပဲ ကောင်းတာလည်းရှိတယ်၊ ဆိုးတာလည်းရှိတယ်၊ အလယ်အလတ်လည်းရှိတယ်၊ ဘယ်ဟာတွေမှ သာယာဖို့ရာတွေ မဟုတ်ဘူး။ ဒါတွေလည်းပဲ မမြဲတဲ့တရားတွေပဲ၊ အကြောင်းတရားမှီပြီးတော့ ဖြစ်နေတာတွေပဲ။ ကုန်ပြီးပျက်တဲ့ သဘောတရားတွေပဲဆိုတာ ဒီလို မြင်အောင်လို့ ရှုရမယ်တဲ့၊ ဒီလိုမြင်လို့ရှိရင်ဖြင့် ငြီးငွေ့တယ်ဆိုတော့ စွန့်လွှတ်ပြီးသား ဖြစ်သွားတယ်။ ငြီးငွေ့လို့ရှိရင်ဖြင့် တပ်မက်ခြင်းကင်းတဲ့ အရိယာမဂ်ဖြစ်တယ်။ တပ်မက်ခြင်းကင်းတော့ လွတ်မြောက်သွားတယ်။

ရုပ်တရား နာမ်တရားတွေလည်း သိပြီးတော့ပယ်ဖို့ရာ မြတ်စွာဘုရားက ဟောနေတာပဲ။ ဘယ်ရုပ်ဖြစ်ဖြစ်ပေါ့လေ၊ မကောင်းတဲ့ရုပ်တွေသာ မဟုတ်ဘူး၊ ကောင်းတဲ့ရုပ်တွေ

http://www.dhammadownload.com

လည်း ပယ်ရမှာ၊ ရွံစရာကောင်းတာတွေ ပယ်ဖို့ရာ လွယ်သား ပေါ့။ နှစ်သက်စရာ၊ သာယာစရာ ကောင်းတဲ့ရုပ်တွေကျတော့ မပယ်ချင်ဘူး၊ ဒါလေးသဘောကျနေတယ်။ နာမ်တရားက လည်း ဒီအတိုင်းပဲ။ ဝေဒနာသုံးမျိုးထဲ ဒုက္ခ- မကောင်းတာ တော့ ပယ်ချင်သားပေါ့။ သုခ- ကောင်းတာလေးကျတော့ ကြိုက်နေတာကိုး။ ဒါလဲ ပယ်ရမှာ။

တချို့က ကာမသုခတွေကို အပြစ်မြင်လာတယ်။ ကာမဂုဏ်ချမ်းသာတွေ သာယာနေတာတွေ မကောင်းဘူး၊ ကာမဂုဏ်အာရုံတွေနောက် လိုက်နေရတာ တယ်ဒုက္ခ ရောက် တယ်၊ ဒီဥစ္စာမကောင်းဘူးဆိုတာ မြင်တယ်။ မြင်ပေမယ့်လို့ ရူပါဝစရသုခတွေ ရှိတယ်၊ ရူပစျာန်တွေဖြစ်တဲ့ သုခတွေ၊ ပထမစျာန်ချမ်းသာ သဘောကျတယ်၊ ဒုတိယစျာန်ချမ်းသာ သဘောကျတယ်၊ တတိယစျာန် ချမ်းသာ သဘောကျတယ်၊ စတုတ္ထစျာန်ချမ်းသာ ဥပေက္ခာပေမယ့်လို့ အဲဒါကလည်းပဲ ချမ်းသာအနေအားဖြင့် သူ့လည်းသဘောကျတယ်၊ အရူပစျာန် ချမ်းသာတွေလည်း သဘောကျတယ်။ ဒါတွေက ပယ်ရမှာ။ အဲဒါတွေကို သိပြီးတော့ ပယ်ဖို့ရာပဲ မြတ်စွာဘုရားက ဒါ ဟောတာပဲလို့ ရှင်သာရိပုတ္တရာက သဘောပေါက်သွားတော့-

http://www.dhammadownload.com

မြတ်စွာဘုရား ဆိုလိုရင်း သဘောပေါက်ပြီး ရှင်သာရိပုတ္တရာမထေရ် အာသဝေါတရားတွေမှ လွတ်သွားတယ်တဲ့

ကျွတိဟိဒံ အာယသ္မတော သာရိပုတ္တသ္သ ပဋိသန္ဓိက္ခဏေ တော အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။ ကျွတိဟိ- ဤသို့လျှင်၊ ပဋိသန္ဓိက္ခဏေတော- နှလုံးသွင်း ရှုဆင်ခြင်သော၊ တဿ အာယသ္မတော သာရိပုတ္တသ္သ- ထို သာရိပုတ္တရာမထေရ်မြတ်၏၊ စိတ္တံ- စိတ်သည်၊ အာသဝေဟိ- အာသဝေါတရားတို့မှ၊ အနုပါဒါယ- မစွဲလမ်းမှု၍၊ ဝိမုစ္စိ- ကင်းလွတ်တော်မူလေ၏။ လွတ်မြောက်တော်မူလေ၏။

အဲဒီလို နှလုံးသွင်းဆင်ခြင်နေတုန်းပဲ ရှင်သာရိပုတ္တရာမှာ အာသဝေါတရားတွေမှ လွတ်သွားတယ်တဲ့။ အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်သွားတယ်လို့ ဆိုလိုပါတယ်။ ဒီတော့ ဒီမှာ ဝိပဿနာမရှဘဲနဲ့ စဉ်းစားတာနဲ့ ရောက်သွားသလို ဖြစ်နေမယ်။ ဒေသနာအတိုင်း တိုက်ရိုက်ယူလို့ရှိရင် ဒီလိုဖြစ်နေတယ်၊ ဒါပေမဲ့ ဒီလိုယူလို့တော့ မဖြစ်ဘူး။ ရှေ့နားက ဝိပဿနာအနေနဲ့ ဟောလာတာ၊ ဒါကတော့ အကျဉ်းချုပ်ကို ပြောတာ။ ဒါက ကျွတိဟိဒံ အာယသ္မတောဆိုတာကလည်းပဲ

http://www.dhammadownload.com

ပထမသဂီယနာတင် မထေရ်တွေကနေပြီးတော့ ပဋိသန္ဓာရ စကားလေး ထည့်ထားတာ၊ ဘုရားဟောတာ မဟုတ်ဘူး။

ရှေ့ကအနုပဒသုတ်မှ ရှင်သာရိပုတ္တရာ ဝိပဿနာ ရှုပုံလေး ပြထားတယ်။ ပညာယ စဿ ဒိသွာ အာသဝါ ပရိက္ခီဏာ ဟောန္တိ။ ပညာယ စ- အရိယာမဂ်ပညာဖြင့်၊ ဒိသွာ- သစ္စာလေးပါးကို သိမြင်သောကြောင့်၊ အဿ- ရှင်သာရိပုတ္တရာအား၊ အာသဝါ- အာသဝေါတရားတို့သည်၊ ပရိက္ခီဏာ- ကုန်ကုန်သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

အာသဝေါတရားတွေ ကုန်သွားတယ်တဲ့၊ ဘာဖြစ်လို့ တုံး၊ သစ္စာလေးပါးတရား သိမြင်သွားလို့တဲ့။ ပထမစျာန် ဝင်စားလိုက်၊ ပထမစျာန်တရားတွေ ဝိပဿနာရှုလိုက်၊ ဒုတိယစျာန် ဝင်စားလိုက်၊ ဒုတိယစျာန်တရားတွေ ရှုလိုက်၊ အစဉ်အတိုင်း ရှုလာတော့၊ နောက်ဆုံးမှာ အဲဒီတရားတွေ ရှုရင်းနဲ့ နိဗ္ဗာန်သစ္စာဆိုတဲ့ နိဗ္ဗာန်တရားမြင်တာနဲ့၊ သစ္စာလေးပါးတရား မြင်ပြီးတော့ အာသဝေါတရားတွေ ကုန်သွားတယ်။ အာသဝေါတရားတွေက လွတ်မြောက်သွားတယ်။

ဒါဟာ ဘယ်လိုတုံးဆိုတော့ ပထမတုန်းကတော့ ရှင်သာရိပုတ္တရာဟာ စျာန်တွေ ဝင်စားလိုက် ရှုလိုက်၊ စျာန်တွေ ဝင်စားလိုက် ရှုလိုက် လုပ်နေပေမယ်လို့ သူ စျာန်တွေမှာ

http://www.dhammadownload.com

သာယာမှုရှိနေတဲ့လက္ခဏာ ပေါ်နေတယ်။ အခု ဒီသုတ်ကျ တော့ မြတ်စွာဘုရားက သုခလည်းပဲ အနိစ္စပဲ၊ မမြဲတဲ့တရားပဲ၊ ဒုက္ခလည်း မမြဲတဲ့တရားပဲ၊ ဥပေက္ခာလည်း မမြဲတဲ့တရားပဲ၊ ဒါတွေ မြင်အောင် ရှုရမယ်လို့ ဟောပြီးတော့ ပယ်ဖို့ရာတွေ ဟောလိုက်တော့၊ အကုန်လုံးတရားတွေ ပယ်ရမှာချည်းပါပဲ လားလို့ သဘောပေါက်လာတော့ အဲဒီမှာ ရှင်သာရိပုတ္တရာ စာန်ဝင်စားပြီးတော့ စာန်စိတ်ကိုရှုတဲ့အခါမှာ တွယ်တာခြင်း မရှိဘဲနဲ့ ရှုလိုက်တော့ ဒီမှာ အရဟတ္တမဂ်ဉာဏ် ရောက်သွား တယ်လို့ ယူရမယ်။ အစတုန်းကတော့ သူက တွယ်တာမှုလေး ရှိနေတာကိုး။

မိမိတရားအပေါ် သာယာနှစ်သက်နေလို့ရှိရင် တရားက ရှေ့မတက်တော့ဘူးတဲ့

သခ္ခါရုပေက္ခာဉာဏ်ဆိုတာ ရှိတယ်။ သူက ကောင်း တယ်။ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေဟာ အဲဒီ သခ္ခါရုပေက္ခာ ဉာဏ်မှာ သာယာနှစ်သက်နေလို့ရှိရင် ဓမ္မရာဂ၊ ဓမ္မနန္ဒီတဲ့။ အဲဒီ ဓမ္မရာဂ ဓမ္မနန္ဒီနဲ့ သာယာနေလို့ရှိရင် အနာဂါမ်က ရှေ့ မတက်တော့ဘူးတဲ့။ အဲဒီမရောက်သေးခင် ဥဒယဗ္ဗယဉာဏ် လည်း ရှိပါတယ်။ ဥဒယဗ္ဗယဉာဏ်မှာ ရုပ်နာမ် အဖြစ်အပျက်

http://www.dhammadownload.com

တွေ မြင်၊ အရောင်အလင်းတွေ ပေါ်၊ ကိုယ်ထဲမှာ ပီတိတွေ ပဿဒ္ဓိတွေ ဖြစ်၊ အတွေ့တွေ ကောင်းနေတော့ သိပ်သာယာနေတာ၊ အခု ဒီမှာ တရားအားထုတ်တဲ့ယောဂီတွေက သိပါတယ်။ ကိုယ့်တရားလေးနဲ့ကိုယ် သာယာနစ်သက် သဘောကျနေတယ်။ ရှေ့မတက်ဘူး၊ ကမ္မဋ္ဌာန်းဆရာတွေက ဒါကို မနှစ်သက်အောင်၊ သဘောမကျအောင်လို့ ဟောရတယ်။ ဒါလေး ရှုပါဦး၊ မှတ်ပါဦး၊ ရှေ့နားက ပိုကောင်းပါလိမ့်မယ်လို့ ဒီလိုချော့ပြီးတော့ ဟောရတယ်။ တချို့ယောဂီတွေက ငါသာတွေ့တာပဲ၊ ငှါဆရာတွေတောင် တွေ့မှတွေ့ပဲ့ပါမလား၊ ဒီလိုတောင် အောက်မေ့တယ်။

အဲဒီတော့ ကမ္မဋ္ဌာန်းဆရာတွေက ဒါတွေရှုမှတ်ပြီး ပယ်ရဦးမယ်လို့ ပြောလိုက်လို့ရှိရင် အဲဒီယောဂီက သဘောမကျဘူး။ ဒါတွေ သိပ်ကောင်းနေတာတွေ ပယ်ရဦးမယ်ဆိုရင် ဘယ်ကျနပ်မလဲ၊ ဒဲ့ကြောင့် ကမ္မဋ္ဌာန်းဆရာတွေက လိမ်လိမ်မာမာနဲ့ ဟောရတယ်။ မကောင်းဘူးတွေ ဘာတွေ မပြောနဲ့၊ ပယ်ဖို့တွေမပြောနဲ့၊ ဒါလေး ရှုလိုက်ပါဦး မှတ်လိုက်ပါဦး၊ ရှေ့ကျ ပိုကောင်းလာပါလိမ့်မယ်၊ ဒီလို ပြောရတယ်။ အဲဒီလိုပဲ ဝိပဿနာက အကောင်းလေးတွေ သာယာနေလို့ ရှိရင် သုခဝေဒနာလေးတွေ ပေါ်နေတယ်။ ကာမဂုဏ်ချမ်းသာ

http://www.dhammadownload.com

တော့ မဟုတ်ပါဘူး။ ဒါက တရားနဲ့စပ်တဲ့ သုခတွေ၊ နိရာမိသ သုခခေါ်တယ်၊ နိရာမိသ- အစာကင်းတဲ့၊ ကာမဂုဏ်အစာနဲ့ မပတ်သက်တဲ့၊ ကာမဂုဏ်အစာနဲ့ မစပ်လျဉ်းတဲ့၊ မဆက်သွယ်တဲ့ ချမ်းသာပဲတဲ့။ တရားနဲ့စပ်တဲ့ ချမ်းသာတဲ့။ အင်မတန်ကောင်းတဲ့ ချမ်းသာတွေ၊ အဲဒါတွေ သာယာနေရင် တရားမတက်ဘူး။

သခ်ါရပေက္ခာမှာ သာယာနေရင် သခ်ါရပေက္ခာက မတက်ဘူး။ ရှင်သာရိပုတ္တရာမှာ ဈာန်ဝင်စားလိုက် ဝိပဿနာရှုလိုက်ဆိုတော့ ဈာန်ချမ်းသာကလည်း ကောင်း၊ ဝိပဿနာကလည်း ကောင်းတော့ ဒါတွေ သူ သာယာနေတဲ့သဘောရှိပါတယ်။

အခု ဒီယနခပရိဗိုဇ်ကို မြတ်စွာဘုရားကဟောတော့ သာယာစရာ တစ်ခုမှမရှိဘူး။ သုခါပိ ခေါ ဝေဒနာ အနိစ္စာ ဒုက္ခာ သခ်ံတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂ ဓမ္မာ နိရောဓဓမ္မာ၊ ဒီလိုရှုရမှာကိုး။ သုခလည်းပဲ အနိစ္စ- မမြဲတဲ့ တရားလို့ မြင်အောင်ရှုရမယ်။ သာယာနှစ်သက် မနေရဘူး။ သခ်ံတတရားပဲ မြင်အောင်ရှုရမယ်၊ အကြောင်းမှိုပြီးတော့ ဖြစ်တဲ့ ပဋိစ္စသမုပ္ပာဒ်တရားပဲ၊ မြင်အောင်ရှုရမယ်၊ ခယဓမ္မာ- ကုန်ကုန်သွားတာချည်းပဲ၊ ဝယဓမ္မာ- ပျက်ပျက်သွားတာချည်း

http://www.dhammadownload.com

ပဲ၊ ဝိရာဂဓမ္မာ- ပျောက်ကွယ်သွားတာချည်းပဲ၊ နိရောဓမ္မာ-ချုပ်သွားတာချည်းပဲ၊ မြင်အောင်ရှုရမယ်။

ဒီလိုမြင်လို့ရှိရင် သုခဝေဒနာလည်းပဲ နိပ္ပိန္နတိ- ငြိးငွေ့.လေတော့၏။ သုခဝေဒနာကို ငြိးငွေ့.ရမယ်တဲ့။ မကောင်းတဲ့အရာဝတ္ထုတွေ မြင်ရတွေ့.ရလို့ရှိရင် ငြိးငွေ့.သလို ရွံစရာတွေမုန်းစရာတွေနဲ့ တွေ့.လို့ရှိရင် ငြိးငွေ့.သလိုပဲ သုခဝေဒနာကိုလည်းပဲ တွယ်တာခြင်းမရှိဘဲနဲ့ ငြိးငွေ့.ရမှာကိုး။ မြတ်စွာဘုရားက ဒါ ပယ်ဖို့ ဟောတာ၊ ပယ်ဆိုတာ မသာယာဖို့ ပြောတာပဲ၊ ဒီလိုပွား‌ရမယ်၊ သာယာမှုကင်းအောင် ရှုရမယ်လို့ ဟောတော့ ရှင်သာရိပုတ္တရာ သဘောပေါက်သွားတာ။

တေသံ တေသံ ဓမ္မာနံ- ထိုထိုတရား‌တို့ကို၊ အဘိညာယ- ထူး‌သောဉာဏ်ဖြင့် သိ၍၊ ဒါတွေ ထူး‌သောဉာဏ်ဖြင့် သိရမှာတဲ့။ သမုဒယ- ဖြစ်ပုံအား‌ဖြင့်လည်း သိရမယ်။ အတ္ထင်္ဂမ- ပျက်ပုံအား‌ဖြင့်လည်း သိရမယ်၊ အဿာဒ- သာယာပုံအား‌ဖြင့်လည်း သိရမယ်။ နိဿရဏ- ထွက်မြောက်ပုံအား‌ဖြင့်လည်း သိရမယ်။ ဒီဝေဒနာလေး‌တွေ ဖြစ်ပေါ်လာတာလည်း သိရမယ်၊ ဒီဝေဒနာလေး‌တွေရဲ့ သာယာဖွယ်ကာဘာတုံး‌ဆိုရင် ဒီဝေဒနာလေး‌တွေ အကြောင်းပြုပြီး‌တော့ စိတ်ချမ်း‌သာ၊ ကိုယ်ချမ်း‌သာတွေ ဖြစ်နေတာ ဒါ သာယာစရာပေါ့။

http://www.dhammadownload.com

ဒီဝေဒနာလေးတွေရဲ့ ရွံမုန်းစက်ဆုပ်စရာက အာဒီနဝတဲ့။ ပျက်ပြယ်သွားတာတဲ့။ နိဿရဏာ- လွတ်မြောက်ရာ ဆိုတာက တော့ ဒီဝေဒနာလေးတွေ လုံးဝချုပ်ငြိမ်းသွားတဲ့ နိဗ္ဗာန်တရား ပဲ။ အဲဒီ နိဗ္ဗာန်တရားလည်း မြင်ရမယ်တဲ့။ အဲဒီလို မြင်အောင် သိအောင် အားထုတ်နေတာ အဘိညာယ- ထူးသောဉာဏ်နှင့် သိ၍၊ ပဟာန်- ပယ်ခြင်းကို၊ အာဟ- ဟောနေတာပဲတဲ့။

ပယ်ဖို့ရာ ဟောနေတာပါလား၊ ဘယ်တရားမှ လက်ခံဖို့ မဟုတ်ဘူး၊ တရားတိုင်း တရားတိုင်းကို သိအောင် အားထုတ်၊ သိပြီးတော့ပယ်ဖို့၊ ဒါဟောနေတာပဲ။ အခု ယောဂီပုဂ္ဂိုလ်တွေလည်းပဲ ကမ္မဋ္ဌာန်းဆရာက ဟောတော့ သဘောကျပါတယ်၊ အစက သဘောမကျဘူး။ နောက် သမာဓိဉာဏ်တွေ အားကောင်းလာတော့ ဟောလိုက်တဲ့အခါ သဘောကျပါတယ်။ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သိပြီးတော့ ပယ်ရမှာပဲ။ ဘယ်ဟာမဆို သိအောင်လို့ အားထုတ်ရမယ်၊ သိပြီးတော့ သာယာနှစ်သက်နေဖို့ မဟုတ်ဘူး၊ ပယ်ရမှာပဲ၊ စွဲမြဲထားဖို့လည်း မဟုတ်ဘူး။ သိရုံမျှသိပြီးတော့ ပယ်သွားဖို့ စွန့်သွားဖို့ချည်းပဲ၊ အဲဒီလို သဘောပေါက်သွားတယ်။ အဲဒီလို သဘောပေါက်သွားတော့ ပေါ်တိုင်းပေါ်တိုင်း ရှုမှတ်နေတော့ ဝိပဿနာဉာဏ်တွေက အစဉ်အတိုင်း တက်သွားပါတယ်။

http://www.dhammadownload.com

ရှင်သာရိပုတ္တရာကလည်း ဒီတရားကို ကြားနာရ တော့မှ သူသဘောပေါက်သွားတာကိုး။ တေသံ တေသံ ဓမ္မာနံ- ထိုထိုတရားတို့ကို၊ သုခဝေဒနာပဲဖြစ်ဖြစ်၊ ဒုက္ခဝေဒနာ ပဲဖြစ်ဖြစ်၊ ဥပေက္ခာဝေဒနာပဲဖြစ်ဖြစ်၊ ကာမဂုဏ်ချမ်းသာပဲ ဖြစ် ဖြစ်၊ ဈာန်ချမ်းသာပဲဖြစ်ဖြစ်၊ ရူပါဝစရချမ်းသာပဲဖြစ်ဖြစ်၊ အရူပါ ဝစရချမ်းသာပဲဖြစ်ဖြစ်၊ ဝိပဿနာချမ်းသာပဲဖြစ်ဖြစ်၊ သခ်ါရ ပေက္ခာချမ်းသာပဲဖြစ်ဖြစ်၊ ဘယ်တရားတွေမဆို ပေါ်တိုင်းပေါ် တိုင်း လှေကားတက်တဲ့ပုဂ္ဂိုလ်က တစ်ဆင့်ပြီးတစ်ဆင့် နင်းပြီး တက်သွားရသလို အောက်ကနင်းပြီးသားကို စွန့်လွှတ်သွားရ သလိုပဲ၊ ပေါ်တိုင်းပေါ်တိုင်းတရားတွေကို ရှုပြီးတော့ ပယ်သွား ဖို့ပဲ။ မြတ်စွာဘုရား ဒါဟောတာပဲလို့ သဘောပေါက်သွား တယ်။

တေသံ တေသံ ဓမ္မာနံ- ထိုထိုတရားတို့ကို၊ အဘိညာယ- ထူးသောဉာဏ်ဖြင့်သိ၍၊ ပဟာနံ- ပယ်ခြင်းကို၊ အာဟ- ဟောနေတာပဲ။ တေသံ တေသံ ဓမ္မာနံ- ထိုထို တရားတို့ကို၊ အဘိညာယ- ထူးသောဉာဏ်ဖြင့်သိ၍၊ ပဋိ နိဿဂ္ဂံ- တစ်ဖန်စွန့်လွှတ်ခြင်းကို၊ ဝေးစွာစွန့်လွှတ်ခြင်းကို၊ အာဟ- ဟောနေတာပဲလို့ သဘောပေါက်သွားတယ်။ အဲဒီလို သဘောပေါက်သွားတော့ သူ တွယ်တာခြင်းမရှိဘဲနဲ့ ဈာန်

http://www.dhammadownload.com

ဝင်စားပြီးတော့ ဝိပဿနာရှုလိုက်တဲ့အခါမှာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ရောက်သွားပြီး ရဟန္တာဖြစ်သွားတာပေါ့။

ရှင်သာရိပုတ္တရာက ရဟန္တာဖြစ်ပြီလို့ ဝန်ခံနေတယ်ဟု မြတ်စွာဘုရားအား လျှောက်ထားသော ကဋ္ဌာရသုတ်

နိဒါနဝဂ္ဂ သံယုတ်မှာ ကဋ္ဌာရသုတ်ဆိုတာရှိတယ်။ အဲဒီမှာ ရဟန်းတစ်ပါး သာသနာ့ဘောင်က လူထွက်သွားတာ အကြောင်းပြုပြီးတော့ ကဋ္ဌာရခတ္တိယမည်သောရဟန်းက ရှင်သာရိပုတ္တရာကို လျှောက်တော့ ရှင်သာရိပုတ္တရာက သူ့မှာ အသာသ- ထောက်တည်ရာကို မရရှာလို့ ထွက်သွားရှာတာပဲလို့ပြောလိုက်တော့ ဒီပြင်ရဟန်းတွေက ရှင်သာရိပုတ္တရာဖြင့် ထောက်တည်ရာတွေ ရနေတာပေါ့လို့ မေးတဲ့အခါ ဒါ ယုံမှားစရာမရှိပါဘူးလို့ ပြန်ဖြေတာကိုး။

သောတာပတ္တိမဂ်ဖိုလ်လည်း ထောက်တည်ရာပဲ။ အသာသပဲ။ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ ဒါလည်း ထောက်တည်ရာပဲ။ အနာဂါမိမဂ်ဖိုလ် မရသေးလို့ အနာဂါမ်မဖြစ်သေးလို့ လူထွက်သွားတာ၊ အဋ္ဌကထာမှာ ဒီလိုဖွင့်ထားပါတယ်။ အဲဒီတော့ ရှင်သာရိပုတ္တရာတော့ ထောက်တည်ရာရနေတယ်ဆိုတာ ယုံမှားစရာမရှိပါဘူးလို့ပြောတော့ အဲဒီ

http://www.dhammadownload.com

ရဟန်းက မြတ်စွာဘုရားကို သွားလျှောက်တယ်၊ ရှင်သာရိပုတ္တရာက သူ ရဟန္တာဖြစ်ပြီလို့ ဝန်ခံနေတယ်ဘုရားလို့ ဆိုတော့ မြတ်စွာဘုရားက သာရိပုတ္တရာ၊ သင်ရဟန္တာဖြစ်ပြီလို့ ဝန်ခံတယ်ဆိုတာ ဟုတ်သလားလို့ဆိုတော့ တပည့်တော်တိုက်ရိုက်ပြောတာ မဟုတ်ပါဘူး၊ ယုံမှားစရာမရှိပါဘူးလို့ ပြောပါတယ်ဆိုတော့ ဒါဖြင့် သာရိပုတ္တရာ၊ ဘယ်လိုတရားတွေတွေ့.ပြီးတော့ ရဟန္တာဖြစ်ပြီလို့ သင်ဝန်ခံသလဲလို့ မေးရင် ဘယ့်နယ်ဖြေမလဲတဲ့။ ရှင်သာရိပုတ္တရာဖြေပုံက လေးမျိုးရှိပါတယ်။ အဲဒီထဲမှာ တစ်မျိုးက ဒီနေရာနဲ့ဆိုင်ပါတယ်။

အဇ္ဈတ္တံ ဝိမောက္ခာ ခွာဟံ အာဝုသော သဗ္ဗပါဒါနက္ခယာ တထာ သတော ဝိဟာရာမိ ယထာ သတံ ဝိဟာရန္တိ အာသဝါ နာနုဿဝန္တိ အတ္တာနဉ္စ နာဝဇာနာမီတိ။

အာဝုသော- ငဲ့ရှင်တို့၊ အဟံ- ငါသည်၊ အဇ္ဈတ္တံ ဝိမောက္ခာ- အဇ္ဈတ္တတရားဌ လွတ်ခြင်းကြောင့်၊ သဗ္ဗပါဒါနက္ခယာ- အလုံးစုံသော ဥပါဒါန်တရားတို့၏ ချုပ်ခြင်းကြောင့်၊ တထာ- ထိုအခြင်းအရာဖြင့်၊ သတော- အမှတ်ရလျက်၊ ဝိဟာရာမိ- နေရပေ၏။ ယထာ- ယင်းသို့သော အခြင်းအရာအားဖြင့်၊ သတံ- အမှတ်ရသည်ဖြစ်၍၊ ဝိဟာရန္တိ- နေသောပုဂ္ဂိုလ်ကို၊ အာသဝါ- အာသဝေါတရားတို့သည်၊ နာနုဿဝန္တိ-

http://www.dhammadownload.com

အစဉ်လိုက်၍ မနှိပ်စက်နိုင်ကုန်။ အတ္တာနဆ္ဆ- မိမိကိုယ်ကို လည်း၊ နာဝဇာနာမိတိ- မထီမဲ့မြင်အားဖြင့် မတည်။

အဲဒီလို သဘောကျပြီးတော့ အရဟတ္တမဂ်ဉာဏ် ရောက်ပြီဆိုပြီး ဖြေတာလို့ပြောတယ်။ အဲဒီမှာ လိုရင်းကတော့ ဘာတုံးဆိုရင် အဇ္ဈတ္တံ ဝိမောက္ခာ- အဇ္ဈတ္တတရာဒ္ဒ် လွတ်ခြင်းကြောင့်၊ အဇ္ဈတ္တတရားမှ လွတ်သွားတယ်တဲ့။ ဒီမှာ အဇ္ဈတ္တကလွတ်တာ၊ ဗဟိဒ္ဓက လွတ်တာ ဒီလိုရှိပါတယ်။ အစမှာ အဇ္ဈတ္တတရား ရှုပြီးတော့ နောက်ကျတော့ ဗဟိဒ္ဓတရားရှုပြီး မဂ်ဖိုလ် ရောက်သွားတဲ့ပုဂ္ဂိုလ်၊ ဗဟိဒ္ဓတရားက လွတ်တယ်လို့ ခေါ်တယ်၊ အစမှာ ဗဟိဒ္ဓတရားရှုပြီးတော့ နောက်ကျ အဇ္ဈတ္တတရား ရှုနေတုန်း မဂ်ဖိုလ်ရောက်သွားတဲ့ပုဂ္ဂိုလ်ကို အဇ္ဈတ္တတရားက လွတ်တယ်လို့ ခေါ်တယ်။ တချို့က အဇ္ဈတ္တရှု၊ နောက်လည်းပဲ အဇ္ဈတ္တကနေပြီးတော့ ရဟန္တာဖြစ်သွားတဲ့သူတွေ ရှိတယ်။ ဒါက အဇ္ဈတ္တက လွတ်သွားတာ၊ တချို့လည်း အစလည်းပဲ ဗဟိဒ္ဓရှုပြီးတော့ နောက်လည်းပဲ ဗဟိဒ္ဓရှုရင်းနဲ့ပဲ မဂ်ဖိုလ်ရောက်သွား၊ ဒီ ပုဂ္ဂိုလ်က ရှိတယ်။ ဒါလည်း ဗဟိဒ္ဓက လွတ်တာပဲ။ အဲဒီလိုလေးမျိုးထဲမှာ သူက အဇ္ဈတ္တဝိမောက္ခပဲတဲ့၊ ကိုယ်တွင်းတရား ရှုပြီးတော့ အရဟတ္တမဂ်ဖိုလ်ကို ရောက်လာတယ်လို့ သူ ဖြေထားပါတယ်။ ကိုယ်တွင်း

http://www.dhammadownload.com

တရား ရှုပြီးတော့ အဖြစ်အပျက်တွေက လွတ်ပြီးတော့ သခ်ၤါရ ငြိမ်းတဲ့အာရုံထဲ ကျသွား။ ဒီတော့ အဇ္ဈတ္တတရားကနေပြီး လွတ်သွားလို့တဲ့၊ အဲဒီလို သူ ဖြေထားပါတယ်။

ဒီသုတ်သုံးခု နီးနောစပ်ဟပ်လိုက်တဲ့အခါမှာ အနုပဒ သုတ်က စာန်တရားတွေရှု၊ စာန်တရားဝင်စားပြီး စာန်တရား ကို ဝိပဿနာရှုတာတွေကို ပြပါတယ်။ ပြီးတော့ ဒီယနခ ပရိဗိုဇ်ကိုဟောတဲ့ ဒီယနခသုတ်ကတော့ မြတ်စွာဘုရားက (တို့ကို ထိုထိုတရားတွေကို သိပြီးတော့ပယ်ဖို့၊ ထူးသောဉာဏ် ဖြင့် သိပြီးတော့ပယ်ဖို့ ဟောနေတာပဲ)လို့ နလုံးသွင်းဆင်ခြင် တဲ့အကြောင်း ဒီလိုပြထားပါတယ်။ နောက်ပြီးတော့ ကဋ္ဌာရ သုတ်ကနေပြီးတော့ အဇ္ဈတ္တံ ဝိမောက္ခာ၊ အဇ္ဈတ္တတရား ရှုပြီး တော့ အရဟတ္တာမဂ်၊ အရဟတ္တဖိုလ်ဖြစ်သွားတယ်လို့ ဒီလို ရှင်သာရိပုတ္တရာကိုယ်တော်က ကိုယ်တိုင်ပဲ ဝန်ခံပြောဆိုထား ပါတယ်။ အဲဒါ သုံးခုစပ်လိုက်တော့ စာန်တရားတွေ ရှုရင်း ရှုရင်းနဲ့ အရဟတ္တာမဂ်ဖိုလ်ရောက်သွားတယ်ဆိုတာ ထင်ရှား နေပါတယ်။ အဲဒီလိုရောက်တာလည်း အစတုံးက မရောက် ဘဲနဲ့ နောက်မှဘာဖြစ်လို့ရောက်တုံးဆိုတော့ မြတ်စွာဘုရားက ဒီယနခသုတ်မှာ ဝေဒနာတွေ သုံးမျိုးလုံးရှုပြီးတော့ ပယ်ဖို့ရာ တွေ ဟောတော့၊ မိမိမှာဖြစ်နေတဲ့ စာန်ချမ်းသာတွေလည်းပဲ

http://www.dhammadownload.com

ရှုပြီးတော့ပယ်ရမှာတွေပဲလို့ မတွယ်တာဘဲနဲ့ ရှုလိုက်တဲ့အခါ မှာ ရှင်သာရိပုတ္တရာ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက် သွားတယ်လို့ ဒီလိုယူရမယ်။

ဒီတော့ အခု ယောဂီပုဂ္ဂိုလ်တွေလည်း ဒါ နည်းရပါ တယ်။ ဖြစ်တိုင်းဖြစ်တိုင်းတွေ ဒီလို ရှုပြီးတော့ ပယ်ရမှာတွေပဲ။ ဘယ်ဟာလေးကောင်းတယ်ဆိုပြီး စွဲမြဲထားဖို့တရားတွေ မဟုတ်ဘူး၊ ပေါ်တိုင်းပေါ်တိုင်း ရှုရမှာပဲ။ ကောင်းလည်း ရှုမှတ် ပြီး သွားရမှာပဲ၊ မကောင်းလည်း ရှုမှတ်ပြီး သွားရမှာပဲ။ ရှုမှတ် ပြီးတော့ ပယ်ရမှာပဲဆိုတာ သဘောကျသွားလို့ရှိရင်တော့ အဲဒါ တရား တက်ဖို့ရာပါပဲ။ အဲဒီတော့ ဖြစ်တိုင်းဖြစ်တိုင်းတွေ ပယ်သွားရမယ်။

နော- ငါတို့အား၊ ဘဂဝါ- မြတ်စွာဘုရားရှင်သည်၊ တေသံ တေသံမမွာနံ- ထိုထို တရားတို့ကို၊ အဘိညာယ- ထူးသောဉာဏ်ဖြင့်သိ၍၊ ပဟာနံ- ပယ်ခြင်းကို၊ အာဟ- ဟော နေတာပဲလို့ အဲဒီလို နလုံးသွင်းဆင်ခြင်ပြီးတော့ ဈာန်ဝင်စား ပြီး ဝိပဿနာရှုလိုက်တဲ့အခါ အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်သွားလေသည်။

http://www.dhammadownload.com

ဒီဃနခပရိဗိုဇ်ရဲ့သန္တာန်မှာ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပါတယ်

ဒီဃနခပရိဗိုဇ်မှာတော့ ဒီဃနခဿ ပန ပရိဗ္ဗာဇကဿ- ဒီဃနခပရိဗိုဇ်မှာမူကား၊ ဝိရဇံ- ကိလေသာ မြူကင်းသော၊ ဝီတမလံ- ကိလေသာ အညစ်အကြေးကင်းသော၊ ဓမ္မစက္ခုံ- သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်စိသည်၊ ဥဒပါဒိ- ဖြစ်ပေါ်လေ၏။ သမုဒယဓမ္မံ- ဖြစ်ခြင်းသဘောရှိသော၊ ယံကိဉ္စိ- အလုံးစုံသောတရားသည်၊ အတ္ထိ- ရှိ၏။ သဗ္ဗံ တံ- ထိုအလုံးစုံသော ဖြစ်ခြင်းသဘောရှိသော တရားသည်၊ နိရောဓဓမ္မံ- ချုပ်ပျက်ခြင်းသဘောရှိ၏။ ဣတိ- ဤသို့၊ ဓမ္မစက္ခုံ- သောတာပတ္တိမဂ်ဉာဏ်ဟု ဆိုအပ်သော တရားမျက်စိသည်၊ ဥဒပါဒိ- ထင်ရှားဖြစ်ပေါ်လေတော့၏။

အဲဒီတော့ ဒီဃနခပရိဗိုဇ်မှာတော့ အဲဒီသုတ္တန်တရားကို ကြားနာနေရင်း တရားမျက်စိ၊ သောတာပတ္တိမဂ်ဉာဏ် ဖြစ်ပါတယ်။ ဘယ်လိုဖြစ်တုံးဆို ဖြစ်ဖြစ်သမျှတရားတွေ အကုန်လုံး ချုပ်သွားတာချည်းပဲလို့ ဒီလိုသိမြင်တဲ့ သောတာပတ္တိမဂ်ဉာဏ် ဖြစ်သွားပါတယ်။ သောတာပတ္တိမဂ်ဉာဏ် ဖြစ်တဲ့အခါကျတော့ ဖြစ်ပျက်တဲ့တရားတွေ အကုန်လုံး ယူပစ်လိုက်သလို ကုန်သွားတာကိုး။ ဒါ ချုပ်ငြိမ်းတဲ့သဘော နိဗ္ဗာန်

http://www.dhammadownload.com

ရောက်သွားတာ။ အဲဒီတော့ သူမှာ သောတာပတ္တိမဂ်ဉာဏ် ဖြစ်သွားတယ်တဲ့။

သာဝကသန္နိပါတ သာဝကအစည်းအဝေးကြီး

အဲဒီဒေသနာဟောတော်မူပြီးတော့ မြတ်စွာဘုရားက ဂိဇ္ဈကူဋ်တောင်ကနေပြီး တန်ခိုးနဲ့ ရုတ်ခနဲ ကြွသွားတယ်၊ ဘယ်ကြွသွားတုံးဆို ဝေဠုဝန်ကျောင်းတော်၊ ဒီအခါမှာ မြတ်စွာဘုရားရဲ့ တပည့်သာဝကရဟန္တာတွေ ၁၂၅၀။ ၁၀၀၀-ကတော့ ဥရုဝေလကဿပ အမှူးရှိတဲ့ ရသေ့တွေက ဖြစ်လာတာပေါ့လေ။ ၂၅၀-က ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့နဲ့ အတူတူပါလာတဲ့ တပည့်ပရိသတ်တွေ။ အဲဒီမှာ သာဝကသန္နိပါတခေါ်တဲ့ တပည့်သာဝက အစည်းအဝေးတဲ့။ ဘုရားတိုင်း ဘုရားတိုင်းမှာ သာဝကအစည်းအဝေးဟာ သုံးကြိမ် သုံးကြိမ် ဖြစ်လေ့ရှိပါတယ်။ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ အစည်းအဝေး ဒီတစ်ကြိမ်ပဲ ထင်ရှားတယ်။ ဒုတိယ၊ တတိယ အစည်းအဝေးတွေ မထင်ရှားဘူး။

အဲဒီအစည်းအဝေးကြီး ဖြစ်မြောက်တဲ့ အချိန်ကာလမှာ ရှင်သာရိပုတ္တရာက ဆင်ခြင်တယ်၊ မြတ်စွာဘုရား ဝေဠုဝန်ကျောင်းတော်ရောက်နေပါလား၊ သာဝကသန္နိပါတ ပြုဖို့ရာ

http://www.dhammadownload.com

အခြိန်ပဲလို့ သိတဲ့အတွက် ရှင်သာရိပုတ္တရာလည်း တန်ခိုးနဲ့ လိုက်သွားတော့ ဟိုမှာ သာဝကတွေ အစုံပေါ့လေ။

သာဝကသန့်ပါတက အဂၢိလေးခုရှိတယ်။ မာယ နက္ခတ်နဲ့ယှဉ်တဲ့ တပို့တွဲလပြည့်နေ့လည်း ဖြစ်ရမယ်တဲ့။ အဲဒီ သာဝကတွေကလည်းပဲ ဘယ်သူကမှ မပင့်ဖိတ်ဘဲနဲ့ သူ့အလိုလို ကြွရောက်လာတာ ဖြစ်ရမယ်တဲ့။ အဘိညာဉ် ၆-ပါးနဲ့ ပြည့်စုံတဲ့ ဆဋ္ဌဘိညာရဟန္တာတွေ၊ အထက်တန်းစား အမြင့်ဆုံး ရဟန္တာတွေချည်းပဲ။ ပြီးတော့ ဒီရဟန်းတွေက မြတ်စွာဘုရား ဇဟိဘိက္ခုခေါ်ပြီး ပြုထားတဲ့ရဟန်းတွေ၊ အဂၢိရပ် လေးချက် ပေါ့လေ။

မာယယှဉ်မြဲ၊ တပို့တွဲ၊ ကြုံဆဲလပြည့်မှာ။
မပင့်ခေါ်ရ၊ လာရောက်ကြ၊
ဆဋ္ဌဘိဉ်ချည်းသာ။
ဇဟိဘိက္ခု။ ရဟန်းထု၊ ပေါင်းစုမိလေရာ။
သန့်ပါတ၊ သာဝက၊ ဆုံရလေးအဂၢိ။

အဲဒီ သာဝကသန့်ပါတမှာ မြတ်စွာဘုရားက ဩဝါဒပါတိမောက်ဆိုတဲ့ တရားကို ဟောပါတယ်။ ဒီတရားကတော့ ဘုန်းကြီးက ခဏခဏတော့ ဟောနေတာပဲ။ ဒါပေမယ့်လို့ ဒီတရားကို ဒီတစ်ခါသကြော့်နှင်းတွင်း ဟောရမှာပေါ့။ တချို့လည်း

http://www.dhammadownload.com

၄၀၄ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး

မကြားဖူးပေဘူး။ ကနေ့တော့ အချိန်လည်း ကုန်ပါပြီ။ တရား သိမ်းကြစို့ရဲ့။

နိဂုံး

ဤ ဒီယနခသုတ္တန် ဒေသနာတော်နှင့်တကွ အခြား သောသုတ္တန်ဒေသနာတော်တို့ကို ရိုသေစွာ နာယူမှတ်သားကြ ရသော ဓမ္မသဝန ကုသိုလ်ကံစေတနာ၏ အစွမ်းအာနုဘော် တို့ကြောင့် ယခုတရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့သည် ဘေးရန်အန္တရာယ်ဟူသမျှတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြ ဝေးကွာကြ၍ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပြီးလျှင် ဤဒေသနာ၌ လာ သည့်အတိုင်း ထိုထိုတရားတို့ကို ထူးသောဉာဏ်ဖြင့် သိပြီး ပယ်နိုင်စွန့်နိုင်အောင် အားထုတ်ကြ၍ ဝိပဿနာဉာဏ်အစဉ် အရိယာမဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု- သာဓု- သာဓု။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါး

ကျွတ်တမ်းဝင်ခန်း တရားတော်

အင္ဒမပိုင်း (နိဂုံးပိုင်း)

(၁၃၂၆- ခုနှစ်၊ ကဆုန်လဆန်း ၈-ရက်)

တရားအနှစ်ချုပ်

တန်ခူးလဆုတ် ၈-ရက်နေ့က ဒီယနခသုတ္တန်တရား အဆုံးမှာ မြတ်စွာဘုရား၏ တပည့်သာဝကပေါင်း ၁၂၅၀ ဝေဠုဝန်ကျောင်းတော်မှာ စုဝေးမိလို့ သာဝကသန့်ပါတ တပည့်သာဝကအပေါင်းအစည်းအဝေး ဖြစ်တဲ့အကြောင်း အဲဒီနေ့က ပြောခဲ့တယ်။ မြတ်စွာဘုရားတိုင်းမှာ သာဝကသန့်ပါတ သုံးကြိမ် ရှိပါတယ်။ သာဝကသန့်ပါတ ပြုတဲ့အခါကာလမှာ ရဟန်းတော်အရေအတွက်ဟာလည်း ရှေးရှေးဘုရားတွေမှာ ဆို အင်မတန်များပါတယ်။ သောင်းနဲ့ သိန်းနဲ့ချီပြီးတော့ များခဲ့ပါတယ်။ အခု ဂေါတမမြတ်စွာဘုရား လက်ထက်မှာတော့ အဲဒီ ပထမဆုံးသာဝကသန့်ပါတ အစည်းအဝေးက ၁၂၅၀-ပဲ ရှိပါတယ်။

http://www.dhammadownload.com

သာဝကသန္နိပါတ သာဝကအစည်းအဝေးကြီး၌
အဂ္ဂသာဝကတင်မြှောက်ခြင်း

အဲဒီ သာဝကသန္နိပါတ တပည့်သာဝက အစည်းအဝေးဆိုတာ သာမန်ပုဂ္ဂိုလ်တွေ စည်းဝေးတာ မဟုတ်ဘူး။ ဗေဟိဘိက္ခု ရဟန်းချည်းပဲတဲ့။ ရဟန်းတွေမှာလည်း ပုထုဇဉ်တွေ မဟုတ်ဘူး၊ သောတာပန်မဟုတ်ဘူး၊ သကဒါဂါမ်မဟုတ်ဘူး၊ အနာဂါမ်မဟုတ်ဘူး၊ သာမန်ရဟန္တာလည်း မဟုတ်ဘူး၊ ဆဋ္ဌဘိညဉာဏ် ၆-ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာတွေ။ ဒီရဟန္တာတွေဟာလည်း အစည်းအဝေးလုပ်ရအောင်လို့ ဆင့်ခေါ်ယူရတာ မဟုတ်ဘူး။ သူ့အလိုလို ရောက်ပြီးတော့ လာတဲ့ဒီအခါမှာ စည်းဝေးမိတာပဲတဲ့။ ဒီမှာလည်းပဲ ဒ့ဳပြင်ရက်တွေ မဟုတ်ဘူး။ မာယာနက္ခတ်နဲ့ယှဉ်တဲ့ တပို့တွဲလပြည့်နေ့လည်း ဖြစ်ပါတယ်တဲ့။ အဂၤါလေးပါး ညီရတယ်တဲ့။

မာယယှဉ်မြဲ၊ တပို့တွဲ၊ ကြဲ့ဆဲလပြည့်မှာ။
မပင့်ခေါ်ရ၊ လာရောက်ကြ၊
ဆဋ္ဌဘိဉ်ချည်းသာ။
ဗေဟိဘိက္ခု။ ရဟန်းထု၊ ပေါင်းစုမိလေရာ။
သန္နိပါတ၊ သာဝက၊ ဆုံရလေးအင်္ဂါ။

http://www.dhammadownload.com

အဲဒီ ပထမသာဝကသန္နိပါတ သာဝကအစည်းအဝေး ကြီးမှာပဲ မြတ်စွာဘုရားရှင်က ရှင်သာရိပုတ္တရာကို ပထမ အဂ္ဂသာဝကအရာ၊ ရှင်မောဂ္ဂလ္လာန်ကို ဒုတိယအဂ္ဂသာဝက အရာ၊ အသီးသီး ချီးမြှောက်တော်မူပါတယ်။

ဂါထာ သုံးခုရှိတဲ့ ဩဝါဒပါတိမောက်

အဲဒီ အဂါလေးပါးနဲ့ညီညွတ်တဲ့ သာဝကသန္နိပါတ သာဝကအစည်းအဝေးကြီးမှာ မြတ်စွာဘုရားက ဆုံးမဩဝါဒ ပေးတယ်။ အဲဒီ အဆုံးအမဩဝါဒကို ဩဝါဒပါတိမောက်လို့ ခေါ်တယ်။ ဂါထာ သုံးခုရှိတယ်။ ဒီ ဩဝါဒပါတိမောက်ကတော့ နှစ်ပတ်လည်အစည်းအဝေးတိုင်း ဘုန်းကြီး ဟောပြောလာခဲ့ တာ များလှပါပြီ။

ဒီ ဩဝါဒပါတိမောက်ကို မြတ်စွာဘုရားများ ရှေးဦးစွာ စပြီး ဩဝါဒပေးတယ်။ သက်ဟမ်းရှည်တဲ့ အခါကာလမှာ ဆိုလို့ရှိရင် မြတ်စွာဘုရားတွေက ဒီဩဝါဒပါတိမောက်နဲ့ပဲ ဆုံးမဩဝါဒပေးတာ။ ဝိနည်းသိက္ခာပုဒ်ရယ်လို့ ကျယ်ကျယ် ပြန့်ပြန့် မပညတ်ခဲ့ဘူး။ ဩဝါဒပါတိမောက်သည်ပင်လျှင် ဝိနည်းပဲ။ ဂါထာလေး သုံးပုဒ်ပဲ ရှိတယ်။ သုံးပုဒ်ကလည်း တိတိကျကျ ကျင့်ရမယ်ဆိုရင် မလွယ်လှဘူး။ အင်မတန်

http://www.dhammadownload.com

ကျယ်ပြန့်ပါတယ်။ အဲဒီ ဩဝါဒပါတိမောက် တရားတော်ကို မြတ်စွာဘုရားက သာဝကသန့်ပါတ သာဝကအစည်းအဝေး ကြီးမှာ ဟောကြားပါတယ်။

အခုဘုန်းကြီးက ဒေသနာအစဉ်အတိုင်း ဟောလာတာကိုး။ ပထမ ဓမ္မစကြာတရား၊ ပြီးတော့ ဟေမဝတသုတ္တန်၊ ဓမ္မာစကြာတရား ဟောပြီးတဲ့ညမှာ ဟောတာ။ နောက်မှ အနတ္တလက္ခဏသုတ်၊ အာဒိတ္တသုတ်၊ အဲဒီကနောက်ကို အရှင်သာရိပုတ္တရာ ဝိပဿနာရှုတဲ့ အနုပဒသုတ်၊ နောက် ဒီဃနခပရိဗိုဇ်ကိုဟောတဲ့ ဒီဃနခသုတ္တန်၊ အစဉ်အတိုင်း ဟောလာတာဆိုတော့ အခု သာဝကသန့်ပါတမှာ မြတ်စွာဘုရား ရှေးဦးစွာဟောတဲ့ ဩဝါဒပါတိမောက်အလှည့် ရောက်နေတာကိုး။ ဒီ ဩဝါဒပါတိမောက်ကို ဟောရမယ်။

အဲဒီဩဝါဒမောက်ကို ဟောကြားတဲ့အခါကာလမှာ ဆုံးမဩဝါဒနာခံတဲ့ ပုဂ္ဂိုလ်တွေက ရဟန္တာတွေချည်းပဲ။ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ။ ဗြဟ္မစရိယံ- မြတ်သောအကျင့်ကို၊ ဝုသိတံ- ကျင့်သုံးပြီးပြီတဲ့။ ကျင့်သုံးစရာကို မလိုတော့ဘူး။ ဒီပုဂ္ဂိုလ်တွေက ဘာမှကို ကျင့်စရာမလိုတော့ဘူး။ ကတံ ကရဏီယံ- ပြုဖွယ်ကိစ္စတွေလည်း အကုန်လုံး ပြုပြီးပြီ။ နောက်ထပ်ပြုစရာကို မလိုတော့ဘူး။ အဲဒီလိုရဟန်းတော်တွေ

http://www.dhammadownload.com

ကို ပေးတဲ့ သြဝါဒပဲ။ ဒီသြဝါဒက သာမန်သြဝါဒမဟုတ်ဘူး၊ အဲဒီ ရဟန္တာပုဂ္ဂိုလ်တွေကိုတောင်မှ မြတ်စွာဘုရားက ဒီသြဝါဒ ကိုပေးနေတော့ ဒို့ပြင်ပုဂ္ဂိုလ်တွေလည်း ကျင့်ရမှာပေါ့လေ။

(၁) သြဝါဒပါတိမောက် ပထမဂါထာ

ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော။

(၁-က) သည်းခံခြင်းသည် အမြတ်ဆုံး

ဒါက ပထမဂါထာ။ တိတိက္ခာ- ချုပ်တည်းခြင်းဟု ဆိုအပ်သော၊ ခန္တီ- သည်းခံခြင်းသည်၊ ပရမံ- အမြတ်ဆုံးသော၊ တပေါ- အကျင့်ပေတည်း။ ကိုယ်၊ နှုတ်၊ စိတ်ကို ချုပ်တည်းပြီး တော့ သည်းခံတဲ့အကျင့်ဟာဖြင့်ရင် အမြတ်ဆုံးပဲတဲ့။ အဲဒါ ဘုန်းကြီးက ဆောင်ပုဒ်လုပ်ထားတယ်။ ကဲ ဆိုလိုက်ကြဦးစို့၊ ပြီးမှ အဓိပ္ပါယ်ပြောရမယ်။

သည်းခံကျင့်သုံး၊ အမြတ်ဆုံးပေ။

http://www.dhammadownload.com

သည်းခံတဲ့အကျင့်ဟာဖြင့် အမြတ်ဆုံးပဲတဲ့။ သံဝရ တရား ၅-ပါးထဲမှာလည်း ခန္တီသံဝရဆိုတာ တစ်ပါးပါတယ်။ သည်းခံခြင်းတရားပဲ။ ခန္တာ ဘိယျော နဝိဇ္ဇတိ။ ခန္တာ- သည်းခံခြင်းထက်၊ ဘိယျော- လွန်မြတ်သောတရားသည်၊ နဝိဇ္ဇတိ- မရှိ။ သည်းခံခြင်းတရားကို မြတ်စွာဘုရားက အကြိမ်ပေါင်းများစွာ ဟောပါတယ်။ သဗ္ဗာသဝသုတ်မှာလည်းပဲ ခန္တီသံဝရ အနေနဲ့ ဟောတယ်။ သည်းခံပြီးတော့ ကိလေသာတွေကို ပယ်ဖို့တဲ့။ သည်းခံရတယ်ဆိုတာ ဘာတုံးဆိုရင် ပုဂ္ဂိုလ်ကို သည်းခံရတာ ရှိတယ်၊ တရားသဘောကို သည်းခံရတာ ရှိတယ်၊ သည်းခံရတာ နှစ်မျိုးရှိတယ်။

ပုဂ္ဂိုလ်ကို သည်းခံရတာကတော့ မိမိအပေါ်မှာ ကျူးလွန်စော်ကားပြီးတော့ ပြုလုပ်တဲ့ပုဂ္ဂိုလ် ပြောဆိုတဲ့ပုဂ္ဂိုလ်တွေ ရှိတဲ့အခါကာလမှာ သည်းခံရတာပေါ့လေ။ ရဟန်းများမှာ ဆိုရင်တော့ သည်းခံမှပဲ နေရာကျမှာပါပဲ။ သည်းမခံတာနဲ့ ဒေါသ ဖြစ်လာတာကိုး။ ဒေါသ ဖြစ်ကတည်းက အကုသိုလ် ဖြစ်ပြီ၊ သူက နေရာမကျဘူး၊ ဒေါသ ဖြစ်လာပြီးတော့ ကိုယ် အမူအရာ ပျက်လာမယ်။ နှုတ်ကလည်းပဲ မတော်မသင့်တာတွေ ပြောလာမယ်။ ကြမ်းကြမ်းတမ်းတမ်း တွေ။ အဲဒါ သည်းမခံလို့ ဖြစ်တာပဲ။ ဒါတင်မကဘဲနဲ့ ကိုယ်နဲ့ ပြန်လှန်ပြီး

http://www.dhammadownload.com

ပြုလုပ်မိလို့ရှိရင် ကာယကံမြောက် အကုသိုလ်တွေ ဖြစ်သွား
မယ်။ ဒီ အကုသိုလ်တွေက အပါယ်လေးပါးတွေ ချနိုင်တာပဲ။
အဲဒါကြောင့် သည်းခံပါတဲ့၊ တစ်ပါးသောပုဂ္ဂိုလ်တွေ မိမိအပေါ်
မှာ ကျူးလွန်ပြောဆိုလာလို့ရှိရင် ပြုလုပ်လာလို့ရှိရင် သည်းခံရ
မယ်တဲ့။ သည်းခံတဲ့ အကျင့်ဟာဖြင့်ရင် အကောင်းဆုံးအကျင့်
ပဲတဲ့။ ရဟန်းတွေအတွက် အကောင်းဆုံးအကျင့်ပဲတဲ့။

လူတွေအတွက်တော့ ရှေးကပညာရှိတွေက သြဝါဒ
ပေးထားတယ်။ တံခွန်ကိုနှိမ့်၊ အဆိပ်ကိုပြု၊ ဓမ္မကိုစားတဲ့။ မာန
တံခွန် မထောင်လွှားစေရဘူးတဲ့။ မာနနဲ့ သူများအပေါ် လွှမ်းမိုး
ပြီးသကာလ မောက်မောက်မာမာ ပြောဆိုခြင်း၊ ပြုလုပ်ခြင်း၊
အဲဒါတွေ မလုပ်ပါနဲ့တဲ့။ မာနတံခွန်ကြီးကို နှိမ်ထားပါတဲ့။
တန်းတူဖြစ်စေ၊ အောက်ကျို့ဝှေ့ဖြစ်စေ၊ ပေါင်းသင်းဆက်ဆံ
နိုင်ပါစေတဲ့။

ဒီလို ပေါင်းသင်းဆက်ဆံနိုင်လို့ရှိရင် ဒီပုဂ္ဂိုလ်က
ချစ်ခင်တဲ့ပုဂ္ဂိုလ် ပေါတယ်။ ကြည်ညိုတဲ့ပုဂ္ဂိုလ်တွေ ပေါတယ်။
အကူအညီပေးမယ့်ပုဂ္ဂိုလ်တွေ ပေါတယ်။ ကိုယ်က အထက်
ချည်းပဲ ဖိစီးပြီးတော့နေမယ်ဆိုလို့ရှိရင် မုန်းတဲ့ပုဂ္ဂိုလ်တွေ ပေါ
တယ်။ မပေါင်းချင်ကြဘူး။ အရည်အချင်းတွေ ပြည့်စုံနေပေ
မယ့်လို့၊ အဲဒီပုဂ္ဂိုလ်နဲ့ တယ်ပြီးမနီးစပ်ချင်ဘူး။ လူဟာ လူချင်း

http://www.dhammadownload.com

တန်းတူပေါင်းသင်းရင် သဘောကျတယ်။ အောက်ကနိမ့်ချပြီး တော့ ပေါင်းတဲ့ပုဂ္ဂိုလ်ဆိုရင် ပိုပြီးတော့ ကြိုက်တတ်တယ်။ လူသဘောက ဒီလိုရှိပါတယ်။ ဒါ့ကြောင့် အချင်းချင်း ပြောဆို ဆက်ဆံတဲ့ နေရာတွေမှာ တံခွန်ကိုနိမ့်ပါတဲ့။ မာန အရိပ် အယောင်တွေ မပေါ်ပါစေနဲ့တဲ့။ ငါက အသက်ကြီးနေတာပဲ။ ငါက ပညာတွေ တတ်နေတာပဲ၊ ငါက တရားတွေ အားထုတ် ထားတာပဲ၊ ငါက ယောဂီဟောင်းပဲ၊ ငါက ဆရာပဲ၊ အဲဒီလို မာန်မာနတွေ မထားပါနဲ့တဲ့။ အဲဒါကတော့ တရားအားထုတ် ရာမှာတင် မဟုတ်ဘူး။ ဘယ်နေရာဖြစ်ဖြစ် အသုံးကျတယ်။ ဒီအတိုင်းကျင့်နေလို့ရှိရင် အင်မတန် ကောင်းတာပေါ့။

အဆိပ်ကိုပြတဲ့။ ကိုယ်က မာန်မာနမထားဘဲနဲ့ ချို့ချို့ သာသာနဲ့၊ ဖော်ဖော်ရွေရွေနဲ့၊ နိမ့်ချပြီးတော့နေတတ်တဲ့ ပုဂ္ဂိုလ် ကို တစ်ဖက်သားပုဂ္ဂိုလ်ကလည်း အထင်အမြင်သေးတတ် သေးတယ်။ အထင်အမြင်သေးပြီးတော့ တစ်ဖက်သားပုဂ္ဂိုလ် တွေက ကျူးကျော်ပြီးတော့လည်းပဲ ပြောဆိုတတ်တယ်တဲ့။ မရိုမသေတွေလည်း လုပ်တတ်တယ်တဲ့၊ အလိုက်မသိတဲ့ ပုဂ္ဂိုလ်တွေပေါ့လေ။ အဲဒီလို အထင်အမြင် မသေးရအောင် လည်းပဲ အဆိပ်ကိုပြပါတဲ့။ ကိုယ့်အဆိပ်လေးလည်း ပြဦးမှ ဖြစ်မှာတဲ့။ မိမိစွမ်းရည်သတ္တိလည်း ပြတန်သမျှပြရမယ်။

http://www.dhammadownload.com

ဟောတတ်ပြောတတ်တဲ့ ပုဂ္ဂိုလ်ဆိုရင်ဖြင့် မိမိဟောရေး ပြောရေးလေးတွေ ပြပေါ့လေ။ အဆိပ်မရှိသလို နေလို့ မဖြစ် သေးဘူးတဲ့။ လူ့လောကထဲမှာ ဒါတွေလည်း လုပ်ရဦးမယ်။

ဓမ္မကိုစားတဲ့။ အဆိပ်ပြဆိုပေမယ်လို့လည်းပဲ တရား လွန်ဖြစ်အောင်တော့ မပြုန့်တဲ့။ တရားတော့လည်းပဲ ကျင့်သုံး ပါတဲ့။ ကိုယ်ကျင့်တရားတော့ မပျက်ပါစေနဲ့တဲ့။ မေတ္တာတို့ ကရုဏာတို့ ဒါလေးတွေလည်း ရှိရမယ်လို့ ဆိုလိုပါတယ်။ အဲဒါကြောင့် လူလောကမှာနေတဲ့ ပုဂ္ဂိုလ်တွေတော့ မာနတံခွန် ကို မထောင်လွှားဘဲနဲ့၊ မိမိစွမ်းရည်သတ္တိလည်း ပြတန် သလောက် ပြထားပြီးတော့၊ ဒါလည်းပဲ တရားလွန်မဖြစ်ရ အောင်လို့ သည်းခံခြင်းတရားတွေနဲ့လည်း ပြည့်စုံဦးမှ ဖြစ်မှာ။

ရဟန်းတော်များမှာ ဆိုလို့ရှိရင်တော့ သည်းခံခြင်း တရားဟာ အကောင်းဆုံးပါပဲ။ ဘုရားအလောင်းတော်များ ဆိုရင် ရှင်ရသေ့တွေဖြစ်တဲ့အခါကာလတွေ သူများကညှဉ်းဆဲ လည်း သည်းခံနေတာပါပဲ။ ခန္တီဝါဒီဇာတ်တော်မှာဆိုရင်ဖြင့် မိမိကိုယ်အင်္ဂါ ပျက်စီးလောက်အောင် သေလောက်အောင် နှိပ်စက်ညှဉ်းဆဲလာပေမယ့်လို့လည်းပဲ သည်းခံနေတာပဲ။ စိတ် မဆိုးဘူး။ စိတ်မဆိုးတာ အံ့သြစရာတော့ ကောင်းတယ်။ နှုတ်တို့ ကိုယ်တို့က မဖောက်ပြန်တာ ထားဦးတော့၊ အတွင်း

http://www.dhammadownload.com

စိတ်ကတော့ စိတ်ဆိုးစရာပဲ၊ စိတ်မဆိုးဘဲ နေနိုင်တာက တော်တော် အံ့သြစရာကောင်းပါတယ်။ ဒါ ဘုရားအလောင်း မို့လို့သာ။

မြတ်စွာဘုရား သြဝါဒ ဘယ့်နယ်ပေးထားလဲ ဆိုလို့ ရှိရင် လူဆိုးသူဆိုးတွေက ဖမ်းပြီးတော့ နစ်ဖက်အရိုးရှိတဲ့ ငါးမန်းစွယ်လွှနဲ့ ခါးကိုတိုက်ဖြတ်ကြလို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေလည်းပဲ စိတ်မဆိုးပါနဲ့တဲ့။ စိတ်ဆိုးလို့ရှိရင် ငါဘုရား၏ အဆုံးအမသြဝါဒကို ခံယူတဲ့သူ မဟုတ်ဘူးတဲ့၊ ကျင့်တဲ့သူ မဟုတ်ဘူးတဲ့။ ဘုရားအဆုံးအမ သြဝါဒက လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ မဖြစ်အောင် ကျင့်ရမှာ၊ ကင်းအောင် ကျင့်ရမှာကိုး။

သူတစ်ဖက်သား ကျူးလွန်တာက တခြားပဲ။ ဘုရားအဆုံးအမ သြဝါဒကျင့်တဲ့ အခါကာလကျတော့ မိမိသန္တာန် ကိလေသာမဖြစ်အောင် ကျင့်ဖို့ရာက အရေးကြီးတာ။ မိမိကို လွှနဲ့ တိုက်ဖြတ်တဲ့ပုဂ္ဂိုလ်များတောင်မှ စိတ်မဆိုးဘဲနဲ့ ကျင့်ရမယ်ဆိုတော့ ဒီပြင် သေးသေးမွှားမွှားလေးတွေဆိုတာ ဘယ်ပြောစရာ ရှိတော့မလဲ။ အတူနေပုဂ္ဂိုလ်အချင်းချင်း စိတ်မဆိုးဖို့ ဆိုတာတော့ ပြောစရာကို မလိုတော့ဘူး။

http://www.dhammadownload.com

တရားနဲ့ သင့်တင့်အောင် နလုံးသွင်းဆင်ခြင်ရမယ်။ မိမိမှာ မကောင်းသော အနိဋ္ဌာရုံတွေနဲ့ တွေ့ခဲ့လို့ရှိရင်၊ သူတစ်ပါးက မခံသာအောင် ပြောဆိုလို့ရှိရင်၊ ပြုလုပ်လို့ရှိရင်၊ ကိုယ့်အကြောင်းလည်း ကိုယ်ကြည့်ရမှာပေါ့။ ငါ့ အကုသိုလ်ရှိလို့ ဒီလိုမကောင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ တွေ့ရတယ်။ ငါကိုက နေရာမကျလို့။ ရှေးရှေးသောကာလတွေက ငါကိုက မတရားသဖြင့်၊ သူများအပေါ်တွေကို ပြောဆိုခဲ့လို့၊ ပြုခဲ့လို့၊ အခုလာပြီးတော့ မကောင်းကျိုးတွေ ပေးတာပဲ။ အဲဒီလိုနလုံးသွင်းရင် လည်းပဲ သက်သာရာ ရပါတယ်။

ရုပ်နာမ်ခန္ဓာတွေ နလုံးသွင်းရင်လည်း သက်သာရာ ရပါတယ်။ ပုဂ္ဂိုလ်သတ္တဝါရယ်လို့ မရှိဘူး။ ငါ့ကိုယ်လို့ဆိုတာလည်းပဲ ရုပ်တရားတွေပဲ။ ဒီရုပ်တရားတွေရှိလို့ ဒီရုပ်တရားတွေကို သူတစ်ပါးက နှိပ်စက်ကြတာပဲ။ အကယ်၍ ရုပ်မရှိရင် ဘယ်သူကမှ လာပြီးနှိပ်စက်နိုင်မှာ မဟုတ်ဘူး။ ရှေးရှေးဘဝက အဝိဇ္ဇာတို့ တဏှာတို့ ဒီကိလေသာတွေလည်း၊ ငါ ပယ်နိုင်အောင် မကျင့်ခဲ့လို့ အခုထိ ရုပ်နာမ်ခန္ဓာတွေရနေတဲ့ အတွက်ကြောင့် သူတစ်ပါးက နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်းတွေ ပေါ်ပေါက်ပြီးတော့ လာရတယ်။ အဲဒီတော့ သူတစ်ပါးအပြစ်

http://www.dhammadownload.com

၄၁၆ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ကြီး

မဟုတ်ပေဘူး။ ငါ့အပြစ်ပဲလို့ ဒီလိုနှလုံးသွင်းရင်လည်းပဲ သက်သာရာ ရပါတယ်။

ပုဂ္ဂိုလ်အနေအားဖြင့် သည်းခံရတာ နှစ်မျိုးရှိပါတယ်။ ကိုယ်က နိုင်လောက်ရဲ့သားနဲ့ သည်းခံရတာက တစ်မျိုး၊ မနိုင်လို့ သည်းခံရတာကတစ်မျိုး၊ နှစ်မျိုးရှိတယ်။ နိုင်လောက်ရဲ့သားနဲ့ သည်းခံတာကတော့ မြင့်မြတ်ကြောင်း အင်မတန်ထင်ရှားနေပါပြီ။ ကိုယ့်အင်အားတွေလည်း ရှိရဲ့သားနဲ့၊ နိုင်လောက်ရဲ့သားနဲ့။ ဥပမာ- ကိုယ့်လာပြီးကိုက်တဲ့ ပုရွက်ဆိတ်တော့ နိုင်တာပေါ့လေ၊ ပွတ်ခြေလိုက်ရင် သေသွားမှာပေါ့။ ဒါပေမယ့်လို့ သည်းခံပြီးတော့ ပုရွက်ဆိတ်ကို အသာလေးဖယ်ရှားလိုက်တယ်။ ဘာမှ သူ့ကို ရန်မမူဘူး။ အဲဒါက နိုင်ရဲ့သားနဲ့ သည်းခံတာ။

မနိုင်လို့ သည်းခံရတာကတော့ ရှိတယ်။ လူဆိုးသူဆိုးတွေတို့၊ အင်အားကြီးမားတဲ့ပုဂ္ဂိုလ်တွေ အဲဒါတွေကတော့ မနိုင်လို့သည်းခံရတာ။ မနိုင်တာလည်း သည်းခံမှပဲ တော်တယ်။ တချို့ကလည်း မနိုင်လို့ သည်းခံရတာကတော့ တယ်မဟုတ်ဘူးလို့ ဇောက်မော့တယ်။ မနိုင်လို့ သည်းခံတာလည်း ကောင်းတယ်။ မနိုင်တဲ့ဥစ္စာ သည်းမခံဘဲနဲ့ ကိုးရိုးကားရားတွေလျှောက်လုပ်ရင် ပိုပြီးတော့ နစ်နာတတ်တယ်။ မနိုင်တဲ့

http://www.dhammadownload.com

အခါမှာ သည်းခံနေလို့ရှိရင် တစ်ဖက်သားပုဂ္ဂိုလ်က သနားပြီးတော့ ညှာရင်လည်း ညှာသွားဦးမယ်။ မညှာတောင်မှလည်း လွန်လွန်ကဲကဲကြီး မလုပ်ဘူး။ မနိုင်ဘဲနဲ့သွားပြီး ကိုးရိုးကားရားတွေ လုပ်မှတော့ ဟိုက တကယ်စိတ်ဆိုးပြီးတော့ သူ လုပ်ချင်တိုင်းလုပ်တော့ အင်မတန် နစ်နာတတ်တယ်။ အင်မတန် ဒုက္ခရောက်တတ်တယ်။

ဒီတော့ နိုင်ရင်လည်းပဲ သည်းခံတာက ကောင်းတယ်။ မနိုင်ရင်လည်း သည်းခံတာကတော့ ကောင်းတာပါပဲ၊ သည်းခံခြင်းကတော့ အကျိုးရှိတာပါပဲ။

ဒါကြောင့်မို့ တိတိကွာ- ချုပ်တည်းခြင်းဟုဆိုအပ်သော၊ ခန္တီ- သည်းခံခြင်းသည်၊ ပရမံ တပေါ- မြတ်သောအကျင့်ပေတည်းတဲ့။ ရဟန်းတော်များမှာတော့ သည်းခံခြင်းဟာ မြတ်သောအကျင့်၊ သည်းခံမှ ဒေါသတွေမရှိမှ သူတော်ကောင်းတရားတွေ ဆက်ပြီးတော့ ပွားများအားထုတ်နိုင်မှာကိုး။ စိတ်က ဒေါသတွေဖြစ်နေလို့ရှိရင် သူတော်ကောင်းတရား မပွားများနိုင်ဘူး။ ဒါကြောင့်မို့ သည်းခံရမယ်။ ဒါက ပုဂ္ဂိုလ်အနေနဲ့ သည်းခံရတာပဲ။

သဘောတရား၊ သဓီရတရားတွေ သည်းခံရတာရှိတယ်။ သီတသ- အအေးကို၊ ခမော- သည်းခံတတ်သည်၊

http://www.dhammadownload.com

ဟောတိ- ဖြစ်၏။ ဥက္ကာသ- အပူကို၊ ခမော- သည်းခံတတ်သည်၊ ဟောတိ- ဖြစ်၏။ အအေးတို့၊ အပူတို့ ဒါတွေ သည်းခံရမယ်တဲ့။ ဒါကတော့ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း ဆိုင်လာတယ်။ အားလုံးနဲ့လည်း ဆိုင်ပါတယ်၊ တရားအားထုတ်နေလို့ရှိရင် အေးတာလည်း သည်းခံပြီးတော့ တရားအားထုတ်ရတယ်။ ပူတာလည်း သည်းခံပြီးတော့ အားထုတ်ရတယ်။ ကိုယ်ထဲမှာ ညောင်းတာ၊ နာတာ၊ ကျဉ်တာ၊ ကိုက်ခဲတာ၊ အနေအထိုင်ခက်တာ၊ ဒုက္ခဝေဒနာတွေပေါ်လာရင် အဲဒါတွေသည်းခံပြီးတော့ အားထုတ်ရတယ်။

အေးလိုက်တာဆိုပြီးတော့ တရားအလုပ်ကို ဖျက်ပြီးတော့ ပြုပြင်လိုက်လို့ရှိရင် သတိ သမာဓိတွေ ပျက်သွားတယ်။ ပူလှသလေးဆိုပြီး တရားတွေဖြုတ်ပစ်လိုက်လို့ရှိရင် သတိ သမာဓိတွေ ပျက်သွားတယ်။ အဲဒီတော့ အေးရင်လည်းပဲ အေးတဲ့အလိုက် ပူလည်း ပူတဲ့အလိုက်၊ ညောင်းရင် ညောင်းတဲ့အလိုက်၊ နာလည်း နာတဲ့အလိုက်၊ ကိုက်ခဲလည်း ကိုက်ခဲတဲ့အလိုက်၊ အဲဒီ ဒုက္ခဝေဒနာလေးတွေ သည်းခံပြီးတော့ လိုက်ပြီးတော့ ရှုနေရတယ်။ မပြတ်တမ်း ရှုနေရတယ်၊ မနေသာလှမှဘဲ ပြင်ရတယ်။ ပကတိလူတွေလို ခဏခဏ ပြင်နေလို့ရှိရင် သမာဓိ မဖြစ်ဘူး။ သမာဓိ မဖြစ်တော့ ဉာဏ်

http://www.dhammadownload.com

မဖြစ်ဘူး။ ညကမဖြစ်လို့ရှိရင် မင်္ဂလာနိဗ္ဗာန်ဆိုတာ မရောက်နိုင်ဘူး။

ဒါကြောင့်မို့ သည်းခံရင် နိဗ္ဗာန်ရောက်သည်တဲ့။ ဒီပြင်လောကရေးရာနဲ့ သည်းခံရင်လည်း နိဗ္ဗာန်ရောက်ခြင်းရဲ့ အကြောင်း ဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒါကတော့ ဝေးတယ်၊ တရားအားထုတ်ရာမှာတော့ သည်းခံတာက နိဗ္ဗာန်ရောက်ဖို့ရာ အများကြီးနီးတယ်။ သည်းမခံဘဲနဲ့ ကိုယ်အမူအရာတွေ ပြုပြင်နေမယ်၊ အမှတ်သတိတွေ လွတ်ကင်းနေမယ် ဆိုလို့ ရှိရင်တော့ တရားမတိုးတက်ဘူး၊ နိဗ္ဗာန် မရောက်နိုင်ဘူး။ ဆရာသမားတွေ ညွှန်ကြားတဲ့အတိုင်း သည်းခံပြီးတော့ မှတ်နေမှ၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မှတ်နေရင်း ပူရင် ပူတယ်၊ နာရင် နာတယ်၊ ညောင်းရင် ညောင်းတယ် စသည်ဖြင့် ဒီလို တစ်ခါတည်း မပြတ်မှတ်နေမှ သတိ သမာဓိ ဉာဏ်တွေက တစ်ဆင့်ထက်တစ်ဆင့် တိုးတက်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရောက်ပြီးတော့သွားနိုင်တယ်။ ဒါကြောင့်မို့ သည်းခံရင် နိဗ္ဗာန်ရောက်သည်တဲ့။

သည်းခံကျင့်သုံး အမြတ်ဆုံးပေ။ မြတ်စွာဘုရားက သည်းခံတာကို ပထမဆုံး စပြီးတော့ ဟောထားတယ်။ အဲဒီတော့ တရားအားထုတ်တဲ့အခါကာလမှာ ယောဂီတွေ သည်းခံ

http://www.dhammadownload.com

စရာကတော့ ကိုယ်ထဲကပဲ ရှိပါတယ်။ ဘေးပတ်ဝန်းကျင်ကတော့ သိပ်မရှိပါဘူး။ နည်းနည်းပါးပါးပဲ ရှိတယ်။ ဘေးပတ်ဝန်းကျင်က တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေက လှုပ်လိုက်လှည့်လိုက်လို့ ဒုန်းဒုန်းဒိုင်းဒိုင်း မြည်သွားလို့ရှိရင် သူများကို သည်းမခံဘဲနဲ့ ကိုယ်က စိတ်ဆိုးသွားတတ်တယ်။ ငါ့သမာဓိပျက်ရမလားဆိုပြီးတော့ စိတ်ဆိုးသွားတဲ့အတွက် ကိုယ့်တရားလည်း ပျက်သွားပြန်တာပဲ။ အဲဒါ သည်းခံပြီးတော့ ရှုရမှာပဲ။ ဘေးကပုဂ္ဂိုလ်က ဘာပဲလုပ်လုပ်၊ ကိုယ့်တရား မပျက်အောင် ကိုယ်ဂရုစိုက်ပြီးတော့ ရှုရမယ်၊ စိတ်မဆိုးရဘူး။ သူတို့က လည်း တမင်တကာ လုပ်တာတော့ မဟုတ်ဘူး။ အကယ်၍ တမင်တကာ ပြောစေကာမူ သည်းခံရမယ်။ ဒီအတွင်းမှာတော့ သည်းခံရမယ်။ ကိုယ့်တရားလေးနဲ့ကိုယ် အားထုတ်နေမှ။

တရားအားထုတ်တဲ့အခါ ကိုယ်ထဲက သည်းခံရတာပဲ များလိမ့်မယ်။ ညောင်းတာ ပူတာတွေ၊ နာကျင်ကိုက်ခဲတာတွေ၊ အနေအထိုင်ခက်တာတွေ အဲဒါတွေအကြောင်းပြုပြီးတော့ ကမ္မဋ္ဌာန်းကို လွှတ်မပစ်ရဘူး။ တရားကိုသာ တစ်ခါတည်း စွဲစွဲမြဲမြဲ မပြတ်ရှုပြီးတော့ နေရမယ်၊ သည်းခံပြီးတော့ ရှုနေပါတဲ့။ သည်းခံရှုတဲ့ပုဂ္ဂိုလ်တွေ တရားတိုးတက်တာပဲ။

http://www.dhammadownload.com

တရား မြန်မြန်တိုးတက်တဲ့ပုဂ္ဂိုလ်တွေ ဖေးကြည့်၊ အဲဒီ ပုဂ္ဂိုလ်တွေဟာ သည်းခံပြီးတော့ရှုတဲ့ ပုဂ္ဂိုလ်တွေပဲ။

(၁-ခ) နိဗ္ဗာန်သည် အမြတ်ဆုံး

နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။ ဗုဒ္ဓါ- မြတ်စွာဘုရားတို့သည်၊ နိဗ္ဗာနံ- နိဗ္ဗာန်ကို၊ ပရမံ- အမြတ်ဆုံးဟူ၍၊ ဝဒန္တိ- ဟောကြား တော်မူကြလေကုန်၏။ နိဗ္ဗာန်ဆိုတာ အမြတ်ဆုံးပဲလို့ ဘုရား ရှင်တွေက ဟောကြားတော်မူကြတယ်။ ဗုဒ္ဓဘာသာဝင် အနေ အားဖြင့်တော့ နိဗ္ဗာန်အမြတ်ဆုံးပဲဆိုတာ ဘာမှမထူးဆန်းဘူး လို့ အောက်မေ့မှာပဲ။ ဒါပေမဲ့ နိဗ္ဗာန်ကို လိုက်ကြမလား ပွဲကို လိုက်ကြမလားဆိုရင် ပွဲသွားမယ့်လူတွေက တော်တော်ရှိ တယ်၊ နိဗ္ဗာန်မသွားဘူး။ နိဗ္ဗာန်ရောက်တဲ့အကျင့်ကို ကျင့်ကြ မလား၊ စီးပွားဥစ္စာရတနာတွေပြည့်စုံတဲ့ အကျင့်ကို ကျင့် ကြမလားဆိုရင် နိဗ္ဗာန်ရောက်မယ့်အကျင့်ကို ကျင့်မယ့်ပုဂ္ဂိုလ် က နည်းနည်းပဲရှိမှာ။

တစ်နေ့က ဆရာတော်တစ်ပါးက ဟောတယ်၊ တရား ယတြာနဲ့ ဖေဒင်ယတြာ နည်းနှစ်မျိုးရှိရာမှာ တရားယတြာ နည်း လူတွေက တယ် မကြိုက်ကြဘူးတဲ့။ ဖေဒင်ယတြာနည်း ကို လူတွေက ကြိုက်ကြတယ်၊ လွယ်လည်း လွယ်တာကိုး။

http://www.dhammadownload.com

တရားယတြာတွေဆိုတာ မေတ္တာပွား၊ ကရဏာပွား၊ သူတော်ကောင်း တရားတွေပွား၊ ရတနာသုံးပါးကိုဆည်းကပ်၊ ကုသိုလ်တွေပြု။ ဒါ တရားယတြာတွေ။ တရားယတြာတွေကျ တယ်မလုပ်ကြဘူးတဲ့။

အဲဒါကြောင့် နီဗွာန်အကောင်းဆုံး မြတ်စွာဘုရားကဆိုပေမယ့်လို့ လောကမှာ ခံစားရတဲ့ ကာမဂုဏ်အာရုံတွေလောက် လူတွေက အလေးအမြတ် မပြုကြသေးဘူး။ အခု နီဗွာန်ကို မြတ်တယ်၊ ကောင်းတယ်လို့သာ သာမညသိတာကိုး။ စိတ်ထဲက လှိုက်လှိုက်လဲလဲ သဘောမကျသေးဘူး။ သဘောကျဖို့ရာ လိုပါတယ်။ အမှန်စင်စစ်အားဖြင့် နီဗွာန်ဆိုတာ မြတ်လည်း မြတ်ပါတယ်။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သန်္တာ ဝါ အသန်္တာ ဝါ၊ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂ မက္ခာယတိ။ ဘိက္ခဝေ-ရဟန်းတို့၊ သန်္တာ ဝါ- အကြောင်းတရားတို့က ပြုပြင်အပ်သည်မူလည်း ဖြစ်ကုန်သော၊ အသန်္တာ ဝါ- အကြောင်းတရားတို့က မပြုပြင်အပ်သည်မူလည်း ဖြစ်ကုန်သော၊ ဓမ္မာ-တရားတို့သည်၊ အတ္ထိ- ရှိကုန်၏။ တေသံ ဓမ္မာနံ- ထို သန်္တာ၊ အသန်္တာ တရားတို့တွင်၊ ဝိရာဂေါ- ရာဂကင်းရာဖြစ်သော

http://www.dhammadownload.com

နိဗ္ဗာန်တရားကို၊ အဂ္ဂံအဂ္ဂေါ- အမြတ်ဆုံးဟူ၍၊ အကျွာယတိ-ဟောကြားအပ်၏။

မြတ်စွာဘုရားက ချီးကျူးတာကို၊ လောကမှာ သန်တ- ပြုပြင်မှုဖြစ်တဲ့ တရားတွေရှိတယ်။ အသန်တ- မပြုပြင်ဘဲနဲ့ ပြီးစီးနေတဲ့ တရားရှိတယ်။ ဒါ နိဗ္ဗာန်တရားတစ်မျိုးတည်းပါပဲ။ သန်တတရားတွေကတော့ အများကြီးပါပဲ၊ အသန်တတရားက တစ်ခုတည်းပဲရှိပါတယ်။ ရာဂကင်းရာဖြစ်တဲ့ နိဗ္ဗာန်တရား၊ အမြတ်ဆုံးပဲတဲ့။

သန်တဆိုတာ ပြုပြင်လို့ရတဲ့ တရားတွေ။ မိမိတို့သန္တာန်မှာရှိနေတဲ့ ရုပ်နာမ်ခန္ဓာတရားတွေဟာ သန်တတရားတွေပဲ။ မိမိတို့ အသုံးအဆောင်ဖြစ်နေတဲ့ အရာဝတ္ထုတွေဟာ သန်တတရားတွေပဲ။ ပြုပြင်လို့ရတဲ့ တရားတွေ။ မိမိတို့သန္တာန်မှာ အသေးစိတ်လိုက်ပြီးတော့ ကြည့်မယ်ဆိုလို့ရှိရင် မြင်လို့ကောင်းတာလေး ပြုပြင်လို့ရတယ်။ ကိုယ်ကြည့်ချင်တာလေးတွေ ကြည့်၊ ကိုယ်မြင်ချင်တာလေးတွေ မြင်ရတဲ့အခါကာလ၊ မြင်လို့ကောင်းတာလေး ပေါ်လာတယ်။ သုခဝေဒနာလေး ပေါ်လာတယ်။ အဲဒီ သုခဝေဒနာလေးဟာ သန်တတရားပဲ။ ထို့အတူ ကိုယ်ကြားချင်တဲ့ အသံလေးတွေ၊ နားထောင်ပြီးတော့ ကြားပြီးတော့ ကောင်းနေတယ်။ ကိုယ် နံချင်တဲ့

http://www.dhammadownload.com

အနံ့လေးတွေ နံပြီးတော့ ကောင်းတယ်။ ကိုယ်စားချင်တဲ့ အရသာလေးတွေ စားသောက်ပြီးတော့ ကောင်းတယ်။ ကိုယ် တွေ့ထိချင်တာနဲ့ တွေ့ထိလို့ ကောင်းနေတယ်။ စိတ်ကူး စဉ်းစား ကြံစည်ပြီးတော့ ကောင်းနေတာတွေ ရှိတယ်။

အဲဒါတွေက ကာမဂုဏ်ချမ်းသာတွေပဲ။ ဒီ ကာမဂုဏ် ချမ်းသာတွေက သန့်တတရားတွေပဲ၊ ပြုပြင်ရတယ်။ မြင်ပြီး တော့ ကောင်းသွားတယ်ဆိုတာ မြင်စရာလေး ရှိရတယ်။ အဝတ်အထည်ပဲ ဖြစ်ဖြစ်၊ နေရာထိုင်ခင်းပဲ ဖြစ်ဖြစ်၊ လူ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် မြင်စရာလေးက လှလှပပ တင့်တင့်တယ် တယ် ရှိရတယ်။ အခု ရုပ်ရှင်တွေ ဘာတွေပြတယ် ဆိုတာက လည်း အရင်က ဓာတ်ပုံကနေပြီး အရိပ်ရဲ့အရိပ်ဖြစ်နေတယ်။ ပုဂ္ဂိုလ်သတ္တဝါအစစ် မဟုတ်ဘူး။ မော်လမြိုင်တုန်းက ဒကာမ ကြီးတစ်ယောက်က ပြောတယ်။ သူ့သားတွေသမီးတွေက ဘိုင်စကုတ် တယ် သွားကြတယ်တဲ့။ သူကတော့ မသွားပါဘူး တဲ့။ သူ့ဥစ္စာက အရိပ်တွေပဲတဲ့၊ လူလည်းမဟုတ် ဘာလည်း မဟုတ်တဲ့၊ တကယ်ဆိုလို့ရှိရင်ဖြင့် ဇာတ်ပွဲသွားကြည့်လိုက် တာက နဲနဲတော်သေးတယ်၊ လူပုဂ္ဂိုလ်ကို ကြည့်ရတာတဲ့။

အဲဒီတော့ မြင်စရာအာရုံ ဝတ္ထုလေးတွေ၊ အဲဒါလေး တွေနဲ့ ထောက်ပံ့ပြီးတော့ပေးမှ၊ မြင်လို့ကောင်းတာလေးတစ်ခု

http://www.dhammadownload.com

ပေါ်လာတာကိုး။ ကာမဂုဏ်အာရုံ ခံစားမှုလေးတစ်ခု ပေါ်လာတယ်။ သခ်ၤတတရားပဲတဲ့။ ထို့အတူ ကြားစရာ အကောင်းလေးတွေနဲ့ ထောက်ပံ့ပြီးပေးမှ ကြားရတာ အကောင်းလေးတွေ ပေါ်တယ်။ အဲဒီ မြင်စရာ၊ ကြားစရာလေးတွေ ရအောင်လို့ ဖန်တီးရတာလည်းပဲ သိပ်မသက်သာလှဘူး၊ စရိတ်စကတွေ အများကြီးပဲ။ ပြီးတော့ နံစရာတွေ၊ စားစရာတွေ၊ အကောင်းတွေနဲ့ ထောက်ပံ့ပြီးတော့ပေးမှ ချမ်းသာမှုလေးတွေ ရတယ်။ အတွေ့.အထိတွေ၊ စိတ်ကူးစဉ်းစားကြံစည်စရာတွေ၊ သုံးစရာစွဲစရာတွေ အကုန်လုံးပေါ့လေ၊ အခု လောကမှာ ကာမဂုဏ်အာရုံဝတ္ထုတွေနဲ့ ထောက်ပံ့ပြီးတော့ပေးမှ ချမ်းသာလေးတွေ ပေါ်လာတာကိုး။

သခ်ၤတတရားဟာ ဘယ်လိုကောင်းတယ်ဆိုစေကာမှု မြတ်မဟုတ်ဘူးတဲ့။ သခ်ၤတတရားကတော့ဖြင့် အမြဲတမ်း မပြတ် ပြုပြင်ပေးနေမှ သက်သာရုံရတယ်၊ အခု ညအခါကာလ အမှောင်ထဲမှာ လျှပ်စစ်မာတ်မီးများ ထွန်းထားတာ၊ အဲဒီ မာတ်မီးထဲမှာ မာတ်အားတွေ အသစ်အသစ်လာတော့ ထပ်ကာထပ်ကာ လင်းနေတယ်။ ဝါယာကြိုးက ပြတ်သွားလို့ ဖြစ်စေ၊ မာတ်အားရုံကပဲ ပြတ်သွားလို့ဖြစ်စေ၊ ဟိုက အသစ်မလာဘူးဆို မီးတွေ တစ်ခါတည်း မှိတ်သွားမယ်။ မရှိဘူး။

http://www.dhammadownload.com

အမြဲမပြတ် ဟိုက အသစ်လာနေမှ လင်းတာကိုး။ အဲဒါလိုပါပဲ ကာမဂုဏ်အာရုံ ဝတ္ထုတွေနဲ့ ချမ်းသာမှုလေးတွေ ဖြစ်နေရတယ် ဆိုတာဟာ ကာမဂုဏ်အာရုံ ဝတ္ထုတွေက အမြဲတမ်း အားပေးနေမှပါပဲ။ အဲဒီကနေပြီး ပြတ်သွားလို့ရှိရင်၊ ပျက်သွားလို့ရှိရင်၊ အကြောင်းမညီညွတ်သွားလို့ရှိရင်၊ ဆင်းရဲဒုက္ခတွေ ရောက်လာတာကိုး။

ဒါကြောင့် သစ်္စတရားတွေဆိုတာ မမြဲတဲ့တရားတွေတဲ့၊ သူတို့ရှိနေတုန်း ကောင်းတာပဲတဲ့။ အကြောင်းမညီညွတ်လို့ မရှိဘူးဆိုလို့ရှိရင်ဖြင့် စိတ်ဆင်းရဲမှုတွေကို ဖြစ်စေတတ်တယ်တဲ့။ အခု ဝေဒနာလေးတစ်ခုကို ဘုန်းကြီးက ပြောနေတယ်။ ဒီ့ပြင် ရုပ်တရားတွေ၊ နာမ်တရားတွေ အများကြီး ရှိပါသေးတယ်၊ အကုန်လုံး အတူတူပဲ။ သုခဝေဒနာလေး တစ်ခုကို ဘုန်းကြီးက ပြောနေတာ။

ကာမဂုဏ်နဲ့စပ်ပြီး သုခဝေဒနာလေး၊ အများကလည်း ဒါလေးကြိုက်နေတာပဲ၊ လူချမ်းသာဆိုလည်း ဒါပဲ၊ နတ်ချမ်းသာဆိုလည်း ဒါပဲ၊ အဲဒီချမ်းသာတွေက အကြိုက်များနေတယ်။ ဒါ ကောင်းလှပြီလို့ ထင်နေတာ။ လောကနိဗ္ဗာန်လို့ အခုကြွေးကြော်နေတာတွေဟာလည်း အဲဒါတွေပဲ။ ကာမဂုဏ်အာရုံတွေနဲ့ စပ်ပြီးသကာလ ချမ်းသာနေတာလေးကို လောက

http://www.dhammadownload.com

နိဗ္ဗာန်ဆိုပြီး အင်မတန်ကောင်းတယ်လို့ ပြောနေကြတာ။ အဲဒီ လောကနိဗ္ဗာန်နဲ့ မြတ်စွာဘုရားဟောတဲ့နိဗ္ဗာန်၊ ကွာခြားပုံလေး သဘောပေါက်အောင်လို့ ဘုန်းကြီးက အခု ဝေဒနာလေး တစ်ခုပဲ ထုတ်ပြောနေတာ။

ဝိရာဂေါ- ရာဂကင်းရာဖြစ်သော နိဗ္ဗာန်တရား။ နိဗ္ဗာန်ဆိုတဲ့အငြိမ်းဓာတ်ကတော့ ရာဂကင်းရာပဲတဲ့။ ရာဂနဲ့ မတပ်မက် နိုင်ဘူး၊ သူကတော့ ရုပ်နာမ်သခ်ါရတွေငြိမ်းတဲ့ ဓနရာပဲ။ အရဟတ္တမဂ်ဖြင့် ဒီနိဗ္ဗာန်ကို တွေ့.မြင်သွားလို့ရှိရင် ပရိနိဗ္ဗာန် စုတိမှ နောက်ကာလမှာ ရုပ်နာမ်သခ်ါရတွေ အသစ်ဘာမှ မဖြစ်တော့ဘူး။ အဲဒီတော့ ဘဝအသစ် မဖြစ်ရတဲ့အတွက် မအိုရဘူး၊ မနာရဘူး၊ မသေရဘူး၊ ကိုယ်ဆင်းရဲ မတွေ့.ရဘူး၊ စိတ်ဆင်းရဲ မတွေ့.ရဘူး၊ ဘာဆင်းရဲမှ မတွေ့.ရဘူး၊ ဆင်းရဲတွေ အကုန်လုံး တစ်ခါတည်း ငြိမ်းသွားတယ်။ ဒီနည်းပဲ ရှိတယ်။ ဒို့ပြင်နည်းလည်း မရှိဘူး။ ကောင်းကင်ဘုံ ရောက်နေလို့ရှိရင် အမြဲတမ်း မအို၊ မနာ၊ မသေပဲ နေတယ်ဆိုပြီး တချို့.ဘာသာတရားတွေက ဟောထားတယ်။ ဒါကတော့ လူအများအကြိုက်ကို ဟောတာကိုး၊ တကယ်ရှိတာမှ မဟုတ်ဘဲ။

အဲဒါ ဗုဒ္ဓဘာသာတရားတွေမှာ အင်မတန် အသက်ရှည်တဲ့ နတ်တွေငြဟ္မာတွေ ဆိုတာရှိပါတယ်။ ငြဟ္မာတွေ

http://www.dhammadownload.com

ဆိုရင် ကမ္ဘာနဲ့ချီပြီးတော့ ကမ္ဘာပေါင်း ၈၄၀၀၀-အထိ အောင် အသက်ရှည်နေတာ ရှိပါတယ်။ အဲဒီဗြဟ္မာဘုံတွေ ရောက်နေတဲ့ပုဂ္ဂိုလ်ကလည်း သူတို့ကိုယ်သူတို့ မသေဘူးလို့ လည်း ထင်နေကြတယ်။ ဗကဗြဟ္မာကြီးများ၊ သူကတော့ ကမ္ဘာ သုံးလေးဆယ်လောက်ပါပဲ။ တစ်ကမ္ဘာလောက် ဆိုရင် အကြာကြီးကိုး။ ဒီတော့ သူကမသေဘူး အောက်မေ့ တယ်။ သူဘုံက အတူနေတဲ့ပုဂ္ဂိုလ်တွေလည်း အသက်ရှည် နေတော့ မသေကြပဲဟာကိုး။ သူတစ်သက်မှာ သေတာကို မတွေ့တော့ မသေဘူးလို့ အောက်မေ့တယ်။ ဒီဘုံကမြဲတယ် လို့ ထင်နေတာကိုး။

မြတ်စွာဘုရား ကြွသွားတာတောင်မှ ဗကဗြဟ္မာကြီး က မြတ်စွာဘုရားကို ဖိတ်မန္တက ပြုတယ်။ အရှင်ဂေါတမ၊ ဒီရောက်လာတာ ကောင်းတယ်တဲ့။ ကျုပ်တို့ဘုံက သိပ် နေရာကျတာတဲ့။ မဒို၊ မနာ၊ မသေဘူးတဲ့။ အမြဲတမ်း ချမ်းသာနေတာပဲဆိုတော့ ဘုရားက ဒီမှာဟောရတယ်။ ဗက ဗြဟ္မာတဲ့၊ သင်ဟာ အိုတတ်၊ နာတတ်၊ ဖသတတ်တဲ့ သခ်ၤါရ တရားတွေက မလွတ်သေးပါဘဲနဲ့၊ မမြဲတဲ့သခ်ၤါရတရားတွေက မလွတ်သေးပါဘဲနဲ့၊ မြဲတယ်လို့ သင်ထင်နေတာ မှားတဲ့အယူ ပဲတဲ့၊ မှားတာပဲဆိုပြီး အတော်ဟောယူရတယ်။

http://www.dhammadownload.com

မအိုမနာမသေ အမြဲတမ်းချမ်းသာတာဟာ နိဗ္ဗာန်တစ်ခုပဲ ရှိတယ်။ နိဗ္ဗာန်မရောက်သေးသမျှ ကာလပတ်လုံး တစ်ရံတစ်ခါ လူဖြစ်လိုက်၊ တစ်ရံတစ်ခါ နတ်ဖြစ်လိုက်၊ တစ်ရံတစ်ခါ ဗြဟ္မာဖြစ်လိုက် အသင့်အတင့် ချမ်းသာပြီးတော့ နေရတာပေါ့လေ။ လူဆိုတာကတော့ သိပ်မကြာပါဘူး၊ လူသက်တမ်း ရှိသလောက်ကလေးပါပဲ။ ဒီအတွင်းမှာလည်းပဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ အများကြီးရောက်ရသေးတာပဲ။ နတ်မှာလည်း နတ်အလိုက် ဆင်းရဲတွေ ရှိပါတယ်။ ဗြဟ္မာမှာတော့ဖြင့် အဲဒီလို ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေ မရှိပါဘူး။ မရှိပေမယ့်လို့ သူကမမြဲဘူး။ နောက်ဆုံးတစ်နေ့ကျလို့ ရှိရင်လည်းပဲ လူဘဝ၊ နတ်ဘဝတွေ ရောက်လာတယ်။ လူဘဝ၊ နတ်ဘဝရောက်ပြီး ကောင်းကောင်းမွန်မွန် မကျင့်သုံးလို့ရှိရင် အပါယ်လေးပါး ကျသွားနိုင်သေးတာပဲ။ အဲဒီတော့ ဘာမှ စိတ်မချရဘူး။ သခ်ၤတတရားတွေ အမှီပြုနေလို့ရှိရင် ဘာမှ စိတ်မချရဘူးတဲ့။ နိဗ္ဗာန်တရားသာလျှင် အမြဲတမ်း မပျက်မစီး တည်နေတာတဲ့။ ဓုဝ- တရားပဲ။

တာဏ- စောင့်ရှောက်တတ်တဲ့ တရားပဲတဲ့။ ကလေးတွေက ဘေးရန်အန္တရာယ် တွေ့လို့ရှိရင် လူကြီးတွေဆီ အားကိုးရတယ်။ လူကြီးကသာ စောင့်ရှောက်လိမ့်မယ်ဆိုပြီး

http://www.dhammadownload.com

ယုံကြည်တယ်။ အဲဒါလိုပဲ အခုလောကမှာ အကောင်းတွေက စောင့်ရှောက်လိမ့်မယ် ထင်ပြီးတော့ လိုက်ရှာနေကြတယ်။ ချမ်းသာလိမ့်မယ်လို့ ချမ်းသာရာ ချမ်းသာကြောင်းတွေ နေ့တိုင်း နေ့တိုင်း ရှာနေကြတယ်။ ရှာနေလို့ လောကနိဗ္ဗာန်လို့ ခေါ်တဲ့ ကာမဂုဏ်ချမ်းသာတွေ ရသင့်သလောက်လည်း ရကြပါတယ်။ ဒါပေမဲ့ ဒါတွေက မစောင့်ရှောက်တတ်ဘူး။ အမြဲတမ်း ချမ်းသာအောင် သူက မစောင့်ရှောက်ဘူး။ မအိုအောင်လို့ သူက မတားမြစ်နိုင်ဘူး၊ မနာအောင် မတားမြစ်နိုင်ဘူး၊ မသေအောင် မတားမြစ်နိုင်ဘူး၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်အောင် မတားမြစ်နိုင်ဘူး၊ ဘေးရန်အန္တရာယ်တွေ ငြိမ်းအောင် သူက မတားမြစ်နိုင်ဘူး။ ဒါကြောင့် တာဏာ-မမည်ဘူးတဲ့။ နိဗ္ဗာန်ဆိုတဲ့တရားကတော့ နိဗ္ဗာန်တရားကိုရသွားလို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေ ဘယ်တော့မှ ဘေးရန်အန္တရာယ်တွေ မရှိရဘူး။ နိဗ္ဗာန်က ဘာဘေးရန်မှ မရောက်စေရဘူး။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ဘာမှမဖြစ်စေရဘူး။ ဒါကြောင့် နိဗ္ဗာန်ဆိုတာ တာဏာတရား၊ စောင့်ရှောက်တတ်တဲ့ တရားပဲ။

လေဏာတရား၊ ပုန်းအောင်းရာလည်း ဖြစ်ပါတယ်။ လောကမှာတော့ ဘယ်ဟာက ကောင်းပါတယ် ဆိုပြီးတော့ ပုန်းအောင်းရာရှာပေမယ်လို့ ပုန်းအောင်းရာ မဖြစ်ဘူး။ အိုခြင်း၊

http://www.dhammadownload.com

နာခြင်း၊ သေခြင်းအစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေက လွတ်မြောက်ရာ မဖြစ်ဘူး။ နတ်ပြည်လောကမှာ ကောင်းပါတယ်၊ ကောင်းကင်ဘုံတွေ ကောင်းပါတယ်ဆိုပြီးတော့ အဲဒီသွားနေပေမယ့်လည်း မလုံခြုံဘူး။ ဗြဟ္မပြည်လောက သွားနေလို့လုံခြုံမလား၊ ဒါလည်း မလုံခြုံဘူး။ ဘယ်ကျမှ လုံခြုံသလဲဆိုလို့ရှိရင် နိဗ္ဗာန်ရောက်မှပဲ မဒို၊ မနာ၊ မဩ၊ ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတွေ အကုန်လုံး ငြိမ်းပြီးတော့သွားမယ်။

ပရာယဏ- အားကိုးရာလည်း ဖြစ်ပါတယ်တဲ့။ ဒါကြောင့် နိဗ္ဗာန်ဟာ အမြတ်ဆုံးပဲလို့ မြတ်စွာဘုရားများ ဟောကြားတော်မူတာ။ နိဗ္ဗာန် အမြတ်ဆုံးပဲ။ အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို ရောက်အောင် ရအောင် အားထုတ်ဖို့ရာ အရေးကြီးပါတယ်။ ဒီနိဗ္ဗာန်ကလည်း အခါခပ်သိမ်း အားထုတ်နိုင်တာ မဟုတ်ဘူး။ မြတ်စွာဘုရားများ ပွင့်ထွန်းပေါ်ပေါက်နေတဲ့ အခါမှ၊ ဘုရား တရားတွေ ကြားရနာရမှ၊ ဘုရားတရားတွေ ကြားရနာရတောင်မှ ပြည့်ပြည့်စုံစုံ ကြားရနာရမှ။ ခုကာလမှာ ဗုဒ္ဓဘာသာဆိုပေမယ့်လို့လည်း မဂ်ဖိုလ်နိဗ္ဗာန်ရအောင်လို့ ကျင့်နည်း၊ ကြံနည်း၊ အားထုတ်နည်းတွေကို မကြားရ မနာရတဲ့ ပုဂ္ဂိုလ်တွေ အများကြီးပါပဲ။ ကုသိုလ်ကောင်းမှုတော့ ဖြစ်ပွားရပါတယ်။ ဒါပေမယ့်လို့ နိဗ္ဗာန်ရောက်အောင်လို့ ကျင့်မှု၊ ကြံမှု၊

http://www.dhammadownload.com

အားထုတ်မှု နည်းနိသယ ကျကျနန မရဘဲနဲ့ ဒီလို အချိန်ကုန်သွားတာတွေ အများကြီးရှိပါတယ်။ အဲဒီတော့ မြတ်စွာဘုရားသာသနာတော်တွင်း မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း တရားတွေလည်း ကောင်းကောင်း ကြားရ၊ နာရမှ။ ကြားရနာရပြီး တော့လည်းပဲ ကျင့်လည်းကျင့်မှ။ ကျင့်ပြန်တော့လည်းပဲ ဆရာသမားလည်း ရှိမှ၊ အဲဒီလို အကြောင်းညီညွတ်တဲ့ အခါကာလမှာ ကျင့်ရကြံရ အားထုတ်ရတာ။

ကိုယ်က ကျင့်ချင်၊ ကြံချင်၊ အားထုတ်ချင်ပေမယ်လို့ လူတွေကလည်း လောကီကိစ္စတွေနဲ့ မအားမလပ်ဖြစ်နေတော့ ဒီလိုအားမထုတ်နိုင်တာတွေကလည်းပဲ ခုတော့အများကြီးပဲ။ အဲဒီတော့ အခွင့်ရတဲ့အချိန်ကလေးမှာ ကြိုးစားအားထုတ်ကြရပါတယ်။ ကြိုးစားပြီးအားထုတ်ဖို့ လိုပါတယ်။ နိဗ္ဗာန်ဟာဖြင့် အကောင်းဆုံးပဲ။ ဒို့ပြင်ဟာတွေ ဘာပဲဖြစ်ဖြစ် ဖြစ်ချင်တာတွေ ဖြစ်ပါစေ။ မြတ်စွာဘုရား၏သာသနာတော်ကြီး တွေ့.ကြုံတဲ့ အခါကာလမှာ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုတော့ တို့သိရအောင် အားထုတ်မယ်ဆိုတဲ့ စိတ်နလုံးသွင်းလေး ရှိဖို့လိုတယ်။

နိဗ္ဗာန်မြတ်လှ၊ ဗုဒ္ဓမိန့်ပေ။

http://www.dhammadownload.com

(၁-ဂ) ရဟန်းဆိုလို့ရှိရင် သူတစ်ပါးကို ညှဉ်းဆဲလေ့ မရှိရဘူး

န ဟိ ပဗ္ဗဇိတော ပရူပယာတိ။ ပဗ္ဗဇိတော- ရဟန်း သည်။ ပရူပယာတိ- သူတစ်ပါးကို ညှဉ်းဆဲလေ့ရှိသည်၊ န ဟောတိ- မဖြစ်။ ရဟန်းဆိုလို့ရှိရင်၊ သူတစ်ပါးကို ညှဉ်းဆဲလေ့ မရှိရဘူးတဲ့။ ကိုယ်နဲ့ နှုတ်နဲ့ ညှဉ်းဆဲလေ့ မရှိရဘူးတဲ့။ ဒါက ရဟန်းတွေအတွက် ဟောပါတယ်။ လူတွေလည်းပဲ တတ်နိုင်သမျှ ကျင့်ရမှာပေါ့။ သူတစ်ပါးမညှဉ်းဆဲတဲ့ အကျင့်ကတော့ အင်မတန် ကောင်းပါတယ်။ ကိုယ်လည်း ညှဉ်းဆဲမခံချင်ဘူး။ သူများလည်းပဲ ညှဉ်းဆဲမခံချင်ဘူး။ ဒီတော့ သူများကိုလည်း ကိုယ်က မညှဉ်းဆဲနဲ့ပေါ့။

ရဟန်းမှန်လျှင်း၊ မညှဉ်းတတ်ပေ။

န ဟိ ပဗ္ဗဇိတော၊ ပရူပယာတိ၊ နသမဏော ဟောတိ ပရံ ဝိဟေဌယန္တော။ ပရံ-သူတစ်ပါးကို၊ ဝိဟေဌယန္တော- ညှဉ်းဆဲသောပုဂ္ဂိုလ်သည်၊ သမဏော- ကိလေသာငြိမ်းအောင် ကျင့်သောရဟန်းသည်၊ န ဟောတိ- မဖြစ်။ သူတစ်ပါး ညှဉ်းဆဲလို့ရှိရင်တော့ သမဏာမဟုတ်ဘူးတဲ့။ သမဏာဆိုတာ ကိလေသေ သမေတီတိ သမဏော။ ကိလေသေ- ကိလေသာတို့ကို၊ သမေတိ- ငြိမ်းစေတတ်၏တဲ့။ သမဏာဆိုတာ ကိလေသာကို ငြိမ်းစေတတ်တဲ့ပုဂ္ဂိုလ်၊ ကိလေသာငြိမ်းအောင်

http://www.dhammadownload.com

ကျင့်ပြီးသားရင်လည်း ဖြစ်ရမယ်။ ကိလေသာငြိမ်းအောင် ကျင့်နေဆဲပုဂ္ဂိုလ်ရင်လည်း ဖြစ်ရမယ်။ ကိလေသာငြိမ်းအောင် ကျင့်တဲ့ အကျင့်ကသာ သမဏာရဲ့ကျင့်ဝတ်။ ကိလေသာပွား အောင် ကျင့်ရင်၊ ဒါ သမဏာရဲ့ကျင့်ဝတ် မဟုတ်ဘူး။ ရဟန်း ကျင့်ဝတ် မဟုတ်ဘူး။ ကိလေသာတိုးပွားအောင် မကျင့်ရဘူး။ ကိလေသာနည်းအောင်၊ ကင်းအောင် ဒီလိုသာ ကျင့်ရမှာကိုး။ အဲတော့ သူတစ်ပါးကို ညှဉ်းဆဲတယ် ဆိုကတည်းက ညှဉ်းဆဲမှုကိလေသာတွေ ကိုယ်က လက်ခံနေတာကိုး။ ဒါတွေ ပွားများအောင် လုပ်နေတာ။ ဒီတော့ကာ သမဏာမဟုတ်ဘူးတဲ့။

ရဟန်းမှန်လျှင်း၊ မညှဉ်းတတ်ပေ။
ညှဉ်းဆဲက၊ သမဏာမဟုတ်ပေ။

ဒါ ပထမဂါထာပေါ့၊ ဆုံးမသြဝါဒပေးထားတာ အင်မတန်ကောင်းတဲ့ တရားတွေပါပဲ။ အခု အကျယ်ပါတိမောက်တွေမှာတော့ ရဟန်းအဖြစ်က ဆုံးရှုံးစေတတ်တဲ့ ပါရာဇိကာအာပတ်ကြီးဆိုတာ အကြီးကြီးတွေပါ။ သူတစ်ပါးကို သာမန်ညှဉ်းဆဲရုံနဲ့တော့ မဟုတ်သေးဘူး။ တိရစ္ဆာန်တွေ သတ်ဖြတ်ရုံတောင် မဟုတ်သေးဘူး။ လူကိုသတ်မှ၊ လူတစ်ယောက်သေသွားမှ ပါရာဇိကကျပါတယ်။ ရဟန်းအဖြစ်မှ ဆုံးရှုံးသွားတယ်။ ရဟန်းမဟုတ်တော့ဘူးလို့ ဆိုရမယ်။ သာမန်ညှဉ်းဆဲ

http://www.dhammadownload.com

ရုံတော့ ရဟန်းမဟုတ်ဘူးလို့ မဆိုသေးဘူး။ ဒီပြင် အာပတ်လေးတွေတော့ သင့်တာပေါ့လေ။ အခု သြဝါဒပါတိမောက်အလိုအားဖြင့်တော့ ရဟန်းမှန်လျှင်း၊ မညှဉ်းတတ်ပေတဲ့။ ဒါကသမဏာဆိုရင် မညှဉ်းရဘူးတဲ့။ ညှဉ်းဆဲလို့ရှိရင် အဲဒီပုဂ္ဂိုလ်ကသမဏာမဟုတ်ဘူးတဲ့၊ ဒီအတိုင်းကျင့်ရရင် တော်တော် တာဝန်လေးတယ်။ အင်မတန် လေးလေးနက်နက် ဟောထားတာပါ။

(၂) သြဝါဒပါတိမောက် ဒုတိယဂါထာ

သဗ္ဗပါပဿ အကရဏံ၊
ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊
ဧတံ ဗုဒ္ဓါန သာသနံ။

(၂-က) အလုံးစုံသော အကုသိုလ်တရားကို မပြုမလုပ်ရခြင်း

သဗ္ဗပါပဿ- အလုံးစုံသော အကုသိုလ်တရားကို၊ အကရဏံ- မပြုမလုပ်ရခြင်းက တစ်ပါး၊ ကုသလဿ- ကုသိုလ်ဟူသမျှ၊ ဥပသမ္ပဒါ- ပြည့်စုံစေခြင်းက တစ်ပါး၊ သစိတ္တ ပရိယောဒ ပနံ- မိမိစိတ်ကို ထက်ဝန်းကျင် ဖြူစင်စေခြင်းက တစ်ပါး၊ ဧတံ- ဤအဆုံးအမသည်၊ ဗုဒ္ဓါနံ-ဘုရားရှင်တို့၏၊ သာသနံ- အဆုံးအမတော်ပါပေတည်း။

http://www.dhammadownload.com

ဘုရားအဆုံးအမ သုံးခုတည်းပဲ။ အကုသိုလ်ဟူသမျှ မပြုပါနဲ့တဲ့၊ မကောင်းမှုဟူသမျှတွေ မပြုပါနဲ့တဲ့။ အကုသိုလ် ဆိုတာ လောဘ၊ ဒေါသ၊ မောဟ၊ မာန အရင်းခံပြီးတော့ ကိုယ်ဖြင့်ပြုခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ စိတ်ကူးကြံစည်ခြင်း၊ အဲဒါတွေ အကုသိုလ်တွေပါပဲ။ ဒီမှာကတော့ ကိုယ်နဲ့ နှုတ်နဲ့ ကတော့ လိုရင်းပေါ့၊ စိတ်ကတော့ ထားပါဦးတော့။ လောဘ၊ ဒေါသ၊ မောဟနဲ့ အရင်းခံပြီးတော့ လိုချင်လို့၊ နှစ်သက်လို့ ကိုယ်အကျိုးရှိအောင်လို့၊ ကိုယ်ချမ်းသာအောင်လို့၊ သူတစ်ပါးတွေ သေအောင်ပျက်အောင်လို့ အဲဒီအနေမျိုးနဲ့ တစ်စုံတစ်ခု ကိုပြုခဲ့လို့ရှိရင် အကုသိုလ်ပဲ။ တစ်စုံတစ်ခုကို ပြောခဲ့လို့ရှိရင် အကုသိုလ်ပဲ။ လောဘ၊ ဒေါသ၊ မောဟ အလိုလိုက်ပြီး ပြောခဲ့ရင် ဒါ အကုသိုလ်ပဲ။ အဲဒီလို အကုသိုလ်မျိုးတွေ မပြုပါနဲ့တဲ့။

သဗ္ဗပါပဿ အကရဏံ- အလုံးစုံသော အကုသိုလ် ဟူသမျှကို ပယ်ခြင်းတဲ့။ လူ့လောကအနေနဲ့ ပြောမယ်ဆိုလို့ရှိရင် ငါးပါးသီလသိက္ခာပုဒ်တွေပေါ့။ ပါဏာတိပါတ- သူတစ်ပါး အသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း မပြုပါနဲ့။ အဒိန္နာဒါန- သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ လုယက်ခြင်း၊ အနိုင်အထက် စီးခြင်း မလုပ်ပါနဲ့။ ကာမေသုမိစ္ဆာစာရ- ကိုယ်မပိုင်မဆိုင်တဲ့ ကာမဂုဏ်တွေမှာ ကျူးလွန်ခြင်း၊ မှားယွင်းခြင်းတွေ မပြုလုပ်

http://www.dhammadownload.com

ပါနဲ့။ မုသာဝါဒ- သူတစ်ပါးအကျိုးမဖြစ်အောင် လိမ်လည်ပြီး မပြောပါနဲ့။ သုရာမေရယ- မူးယစ်မေ့လျော့စေတတ်တဲ့ သေရည်အရက်စသည်တို့ကို သောက်စားခြင်း မလုပ်ပါနဲ့။ ဒီငါးခုပါပဲ။ အလုံးစုံသော အကုသိုလ်တွေဆိုတာ လူ့လောကအနေနဲ့ ပြောမယ်ဆိုရင် ဒါပဲ။ ရဟန်းဘက်ကနေပြီးတော့ ပြောမယ်ဆိုရင် ၂၂၇-ပါးသော ပါတိမောက်သိက္ခာပုဒ်တွေပါပဲ။ အကျယ်အားဖြင့်တော့ ကုဋေကိုးထောင်ကျော် ရှိတယ်၊ အဲဒီ သိက္ခာပုဒ်တွေ ကျူးလွန်လို့ရှိရင် ဒါ အကုသိုလ်တွေပဲ၊ အဲဒီအကုသိုလ်တွေ ကြဉ်ရှောင်ပါတဲ့။ သဗ္ဗပါပဿ အကရဏံ- အလုံးစုံသော အကုသိုလ် မပြုရခြင်း၊ မကောင်းမှုဟူသမျှတွေ ပယ်ရှားပါတဲ့။ ကိုယ်ဖြင့်၊ နှုတ်ဖြင့် မကောင်းသောအမှုတွေကို မပြုပါလေနဲ့၊ ဒီလိုဆိုလိုပါတယ်။ ကိုင်း ဆိုရမယ်။

မကောင်းမှုများ၊ ပယ်ရှားပယ်လေ။

(၂-ခ) ကုသိုလ်ဟူသမျှ ပြည့်စုံစေခြင်း

ကုသလဿ ဥပသမ္ပဒါ။ ကုသလဿ- ကုသိုလ်ဟူသမျှကို ဥပသမ္ပဒါ- ပြည့်စုံစေခြင်း။ ကုသိုလ်တွေတော့ ပြည့်စုံပါစေတဲ့။ ကောင်းသောတရားတွေက လူ့လောကအနေပြောမယ်ဆိုလို့ရှိရင် သီလက မကောင်းမှုကို ကြဉ်ရှောင်တယ်

http://www.dhammadownload.com

ဆိုတာနဲ့ ပြည့်စုံသွားတယ်။ ဒါနတို့ သမထတို့၊ ဒါ ကုသိုလ် ကောင်းမှုတွေပေါ့။ ဘုရားဂုဏ်ကို အာရုံပြုတယ်၊ ပုတီးစိပ် တယ်၊ သူတော်ကောင်းတရားတွေ နှလုံးသွင်းတယ်။ ကောင်း သော အကြံအစည်တွေကို ပြုတယ်။ အဲဒါတွေက ကောင်းမှု တွေပါပဲ။ ရဟန်းဘက်ကနေ ပြောမယ်ဆိုရင်တော့ ဘာဝနာ တရားတွေ ပြည့်စုံအောင် အားထုတ်ပါတဲ့။ သူတစ်ပါး၏အကျိုး စီးပွား ဖြစ်ရာဖြစ်ကြောင်းတွေကို ကိုယ်ဖြင့်ဆောင်ရွက်တယ်၊ နှုတ်ဖြင့်ဆောင်ရွက်တယ်၊ ကူညီတယ်၊ အားပေးတယ်၊ ဒါတွေ ဟာ ကောင်းမှုတရားတွေ ဖြစ်ပွားနေတာပါပဲ။ ကောင်းသော တရားတွေချည်းပဲ ဖြစ်ပြီးတော့နေရအောင် အားထုတ်ပါလို့ ဆိုလိုပါတယ်။ ဆိုရမယ်။

ကောင်းမှုတရား၊ ဖြစ်ပွားစုံစေ။

(၂-ဂ) မိမိ၏စိတ်ကို ထက်ဝန်းကျင် ဖြူစင်စေခြင်း

သစိတ္တ ပရိယောဒပန်- မိမိ၏စိတ်ကို ထက်ဝန်းကျင် ဖြူစင်စေခြင်းတဲ့။ မိမိ စိတ်ကလေး ကိလေသာတွေ၊ အညစ် အကြေးတွေ မကပ်အောင်လို့ စင်ကြယ်ပါစေတဲ့။ ဘယ်ထိ အောင် စင်ကြယ်ရမလဲဆိုတော့ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ် တွေရောက်အောင် စင်ကြယ်ပါစေတဲ့။ အရိယာမဂ်ဉာဏ်

http://www.dhammadownload.com

ဖိုလ်ဉာဏ်ထဲမှာလည်း အရဟတ္တမဂ် အရဟတ္တဖိုလ် ရောက်အောင်လို့ စင်ကြယ်ပါစေ။ ဒီလိုစင်ကြယ်အောင် အားထုတ်ရမှာပေါ့။ မိမိစိတ်ဓာတ်ကို တစ်ခါတည်း ဖွဲးဖြူးသွားအောင် ဒီမှာ အဝတ်ကလေးများ လက်ကိုင်ပဝါလေး ဆိုပါတော့ အညစ်အကြေးတွေ ဘာတွေရှိလို့ရှိရင် ဆပ်ပြာနဲ့ဘာနဲ့ ပွတ်တိုက်ပြီးတော့ လျှော်ရတယ်။ တစ်ခါနဲ့ မပြောင်သေးရင် နှစ်ခါ၊ နှစ်ခါနဲ့မပြောင်သေးရင် သုံးခါ၊ ထပ်ကာထပ်ကာ ထုရိုက်နယ်ပြီးတော့ လျှော်ရတယ်။ အဲဒီလိုပဲ မိမိစိတ်ဓာတ်မှာ လောဘအညစ်အကြေး၊ ဒေါသအညစ်အကြေး၊ မောဟ အညစ်အကြေး၊ မာနအညစ်အကြေး၊ ကိလေသာအညစ်အကြေးတွေ ဘာမှမရှိအောင်လို့ စင်ကြယ်အောင် အားထုတ်ပါတဲ့။ ခု တရားအားထုတ်တာ အဲဒါ အားထုတ်နေတာပဲ။

ဒွါရခြောက်ပါးက ဖြစ်တိုင်းဖြစ်တိုင်း ရုပ်နာမ်တွေနဲ့ စပ်ပြီး လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ မဝင်နိုင်အောင်လို့၊ သမထဘာဝနာအားထုတ်တဲ့အခါမှာတော့ သမာဓိအာရုံ နှလုံးသွင်းနေတယ်။ သမာဓိအာရုံနှလုံးသွင်းနေတော့ စိတ်ကူးတွေ တခြားမသွားရဘူးပေါ့။ ဥပမာ- ဘုရားဂုဏ်တော်တွေ နှလုံးသွင်းနေရင် ဘုရားဆိုပဲစိတ်ရောက်နေတော့ ဒီပြင်ဘယ်မှမရောက်ဘူး၊ ဒီတော့ စိတ်ကူးထဲမှာ အကုသိုလ်တွေ

http://www.dhammadownload.com

ကင်းနေတယ်။ အာနာပါန ထွက်သက်ဝင်သက်ကို နလုံးသွင်း နေလို့ရှိရင် စိတ်က ထွက်သက်ဝင်သက်ထဲမှာပဲ တည်နေ တယ်။ တခြားမသွားရဘူး။ လောဘ၊ ဒေါသ၊ မောဟ စိတ်ကူး တွေ မဖြစ်ရဘူး။ ဒါက အကုသိုလ်တွေ ကင်းနေတာပါပဲ။ ဆံပင်၊ မွေးညှင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ စသည်ဖြင့် သုံးဆယ့်နစ်ကောဋ္ဌာသတွေ နလုံးသွင်း ဆင်ခြင် နေတယ်။ အဲဒီစိတ်က တခြား မရောက်ဘူး။ လောဘ၊ ဒေါသ၊ မောဟစိတ်တွေ ဖြစ်ခွင့်မရဘူး။ ဒါလည်းပဲ အကုသိုလ်တရား တွေ ကင်းနေတာပါပဲ။

အခု ဝိပဿနာအလုပ်ကတော့ အဲဒီလောက်ကို မက ဘူး၊ ဒွါရခြောက်ပါးက ပေါ်လာတိုင်း ဖြစ်တဲ့ရုပ်နာမ်တွေကို ရှုနေတယ်။ ပေါ်တိုင်းပေါ်တိုင်း ဖြစ်တဲ့ရုပ်နာမ်တွေ ရုပ်တရားပဲ၊ နာမ်တရားပဲ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဆိုတာ အမှန်အတိုင်း သိအောင် လိုက်ရှုနေရတယ်။ ရှုခါစတော့လည်း မသိသေးဘူး ပေါ့လေ။ နောက် သမာဓိညာဏ် တော်တော်အားကောင်းလာ တော့ သိပါတယ်။ မြင်တိုင်းမြင်တိုင်း ရုပ်နဲ့နာမ် နစ်ခုပဲရှိတယ်။ မျက်စိကရုပ်၊ အဆင်းကရုပ်၊ မြင်သိတာက နာမ်၊ မြင်တဲ့ အခါကာလ မြင်တယ်မြင်တယ်မှတ်၊ ဒီသုံးခုရှိတာပေါ့။

http://www.dhammadownload.com

မှတ်တိုင်းမှတ်တိုင်း မျက်စိကတခြားပဲ၊ မြင်ရတဲ့အဆင်းက တခြားပဲ၊ မျက်စိက မြင်ရတဲ့အဆင်း မဟုတ်ဘူး။ မြင်ရတဲ့အဆင်းကလည်း မျက်စိ မဟုတ်ဘူး။ မြင်သိတာလေးကလည်း တခြားပဲ၊ မြင်သိတာလေးကလည်း မျက်စိ မဟုတ်ဘူး၊ အဆင်းလည်း မဟုတ်ဘူး။ မြင်သိတာက မြင်သိတာလေးပဲ၊ ပြီးတော့ အဲဒီမြင်သိတာလေးကို ရှုလိုက်တော့ ရှုပြီး သိသွားတာလေးက သူကလည်း တခြားပဲ၊ မြင်တာမဟုတ်ဘူး။ သူက သိတာပဲ။ အဲဒီတော့ မျက်စိက တခြား၊ အဆင်းက တခြား၊ မြင်တာက တခြား၊ သိတာက တခြား၊ သဘောတရားလေးတွေကိုး။ အဲဒါလေးတွေ သိအောင် မြင်တိုင်းမြင်တိုင်း ဒီလိုရှုရတယ်၊ ထို့အတူ နားက ကြားတဲ့အခါကာလမှာလည်း နားကတခြားပဲ၊ အသံကတခြားပဲ၊ နားလည်းပဲ ရုပ်ပဲ၊ နားကလည်း ဘာမှမသိတတ်ဘူး၊ အသံကလည်း ရုပ်ပဲ။ သူကလည်း ဘာမှမသိဘူး၊ ကြားသွားတာက နာမ်တရား။ ကြားတာလေးက တခြားပဲ။ သိတာလေးက တခြားပဲ။ ကြားတာနဲ့ သိတာက နာမ်၊ ဒါလေးတွေကို ကိုယ်ပိုင်ဉာဏ်နဲ့ ရှင်းပြီးတော့သိအောင်လို့ မှတ်ရမယ်။

အားထုတ်ခါစပုဂ္ဂိုလ်တွေကတော့ သိပ်သိမှာ မဟုတ်သေးဘူး။ နောက် သမာဓိဉာဏ်ရင့်လာတော့ ဒါတွေ သိပါ

http://www.dhammadownload.com

တယ်။ ပါရမီဉာဏ်အားလျော်စွာ ပိုင်းခြားပြီးတော့ သိပါတယ်။ တချို့ ပါရမီဉာဏ်ထက်သန်တဲ့ပုဂ္ဂိုလ်တွေက တော်တော့်ကို ရှင်းရှင်းလင်းလင်း သိပါတယ်။ ပါရမီဉာဏ်နည်းနည်းနဲ့တဲ့ ပုဂ္ဂိုလ်တွေကတော့ တော်ရုံသင့်ရုံပဲ။ တော်ရုံသင့်ရုံသိလည်း ဝိပဿနာဉာဏ် အစဉ်အတိုင်းတက်ပြီး မဂ်ဉာဏ်ဖိုလ်ဉာဏ်တော့ ရောက်တာပါပဲ။ ကဲ ဆိုစမ်းပါဦးတော့၊ ဒါ နည်းနည်းလေး ဗဟုသုတရှိရအောင်လို့။

မြင်ဆဲခဏ၌ မျက်စိနဲ့အဆင်းက ရုပ်၊
မြင်တာ သိတာက နာမ်။
ကြားဆဲခဏ၌ နားနဲ့အသံက ရုပ်၊
ကြားတာ သိတာက နာမ်။

ကြားတဲ့အခါမှာ ကြားတယ် မှတ်လိုက် နားက တခြား၊ ကြားရတဲ့အသံလေးက တခြားပဲ၊ ကြားသိတာက တခြား၊ ရှုလိုက်တာက တခြားပဲ။ ကြားရတဲ့ အသံလေးလည်း အခိုက်အတန့်ပဲ ရှိတာ၊ ကြားသိတာလည်း အခိုက်အတန့်ပဲ၊ ရှုလိုက်တဲ့ စိတ်ကလေးကလည်း ရှုပြီး မရှိတော့ဘူး။ ခဏ ပျောက်သွားတာပဲ။ မမြဲတာဆိုတာ ဒါပဲ။ စအားထုတ်ခါစ ပုဂ္ဂိုလ်ကတော့ ဒီလောက်ပိုင်ပိုင်နိုင်နိုင် မသိသေးဘူးပေါ့လေ။ နည်းနည်း ဆင်ခြင်ပြီးတော့ သဘောကျရုံပဲ ရှိမှာပေါ့။ သမာဓိဉာဏ်

http://www.dhammadownload.com

ရင့်လာတဲ့အခါကျတော့ ကြားရတယ်ဆိုတာနဲ့ ကြားရတဲ့ အသံရော၊ ကြားသိတာရော၊ ရှုတာရော တစ်ခါတည်း ပျောက်သွားတာ။ ကြားလိုက်ရင်း၊ ပျောက်သွားရင်း၊ ကြားလိုက်ရင်း ပျောက်သွားရင်း၊ အဲဒါလေးတွေ သိရတာကိုး။

အဲဒီတော့ အနိစ္စ၊ မမြဲတဲ့တရားတွေပဲ။ ဒီကြားရတဲ့ သဘောတရားဟာ မမြဲသလိုပဲ မြင်ရတာတွေရော၊ တွေ့ရတာတွေရော အကုန်လုံး ဒီလိုမမြဲတဲ့တရားတွေချည်းပဲလို့ ရှုရင်း ရှုရင်း ဒီလိုသဘောကျရမှာ။ ထို့အတူ နံဆဲခဏမှာ နှာခေါင်းနဲ့ အနံ့က ရုပ်၊ နံတာ သိတာက နာမ်။ စားဆဲခဏမှာလည်း လျှာနဲ့အရသာကရုပ် စားတာ သိတာက နာမ်တဲ့။ လျှာပေါ်မှာ အရသာတွေ ပေါ်လာတယ်။ ချို့တယ် ချဉ်တယ် ကောင်းတယ် မကောင်းဘူး ဒါတွေပေါ်လာတယ်၊ အဲဒီအခါကာလမှာ လျှာက တခြားပဲ။ ချို့တယ် ချဉ်တယ် အရသာတွေက တခြားပဲ။ အရသာ သိသွားတာက တခြားပဲ။ နောက်က ရှုသိတာလေးက တခြားပဲ။ အဲဒီ ရုပ်နာမ်လေးတွေ တခြားစီတခြားစီ ကွဲပြီးတော့ သိအောင်၊ ပြီးတော့ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးပျောက်သွားတာလေးသိအောင် အားထုတ်ရပါတယ်။ ၁၀-ရက် ၁၅-ရက် စသည်ကြာတော့ တချို့ စားရင်းစားရင်းနဲ့ ဘာမှ အရသာတောင် မပေါ်ဘူး။ စားပြီးရင်း ပျောက်သွားရင်း၊ ဒီထဲ ပုဂ္ဂိုလ်

http://www.dhammadownload.com

သတ္တဝါမရှိဘူး။ သူ့အခိုက်အတန့်နဲ့သူ ဖြစ်ပြီးတော့ ပျောက်သွားတာပဲ။ စားပြီးရင်း ပျောက်သွားရင်းနဲ့ ကောင်းတယ်လို့ ထောင် မထင်ဘူး။ ကိုင်းဆိုရအောင်။

နံဆဲခဏာ၌၊ နာခေါင်းနဲ့အနံ့က ရုပ်၊
နံတာ သိတာက နာမ်။
စားဆဲခဏာ၌၊ လျှာနဲ့အရသာက ရုပ်၊
စားသိတာ ရှုတာက နာမ်။

ကိုယ်ကတွေ့ထိတဲ့အခါကာလ၊ ဒါလည်း အင်မတန် ကျယ်ပြန့်တယ်။ ကိုယ်ကတွေ့ထိတာ တစ်ကိုယ်လုံးမှာ ရှိတယ်။ အသွေးအသားကောင်းတဲ့ နေရာတွေမှန်သမျှ အကုန်လုံး အတွေ့အထိ ရှိတာပဲ။ ဘယ်နေရာကမှ အတွေ့အထိ လွတ်ကင်းတဲ့နေရာ မရှိဘူး။ အကြောင်းအားလျော်စွာ အတွေ့အထိလေးတွေ ပေါ်လာတယ်။ ခြေထောက်ကလည်း အတွေ့အထိ ရှိတာပဲ။ ခေါင်းကလည်း အတွေ့အထိ ရှိတာပဲ။ ကိုယ်ထဲကလည်း ရှိတာပဲ။ အပြင်ကလည်း ရှိတာပဲ။ နေရာတကာက အတွေ့အထိတွေ ရှိပါတယ်။ အဲဒီအတွေ့အထိတွေကို စူးစိုက်ပြီးတော့ မှတ်ရမယ်။ မရှုမမှတ်လို့ရှိရင် အဲဒီတွေ့ထိတာတွေက ငါ ဖြစ်နေတယ်။ ငါ ထိတယ်၊ ငါ ယားတယ်၊ ငါ ကိုင်တယ် စသည်ဖြင့် ငါပဲ အောက်မေ့နေတယ်။

http://www.dhammadownload.com

ငါ့လက်ပဲ၊ ငါ့ခြေပဲ၊ ငါ့ကိုယ်ပဲ၊ ငါ့ခေါင်းပဲ၊ ငါတွေ ဖြစ်နေတယ်။ ငါ့ဥစ္စာတွေ ဖြစ်နေတယ်။ အပြီးသတ်တော့ ငါလည်းမဟုတ်ဘူး၊ ငါ့ဥစ္စာလည်း မဟုတ်ဘူး၊ တွေ့တာထိတာလေးတွေ အကုန်လုံး သဘောတရားလေးတွေပဲ။

တွေ့ထိဆဲခဏမှာ ကာယပသာဒခေါ်တဲ့ ကိုယ်ဆိုတဲ့ ရုပ် ရှိတယ်။ မျက်စိထဲမှာ မျက်စိအကြည်ရုပ်လိုပဲ ကိုယ်တစ်ကိုယ်လုံးမှာလည်းပဲ ဒီအကြည်ရုပ်တွေ တစ်ကိုယ်လုံးပျံ့ပြီးတော့ တည်နေတာကိုး။ တစ်ကိုယ်လုံးပြည့်နေတာ အပြင်ကရော အတွင်းကရော အကုန်လုံး ပြည့်နေတာ။ အသွေးထဲမှာရော၊ အသားထဲမှာရော၊ အရိုးထဲမှာရော၊ အကြောထဲမှာရော၊ အကုန်လုံးနှံ့ပြီးတော့ ပြည့်နေတယ်။ အဲဒီ ကာယပသာဒကို ကိုယ်လို့ခေါ်တယ်၊ အဲဒါ ကိုယ်ရုပ်တဲ့။ အတွေ့အထိကို ဖမ်းတတ်တဲ့ ကိုယ်အကြည်ရုပ်၊ တွေ့ရထိရတဲ့ အာရုံတွေက၊ အပြင်ကလည်း ရှိတယ်။ ကိုယ်ထဲအချင်းချင်း တွေ့တာလည်း ရှိတယ်။ အဲဒါက အရင်းစစ်လိုက်လို့ရှိရင် ဓာတ်သုံးပါးရှိပါတယ်။

ပထဝီဓာတ်တဲ့၊ ခက်မာကြမ်းတမ်းတဲ့သဘော။ ခက်မာတာ၊ ကြမ်းတမ်းတာ၊ နူးညံ့တာ ဒီလိုရင်လည်း တွေ့လိမ့်မယ်တဲ့။ တေဇောဓာတ်တဲ့။ ပူတာရင်လည်း တွေ့လိမ့်

http://www.dhammadownload.com

မယ်၊ အေးတာနွေးတာ တေဇောပဲတဲ့။ ဝါယောဓာတ်တဲ့။ တောင့်တာ၊ တင်းတာ၊ ထောက်ကန်တာ၊ တွန်းတာ၊ ရွေ့တာ အဲဒါ ဝါယောဓာတ် တွေ့တာပဲ။ တွန်းတာ ရွေ့လျားတာ ဝါယောဓာတ်၊ အဲဒါရင်လည်း တွေ့လိမ့်မယ်။ အဲဒါတွေကို မှတ်ရတာကိုး။ ကွေးတယ်ကွေးတယ်မှတ်ရင်း လက်ထဲက တောင့်တဲ့သဘော၊ တင်းတဲ့သဘော ဝါယောဓာတ်တွေပေါ့။ ရွေ့လျားတဲ့သဘော ဝါယောဓာတ်တွေပေါ့။

ဒီတောင့်တဲ့ တင်းတဲ့ ဝါယောဓာတ်၊ လှုပ်ရှားတဲ့ ဝါယောဓာတ်ဟာ ဘာကြောင့်ဖြစ်လာတုံးဆို ကွေးချင်တဲ့စိတ် ကလေးကြောင့် ဖြစ်လာတာ။ ဒီစိတ်ကလေးက ကွေးဖို့ ဆွဲဆောင်တယ်၊ စိတ်က ကွေးမယ်ကြံတော့ ကွေးလာ၊ ဆန့်ဦး မယ်ကြံရင် ဆန့်လာ။ အဲဒီ ကွေးချင်တဲ့စိတ်၊ ဆန့်ချင်တဲ့စိတ် ကလေးတွေပဲ ရှိတယ်။ ငြိမ်နေရာကနေပြီး တော်ကြာ လှုပ်ချင် တဲ့စိတ်ကလေး ပေါ်လာတယ်။ လှုပ်ချင်တယ် ကွေးချင်တယ် သူ့ ရှုရတယ်။ တော်ကြာတော့မှ ကွေးတယ်၊ ကွေးတယ်လို့ ကွေးတာတွေ ဆန့်တာတွေကို ရှုရတယ်။ အဲဒီလို အကြောင်းနဲ့ အကျိုးနဲ့ ဆက်စပ်ပြီးမှဟာ့ ဖြစ်နေတာ၊ အဲဒီ တော့ တွေ့ထိတဲ့ရုပ်တွေကို ရှုမှတ်ရတဲ့အခါကာလ ကိုယ်က လည်း ရုပ်ပဲ၊ ထိရတာတွေကလည်းပဲ ရုပ်ပဲ၊ တောင့်တင်းတာ၊

http://www.dhammadownload.com

လှုပ်ရှားတာ၊ ပူတာ၊ အေးတာ၊ နွေးတာ၊ အဲဒီ ထိရတဲ့ သဘောတွေကလည်း ရုပ်ပဲ။ ထိသိတာက နာမ်တဲ့။ ရှုသိတာက နာမ်၊ ရုပ်နဲ့နာမ် နှစ်ခုပဲ ရှိတာပဲ။ ကဲ...ဆိုစမ်းပါဦး။

ထိဆဲခဏ၌ ကိုယ်နဲ့အတွေ့က ရုပ်၊
ထိသိတာ ရှုသိတာက နာမ်။

ကိုယ်နဲ့တွေ့ထိတဲ့အခါကာလ ထိတယ်ထိတယ် မှတ်ရတယ်။ အခု ကွေးတယ် ဆန့်တယ်၊ ညှာလှမ်းတယ်၊ ဘယ်လှမ်းတယ်။ ဒီလိုမှတ်တဲ့အခါလည်း အတူတူပါပဲ၊ အဲဒါတွေလည်း အထိတွေ မှတ်တာပဲ။ ဗိုက်ကနေပြီးတော့ ဖောင်းတက် လာလိုက်၊ ပိန်ကျသွားလိုက်၊ ဖောင်းတယ် ပိန်တယ် မှတ်နေတာလည်း အထိတွေ မှတ်တာပဲ။ ဗိုက်ထဲက အတွေ့အထိပဲ၊ ဗိုက်ထဲမှာ ဖောင်းတယ်မှတ်တဲ့အခါကာလမှာ ဖောင်းပြီးတော့ တက်လာတဲ့အခါ တောင့်တင်းတဲ့သဘော၊ ဝါယောဓာတ်နဲ့ ဗိုက်ထဲက ကိုယ်ရုပ်နဲ့ တိုက်ခိုက်ပြီးတော့ ဗိုက်ထဲကနေပြီး ထိလာတာကိုး။ အဲဒီကနေ သိတယ်၊ အဲဒါ ဖောင်းတယ် မှတ်လိုက် တောင့်တင်းတဲ့သဘော တွေ့ရတယ်။ ကိုယ်ရယ် တောင့်တင်းတဲ့သဘောရယ်က ရုပ်၊ ဗိုက်ထဲကနေပြီး ထိသိသွားတာက နာမ်။ ဖောင်းတယ်လို့ ရှုလိုက်သိလိုက်တာတွေကလည်း နာမ်။ ရုပ်နဲ့နာမ် ဒီနှစ်ခုပဲ။ ပိန်တယ် မှတ်တဲ့အခါ

http://www.dhammadownload.com

လည်း ဒီအတိုင်းပဲ။ ကိုယ်နဲ့ တွေ့ထိရတဲ့ အဲဒီလှုပ်ရှားတဲ့ သဘောက ရုပ်၊ ထိသိသွားတာက နာမ်၊ ရှုသိလိုက်တာက နာမ်၊ အဲဒါကြောင့် ထိဆဲခဏာမှာ ကိုယ်နဲ့အတွေ့က ရုပ်၊ ထိသိတာက ရှုသိတာက နာမ်၊ ကိုင်း-ဆိုစမ်းပါဦး။

ထိဆဲခဏာ၌၊ ကိုယ်နဲ့အတွေ့က ရုပ်၊
ထိသိတာ ရှုသိတာက နာမ်။
ဖောင်းဆဲခဏာ၌၊ ကိုယ်နဲ့အတွေ့က ရုပ်၊
ထိသိတာ ရှုသိတာက နာမ်။
ပိန်ဆဲခဏာ၌၊ ကိုယ်နဲ့အတွေ့က ရုပ်၊
ထိသိတာ ရှုသိတာက နာမ်။
ကွေးဆဲခဏာ၌၊ ကိုယ်နဲ့အတွေ့က ရုပ်၊
ထိသိတာ ရှုသိတာက နာမ်။

ကွေးတယ်ကွေးတယ် မှတ်လိုက်တဲ့အခါကာလမှာ ကောင့်တင်းတဲ့သဘော လှုပ်ရှားတဲ့သဘော လက်ထဲကနေ ပြီးတော့ ထိသိတယ်။ လက်ထဲမှာရှိတဲ့ ကိုယ်အကြည်ရုပ် ဒါကလည်း ရုပ်ပဲ။ ပြီးတော့ တောင့်တင်းတဲ့သဘော၊ လှုပ်ရှားတဲ့သဘော သူကလည်းရုပ်ပဲ ရွှေ့တာလေး ရွှေ့တိုင်း ရွှေ့တိုင်း သိတာ။ အဲဒီ ပထမ ထိသိတာက နာမ်၊ ရှုလိုက်လို့ သိတာကလည်း နာမ်၊ ရုပ်နဲ့နာမ်ပဲ ရှိတယ်။ အဲဒီ ရုပ်နဲ့နာမ်

http://www.dhammadownload.com

နှစ်ခုရှိတာ အကုန်လုံးသိအောင်လို့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ ကွေးတယ်၊ ဆန့်တယ်၊ သွားတယ်၊ ကြွတယ်၊ လှမ်းတယ် စသည်ဖြင့် ဒါတွေအကုန်လုံး ရှုနေရတာ။ ရုပ်နဲ့နာမ်လေးတွေကို ဖြစ်တိုင်းဖြစ်တိုင်း သိအောင်လို့၊ လိုက်ပြီးတော့ ရှုနေရတယ်။ ပြီးတော့ စိတ်ကူးစဉ်းစားကြံစည်မှုတွေ ဖြစ်ပြန်လို့ရှိရင်လည်း အဲဒီ စိတ်ကူးစဉ်းစားကြံစည်မှုတွေ ဖြစ်တိုင်းဖြစ်တိုင်း လိုက်ပြီးတော့ ရှုရတယ်။ မရှုရင် အဲဒီ စိတ်ကူးရာကနေ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်လာမှာ။ ဒါကြောင့် စိတ်ကူးရင် စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံတယ်၊ သူဖြစ်တဲ့အတိုင်း လိုက်ရှုရတယ်။ ကိုယ်ထဲမှာ အတွေ့.အထိကနေပြီး ဝေဒနာတွေဖြစ်တာရှိတယ်။ ပူတာ၊ ညောင်းတာ၊ နာတာ၊ ကျင်တာ၊ ကိုက်ခဲတာ အဲဒါတွေလည်း မရှုလို့ရှိရင်၊ ငါပူတယ်၊ ငါညောင်းတယ်၊ ငါနာတယ်ဆိုပြီး လောဘ၊ ဒေါသတွေ ဖြစ်လာမှာ။

မကောင်းတာတွေ ပျောက်သွားအောင် ကောင်းတာတွေကို တောင့်တတဲ့ လောဘ၊ မကောင်းတာတွေ ပျောက်စေချင်တဲ့ လောဘ၊ အဲဒါတွေဖြစ်လာမှာ။ ဒါတွေ မဖြစ်ရအောင်လို့ တစ်ခါတည်း ညောင်းရင်ညောင်းတယ်၊ ပူရင် ပူတယ်၊ နာရင် နာတယ်၊ ဒီဝေဒနာလေးတွေ ရှုရမှတ်ရတယ်။

http://www.dhammadownload.com

အဲဒီလို ရှုမှတ်ပြီးနေတော့ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်ခွင့်ကို မရဘူး။ ဖြစ်ကိုမဖြစ်နိုင်ဘူး။

မြင်ရာကလည်းပဲ လောဘ မဖြစ်လိုက်ရဘူး၊ ကောင်းတာမြင်လို့လည်းပဲ မြင်တယ် မြင်တယ်မှတ် မြင်ရုံမျှပဲ ငြိမ်းသွားတယ်။ ကြားရတာလည်း ကြားတယ်ကြားတယ်မှတ် ကြားရုံမျှပဲ၊ လောဘ ဖြစ်ခွင့်မရဘူး၊ ဒေါသ ဖြစ်ခွင့်မရဘူး။ နံရာက၊ စားရာက၊ တွေ့ထိရာက၊ ထိုင်ရာက၊ ထရာက၊ လှုပ်ရှားရာက၊ စိတ်ကူးစဉ်းစားကြံစည်ရာက၊ ညောင်းရာ၊ ပူရာ၊ နာကျင်ရာ၊ ကိုက်ခဲရာက ဘယ်ကမှ လောဘ၊ ဒေါသ၊ မောဟတွေ မဝင်ရအောင်လို့ သဘောတရားလေးတွေ အမှန်အတိုင်းသိအောင် ရှုရတာ၊ အဲဒီလို ရှုနေတာ စိတ်စင်ကြယ်အောင် လုပ်နေတာတဲ့။ ဘယ်ထိအောင် စင်ကြယ်ရမလဲဆိုလို့ ရှိရင် ဒီအတိုင်းစင်ကြယ်ပြီး အရိယာမဂ်ဉာဏ် ရောက်ရမယ်တဲ့။ နောက်ဆုံးကျတော့ အရဟတ္တမဂ်၊ အရဟတ္တဖိုလ် ရောက်ပြီးတော့ လောဘ၊ ဒေါသ၊ မောဟတွေ လုံးဝစင်ကြယ်ပြီးတော့ သွားပါစေတဲ့။ ဒီထိရောက်အောင် အားထုတ်ပါလို့ ဆိုလိုတယ်။ အခုအားထုတ်နေတာတွေ အဲဒါ အားထုတ်နေတာပဲ။

သစိတ္တ ပရိယောဒပန်- မိမိစိတ်ကို ထက်ဝန်းကျင်ဖြူစင်စေခြင်း။ အင်မတန် ကောင်းပါတယ်။ တရားအားထုတ်

http://www.dhammadownload.com

ရင်း ကိုယ့်ဟာကိုယ် စဉ်းစားကြည့်လိုက်၊ အင်မတန်ဝမ်းသာစရာ ကောင်းတယ်။ သမာဓိဉာဏ်လေးတွေ အားကောင်းလာလေလေ ဝမ်းသာစရာ ကောင်းလေလေပဲ။ တစ်သက်လုံး တစ်ခါတည်း စိတ်ဓာတ်ကလေး စင်ကြယ်အောင်လုပ်ရတာ၊ အခုနေအခါမှာ အားထုတ်ရတာပဲ။ ရှေးရှေးက အချိန်ကာလတွေများ စဉ်းစားကြည့်လိုက်၊ အားမထုတ်ခဲ့ရဘူး။ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ စဉ်းစားကြည့်လေ ဝမ်းသာစရာ ကောင်းလေလေပါ့။ ရဟန်းများဆိုလို့ရှိရင် ပိုပြီးတော့သိသာပါတယ်။ ရဟန်းက အစကတည်းက ဒီလိုတရားတွေ အားထုတ်ဖို့ရာကိုး။ တချို့ ဝါတွေက တော်တော်ရပြီးတော့လာတာ၊ အားမထုတ်ခဲ့ဘူး။ အခုမှ အားထုတ်ရတယ်ဆိုတော့ ဒါလေး မပြတ်တစ်ခါတည်း မြင်တိုင်းကြားတိုင်း ဒွါရခြောက်ပါးက ပေါ်တိုင်းပေါ်တိုင်း သိရုံသိရုံလေး လိုက်ရှုနေရတာ။ ကိလေသာကင်းတဲ့အလုပ်တွေ လုပ်နေရတာ အင်မတန် ဝမ်းသာစရာကောင်းတယ်။ မဂ်ဖိုလ်ကို မရသေးတောင်မှ ဒီလိုအကျင့်တွေကို ကျင့်နေရတာ၊ တစ်ရက်အားထုတ်ရရင် တစ်ရက်ဟာ ဝမ်းသာစရာ သိပ်ကောင်းတာပဲ။ နှစ်ရက်ဆိုရင်လည်း နှစ်ရက် ဝမ်းသာစရာ ကောင်းတာပဲ။ ၇-ရက်ဆိုရင်လည်း ၇-ရက်၊ တလခွဲနှစ်လဆို အင်မတန်ကောင်းပေါ့။ အင်မတန်ကောင်းတဲ့ အလုပ်

http://www.dhammadownload.com

တွေ အားထုတ်နေရတာ။ တစ်သံသရာလုံး အပါယ်ဆင်းရဲတွေက ငြိမ်းစေနိုင်တဲ့ အလုပ်တွေ။

အခု လူတွေ စားရေးသောက်ရေး နေရေးထိုင်ရေး အတွက် အလုပ်ကလေးတွေဆိုတာ လုပ်ကြရတယ်။ ကိုယ့် အဆင့်အတန်း အလိုက်ပေါ့လေ၊ တချို့လည်းပဲ တစ်နေ့စာ စားဖို့ သောက်ဖို့လေးရအောင် ပင်ပင်ပန်းပန်း၊ ကြိုးကြိုးစားစား အားထုတ်ရတယ်။ အခု ဒီတရား အားထုတ်ရတာက ဒီလို တစ်နေ့စာလည်း မဟုတ်ပါဘူး။ တစ်နှစ်စာလည်း မဟုတ်ပါဘူး။ တစ်ဘဝစာလည်း မဟုတ်ပါဘူး။ တစ်သံသရာလုံး ကောင်းစားအောင် အားထုတ်ရတာ။ တစ်သံသရာလုံး ငရဲကို ဘယ်တော့မှ မကျနိုင်အောင် အားထုတ်ရတာ။ တစ်သံသရာလုံး တိရစ္ဆာန် ဘယ်တော့မှ မဖြစ်နိုင်အောင်၊ အပါယ်လေးဘုံလည်းမရောက်ရအောင်၊ ကြိုးကြိုးစားစား အားထုတ်ရတာ။ အခု မအောင်မြင်သေးစေကာမူ နောင်အခါကာလကျရင် အဲဒီမဂ်တရား ဖိုလ်တရားတွေရပြီး အပါယ်လေးပါးဘဝတွေက လွတ်မြောက်ပြီးတော့သွားတယ်။ အဲဒီ မဂ်ဖိုလ် မရောက်သေးတောင်မှ တရားအားထုတ်ထားတဲ့ပုဂ္ဂိုလ်တွေက စိတ်ကောင်းနလုံးကောင်းတွေ ဖြစ်ပြီး ကုသိုလ်တရားတွေ ပွားများတယ်၊

http://www.dhammadownload.com

အပါယ်လေးပါးက များသောအားဖြင့် လွတ်မြောက်တတ်ပါတယ်။

အဲဒီတော့ အပါယ်ဘေးက သံသရာဘေးက လွတ်မြောက်ရအောင် တစ်သံသရာလုံး တွေ့.သွားမယ့်ဆင်းရဲတွေ ငြိမ်းပြီးတော့သွားအောင် အားထုတ်နေရတာပဲလို့ အာရုံပြုလိုက်တဲ့အခါ အင်မတန်ဝမ်းသာစရာ ကောင်းပါတယ်။ မြတ်စွာဘုရားက ရှေးဦးစွာ သာဝကသန္နိပါတ၊ အရေးကြီးလို့ ဒီတရားဟောတယ်။ သစ်တွာ ပရိယောဒပန်- မိမိစိတ်ကို ထက်ဝန်းကျင် ဖြူစင်အောင်လို့ အားထုတ်ပါတဲ့။ အဲဒီလို မြတ်စွာဘုရား ညွှန်ကြားတဲ့ ဒီအလုပ်တွေ တို့ အားထုတ်နေရတာပါလားလို့ အာရုံပြုလိုက်၊ ဝမ်းသာစရာသိပ်ကောင်းတယ်။

ဇတံ ဗုဒ္ဓါန သာသနံ။ ဇတံ- ကျိသုံးပါးသော အဆုံးအမသည်၊ ဗုဒ္ဓါနံ- မြတ်စွာဘုရားတို့၏။ သာသနံ- သာသနာ့အဆုံးအမတော်ပါပေတည်း။ အကုသိုလ်တရားတွေ မဖြစ်ပါစေနဲ့။ ကုသိုလ်တရားတွေပြည့်စုံအောင် အားထုတ်ပါ။ မိမိစိတ်လည်းပဲ လောဘ၊ ဒေါသ၊ မောဟ အညစ်အကြေးတွေ ကင်းစင်သွားအောင် အရဟတ္တမဂ် အရဟတ္တဖိုလ်ရောက်အောင် အားထုတ်ပါလို့ဆိုတဲ့ ဒီဩဝါဒသုံးခုဟာ သာမန်

http://www.dhammadownload.com

ပုဂ္ဂိုလ်ရဲ့ အဆုံးအမ မဟုတ်ဘူး၊ ဘုရားရှင်တိုင်းရဲ့ အဆုံးအမ ပဲတဲ့။ ကိုင်း ဆိုရမယ်။

မကောင်းမှုများ၊ ပယ်ရှားပယ်လေ။
ကောင်းမှုတရား၊ ဖြစ်ပွားစုံစေ။
မိမိစိတ်ဓာတ်၊ ဆွတ်ဆွတ်ဖြူးစေ။
ဤသုံးပါး၊ ဘုရားအဆုံးအမပေ။

အဲဒီ အဆုံးအမသြဝါဒ သုံးခုနဲ့ကို တရားကတော့ ပြည့်စုံနေပါပြီ။ ပထမဂါထာ သည်းခံခြင်းတရားအမြတ်ဆုံး၊ နိဗ္ဗာန်အကောင်းဆုံး ဟောခဲ့ပြီ။ နောက်လည်းပဲ တစ်ဂါထာ ရှိသေး၊ တရားကျဉ်းကျဉ်းသွားရမယ်၊ အချိန် နည်းသွားပြီ။

(၃) သြဝါဒပါတိမောက် တတိယဂါထာ

အနုပဝါဒေါ အနုပယာတော၊ ပါတိမောက္ခေ
စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ။
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန
သာသနံ။

အနုပဝါဒေါ- သူတစ်ပါးကို မစွပ်စွဲခြင်း၊ အနုပယာတော- သူတစ်ပါးကို မညှဉ်းဆဲ မသတ်ဖြတ်ခြင်း၊ ပါတိ

http://www.dhammadownload.com

မောက္ခေစ- ပါတိမောက်သီလ၌ (ဝါ) စောင့်ကျွှင်လွတ်စေတတ်သော အကျင့်သီလ၌၊ သံဝရော- စောင့်စည်းခြင်း၊ ဘတ္တာသို့- စားသုံးဖွယ်ဘောဇဉ်၌၊ မတ္တညုတာ စ- အတိုင်းအရှည်ကိုသိခြင်း၊ ပန္တံ- လူသူနှင့်မနီး ဆိတ်ငြိမ်သော၊ သယနာသနဉ္စ- ကျောင်း၊ အိပ်ရာ နေရာ၌နေခြင်း၊ အဓိစိတ္တေ စ အာယောဂေါ- လွန်မြတ်သော စိတ်အလုပ်၌ (ဝါ) သမထဘာဝနာ၌ အားထုတ်ခြင်း၊ ဧတံ- ဤခြောက်ပါးသည်၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏။ သာသနံ- အဆုံးအမတော်ပါပေတည်း။ ဒီခြောက်မျိုး၊ ဒါလည်း ဘုရားအဆုံးအမတွေပဲ။

(၃-က) သူတစ်ပါးကို မစွပ်စွဲပါနဲ့

အနုပဝါဒေါ- သူတစ်ပါးကို မစွပ်စွဲနဲ့တဲ့။ သူတစ်ပါးအပြစ်မရှာနဲ့တဲ့၊ တရားအားထုတ်နေတဲ့နေရာ၊ သီတင်းသုံးဖော်တွေ အတူသီတင်းသုံးနေတဲ့နေရာတွေမှာ အရေးကြီးပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အပြစ်ဖို့တတ်တယ်။ တစ်ခုခု ချို့.ယွင်းသွားပြီဆို ကိုယ့်အပြစ်တော့ တယ်မလုပ်ဘူး။ သူများအပြစ်ပဲ အောက်မေ့တာ။ အဲဒါ သူများကို အပြစ်မဖို့ပါနဲ့တဲ့။ ကိုယ့်အပြစ်ကိုသာ ရှာပါတဲ့။ စွပ်စွဲခြင်းထိအောင်ဆိုတော့ တော်တော်ရင့်သွားပါပြီ။

http://www.dhammadownload.com

(၃-ခ) သူတစ်ပါးကို မညှဉ်းဆဲပါနဲ့

အနုပယာတော- သူတစ်ပါးကို မညှဉ်းဆဲပါနဲ့။ ဒါက တော့ ခုနက ပါသွားပါပြီ၊ ထပ်ပြီးတော့ စုံအောင်လို့ ပြထား တယ်မှတ်တယ်၊ ကိုင်း ဆိုရမယ်။

သူ့ကိုစွပ်စွဲ၊ ညှဉ်းဆဲကင်းစေ။

(၃-ဂ) ကိုယ်ကျင့်သီလ၌ စောင့်စည်းခြင်း

ပါတိမောက္ခေ စ- ပါတိမောက်သီလ၌လည်း၊ (ဝါ) ကိုယ်ကျင့်သီလ၌လည်း၊ သံဝရော- စောင့်စည်းခြင်း လည်း ကောင်း။ ပါတိမောက္ခ၊ ပါတိ- စောင့်ရှောက်တဲ့သူကို မောက္ခ-လွတ်စေသည်။ ဒီကိုယ်ကျင့်တရားက သူ့ကို စောင့်ရှောက်လို့ ရှိရင်၊ စောင့်ရှောက်တဲ့သူကို အပါယ်ဘေးက လွတ်စေတယ် တဲ့။ သံသရာဝဋ်ဆင်းရဲကလည်း လွတ်မြောက်စေတတ်တယ် တဲ့။ ဒီအကျင့်က သူ့ကိုစောင့်ရှောက်လို့ရှိရင် သူက လွတ် မြောက်စေတတ်တဲ့တရား။ အဲဒါဘာတုံးဆို ကိုယ်ကျင့်သီလ ပဲ။ လူမှာဆိုရင် ငါးပါးသီလ၊ ရဟန်းမှာဆို ပါတိမောက္ခသံဝရ သီလ။ ဒီပုဂ္ဂိုလ် အပါယ်လေးပါးမကျနိုင်ဘူး။ ဘာနဲ့တူသလဲ ဆိုလို့ရှိရင် ကျန်းမာစေတတ်တဲ့ဆေးနဲ့ တူတယ်။ ကျန်းမာ စေတတ်တဲ့ဆေးဟာ သုံးဆောင်မိဝဲတဲ့ပုဂ္ဂိုလ်ကို ကျန်းမာစေ

http://www.dhammadownload.com

တတ်တယ်။ မသုံးဆောင်ရင် မကျန်းမာစေဘူး။ အဲဒါလိုပါပဲ ဒီကိုယ်ကျင့်သီလကလည်း ကျင့်တဲ့ပုဂ္ဂိုလ်ကို အပါယ်လေးပါး က လွတ်စေတယ်။ မကျင့်ရင်တော့ မလွတ်စေဘူး။

ပါဏာတိပါတ- သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းမှ ကြဉ်ရှောင်မယ်။ အဒိန္နာဒါန- သူတစ်ပါးဥစ္စာ ခိုးယူခြင်း၊ လုယက်ခြင်းမှ ကြဉ်ရှောင်မယ်။ ကာမေသုမိစ္ဆာစာရ- မတရားသဖြင့် ကာမဂုဏ်တွေ ကျူးလွန်ခြင်းမှ ကြဉ်ရှောင်မယ်။ မုသာဝါဒ- လိမ်လည်ပြောဆိုခြင်းမှ ကြဉ်ရှောင်မယ်။ သုရာမေရယ-ဿရည်အရက် သောက်စားခြင်းမှ ကြဉ်ရှောင်မယ်ဆိုရင် အဲဒီ ပုဂ္ဂိုလ် အပါယ်လေးပါးက လွတ်စေနိုင်တယ်။ မရှောင်ရင် အပါယ်လေးပါး ကျမှာပဲ။

ရဟန်းတွေလည်း ဒီအတိုင်းပဲ။ ဘုရားက ပါတိမောက်သီလတွေ ဟောထားတယ်၊ အဲဒါတွေ ရိုရိုသေသေ စောင့်ရှောက်နေလို့ရှိရင် အပါယ်လေးပါး မကျဘူး။ ဒို့ပြင်တရားအထူး အားမထုတ်နဲ့ဦး၊ လူဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ နတ်ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ လူ့လောက နတ်လောကတွေမှာ တစ်သံသရာလုံး ကြီးပွားချမ်းသာသွားနိုင်တယ်။ သူ့ကို မစောင့်ရှောက်လို့ရှိရင်တော့ သူက မလွတ်စေနိုင်ဘူး။

ကိုယ်ကျင့်သီလ၊ လုံးဝလုံစေ။

http://www.dhammadownload.com

(၃-ဃ) စားဖွယ် အစာအာဟာရ၌ အတိုင်းအရှည်ကို သိခြင်း

ဘတ္တာသို့- စားဖွယ် အစာအာဟာရ၌၊ မတ္တညုတာ စ-အတိုင်းအရှည်ကို သိခြင်း လည်းကောင်း။ စားဖွယ်အစာအာဟာရမှာ အတိုင်းအရှည်သိရမယ်တဲ့။ စားစရာ၊ သုံးစရာတွေ ဆင်ခြင်ပြီးတော့ သုံးဆောင်ပါတဲ့။ သက်မွေးကို ဘာဖြစ်လို့ ဝတ်ရတယ်။ ဆွမ်းကို ဘာဖြစ်လို့ စားရတယ် စသည်ဖြင့်ပေါ့လေ။ ဒါကတော့ ရဟန်းတွေနဲ့ ဆိုင်တယ်၊ လူတွေနဲ့တော့ သိပ်မဆိုင်ဘူး။ ဆင်ခြင်ပြီးတော့ သုံးဆောင်ပါတဲ့။ အစာမှာ လည်း အတိုင်းအရှည်သိပါ။ ကိုယ်မျှတရုံ စားတာသောက်တာ ဒီလောက်တော့ အတိုင်းအရှည် သိမှ။ လူလည်း ဒါတော့ အသုံးကျတယ်။ အလွန်အကျွံစားရင် နေထိုင်မကောင်း ဖြစ်တတ်တယ်။ မတည့်တဲ့အစာတွေ စားလို့ရှိရင်လည်း ရောဂါဝေဒနာတွေ ဖြစ်တတ်တယ်။ အဲဒါလောက်တော့ သိဦးမှ ဖြစ်မှာ။ ရဟန်းများမှာတော့ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့ သုံးဆောင်ပါတဲ့။

အစာ၌လည်း၊ သိမြဲတိုင်းရှည်။

http://www.dhammadownload.com

(၃-၄) လူသူဆိတ်သော ကျောင်း၊ အိပ်ရာနေရာ၌ နေခြင်း

ပန္တဉ္စ သယနာသနံ။ ပန္တံ- အစွန်အဖျားကျသော၊ (ဝါ) လူသူဆိတ်သော၊ သယနာ သနဉ္စ- ကျောင်း၊ အိပ်ရာနေရာ၌ နေခြင်းလည်းကောင်း။ အစွန်အဖျားကျတဲ့ လူသူနဲ့မနီးတဲ့ တောကျောင်းတွေမှာ သီတင်းသုံးနေပါတဲ့။ ရှေးတုံးက တရား အားထုတ်ကြတယ်ဆိုတာ မြို့.နဲ့ရွာနဲ့ဝေးတဲ့ တောကျောင်းတွေမှာ အားထုတ်ကြရတာပါပဲ။ အခုတော့လည်း ခေတ်ကာလ အားလျော်စွာ တော်တော်ဆိတ်ငြိမ်တဲ့ နေရာလေးတွေမှာပဲ ဒီလိုပဲ အားထုတ်ရတယ်။ တောကြီးတောင်ကြီးထဲသွားပြီး အားထုတ်ဖို့ဆိုတာ အခုနေအခါက သိပ်ပြီးတော့ မဖြစ်ဘူး။ အခုတော့ တော်ရုံသင့်ရုံ ဆိတ်ငြိမ်တဲ့နေရာ ကျောင်းလေးတွေဆောက်ပြီးတော့ ဒီလိုနေရတာပဲ။ တောထဲသွားပြီးတော့ ကမ္မဋ္ဌာန်းကျောင်းဆောက်နေရင် လူတွေလာဖို့ ခက်တာပေါ့။ တော်ရုံတန်ရုံ ဆိတ်ငြိမ်ရင် တော်ရတာပေါ့လေ။ ဆိတ်ငြိမ်တဲ့ ကမ္မဋ္ဌာန်းကျောင်းမှာလည်းပဲ နေထိုင်ပြီး အားထုတ်ပါတဲ့။ ကဲဆိုရမယ်။

လူသူဆိတ်တောင်း၊ တောကျောင်းမှာနေ။

တောကျောင်းနေနိုင်လို့ရှိရင်တော့ အကောင်းဆုံးပါပဲ၊ ရဟန်းတော်များအတွက်တော့ လူနဲ့ဝေးတဲ့၊ မြို့.ရွာနဲ့ဝေးတဲ့

http://www.dhammadownload.com

တောကျောင်းမှာနေရင် မမြင်သင့်တာတွေ မမြင်ရဘူး။ မကြား သင့်တာတွေ မကြားရဘူး။ မျက်စိအေး နားအေး ချမ်းသာနေ တာပဲ၊ အခု ဒီလိုကမ္မဋ္ဌာန်းကျောင်းတောင်မှ တော်တော် ချမ်းသာသေးတာပဲ။ အရပ်ထဲမှာဆို စိတ်မချမ်းသာစရာတွေ မြင်နေရ၊ ကြားနေရတာတွေ ရှိတာပဲ။ ကမ္မဋ္ဌာန်းကျောင်း လာ နေတော့ ဒီအမြင်အကြားတွေ တော်တော်တော့ သက်သာရာ ရတယ်။ တောကျောင်းတွေမှာ သွားနေရင်တော့ ပိုကောင်း တာပေါ့။ ဒါကြောင့် မြတ်စွာဘုရားက ရဟန်းတော်များ တောကျောင်းတွေမှာ နေပါတဲ့။

(၃-စ) လွန်မြတ်သောစိတ်လုပ်ငန်း၌ အမြဲအားထုတ်ခြင်း

အဓိစိတ္တေ စ အာယောဂေါ၊ အဓိစိတ္တေ စ- လွန်မြတ် သောစိတ်လုပ်ငန်း၌လည်း၊ အာယောဂေါ- အမြဲအားထုတ်ခြင်း လည်းကောင်း။ လွန်မြတ်သောစိတ်လုပ်ငန်း၊ တိုက်ရိုက် ပြန်လို့ရှိရင် သမထဘာဝနာပါပဲ။ သမထတင် မဟုတ်ဘူး၊ မြတ်စွာဘုရားသာသနာမှာ ဝိပဿနာလည်းပဲ ဒီထဲထည့်ယူမှ ဖြစ်မှာပါပဲ။ ရှေ့နားတုန်းကလည်း ပါတိမောက်သီလဆိုရင် ကုန်ဖြိုယသံဝရသီလလည်း ထည့်ယူရမယ်လို့ အဋ္ဌကထာက ဖွင့်ပါတယ်။ တစ်ခါ အစာအာဟာရ အတိုင်းအရှည်သိရမယ်

http://www.dhammadownload.com

ဆိုတော့ ပစ္စယသန္နိဿိတသီလပဲ။ ပစ္စည်းလေးပါးကို မှီဝဲတဲ့ အခါ ဒါဆင်ခြင်ပြီးသုံးဆောင်ရမယ်ဆိုတော့ အဲဒီမှာ အာဇီဝ ပါရိသုဒ္ဓိသီလလည်း ထည့်ယူပါတဲ့။ ပစ္စည်းလေးပါး သုံးဆောင်တယ်ဆိုတာလည်း အသက်မွေးမှုနဲ့ ဆိုင်တာကိုး။ စားရတယ်ဆိုတာ အသက်ရှင်မှုနဲ့ ဆိုင်တာပဲ။ ဝတ်ရတာတွေလည်းပဲ ချမ်းချမ်းသာသာနေပြီး အသက်ရှင်မှု၊ ချမ်းသာမှုနဲ့ ဆိုင်နေတယ်။ အဲဒါကြောင့် အစာအာဟာရ အတိုင်းအရှည် သိပါဆိုတဲ့နေရာမှာ အသက်မွေးမှု စင်ကြယ်တဲ့သီလလည်း ထည့်ပြီးတော့ယူရမယ်လို့ အဋ္ဌကထာဆရာက ဖွင့်ပါတယ်။

ဒီမှာလည်း အဓိစိတ္တာဆိုတာ တိုက်ရိုက်ပြန်လို့ရှိရင် လွန်ကဲသောစိတ်ဆိုတာ သမာဓိပဲ။ သမထကမ္မဋ္ဌာန်းကို ညွှန်ကြားပါတယ်။ ဝိပဿနာ ဒီထဲမပါဘူး။ ဒါပေမယ်လို့ မြတ်စွာဘုရားသာသနာမှာ ဝိပဿနာက လိုရင်းပဲ။ ဒီတော့ အဓိစိတ္တ- သမထကမ္မဋ္ဌာန်းဆိုရင်ဖြင့်၊ သမထကမ္မဋ္ဌာန်း အရင်းခံပြီး ဝိပဿနာဘာဝနာအားထုတ်တာလည်း ဒီထဲထည့်ယူမှဖြစ်မှာ။ ဒါမှ ဒီဩဝါဒထဲ စုံလင်သွားမယ်။

ဒါကြောင့် အဓိစိတ္တေ စ- လွန်မြတ်သော စိတ်လုပ်ငန်းဌာလည်း၊ အာယောဂေါ- အမြဲ အားထုတ်ခြင်းလည်းကောင်း ဆိုတော့ သမထရော ဝိပဿနာဘာဝနာပါ မပြတ်အားထုတ်

http://www.dhammadownload.com

နေပါလို့ ဆိုလိုပါတယ်။ တချို့က သမထ မလုပ်ကောင်းဘူး စသည်ဖြင့် ပြောကြတယ်၊ သမထလည်း လုပ်ကောင်းပါတယ်။ မြတ်စွာဘုရားက အဓိစိတ္တ- သမထကိုပဲ အရင်းခံပြီး ဟောထားတာ။ ဒီမှာ ဝိပဿနာတော့ တိုက်ရိုက်မဟောခဲ့ဘူး။ ဒါပေမယ်လို့ သမထအားထုတ်ရင်လည်း သမထအာရုံပြုပြီးတော့ ဖြစ်တဲ့စိတ်ကလေးတွေကို ရှုမိတော့ အဖြစ်အပျက် မြင်ပြီး ဝိပဿနာဉာဏ်တွေ ဖြစ်ပြီးတော့သွားနိုင်ပါတယ်။ ကဲဆိုရမယ်။

စိတ်မြတ်လုပ်ငန်း၊ ကြိုးပမ်းပါလေ။
ဤခြောက်ပါး၊ ဘုရားဆုံးမပေ။

ဩဝါဒက ခြောက်ခုရှိတယ်။ သူ့ကိုစွပ်စွဲ၊ ညှဉ်းဆဲကင်းစေတဲ့။ သူ့ကို စွပ်စွဲခြင်းကင်းပါစေ၊ ညှဉ်းဆဲခြင်းကင်းပါစေ၊ ဒါက နှစ်ပုဒ်။ ကိုယ်ကျင့်သီလ၊ လုံးဝလုံစေတဲ့။ ပါတိမောက္ခ သံဝရသီလ၊ ကိုယ်ကျင့်သီလ၊ လူမှာ ငါးပါးသီလပေါ့။ အဲဒါတွေအကုန်လုံး ပြည့်ပြည့်စုံစုံ လုံခြုံပါစေတဲ့။ အစာ၌လည်း၊ သိမြဲတိုင်းရှည်တဲ့။ အစာအာဟာရ အသုံးအဆောင်တွေ သုံးဆောင်တဲ့အခါမှာလည်း အတိုင်းအရှည်နဲ့ သိပြီးတော့၊ ဆင်ခြင်ပြီးတော့ သုံးဆောင်ပါတဲ့။ ပြီးတော့ လူသူဆိတ်တောင်း၊ တောကျောင်းမှာနေတဲ့။ လူသူဆိတ်တဲ့ တော

http://www.dhammadownload.com

ကျောင်းမှာနေရမယ်။ ငါးခု။ စိတ်မြတ်လုပ်ငန်း၊ ကြိုးပမ်းပါလေတဲ့။ စိတ်မြတ်လုပ်ငန်း၊ သမထဘာဝနာ ဝိပဿနာဘာဝနာလုပ်ငန်းတွေလည်း မပြတ်အားထုတ်ပါလေတဲ့။ အဲဒီခြောက်ပါးက ဇတံ ဗုဒ္ဓါန သာသနံ။ ဇတံ- ဤခြောက်ပါးသည်၊ ဗုဒ္ဓါနံ- ဘုရားရှင်တို့၏၊ သာသနံ- အဆုံးအမတော်ပါပေတည်း။

မြတ်စွာဘုရားက အခုပြောခဲ့တဲ့ သြဝါဒပါတိမောက်ဂါထာသုံးပါးကို အဲဒီ သာဝကသန့်ပါတ သာဝက အစည်းအဝေးမှာ ဟောပါတယ်။ ဟောတဲ့နေရာဌာနက ရာဇဂြိုဟ်မြို့ဝေဠုဝန်ကျောင်းတော်။ စည်းဝေးတဲ့ သာဝကအရေအတွက် ၁၂၅၀-ရှိတယ်၊ ဆဋ္ဌဘိည- အဘိညာဉ်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ ရဟန္တာချည်းပဲတဲ့။ မခေါ်ရဘဲနဲ့ သူ့အလိုလို စုဝေးမိပြီးတော့ နေတဲ့ အစည်းအဝေးတဲ့။ အဲဒီမှာ မြတ်စွာဘုရား ဒီသြဝါဒ တရားတော် ဟောတယ်တဲ့။ ဒါကြောင့်မို့ တပို့တွဲလပြည့်နေ့ကို သြဝါဒပါတိမောက်နေ့ဆိုပြီး မြန်မာပြည်မှာ နေ့ထူးနေ့မြတ် အဖြစ်နဲ့ အသိအမှတ်ပြုပြီးတော့ အခမ်းအနားတွေ ကျင်းပကြပါတယ်။

ဒီသိက္ခာပုဒ်တွေ၊ ဒီအကျင့်တွေဟာ အင်မတန် အလေးအမြတ်ပြုပြီးတော့ ကျင့်ဖို့ရာပါပဲ။ အလေးအမြတ်ပြုပြီးတော့ ကျင့်သွားလို့ရှိရင်လည်းပဲ မိမိတို့အလိုရှိအပ်တဲ့

http://www.dhammadownload.com

အပါယ်ဘေးက လွတ်မြောက်စေတဲ့ မဂ်တရားဖိုလ်တရားတွေကို ရသွားမယ်။ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ဆိုတာလည်းပဲ နောက်ဆုံးကျလို့ရှိရင် ရသွားမှာပါပဲ။ အရဟာတ္တမဂ်၊ အရဟာတ္တဖိုလ်တွေ ရောက်ပြီးသွားလိမ့်မယ်။ အဲဒီရောက်အောင် အားထုတ်နေကြတာ။ ဒီတော့ ငါတို့အခု အားထုတ်နေကြတာ မြတ်စွာဘုရား၏ အဆုံးအမသြဝါဒအတိုင်း အလုံးစုံသော အကုသိုလ်တရားတွေ ပယ်ရှားရမယ်ဆိုတဲ့အတိုင်း ပယ်ရှားနိုင်အောင်လို့ ကျင့်နေကြတယ်။ အလုံးစုံသော ကုသိုလ်တရားတွေ ပြည့်စုံအောင်လို့ ကျင့်နေကြတယ်။

မိမိစိတ်ဓာတ်ကို ဖြူစင်အောင်လို့ မြတ်စွာဘုရားက အားထုတ်ပါဆိုတော့ မိမိစိတ်ဓာတ်ဖြူစင်အောင်လို့လည်း မပြတ်မစဲ စိတ်တိုင်းစိတ်တိုင်း လိုက်ပြီးတော့ ရှုနေရတယ်။ အဲဒီတော့ တို့ဘုရား ဆုံးမတဲ့အတိုင်း သြဝါဒတရားတွေကို ကျင့်သုံးနေရတာပဲလို့ အချိန်တိုင်းအချိန်တိုင်းဟာ အင်မတန် ဝမ်းသာစရာ ကောင်းပါတယ်။ ဒီတော့ ကြိုးစားအားထုတ်ကြပါ။ အချိန်လည်း ကုန်သွားပါပြီ။ ဒီနေ့တော့ တရားသိမ်းဦးမှပဲ။

http://www.dhammadownload.com

အဂ္ဂသာဝကမထေရ်ကြီးများ ကျွတ်တမ်းဝင်ခန်း ၄၆၅

နိဂုံး

ဤ ဩဝါဒပါတိမောက်တရားတော်ကို ရိုသေစွာ နာခံမှတ်သားရသော ဓမ္မသဝန ကုသိုလ်ကံစေတနာတို့၏ အစွမ်းအာနုဘော်တို့ကြောင့် တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည် ဤဩဝါဒပါတိမောက်၌ ဟောကြား ညွှန်ပြအပ်သော မြတ်စွာဘုရား၏ အဆုံးအမတော်တွေကို ကျင့်သုံးအားထုတ်နိုင်ကြသည်ဖြစ်၍ ဝိပဿနာဉာဏ်အစဉ် အရိယာ မဂ်ဉာဏ်အစဉ်ဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာမြတ်ကို လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု၊ သာဓု၊ သာဓု။

http://www.dhammadownload.com